# မိုးကျော်သူ

ဒုတိယအကြိမ်

## သိုးပန်းချီနှင့် သိုင်းဓေဒီ

၆-အုပ်တွဲ သိုင်းစာစဉ်

ငိုလုံဗိမ်း၏ ဖျော်ဂင်းချို



# မိုးကျော်သူ

# သီးပန်းချီနှင့်သိုင်းဒေဝီ

(တစဉ်–၃)

စာမူခွင့်ပြုချက်အမှတ် ၅၀၀၉၀ ၂၀၆၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၈၆၆၀၆၀၇

၂၀၀၆ ခုနှစ်

ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀

တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ

ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)

ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ ( ၃ )

မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်

အတွင်းပုံနှိပ်သူ

ဦးသန်းဝင်း (ကျော် ပုံနှိပ်တိုက်)

အမှတ် ၂၃၉၊ ဓမ္မာသီလမ်း

မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။


## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

## မျက်နှာဖုံးနှင့်လူ

ထိုလူသည် ယန်စုစိန်ထံသို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာနေသည်။

လင်တာ့ရစ်နှင့် ယန်စုစိန်တို့က ဝဲယာသို့ လူစုခွဲ၍ ရပ်လိုက်လေသည်။

ထို့နောက် ထိုလူအား အကဲခတ်ကြည့်လိုက်လေသည်။

ထိုလူမှာ အနက်ရောင်ခေါင်းပေါင်း၊ အနက်ရောင်ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသည့်အပြင် မျက်နှာပေါ်၌လည်း အနက်ရောင်အဝတ်တစ်ခုဖြင့် စည်းထားသည်။

ထိုလူသည် အနီးသို့ ရောက်ရှိလာပြီး ခြေလှမ်းရပ်တန့်

လိုက်ပြီး သူ၏ကျောဖေါ်မှ အသင့်ပါလာသော ဘီးပုံသဏ္ဍာန်လက်နက်နှစ်ခု အသင့်ကိုင်ဆောင်ထားလိုက်လေသည်။

ပြီးနောက် ဖန်းကျင်းရှမ်းတို့ အနားသို့ မခန့်လေးစား ရပ်လိုက်သည်။

"ကျုပ်ကို ခေါ်ပြီး ဘာလုပ်မလို့လဲ"

ယန်စုစိန်သည် ကင်းပုန်းစောင့်ယင်း သေဆုံးနေသော လူ၏အလောင်းအား ညွှန်ပြယင်း...

"ဒီလူကို ခင်ဗျား သတ်တယ် မဟုတ်လား"

ထိုလူသည် သေဆုံးနေသော လူအား တစ်ချက်ကြည့်လိုက်ပြီး ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်သတ်တာ မဟုတ်ဘူး"

ယန်စုစိန်က ကြောင်အမ်းအမ်း ဖြစ်သွားပြီး...

"ခင်ဗျားသတ်တာ မဟုတ်ဘူးလား"

ထိုလူက မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်ဟာ လူများများ သတ်ခဲ့ဖူးပါတယ်၊ ဒါပေမယ့် ကျုပ်က သတ်တယ်ဆိုရင် ဘယ်တော့မှ မငြင်းတတ်ဘူး၊ ညာတဲ့အလုပ် မလုပ်တတ်ဘူး"

ဖန်းကျင်းရှမ်းက လက်နှစ်ဘက်ဆုပ်လိုက်သည်။

"ကျုပ်နာမည်က ဖန်းကျင်းရှမ်းပါ"

ထိုလူက သူ့အား လှည့်ကြည့်လိုက်ပြီး...

"သြော်... သံမဏိလက်ဂါး ဖန်းကျင်းရှမ်းကိုး၊ နာမည် ကြားခဲ့တာတော့ ကြာပါပြီ"

ဖန်းကျင်းရှမ်းက ပြုံးလိုက်ပြီး...



"မိတ်ဆွေက ဘယ်သူလဲ၊ နာမည်က ဘယ်လိုခေါ်သလဲ"

ဝတ်စုံနက်နှင့်လူက လက်ကာပြလိုက်ပြီး...

"ကျုပ်နာမည်ကို မသိစေချင်လို့ မျက်နှာကို အခုလို ဖုံးထားရတာပေါ့ဗျ"

"ထားပါတော့လေ၊ လာတဲ့ကိစ္စက"

"ကျုပ် လူတစ်ယောက်နဲ့ တွေ့ချင်လို့"

"ဘယ်သူ့ကိုလဲ"

"ဌာနမှူး ကွမ်းကျုံးရုပ်ကိုပါ"

ဖန်းကျင်းရှမ်းသည် ပြုံးလိုက်ပြီး...

"ဌာနမှူး အလုပ်များနေပါတယ်၊ ကိစ္စရှိရင် ကျုပ်ကိုပဲပြောခဲ့ပါ၊ ကျုပ်ကတဆင့် ပြန်ပြီး အစီရင်ခံပေးပါ့မယ်"

ထိုလူက မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားမှာ လုပ်ပိုင်ခွင့် မရှိဘူးထင်တယ်"

"ပြောပါဦးလေ၊ ကျုပ်က တာဝန်ယူရင် ယူဦးမှာ"

ထိုလူက ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ပါဘူး၊ ကျုပ်က သူ့အတွက် စာတစ်စောင် ယူလာပါတယ်၊ သူ့ကိုမတွေ့ရင် မပေးတော့ပါဘူးလေ"

ဖန်းကျင်းရှမ်းသည် ထိုလူအား လေသံမာမာဖြင့်...

"ဒီမှာ စာပေးချင်ရင် နေ့ဘက်မှာ လာပေးပါလား၊ ဘာလို့ အချိန်မတော်မှ လာရတာလဲဗျ"

ထိုလူက ခနဲ့ပြုံးဖြင့်...

"ကျုပ်က နေ့ဘက်မှာ မလာချင်လို့ပေါ့"

ယန်စုစိန်သည် ထိုလူအား မသင်္ကာသောအကြည့်ဖြင့်

ကြည့်လိုက်ပြီး...

"ခင်ဗျား လာတဲ့အချိန်မှာ ကျုပ်ရဲ့လူတစ်ယောက် အသတ်ခံရတာနဲ့ တိုက်ဆိုင်နေပါလားဗျ"

ထိုလူသည် လေသံမာမာဖြင့် ပြန်ပြောလိုက်သည်။

"ကျုပ်သတ်တာ မဟုတ်ဘူးလို့ ပြောပြီးပြီပဲ"

"ဒါဖြင့် သတ်တဲ့လူကို ခင်ဗျား တွေ့ရမှာပေါ့"

"ကျုပ်တွေ့လည်း ပြောပြစရာ မလိုဘူးထင်တယ်"

ထိုစဉ်မှာပင် သူတို့၏အနီးအနားမှ လူတစ်ယောက်၏ရယ်မောသံကို ကြားလိုက်ရလေသည်။

"ဟား...ဟား...ဟား ဒီမှာ ခင်ဗျားလူကို ကျုပ်သတ်လိုက်တာဗျ"

ယန်စုစိန်တို့လူစုက အသံလာရာသို့ လှည့်ကြည့်လိုက်ရာ လူသူတစ်စုံတစ်ယောက်မှ မတွေ့ရပါချေ။

ယန်စုစိန်သည် အသံလာရာဘက်ဆီသို့ ကျယ်လောင်စွာဖြင့် လှမ်းအော်လိုက်သည်။

"ဒီမှာ မိတ်ဆွေ ပုန်းမနေနဲ့ ထွက်ခဲ့ပါ"

ထိုအခါ ထိုအသံသည် ထပ်မံထွက်ပေါ်လာပြန်သည်။

"ကျုပ်က ဒီမှာရှိပါတယ်၊ ခင်ဗျားတို့ မမြင်ဘူးလား"

ဖန်းကျင်းရှမ်းနှင့် ယန်စုစိန်သည် အသံလာရာသို့ လှည့်ကြည့်လိုက်ရာ မည်သူ့ကိုမျှ မတွေ့ရပါ။

ဖန်းကျင်းရှမ်းက အေးစက်သော လေသံဖြင့်...

"မိတ်ဆွေက သတ္တိရှိရင် ဘာဖြစ်လို့ ပုန်းနေရတာလဲ"

"ကျုပ်က ခင်ဗျားတို့ရဲ့ ဌာနမှူးကို တွေ့ချင်လို့ပါ"



ဖန်းကျင်းရှမ်းက ပြုံးလိုက်ပြီး...

"ခင်ဗျားက ကျုပ်တို့ကို နိုင်ရင် ဌာနမှူးကို တွေ့ရမှာပေါ့"

သူ၏ စကားအဆုံးတွင် အမှောင်ရိပ်ထဲမှ လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့မြင်ရလေတော့သည်။

ဖန်းကျင်းရှမ်းသည် ထိုလူကို စူးစူးစိုက်စိုက် ကြည့်နေ၏။

ထိုလူမှာ အင်္ကျီရှည် ဝတ်ဆင်ထားပြီး လက်ထဲတွင် မည်သည့်လက်နက်မျှ ကိုင်ဆောင်ထားခြင်း မရှိချေ။

သူ၏ မျက်နှာပေါ်တွင်လည်း အနက်ရောင်အဝတ်ဖြင့် ဖုံးကွယ်ထားသည်။

ယန်စုစိန်က အနက်ရောင်ဝတ်ဆင်ထားသူအား အကဲခတ်ကြည့်လိုက်သည်။

"ခင်ဗျားတို့နှစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက်ဂိုဏ်း မတူဘူးလား"

အနက်ရောင် ဝတ်ဆင်ထားသောလူက ခေါင်းခါလိုက်လေသည်။

"မတူဘူး"

ယန်စုစိန်က အေးတိအေးစက်လေသံဖြင့်...

"ဒါဖြင့် ခင်ဗျားတို့နှစ်ယောက်က ဘာဖြစ်လို့ မျက်နှာကို အဝတ်နက်ဖုံးကွယ်ထားရတာလဲ"

"ခင်ဗျားက ဘာကိုဆိုလိုတာလဲဗျ"

ယန်စုစိန်က အေးစက်သောလေသံဖြင့်...

"ခင်ဗျားတို့ ဘယ်သူလဲဆိုတာ သိချင်လို့ပါ"

အနက်ရောင် ဝတ်ဆင်ထားသောလူသည် ပခုံးတစ်ချက်

တွန့်လိုက်လေသည်။

"သိချင်ရင် ကျုပ်ကို နိုင်အောင် ယှဉ်ပြိုင်ရလိမ့်မယ်"

လင်တာ့ရစ်က ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ပြီး ဓားကို ဆွဲထုတ်လိုက်သည်။

"ကောင်းပြီလေ၊ ကျုပ်အရင် ယှဉ်ပြိုင်ပါ့မယ်"

အနက်ရောင် ဝတ်ဆင်ထားသောလူက မဲ့ပြုံးပြုံးလိုက်၏။

"ခင်ဗျားက ဘယ်သူလဲ"

"ဌာနခွဲမှူး လင်တာ့ရစ်ပါ"

အနက်ရောင် ဝတ်ဆင်ထားသူက သူ၏လက်ကို တစ်ချက် ဝှေ့ယမ်းလိုက်ရင်း...

"ကျုပ် အဆင်သင့်ရှိနေပါတယ်"

လင်တာ့ရစ်က စကားမပြောတော့ဘဲ စတင်ဝင်ရောက် တိုက်ခိုက်လေသည်။

လင်တာ့ရစ်၏ သိုင်းပညာသည် အတော်ထက်မြက်ပြီး သူ တို့၏ဌာနခွဲတွင် အတော်ဆုံးဖြစ်သည်။

သို့သော် ထိုလူနှင့် ယှဉ်ပြိုင်လိုက်သောအခါ ထိုလူ၏တိုက် ခိုက်မှုအောက်တွင် မရှုမလှခံနေရလေသည်။

ယန်စုစိန်သည် အခြေအနေ မဟန်မှန်း သိလိုက်သဖြင့် ဝင် ရောက် တိုက်ခိုက်လိုက်လေသည်။

"ခြွမ်း...ခြွမ်း"

ဓားကို ဆွဲထုတ်လိုက်ပြီး ဝင်ရောက်တိုက်ခိုက်ခြင်းဖြစ်၏။

ဖန်းကျင်းရှမ်းသည် အကျီရှည်ဝတ်ဆင်ထားသူအား တစ် ချက်အကဲခတ် ကြည့်လိုက်၏။ အကျီရှည်ဝတ်ဆင်ထားသူသည် အေး



ဆေးစွာ ရပ်ကြည့်နေသည်။

အနက်ရောင်ဝတ်ဆင်ထားသောသူသည် တစ်ယောက်နှင့် တစ်ယောက် ယှဉ်ပြိုင်နေသော်လည်း သူသည် အသာစီးရနေသည်။

ဖန်းကျင်းရှမ်းသည် ဤကဲ့သို့ ဆက်လက်တိုက်ခိုက်သွား လျှင် လင်တာ့ရစ်နှင့် ယန်စုစိန်တို့ ရှုံးနိမ့်သွားနိုင်မည်ဟု အကဲခတ် မိလေသည်။

ထို့ကြောင့် တိုက်ခိုက်နေသော လူများအား...

"ရပ်လိုက်"

သူသည် အချိန်မီ ဟန့်တားလိုက်လေသည်။

အနက်ရောင်ဝတ်ဆင်ထားသူက တိုက်ခိုက်ရာမှ ရပ်တန့် လိုက်ပြီး တဖြည်းဖြည်း နောက်သို့ ဆုတ်သွားလေတော့သည်။

"ဘာကိစ္စရှိလို့လဲ"

ဖန်းကျင်းရှမ်းက ပြုံးလိုက်လေသည်။

"ခင်ဗျားရဲ့ သိုင်းပညာဟာ အတော်လေး အဆင့်မြင့်တယ် ဆိုတာ ကျုပ်ယုံကြည်ပါတယ်"

ထိုလူသည် မျက်နှာထား တည်တည်ဖြင့်...

"ဒါဖြင့် ခင်ဗျားတို့ ဌာနမှူးနဲ့ တွေ့ခွင့်ရမလား"

ဖန်းကျင်းရှမ်းသည် ခဏမျှ စဉ်းစားရင်းဖြင့်...

"ဒီလိုလုပ်ပါ၊ ခင်ဗျားရဲ့နာမည် ပြောရင်တော့ တွေ့ခွင့် ပေးပါ့မယ်"

ထိုလူက ခေါင်းတွင်တွင် ခါယမ်းလိုက်သည်။

"နာမည်ကိုတော့ မပြောနိုင်ဘူး၊ တစ်ခုတော့ရှိတယ်၊ ကျုပ် နဲ့တွေ့ခွင့်မပေးရင် ခင်ဗျားတို့အဖို့ အများကြီး နစ်နာနိုင်ပါတယ်"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားတို့ အာမခံဌာနဟာ အလွန်ကြောက်စရာကောင်းတဲ့အန္တရာယ်တစ်ခုထဲမှာ ရောက်နေလို့ပါ"

"ခင်ဗျား ပြောတဲ့စကားအရ ကျုပ်တို့ဌာနခွဲကို သိုင်းလောကသားတွေ အတော်များများ ဝိုင်းရံထားပြီလို့ ဆိုလိုတာလား"

အနက်ရောင်ဝတ်ဆင်ထားသူက သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"ခင်ဗျားက ကျုပ်စကားကို မယုံရင် ကျုပ်ဆက်မပြောတော့ပါဘူး၊ ကျုပ်လည်း သွားတော့မယ်"

ဖန်းကျင်းရှမ်းက ထိုလူအား လှမ်းမေးလိုက်သည်။

"မိတ်ဆွေက ရောက်လာမှတော့ ဘာကြောင့် အရေးတကြီး ပြန်သွားချင်ရတာလဲ"

ဖန်းကျင်းရှမ်းသည် ကွမ်းကျိုးရုပ် ကြားနိုင်လောက်သော အသံကျယ်လောင်စွာဖြင့် ပြောလိုက်ခြင်းဖြစ်သည်။

တချိန်လုံး တိတ်ဆိတ်စွာ ရပ်နေသောလူသည် ကွမ်းကျိုးရုပ်နေထိုင်သော အိမ်ကလေးဘက်သို့ တစ်ချက် လှမ်းကြည့်လိုက်လေသည်။

"ကွမ်းကျိုးရုပ် ခင်ဗျား ဘာဖြစ်လို့ ပုန်းနေရတာလဲဗျ"

သို့သော် ကွမ်းကျိုးရုပ်၏ အခန်းတွင်းမှာ တုံ့ပြန်သော အသံ မကြားရချေ။

အကျီရှည်ဝတ်ဆင်ထားသူသည် မျက်မှောင်ကြုတ်သွား၏။

"ကွမ်းကျိုးရုပ် ခင်ဗျား အခုလိုပုန်းနေတာ မရှက်ဘူးလားဗျာ"



ထိုလူသည် ပြောရင်းမှပင် အိမ်ကလေးသို့ ပြေးလွှားဝင်ရောက်သွားလေသည်။

"ရွှီး"

မြားတံများသည် ပြေးလွှားသွားသော ဝတ်စုံနက်ထံသို့ ပစ်လွှင့်လာသည်။

ထိုလူသည်မြားတံ သူ့ဆီသို့ တည့်မတ်စွာ ဝင်ရောက်လာသည်ကို မြင်လိုက်ရသောအခါ ပြေးနေသော ခြေလှမ်းအား ရပ်တန့်လိုက်သည်။

ထို့နောက် သူသည် လက်ထဲမှဓားဖြင့် ဗြုန်းခနဲ ယမ်းလိုက်ရာ သူ့ထံသို့ပစ်လွှင့်လာသော မြားတံသည် လွင့်စဉ်ကျသွားလေသည်။

"ကျားမာန်အာမခံဌာနကို ဒီလိုလုပ်လို့ မရဘူးလေ"

ဖန်းကျင်းရှမ်းသည် ထိုလူထံသို့ ပြုံး၍လျှောက်သွားသည်။

ထိုစဉ် အနက်ရောင် ဝတ်ဆင်ထားသောလူသည် ထိုလူအား ဝင်ရောက်ပြောလိုက်သည်။

"ဌာနမှူးပြောတာ မှန်တယ်၊ ကျားမာန်အာမခံဌာနကို အခုလိုထင်ရာစိုင်း မလုပ်ရဘူးဆိုတာ မင်းသိထားပါ"

* * *

အခြေအနေသည် ရုတ်တရက် ပြောင်းလဲသွားသောကြောင့် အတွေ့အကြုံရင့်ကျက်လှသော ဖန်းကျင်းရှမ်းသည် အခြေအနေ အားလုံးအား အကဲခတ်ရင်း ခြေလှမ်းရပ်တန့် သွားလေသည်။

သူ၏စိတ်ထဲ၌ ထိုလူနှစ်ယောက်သည် အတူတူလာသည် မဟုတ်သော်လည်း ရည်ရွယ်ချက်ချင်းမှာ တူညီနေသောကြောင့် သူ တို့နှစ်ယောက် ပူးပေါင်းလိမ့်မည်ဟု ထင်မိလေသည်။

ယခုမူ အနက်ရောင်ဝတ်ဆင်ထားသောလူသည် မိမိတို့ ဘက်မှ ဝင်ရောက်ကူညီနေသည်ကို တွေ့ရသဖြင့် ရုတ်တရက် အံ့ အားသင့်သွားလေတော့သည်။

* * *

အကျီရှည်ဝတ်ဆင်ထားသောလူသည် မဲ့ပြုံးပြုံးလိုက်ပြီး...

"ဒီမှာ ခင်ဗျား သူတို့ကိုလိမ်လို့ရပေမယ့် ကျုပ်ကိုလိမ်လို့ မရဘူးဗျ"

အနက်ရောင်ဝတ်ဆင်ထားသူက ရယ်မောလိုက်ပြီး...

"ဟား ဟား ဟား ခင်ဗျားက ဘယ်လိုပဲ ခြေထိုးပေမယ့် ကျုပ်ကတော့ ဟန့်တားရမှာပဲ"

"ဘာလဲ ခင်ဗျားက ကျုပ်ကိုနိုင်မယ် ထင်သလား"

"မယုံရင် စမ်းကြည့်ပါလား"

"ရပါတယ်ဗျာ"



"မယှဉ်ပြိုင်မီ အကြောင်းနှစ်ခုကို ပြောရဦးမယ်"

အနက်ရောင်ဝတ်ဆင်ထားသူက တိုက်ခိုက်ရန် အသင့်ပြင် ထားပြီး...

"ပြောစရာရှိရင် မြန်မြန်ပြောပါ၊ အချိန်ဆွဲထားရင် ခင်ဗျား တို့အဖို့ အကျိုးမရှိဘူး"

"ဘာဖြစ်လို့လဲ"

အနက်ရောင်ဝတ်ဆင်ထားသူက ကောင်းကင်ပေါ်သို့ မော့ ကြည့်လိုက်ပြီး...

"တော်ကြာဆိုရင် ကျုပ်မှာ ကူညီမယ့်အဖော် ရောက်လာ ပါလိမ့်မယ်"

အကျီရှည်ဝတ်ဆင်ထားသူက မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်ကို ခြိမ်းခြောက်ဖို့ မကြိုးစားနဲ့"

သူသည် စကားရပ်တန့်ပြီးမှ ဆက်လိုက်လေသည်။

"ကျုပ်တို့နှစ်ယောက် တိုက်ခိုက်ရင် တစ်ယောက်ယောက် တော့ သေချင်သေမယ်၊ ဒဏ်ရာလည်း ရချင်ရမယ်"

"ဒါပေါ့...ဒါပေါ့"

"ဒါကြောင့် ကျုပ်ရဲ့နာမည်ကို သိထားဖို့ လိုအပ်ပါတယ်"

"ဟုတ်တာပေါ့"

"ကျုပ်နာမည် ပြောပြရင် ခင်ဗျားနာမည်လည်း ပြောပြရ လိမ့်မယ်"

"မလိုပါဘူးဗျာ၊ ခင်ဗျားနာမည်ကိုလည်း ကျုပ်မသိလို တော့ပါဘူး"

သူသည် ပြောပြီးသည်နှင့် စတင်တိုက်ခိုက်လိုက်လေသည်။

အင်္ကျီရှည်ဝတ်ဆင်ထားသူသည် ရှောင်တိမ်းလိုက်သည်။

"ခွမ်း"

သူသည် ဓားကိုဆွဲထုတ်လိုက်ပြီး ဖြစ်လေသည်။

ဘီးပုံသဏ္ဍာန် လက်နက်ကိုင်သောလူက ထပ်မံတိုက်ခိုက်လိုက်သည်။

ဤသို့ဖြင့် သူတို့နှစ်ယောက်သည် သဲသဲမဲမဲ တိုက်ခိုက်နေကြသည်။

ရုတ်တရက် အင်္ကျီရှည်ဝတ်ဆင်ထားသူက တိုက်ခိုက်နေရင်းမှ အပေါ်သို့ ခုန်တက်လိုက်ပြီး...

လေထဲတွင် ကျွမ်းတစ်ပတ်ပစ်လိုက်ရာ အဝေးသို့ ကျသွားလေသည်။

ထို့နောက် မြေပြင်အား ခြေထောက်ပြန်ကျလာသည်နှင့် တဖန် ခုန်တက်သွားပြီးနောက် အမှောင်ထုထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

ဘီးပုံသဏ္ဍာန်လက်နက် ကိုင်ဆောင်ထားသူသည် မြေပြင်သို့ ငုံ့ကြည့်လိုက်သည်။

ဖန်းကျင်းရှမ်းကလည်း သတိပြု ကြည့်မိလိုက်သောအခါ မြေပေါ်၌ နီရဲသောသွေးစက်များ ကျနေသည်ကို တွေ့ရလေသည်။

အင်္ကျီရှည်ဝတ်ဆင်ထားသူသည် ဒဏ်ရာရသွားသည်မှာ သေချာလှပေသည်။

* * *



ဘီးပုံသဏ္ဍာန် လက်နက်ကိုင်ဆောင်ထားသူသည် ဖန်းကျင်းရှမ်းအား လှည့်ကြည့်လိုက်သည်။

ထို့နောက် စကားစတင်ပြောလိုက်၏။

"ကျုပ် ဌာနမှူးနဲ့ အရေးတကြီး တွေ့ချင်တယ်"

ဖန်းကျင်းရှမ်းက စဉ်းစားတွေဝေနေသည်။

ဘီးပုံသဏ္ဍာန် လက်နက်ကိုင်ဆောင်ထားသူက စိတ်မရှည်ဘဲဖြစ်လာလေသည်။

"ရှင်းရှင်းပြောပါဗျာ၊ တွေ့နိုင်တယ် မတွေ့နိုင်ဘူးဆိုတာ"

"မနက်ဖြန်ထိ စောင့်မယ်ဆိုရင် ဌာနမှူးနဲ့ တွေ့ရအောင် ကျုပ်စီစဉ်ပေးထားပါ့မယ်"

"ကျုပ်မစောင့်နိုင်ဘူး မိုးမလင်းခင် တွေ့ရမယ်ဆိုရင် တွေ့မယ်၊ နောက်ကျသွားရင် တွေ့ဖို့ မလွယ်ဘူး"

ဖန်းကျင်းရှမ်းသည် ခေါင်းညိတ်လိုက်ပြီး...

"ဒါဖြင့် အိမ်ထဲကို ကြွပါ၊ မိုးမလင်းခင် တွေ့နိုင်အောင် ကျုပ်ကြိုးစားပေးပါ့မယ်"

ဘီးပုံသဏ္ဍာန်လက်နက် ကိုင်ဆောင်သောလူသည် အနည်းငယ် စဉ်းစားလိုက်ပြီး...

"ကောင်းပြီလေ ကျုပ်စောင့်နေမယ်"

ဖန်းကျင်းရှမ်းက ပြုံးလိုက်ပြီး ခေါင်းညိတ်ပြသည်။

"ဒါဖြင့် အထဲကို ကြွပါခင်ဗျာ"

* * *

ဘီးပုံသဏ္ဍာန်လက်နက် ကိုင်ဆောင်ထားသောသူသည် က[...]လားထိုင်ပေါ်သို့ ထိုင်ချလိုက်ပြီးနောက်...

"အချိန်ဟာ အတော်တန်ဖိုး ရှိနေပါတယ်ခင်ဗျာ၊ ဌာနမှူး[...]ကို အမြန်ဆုံး လိုက်ရှာပေးပါ"

ဖန်းကျင်းရှမ်းသည် ထိုင်ရာမှ ထလိုက်သည်။

"ကောင်းပြီလေ၊ ကျုပ်သွားလိုက်ပါအုံးမယ်"

သူ၏စကားမဆုံးမီ ချောင်းဟန့်သံတစ်ချက် ကြားလိုက်ရ[...]သည်နှင့် တစ်ဆက်တည်းမှာပင် လူတစ်ယောက် ဝင်ရောက်လာ[...]သည်ကို တွေ့မြင်လိုက်ရသည်။

"ကျုပ်ကို လိုက်ရှာစရာ မလိုတော့ပါဘူး"

* * *

အခန်းထဲသို့ ဝင်လာသူမှာ ကွမ်းကျုံးရုပ်ပင် ဖြစ်လေသည်။

ဘီးပုံသဏ္ဍာန်လက်နက် ကိုင်ဆောင်ထားသောလူသည် ထိုင်ရာမှ ထလိုက်ပြီး...

"ခင်ဗျားက ဌာနမှူး ကွမ်းကျုံးရုပ် ဟုတ်လား"

ကွမ်းကျုံးရုပ်သည် ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ထိုလူသည် မျက်နှာပေါ်၌ ဖုံးအုပ်ထားသော အဝတ်ကို ချွတ်ချလိုက်လေသည်။



"ကျုပ်နာမည်က စိန်ထင်းရက်ပါ၊ ဌာနမှူးကို လေးစားပါတယ်"

ကွမ်းကျုံးရုပ်က လက်နှစ်ဘက်ဆုပ်လိုက်ပြီး...

"ကျုပ်လည်း လေးစားပါတယ်"

စိန်ထင်းရက်က ပြုံးလိုက်သည်။

"ဆရာခိုင်းလိုက်လို့ လာခဲ့တာပါ၊ အရေးကြီးတဲ့ ကိစ္စတစ်ခု ပြောပြမလို့ပါ"

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားလေသည်။

"ခင်ဗျားဆရာက..."

"ကျုပ်ဆရာက ဘီးပျံဘုရင်ပါ"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"သြော်... ခင်ဗျားက ဘီးပျံဘုရင်ရဲ့တပည့်ကိုး၊ ဒါကြောင့် သိုင်းပညာတော်နေတာ"

စိန်ထင်းရက်က ဦးညွတ်လိုက်သည်။

"ကျေးဇူးတင်ပါတယ်"

သူသည် ကွမ်းကျုံးရုပ်အား တစ်ချက်ကြည့်လိုက်ပြီး...

"ကျုပ်ဆရာ မနေ့ညက ခိုင်ဖုန်းမြို့ကို ရောက်ခဲ့ပါတယ်၊ ခင်ဗျားအတွက် အန္တရာယ်ကျရောက်မယ့် သတင်းကြားရလို့ လာပြီး အကြောင်းကြားတာပါ"

"အခုလို ခင်ဗျားဆရာက ကျုပ်အပေါ် စေတနာထားပြီး လာရောက်သတင်းပေးတာ ကျေးဇူးတင်ပါတယ်ဗျာ"

စိန်ထင်းရက်သည် အနီးအနားအား တစ်ချက်ဝေ့ကြည့်လိုက်ပြီး...

"ဒီလိုပါ ဆရာက မှာကြားလိုက်ပါတယ်၊ ဒီနေ့ည မိုးမလင်းခင် အချိန်မှာ ခင်ဗျားတို့ဌာနခွဲကို ဝင်ရောက်တိုက်ခိုက်လိမ့်မယ်လို့"

ကွမ်းကျုံးရုပ်သည် ပြုံး၍ ခေါင်းညိတ်လိုက်လေသည်။

"ခင်ဗျားဆရာကို ပြောလိုက်ပါ၊ ကျုပ်က ကျေးဇူးတင်ပါတယ်လို့၊ နောက်ပြီး ကိုယ်တိုင်လာပြီး ကျေးဇူးဆပ်ပါ့မယ်လို့ ပြောလိုက်ပါ"

စိန်ထင်းရက်သည် ပြုံးလိုက်ပြီး...

"ဆရာက မနက်ဖြန် နေမဝင်ခင် ခိုင်ဖုန်းမြို့ကနေ ထွက်ခွာသွားမယ်လို့ ပြောပါတယ်"

ကွမ်းကျုံးရုပ်သည် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"မြန်လှချည်လား"

"ဟုတ်ကဲ့ ကျုပ်လည်း ဆရာနဲ့အတူ လိုက်သွားရမှာပါ"

သူသည် ပြောပြီးသည်နှင့် အဝတ်နက်ကို မျက်နှာပေါ်သို့ ဖုံးအုပ်လိုက်ပြန်လေသည်။

* * *



ကွမ်းကျုံးရုပ်သည် အနီး၌ ရပ်နေသော လင်ဟဘ္ဘရစ်အား ကြည့်လိုက်သည်။

"မင်း အားလုံးကို သွားအကြောင်းကြားထားစမ်း၊ ရန်သူလာရင် ထွက်ပြီး မတိုက်ပါနဲ့၊ မြားနဲ့ လက်နက်ပုန်းများကိုသာ အသုံးပြုပါလို့"

"ဟုတ်ကဲ့ ဌာနမှူး"

လင်တဘ္ဘရစ်သည အပြင်သို့ လျှင်မြန်စွာဖြင့် ထွက်သွားလေသည်။

ကွမ်းကျုံးရုပ်သည် စိန်ထင်းရက်မှာ မျက်နှာအုပ်ထားပြီး အပြင်သို့ ထွက်မသွားဘဲ ထိုင်နေသည်ကို တွေ့ရသဖြင့် အံ့သြသွားလေသည်။

"ခင်ဗျား မပြန်သေးဘူးလား"

စိန်ထင်းရက်က ခေါင်းခါယမ်းလိုက်လေသည်။

"ကျုပ်က ရန်သူလာရင် ခင်ဗျားကို ကူပြီး တိုက်ပေးမလို့ပါ"

သူသည် ပြုံး၍ စကားဆက်လိုက်သည်။

"ဆရာက ကျုပ်ကို ခင်ဗျားတို့ရဲ့ ရန်သူ ရောက်လာရင် ကူညီတိုက်ခိုက်ပေးပြီးမှ ပြန်လာပါလို့ မှာလိုက်ပါတယ်"

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားသည်။

"ကျုပ်နဲ့ ခင်ဗျားဆရာက နာမည်သာ ကြားဖူးကြတာ၊ တစ်ယောက်နဲ့တစ်ယောက် မတွေ့ဖူးပါဘူး"

စိန်ထင်းရက်က အံ့အားသင့်သွားလေသည်။

"ဒါဖြင့် ခင်ဗျားနဲ့ ကျုပ်ဆရာတို့ တစ်ယောက်နဲ့တစ်

ယောက် မတွေ့ဖူးဘူးပေါ့”

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ်ဗျာ”

ကွမ်းကျုံးရုပ်သည် အနည်းငယ် စဉ်းစားလိုက်သည်။

“ခင်ဗျားဆရာကို အကြောင်းကြားပေးပါဗျာ”

“ဘာအကြောင်း ကြားပေးရမှာလဲ”

“ဒီလို… သိုးပန်းချီရဲ့ လျှို့ဝှက်ချက်ကို နားလည်သင့်သလောက် နားလည်ပါပြီ၊ ဒါပေမယ့် အချို့နေရာတွေမှာ နားမလည်သေးလို့ ခင်ဗျားဆရာကို အတူတူ လာလေ့လာဖို့ ဖိတ်ခေါ်လိုက်ပါတယ်လို့ ပြောလိုက်ပါ”

စိန်ထင်းရက်က ထိုင်ရာမှ ထလိုက်ပြီး…

“ကျုပ် အခု သွားခေါ်ပေးရမလား”

ကွမ်းကျုံးရုပ်က ပြုံးယင်း လှမ်းပြောလိုက်သည်။

“သွားခေါ်ပေးနိုင်ရင်တော့ အကောင်းဆုံးပေါ့”

စိန်ထင်းရက်သည် ခေါင်းညိတ်လိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။

“ဒါဖြင့် ကျုပ်သွားခေါ်ပေးမယ်၊ သူလာနိုင်မယ်၊ မလာနိုင်ဘူးဆိုတာတော့ မသိဘူးဗျ”

ကွမ်းကျုံးရုပ်က ပြုံးလိုက်သည်။

“ရပါတယ်…၊ သူ မလာနိုင်ဘူးဆိုရင်လဲ အကြောင်းပြန်ကြားပါ”

စိန်ထင်းရက်က လက်နှစ်ဘက်ဆုပ်လိုက်သည်။

“ကောင်းပါပြီခင်ဗျာ၊ ကျုပ် အခုပဲ သွားလိုက်ပါဦးမယ်”



သူသည် ပြောပြီးသည်နှင့် အခန်းထဲမှ ထွက်ခွာသွားလေ
ည်။

* * *

စိန်ထင်းရက် ထွက်ခွာသွားပြီးသည့်နောက် သူ၏နောက်မှ
ယန်စုစိန်က လိုက်သွားရန် ခြေလှမ်းလိုက်လေသည်။

ကွမ်းကျုံးရုပ်သည် ယန်စုစိန်အား ဟန့်တားလိုက်သည်။

“ယန်စုစိန်… မလိုက်နဲ့”

ယန်စုစိန်သည် သူ့ဆရာ၏ ဟန့်တားမှုကြောင့် မလိုက်
တော့ဘဲ မကျေမနပ်ဖြင့် ပြောလိုက်လေသည်။

“ဌာနမှူး… ဒီလူကြည့်ရတာ အကြံနဲ့လာတာ ဖြစ်ရမယ်၊
ါကြောင့် သူ့နောက်ကို လိုက်သွားပြီး စုံစမ်းချင်လို့ပါ”

ကွမ်းကျုံးရုပ်သည် ခေါင်းခါယမ်းလိုက်သည်။

ယန်စုစိန်က စကားမပြောတော့ဘဲ အပြင်သို့ ထွက်ခွာ
သွားလေသည်။

* * *

ထမင်းတစ်အိုးချက် ကြာသွားသောအခါ ယန်စုစိန်သည် အခန်းထဲသို့ ပြန်လည်လျှောက်လာလေသည်။

"ဦးနမ့်ူး... စိန်ထင်းရက်တို့ ဆရာတပည့် ရောက်နေပါတယ်"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ... အထဲကြွပါလို့ ပြောလိုက်ပါ"

ထိုစဉ်မှာပင် အရပ်ထောင်ထောင်မောင်းမောင်းနှင့် လက်ကောက်ဝတ်ပေါ်တွင် ရွှေရောင်လက်ကောက်များ ဝတ်ဆင်ထားသော လူတစ်ယောက် ဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ကွမ်းကျုံးရုပ်က လက်နှစ်ဘက်ဆုပ်လိုက်ပြီး...

"ကျုပ်နာမည် ကွမ်းကျုံးရုပ်ပါ။ အခုလို တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

ထိုလူကလည်း ပြန်လည် အရိုအသေ ပြုလိုက်သည်။

"ကျုပ်က ဘီးပုံဘုရင် စွမ်ကျင်းပါ"

ကွမ်းကျုံးရုပ်က နေရာထိုင်ခင်း ပေးလိုက်သည်။

"ထိုင်ပါ"

စွမ်ကျင်းက ထိုင်ချလိုက်သည်။

ကွမ်းကျုံးရုပ်သည် စွမ်ကျင်း ဝတ်ဆင်ထားသော အဝတ်အစားများကို အကဲခတ်ကြည့်လိုက်သည်။

စွမ်ကျင်း ဝတ်ဆင်ထားသော အဝတ်အစားများသည် ဓားများ၊ လှံများကို ကာကွယ်နိုင်သော အဝတ်အစား ဖြစ်သည်ကို အကဲခတ်မိလေသည်။

ကွမ်းကျုံးရုပ်က ပြုံးပြလိုက်သည်။



"ခင်ဗျားနဲ့ ကျုပ် တစ်ယောက်နဲ့တစ်ယောက် မိတ်ဆွေရင်းချာလည်း မဟုတ်၊ သိကျွမ်းကြတာ မဟုတ်ဘဲ အခုလို ကျုပ်ကို ကူညီတာ ဘာအကြောင်းများ ရှိနေလို့ လိုက်ကာကွယ်နေရတာလဲဆိုတာ ကျုပ်သိခွင့်ရှိရင် ပြောပြပါ"

စွမ်ကျင်းသည် ဖြည်းလေးစွာဖြင့် ခေါင်းခါယမ်းလိုက်လေသည်။

"မရှိပါဘူး"

သူသည် စကားကို ခဏရပ်နားပြီးမှ ပြန်ဆက်လိုက်သည်။

"ကျုပ်က ကိစ္စတစ်ခုနဲ့ ခိုင်ဖုန်းမြို့ကို ရောက်လာတာပါ၊ အမှတ်မထင် ခင်ဗျားတို့ကို လူတစ်စုက တိုက်ခိုက်မယ့်သတင်းကြားလို့ ကျုပ်တပည့်ကို လွှတ်ပြီး အကြောင်းကြားလိုက်တာပါ"

ကွမ်းကျုံးရုပ်က ဦးညွှတ်လိုက်ပြီး...

"ကျေးဇူးတင်ပါတယ်ဗျာ"

စွမ်ကျင်းကို ပြုံးလိုက်လေသည်။

"အချင်းချင်းတွေပဲ ကျေးဇူးတင်စရာ မလိုပါဘူး"

ကွမ်းကျုံးရုပ်သည် အဝေးသို့ ငေးကြည့်ယင်း ဖြည်းညင်းစွာ ပြောလိုက်လေသည်။

"ကျုပ်ဆီကို လာပြီး တိုက်ခိုက်နေတဲ့ ရန်သူဟာ ကျုပ်နဲ့ ရန်ငြိုး မရှိပါဘူး၊ သိုးပန်းချီကားကြောင့် လာကြတာပါ"

စွမ်ကျင်းသည် မျက်မှောင်ကြုတ်သွားလေသည်။

"သိုးပန်းချီ ဟုတ်လား"

"ဟုတ်ပါတယ်၊ ကျုပ် လေ့လာပြီးပါပြီ၊ ဒါပေမယ့် အချို့နေရာမှာ နားမလည်နိုင်တဲ့ အချက်တွေ ရှိနေလို့ ခင်ဗျားနဲ့ အတူတူ

လေ့လာရအောင် ဖိတ်ခေါ်လိုက်တာပါ"

သူတို့သည် သိုးပန်းချီအကြောင်း ပြောနေစဉ်မှာပင် အခန်းအပြင်ဘက်မှ အချက်ပြခရာသံသည် စူးစူးရှရှ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကွမ်းကျုံးရုပ်သည် ထိုင်ရာမှ ဆက်ကနဲ ထလိုက်သည်။

"ရန်သူတွေ ရောက်လာကြပြီနဲ့ တူတယ်"

သူသည် စွမ်ကျင်းဘက်သို့ လှည့်လိုက်ပြီး...

"ခင်ဗျား ခဏထိုင်နေပါအုံး၊ ကျုပ် သူတို့နဲ့ သွားတွေ့လိုက်အုံးမယ်"

စွမ်ကျင်းကလည်း ထိုင်ရာမှ ထလိုက်သည်။

"ကျုပ်လည်း လိုက်မယ်ဗျာ"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်ပြီး အပြင်သို့ ထွက်လိုက်ကြလေသည်။

"ကျေးဇူးတင်ပါတယ်ဗျာ"

* * *



ကွမ်းကျုံးရုပ်နှင့် စွမ်ကျင်းတို့သည် အပြင်သို့ ရောက်ရှိလာသောအခါ ယန်စုစိန်တို့လူစုသည် တိုက်ခိုက်ရန် အသင့်ပြင်ဆင်ထားသည်ကို တွေ့မြင်ရလေသည်။

ကွမ်းကျုံးရုပ်သည် ယန်စုစိန်တို့အား ကျော်ဖြတ်၍ ရှေ့သို့ လျှောက်သွားသည်။

ဝန်းကျင်တစ်ခုလုံးမှာ မှောင်မည်းနေသဖြင့် ရန်သူများကို မတွေ့မြင်နိုင်အောင် ဖြစ်နေ၏။

"ယန်စုစိန် မီးထွန်းလိုက်စမ်း"

ကွမ်းကျုံးရုပ်က အမိန့်ပေးလိုက်ရာ...

ချက်ချင်းဆိုသလိုပင် မီးတုတ်များသည် တစ်ခုပြီးတစ်ခု ထွန်းညှိလိုက်လေသည်။

ဝန်းကျင်တစ်ခုလုံးသည်လည်း မီးများ ထိန်ထိန်လင်းသွားလေတော့သည်။

မီးရောင်များ လင်းထိန်လာသောအခါ မှောင်ရိပ်ထဲမှ ခိုနေကြသော ရန်သူများသည် ပုန်းကွယ်ရာမှ ထွက်လာကြသည်။ ရန်သူများကို ဦးဆောင်သောသူမှာ တစ်ကိုယ်လုံး အနက်ရောင်ဝတ်ဆင်ထားသောလူ ဖြစ်သည်။

သူသည် ကွမ်းကျုံးရုပ်ထံသို့ တစ်လှမ်းချင်း လျှောက်လာပြီး မျက်နှာချင်းဆိုင် နေရာတွင် ရပ်တန့်လိုက်လေသည်။

ကွမ်းကျုံးရုပ်သည် လက်နှစ်ဘက်ဆုပ်လိုက်ပြီး...

"ကွမ်းကျုံးရုပ်ပါ၊ မိတ်ဆွေတို့ ဘယ်သူလဲ"

အနက်ရောင်ဝတ်ဆင်ထားသောလူသည် အေးစက်သောလေသံဖြင့်...

"ကျုပ်တို့က မိတ်ဆွေဖွဲ့ဖို့ လာတာ မဟုတ်ဘူး၊ ဒါတွေ ပြောစရာ မလိုဘူး ထင်တယ်"

ကွမ်းကျုံးရုပ်က ပြုံးလိုက်သည်။

"ဒါဖြင့် လာတဲ့ကိစ္စ ပြောပါ"

အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားသောလူက...

"ပြောစရာ လိုသေးလား"

ကွမ်းကျုံးရုပ်သည် လေသံအေးအေးဖြင့် မေးလိုက်၏။

"သိုးပန်းချီကိစ္စ မဟုတ်လား"

အနက်ရောင်ဝတ်ဆင်ထားသောလူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

စွမ်ကျင်းက ကြားဖြတ်ဝင်ပြောလိုက်သည်။

"ဒီမှာ မိတ်ဆွေ၊ ကျုပ် ဒီမှာ ရှိတဲ့ ကာလပတ်လုံး သိုးပန်းချီကို ဘယ်သူ့လက်မှ မရောက်စေရဘူးဗျ"

အနက်ရောင်ဝတ်ဆင်ထားသောသူက စွမ်ကျင်းအား ဒေါသဖြင့် လှည့်ကြည့်လိုက်ပြီး...

"ခင်ဗျားနဲ့ မဆိုင်ဘဲနဲ့ ဘာဖြစ်လို့ ဝင်ရှုပ်ချင်ရတာလဲ"

စွမ်ကျင်းက မဲ့ပြုံးပြုံးလိုက်သည်။

"ဌာနမှူးကွမ်းကျုံးရုပ်ဟာ ကျုပ်ရဲ့ မိတ်ဆွေပဲ၊ သူ့ဆီက ပစ္စည်းလိုချင်ရင် ကျုပ်ရဲ့သဘော မေးရအုံးမယ်ဗျ"

အနက်ရောင်ဝတ်ဆင်ထားသောလူသည် မထီတရီ အပြုံးဖြင့် လှမ်းပြောလိုက်လေသည်။

"ခင်ဗျားက ဘယ်လောက်ခံနိုင်ရည် ရှိတယ်ဆိုတာ စမ်း



ကြည့်ရတာပေါ့"

သူသည် ပြောပြီးသည်နှင့် ခါးပေါ်မှာ ပတ်ထားသော ကျာပွတ်ကို ဖြုတ်လိုက်လေသည်။

ကွမ်းကျုံးရုပ်သည် ထိုလက်နက်အား မြင်တွေ့လိုက်ရလျှင် တစ်စုံတစ်ခုအား သတိရလိုက်လေသည်။

"ခင်ဗျားက ကျာပွတ်သိုင်းသမားကိုး"

ထိုလူသည် မျက်နှာပေါ်မှ ဖုံးထားသော ပဝါကို ဖြုတ်ချလိုက်လေသည်။

"ဟုတ်ပါတယ်"

စွမ်ကျင်းက ရယ်မောလိုက်သည်။

"ကျုပ်တို့ မတွေ့တာ နှစ်(၂၀)တောင် ရှိသွားပြီဗျ"

အနက်ရောင်ဝတ်ဆင်ထားသောလူက ပြုံးလိုက်လေသည်။

"ခင်ဗျားနဲ့ ကျုပ်နဲ့ဟာ မိတ်ဆွေတွေပဲ ဒါကြောင့် အခုချိန်ကစပြီး ရန်မမူဘဲ နောက်ဆုတ်သွားဖို့ ကျုပ် မေတ္တာရပ်ခံပါတယ်"

စွမ်ကျင်းက ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားပြောတာ မဆိုးပါဘူး၊ ဒါပေမယ့် ကျုပ်က ဌာနမှူးကို ကူညီဖို့ ကတိပေးခဲ့ပြီးပါပြီ အကောင်းဆုံးကတော့ ခင်ဗျားလူတွေကို ခေါ်ပြီး ပြန်သွားကြပါလို့ ကျုပ် မေတ္တာရပ်ခံပါတယ်ဗျာ"

ကျာပွတ်သိုင်းသမားက မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားက ကျုပ်တို့အလုပ်ကို ဝင်စွက်ချင်တယ် ဆိုပါတော့"

ကျာပွတ်သိုင်းသမားက ခေါင်းခါယမ်းလိုက်သည်။

"ဝမ်းနည်းပါတယ်၊ ကျုပ်က ကတိတစ်ခုကို အသက်ထက်

မြတ်နိုးတဲ့ လူတစ်ယောက်ပါ”

စွမ်ကျင်း၏စကား မဆုံးမီ အေးစက်သော အသံတစ်ခု ထွက်ပေါ်လာလေသည်။

“ဟုတ်လား၊ မင်းရဲ့ ဂတိကို အသက်ထက် တန်ဖိုးထားတယ်ပေါ့”

စွမ်ကျင်းနှင့် ကွမ်းကျုံးရုပ်တို့သည် အသံလာရာသို့ ပြိုင်တူ လှည့်ကြည့်ကြလေသည်။

* * *

မီးရောင်အောက်တွင် အဝါရောင်အင်္ကျီ ဝတ်ဆင်ထားသော အဘွားအိုတစ်ယောက်သည် နဂါးခေါင်းရုပ်ပါသော တောင်ဝှေးတစ်ချောင်းကို ထောက်လျက် လျှောက်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ကွမ်းကျုံးရုပ်နှင့် စွမ်းကျင်းတို့သည် ထိုအဘွားအိုအား မြင်တွေ့လိုက်သည်နှင့် မျက်နှာ ကွက်ကနဲ ပျက်သွားလေတော့သည်။

ထိုအဘွားအိုမှာ တစ်ချိန်တုန်းက သိုင်းလောကတွင် အံ့မခန်းလောက်အောင် ကျော်ကြားခဲ့သော နဂါးဘွားဘွားပင် ဖြစ်လေသည်။

နဂါးဘွားဘွား၏နောက်တွင် အသက်(၃၀)ကျော်ခန့် ရှိသော အမျိုးသမီးနှစ်ယောက် လိုက်ပါလာသည်ကို တွေ့ရလေသည်။



ယင်းအမျိုးသမီးနှစ်ယောက်မှာ နဂါးဘွားဘွား၏ အလွန်ကြောက်မက်ဖွယ်ရာကောင်းသော သိုင်းသမားများ ဖြစ်လေ၏။

* * *

နဂါးဘွားဘွားက စွမ်ကျင်းအား တောင်ဝှေး ညွှန်လိုက်သည်။

“မင်း ဒီကို လာစမ်း”

သူမ၏အသံသည် ကျယ်လောင်လွန်းသည် မဟုတ်သော်လည်း စွမ်ကျင်းမှာ ရင်ထိတ်သွားလေသည်။

သူ့ရှေ့သို့ ခြေလှမ်းလှမ်း လိုက်ပြီး...

“ဘာကိစ္စ ရှိလို့လဲ ဘွားဘွား”

နဂါးဘွားဘွားသည် သူ့အား တစ်ချက်ကြည့်လိုက်သည်။

“မင်းက ဘီးပျံစွမ်ကျင်း ဟုတ်လား”

“ဟုတ်ပါတယ်”

“ကျဉပွတ်သိုင်းသမားက ငါ့လူဆိုတာ မင်း မသိဘူးလား”

“မသိလို့ပါ ဘွားဘွား”

“အခု မင်းသိပြီ မဟုတ်လား ဘယ်လိုလုပ်မလဲ”

စွမ်ကျင်းက ဒေါသသံရောကာ ပြောလိုက်လေသည်။

“ဘွားဘွား ဘယ်လိုလုပ်စေချင်သလဲ”

နဂါးဘွားဘွားက မဲ့ပြုံးပြုံးလိုက်သည်။

"မင်းကို ငါ အခွင့်အလမ်းနှစ်ခု ပေးလိုက်မယ်"

"ဟုတ်ကဲ့ အမိန့်ရှိပါ"

"မင်းလက်နက်ချပြီး မင်းလူတွေပါ ခေါ်ပြီး ထွက်သွားရမယ်"

"နောက်တစ်ချက်ကရော"

"ကျုပ်ဘက်ကနေပြီး ကျားမာန်အာမခံဌာနက လူတွေကို တိုက်ခိုက်ရမယ်"

"တခြား အခွင့်အရေးများ ရှိသေးလား ဘွားဘွား"

"ရှိတယ်၊ ကျုပ်ကို သိုင်းကွက်ဆယ်ကွက် ယှဉ်နိုင်ရင်၊ ဒါမှမဟုတ် ကျုပ်ရဲ့ ကိုယ်ရံတော်နှစ်ယောက်နဲ့ သိုင်းကွက်ဆယ်ကွက် ယှဉ်ပြိုင်နိုင်ရင်..."

စွမ်ကျင်းသည် နဂါးဘွားဘွားနှင့် မယှဉ်ပြိုင်ဝံ့သော်လည်း အမျိုးသမီးနှစ်ယောက်နှင့် ယှဉ်ပြိုင်မည်ဟု ဆုံးဖြတ်လိုက်လေသည်။

"ဟုတ်ကဲ့... ကျုပ်က ဘွားဘွားရဲ့ ကိုယ်ရံတော်နှစ်ယောက်နဲ့ သိုင်းကွက်ဆယ်ကွက် ယှဉ်ပြိုင်ခဲ့ရင် ဘွားဘွားက ဘယ်လိုစီစဉ်မှာလဲ"

နဂါးဘွားဘွား၏မျက်နှာ ညိုမည်းသွားသည်။

"ကျုပ်က ကျုပ်လူတွေကို ခေါ်သွားပြီး ထွက်သွားမယ်၊ သုံးနှစ်အတွင်းမှာ ကျားမာန်အာမခံဌာနကို အနှောင့်အယှက် မပေးဘူး"

စွမ်ကျင်းက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ... ကျုပ်က ကိုယ်ရံတော်နှစ်ယောက်ရဲ့ သိုင်းပညာကို လေ့လာကြည့်မယ်"



နဂါးဘွားဘွားသည် သူမ၏ကိုယ်ရံတော် နှစ်ဦးဘက်သို့ လှည့်လိုက်ပြီး...

"မင်းတို့ ထွက်စမ်း၊ ဒီလူက ကိုယ့်ကိုကိုယ် သိပ်အထင်ကြီးနေတယ်၊ သူ့ကို ကောင်းကောင်း ဆုံးမလိုက်ပါ"

အမျိုးသမီးနှစ်ယောက် ဦးညွတ်ကြပြီးနောက်...

စွမ်ကျင်းထံသို့ တဖြည်းဖြည်း လျှောက်လာလေသည်။

"ခွမ်း... ခွမ်း"

အမျိုးသမီးနှစ်ယောက်သည် စွမ်ကျင်းနားသို့ ရောက်သောအခါ ကိုယ်၌ ဆောင်ထားသော ဓားကို ဆွဲထုတ်လိုက်ပြီး စွမ်ကျင်းထံသို့ ဝိုင်းရံထားလိုက်လေသည်။

ကွမ်းကျုံးရပ်က ရုတ်တရက် ဟန့်တားလိုက်သည်။

"ခဏနေကြဦး"

အမျိုးသမီးနှစ်ယောက်သည် လှမ်းနေသော ခြေလှမ်းများ ရပ်တန့်လိုက်သည်။

ကွမ်းကျုံးရပ်သည် ဓားကို ဆွဲထုတ်လိုက်ပြီး...

"ဒီမှာ... စွမ်ကျင်း၊ ဒီကိစ္စက ကျားမာန်အာမခံဌာနရဲ့ ကိစ္စပါ၊ ခင်ဗျားနဲ့ မဆိုင်ပါဘူး၊ ကျုပ်တို့ကိစ္စ ကျုပ်ပဲ ရှင်းမယ်"

အမျိုးသမီးနှစ်ယောက်က စကားမပြောဘဲ ကွမ်းကျုံးရပ်အား ကြည့်လိုက်လေသည်။

နဂါးဘွားဘွားက မဲ့ပြုံးပြုံးလိုက်သည်။

"ကွမ်းကျုံးရပ်... မင်းက စွမ်ကျင်းထက် သာတယ်လို့ ယူဆသလား"

ကွမ်းကျုံးရပ်က ပြုံးလိုက်ပြီး...

"ခင်ဗျားရဲ့ ဗယ်ညာကိုယ်ရံတော်တွေဟာ သိုင်းလောကမှာ ကျော်ကြားတဲ့ ပုဂ္ဂိုလ်တွေပါ၊ ကျုပ်နိုင်လိမ့်မယ်လို့ မထင်ပါဘူး"

နဂါးဘွားဘွားသည် လေသံအေးအေးဖြင့်...

"ဒီလိုလည်း မင်းသိသားပဲ"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"ဘွားဘွားက သိုင်းလောမှာ အနားယူသွားတာ နှစ်ပေါင်း အတော်ကြာပါပြီ၊ အခုလို ရုတ်တရက် ပြန်ရောက်လာတာဟာ သိုးပန်းချီကို ရယူလိုတဲ့ဆန္ဒ အလွန်ပြင်းပြနေတယ် ထင်တယ်"

နဂါးဘွားဘွားသည် အေးစိမ့်သော လေသံဖြင့်...

"ဟုတ်တယ်... မင်းက သိုးပန်းချီကားကို အလိုက်သိသိ အေးအေးဆေးဆေး ပေးဖို့သင့်တယ်"

"ဟုတ်ကဲ့... ကျုပ်လည်း ပေးချင်ပါတယ်၊ ဒါပေမယ့်..."

"ဒါပေမယ့် ဘာဖြစ်သလဲ"

"ဒီသိုးပန်းချီဟာ ကျုပ် မပိုင်လို့ပါ"

"ပန်းချီကားဟာ မင်းလက်ထဲမှာ ရှိတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ရှိရင် ပေးပါ"

ကွမ်းကျုံးရုပ်သည် သက်ပြင်းတစ်ချက်ချရင်း...

"ကျုပ်ကို အချိန် တစ်ရက် နှစ်ရက်လောက်ပေးလို့ မရဘူး လား"

နဂါးဘွားဘွားသည် ခေါင်းခါယမ်းရင်း...

"မရဘူး"

"ဒါဖြင့် ကျုပ်ဟာ ခင်ဗျားရဲ့ ကိုယ်ရံတော်တွေကို နိုင်ရင်



တာ"

"သူတို့ကို နိုင်ပြီးရင် ကျုပ်နဲ့ တွေ့ဦးမှာပေါ့"

ကွမ်းကျုံးရုပ်က ပခုံးတစ်ချက် တွန့်လိုက်လေသည်။

"မတတ်နိုင်ဘူးလေ၊ ဒီလိုပဲ ယှဉ်ပြိုင်ရတော့မှာပဲ"

သူသည် ပြောပြီးသည်နှင့် အမျိုးသမီးနှစ်ယောက်အား က်ဆုပ်၍ အရိုအသေ ပြုလိုက်သည်။

"ကဲ... သတိထားပေတော့"

သူ၏စကား ဆုံးသွားသည်နှင့် အမျိုးသမီးနှစ်ယောက်အား တင် တိုက်ခိုက်လေသည်။

အမျိုးသမီးနှစ်ယောက်သည် ကွမ်းကျုံးရုပ်အား ဓားနှစ် က်ဖြင့် လျှပ်စီးလက်လိုက်သည့်အလား ဝဲယာမှ ညှပ်၍ တိုက်ခိုက် ိုက်လေသည်။

ကွမ်းကျုံးရုပ်၏ဓားသည် ရွှေရောင်တဝင်းဝင်းဖြင့် တိုက်ခိုက် လေသည်။

ဤသို့ဖြင့် သူတို့သုံးယောက်သည် သဲသဲမဲမဲဖြင့် လှုပ်ရှား ှဉ်ပြိုင် တိုက်ခိုက်နေတော့သည်။

* * *

ကွမ်းကျုံးရုပ်သည် တိုက်ပွဲပေါင်းများစွာ ဆင်နွှဲခဲ့ဖူးသည် ထိပ်တန်းရန်သူများနှင့်လည်း အကြိမ်ကြိမ် တွေ့ခဲ့ဖူးသည် သို့သော် သူသည် ဤတစ်ကြိမ်ကဲ့သို့ စိတ်လှုပ်ရှားခြ မဖြစ်ခဲ့ပေ။

အမျိုးသမီးနှစ်ယောက်၏ တိုက်ခိုက်မှုသည် လျင်မြ သည်။ ရက်စက်ကြမ်းကြုတ်သည်။ သိုင်းကွက်ဆန်းများ ပါရှိ သည်။

ထို့ကြောင့် သိုင်းကွက်(၁၀)ကွက်မျှ ယှဉ်ပြိုင်မိသည်န နောက်သို့ ဆုတ်သွားရလေသည်။

သို့သော် သူ၏ဘယ်ဘက်ပခုံးမှာ အမျိုးသမီး၏ ဓားချ ထိမှန်သွား၍ သွေးများ စီးဆင်းကျလာလေသည်။

ကွမ်းကျုံးရုပ်သည် ရင်ထိတ်သွားသည်။

နောက်သို့ ကပျာကယာ ခြေလှမ်းဆုတ်သွားရသည်။

အမျိုးသမီးနှစ်ယောက် ထက်ကြပ်မကွာ လိုက်လာ ဆက်လက် တိုက်ခိုက်ပြန်လေသည်။

ကွမ်းကျုံးရုပ်က အမျိုးသမီးနှစ်ယောက်ကြားမှာ ရောက် သွားသဖြင့် အခြေအနေ မဟန်မှန်း သိလိုက်သည်။

"ယား"

သူသည် ယင်းသို့ တစ်ချက်အော်လိုက်ပြီး အပေါ်သို့ တက်သွားလေသည်။

လေထဲ၌ ကျွမ်းတစ်ပတ်ပစ်၍ အမျိုးသမီး၏ ခေါင်းပေါ် ဖြတ်ကျော်သွားလေသည်။

ယာဘက်မှာ ရှိနေသော အမျိုးသမီးသည် သူ၏ဓား



ပ်တပြက် အပေါ်သို့ ခုတ်ချလိုက်သည်။

ထိုအခါ အေးစိမ့်သော ဓားဖျားသည် ကွမ်းကျုံးရုပ်၏ ကျောပေါ်တွင် သွေးနီကြောင်းကြီးတစ်ကြောင်း ထင်းကနဲ ပေါ်သွား သည်။

သွေးများသည် သူ၏ကျောပေါ်တွင် ဖြာထွက်လာလေ တော့သည်။

* * *

ကွမ်းကျုံးရုပ်သည် သိုင်းလောကအတွင်း၌ နှစ်ပေါင်း(၂၀) ကျင်လည်ကျက်စားခဲ့သည်။ သို့သော် ဤတစ်ကြိမ်ကဲ့သို့ အနာ ရ ထိခိုက်ခဲ့ခြင်း မရှိပေ။

စွမ်ကျင်းသည် ကွမ်းကျုံးရုပ် အရေးနိမ့်သွားသည်ကို တွေ့ သဖြင့် ရင်ထိတ်သွားလေသည်။ ထို့နောက် ဓားကို ဆွဲထုတ်လိုက် ကွမ်းကျုံးရုပ်အား ဝင်ရောက်ကူညီရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် ကွမ်းကျုံးရုပ်သည် ဓားကွက်ကို ပြောင်းလဲလိုက်၏။

သူ၏ဓားသည် ရွှေရောင်တဝင်းဝင်း ထွက်ပေါ်ကာ အမျိုး မီးနှစ်ယောက်၏ ဓားရှိန်ကို ပိတ်ဆို့ ဟန့်တားလိုက်လေသည်။

ကွမ်းကျုံးရုပ် အသုံးပြုလိုက်သော ဓားကွက်သည် အရှိန်အ န် ပြင်းထန်သောကြောင့် အမျိုးသမီးနှစ်ယောက်၏ ဖိ၍ တိုက် ်နေသော အရှိန်ကို ဟန့်တားနိုင်ခဲ့လေသည်။

"သတိထားပေတော့"

ကွမ်းကျူးရုပ်သည် ယင်းသို့ သတိပေးရင်း ရှေ့သို့ ခြေနှစ်လှမ်းတိုးကာ သူ၏လက်ထဲမှ ဓားဖြင့် အမျိုးသမီးနှစ်ယောက်ထံသို့ တည့်မတ်စွာ ခုတ်ချလိုက်လေသည်။

ကွမ်းကျူးရုပ် တိုက်ခိုက်လာသော ဓားကွက်မှာ ရိုးရိုးစင်းစင်း ဖြစ်နေ၏။

ထို့ကြောင့်လည်း အမျိုးသမီးနှစ်ယောက်သည် လုံးဝဂရုမပြုချေ။

အမျိုးသမီးနှစ်ယောက်သည် ပြန်လည်တိုက်ခိုက်ရန် ဓားကိုဝှေ့ယမ်းလိုက်သောအခါ ကွမ်းကျူးရုပ်၏ဓားသည် လျှင်မြန်စွာ တစ်ချက် လှုပ်ရှားလိုက်ပြီး ဓားကွက်သည် သူတို့၏ ခေါင်းပေါ်သို့ မိုး၍ထွက်ပေါက်များ ပိတ်ဆို့ထားသည်ကို တွေ့လိုက်ရလေသည်။

ထိုအခါ အမျိုးသမီးနှစ်ယောက်မှာ ထိတ်လန့်တုန်လှုပ်သွားလေသည်။

အမျိုးသမီးနှစ်ယောက်သည် မျက်နှာပျက်စွာဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီးနောက် လက်ထဲမှ ဓားဖြင့်ဝှေ့ယမ်းကာကွယ်ထားပြီး လျှင်မြန်စွာဖြင့် နောက်သို့ ခုန်ဆုတ်သွားလေတော့သည်။

* * *



အမျိုးသမီးနှစ်ယောက်သည် နောက်သို့ ဆုတ်သွားသည်နှင့် တစ်ဖန် ရှေ့သို့ တစ်လှမ်းတိုးကာ တိုက်ခိုက်လိုက်ပြန်သည်။

အမျိုးသမီးနှစ်ယောက်၏ ဓားနှစ်လက်သည် မြွေနှစ်ကောင်ပမာ ကွမ်းကျူးရုပ်၏ ဝဲယာတစ်ဘက်တစ်ချက်သို့ ဝင်ရောက်လာလေသည်။

"ယား..."

ကွမ်းကျူးရုပ်က ယင်းသို့ အော်ဟစ်လိုက်ပြီးနောက်...

ပထမအကြိမ်ကဲ့သို့ အမျိုးသမီးနှစ်ယောက်၏ ခေါင်းပေါ်သို့ ဓားဖြင့်ခုတ်ချလိုက်လေသည်။

ဓားကွက်မှာ အမြင်အားဖြင့် အလွန်ရိုးစင်းသော သိုင်းကွက်မျှသာ ဖြစ်သည်။

သို့သော် အမျိုးသမီးနှစ်ယောက်တို့သည် ကွမ်းကျူးရုပ်၏ ဓားချက်ကို ရှောင်တိမ်းနိုင်ရန် အလွန်ခက်ခဲသည်ဟု ခံစားလိုက်ရလေသည်။

မိန်းကလေးနှစ်ယောက်သည် အခြေအနေ မဟန်မှန်း သိလိုက်သည်နှင့် နှစ်ယောက်စလုံးသည် မြေပေါ်သို့ လိမ့်ချလိုက်ပြီး ရှောင်တိမ်းလိုက်ရလေသည်။

* * *

အမျိုးသမီးနှစ်ယောက်တို့၏ ပူးပေါင်းတိုက်ကွက်သည် တိုက်ခိုက်ရာကွင်း ရန်သူ အမြောက်အမြားကို တိုက်ခိုက်အနိုင်ယူခဲ့၏။

သူတို့သည် ကွမ်းကျိုးရုပ်ကဲ့သို့ ဓားကွက်အား တစ်ကြိမ် တစ်ခါမျှ မကြုံဘူးခဲ့ပေ။

သူတို့နှစ်ယောက်သည် ကွမ်းကျိုးရုပ်အား ကြောင်အမ်းအမ်းဖြင့် ကြည့်လိုက်ပြီးမှ ပြန်လည်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

နဂါးဘွားဘွားသည် တောင်ဝှေးကို တစ်ချက်ဆောင့်လိုက်ပြီး...

"ရပ်လိုက်"

နဂါးဘွားဘွား၏ ဟန့်တားသံကြောင့်... အမျိုးသမီးနှစ်ယောက်သည် တိုက်ခိုက်မည့် အရှိန်ကို ရပ် တန့်လိုက်လေသည်။

ပြီးနောက် နဂါးဘွားဘွား၏ ဝဲယာသို့ ဆုတ်သွားလေ၏။

* * *

နဂါးဘွားဘွားသည် ကွမ်းကျိုးရုပ်အား ပေါ်ပေါ်တန်တန် မထင်ဝံ့တော့ပေ။

"ကွမ်းကျိုးရုပ် မင်းဟာ နာမည်ကျော်သလောက် တော်သားပဲ"

ကွမ်းကျိုးရုပ်က ပြုံးလိုက်သည်။



"အခုလို ချီးကျူးတာ ကျေးဇူးတင်ပါတယ်"

နဂါးဘွားဘွားက တခြားလူကို နိုင်ပေမယ့် ငါ့ကို နိုင်လိမ့်မယ် မထင်နဲ့"

ကွမ်းကျိုးရုပ်က ပြုံးလိုက်သည်။

"ဘွားဘွားက ဟာကွက်တွေ့ထားလို့လား"

နဂါးဘွားဘွားက ခေါင်းညိတ်လိုက်သည်။

"မင်းရဲ့ ဓားကွက်က ရှေးက အသုံးပြုတဲ့ ဓားကွက်ပါ။ မင်း အသုံးပြုပုံ ကြည့်ရတာလဲ ဓားကွက်ကို မကျွမ်းကျင်သေးဘူးဆိုတာ ထင်ရှားတယ်"

ကွမ်းကျိုးရုပ်က ပြုံးလိုက်သည်။

"ကျုပ်နဲ့ ဘွားဘွားတို့ ရန်ငြိုး မရှိတဲ့အတွက် ဓားကွက်ကို လျှော့လျှော့ပေါ့ပေါ့ အသုံးပြုထားတာပါ"

နဂါးဘွားဘွားက မဲ့ပြုံးပြုံးလိုက်၏။

"ဒါနဲ့ မင်းအသုံးပြုလိုက်တဲ့ သိုင်းကွက်နှစ်ကွက်က ဘယ်လိုခေါ်သလဲ"

ကွမ်းကျိုးရုပ်သည် တခဏမျှ စဉ်းစားလိုက်ပြီး...

"ဒီဓားကွက်ဟာ နှစ်ပေါင်းအတော်ကြာစွာ ကွယ်ပျောက်နေတဲ့ ဓားကွက်တစ်ခုပါ၊ နဂါးဘွားဘွားဟာ အကြားအမြင်ရှိတဲ့ လူတစ်ယောက်ပဲ၊ မေးစရာလိုသေးလား"

နဂါးဘွားဘွားသည် နှာခေါင်းရှုံ့လိုက်ပြီး...

"ဒီဓားကွက်ကို ကျုပ်မမြင်ဖူးဘူး၊ ဒါပေမယ့် မင်းကိုတော့ ငါက နိုင်ပါတယ်"

သူမသည် ပြောပြီးသည်နှင့် သူ၏လက်ထဲမှ တောင်ဝှေးကို

မြှောက်လိုက်ပြီး ကွမ်းကျုံးရုပ်ထံသို့ တဖြည်းဖြည်း ချဉ်းကပ်သွားလေသည်။

* * *

ကွမ်းကျုံးရုပ်သည် နဂါးဘွားဘွား၏ သိုင်းပညာမှာ အလွန်အဆင့်မြင့်သည်ကို သိထားသည်။ ထို့ကြောင့် သူမ ချဉ်းကပ်လာသည်ကို တွေ့မြင်လိုက်သည်နှင့် သတိလက်လွှတ် မထားဘဲ ကိုယ်ကိုရှို့ကာ ဓားကို ကန့်လန့်ဖြတ် ကိုင်ထားပြီးနောက် နဂါးဘွားဘွားအား စူးစူးစိုက်စိုက် ကြည့်လိုက်ပြီး တိုက်ခိုက်ရန် အသင့်ပြင်ထားသော အနေအထားဖြင့် ရပ်နေလိုက်လေသည်။

နဂါးဘွားဘွားသည် တဖြည်းဖြည်းနှင့် ကွမ်းကျုံးရုပ် အနီးသို့ ချဉ်းကပ်လာသည်။

သူမသည် အနီးသို့ ရောက်ရှိလာသောအခါ သူမ၏ အေးစက်ပြီး မာန်အပြည့်ရှိသော မျက်နှာသည် တမုဟုတ်ချင်း ရုတ်တရက် အုံ့ဩသည့် အမူအယာသို့ ပြောင်းလဲသွားလေသည်။

ရှေ့သို့ လှမ်းနေသော ခြေလှမ်းများသည်လည်း ရုတ်တရက် ရပ်တန့်သွားလေသည်။

* * *



နဂါးဘွားဘွားသည် သိုင်းပညာ ဗဟုသုတ အတွေ့အကြုံများပြားရင့်ကျက်သောသူတစ်ယောက် ဖြစ်သည်။

သူသည် ကွမ်းကျုံးရုပ် အနီးသို့ ရောက်ရှိလာသောအခါ ကွမ်းကျုံးရုပ်၏ အသင့်ပြင်ထားသော အနေအထားမှာ အလွန်ပြည့်စုံ ပြောင်မြောက်သော ခံစစ်အနေအထားတစ်ခု ဖြစ်သည်ကို သိရှိလိုက်လေသည်။

သူမသည် ယင်းအနေအထားကို မည်သည့်ရှုထောင့်မှနေ၍ တိုက်ခိုက်လိုက်သည်ဖြစ်စေ မည်သို့မျှ နိုင်မည် မဟုတ်ဟု သိရှိလိုက်လေသည်။

ထို့ကြောင့် သူမသည် မျက်နှာထား တည်ကြည်စွာဖြင့် ကွမ်းကျုံးရုပ်အား စိုက်ကြည့်နေ၏။

ကွမ်းကျုံးရုပ်ကလည်း အနေအထား မပြောင်းဘဲ ပြန်လည်အကဲခတ်နေ၏။

တစ်ယောက်နှင့်တစ်ယောက် ယင်းကဲ့သို့ အတန်ကြာ အကဲခတ်နေပြီးမှ သူမသည် လျှပ်တပြက် နောက်သို့ လှည့်လိုက်ပြီး...

အမျိုးသမီးနှစ်ယောက်အား...

"တို့သွားမယ်"

ဟု ပြောလိုက်ပြီး ထွက်ခွာသွားလေသည်။

နဂါးဘွားဘွား ထွက်ခွာသွားသည်နှင့် သူမ၏ကိုယ်ရံတော် အမျိုးသမီးနှစ်ယောက်နှင့် ကျာပွတ်သိုင်းသမားတို့သည် ထက်ကြပ်မကွာ လိုက်သွားလေသည်။

* * *

စွမ်ကျင်းသည် တဖြည်းဖြည်း ဝေးသွားနေသော နဂါးဘွား ဘွား၏ ကျောပြင်ကို ကြည့်ကာ အကြီးအကျယ် အံ့သြစွာဖြင့် ရပ်နေမိသည်။

"အံ့သြစရာပဲ၊ နဂါးဘွားဘွား ဘာကြောင့် ပြန်ဆုတ်သွားရတာလဲဗျ"

ကွမ်းကျုံးရုပ်သည် ပြုံးလိုက်သည်။

"ကဲဗျာ... အထဲကို ကြွပါ၊ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

စွမ်ကျင်းက လက်နှစ်ဘက်ဆုပ်လိုက်သည်။

"ကဲ... ကျုပ်တို့ ဆရာတပည့်နှစ်ယောက်လည်း သွားလိုက်ပါဦးမယ်ဗျ"

ကွမ်းကျုံးရုပ်သည် အံ့သြစွာဖြင့်...

"နေပါအုံးဗျ၊ ဘာဖြစ်လို့ အရေးတကြီး ပြန်ချင်ရတာလဲ"

စွမ်ကျင်း ပြုံးလိုက်ပြီး...

"ခင်ဗျားက ပညာကို လျှို့ထားတာကိုး၊ ကျုပ်တို့ ကူညီစရာလိုအပ်မယ်လို့ မထင်တော့လို့ဗျာ"

ကွမ်းကျုံးရုပ်က ပြုံးလိုက်ပြီး...

"ကျုပ်ကသာ ပညာလျှို့ထားမယ်ဆိုရင် အခုလို အမျိုးသမီးနှစ်ယောက်က ကျုပ်ကို ဒုက္ခရရအောင် ဘယ်လိုလုပ်နိုင်ပါ့မလဲဗျာ"

စွမ်ကျင်းက တွေဝေသွားသည်။

"ကျုပ်စိတ်ထဲမှာ ခင်ဗျားက သူတို့နှစ်ယောက်ကို အရှုံးခံ ဒုက္ခရရအောင် လုပ်တယ်လို့ ထင်လို့ပါ"

"မဟုတ်ပါဘူးဗျာ၊ ကဲ... အထဲရောက်မှ ကျုပ်ပြောပြပါ့



မယ် ကြွပါ"

စွမ်ကျင်းက စိန်ထင်းရက်အား တစ်ချက်ကြည့်လိုက်ပြီး ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပြီလေ"

သူတို့သည် ကွမ်းကျုံးရုပ် ဖိတ်ခေါ်မှုကြောင့် အခန်းတွင်းသို့ လှမ်းဝင်လိုက်ကြလေတော့သည်။

* * *

ယန်စုစိန်သည် ကွမ်းကျုံးရုပ်၏ ဒဏ်ရာများကို ဆေးထည့်ပေးနေ၏။

စွမ်ကျင်းက သူ့အား တစ်ချက်ကြည့်လိုက်ပြီး...

"ခင်ဗျား ကျုပ်ကို ဘာပြောမလို့လဲ"

ကွမ်းကျုံးရုပ်က ပြုံးလိုက်လေသည်။

"ကျုပ်ရဲ့ ဓားကွက်ကို ခင်ဗျားက အတော်အထင်ကြီးတယ်မဟုတ်လား"

စွမ်ကျင်းသည် ခေါင်းညိတ်လိုက်သည်။

"အထင်ကြီးဆို ခင်ဗျားရဲ့ ဓားကွက်က သိပ်ကို ထူးခြားတာကိုးဗျ"

"ဟား ဟား ဟား၊ ရှင်းရှင်းပြောရမယ်ဆိုရင် ကျုပ်က ဟန်ပဲ ရှိပါတယ်၊ တိုက်ခိုက်ဖို့ သိုင်းကွက် လုံးဝမတတ်သေးပါဘူးဗျာ"

စွမ်ကျင်းသည် မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျားဆိုလိုတာက ဒီစားကွက်ကို သင်ခဲ့တာ မကြာသေးဘူး မဟုတ်လား"

ကွမ်းကျုံးရုပ်သည် ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ကဲ့၊ မကြာသေးပါဘူး"

စွမ်ကျင်းသည် စိတ်ဝင်စားသွားကာ...

"ခင်ဗျားကို သင်ပေးတဲ့လူက ဘယ်သူလဲ၊ ဘယ်မှာလဲ"

ကွမ်းကျုံးရုပ်သည် အတန်ကြာမျှ ငြိမ်သက်နေပြီးနောက် ခေါင်းခါယမ်းလိုက်သည်။

"ဘယ်သူမှ သင်ပေးတာ မဟုတ်ပါဘူးဗျာ"

စွမ်ကျင်း မျက်လုံးအစုံသည် ပြူးကျယ်သွားပြီး အံ့ဩသော အရိပ်များ ထွက်ပေါ်နေသည်။

ကွမ်းကျုံးရုပ်သည် စကားဆက်လိုက်သည်။

"ကျုပ် တကယ် ပြောနေတာပါ၊ ဘယ်သူမှ သင်ပေးတာ မဟုတ်ပါဘူး"

"ဒီလိုဆိုရင် ခင်ဗျားကိုယ်တိုင် တီထွင်ထားလို့လား"

ကွမ်းကျုံးရုပ်က ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် ဒီလောက်လည်း ဉာဏ်မကောင်းသေးပါဘူး"

"ဒါဖြင့် ခင်ဗျား စားကွက် ဘယ်က ရတာလဲဗျ"

ကွမ်းကျုံးရုပ်က ပြုံးလိုက်ပြီး အတန်ကြာမျှ တွေးကာ ခေါင်းညိတ်လိုက်လေသည်။

"အင်း... ကျုပ် ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် ကျုပ် တတ်ထားတဲ့ စားကွက်ဟာ ကျုပ်ဆီမှာ ရှိနေတဲ့ သိုးပန်းချီဆီက ရလာတာပါ"



စွမ်ကျင်းသည် အံ့အားသင့်သွားလေသည်။

"သိုးပန်းချီဟာ ရတနာသိုက် မြေပုံတစ်ခု ရှိတယ်ဆိုတာ ကြားတယ်၊ သိုင်းကွက်ပါတယ်လို့ မကြားဘူးပါလား"

ကွမ်းကျုံးရုပ်သည် ပြုံးလိုက်ပြီး...

"ကျုပ်က အမှန်အတိုင်း ပြောပြနေတာပါ၊ ကျုပ်ကို ယုံပါ"

စွမ်ကျင်းသည် လက်ကာပြလိုက်ပြီး...

"ကျုပ် မယုံလို့ မဟုတ်ပါဘူး၊ သိုးပန်းချီပေါ်မှာ ဒီလောက် ဆန်းကြယ်တဲ့ စားကွက်ပါတာကို ဘယ်သူမှ မသိကြတာကို အံ့ဩနေတာပါ"

ကွမ်းကျုံးရုပ်သည် ပြုံးပြလိုက်သည်။

"ဒီပန်းချီ ရေးဆွဲတဲ့ လူဟာ စားကွက်ကို တမင် လျှို့ဝှက် ဖုံးကွယ်ထားတယ်လို့ ကျုပ်ယူဆတယ်"

စွမ်ကျင်းသည် အနည်းငယ် စဉ်းစားလိုက်ပြီး ကွမ်းကျုံးရုပ် အား ကြည့်လိုက်ကာ...

"ခင်ဗျားကို အကြံတစ်ခု ပေးချင်ပါတယ်"

"ပြောပါ"

"ခင်ဗျား အနေနဲ့ ဒီသိုးပန်းချီထဲက စားကွက်ကို ရအောင် သင်ပြီးမှ ရတနာသိုက်ကို ရှာစေချင်ပါတယ်"

ကွမ်းကျုံးရုပ်သည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း... ကျုပ် ဉာဏ်မီသလောက် တွေ့ရှိထားတာကတော့ စားကွက် သုံးကွက်လောက်ပဲ ရှိမယ်လို့ ထင်တယ်"

စွမ်ကျင်းက မျက်မှောင်ကြုတ်သွားပြီး မယုံကြည်နိုင်ဟန်

ဖြင့်...

"သုံးကွက်တည်း ဟုတ်လား"

"ဟုတ်တယ်"

"ဒီသုံးကွက်စလုံး တတ်ထားပြီးပြီလား"

"ပထမတစ်ကွက်ကတော့ အကြမ်းအားဖြင့် တတ်တယ်လို့ ဆိုရမယ်၊ ဒုတိယအကွက်ကတော့ အသင့်ပြင်ထားတဲ့ အနေအထား ပဲ တတ်ထားတယ်၊ အသုံးမချရသေးဘူး"

"တတိယသိုင်းကွက်ကော"

"တတိယသိုင်းကွက်က အင်မတန် လျှို့ဝှက်နက်နဲပြီး ခက်ခဲ တဲ့အတွက် စဉ်းစားလို့ မရသေးဘူးဗျ"

စွမ်ကျင်း မျက်မှောင်ကြုတ်သွားသည်။

"ဒီလောက် လျှို့ဝှက်ဆန်းကြယ်တဲ့ ဓားပညာမှာ နာမည် တော့ ရှိလိမ့်မယ် ထင်တယ်"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်ပြီး...

"ရှိပါလိမ့်မယ်၊ ကျုပ်က မတွေ့သေးတာ ဖြစ်မှာပေါ့"

စွမ်ကျင်းက ထိုင်ရာမှ ထလိုက်ပြီး...

"ကဲ... ခင်ဗျား ဒါပဲ ဆွေးနွေးချင်တာ မဟုတ်လား၊ ကျုပ် တို့ကို သွားခွင့်ပြုပါဦး"

ကွမ်းကျုံးရုပ်သည် မတ်တတ်ရပ်ပြီး လက်ကာပြလိုက်လေ သည်။

"ခဏထိုင်ပါဦးဗျာ"

စွမ်ကျင်းသည် အံ့သြစွာဖြင့် ထိုင်ချလိုက်ပြန်သည်။

"ဘာများ ပြောစရာ ရှိသေးလို့လဲ"



ကွမ်းကျုံးရုပ်က ပြုံးပြီး အားနာသော လေသံဖြင့်...

"ခင်ဗျားဆီက အကူအညီ လိုချင်လို့ပါ"

စွမ်ကျင်းသည် နားမလည်နိုင်စွာဖြင့်...

"ကျုပ် ဘယ်လိုကူညီရမှာလဲ"

ကွမ်းကျုံးရုပ်သည် သူ့အား စိုက်ကြည့်လိုက်ပြီး လေးနက် စွာ ပြောလိုက်လေသည်။

"ဒီသိုးပန်းချီမှာ အလွန်ကြွယ်ဝတဲ့ ရတနာသိုက်တစ်ခုကို ဖော်ပြထားပါတယ်၊ ကျုပ် အဲဒီ ရတနာသိုက်ကို သွားပြီး တူးဖော်ဖို့ အစီအစဉ် ရှိပါတယ်၊ အဲဒါ ခင်ဗျားဆီက အကူအညီ တောင်းတာပါ"

စွမ်ကျင်းက အနည်းငယ် စဉ်းစားလိုက်သည်။

"ကောင်းပြီလေ ဒါပေမယ့် မရှင်းတာကို ကြိုတင်မေးထား တာ ကောင်းပါတယ်"

"မေးပါ... မေးပါ"

စွမ်ကျင်းသည် လေသံအေးအေးဖြင့် မေးလိုက်သည်။

"ခင်ဗျားက ရတနာသိုက်ကို တွေ့ရင် ကျုပ်တို့မှာ ဘာအ ကျိုး ခံစားရမှာလဲ"

"ခင်ဗျား ဘာလိုချင်လို့လဲ"

စွမ်ကျင်းသည် ကွမ်းကျုံးရုပ်အား စေ့စေ့ကြည့်ကာ ပြော လိုက်သည်။

"ကျုပ် လောဘမကြီးပါဘူး၊ ခင်ဗျား ပေးသလောက်ပဲ ကျုပ်က လက်ခံရမှာပါ"

ကွမ်းကျုံးရုပ်က ပြုံးလိုက်သည်။

ကွမ်းကျုံးရုပ်သည် ဆက်လက်ပြီး...

"အင်း... ရတနာသိုက်ထဲမှာ ဘာတွေ ရှိတယ်ဆိုတာတော့ ကျုပ်လည်း မသိဘူးဗျ"

စွမ်ကျင်းသည် ပြုံးလိုက်သည်။

"ဒါတော့ ဘယ်တတ်နိုင်မလဲဗျာ၊ ကျောက်မီးသွေးရလည်း ကျောက်မီးသွေးပဲ လက်ခံရမှာပေါ့"

ကွမ်းကျုံးရုပ်က လက်ဆန့်ထုတ်လိုက်သည်။

"စိတ်ချပါ၊ ခင်ဗျား ကူညီခဲ့တာတွေကို မနစ်နာစေရပါဘူး"

စွမ်ကျင်းသည် ထိုင်ရာမှ ထလိုက်ပြီး...

ကွမ်းကျုံးရုပ် ဆန့်ထုတ်ထားသော လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်သည်။

"ကျုပ် ကတိပြုပါတယ်"

* * *

စွမ်ကျင်းသည် ကွမ်းကျုံးရုပ်နှင့် ပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်လိုက်ပြီးနောက် တည်းခိုခန်း၌ ထားရှိခဲ့သော ဝန်စည်စလယ်များအား ပြန်ယူရန် ထွက်လာခဲ့သည်။

ဖန်းကျင်းရှမ်းသည် ကွမ်းကျုံးရုပ်ထံသို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာလေသည်။

"ဦးနမ့်ျုးက သူ့ကို လက်ခံလိုက်ပြီ ဟုတ်လား"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။



"အခု ကျုပ်တို့လုပ်တဲ့ လုပ်ငန်းဟာ အတော့်ကို ကြီးကျယ်ပြီး အန္တရာယ်များပါတယ်၊ ဒါကြောင့် သူတို့ အကူအညီ လိုနေပါတယ်"

ဖန်းကျင်းရှမ်း မျက်မှောင်ကြုတ်သွားသည်။

"ဦးနမ့်ျုးရဲ့ သဘောက နောက်ထပ် အကူအညီရအောင် လူရှာဦးမယ် မဟုတ်လား"

"ဟုတ်တယ်"

"ဘယ်သူ့ကို ထပ်ခေါ်ချင်လို့လဲ"

ကွမ်းကျုံးရုပ်သည် တစ်လုံးချင်း ပြောလိုက်လေသည်။

"ထိုက်ဟာန်တောင်က ခါးကုန်းကြီး"

ဖန်းကျင်းရှမ်းသည် မျက်မှောင်ကြုတ်သွားပြီး စိုးရိမ်သောလေသံဖြင့်...

"ဖြစ်ပါ့မလား"

ကွမ်းကျုံးရုပ်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"အခုရက်တွေမှာ ကျုပ်က ပန်းချီကို သေသေချာချာ လေ့လာကြည့်တယ်၊ အဲဒီအထဲက ရတနာသိုက်ဟာ အလွန်ကြီးကျယ်တယ်လို့ တွေ့ရှိရတယ်"

သူသည် အနည်းငယ် စဉ်းစားပြီးမှ စကားဆက်လိုက်ပြန်သည်။

"အုံ့ညြစရာကောင်းတာက ခါးကုန်းကြီးဟာ ဒီသိုးပန်းချီကို နှစ်ပေါင်းအတော်ကြာ ထိန်းသိမ်းထားရက်နဲ့ ရတနာသိုက်ကို ဘာကြောင့် သွားမရှာတာလဲဆိုတာပဲ"

ဖန်းကျင်းရှမ်းသည် ပခုံးတစ်ချက် တွန့်လိုက်ပြီး...

"သူက လျှို့ဝှက်ချက်ကို ရှာမတွေ့လို့ ဖြစ်နိုင်တယ်"

ကွမ်းကျုံးရုပ် ခေါင်းခါယမ်းလိုက်သည်။ ထို့နောက် ဖန်းကျင်းရှမ်းအား ရှင်းပြလိုက်သည်။

"ဒီသိုးပန်းချီမှာ ဖော်ပြထားတဲ့ ရတနာသိုက်မြေပုံဟာ သိပ်ပြီး လျှို့ဝှက်လှတယ်လို့ မဟုတ်ပါဘူး၊ သူလိုက်မရှာတတ်တာက အကြောင်းတစ်ခုခု ရှိလိမ့်မယ်"

ဖန်းကျင်းရှမ်းသည် အံ့သြသွားဟန်ဖြင့်...

"ဘယ်လိုအကြောင်း ရှိတယ်လို့ ဥာနမှူးက ထင်သလဲ"

"ဘာအကြောင်းလဲတော့ မပြောတတ်ဘူး၊ ဒီရတနာသိုက်ကို သူသွားမရှာဘူးလို့ မပြောနိုင်ဘူး"

ဖန်းကျင်းရှမ်းသည် ပခုံးတစ်ချက်တွန့်လိုက်ပြီး...

"သူ ရှာမတွေ့လို့ ဖြစ်မှာပေါ့"

ကွမ်းကျုံးရုပ် မျက်မှောင်ကြုတ်သွားသည်။ နောက် ခေါင်းကို အသာအယာ ခါယမ်းကာ...

"မဖြစ်နိုင်ဘူး၊ ဖော်ပြတဲ့ မြေပုံလမ်းကြောင်းအတိုင်း လိုက်ရှာရင် မတွေ့စရာအကြောင်း မရှိပါဘူး"

"ဒါဖြင့် သူက ရတနာသိုက်ကို တွေ့ထားပြီလားမှ မပြောတတ်ဘဲ"

ကွမ်းကျုံးရုပ်က ခေါင်းခါယမ်းလိုက်သည်။

"သူက ရှာလို့ တွေ့သွားရင် ဟိုးလေးတစ်ကျော်ကျော် ဖြစ်ရောပေါ့"

ဖန်းကျင်းရှမ်းက နားမလည်နိုင်အောင် ဖြစ်သွားလေသည်။

"ကျုပ်တော့ မစဉ်းစားတတ်လောက်အောင် ဖြစ်နေပါပြီဗျာ"

ကွမ်းကျုံးရုပ်က ပြုံးလိုက်သည်။

"သူက ရတနာသိုက် သွားရှာယင်း အန္တရာယ်နဲ့ တွေ့ခဲ့လို့ ရုပ်တန့်သွားသလားမှ မသိဘဲ"

သူသည် ပြုံး၍ စကားဆက်လိုက်ပြန်သည်။

"ရတနာသိုက်ဟာ တန်ဖိုးရှိပေမယ့် အသက်ကပိုပြီး တန်ဖိုးရှိတယ် မဟုတ်လား၊ ရတနာသိုက်ကို ရပြန်ရင်လည်း အသက်မှ မရှိရင် ဘာအကြောင်းထူးမှာလဲ"

ဖန်းကျင်းရှမ်းက ပြုံးလိုက်ပြန်သည်။

"ဥာနမှူး ပြောသလိုဆိုရင် သူက ကြောက်ရွံ့သွားပြီး ရတနာသိုက်ရှာဖို့ လုံးဝ ရပ်ဆိုင်းသွားတယ်ဆိုပါတော့"

ကွမ်းကျုံးရုပ် ခေါင်းညိတ်လိုက်သည်။

"ကျုပ်ကတော့ ဒီလို ယူဆတာဟာ အဖြစ်မှန်နဲ့ သိပ်ပြီး ကွာလှမယ် မထင်ပါဘူးဗျာ"

ဖန်းကျင်းရှမ်းသည် နားမလည်နိုင်စွာဖြင့်...

"ဒါဖြင့် ဥာနမှူးက သူ့ဆီကို ဘာကြောင့် အကူအညီ တောင်းချင်နေရတာလဲ"

"သူက ငါတို့ထက် အတွေ့အကြုံ ရှိတဲ့အတွက် သူ့ရဲ့အကူအညီရရင် တို့လမ်းပန်းခရီးနဲ့ ရှာဖွေရမှာ သက်သာမှာပေါ့"

"ဥာနမှူးပြောတာ မှန်ပါတယ်၊ သူ့ဆီကို ဘယ်တော့ သွားမလဲ"

ကွမ်းကျုံးရုပ်သည် တခဏမျှ စဉ်းစားပြီး...

"မိုးလင်းတော့မှပဲ ရေမိုးချိုးပြီး ချက်ချင်းသွားမယ်"

"ကျုပ် လိုက်စရာ လိုသေးသလား"

"လိုက်စရာလိုမယ် မထင်ပါဘူး"

* * *

ကွမ်းကျုံးရုပ်သည် တည်းခိုခန်းသို့ ရောက်ရှိသွားသောအခါ ခါးကုန်းကြီးသည် ခရီးထွက်ရန် အသင့်ပြင်ထားသည်ကို တွေ့ရလေသည်။

ခါးကုန်းကြီးသည် ကွမ်းကျုံးရုပ် ရောက်လာသည်ကို တွေ့မြင်လိုက်သည်နှင့် ပြုံးပြလိုက်လေသည်။

"ကျုပ် ထင်တဲ့အတိုင်းပဲ ခင်ဗျား ကျုပ်ဆီလာရပြီ မဟုတ်လား"

ကွမ်းကျုံးရုပ်က ပြုံးလိုက်ပြီး ခေါင်းညိတ်ပြသည်။

"ခင်ဗျား သွားတော့ မလို့လား"

ခါးကုန်းကြီးက အထုပ်များကို ပြင်ဆင်နေလေသည်။

"ဟုတ်တယ်... အချိန်ပြည့်တာနဲ့ ကျုပ် မစောင့်တော့ပါဘူးဗျာ"

"ကျုပ်ကလည်း ကိစ္စနည်းနည်းရှိလို့ နောက်ကျသွား တာပါ"

ခါးကုန်းအဘိုးကြီးသည် ကွမ်းကျုံးရုပ်အား လှည့်မေးလိုက်၏။



"ဌာနမှူး အခုလာတာ ပြောစရာ ရှိလို့မယ်လို့ ထင်ပါတယ်"

"ဟုတ်ပါတယ်ဗျာ"

"ဒါဖြင့် ပြောပါ"

ကွမ်းကျုံးရုပ်သည် ကုလားထိုင်တစ်လုံးပေါ်သို့ ထိုင်ချလိုက်ပြီး...

"ဦးက ဒီသိုးပန်းချီကို ထိန်းသိမ်းထားကာ နှစ်ပေါင်းအတော်ကြာပြီ ဟုတ်လား"

ခါးကုန်းအဘိုးအိုသည် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"ကျုပ်က ပန်းချီကားကို သေချာ လေ့လာတဲ့အခါမှာ ရတနာသိုက် ရှာဖွေဖို့ မြေပုံတွေ့ရှိခဲ့တယ်ဗျ"

"ဒါဖြင့် ဌာနမှူးက ရတနာသိုက် ရှာဖွေတော့မယ်နဲ့ တူတယ်"

"ဟုတ်တယ်... ဒါပေမယ့် တချို့ အချက်အလက်တွေဟာ မရှင်းလို့ ဦးကို လာမေးတာပါ"

"မေးပါ"

"ဦးက ဒီရတနာသိုက်ကို လိုက်ရှာခဲ့ဖူးသလား"

ခါးကုန်းအဘိုးကြီးသည် အတန်ကြာမျှ စဉ်းစားပြီး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ရှာခဲ့ပါတယ်"

"ရတနာသိုက်ရော တွေ့ခဲ့ရဲ့လား"

ခါးကုန်းအဘိုးကြီး မျက်နှာပျက်စွာဖြင့်…

"ဝမ်းနည်းပါတယ်၊ မပြောပါရစေနဲ့"

ကွမ်းကျုံးရုပ်က ပြုံးလိုက်သည်။

"ကျုပ် ယူဆထားတာကတော့ ဦးဟာ ရတနာသိုက်ကို လိုက်ရှာတဲ့အပြင် အန္တရာယ်နဲ့ ရင်ဆိုင်ခဲ့သေးတယ်လို့ ထင်ပါတယ်"

ခါးကုန်းကြီးက မျက်မှောင်ကြုတ်သွားပြီး…

"ခင်ဗျား ယူဆထားတာလား၊ သူများပြောတာ ကြားတာလား"

"ကျုပ် ထင်မြင်ယူဆတာပါ"

ခါးကုန်းကြီးက သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"ခင်ဗျားဟာ ဉာဏ်အမြော်အမြင်ကြီးတဲ့ လူတစ်ယောက်ပါပဲလား"

သူသည် စကားဆက်လိုက်သည်။

"ဒီပန်းချီကို ခင်ဗျား လက်ထဲရောက်တဲ့ သတင်းကြားလိုက်တာနဲ့ ခင်ဗျားဆီကို ကျုပ် အမီလိုက်လာတာပါ"

ကွမ်းကျုံးရုပ်သည် စိတ်ဝင်စားလာပြီး…

"ဦးက ဘာပြောချင်လို့လဲ"

"ခင်ဗျား မသွားပါနဲ့လို့ ဟန့်တားချင်လို့ပါ"

"ဘာဖြစ်လို့လဲ"

ခါးကုန်းအဘိုးကြီးသည် စူးစူးစိုက်စိုက် ကြည့်နေပြီးမှ…

"ခင်ဗျားဟာ တစ်သက်လုံး စားမကုန်နိုင်တဲ့ ရွှေငွေတွေ စုဆောင်းထားတာ ရှိပါတယ်၊ ဒါကြောင့် ဒီအသက်စွန့်ပြီး ရတနာသိုက်ကို လိုက်ရှာဖို့ကို မလိုအပ်ဘူး ထင်လို့ပါ"



ကွမ်းကျုံးရုပ်က ပြုံးလိုက်သည်။

"ကျုပ်အပေါ် စေတနာထားတာ ကျေးဇူးတင်ပါတယ်"

သူသည် စကားဆက်လိုက်ပြန်သည်။

"ဒါပေမယ့် ဒီလောက် များပြားလှတဲ့ ရတနာသိုက်ကို ဒီအတိုင်း မယူဘဲထားတာ နှမြောစရာ ကောင်းပါတယ်"

သူသည် ခါးကုန်းကြီးအား ကြည့်လိုက်သည်။

"ကျုပ် အခုလာခဲ့တာလည်း ဦးကို ရတနာသိုက် အတူတူ ရှာဖွေဖို့ ဖိတ်ခေါ်တာပါပဲ"

ခါးကုန်းကြီး ရယ်မောလိုက်ပြီး…

"ငှက်တွေဟာ အစာကြောင့် သေဆုံးရတယ်၊ လူတွေဟာလဲ ငွေကြေးကြောင့် အသက်ဆုံးရှုံးရတယ်၊ ခင်ဗျားမှာ စားမကုန်လောက်အောင် ချမ်းသာနေသားပဲ၊ ဘာဖြစ်လို့ လောဘကြီးနေရတာလဲ"

ကွမ်းကျုံးရုပ်က ခေါင်းခါယမ်းလိုက်ပြီး…

"ကျုပ်ဟာ ဒီရတနာသိုက်ကို အပိုင်စီးဖို့ မဟုတ်ပါဘူး"

ခါးကုန်းအဘိုးကြီး အံ့သြစွာဖြင့် မေးလိုက်သည်။

"ဒါဖြင့်…"

"ဒီရတနာသိုက်ကို တူးဖော်ပြီးရင် ရေဘေးဒုက္ခသည်များကို ကူညီဖို့နဲ့ အများပြည်သူ အကျိုးရှိအောင် အလုပ်လုပ်ဖို့အတွက် ရည်ရွယ်တာပါ"

ခါးကုန်းကြီးက ခေါင်းညိတ်လိုက်လေသည်။

"ခင်ဗျားရဲ့ မွန်မြတ်တဲ့ ရည်ရွယ်ချက်ကိုတော့ ချီးကျူးပါတယ်၊ ဒါပေမယ့် မမျှော်လင့်တဲ့ အခက်အခဲတွေဟာ အလွန်များပြား

လှတဲ့အတွက် ခင်ဗျား စွမ်းဆောင်နိုင်မယ်လို့ ကျုပ် မထင်ဘူး"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်ကိုယ်ကျုပ် သိလို့လည်း အခုလို ဦးတို့လို လူမျိုးကို ဖိတ်ခေါ် အကူအညီ တောင်းရတာပေါ့"

ခါးကုန်းကြီးသည် ခေါင်းခါယမ်းလိုက်ပြီး...

"ကျုပ် မကူညီနိုင်တာကိုတော့ ခွင့်လွှတ်ပါဗျာ"

သူသည် အထုပ်အပိုးများ သယ်ဆောင်ကာ ထွက်ခွာသွားလေသည်။

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားပြီး ခါးကုန်းအဘိုးကြီးအား တားထားလိုက်သည်။

"ခဏနေပါဦး ဦး"

ခါးကုန်းကြီးက သမင်လည်ပြန် ကြည့်လိုက်ပြီး...

"ဦးရဲ့စကား နားထောင်ပါ၊ သွားဖို့ မကြိုးစားပါနဲ့"

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားသည်။

"ဦး အတော် စိတ်ပျက်သွားပြီနဲ့ တူတယ်"

ခါးကုန်းကြီးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ခင်ဗျားတို့ကိုယ်တိုင် တွေ့ကြုံမှ ဘယ်လောက်ကြောက်စရာကောင်းသလဲဆိုတာ သိလိမ့်မယ်"

သူသည် ယင်းသို့ပြောပြီး ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့သည်။

* * *



ကွမ်းကျုံးရုပ်သည် ဌာနခွဲသို့ ပြန်လည် ရောက်ရှိသွားသည်နှင့် ဖန်းကျင်းရှမ်းက ဆီးကြို၍ မေးလိုက်လေသည်။

"ခါးကုန်းကြီးကို တွေ့ခဲ့လား ဌာနမှူး"

"တွေ့ခဲ့တယ်"

"သူ့ကို ဖိတ်ခေါ်ခဲ့သေးသလား"

"ဖိတ်ခေါ်ခဲ့ပါတယ် သူက လက်မခံဘူး"

"သူက ဘာပြောသွားသလဲ"

"သူက ကျုပ်ကို မသွားဖို့ တိုက်တွန်းတယ်"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်လေသည်။

"ဌာနမှူးပြောတာ မှန်နေပြီ၊ သူဟာ ရတနာသိုက်ရှာရင်း အန္တရာယ်နဲ့ ရင်ဆိုင်ခဲ့လို့ စိတ်ဓာတ်ကျသွားတာ ဖြစ်ရမယ်"

ကွမ်းကျုံးရုပ်သည် အတန်ကြာ စဉ်းစားပြီး ပြောလိုက်၏။

"ဟုတ်တယ်၊ ဒါကြောင့် ဒီသိုးပန်းချီကားကိုတောင် ပြန်တောင်းဖို့ စိတ်မကူးတော့ဘူး"

ဖန်းကျင်းရှမ်းက မျက်မှောင်ကြုတ်သွားသည်။

"ဌာနမှူး အခု ဘာဆက်လုပ်မလဲ"

ကွမ်းကျုံးရုပ်သည် အနည်းငယ် စဉ်းစားလိုက်သည်။

"အင်း... လောလောဆယ်တော့ ကပ်ဟို့လျန်ကို လိုက်ရှာရတော့မှာပဲ"

ဖန်းကျင်းရှမ်းက အံ့ဩဟန်ဖြင့်...

"ကပ်ဟို့လျန် ရှာပြီး ဘာလုပ်မလို့လဲ"

"သူ့ကို စည်းရုံးဖို့ စဉ်းစားထားတယ်"

ဖန်းကျင်းရှမ်းက မျက်မှောင်ကြုတ်သွားလေသည်။

"ဖြစ်ပါ့မလားဗျာ"

ကွမ်းကျုံးရုပ်က ရှင်းပြလိုက်လေသည်။

"ကပ်ဟို့လျှန်မှာ ရတနာသိုက်တူးဖော်ဖို့ အားလုံး အသင့်ပြင်ထားတဲ့ အနေအထား ရှိတယ်၊ သူတို့ စည်းရုံးထားတဲ့လူတွေလည်း တော်တော်များတယ်၊ သူ့ကို သိမ်းသွင်းနိုင်မယ်ဆိုရင် အကျိုးရှိလိမ့်မယ်လို့ ကျုပ်ယူဆတယ်"

ဖန်းကျင်းရှမ်းသည် အတန်ကြာ စဉ်းစားလိုက်ပြီးနောက်...

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် သိုင်းလောကမှာ သူက နာမည်ပျက်တဲ့ လူတစ်ယောက်"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"သူ့အကြောင်းကို ကျုပ်က သေသေချာချာ လေ့လာပြီးပါပြီ၊ သတင်းစကားဆိုတာ ပိုရဲ့ထွင်ပြီး ပြောတတ်ကြပါတယ်၊ ထင်သလောက်လည်း မဆိုးပါဘူး"

"သူ့ရဲ့ပညာ အရည်အချင်း ဉာဏ်စွမ်း အတော့ကို တော်တယ်၊ သူ့ကို ကောင်းတဲ့ဘက်ကို သိမ်းသွင်းလိုက်ရင် လူကောင်းသူကောင်း ဖြစ်နိုင်တယ်လို့ ကျုပ်ထင်တယ်"

ဖန်းကျင်းရှမ်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကပ်ဟို့လျှန့်ဟာ အရည်အချင်းရှိတဲ့ လူတစ်ယောက်ဆိုတာ ကျုပ်သိပါတယ်၊ ဒါပေမဲ့ အကျင့်စာရိတ္တကိုတော့ ပြုပြင်လို့ ရမယ် မထင်ဘူး"

ကွမ်းကျုံးရုပ်က ပြုံးလိုက်ပြီး...

"ဘာပဲဖြစ်ဖြစ်ပေါ့၊ အစစအရာရာ အခြေအနေ ကြည့်ပြီး လုပ်ငန်းစကြတာပေါ့"



ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"ကဲ... ဌာနမှူးလည်း တစ်ညလုံး မအိပ်ရဘူး၊ အနားယူပါဦးဗျာ"

* * *

## ထူးဆန်းသော အစည်းအဝေး

ကွမ်းကျုံးရုပ်သည် အိပ်ရာမှ ထလာသောအခါ နေမွန်းတည့်ချိန်ပင် ရောက်ရှိနေပြီ ဖြစ်သည်။

သူသည် ဧည့်ခန်းထဲသို့ ရောက်ရှိသွားသည်နှင့် ဖန်းကျင်းရှမ်း ထိုင်နေသည်ကို တွေ့ရလေသည်။

ဖန်းကျင်းရှမ်းသည် ကွမ်းကျုံးရုပ် အိပ်ရာမှ ထလာသည်ကို တွေ့ရသောအခါ ပြုံးလိုက်ပြီး နှုတ်ဆက်သည်။

"အိပ်ရေးတော်တော် ဝသွားရဲ့လား"

ကွမ်းကျုံးရုပ်က ကုလားထိုင်ပေါ်သို့ ဝင်ရောက်ထိုင်ချလိုက်ပြီး ဧည့်ခန်းတစ်ခုလုံးသို့ ဝေ့ပြီး အကဲခတ်ကြည့်လိုက်သည်။



ထို့နောက် ဖန်းကျင်းရှမ်းကို တစ်ချက်ကြည့်လိုက်ပြီး...

"ဘယ်သူများလာသေးသလဲ"

ဖန်းကျင်းရှမ်းက စားပွဲပေါ်မှ စာတစ်စောင်ကို လှမ်းပေးလိုက်လေသည်။

"ကပ်ဟို့လျန်ဆီက စာတစ်စောင် ပေးခိုင်းလိုက်တယ်"

ကွမ်းကျုံးရုပ်က စာကို ဖြန့်၍ ဖတ်ကြည့်လိုက်သည်။

"ဌာနမှူးခင်ဗျာ..."

"ဌာနမှူးနဲ့ ပတ်သက်ပြီး အလွန်လျှို့ဝှက်တဲ့ကိစ္စ တစ်ခု လိုက်ပြပါ့မယ်၊ မွန်းလွဲချိန်မှာ အောက်ဖော်ပြထားတဲ့ လိပ်စာအတိုင်း ကြွရောက်ပါ ခင်ဗျာ၊ ကိစ္စအရေးကြီးလွန်း၍ ဘယ်သူ့ကိုမှ ကိုမှ အဖော်ခေါ်မလာပါနဲ့"

မင်းသားလေးကပ်ဟို့လျန်

* * *

ကွမ်းကျုံးရုပ်က စာကို ဖတ်ပြီး တွေဝေနေ၏။

ဖန်းကျင်းရှမ်းက အကြံပြုလိုက်လေသည်။

"ဌာနမှူး...၊ မသွားရင် ကောင်းမယ် ထင်တယ်"

ကွမ်းကျုံးရုပ်က လက်ကာပြလိုက်သည်။

ထို့နောက်...

"ကျုပ်သွားတွေ့လိုက်မယ်"

ဖန်းကျင်းရှမ်းက မျက်မှောင်ကြုတ်သွားသည်။

ထို့နောက် မကျေနပ်သော အသံဖြင့် ပြောလိုက်သည်။

"ကပ်ဟို့လျန်ဟာ အလွန်ကောက်ကျစ်စဉ်းလဲတဲ့ လူတစ်ယောက်ပဲ၊ ဌာနမှူး မသွားရင် ကောင်းမယ်"

ကွမ်းကျုံးရပ်က ခေါင်းခါယမ်းလိုက်သည်။

"ကပ်ဟို့လျန်က ကောက်ကျစ်စဉ်းလဲပေမယ့် ကျုပ်ကို လိမ်ခေါ်တဲ့အထိတော့ မလုပ်တန်ကောင်းဘူးလို့ ကျုပ်ယုံကြည်တယ်"

"ဌာနမှူးက သွားချင်တယ်ဆိုရင် ကျုပ်တို့လည်း မယောင်မလည် လိုက်ခဲ့ရင် ကောင်းမယ် ထင်တယ်"

ကွမ်းကျုံးရပ်က လက်ကာပြလိုက်ပြီး...

"မလိုပါဘူး၊ ခင်ဗျားသာ ဒီမှာနေပြီး သတိကြီးစွာနဲ့ စောင့်ရှောက်ပါ၊ ကျုပ်က အခြေအနေ ကြည့်ပြီး သွားပါ့မယ်"

* * *

နေဝင်ဆည်းဆာချိန်ပင် ဖြစ်သည်။

ကွမ်းကျုံးရပ်သည် ကပ်ဟို့လျန် နေထိုင်သော နေရာသို့ တစ်ယောက်တည်း ခပ်သုတ်သုတ် လျှောက်သွားနေလေသည်။

ကပ်ဟို့လျန် နေထိုင်သော နေရာသည် လမ်းကြားလေး တစ်ခု၌ ဖြစ်ပြီး၊ အလွန်ဆင်းရဲသော လူအများစု နေထိုင်သော လမ်း



ကြားတစ်ခုဖြစ်ကြောင်း သိရှိလိုက်သည်။

ကွမ်းကျုံးရပ်က လမ်းကြားထဲသို့ ဝင်ရောက်သွားမိသည်နှင့် ဟိုလျန်ဝါးအား အလျင် တွေ့မြင်လိုက်ရလေသည်။

ဟိုလျန်ဝါးသည် ကွမ်းကျုံးရပ်က သူမအနီး ရောက်လာသောအခါ လမ်းပြ၍ ခေါ်သွားလေသည်။

လမ်းကြားလေးဆုံးကာနီး၌ ဟောင်းနွမ်းပြီး ယိုယွင်းပျက်စီးနေသော အဆောက်အအုံတစ်ခုထဲသို့ ရောက်သွားလေသည်။

ကွမ်းကျုံးရပ်သည် ပတ်ဝန်းကျင်သို့ တစ်ချက်အကဲခတ်ကြည့်လိုက်ပြီး...၊ ယင်းနေရာတစ်ဝိုက်မှာ သံသယဖြစ်ဖွယ်ရာ လူသူကို မတွေ့ရှိပေ။

ဟိုလျန်ဝါးက သူ့အား ခေါင်းညိတ်ပြလိုက်ပြီး အိမ်ခန်းထဲသို့ ဝင်သွားလေသည်။

ကွမ်းကျုံးရပ်က သူမ၏နောက်မှ လိုက်သွားလေသည်။

အိမ်ထဲတွင် ဖျင်ကြမ်းအင်္ကျီ ဘောင်းဘီများ ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်က ရပ်နေသည်ကို တွေ့ရသည်။

သူ၏ပခုံးပေါ်၌ ဆေးတံဆေးအိတ်တစ်ခု လွယ်ထားသည်ကို တွေ့ရပြီး မျက်နှာမှာ အေးစက်တည်ကြည်ပြီး ဗယ်ဘက်လက်မှာ အထူးကြီးမားနေ၏။ သူ၏အသားအရည်မှာလည်း အဝါရောင်ထဲမှ အစိမ်းရောင် ဖောက်ထွက်နေ၏။

ယင်းအဘိုးအိုမှာ ထူးခြားသော သိုင်းသမားတစ်ယောက်ဖြစ်ရမည်ဟု ကွမ်းကျုံးရပ်သည် တွေးယင်း အဘိုးအိုအား မြင်တွေ့ရသည်ဟု စိတ်ထဲမှ ထင်မိသည်။

သို့သော် မည်သူမည်ဝါဟု သူကောင်းစွာ မမှတ်မိချေ။

ဟိုလျှန်ဝါးသည် အဘိုးအိုအား ရိုသေစွာ ဦးညွှတ်လိုက်

"သတိထား အဘ... သူတို့က သံသယ ဖြစ်နေပြီ"

အဘိုးအိုက အေးတိအေးစက်သော အသံဖြင့်...

"မင်းတို့ သွားသာသွားပါ၊ ဒီကိစ္စ ကျုပ်တာဝန် ထားလိုက်

ဟိုလျှန်ဝါးသည် ကွမ်းကျုံးရုပ်အား လှည့်ကြည့်ပြီး ခေါ် ညိတ်လိုက်သည်။

ထို့နောက် အတွင်းခန်းဘက်သို့ လှမ်းဝင်သွားလေသည်

ကွမ်းကျုံးရုပ်သည် အဘိုးအိုအား တစ်ချက်ကြည့်လိုက်ပြီး နောက်...

ဟိုလျှန်ဝါး ခေါ်ဆောင်ရာ နောက်သို့ လိုက်သွားလေတော သည်။

* * *

အဆောက်အအုံ၏ နောက်ဘက်မှာ တံခါးတစ်ခု ရှိသည်

ဟိုလျှန်ဝါးသည် ထိုတံခါး ဖွင့်လိုက်သည်နှင့်...

တံခါး၏အပြင်ဘက်၌ အမိုးပါရှိသော မြင်းလှည်းတစ်စီး အသင့်ရပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ဟိုလျှန်ဝါးသည် ကွမ်းကျုံးရုပ်အား မြင်းလှည်းပေါ်သို့ တက်စေပြီး နောက်မှ သူမလိုက်တက်သွားလေသည်။

မြင်းလှည်းတံခါး ပိတ်သွားလိုက်သည်နှင့် မြင်းလှည်းသည်



တင် ထွက်ခွာသွားလေသည်။

မြင်းလှည်းသည် မြင်းလှည်းမောင်းသမား ဦးတည်ရာသို့ ရှိန်ပြင်းစွာဖြင့် ပြေးလွှားနေလေသည်။

ကွမ်းကျုံးရုပ်သည် မြင်းလှည်း မည်သည့်ဘက် ဦးတည် မောင်းနေသည်ကို အပြင်သို့ ထွက်မကြည့်ဘဲနှင့် မြို့ပြင်သို့ ထွက် နေသည်ကို ခန့်မှန်းမိလေသည်။

သူသည် စိတ်ထဲတွင် မသင်္ကာဖြစ်သော်လည်း မသိကျိုး ကျွန်ပြုကာ တိတ်ဆိတ်စွာဖြင့် လိုက်ပါသွားလေသည်။

* * *

မြင်းလှည်းသည် အတန်ကြာ မောင်းနှင်ပြီးမှ ရုတ်တရက် တန့်သွားလေသည်။

ကွမ်းကျုံးရုပ်တို့သည် မြင်းလှည်းပေါ်မှ ဆင်းလိုက်သော ခါ... လယ်သမား နေထိုင်သော ခြံဝင်းတစ်ခုရှေ့သို့ ရောက်ရှိနေ ည်ကို တွေ့မြင်လိုက်ရလေသည်။

ဟိုလျှန်ဝါးက ခြံဝင်းတံခါးအား တွန်းဖွင့်လိုက်ပြီးနောက် ရှေ့ ဆောင်ကာ အိမ်ကလေး ရှိရာသို့ လျှောက်သွားလေတော့သည်။

ကွမ်းကျုံးရုပ်လည်း ထက်ကြပ်မကွာ လိုက်သွားလေတော့ ည်။

* * *

ကွမ်းကျုံးရုပ်တို့ အခန်းတွင်းသို့ လှမ်းဝင်လိုက်သောအ...
မီးပုံတစ်ခုတွင်...

ကပ်ဟို့လျန်သည် ထိုင်၍ မီးလှုံနေသည်ကို တွေ့ရလေ၏...

ကပ်ဟို့လျန်သည် ကွမ်းကျုံးရုပ်တို့ ရောက်ရှိလာသည်ကို...
တွေ့ရသဖြင့် မတ်တတ်ရပ်၍ နှုတ်ဆက်လိုက်လေသည်။

"ဌာနမှူး အခုလို ယုံယုံကြည်ကြည် လိုက်လာတာ ဝမ်းသ...
ပါတယ်ဗျာ"

ကွမ်းကျုံးရုပ်သည် မီးပုံဘေးမှာ ထိုင်ချလိုက်ပြီး...

"ကဲ မင်းသားလေး ကျုပ်ကို ခေါ်တဲ့ကိစ္စကို ပြောနိုင်ပါပြ..."
ကပ်ဟို့လျန် အေးဆေး တည်ငြိမ်စွာဖြင့် စကားဆိုလိုက်၏...

"တော်ကြာ ကျုပ်လိုက်ပြပါ့မယ်ဗျာ"

ကွမ်းကျုံးရုပ်သည် သူ၏စကားကြောင့် ကြောင်အမ်းအမ်း...
ဖြစ်သွားလေသည်။

"နေပါဦး ခင်ဗျားက ကျုပ်ကို ဘာတွေလိုက်ပြမလို့လဲ"
ကပ်ဟို့လျန်က ပြုံးပြီး ခေါင်းမော့ကာ တီးတိုးပြော၏။

"ခင်ဗျား စိတ်ဝင်စားမယ့် ကိစ္စပါ"

သူသည် ဟိုလျန်ဝါးဘက်သို့ လှည့်လိုက်သည်။

"ကျုပ်တို့ သွားဖို့ အသင့်ပြင်ပြီးပြီလား"

ဟိုလျန်ဝါးသည် ခေါင်းညိတ်လိုက်ပြီး...

"အားလုံး အသင့်ဖြစ်နေပါပြီ"

ကပ်ဟို့လျန်သည် မီးပုံဘေးမှ ထလိုက်သည်။

"ကောင်းပြီ၊ ကျုပ်တို့ အ... ...က်ချင်းပဲ သွားကြမယ်"

ဟိုလျန်ဝါးသည် ဗီရိုတွင်းမှ အဝတ်အစားနှစ်စုံ လှမ်းယူလ...



...ပြီး ကပ်ဟို့လျန်အား ပေးလိုက်လေသည်။

ကပ်ဟို့လျန်သည် လှမ်းယူလိုက်ပြီး အဝတ်တစ်စုံအား
...ွမ်းကျုံးရုပ်ထံသို့ လှမ်းပေးလိုက်သည်။

"ဒါကို ဝတ်ထားပါ၊ ဒါမှ နှင်းမြေထဲမှာ ကျုပ်တို့ကို ဘယ်သူ
...မှ မတွေ့နိုင်မှာ"

ကွမ်းကျုံးရုပ်သည် အဝတ်အစားကိုယူပြီး ဝတ်ဆင်လိုက်
...လေသည်။

ယင်းအဝတ်အစားသည် အဖြူရောင် အဝတ်အစားများ
...ဖြစ်ပြီး နှင်းမြေထဲတွင် ဝတ်ဆင်ထားလျှင် မည်သူမျှ မမြင်နိုင်ချေ။

ထို့အပြင် အဖြူရောင်ခေါင်းစွပ် ဦးထုပ်လည်း ပါရှိနေ၏။

ကပ်ဟို့လျန်သည် ထိုအဝတ်အစားအား ဝတ်ဆင်ပြီး
...နောက် ပြတင်းပေါက်အား ဖွင့်ကြည့်လိုက်သည်။

ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေသည်ကို တွေ့ရလေ
...သည်။ ကပ်ဟို့လျန်သည် ဝန်းကျင်အား တစ်ချက်အကဲခတ်ပြီး
...နောက် သူသည် ကွမ်းကျုံးရုပ်အား ခေါင်းညိတ်ပြလိုက်သည်။

"သွားကြစို့"

သူသည် ပြောပြီးသည်နှင့် အိပ်ခန်းထဲမှ စတင် ထွက်လိုက်
...လေသည်။

ကွမ်းကျုံးရုပ်က စိတ်ထဲမှ သံသယ ဖြစ်နေသော်လည်း
...စောင့်ကြည့်ကရန် ဆုံးဖြတ်လိုက်ပြီး ကပ်ဟို့လျန် ခေါ်ဆောင်ရာ
...နောက်သို့ လိုက်သွားလေသည်။

* * *

ခြံဝင်းရှေ့တွင် မြင်းနှစ်ကောင် အသင့်ရှိနေသည်ကို တွေ့ လေသည်။

ကပ်ဟို့လျန်သည် သူ့အား ပြုံးပြလိုက်ပြီး မြင်းအား လက် ညှိုးညွှန်ပြရင်း...

"မြင်းပေါ် တက်ပါဗျာ"

ကွမ်းကျုံးရုပ်သည် မြင်းပေါ်သို့ မတက်သေးဘဲ ကပ်ဟို့ လျန်အား လှမ်းမေးလိုက်သည်။

"နေပါဦး... ကျုပ်တို့ မသွားခင် ခင်ဗျားဆီက သိချင်တာ လေး မေးချင်ပါတယ်"

ကပ်ဟို့လျန်သည် သူ့အား စိုက်ကြည့်လိုက်သည်။

"ဘာမေးမလို့လဲ"

"သိုးပန်းချီနဲ့ ပတ်သက်ပြီး ခင်ဗျား အနှောင့်အယှက် ပေး နေဦးမှာလား"

ကပ်ဟို့လျန်က ပြုံးလိုက်သည်။

"ပထမတုန်းကတော့ ကျုပ်က အရလုယူဖို့ ဆုံးဖြတ်ထား ပါတယ်"

"အခုကော"

"အခုတော့ ခင်ဗျားက ကျုပ်ကို လက်တွဲမယ်ဆိုရင် ကျုပ် က ခင်ဗျားဘက်က ကူညီပေးပါ့မယ်"

ကွမ်းကျုံးရုပ်သည် ခေါင်းညိတ်ပြလိုက်သည်။

"ခင်ဗျားရဲ့ အကူအညီကိုတော့ ကျုပ်လိုချင်ပါတယ်၊ ဒါပေ မယ့် ရတနာသိုက်ကို တွေ့ရင် ကျုပ်တို့ ကျားမာန်အာမခံဌာနက လုံးဝ မယူဘူးလို့ ဆုံးဖြတ်ထားပါတယ်"



ကပ်ဟို့လျန်က မျက်မှောင်ကြုတ်သွားပြီး အံ့ဩသော ...ဖြင့်...

"ဒါဖြင့် ခင်ဗျားက ဘာဖြစ်လို့ ဒုက္ခခံပြီး ရတနာသိုက်ကို ...က်ရှာရတာလဲ"

"ဒါကတော့ ကျုပ်က တိုင်းပြည်နဲ့ ပြည်သူလူများအတွက် ...သုံးချဖို့ပါပဲ"

ကပ်ဟို့လျန်သည် သူ့အား သေသေချာချာ စိုက်ကြည့် ...က်သည်။

"ဘာတွေ လုပ်မလဲဆိုတာ ရှင်းရှင်းပြောစမ်းပါ"

ကွမ်းကျုံးရုပ်သည် စကားကို လေးလေးနက်နက် ပြော ...က်လေသည်။

"ရတနာသိုက်ကိုသာ တူးဖော်တွေ့ရှိရင် အခု ကျုပ်တို့ နယ် ...တော်များများဟာ ရေကြီးတယ်၊ မိုးခေါင်တယ်၊ သူတို့ကို ကယ် ...င်ဖို့နဲ့ ပြည်သူအများအကျိုးပြုတဲ့ လုပ်ငန်းကို လုပ်ဖို့ပါပဲ"

ကပ်ဟို့လျန်သည် ကွမ်းကျုံးရုပ်အပေါ် ကြည်ညိုလေးစား ...လေသည်။

"ခင်ဗျားရဲ့ စိတ်ထားကိုတော့ ကျုပ် ချီးကျူးပါတယ်ဗျာ"

ကွမ်းကျုံးရုပ်သည် သူ့အား စိုက်ကြည့်လိုက်သည်။

"ကျုပ်ရဲ့သဘောတော့ ခင်ဗျား သိထားပြီ၊ ခင်ဗျားကရော ...နာသိုက် တူးဖော်တွေ့ရှိရင် ဘာကို လိုချင်လဲဆိုတာ အခုထဲက ...ပြောစမ်းပါ"

ကပ်ဟို့လျန်က ရယ်မောလိုက်ပြီး...

"ဟား... ဟား... ဟား... ဟား၊ ခင်ဗျားတောင်မှ လူအများ

အကျိုးအတွက် လုပ်မယ်ဆိုရင် ကျုပ်လဲ ဘာမှ မလိုချင်တော့ပါဘူးဗျာ၊ ဒါပေမယ့်..."

ကွမ်းကျုံးရုပ်သည် အလျှင်စလို မေးလိုက်သည်။

"ဒါပေမယ့် ဘာဖြစ်သလဲ"

"အဲဒီ ရတနာသိုက်ထဲမှာ ဆေးဝါးထည့်တဲ့ သေတ္တာတစ်လုံးရှိပါတယ်၊ အဲဒီ သေတ္တာလေးပဲ ကျုပ် လိုချင်ပါတယ်ဗျာ"

ကွမ်းကျုံးရုပ်သည် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ... တွေ့ရင်တော့ ခင်ဗျား ယူလိုက်ပါ၊ ကျုပ်ကန့်ကွက်စရာ မလိုပါဘူး"

ကပ်ဟို့လျှန်က ပြုံးလိုက်ပြီး ရွှင်လန်းတက်ကြွစွာဖြင့် ပြောလိုက်သည်။

"ခင်ဗျားနဲ့ ကျုပ် အလုပ်လုပ်ရတာ အလွန် အဆင်ပြေပါတယ်ဗျာ၊ ကျုပ်က အစွမ်းကုန် ကူညီပါ့မယ်လို့ ကတိပေးပါတယ်"

"ဝမ်းသာပါတယ်ဗျာ၊ ကဲ... ဘယ်ကို သွားမလဲ သွားကြပါစို့"

ကပ်ဟို့လျှန်က ဟိုလျှန်ဝါးဘက်သို့ လှည့်လိုက်ပြီး...

"ကဲ... ညီမ ဌာနကို အမြန်ဆုံး ပြန်သွားပါ၊ ဟိုကနေ ကျုပ်ကို စောင့်ပါ"

သူသည် ပြောပြီးသည်နှင့် မြင်းပေါ်သို့ ခုန်တက်လိုက်၏။ ထို့နောက် မြင်းများကို မောင်းနှင် ထွက်ခွာသွားလေ၏။

* * *



ကပ်ဟို့လျှန်နှင့် ကွမ်းကျုံးရုပ်တို့သည် ခရီးပြင်းနှင်လာခဲ့ကြရာ တဖြည်းဖြည်းနှင့် လမ်းခွဆုံသို့ ရောက်ရှိသွားလေ၏။ ထို့နောက် သူတို့သည် မြင်းများကို ရပ်တန့်စေလိုက်ပြီး...

ကပ်ဟို့လျှန်သည် မြင်းပေါ်မှ ဆင်းလိုက်သည်။

"ကဲ... ဌာနမှူး၊ ဆိုင်ထဲမှာ တစ်ခုခု ဝင်စားကြရအောင်"

ကွမ်းကျုံးရုပ်သည် ကပ်ဟို့လျှန်အား မြင်းပေါ်မှ ဆင်းရင်း မေးလိုက်သည်။

"ကျုပ်တို့ သွားမယ့်ခရီးက ဘယ်လောက်ဝေးသေးလဲ"

ကပ်ဟို့လျှန်က ပြုံးလိုက်သည်။

"ငါးမိုင်လောက်ပဲ လိုတော့တယ်"

ကွမ်းကျုံးရုပ်က မြင်းပေါ်မှ ဆင်းလိုက်ပြီး တည်းခိုခန်းနှင့် စားသောက်ဆိုင် တွဲထားသော ဆိုင်ထဲသို့ လှမ်းဝင်သွားလေသည်။

* * *

ကပ်ဟို့လျှန်တို့သည် အရက်တစ်ကရားနှင့် ထမင်းဟင်းများမှာ၍ စားသောက်ပြီးနောက် မြင်းနှစ်ကောင်အား ဆိုင်လုလင်၏ လက်ထဲသို့ အပ်ထားလိုက်လေသည်။

"မြင်းကို စောင့်ရှောက် ကျွေးမွေးထားပါ၊ ကျုပ်တို့ ပြန်လာမှ လာယူပါ့မယ်"

"စိတ်ချ၊ အေးအေးဆေးဆေး စိတ်ချသွားပါ၊ ကျုပ်ကောင်း

ကောင်းမွန်မွန် ကျွေးမွေးထားပါ့မယ်"

ဆိုင်လုလင်သည် မြင်းနှစ်ကောင်အား နောက်ဘက်သို့ ဆွဲခေါ်သွားလေသည်။

ကပ်ပဟိုလျှန်က ကွမ်းကျူးရုပ်ဘက်သို့ လှည့်လိုက်ပြီး...

"ကဲ... ကျုပ်တို့ သွားကြမယ်"

ကပ်ပဟိုလျှန်သည် ပြောပြီးသည်နှင့် ရှေ့မှ ဦးဆောင်၍ ထွက်ခွာသွားလေသည်။

* * *

ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်၍ နေပြီး ကျေးငှက်ကလေးများ အသံသာ ကြားနေရလေသည်။

ထိုအချိန်၌... ကပ်ပဟိုလျှန်တို့နှစ်ယောက်သည် ဆီးပင်များ ထူထပ်သော ခြံဝင်းတစ်ခုတွင်းသို့ ရောက်ရှိလာလေသည်။

ထိုနေရာသည် ဆီးပင်များသာ ရှိပြီး လူနေအိမ်ခြေနှင့် အဆောက်အအုံများ လုံးဝမရှိချေ။

ဆီးပင်များမှာလည်း ရိုးတံကျဲကျဲ ဖြစ်နေ၏။

ထိုအချိန်တွင် ကပ်ပဟိုလျှန်နှင့် ကွမ်းကျူးရုပ်တို့သည် ထိုနေရာတွင် ရောက်ရှိနေကြ၏။

ကပ်ပဟိုလျှန်သည် စတင်၍ စကားဆိုလိုက်၏။

"ကျုပ်တို့ ဒီနှင်းဖွဲပုံထဲမှာပဲ ပုန်းနေရဦးမယ်"



ကွမ်းကျူးရုပ်က ပြုံးလိုက်ပြီး...

"ခင်ဗျား စီစဉ်ထားတဲ့ အကြံဟာ အတွင်းဘက်မှာ သိုးမွေးခံထားတော့ အအေးခံနိုင်တယ်၊ အပြင်ဘက်က အဖြူရောင်ဆိုတော့ တော်ရုံတန်ရုံလူ မမြင်နိုင်တာပေါ့၊ ကျုပ် သဘောကျတယ်ဗျာ"

ကပ်ပဟိုလျှန်က ခေါင်းညိတ်လိုက်ပြီး တည်ကြည်သော လေသံဖြင့်...

"ရန်သူက အလွန်ကြောက်စရာကောင်းတော့ စေ့စပ်သေချာတာပဲ ကောင်းပါတယ်"

ကွမ်းကျူးရုပ်က ပြုံးလိုက်ပြီး...

"ခက်တာက တို့လျှောက်လာတဲ့ ခြေရာကို သူတို့ တွေ့သွားလိမ့်မယ် ထင်တယ်"

ကပ်ပဟိုလျှန်သည် ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်သည်။

"မပူပါနဲ့ဗျာ၊ နှင်းဖွဲတွေ ကျလာပါပြီ၊ ခြေရာတွေကို ဖုံးလွှမ်းသွားမှာပါ"

ကွမ်းကျူးရုပ်သည် ကပ်ပဟိုလျှန်၏ လုပ်ရည်ကိုင်ရည်ကို မချီးကျူးဘဲ မနေနိုင်တော့ပါ။

ကပ်ပဟိုလျှန်သည် အိတ်ထဲမှ အသင့်ပါလာသော အရက်ဗူးကို ထုတ်လိုက်ပြီး...

"ရော့... ရင်ထဲ နွေးသွားအောင် သောက်လိုက်ပါဦး"

ကွမ်းကျူးရုပ်သည် အရက်ဗူးကို တစ်ဝက်ခန့် မော့ချလိုက်လေသည်။ ကျန်ရှိသော အရက်တစ်ဝက်ကို ကပ်ပဟိုလျှန်က သောက်ချလိုက်လေသည်။

ကပ်ဟို့လျန်တို့ ပြုလုပ်ပြီး မကြာမီမှာပင် သူတို့၏ ခန္ဓာကိုယ်တစ်ခုလုံးအား နှင်းများ လွှမ်းခြုံသွားလေသည်။

သူတို့သည် မျက်လုံးနှစ်လုံးမှအပ တစ်ကိုယ်လုံး နှင်းများဖြင့် ဖုံးလွှမ်းထားလေသည်။

သူတို့ ပုန်းနေသော နေရာနှင့် မလှမ်းမကမ်းတွင် ဆီးခြံအား ကောင်းစွာတွေ့မြင်နိုင်သော အနေအထား ဖြစ်နေ၏။

ကွမ်းကျုံးရုပ်သည် အသံတိုးတိုးဖြင့်...

"ကျုပ်တို့ ဘယ်အချိန်ထိ စောင့်ရမှာလဲ"

"သူတို့ ကနေ့ည ဒီမှာ အစည်းအဝေး ပြုလုပ်မယ်ဆိုတာ သိထားတယ်၊ ဘယ်အချိန်လဲဆိုတာ တိတိကျကျတော့ မသိဘူးဗျာ"

ကွမ်းကျုံးရုပ်က ထပ်မမေးတော့ဘဲ မျက်လုံးမှိတ်ထားပြီး အနားယူလိုက်လေသည်။

* * *

အေးစိမ့်သော လေနှင့်အတူ နှင်းခဲကလေးများသည် တဖွဲဖွဲ ကျလာလေသည်။ လေပြင်းကလေးများသည် တစ်ချက်တစ်ချက် ပြင်းထန်စွာ တိုက်ခတ်နေသည်။

ကပ်ဟို့လျန်နှင့် ကွမ်းကျုံးရုပ်တို့မှာ သိုင်းပညာ အခြေခံများ ကောင်းသည်ဆိုသော်လည်း နှင်းများကို အိပ်ရာခင်းပြီး၊ နှင်းများကို စောင်အဖြစ် ခြုံကာ အိပ်နေရသောကြောင့် အချိန်ကြာလာ



သောအခါ ချမ်းစိမ့်ပြီး တစ်ကိုယ်လုံး ခိုက်ခိုက်တုန်စွာဖြင့် ဝန်းကျင်အား စောင့်ကြည့်နေလေသည်။

* * *

အချိန်သည် တဖြည်းဖြည်း ကုန်ဆုံးသွားလေသည်။

တစထက်တစ ချမ်းစိမ့်လာသဖြင့် ကွမ်းကျုံးရုပ်မှာ စိတ်မရှည်နိုင်တော့ဘဲ ဖြစ်နေသည်။

ထိုစဉ်မှာပင် ခပ်လှမ်းလှမ်းမှ ခြေသံများ ကြားလိုက်ရလေတော့သည်။

သူတို့နှစ်ယောက်သည် မျက်လုံးချင်း ဖလှယ်လိုက်ပြီး ခြေသံကြားရာ လှမ်းကြည့်လိုက်ရာ အနက်ရောင်ဝတ်ထားသော လူနှစ်ယောက်သည် လျှောက်လာနေသည်ကို တွေ့မြင်ရလေသည်။

ထိုလူနှစ်ယောက်၏ မျက်လုံးများသည် ဝန်းကျင်အား သေချာစွာ လေ့လာပြီး သတိရှိစွာဖြင့် လျှောက်နေကြသည်။ ထို့နောက် ထိုလူနှစ်ယောက်အနက် ဗယ်ဘက်မှ လျှောက်လာသောလူက ပခုံးတွန့်လိုက်ပြီး...

"လောက်အော့၊ ဘယ်သူမှ မတွေ့ပါလားဗျာ"

လောက်အော့ဆိုသူက ရယ်မောလိုက်ပြီး...

"ဟဲ ဟဲ..."

"လောက်တကဲလဲဗျာ၊ ဒီလောက်ညဥ့်နက် ဒီလောက်အေး

တဲ့ ရာသီမှာ ဘယ်သူက လာမှာလဲဗျ"

လောက်တခုဆိုသူက ခေါင်းညိတ်လိုက်သည်။

"ဟိုတ်တယ်၊ ကဲ အစည်းအဝေးစဖို့ အချက်ပြမီးကျည် လွှတ်လိုက်ပေတော့"

လောက်အော့က ခေါင်းညိတ်လိုက်ပြီး အိတ်ထဲမှ မီးကျည် တန်းတစ်ခု ယူလိုက်ပြီး မီးညှိလိုက်လေသည်။

မီးကျည်တန်းအား မီးရှို့လိုက်သောအခါ မီးပန်းပွားများ သည် အပေါ်သို့ ထောင်တက်သွားပြီးနောက်...

"တောက်၊ ရှူး..."

ဟူသော အသံ မြည်သွားလေသည်။

တစ်ဆက်တည်းမှာပင် မီးပန်းများ ဖွာခနဲ **လင်းထိန်သွား** သည်ကို တွေ့ရလေသည်။ ထိုသို့ အချက်ပေးပြီး မကြာခင်မှာပင်...။

ခပ်လှမ်းလှမ်းမှ ခြေသံများ ထွက်ပေါ်လာသည်ကို ကြား လိုက်ရလေသည်။

ကွမ်းကျုံးရုပ် ရင်ထိတ်သွားလေသည်။

အကြောင်းမှာ ထိုလျှောက်လာသော ခြေသံများ ကြား လိုက်သည်နှင့် ရောက်လာမည့်သူများသည် ထိပ်တန်းသိုင်းသမား များ ဖြစ်ရမည်ကို ခန့်မှန်းမိသောကြောင့် ဖြစ်သည်။

ထိုလူများသည် ခြေလှမ်းသုတ်သုတ်ဖြင့် ပြေးလွှားရောက်ရှိ လာကြပြီးနောက် မြေပေါ်၌ စက်ဝိုင်းပုံသဏ္ဍာန် ပြုလုပ်ပြီး ထိုင်ချ လိုက်လေသည်။

ကွမ်းကျုံးရုပ်သည် ရောက်ရှိလာသော လူအားလုံးအား ရေ တွက်ကြည့်သည်။



လူပေါင်း (၁၂)ယောက် ရှိလေသည်။

ထိုသူများသည် အနက်ရောင်အင်္ကျီများ ဝတ်ဆင်ထားသည့် အပြင် မျက်လုံးနေရာ ချန်လှပ်ပြီး မျက်နှာတစ်ခုလုံး အနက်ရောင် များ ဖုံးကွယ်ထားကြသည်။

ထိုလူ (၁၂)ယောက်သည် တစ်ယောက်နှင့်တစ်ယောက် ခပ်ခွာခွာ ထိုင်နေကြပြီး တစ်ယောက်နှင့်တစ်ယောက် စကားမပြော ကြသည့်အပြင် လှည့်ပင်မကြည့်ပေ။

ပထမဦးဆုံး ရောက်လာသော လူနှစ်ယောက်မှာ နောက် သို့ ဆုတ်သွားကြလေသည်။

ကွမ်းကျုံးရုပ် သေချာစွာ အကဲခတ်ကြည့်လိုက်သည်။

ယင်းလူ (၁၂)ယောက်မှာ တစ်ယောက်နှင့်တစ်ယောက် မသိကျွမ်းသည့်အလား ခပ်စိမ်းစိမ်းနေကြပြီး မျက်နှာများမှာ ရှေ့ တည့်တည့်သို့ စူးစိုက်စွာ ကြည့်နေကြသည်ကို တွေ့ရှိရလေသည်။

သူတို့သည် တစ်စုံတစ်ယောက်အား စောင့်ဆိုင်းနေသည် နှင့် တူလှပေသည်။

ထိုစဉ်မှာ လှည်းမောင်းသံများ ကြားလိုက်ရလေသည်။

**လှည်းဘီးနင်းသော** အသံများသည် တဖြည်းဖြည်း နီးကပ် လာပြီး ထိုင်နေသော လူ(၁၂)ယောက်နားတွင် ရပ်တန့်လိုက်လေ သည်။

ထိုအချိန်၌ တိုက်ခတ်နေသော လေသည် တဖြည်းဖြည်း အားလျော့သွားလေသည်။

ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်ခြင်းမက တိတ်ဆိတ် နေသောကြောင့် ကဝ်ဟို့လျှန်နှင့် ကွမ်းကျုံးရုပ်တို့သည် အသက်ပင်

ကောင်းကောင်း မရှုဝံ့ဘဲ အောင့်ထားရလေသည်။

မကြာပါချေ။ နောက်ထပ် ခြေသံများ ကြားလိုက်ရလေ၏။

ကွမ်းကျုံးရုပ်သည် ယင်းခြေသံကို အကဲခတ် ကြည့်လိုက်ရာ... သိုင်းပညာ လုံးဝ မတတ်မြောက်သော လူတစ်ယောက်၏ ခြေသံနှင့် တူလှပေသည်။

ကွမ်းကျုံးရုပ်မှာ ပို၍ စိတ်ဝင်စားလာသောကြောင့် နားစွင့်နေလေသည်။

* * *

အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားသော လူတစ်ယောက်သည်... အခြားအနက်ရောင် ဝတ်ဆင်ထားသော လူတစ်ယောက်အား တွဲခေါ်၍ ကွမ်းကျုံးရုပ်၏ မြင်ကွင်းထဲသို့ ဝင်ရောက်လာကြ၏။

ကောင်းကင်ပေါ်၌ လခြမ်းလေး ရှိနေသောကြောင့်... ထိုလူ(၂)ယောက်မှာ မိန်းကလေးနှစ်ယောက်ဖြစ်ကြောင်း အကဲခတ်မိလေသည်။

သူတို့၏ မျက်နှာပေါ်တွင် ဇာပဝါအနက်ဖြင့် ဖုံးကွယ်ထားသဖြင့် လမ်းလျှောက်လိုက်သောအခါ ပဝါစလေးများသည် လွင့်ပျံ၍နေလေသည်။

* * *



အနက်ရောင်ဝတ်ဆင်ထားသော မိန်းကလေးနှစ်ယောက်သည် ထိုင်နေကြသော လူ(၁၂)ယောက်ရှေ့သို့ ရောက်ရှိလာသောအခါ ရပ်တန့်လိုက်လေသည်။

"ဦးလေးတို့ ဘဘတို့ကို ကျွန်မ ဂါရဝပြုပါတယ်"

မိန်းကလေးက ဦးညွှတ်လိုက်သည်။

ထိုလူ(၁၂)ယောက်တို့က လက်နှစ်ဘက်ဆုပ်လိုက်ပြီး...

"ကျေးဇူးတင်ပါတယ်"

မိန်းကလေး(၂)ယောက်အနက် ရှေ့တွင် ရပ်နေသော မိန်းကလေးသည် ဦးညွှတ်လိုက်ပြီး စကားကို ဖြည်းလေးစွာ ပြောလိုက်လေသည်။

"ဦးလေးတို့ ဘဘတို့ရှင့်... ဦးလေးတို့ ဘဘတို့ဟာ သိုင်းလောကမှ အနားယူသွားတာ နှစ်ပေါင်း အတော်ကြာပါပြီ၊ အခုလို ဦးလေးနဲ့ ဘဘတို့ကို သိုင်းလောကထဲသို့ ပြန်ဆွဲသွင်းရတဲ့အတွက် ကျွန်မ စိတ်မကောင်းပါဘူး"

ထိုစဉ် လူ(၁၂)ယောက်ထဲမှ တစ်ယောက်က ချောင်းတစ်ချက် ဟန့်လိုက်ပြီး...

"စိတ်မကောင်း မဖြစ်ပါနဲ့၊ ကျုပ်တို့ကို ခေါ်လို့ ရောက်လာကြပါပြီ၊ မင်းခိုင်းမယ့် အလုပ်သာ ပြောပါ၊ ဒါပေမယ့် ကျုပ်တို့ ... ကြိုတင်ပြောပါရစေ၊ နောက်တစ်ခါ ကျုပ်တို့ကို ခိုင်းရင် မကောင်းပါဘူးဗျာ"

မိန်းကလေးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"စိတ်ချပါ၊ နောက်တစ်ကြိမ်လည်း ခေါ်စရာအကြောင်း ...ပါဘူး"

ဗယ်ဘက်အစွန်ဆုံးမှာ ထိုင်နေသော လူက…

"မင်းက တို့အပေါ်မှာ စေတနာရှိရိုးမှန်ရင် ကျုပ်တို့ ခေါ်နိုင်စွမ်းရှိတဲ့ အမိန့်စာကို မီးရှို့လိုက်ပါ၊ နောက်ပြီး မှတ်စုစာအုပ် ကိုလည်း ဖျက်ဆီးပေးပါလို့ မေတ္တာရပ်ခံပါတယ်"

မိန်းကလေးသည် သက်ပြင်းချလိုက်ပြီး အတန်ကြာမျှ စဉ် စားကာ…

"စိတ်ချပါရှင်၊ ကျွန်ုပ်မခိုင်းတဲ့ အလုပ်ကိုသာ ပြီးအောင် လု ခဲ့ရင် ဦးလေးတို့ ဘဘတို့ ရှေ့မှာပဲ မီးရှို့ဖျက်ဆီးပေးပါ့မယ်"

အလယ်၌ ထိုင်နေသော လူတစ်ယောက်က…

"မင်းခိုင်းတာကို ကျုပ်တို့ လုပ်ပေးပါ့မယ်လို့ ကတိပေး တယ်၊ ဒါပေမယ့် အမိန့်ကတ်ပြားနဲ့ မှတ်စုစာအုပ်ကို အရင်မီး ဖျက်ဆီးပေးပါ"

မိန်းကလေးက ပခုံးတစ်ချက် တွန့်လိုက်သည်။

"ဟင်း… ဟင်း…"

"ရှင်ပြောတာ မဆိုးပါဘူး၊ ဒါပေမယ့် ကျွန်မမှာ ကတ်ပြား ရော မှတ်စုရော ပါမလာသေးပါဘူးရှင်"

"ပါမလာရင် မင်းအိမ်ကို သွားယူနိုင်းပေါ့"

မိန်းကလေးက လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး လေ မာဖြင့်…

"ဘာလဲ ကျွန်မကို အကျုပ်ကိုင်တာလား"

အနက်ရောင်ဂတ်ဆင်ထားသော လူတစ်ယောက်သ မတ်တတ်ရပ်လိုက်ပြီး…

"ဒီမှာ မိန်းကလေး ကျုပ်တို့ ရောက်လာမှန်းသိရက်နဲ့ 



လို့ အမိန့်ကတ်ပြားနဲ့ မှတ်စုစာအုပ်ကို ယူဆောင်မလာတာလဲ"

မိန်းကလေးသည် အဖြေမပေးတော့ဘဲ ဂမ်းနည်းစွာဖြင့် ကြွေးလေတော့သည်။

ကွမ်းကျုံးရုပ်သည် မိန်းကလေး၏ ငိုသံကို ကြားလိုက်ရ အခါ အဘယ်ကြောင့် မှန်းမသိ မိန်းကလေးအပေါ် သနားကြင် သော စိတ်များ တဖွားဖွား ပေါ်ပေါက်လာတော့သည်။

* * *

မိန်းကလေးသည် ငိုကြွေးနေဆဲ ဖြစ်သည်။

သူမသည် ဝမ်းနည်းပက်လက်ဖြင့် ငိုကြွေးနေစဉ်…

ရုတ်တရက် အသံတစ်ခုသည် နားတွင်းသို့ စူးစူးရှရှ ထွက် ပေါ်လာသည်။

"မငိုပါနဲ့"

မိန်းကလေးသည် ငိုကြွေးနေရာမှ ရုတ်တရက် ရပ်တန့် …းလေသည်။

ကပ်ဟို့လျှန်နှင့် ကွမ်းကျုံးရုပ်တို့သည်… ထိုစူးရှသော …တ်သံ ကြားလိုက်တော့မှ သတိရလာလေ၏။

သူတို့၏ မျက်ဝန်းအစုံတွင် မျက်ရည်များ ဝဲနေသည်ကို …ည်း သတိပြုမိလိုက်လေသည်။

မိန်းကလေးသည် ငိုကြွေးနေရာမှ ရပ်တန့်လိုက်ပြီး…

“အစ်ကိုကြီး အမှတ်(၆) ဘာတွေ စိတ်ဆိုးနေတာလဲ”

အမှတ်စဉ်(၆) အခေါ်ခံရသော လူက...

“တို့တစ်တွေ စည်းဝေးထိုင်နေတဲ့အခါမှာ လူတစ်ယော ကို စကားတစ်ကြိမ်ပဲ ပြောခွင့်ရှိတယ်၊ အကြောင်းတစ်ခုပဲ လုပ်ခွ ရှိတယ်ဆိုတဲ့ စည်းကမ်းရှိသေးသလား”

မိန်းကလေးက လေသံအေးအေးဖြင့် ပြောလိုက်သည်။

“အခု ကျင်းပတဲ့ အစည်းအဝေးဟာ ထူးခြားတဲ့ လက္ခဏ ရှိတဲ့အတွက် ဒီစည်းကမ်းဟာ အကျုံးမဝင်ပါဘူးရှင်”

ထိုစဉ် အနက်ရောင်ဝတ်ဆင်ထားသော လူတစ်ယော ထိုင်ရာမှ ထလိုက်ပြီး...

အင်္ကျီလက်ထဲ၌ ဝှက်ထားသော ဓားတစ်လက်ကို ဆွဲထု လိုက်သည်။

“ခြွမ်း”

မိန်းကလေးမှာ ထိတ်လန့်သွားသည်။

“အစ်ကိုကြီး အမှတ်(၇)၊ ရှင်ဘာလုပ်မလို့လဲ”

အမှတ်စဉ်(၇)သည် မည်သည့် စကားမျှ မပြောဘဲ ဓားဖြ မိန်းကလေး၏ ရင်ဝဆီသို့ ထိုးသွင်းလိုက်သည်။

မိန်းကလေးသည် ဘေးသို့ ခြေနှစ်လှမ်း ရှောင်တိမ်းလိုက် ပြီး...

“ခက်တာပဲရှင် အေးအေးဆေးဆေး ပြောရင် ရသားနဲ့ ဘာကြောင့် ဓားကို ကိုင်ချင်ရတာလဲ”

အမှတ်စဉ်(၈)နေရာမှ ထိုင်နေသော လူက ထရပ်လိုက်၏

“ဒီမှာ မိန်းကလေး၊ ကျုပ်တို့ကို ဒုက္ခမပေးရင် ကော



ယ်ထင်တယ်”

မိန်းကလေးသည် ပခုံးတစ်ချက် တွန့်လိုက်ပြီး လှမ်းပြော ိုက်သည်။

“ကျွန်မက ဒုက္ခပေးတာ မဟုတ်ပါဘူး၊ ကျွန်မကို ကူညီပေး ါလို့ တောင်းပန်နေတာပါ”

အမှတ်(၈)နေရာတွင် ရှိနေသော လူသည် ထရပ်လိုက် န်သည်။

“စည်းကမ်းအရ လူတစ်ယောက်ဟာ စကားတစ်ကြိမ်ပဲ ပြောခွင့်ရှိတယ်၊ ဒီကိစ္စမှအပ စကားတစ်ခွန်းထက် ပြောလို့ မပြီးတဲ့ တွက် ပြောခွင့်ပေးမယ်ဆိုရင် ပြောချင်ပါတယ်”

မိန်းကလေးသည် အနည်းငယ် စဉ်းစားယင်း ခေါင်းညိတ် ိုက်သည်။

“ပြောပါ”

အမှတ်(၈) ဖြစ်သော လူသည် ထပ်မံ၍ စကားဆက်လိုက် န်သည်။

“အခု ကျုပ်တို့နဲ့ မင်းနဲ့ ပြဿနာ ဖြစ်နေတာ ကျုပ်တို့က င်းနိုင်းတဲ့အလုပ်ကို လုပ်ပေးမယ်၊ ဒါပေမယ့် အမိန့်ကတ်ပြားနဲ့ တ်တမ်းစာအုပ်ကို အရင်ဆုံး မီးရှို့ဖျက်ဆီးဖို့ ပြောနေကြတာပါ၊ ကြောင့် အမြန်ဆုံးပြေလည်သွားရအောင် အများရဲ့ဆန္ဒလိုက် လျှာပြီး မှတ်တမ်းစာအုပ်နဲ့ အမိန့်ကတ်ပြားကို...”

သူ၏စကားမဆုံးမီမှာပင် မိန်းကလေးက ဟန့်တားလိုက် သည်။

“အစ်ကိုကြီးရဲ့စကား မှားသွားပြီနဲ့ထင်တယ်”

ထိုလူက ဆက်မပြောတော့ဘဲ သက်ပြင်းချကာ ထိုင်လိုက်လေသည်။

မိန်းကလေးက စကားဆက်လိုက်ပြန်သည်။

"ရှင်တို့ကသာ ကျွန်မကို ကူညီယ်ဆိုရင် ခြွင်းချက်မရှိ ကူညီပါ၊ မကူညီချင်တဲ့လူ ရှိရင်လည်း ပြန်သွားနိုင်ပါတယ်၊ ဒါမှ မဟုတ် ကျွန်မကို မကျေမနပ်ဖြစ်လို့ သတ်ချင်တယ်ဆိုရင်လည်း သတ်ပါ ကျွန်မ မခုခံပါဘူး"

သူမသည် ပြောပြီးသည်နှင့် ရှေ့သို့တိုး၍ တင်ပျဉ်ခွေထိုင်ချလိုက်လေသည်။

* * *

နှင်းလွှင်ပြင်၌ အစည်းအဝေးတစ်ခုသည်...

တဘက်နှင့်တဘက် မပြောမလည် တင်းခံနေလေသည်။

မည်သည့်ဘက်မှ အလျှော့မပေးချေ။

ဤသို့ဖြင့် သူတို့သည် တဘက်နှင့်တဘက် အတန်ကြာ တိတ်ဆိတ်နေပြီးနောက် အမှတ်စဉ်(၉) နေရာ၌ထိုင်နေသောလူက မတ်တတ်ရပ်လိုက်လေသည်။

"ကောင်းပါတယ်ဗျာ၊ ကျုပ်လက်ခံမယ်၊ ဘာလုပ်ရမယ်ဆိုတာ ပြောပါ"

မိန်းကလေးသည် အတန်ကြာမျှ စဉ်းစားပြီးနောက်...



"တစ်ယောက်တည်းတော့ ဘာမှအလုပ်ဖြစ်မှာ မဟုတ်ဘူး၊ အားလုံးက ရှင့်ကိုကူညီမှ ဖြစ်မယ်"

အမှတ်စဉ်(၁၀)နေရာတွင် ထိုင်နေသူက သက်ပြင်းချလိုက်လေသည်။

"မင်းရဲ့အစီအစဉ်ကို ငါတို့ ကြားပြီးပါပြီ၊ မနက်ဖြန်ကစပြီး အလုပ်စပါတော့မယ်"

မိန်းကလေးသည် ဝမ်းသာသွားသော မျက်နှာကလေးဖြင့်

"ကောင်းပြီလေ၊ ကျွန်မကို မကူညီချင်တဲ့လူ အရင်သွားနိုင်ပါပြီ"

လူ(၁၂)ယောက်တို့သည် မည်သူကမျှ အဖြေမပေးပါ။

တဖန် မည်သူတစ်ဦးတစ်ယောက်မျှ ထသွားခြင်းမရှိပါ။

မိန်းကလေးက ပြုံးလိုက်ပြီး...

"အားလုံးကို ကျေးဇူးတင်ပါတယ်၊ တတိယနေ့ သန်းခေါင်ယံမှာ ကျွန်မတို့ ဒုတိယအကြိမ် စည်းဝေးမယ့်နေရာမှာ ပြန်ဆုံကြပါမယ်၊ အဲဒီအချိန်ရောက်ရင် အားလုံးရဲ့ ဆန္ဒပြည့်ဝအောင် အမိန့်ကတ်ပြားနဲ့ မှတ်တမ်းစာအုပ်ကို ဖျက်ဆီးလိုက်ပါမယ်"

အမှတ်စဉ်(၁၁)နေရာမှာ ထိုင်နေသူက မတ်တတ်ရပ်လိုက်လေသည်။

"ဒုတိယအကြိမ်တွေ့ရင် အမိန့်ကတ်ပြားနဲ့ မှတ်တမ်းစာအုပ် မမေ့ပါနဲ့"

"ကောင်းပါပြီရှင်"

သူမသည် အမှတ်စဉ်(၁၂)နေရာတွင် ထိုင်နေသူအား မေးလိုက်သည်။

"ရှင်ကော ဘာပြောချင်သေးလဲ"

ထိုလူက စကားမပြောဘဲ ခေါင်းခါယမ်းပြလိုက်သည်။

မိန်းကလေးသည် ထိုင်ရာမှ ထလိုက်ပြီး...

"ဒါဖြင့် ကျွန်မ သွားတော့မယ်"

သူမသည် သူနှင့်အတူပါလာသော မိန်းကလေး၏ ပခုံးကိုမှီလိုက်ပြီးနောက် တစ်လှမ်းချင်းလှမ်း၍ ထွက်ခွာသွားရာ မကြာမီ တဖြည်းဖြည်း ဝေး၍ ပျောက်ကွယ်သွားလေတော့သည်။

အနက်ရောင် ဝတ်ဆင်ထားသော လူ(၁၂)ယောက်တို့သည် ပတ်ဝန်းကျင်ကို တခဏမျှ အကဲခတ်ကြည့်ပြီးနောက် သူတို့သည် တစ်ယောက်စီ အသီးသီး ပြေးလွှားထွက်ခွာသွားကြသည်။

* * *

အနက်ရောင်ဝတ်ဆင်ထားသော လူ(၁၂)ယောက်တို့သည် လာစဉ်တုန်းက မှန်တိုင်းကျသည့်အလား ရောက်လာကြပေသည်။

ထွက်သွားသောအခါလည်း လျှပ်စီးလက်လိုက်သည့်အလား တမုဟုတ်ချင်း ကွယ်ပျောက်သွားကြလေသည်။

တဒင်္ဂအချိန်အတွင်းမှာ ထိုနေရာတဝိုက်၌ တစ်ယောက်မှ မတွေ့တော့ပါ။

သို့သော် ပထမဆုံးရောက်လာသော လူနှစ်ယောက်က ကျန်နေသေးသည်။



ယင်းလူနှစ်ယောက်သည် သစ်ပင်နှစ်ပင်နောက်ကွယ်မှ ထွက်ပေါ်လာပြီး နှင်းမြေပေါ်မှာ ကျန်ခဲ့သောခြေရာများကို လျင်မြန်စွာ ဖျောက်ဖျက်ပစ်ပြီးနောက် လျင်မြန်စွာ ထွက်ခွာသွားကြလေသည်။

ထို့နောက် ပတ်ဝန်းကျင်တခုလုံးတွင် ပြန်လည်တိတ်ဆိတ်သွားလေသည်။

ကပ်ပဟိုလျှန်သည် ကိုယ်ပေါ်မှ နှင်းဖွဲများကို ဖယ်ရှားလိုက်ပြီး ထလိုက်လေသည်။

"ကဲ..ဥာနမှူး ကျုပ်တို့ သွားဖို့သင့်ပါပြီ"

ကွမ်းကျူးရုပ်ကလည်း နှင်းဖွဲများကို ကိုယ်ပေါ်မှ ခါချပြီးနောက်...

"မင်းသားလေး"

ကပ်ပဟိုလျှန်သည် ကွမ်းကျူးရုပ်၏ စကားမဆုံးမီ လက်ကာပြ၍ ဟန့်တားလိုက်သည်။

"ဘာလဲ"

"ခင်ဗျား စိတ်ပျက်သွားပြီထင်တယ်"

ကွမ်းကျူးရုပ်က ပြုံးလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ခိုင်ဖုန်းမြို့မှာ အခုလို လျှို့ဝှက်တဲ့ အင်အားစုတစ်စု ရှိနေတယ်ဆိုတာ သိလိုက်ရတာပေါ့ဗျာ"

ကပ်ပဟိုလျှန်သည် ကွမ်းကျူးရုပ်အား လှည့်ပြီးမေးလိုက်၏။

"အခြား ဘာထူးခြားတာ တွေ့သေးလဲဗျ"

"သူတို့က ကိစ္စတစ်ခုကို လူ(၁၂)ယောက်က ကိုယ့်တာဝန်နဲ့ကိုယ် လုပ်လိမ့်မယ်လို့ တွေ့ရှိရတယ်၊ ဒါပေမယ့်.."

"ဒါပေမယ့် ဘာဖြစ်သလဲ"

"ဒါပေမယ့် သူတို့က ကျားမာန်အာမခံဌာနခွဲကို တိုက်ခိုက်မိမှမယ်လို့တော့ ကျုပ်မထင်ဘူးဗျ"

ကပ်ပတို့လျှန်က ပြုံးလိုက်ပြီး ခေါင်းညိတ်လိုက်သည်။

"ဒီတခါ ခင်ဗျား မှားပြီ"

ကွမ်းကျုံးရုပ်သည် မျက်မှောင်ကြုတ်သွားပြီး...

"ပြောစမ်းပါဦးဗျာ"

"မနေ့တုန်းက မိန်းကလေးက အစီအစဉ်ကို ချပေးတယ်၊ အဲဒီလူ(၁၂)ယောက်က ချင့်ချိန်နေကြတယ်၊ ကနေ့ညကြတော့ သူတို့က သုံးရက်အတွင်းမှာ အပြီးအပြတ်လုပ်ဖို့ ဆုံးဖြတ်လိုက်တယ်ဆိုတာ ခင်ဗျားကြားမှာပေါ့"

ကွမ်းကျုံးရုပ် မျက်မှောင်ကြုတ်သွားပြီး အတန်ကြာမျှ စဉ်းစားလိုက်သည်။ ပြီးနောက် ကပ်ပတို့လျှန်ဘက်သို့ လှည့်လိုက်ပြီး မေးလိုက်သည်။

"သူတို့က ကျုပ်တို့ အာမခံဌာနခွဲကို တိုက်ခိုက်မလို့ ဟုတ်လား..."

"ဟုတ်တယ်"

"သိုးပန်းချီ လှယူဖို့ မဟုတ်လား"

"ဟုတ်တာပေါ့"

ကွမ်းကျုံးရုပ်သည် ကပ်ပတို့လျှန်အား စိုက်ကြည့်လိုက်၏။

"အခုအချိန်မှာ ခင်ဗျား ဆုံးဖြတ်ရမယ့် အချိန် ဖြစ်ပါပြီ"

"ဘာကို ဆုံးဖြတ်ရမှာလဲ"

ကွမ်းကျုံးရုပ်က ပြုံးလိုက်သည်။



"ကိုယ့်လမ်းကိုယ်လျှောက်ကြမလား၊ ကျုပ်နဲ့ပေါင်းမလား"

ကပ်ပတို့လျှန်က ပြုံးလိုက်သည်။

"ခင်ဗျားက ကျုပ်အကူအညီကို လိုအပ်တယ်ဆိုရင် ရတနာသိုက်မှာ ရှိတဲ့ ဆေးသေတ္တာကို ပေးဖို့စဉ်းစားပါ၊ ဒါမှမဟုတ် ရန်သူကို ခင်ဗျားတို့က တွန်းလှန်နိုင်မယ်လို့ ယုံကြည်ရင် ဒီအရှုပ်အရှင်းထဲ မပါဝင်တော့ပါဘူး"

ကွမ်းကျုံးရုပ်က ပြုံးလိုက်ပြီး ခနဲ့သောလေသံဖြင့် ပြော၏။

"ခင်ဗျား ထွက်မယ်ဆိုတာ ကျုပ်ယုံရခက်ပါတယ်ဗျာ"

ကပ်ပတို့လျှန်သည် မျက်နှာညိုသွားပြီး မခံချင်စိတ်ဖြင့် ပြောလိုက်သည်။

"ကျုပ်က အမှန်အတိုင်းပြောတာပါ၊ မယုံရင် ကျုပ်လူတွေခေါ်ပြီး နိုင်ဖုန်းမြို့ကနေ ထွက်သွားတော့မယ်"

ကွမ်းကျုံးရုပ်က ပြုံးလိုက်ပြီး တောင်းပန်လိုက်သည်။

"ကျုပ်မှာ **ခင်ဗျားအကူအညီ** လိုအပ်နေပါတယ်၊ ခင်ဗျားကိုလည်း **ဆေးသေတ္တာပေးပါ့မယ်**လို့ ကတိပြုပါတယ်ဗျာ"

ကပ်ပတို့လျှန်က **ပြုံးလိုက်ပြီး** ခေါင်းညိတ်လိုက်ကာ...

"ဒီလိုဆိုရင် ကျုပ် **ဒီကိစ္စ**ကို အစွမ်းကုန် ဆောင်ရွက်ပါ့မယ်"

* * *

ကွမ်းကျုံးရုပ်နှင့် ကပ်ဟိုလျန်တို့သည် လမ်းဆုံဘက်သို့ လျှောက်သွားကြလေသည်။

ကပ်ဟိုလျန်က လမ်းလျှောက်ရင်း စကားဆိုလိုက်သည်။

"ပထမညတုန်းက ဒီလူတွေဟာ အစည်းအဝေးလုပ်မယ့် သတင်းကြားလိုက်မိလို့ ကျုပ်ရောက်ခဲ့ပါတယ်၊ သူတို့ ဘာတွေပြော နေတယ်ဆိုတာ မကြားရပေမယ့် သိုးပန်းချီလုဖို့ ကိစ္စဆိုတာ ကြား လိုက်ရပါတယ်"

ကွမ်းကျုံးရုပ်သည် ခေါင်းညိတ်လိုက်သည်။

"အခုလိုချိန်ခါမှာ သိုးပန်းချီကားဟာ သိုင်းသမားတိုင်းလို လို လုချင်နေကြတယ် မဟုတ်လား၊ ခင်ဗျားတွေးတာ မမှားပါဘူး ဗျာ"

ကပ်ဟိုလျန်က ချောင်းတစ်ချက် ဟန့်လိုက်သည်။

"ကျုပ် မရှင်းတာ တခုရှိတယ်"

ကွမ်းကျုံးရုပ်သည် ခေါင်းမော့ကြည့်လိုက်ပြီး...

"ဘာမရှင်းတာရှိလဲ"

"အခု အစည်းအဝေးလုပ် သွားတဲ့လူက ဘယ်ကသူတွေလဲ၊ အမျိုးသမီးကကော ဘယ်သူတွေလဲ"

ကွမ်းကျုံးရုပ်သည် အတန်ကြာမျှ စဉ်းစားလိုက်ပြီး...

"အဲဒီ လူ(၁၂)ယောက်ရဲ့ အသံကို ကြားလိုက်တာနဲ့ သူတို့ ရဲ့ အသက်ကို ခန့်မှန်းလို့ ရပါတယ်၊ အချို့က (၄၀)-(၅၀) ရှိပြီး၊ တချို့က (၂၀)ပတ်ဝန်းကျင်လောက် ရှိရမယ်ဗျာ"

ကပ်ဟိုလျန်သည် မျက်မှောင်ကြုတ်သွားပြီး မေးလိုက်၏။

"မိန်းကလေးက အသက် ဘယ်လောက်ရှိပြီလဲလို့ ခန့်မှန်း



ထားသလဲ"

"သူ့အသံက ပျော့ပျောင်းပြီး ကြည်လင်နေတယ်၊ အနည်း ဆုံး အသက်(၂၀)အထက် ရှိရမယ်"

ကပ်ဟိုလျန်က တွေဝေသွားလေသည်။

"သိုင်းလောကမှာ ကျော်ကြားတဲ့ မိန်းကလေး မှန်သမျှကို ကျုပ်မသိတာ မရှိသလောက်ပါဘဲ၊ အခုတော့ သူ့အသံကို မခန့်မှန်း မိဘူး"

ကွမ်းကျုံးရုပ်သည် အနည်းငယ် စဉ်းစားလိုက်သည်။

"သူတို့ ကြည့်ရတာ အဖွဲ့အစည်းတစ်ခုထဲကဖြစ်ဖြစ်၊ ဒါမှမ ဟုတ်ရင် ဆရာတစ်ယောက်ရဲ့ တပည့်တွေ ဖြစ်ဖို့များတယ်"

ကပ်ဟိုလျန်သည် ခေါင်းညိတ်လိုက်သည်။

"ဖြစ်နိုင်တယ်၊ ဒါပေမယ့် သူတို့ တစ်ယောက်နဲ့တစ် ယောက် ရင်းရင်းနှီးနှီး မရှိဘူးလို့ ထင်တယ်"

ကွမ်းကျုံးရုပ်သည် ခဏမျှ တွေးလိုက်သည်။

"သူတို့ဟာ တစ်ယောက်နဲ့တစ်ယောက် ရင်းရင်းနှီးနှီး မရှိ တဲ့အပြင် တစ်ယောက်နဲ့တစ်ယောက် မျက်နှာတွေက ရန်လိုတဲ့ အ သွင်တောင် တွေ့ရတယ်ဗျ"

ကပ်ဟိုလျန်သည် အတန်ကြာမျှ စဉ်းစားပြီးနောက် ခေါင်း ညိတ်လိုက်လေသည်။

"ဒါလဲ ဖြစ်နိုင်ပါတယ်"

ကွမ်းကျုံးရုပ်သည် အတန်ကြာမျှ စကားမပြောဘဲ စဉ်းစား နေသည်။

ထို့နောက် ကပ်ဟိုလျန်အား လှမ်းကြည့်လိုက်သည်။

"အခု အရေးကြီးဆုံး ဖြစ်တာက ဒီလူတွေ ဘယ်သူတွေလဲ၊ ဘယ်အရပ်က ဖြစ်သလဲ သိုင်းပညာ အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ စုံစမ်းဖို့ လိုတယ်"

ကပ်ဟို့လျှန်သည် အတန်ကြာ စဉ်းစားလိုက်ပြီး **သတိရဟန်** ဖြင့် လက်ဖျောက်တစ်ချက် တီးလိုက်ပြီး...

"ကျုပ်ထင်ထားတဲ့အတိုင်း ပြောရမယ်ဆိုရင် ဒီလူတွေဟာ လွန်ခဲ့တဲ့နှစ်က လျှို့ဝှက်အဖွဲ့အစည်းတစ်ခု ဖွဲ့ထားတယ်နဲ့တူတယ်"

ကွမ်းကျုံးရုပ်သည် စိတ်ဝင်စားစွာဖြင့် နားစိုက်ထောင်နေလေသည်။

ကပ်ဟို့လျှန်သည် ပြောလက်စ စကားကို ဆက်လိုက်၏။

"သူတို့ဟာ ကြီးကျယ်တဲ့ လုပ်ရပ်တစ်ခု လုပ်မိချင် လုပ်မိလိမ့်မယ်၊ အခု ဒီလူတွေ ချမ်းသာလာကြပြီး နာမည်လည်း ရှိလာကြပြီ၊ ဒါကြောင့် အနားယူသွားကြတာ၊ ဒါပေမယ့် သူတို့ရဲ့ ချွတ်ယွင်းချက် တွေဟာ မိန်းကလေးရဲ့ လက်ထဲမှာ ရောက်နေလို့ မိန်းကလေးက အကျပ်ကိုင်ပြီး သိုးပန်းချီကို လုခိုင်းတာ ဖြစ်ရမယ်"

ကွမ်းကျုံးရုပ်သည် ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားရဲ့ တွေးခေါ်ချက်တွေဟာ အတော်နီးစပ်ပါတယ်၊ ဒါပေမယ့် ထူးခြားချက်တစ်ခုကိုတော့ တွေ့ရတယ်"

"ဘာကိုများ တွေ့ရလို့လဲ"

"အဲဒီလူ (၁၂)ယောက်ဟာ မိန်းကလေးနဲ့ စကားပြောတဲ့ အခါမှာ စကားတစ်ကြိမ်သာ ပြောခွင့်ရတဲ့ ကန့်သတ်ချက်လေ"

ကပ်ဟို့လျှန်သည် မျက်မှောင်ကြုတ်သွားပြီး...

"သူတို့ဂိုဏ်းရဲ့ ချမှတ်ထားတဲ့ စည်းကမ်းနဲ့ တူပါတယ်"



ကွမ်းကျုံးရုပ်သည် ကပ်ဟို့လျှန်၏ စကားကြောင့် တွေဝေသွား၏။

ထို့နောက် စကားဆက်ပြောလိုက်၏။

"ခင်ဗျား ပြောသလိုဆိုရင် မိန်းကလေးဟာ သူတို့ရဲ့ ခေါင်းဆောင်များ ဖြစ်နေမလား"

ကပ်ဟို့လျှန် အနည်းငယ် စဉ်းစားလိုက်သည်။

"ခေါင်းဆောင်တော့ မဖြစ်နိုင်ဘူး၊ ခေါင်းဆောင်ရဲ့သမီးများ ဖြစ်နေမလား"

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်ပြီး စဉ်းစားသည်။

"သူတို့ ပြောဆိုနေတဲ့ စကားအရ အမိန့်ကတ်ပြားနဲ့ မှတ်တမ်းစာအုပ်ဟာ အတော်အရေးကြီးပုံရတယ်"

"အဖွဲ့မှာ မရှိတော့တဲ့အတွက် အမိန့်ပြားက အသုံးမဝင်တော့ပါဘူး...၊ မှတ်တမ်းစာအုပ်မှာ လျှို့ဝှက်တဲ့ အကြောင်းအရာပါလိမ့်မယ်ထင်တယ်၊ ဒါကြောင့်လဲ သူက အဲဒီလူ (၁၂)ယောက်ကို အကျပ်ကိုင်နိုင်တာပေါ့"

* * *

ကွမ်းကျုံးရုပ်နှင့် ကပ်ဟို့လျှန်တို့သည် လျှောက်လာကြယင်း လမ်းဆုံသို့ ရောက်ရှိလာကြသည်။

ကပ်ဟို့လျှန်သည် စားသောက်ဆိုင်မှ မြင်းထိန်းအား မြင်းများကို စောင့်ရှောက်ကျွေးမွေးထားသည့်အတွက် ငွေတုံးတစ်တုံးပေးပြီး မြင်းကို ယူလာပြီး မောင်းနှင်ကာ ထွက်ခွာသွားလေသည်။

ကွမ်းကျုံးရုပ်သည်လည်း ထက်ကြပ်မကွာလိုက်ပါသွား၏။

နံနက် ဝေလီဝေလင်းအချိန်၌ သူတို့သည် လယ်သမားခြံဝင်းရှိရာသို့ ရောက်ရှိသွားကြလေသည်။

ကပ်ဟို့လျှန်နှင့် ကွမ်းကျုံးရုပ်တို့သည် သူတို့၏အခန်းရှိရာသို့ ပြန်လာကြသည်။

အခန်းကို ရောက်သည်နှင့် အခန်းတံခါး ခေါက်လိုက်၏။

ဟိုလျှန်ဝါး တံခါးဖွင့်ပေးလိုက်ပြီး မတ်တတ်ရပ်ကာ ကပ်ဟို့လျှန်အား အကဲခတ်ကြည့်နေလေသည်။

ကွမ်းကျုံးရုပ် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ခင်ဗျား အဲဒီ မိန်းကလေး အတော့်ကို ဝီရိယကောင်းတာပဲ"

ကပ်ဟို့လျှန်သည် စကားကို ဖြည်းလေးစွာဖြင့် ပြောလိုက်လေသည်။

"ဒီမိန်းကလေးဟာ ယောကျ်ားတွေထက် စေ့စပ်တယ်၊ ပိုပြီး စိတ်ချယုံကြည်ရတယ်ဗျ"

ကွမ်းကျုံးရုပ်က ပခုံးတစ်ချက် တွန့်လိုက်သည်။

"ခင်ဗျားကိုတော့ ကျုပ် ချီးမွမ်းပါတယ်ဗျာ"

သူတို့နှစ်ယောက်သည် ပြောဆိုယင်း အိမ်ခန်းထဲသို့ ဝင်သွားလေသည်။

အခန်းထဲသို့ လှမ်းဝင်လိုက်သည်နှင့်... စားသောက်ဖွယ်ရာများကို အသင့်စားသောက်ရန် ပြင်ထားသည်ကို တွေ့မြင်ရလေ၏။

ဟိုလျှန်ဝါးက ပြုံးလိုက်ပြီး...

"ရှင်တို့ လာမယ့်အချိန်မှန်းပြီး ကျွန်မ အဆင်သင့်ပြင်ထားတာပါ"

ကပ်ဟို့လျှန်က ကွမ်းကျုံးရုပ်အား လှမ်းကြည့်လိုက်သည်။

ကွမ်းကျုံးရုပ်သည် ပခုံးတစ်ချက် တွန့်ပြလိုက်ပြီး စားသောက်ဖွယ်ရာများ ပြင်ဆင်ထားသော စားပွဲဆီသို့ ဦးတည်လျှောက်သွားလေတော့သည်။



* * *

ကပ်ဟို့လျှန်၊ ကွမ်းကျုံးရုပ်နှင့် ဟိုလျှန်ဝါးတို့သည် အတူဝိုင်းဖွဲ့၍ စားသောက်နေကြသည်။

ရုတ်တရက် ဟိုလျှန်ဝါးသည် သူမ စားသောက်နေသော တူနှစ်ချောင်းကို လျှပ်တပြက် တံခါးဝရှိရာသို့ ပစ်ပေါက်လိုက်လေ၏။

ကွမ်းကျုံးရုပ်မှာ တံခါးကို ကျောပေးထိုင်နေသောကြောင့် တံခါးအပြင်ဘက်၌ မည်သူမည်ဝါ ရောက်ရှိနေသည်ကို မတွေ့မြင်လိုက်ပါ။

ဟိုလျှန်ဝါးသည် တူနှစ်ချောင်းကို ပစ်လွှင့်လိုက်ပြီးသည်နှင့်

ထိုင်ရာမှ ထလိုက်လေသည်။

"ဘယ်သူလဲ"

ကွမ်းကျုံးရုပ်နှင့် ကပ်ဟို့လျှန်တို့သည် **မျက်နှာ**တစ်ချက် ပျက်သွားကာ လျှပ်တပြက် ထိုင်ရာမှ **ထလိုက်ပြီး တံခါးဝ**ဆီသို့ လျှင်မြန်စွာ လှည့်ကြည့်လိုက်လေသည်။ ထိုအခါ **တံခါးဝတွင် လူငယ်** တစ်ယောက် တည်ကြည်စွာဖြင့် ရပ်နေသည်ကို တွေ့**ရလေသည်**

သူ၏လက်ထဲတွင် ဟိုလျှန်ဝါး ပစ်လွှင့်လိုက်သော **တူ** ချောင်းကို ဆုပ်ကိုင်ထားသည်ကို တွေ့မြင်ရလေသည်။

ထိုလူငယ်မှာ အသက်(၂၀)ကျော်ခန့် ရှိပြီး...

အပြာရောင် ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားလေသည်။ ထို လူငယ်သည် ကွမ်းကျုံးရုပ်တို့အား တည်ကြည်စွာဖြင့် ရပ်၍ ကြည့် နေသည်။

ကပ်ဟို့လျှန်က မျက်မှောင်ကြုတ်သွားပြီး...

"မင်းက ဘယ်သူလဲ၊ ဘာကိစ္စလာတာလဲ"

အပြာရောင်ဝတ်ဆင်ထားသော လူငယ်က အေးစက်သော အသံဖြင့်...

"ကျုပ်က ကျားမာန်အာမခံဌာနက ဌာနမှူးကို လာတွေ့ တာပါ"

ကွမ်းကျုံးရုပ်သည် မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး...

"ကျုပ်က ကျားမာန်အာမခံဌာနက ဌာနမှူးပါ"

လူငယ်သည် ကွမ်းကျုံးရုပ်အား ကြည့်လိုက်ပြီး ဖြည်းလေး စွာ ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားကို မဟုတ်ဘူး၊ ဒုဌာနမှူးကို တွေ့မလို့ပါ"



ကွမ်းကျုံးရုပ်သည် အေးဆေးစွာဖြင့် ပြောလိုက်၏။

"သူ ဌာနခွဲမှာ ရှိတယ်"

ထိုအခါ အပြာရောင်အင်္ကျီ ဝတ်ဆင်ထားသော လူငယ် သည် ခေတ္တမျှ တွေဝေသွား၏။ အတန်ကြာမှ နောက်သို့ ချာခနဲ ည့်လိုက်ပြီး...

"ဒါဖြင့် ကျုပ် ဟိုကိုပဲ သွားတော့မယ်"

ထိုအခါ ကပ်ဟို့လျှန်သည် ပျာပျာသလဲ လက်ကာပြလိုက် ...

"ရပ်လိုက်"

ကပ်ဟို့လျှန်သည် **ဟန့်တား**လိုက်သည်။

လူငယ်သည် လှမ်းမည့်ခြေလှမ်းအား ရုတ်တရက် ရပ်တန့် က်ပြီး နောက်သို့ ပြန်လှည့်ကြည့်လိုက်သည်။

"မိတ်ဆွေက ဘာကိစ္စရှိလို့ သူ့ကို တွေ့ချင်ရတာလဲ"

ကပ်ဟို့လျှန်သည် သူ့အား စိုက်ကြည့်လိုက်ပြီး ခပ်မာမာ း ပြောလိုက်သည်။

"ဒီမှာ ဒီနေရာကို ခင်ဗျား လာချင်တိုင်းလာပြီး သွားချင် း သွားလို့ရမယ် မှတ်သလား"

လူငယ်သည်လည်း လေသံမာမာဖြင့်...

"**ခင်ဗျား**က ဘာကိုဆိုလိုတာလဲ"

ကပ်ဟို့လျှန်သည် သူ့ထံသို့ လျှောက်သွားပြီး အေးစက် လေသံဖြင့်...

"ဟင်း ဟင်း... မင်း ကျုပ်ရဲ့ သိုင်းကွက် တစ်ကွက်လောက် မြည်းကြည့်ပါဦး"

သူသည် ပြောပြောဆိုဆိုဖြင့် ယပ်တောင်နှင့် လူင ရင်ဝရှိသော သွေးကြောတစ်နေရာသို့ ထောက်လိုက်လေသည် ငယ်က ဘေးသို့ ခြေတစ်လှမ်းလှမ်း၍ ရှောင်တိမ်းလိုက်ပြီး လက်ငါးချောင်းဖြင့် ကပ်ဟို့လျှန်၏ လက်ကောက်ဝတ်ကို ဖမ်း လိုက်လေသည်။

သိုင်းပညာ ကျွမ်းကျင်သူတိုင်းသည် တစ်ချက် လှုပ် လိုက်သည်နှင့် တစ်ဘက်လူ၏ သိုင်းပညာ မည်မျှလောက် အ ထက်မြက်သည်ကို သိရှိနိုင်လေသည်။

ကပ်ဟို့လျှန်သည် ထိုလူငယ်၏ သိုင်းပညာ အဆင့် မိမိထက် မသာသည့်တိုင် မိမိထက် မနိမ့်ကျသည်ကို ခန့်မှန်း လိုက်လေသည်။ ဤသို့ဖြင့် ကပ်ဟို့လျှန်နှင့် ထိုအပြာရောင် လူငယ်တို့မှာ တဖြည်းဖြည်းဖြင့် တိုက်ခိုက်ရင်း တိုက်ပွဲမှာ ပြ မည့်အချိန်သို့ ရောက်ရှိလာသည်။ ထိုအခါ ကွမ်းကျုံးရုပ်က ဖြတ်ဟန့်တားလိုက်လေသည်။

"တော်ပါတော့ဗျာ၊ ကျုပ်တောင်းပန်ပါတယ်၊ မင်း လေး"

ထိုအခါ လူငယ်သည် ဆက်လက် မတိုက်ခိုက်တော့ ခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

* * *



ကပ်ဟို့လျှန်သည် မကျေမနပ်ဖြင့် ကွမ်းကျုံးရုပ်အား ကြည့် ပြီး...

"ဘာလဲ... သူက ခင်ဗျား လူလား"

ကွမ်းကျုံးရုပ် ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူးဗျာ၊ ကျုပ်လည်း သူ့ကို မသိပါဘူး"

ကပ်ဟို့လျှန်က မဲ့ပြုံးပြုံးလိုက်လေသည်။

"မသိရင် ခင်ဗျားရဲ့ ဒုဋ္ဌာနမှူးနဲ့ ဘယ်လို အဆက်အသွယ် လို့လဲ"

ကွမ်းကျုံးရုပ်က မချိပြုံးပြုံးလိုက်သည်။

"ခင်ဗျား မယုံရင်လည်း ကျုပ်က ဘယ်တတ်နိုင်ပါ့မလဲ"

ကွမ်းကျုံးရုပ်သည် ထိုင်ရာမှ ထလိုက်ပြီး...

"ကျုပ်ကို သွားခွင့်ပြုပါဦး"

ကပ်ဟို့လျှန်က သူ့အား စိုက်ကြည့်လိုက်ပြီး လှမ်းပြော သည်။

"ကျုပ် ခင်ဗျားနဲ့ ပူးပေါင်းဖို့ ကတိ မပေးသေးဘူးဗျ၊ ခင် ရဲ့ လှုပ်ရှားမှု အခြေအနေကို ကျုပ် စောင့်ကြည့်ရအုံးမယ်"

ကပ်ဟို့လျှန်သည် ထိုသို့ပြောပြီး ကွမ်းကျုံးရုပ် ထွက်သွား နောက် အခန်းတွင်း၌ တွေဝေစွာဖြင့် ကျန်ရစ်ခဲ့လေတော့သည်။

* * *

ကွမ်းကျုံးရုပ်သည် ကျားမာန်အာမခံဌာနခွဲသို့ ပြန်လ
ရောက်ရှိလာသောအခါ ဖန်းကျင်းရှမ်းသည် အပြင်သို့ ထွက်သွ
သည်ဟု ယန်စုဒ်နက သတင်းပို့သည်။

ဖန်းကျင်းရှမ်းသည် အပြာရောင်အင်္ကျီ ဝတ်ဆင်ထားသေ
လူငယ်နောက်သို့ လိုက်သွားသည်ဟု သိရသည်။

ထို့အပြင် ကွမ်းကျုံးရုပ်မှာ အနက်ရောင်အင်္ကျီ ဝတ်ဆ
ထားသည့် လူဆယ့်နှစ်ယောက်သည် မိမိတို့ ဌာနခွဲအား လာရော
တိုက်ခိုက်လိမ့်မည်ဟု သတင်းရထားသဖြင့် ယန်စုစိန်တို့ လူစုအ
ခေါ်ယူပြီး လုံခြုံရေး အစီအစဉ်များကို စီစဉ်ခန့်ခွဲကာ အလုပ်များ
လေသည်။

* * *

မွန်းတည့်ချိန်...

ကွမ်းကျုံးရုပ်သည် မွန်းတည့်ချိန်ထိ ဖန်းကျင်းရှမ်းအား စို
ရိမ်စွာဖြင့် စောင့်မျှော်နေလေသည်။

အတန်ကြာလျှင် ဖန်းကျင်းရှမ်းသည် ခြံဝင်းထဲသို့ ခပ်သုတ်
သုတ် ဝင်ရောက်လာသည်ကို တွေ့ရသည်။

ကွမ်းကျုံးရုပ်သည် ဖန်းကျင်းရှမ်းအား တွေ့မြင်လိုက်သည်
နှင့် ပြုံး၍ နှုတ်ဆက်လိုက်သည်။

"ခင်ဗျား ဟိုလူငယ်နဲ့ တွေ့ခဲ့သလား"



ဖန်းကျင်းရှမ်း ခေါင်းညိတ်လိုက်ပြီး...

"တွေ့ခဲ့ပါတယ်"

"သူက ဘာကိစ္စနဲ့ ခင်ဗျားကို တွေ့ချင်ရတာလဲ"

"ကျုပ်ကို အာမခံဌာနက ထွက်ဖို့ မေတ္တာရပ်ခံလိုက်တယ်"

ကွမ်းကျုံးရုပ်မှာ အံ့အားသင့်သွားပြီး...

"ဘာဖြစ်လို့ ထွက်ခိုင်းတာလဲ"

"ကျားမာန်အာမခံဌာနဟာ အလွန်ကြောက်စရာကောင်း
တဲ့ အန္တရာယ်နဲ့ ရင်ဆိုင်ရတော့မယ်လို့ ပြောပါတယ်"

ကွမ်းကျုံးရုပ်သည် ဖန်းကျင်းရှမ်းအား မကျေမနပ်ဖြင့်
မေးလိုက်၏။

"နေပါဦး၊ သူက ဘာကြောင့် ခင်ဗျားကို ကျားမာန်အာမခံ
ဌာနက အထွက်ခိုင်းရတာလဲ"

"သူက ကျုပ် သူ့အပေါ်မှာ ကျေးဇူးရှိလို့ သတိပေးတယ်
လို့ ပြောပါတယ်"

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျားက သူ့အပေါ် ကျေးဇူးပြုခဲ့တယ် ဟုတ်လား"

ဖန်းကျင်းရှမ်း၏ စကားကြောင့် ကွမ်းကျုံးရုပ်သည် အံ့ဩ
သွားကာ...

"သူက ဘယ်သူလဲ"

"သူ့နာမည်က ထိမုံ့ချူးလို့ ပြောပါတယ်၊ ဘုံကျောင်းပျက်
က နေစဉ်တုန်းက မြင်းဖြူတစ်ကောင်စီးပြီး ရောက်လာတဲ့ လူငယ်
ပါ။ အဲဒီအချိန်တုန်းက သူက ဒဏ်ရာပြင်းပြင်းထန်ထန် ရခဲ့တယ်
လေ၊ ကျုပ်က သူ့ကို ကယ်တင်ခဲ့တာပါ"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"ခင်ဗျား သူ့ကို ဘယ်လိုအကြောင်း ပြန်လိုက်သလဲ"

"ကျုပ်မှာ သေစရာရှိလည်း ကျားမာန်အာမခံဌာနနဲ့အတူ သေမယ်၊ အသက်ရှင်နေရင်လည်း ကျားမာန်အာမခံဌာနမှာ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နေမယ်လို့ ပြောလိုက်ပါတယ်"

ကွမ်းကျုံးရုပ်သည် သူ၏ပခုံးအား အသာအယာ ပုတ်လိုက်ပြီး...

"အမှန်တော့ ထိမ့်ချူးပြောတဲ့ စကားကို ခင်ဗျား စဉ်းစားသင့်တယ်"

ဖန်းကျင်းရှမ်း မျက်မှောင်တစ်ချက် ကြုတ်သွားသည်။

"ကျုပ် ဌာနမှူးရဲ့ သဘောကို နားမလည်ဘူး ခင်ဗျာ"

ကွမ်းကျုံးရုပ်သည် ပြုံး၍ ခေါင်းညိတ်လိုက်၏။

"ဒီလိုပါ၊ ကျုပ်တို့ ကျားမာန်အာမခံဌာနမှာ အလွန်ကြောက်စရာကောင်းတဲ့ လူတစ်စုနဲ့ ရင်ဆိုင်ရတော့ မလို့ပါ"

ဖန်းကျင်းရှမ်း၏ မျက်နှာပေါ်တွင် ခံပြင်းသည့် အရိပ်အရောင်များ ပေါ်လွင်လာလေသည်။

ထို့အပြင် ကွမ်းကျုံးရုပ်အား စူးစူးစိုက်စိုက် ကြည့်လိုက်ပြီးနောက်...

"ဌာနမှူးက ကျုပ်ကို အလုပ် ထုတ်ပစ်တော့ မလို့လား"

ကွမ်းကျုံးရုပ်သည် ခေါင်းတွင်တွင် ခါယမ်းလိုက်ပြီး...

"မဟုတ်ပါဘူးဗျာ"

ဖန်းကျင်းရှမ်းက လေပူတစ်ချက် မှုတ်ထုတ်လိုက်ရင်းမှ...

"ဌာနမှူးက ကျုပ်ကို အလုပ် မထုတ်မချင်း ကျုပ်က ဒီဌာနမှာ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပေးပါ့မယ်"



ထိုစဉ် ယန်စုစိန်သည် အခန်းတွင်းသို့ ဝင်ရောက်လာပြီး ဦးညွှတ်လိုက်သည်။

"ဌာနမှူးခင်ဗျာ၊ အိမ်ထောင်ရှိတဲ့ သွေးသောက်တွေကိုတော့ ငွေငါးရာစီပေးပြီး ပြန်လွှတ်လိုက်ပါတယ်"

ကွမ်းကျုံးရုပ် ခေါင်းညိတ်လိုက်ပြီး...

"ကောင်းတယ်၊ အိမ်ထောင်မရှိတဲ့ လူတွေကိုပါ သွားချင်တဲ့သူသွားနိုင်တယ်လို့ ပြောပြသေးလား"

"ဟုတ်ကဲ့ ပြောပြပါတယ်၊ ဒါပေမယ့် တစ်ယောက်မှ မသွားကြဘူးဗျ"

ဖန်းကျင်းရှမ်းသည် သက်ပြင်းချလိုက်ရင်း...

"ဟုတ်ပါတယ်ခင်ဗျာ၊ အိမ်ထောင်ရှိတဲ့လူတွေတောင် မသွားကြဘူးလို့ ငြင်းဆိုပါသေးတယ်၊ ဌာနမှူးရဲ့အမိန့်လို့ပြောလိုက်တော့မှ မလွှဲမရှောင်သာပဲနဲ့ ထွက်သွားကြရတာပါ"

ကွမ်းကျုံးရုပ်က စိတ်မကောင်းဖြစ်သွားလေသည်။

"သူတို့ နာမည်နဲ့ လိပ်စာတွေကို သေသေချာချာ မှတ်ထားပါ၊ တစ်နေ့ ကျုပ်တို့ကျားမာန်အာမခံဌာန ပြန်ပြီးတည်ထောင်ဖြစ်ရင် သူတို့ကို ပြန်ခေါ်မှာပါ"

ထိုစဉ် ယို့လုံးသည် ကွမ်းကျုံးရုပ်တို့ လူစုရှေ့သို့ ရောက်လာသည်။ သူ၏နောက်တွင် အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားသောလူတစ်ယောက်ပါ ဝင်ရောက်လာလေသည်။

* * *

ယို့လုံးသည် ကွမ်းကျိုးရုပ်တို့ ရှေ့သို့ ရောက်သည်နှင့်ရိ သေစွာ ဦးညွှတ်လိုက်ရင်း...

"ဌာနမှူးကို စာလာပို့တယ်ဒါ"

အနက်ရောင်ဝတ်ဆင်ထားသူသည် ရှေ့သို့တိုးလာပြီး လက်နှစ်ဘက်ဖြင့် စာလှမ်းပေးလိုက်သည်။

ကွမ်းကျိုးရုပ်က စာကိုလှမ်းယူလိုက်ပြီး ဖောက်ဖတ်လိုက် သည်။

"ကျားမာန်အာမခံဌာနမှူး ကွမ်းကျိုးရုပ်ခင်ဗျာ၊ ခင်ဗျား ဆီမှာရှိနေတဲ့ သိုးပန်းချီကို ကျုပ်တို့လက်ကို အပ်ပါ၊ မအပ်ခဲ့လျှင် ခင်ဗျားတို့ ကျားမာန်အာမခံဌာန တစ်ခုလုံးကို မီးရှို့ဖျက်ဆီးတဲ့အ ပြင် တစ်ယောက်မကျန် သတ်ပစ်ရပါလိမ့်မယ်"

ကွမ်းကျိုးရုပ်သည် စာဖတ်ပြီးသည်နှင့် မျက်နှာတစ်ခုလုံး မှာ ဒေါသရောင်သန်းလာသည်။

"အင်တော် လေသံမာတဲ့စာပါလားကွ"

သူသည် အနက်ရောင်ဝတ်ဆင်ထားသူအား မဲ့ပြုံးပြုံးပြ လိုက်ပြီး...

"ကျုပ်က၊ ဥပမာ သိုးပန်းချီပေးမယ် ဆိုပါတော့၊ ဘယ်ကို သွားပေးရမလဲ၊ ဘယ်သူ့ဆီကို သွားပေးရမှာလဲ၊ ခင်ဗျားတို့ စာမှာ လည်း ရေးမထားဘူး"

အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားသူက သူ၏ပါးစပ်အား ညွှန်ပြလိုက်သည်။

"အား...အား"

ယခုမှ ထိုလူမှာ စကားမပြောနိုင်သော လူတစ်ယောက်



ဖြစ်မှန်း သိလိုက်လေသည်။

ကွမ်းကျိုးရုပ်က သက်ပြင်းချလိုက်သည်။

"မင်းက စကားမပြောတတ်ရင် ကျုပ်က ဘယ်လိုလုပ်မလဲ"

ထိုလူက ကွမ်းကျိုးရုပ်အား လက်ဟန်ခြေဟန်ဖြင့် စာရေးပြ လေသည်။

ကွမ်းကျိုးရုပ်က နားလိုက်သည်။

"ဘာလဲ ကျုပ်က စာနှင့် အကြောင်းပြန်ရမယ် ဟုတ်လား"

ထိုလူက ခေါင်းညိတ်ပြလိုက်သည်။

ကွမ်းကျိုးရုပ်က ချက်ချင်းပင် စားရွက်တစ်ရွက်အား ယူ လိုက်ပြီး စာရေးလိုက်လေသည်။

ကွမ်းကျိုးရုပ် ရေးပေးသော စာကို ယူဆောင်ကာ အပြင် သို့ လျင်မြန်စွာ ထွက်ခွာသွားလေသည်။

ကွမ်းကျိုးရုပ်က ယန်စုစိန်အား မျက်ရိပ်ပြလိုက်ရာ ယန်စု စိန်သည် ထိုလူနောက်သို့ မယောင်မလည်ဖြင့် ခြေရာခံ၍ လိုက်သွား လေတော့သည်။

* * *

ဖန်းကျင်းရှမ်းသည် ယန်စုစိန် ထွက်သွားတော့မှ စကားဆို လိုက်သည်။

"ဒါနဲ့၊ ဌာနမှူးက ဘယ်လို စာပြန်လိုက်သလဲဗျ"

"ကျုပ်တို့က သိုးပန်းချီပေးမယ်ဆိုရင် ဘယ်ကို ပေးရမလဲ၊ ဘယ်သူ့ကို ပေးရမလဲလို့ ပြန်ရေးလိုက်တယ်"

ဖန်းကျင်းရှမ်းသည် ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ်၊ ဒါမှ ဘယ်သူဘယ်ဝါဆိုတာ သိနိုင်မယ်"

ကွမ်းကျုံးရုပ်သည် သူ၏လက်ထဲမှ စာကို ဖတ်ရင်း ထပ်မံလေ့လာကြည့်ပြန်သည်။

ယင်းစာသည် အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားသော မိန်းကလေး၏စာ ဖြစ်ရမည်ဟု ယုံကြည်လေသည်။

ထိုစာလာပို့သော လူမှာလည်း မိန်းကလေးက လွှတ်လိုက်သော အနက်ရောင်သိုင်းသမား ဖြစ်ရမည်ဟု ယူဆရလေသည်။

ယခု သူသည် ယန်စုစိန်အား ခြေရာခံခိုင်းလိုက်သည်မှာ...

ထိုအနက်ရောင်ဝတ်ဆင်ထားသော လူသည် မည်သည့်နေရာတွင် ရှိသည်ဟု ထောက်လှမ်းနိုင်ရန် ဖြစ်သည်။

* * *

ကွမ်းကျုံးရုပ်သည် ယန်စုစိန်အား သုံးနာရီတိတိ ထိုင်၍ စောင့်နေသည်။

မကြာမီ ယန်စုစိန် ပြန်လည် ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။

ကွမ်းကျုံးရုပ်သည် ယန်စုစိန်အား လေသံတိုးတိုးဖြင့်...



"ဘယ့်နှယ်လဲ အခြေအနေ ဘယ်လိုရှိသလဲဆိုတာ"

ယန်စုစိန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ အခြေအနေကတော့ ထူးဆန်းနေတယ်"

ကွမ်းကျုံးရုပ်က စိတ်ဝင်စားလာယင်း...

"ဆိုစမ်းပါဦး"

"အဲဒီလူဟာ ဆိုင်လေးတစ်ဆိုင်ထဲ ဝင်သွားတာကို သိရတယ်"

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားသည်။

"ဘာဆိုင်လဲ"

"ပစ္စည်းမျိုးစုံ ရောင်းတဲ့ဆိုင်ပါ"

"မင်းရော ဝင်သွားကြည့်သေးလား"

ယန်စုစိန်က ခေါင်းခါယမ်းလိုက်သည်။

"ဝင်မကြည့်ပါဘူးဌာနမှူး"

"ဘာဖြစ်လို့လဲ"

"အဲဒီအချိန်မှာ ဆိုင်ထဲမှာ လူရှင်းနေလို့ပါ"

"အဲဒီဆိုင်ကို မင်းမှတ်မိသေးသလား"

"မှတ်မိတယ်၊ ဒါပေမယ့် အဲဒီဆိုင်က အရေးမကြီးတော့ပါဘူး"

"ဘာဖြစ်လို့လဲ"

"အဲဒီလူက ဆိုင်ထဲဝင်ပြီး နောက်ဘက်ပေါက်က ထွက်သွားပါတယ်ဗျ"

"မင်း ဘယ်လိုလုပ်သိသလဲ"

"ကျုပ်က သံသယဖြစ်လို့ နောက်ဘက်တံခါးဘက်ကို သွား

ကြည့်တဲ့အခါမှာ သူထွက်လာတာကို တွေ့လိုက်ရတယ်၊ ဒါပေမယ့်"

ကွမ်းကျုံးရုပ်သည် စိတ်ဝင်စားလာပြီး မေးလိုက်၏။

"ဒါပေမယ့် ဘာဖြစ်သလဲ"

"ဒါပေမယ့် သူအင်္ကျီအနက်ရောင် မဟုတ်တော့ဘဲ တစ်ခြား အင်္ကျီကို လဲလိုက်ပါတယ်"

"စာလာပို့တဲ့လူ သေချာရဲ့လား"

"ကျုပ်က လူတစ်ယောက်ရဲ့ မျက်နှာ တစ်ခါကြည့်ထားရင် ဘယ်တော့မှ မမေ့ဘူးဆိုတာ ဌာနမှူး သိပါတယ်"

ကွမ်းကျုံးရုပ်က ပြုံးလိုက်ပြီး...

"ဟုတ်ပါတယ် ဆက်ပြောပါဦး"

ယန်စုစိန်က စကားဆက်လိုက်သည်။

"သူ့ ခပ်လှမ်းလှမ်းကနေ ကျုပ်လိုက်သွားတယ်၊ သူက နယ်စားကြီးဂေဟာကို ဝင်သွားတာ တွေ့လိုက်ရတယ်"

ကွမ်းကျုံးရုပ်၏ မျက်လုံးအစုံသည် ပိုင်းစက်ပြူးကျယ်သွား လေသည်။

"ဘာ နယ်စားကြီးဂေဟာ ဟုတ်လား"

"ဟုတ်တယ်"

"သူက ဘယ်လိုအင်္ကျီမျိုး ဝတ်ထားသလဲ"

"အစိမ်းရောင် အရပ်ဝတ် အရပ်စားပါ"

"ဒီလူ နယ်စားကြီးဂေဟာ ဝင်တဲ့အခါမှာ အစစ်ဆေးခံရ သေးသလား"

"တံခါးဝမှာ ခဏကြာပြီးမှ ဝင်သွားတာကို တွေ့ရပါတယ်"

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားပြီး...



"ဒီလိုဆိုရင် ဒီလူဟာ နယ်စားကြီးဂေဟာကို အဝင်အထွက် နည်းတဲ့လူ ဖြစ်ရမယ်"

ယန်စုစိန်သည် နားမလည်နိုင်ဟန်ဖြင့်...

"ဌာနမှူး ဘာကို ဆိုလိုတာလဲဗျ"

ကွမ်းကျုံးရုပ်က ပြုံးလိုက်ပြီး...

"ရှင်းပါတယ်ဗျာ၊ ဒီလူဟာ နယ်စားကြီးဂေဟာရဲ့ အိမ်တွင်း မှာရှိတဲ့ လူတွေနဲ့ အဆက်အသွယ်ရှိတဲ့ လူတစ်ယောက် ဖြစ်ရမယ်"

ယန်စုစိန်သည် ထပ်မံမေးလိုက်ပြန်သည်။

"ကျုပ်တော့ နားရှုပ်နေတယ်၊ ရှင်းပါဦး"

ကွမ်းကျုံးရုပ်က သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"ကျုပ်တို့က မြို့တော်ဝန်မိသားစုကို သတိလက်လွှတ် ထားခဲ့တယ် မဟုတ်လား"

ယန်စုစိန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... သူတို့နဲ့ လုံးဝ မပတ်သက်တော့ဘူးလို့ ကျုပ်ထင်တယ်"

ကွမ်းကျုံးရုပ်က လေပူတစ်ချက် မှုတ်ထုတ်လိုက်ရင်း...

"ကျုပ်တို့ မေ့နေတဲ့ မြို့တော်ဝန်ရဲ့သမီး လျူဝမ်းအော့ဟာ အရေးကြီးတဲ့အခန်းမှာ ပါဝင်လာပြန်ပြီလို့ ကျုပ်ယူဆတယ်ဗျ"

ယန်စုစိန်က အတန်ကြာမျှ တွေဝေပြီးနောက်...

"လျူဝမ်းအော့ဟာ ဘာကြောင့် ယကွမောင်နှမနဲ့ ကပ်ဟို့ လျန်တို့ကို ကြောက်ရွံ့တုန်လှုပ်သွားအောင် လုပ်နိုင်ခဲ့တာလဲ"

ကွမ်းကျုံးရုပ် သက်ပြင်းချလိုက်လေသည်။

"ယကွမောင်နှမတို့ ဘာကြောင့် နောက်ဆုတ်သွားသလဲ

ဆိုတာ မသိရပေမယ့် ကပ်ဟို့လျန်ကတော့ နဂါးပတ်အလံကို ေ
တယ်လို့ ပြောပါတယ်"

ယန်စုစိန်မှာ မကျေမနပ်ဖြင့် ပြောလိုက်လေသည်။

"နဂါးပတ်အလံက ဘာကြောင့် လျူဝမ်းအော့ဆီမှာ တွေ
တာလဲ"

ကွမ်းကျုံးရုပ်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒီကိစ္စကို မသိလို့ အခုခက်နေတာပေါ့"

သူသည် ကပ်ဟို့လျန်နှင့်အတူ မိန်းကလေးတစ်ယော
နှင့် အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားသော လူဆယ့်နှစ်ယော
အစည်းအဝေး လုပ်နေသည်ကို တွေ့ခဲ့သည့်အကြောင်းများ ပြန်လ
ပြောပြလိုက်သည်။

* * *

ယန်စုစိန်သည် သေသေချာချာ နားထောင်ပြီးနောက်...

"ဥာနမှူးက အဲဒီမိန်းကလေးကို လျူဝမ်းအော့လို့ ထင်
လို့လား"

ကွမ်းကျုံးရုပ်သည် ဖြည်းလေးစွာ ခေါင်းညိတ်ယင်း...

"ဟုတ်တယ်... ကျုပ်ကတော့ ဒီအတိုင်းပဲ ထင်ထားတယ

ယန်စုစိန်သည် အတန်ကြာမှ စဉ်းစားလိုက်ပြီး...

"အခု ဥာနမှူး ဘယ်လိုစီစဉ်ချင်သလဲ"



ကွမ်းကျုံးရုပ်သည် ယန်စုစိန်အား လှမ်းကြည့်ယင်း ပြော
က်၏။

"အခုထိ ကျုပ်ခေါင်းထဲမှာ ဘာကိုမှ ရေရေရာရာ စဉ်းစား
မရသေးဘူး"

ကွမ်းကျုံးရုပ်သည် ယန်စုစိန်အား လှမ်းကြည့်ယင်း ပြော
က်သည်။

"တစ်ခုတော့ ရှိတယ်၊ သူတို့က လာတိုက်ခိုက်ရင် အသေ
ပျောက်တော့ များမယ်ထင်တယ်"

ယန်စုစိန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... တိုက်ပွဲဆိုတာ သူသေကိုယ်သေ လုပ်ရတဲ့
လုပ်ပါ"

ကွမ်းကျုံးရုပ်က ခေါင်းခါးယမ်းလိုက်ပြီးနောက် အေးဆေး
ာ လေသံဖြင့်...

"ငါ့လူတွေကို ဘာမဟုတ်တဲ့ ကိစ္စအသေးအဖွဲ့နဲ့ အသက်ခံ
ာကို ငါမလိုလားဘူး"

"ဥာနမှူးက ဘယ်လိုစီစဉ်သလဲ"

ကွမ်းကျုံးရုပ်သည် အနည်းငယ် စဉ်းစားလိုက်ပြီး...

"သူတို့ အလိုရှိတာက သိုးပန်းချီပဲ၊ ဒါကြောင့် ဒီသိုးပန်းချီ
ဲ့နေရာကို သူတို့လာမှာ သေချာတယ်"

ယန်စုစိန် အံ့အားသင့်ကာ...

"ဥာနမှူးက..."

ကွမ်းကျုံးရုပ်သည် ယန်စုစိန် စကားမဆုံးမီ လက်ကာပြ
ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ဒီသိုးပန်းချီကို ဟစ်ခြားနေရာ ယူသွားရင် ကျားမာန်အာမခံဌာနက လူတွေ အသက်ချမ်းသာရနိုင်တယ်လို့ ကျုပ်ထင်တယ်"

ယန်စုစိန်က သဘောပေါက် နားလည်လာလေသည်။

"ကျုပ်သဘောပေါက်ပါပြီ၊ ဒါနဲ့ ဌာနမှူးက လူ ဘယ်လောက်များများ ခေါ်သွားမလဲ"

ကွမ်းကျုံးရုပ်သည် အတန်ကြာ စဉ်းစားလိုက်သည်။

"ကျုပ်တစ်ယောက်တည်း သွားမယ်"

ယန်စုစိန်သည် ကွမ်းကျုံးရုပ်၏ စကားကြောင့် အံ့အားသင့်သွားသည်။

ပြီးနောက် ခေါင်းခါယမ်းလိုက်ပြီး...

"မဖြစ်ဘူး ထင်တယ်၊ ကျုပ်တို့ ဘယ်သူမှ သဘောမတူနိုင်ဘူးဗျာ"

* * *

ရောက်ရှိလာမည့် ရန်သူများမှာ...

အလွန်ကြောက်စရာကောင်းသော ရန်သူများ ဖြစ်မည်ဟု ကွမ်းကျုံးရုပ်က ယုံကြည်ထားသည်။

ထို့ကြောင့် သူသည် ကျားမာန်အာမခံဌာနခွဲမှ လူအများအား ရောင်တိမ်းရန် အစီအစဉ် ပြုလုပ်ထားသည်။



သို့သော် အိမ်တောင်သည်များကလွဲ၍ ကျန်ရှိသော လူများမှာ မည်သူကမှ ရှောင်တိမ်းခြင်း မပြုဘဲ ကွမ်းကျုံးရုပ်နှင့်အတူ ရန်သူနှင့်ရင်ဆိုင်ရန် ဆုံးဖြတ်ထားပြီး ဖြစ်ကြလေသည်။

အဖွဲ့သားများ မဆိုထားနှင့် ဖန်းကျင်းရှမ်းကဲ့သို့ အဆင့်ရှိသော လူကပင် ခံနိုင်စွမ်း မရှိသည်ကို ကွမ်းကျုံးရုပ် ရိပ်မိနားလည်ထားသည်။

သူသည် အတန်တန် တိုက်တွန်းပြောဆိုသော်လည်း ဖန်းကျင်းရှမ်းတို့ လူစုသည် လက်မခံကြပေ။

ကွမ်းကျုံးရုပ်သည် သူတို့အား ဧည့်ခန်းထဲ၌ စုရုံးထားလိုက်လေသည်။

* * *

ဧည့်ခန်းတွင် ကြီးမားသော ဖယောင်းတိုင် ဆယ့်နှစ်တိုင် ထွန်းညှိထားသောကြောင့် အခန်းတစ်ခုလုံး လင်းထိန်လျက် ရှိသည်။

နာရီလက်တံသည် တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

"ဒေါင်... ဒေါင်..."

ခပ်ဝေးဝေးမှ အုန်းမောင်းခေါက်သံ နှစ်ချက်တိတိ ထွက်ပေါ်လာလေသည်။

ရန်သူများ ချိန်းဆိုထားသော အုန်းမောင်းခေါက်သံ သုံးချက်ကို ရောက်တော့မည် ဖြစ်သည်။

ကွမ်းကျိုးရုပ်တို့လူစုသည် အရာအားလုံးအား သတိကြီးစွာ ဖြင့်ထားကာ ရောက်လာမည့် ရန်သူများ၏ အခြေအနေကို စော ကြည့်နေလေသည်။

ရုတ်တရက် ခပ်လှမ်းလှမ်းမှ ခြေသံကြားလိုက်ရလေသည် အားလုံး၏ရင်ထဲ၌ လှုပ်ရှားသွားလေသည်။

ထို့နောက် မကြာမီမှာပင်...

လူတစ်ယောက်သည် ဧည့်ခန်းထဲသို့ လှမ်းဝင်သော ခြေသံ ကို ကြားလိုက်ရသည်။

ယန်စုစိန်သည် တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

"ရပ်လိုက်"

ကွမ်းကျိုးရုပ်သည် လှမ်းနေသော ခြေသံရှင်အား ဟန့် တားလိုက်သည်။

အားလုံးသော လူများသည် ဝင်ရောက်လာသူအား သတိ ပြု ကြည့်မိလိုက်သည်။

အခန်းထဲသို့ ဝင်ရောက်လာသူမှာ အပြာရောင်ကိုယ်ကျပ် အင်္ကျီ ဝတ်ဆင်ထားသော လူငယ်တစ်ယောက် ဖြစ်နေသည်။

ကွမ်းကျိုးရုပ်သည် မျက်မှောင်ကြုတ်သွားပြီး အံ့သြစွာဖြင့်

"သြော်... ခင်ဗျားကိုး"

လူငယ်က ဦးညွှတ်လိုက်ပြီး...

"ဟုတ်ပါတယ်၊ ကျုပ်နာမည်က ထိမုံ့ချူးပါ"

သူသည် ဖန်းကျင်းရှမ်းအား တစ်ချက်ကြည့်လိုက်သည်။

ထို့နောက် ကွမ်းကျိုးရုပ်အား လက်နှစ်ဘက်ဆုပ်၍ အရို အသေ ပြုလိုက်လေသည်။



"ကျုပ်အခုလို မဖိတ်ဘဲ လာတာ လက်ခံပါ့မလားဗျာ"

ကွမ်းကျိုးရုပ်က ပြုံးလိုက်ပြီး ခေါင်းညိတ်ပြလိုက်သည်။

"လက်ခံပါတယ်၊ ဒါပေမယ့် ကြိုတင်အကြောင်းကြားဖို့ လိုအပ်လိမ့်မယ် ထင်တယ်"

"ဘာများလဲဗျ"

"ကနေ့ည ရန်သူက ကျုပ်တို့ အာမခံဌာနလူစုကို တိုက်ခိုက်ဖို့ ရောက်လာကြလိမ့်မယ်"

ထိမုံ့ချူးက ပြုံးလိုက်ပြီး ခေါင်းငုံ့ကာ...

"ကောင်းပါတယ်ဗျာ၊ ကျုပ်က ပွဲကြီးပွဲကောင်း ကြည့်ခွင့်ရသွားတာပေါ့"

"ရန်သူဟာ ခင်ဗျားကို ပွဲကြည့်ပရိသတ်တစ်ယောက်လို့ မမြင်ဘဲ ကျုပ်တို့ လူဆိုပြီး သတ်သွားရင် ခင်ဗျား ဘယ့်နှယ်လုပ်မလဲ"

ထိမုံ့ချူးသည် ပခုံးတစ်ချက် တွန့်ပြလိုက်သည်။

"ဒါကတော့ဗျာ... ကျုပ်ထိုက်နဲ့ ကျုပ်ကံပဲပေါ့"

ကွမ်းကျိုးရုပ်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒါကို နားလည်တယ်ဆိုရင် ခင်ဗျားသဘော ရှိနေနိုင်ပါတယ်ဗျာ"

ထိမုံ့ချူးသည် ဖန်းကျင်းရှမ်းအနီးသို့ ဝင်ရောက် ထိုင်ချလိုက်လေသည်။

* * *

ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ် မှောင်မည်းနေပြီ။

ခန်းမတစ်ခုလုံးတွင် မီးရောင်များမှာ လင်းထိန်နေသည်…

ကွမ်းကျုံးရုပ်တို့အဖွဲ့သားများ မျှော်လင့်စောင့်ဆိုင်း… သော အုန်းမောင်းခေါက်သံသုံးချက်သည် ထွက်ပေါ်လာခြင်း မ… သေးပါ။

ထိုစဉ် ရုတ်တရက်…

“တောက်…”

ဟူသော အသံနဲ့အတူ တစ်ကိုယ်လုံး အနက်ရောင်အ… ဝတ်ဆင်ထားသော လူတစ်ယောက် ခြံဝင်းထဲသို့ လှစ်ကနဲ လှမ်း… လိုက်လေသည်။

ယင်းလူသည် အနက်ရောင်ဇာပဝါဖြင့် မျက်နှာဖုံးစွပ်ထား… သည်။

ထိုသူ၏လက်ထဲတွင် ဓားရှည်တစ်လက် ကိုင်ဆောင်ထား… သည်ကို မြင်တွေ့ရသည်။

ထိမ့်ချူးသည် လေသံတိုးတိုးဖြင့်…

“ချိန်းထားတဲ့ အချိန်ထက် စောနေပါလားဗျ”

ယန်စုစိန်၊ ဖန်းကျင်းရှမ်း၊ ကွမ်းကျုံးရုပ်တို့က ဝင်လာ… အား စိုက်ကြည့်ကြလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူက ဆက်လက် ဝင်ရောက်… လာပြီး ဧည့်ခန်းထဲသို့ တည့်မတ်စွာ ဝင်လာလေသည်။

ထို့နောက် အသံတိုးမြှင့်၍ အော်ခေါ်လိုက်သည်။

“ဒီက ဌာနမှူးဆိုတာ ဘယ်သူလဲဗျ”

ကွမ်းကျုံးရုပ်သည် ထိုင်ရာမှ ထလိုက်ပြီး…



“ကျုပ်ပါ”

“သိုးပန်းချီ ဘယ်မှာလဲ”

“ကျုပ်ဆီမှာ ရှိပါတယ်”

“ကျုပ် ပို့လိုက်တဲ့ဖိတ်စာ ရလား”

“ရပါတယ်”

“အခု အုန်းမောင်းခေါက်သံ သုံးချက် မထိုးသေးပါဘူး၊ သိုးပန်းချီပေးရင် အသက်ချမ်းသာနိုင်တဲ့ အခွင့်အရေး ရှိပါသေးတယ်”

ကွမ်းကျုံးရုပ်သည် မဲ့ပြုံးပြုံးလိုက်ကာ…

“ခင်ဗျား အခုလို ဘွင်းဘွင်းနဲ့ ရှင်းရှင်းပြောတာ ကျုပ် လေးစားပါတယ်၊ ကျုပ်က ပေးသင့် မပေးသင့်ဘူးဆိုတာ စဉ်းစား ချင့်ချိန်နိုင်အောင် ခင်ဗျားရဲ့ နာမည်ကိုတော့ ပြောစေချင်ပါတယ်”

အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားသော လူသည် ဧည့်ခန်းထဲသို့ တစ်ချက်ဝေ့ကြည့်လိုက်သည်။

“ခင်ဗျားက ကျုပ်တို့ကို ခုခံဖို့ အသင့်ပြင်ထားပြီးပြီကိုး”

ကွမ်းကျုံးရုပ်သည် ခေါင်းညိတ်လိုက်ပြီး…

“ခင်ဗျားနာမည် မပြောရင် ကျုပ် ဒီသိုးပန်းချီကို မပေးဘဲ အသေခံတိုက်ပါမယ်”

အနက်ရောင်ဝတ်ဆင်ထားသော လူက ဟက်ဟက်ပက်ပက် ရယ်မောကာ…

“ဟား ဟား ဟား…”

“ခင်ဗျားက နာမည်ကျော်ကြားသလောက် သတ္တိကောင်းသားပဲ”

ကွမ်းကျုံးရုပ်သည် စားပွဲပေါ်မှ အသင့်ထားရှိသော ရွှေဓား

ကို လှမ်းယူလိုက်ပြီး...

"ခင်ဗျားရဲ့အဖော် ရှိပါသေးတယ်၊ တစ်ခါထဲ ခေါ်လိုက် ဗျာ..."

အနက်ရောင်ဝတ်ဆင်ထားသောလူသည် ခေါင်းညိတ်လိုက် ပြီး ဘေးပတ်ဝန်းကျင်အား အကဲခတ်လိုက်ပြီး...

"တချို့တစ်ဝက်တော့ ရောက်လာပါပြီ"

သူ၏စကား ဆုံးသွားသည်နှင့် တစ်ပြိုင်နက် အနက်ရော ဝတ်ဆင်ထားသည့် လူလေးယောက် ထပ်မံရောက်ရှိလာပြန်သည်

သူတို့၏လက်ထဲတွင် ဓားရှည်တစ်လက်စီ ကိုင်ဆောင်ထာ လေသည်။

ထူးခြားသည်မှာ ယင်းလူများ၏ ကိုယ်လုံးကိုယ်ထည်မျာ မှာ မတိမ်းမယိမ်း ဖြစ်ကြသည်။

ကိုင်ဆောင်ထားသော ဓားများမှာလည်း အရွယ်အစာ အားလုံးမှာ ဆင်တူရိုးမှား ဖြစ်နေ၏။

ထိမုံ့ချူးသည် အသံတိုးတိုးဖြင့်...

"သူတို့ဆယ်ယောက် ရောက်လာပြီ၊ ငါးယောက် အပြင်မှ ကျန်နေခဲ့တယ်"

ကွမ်းကျုံးရှပ်က ပြုံးပြီး ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားတို့ လူစုထဲက ဘယ်သူက ခေါင်းဆောင်လဲဗျ"

ထိုလူငါးယောက်မှာ မည်သို့မျှ စကားမပြောဘဲ နှုတ်ဆိ နေကြလေသည်။

ကွမ်းကျုံးရှပ်က ပခုံးတစ်ချက် တွန့်လိုက်ပြီး...

"ခင်ဗျားတို့က ဆွံ့အနေသလား"



ထိုလူငါးယောက်အနက် တစ်ယောက်သော လူသည် လှုပ်ရှားကာ စကားပြောလိုက်သည်။

"ကျုပ်တို့ကို သိုးကျောင်းပန်းချီ အေးအေးဆေးဆေး ပေးလိုက်ပါ၊ ကျုပ်တို့ကို ပေးလိုက်ရင် မနှောင့်ယှက်ဘဲ ပြန်သွားပါ့မယ်"

ကွမ်းကျုံးရှပ်က မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားတို့ စကားပြောနိုင်သားပဲ"

သူသည် ခနဲ့ပြုံး ပြုံးလိုက်ရင်းမှ...

"တကယ်လို့ ကျုပ်က မပေးနိုင်ဘူးဆိုရင်ကောဗျာ"

ထိုဝတ်စုံနက်နှင့်လူက အေးအေးစက်စက် လေသံဖြင့်...

"အနှီးမောင်းခေါက်သံ သုံးချက်ကျော်ရင် အာမခံဌာနကို သွေးနဲ့ပေးပစ်ရလိမ့်မယ်"

ကွမ်းကျုံးရှပ်က မဲ့ပြုံးပြုံးလိုက်ယင်း လက်ဖျောက်တီးလိုက်ကာ...

"ခင်ဗျားတို့အားလုံး တစ်စုလုံး တိုက်ခိုက်မလား၊ တစ်ဦးချင်း ယှဉ်ပြိုင်မလား"

တတိယနေရာတွင် ရပ်နေသော လူက...

"ကျုပ်တို့မှာ အချိန်မရှိဘူး၊ သိုင်းလောကရဲ့ စည်းကမ်းကိုလည်း လိုက်နာမနေနိုင်ဘူးဗျ"

ကွမ်းကျုံးရှပ် မဲ့ပြုံးပြုံးလိုက်သည်။

"သိုးကျောင်းပန်းချီက ကျုပ်ဆီမှာ ရှိပါတယ်၊ လိုချင်တဲ့လူလာယူပါ"

ထိုလူက ရယ်မောလိုက်သည်။

"ခင်ဗျားတို့ အဖော်တွေကို ပြန်သွားခိုင်းနိုင်ပါတယ်"

ကွမ်းကျုံးရုပ်သည် လက်ကာပြလိုက်ပြီး...

"ဒီကိစ္စမှာ ကျုပ်တစ်ယောက်တည်းရဲ့ကိစ္စ ဖြစ်တဲ့အတွက် မဆီမဆိုင်တဲ့ လူတွေကို ဒုက္ခမပေးပါနဲ့လို့ ကျုပ် တောင်းပန်ပါတယ်"

အစွန်ဆုံးမှာ ရပ်နေသော လူတစ်ယောက်က ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်ပြီး...

"ကျုပ်ကပဲ စပြီး ယှဉ်ပြိုင်ပါ့မယ်"

သူသည် ပြောပြီးသည်နှင့် လက်ထဲမှ ဓားဖြင့် ဝှေ့ယမ်း တိုက်ခိုက်လိုက်လေသည်။

* * *

ဖန်းကျင်းရှမ်းသည် ထိုလူငါးယောက်အား စူးစိုက်ပြီး အခြေအနေ အားလုံးအား အကဲခတ် ကြည့်နေသည်။

ထိုလူငါးယောက်တို့သည် ဝတ်စားဆင်ယင်မှုမှအစ တူညီနေသည့်အပြင် သူတို့၏ အရပ်အမောင်းနှင့် ကိုယ်လုံးကိုယ်ထည်တို့မှာလည်း ခွဲမရအောင် တူနေ၏။

သူတို့သည် တစ်ယောက်လျှင် စကားတစ်ခွန်းသာ ပြောပြီး နောက်ထပ် စကား မပြောဘဲ နေသည်ကို တွေ့ရသည်။

ဤသည်မှာ ထိုလူငါးယောက်၏ ထူးခြားချက်ပင် ဖြစ်လေသည်။



ထိုစဉ် အစွန်ဆုံးမှာ ရပ်နေသော လူ၏ဓားသည် ကွမ်းကျုံးရုပ်၏ ရင်ဘတ်တည့်တည့်သို့ ထိုးသွင်းလိုက်လေသည်။

ကွမ်းကျုံးရုပ်သည်လည်း လျှပ်တပြက် ရှောင်တိမ်းလိုက်ပြီး သူ၏လက်ထဲမှ ဓားဖြင့် ခုတ်ချလိုက်သည်။

ထိုသူသည် ဆက်လက်တိုက်ခိုက်ခြင်း မပြုဘဲ ခြေသုံးလေးလှမ်းမျှ နောက်သို့ ဆုတ်သွားလေသည်။

ကွမ်းကျုံးရုပ်သည် အံ့အားသင့်နေစဉ် စတုတ္ထနေရာတွင် ရပ်နေသော လူက လျှပ်တပြက် ဝင်ရောက် တိုက်ခိုက်လိုက်လေ၏။

မမျှော်လင့်သော တိုက်ခိုက်မှုကြောင့် ကွမ်းကျုံးရုပ်သည် ထိတ်လန့်သွားပြီး နောက်သို့ နှစ်လှမ်းမျှ ဆုတ်ကာ ယမန်းကတန်း ရှောင်တိမ်းလိုက်ရလေသည်။

သို့သော် ကွမ်းကျုံးရုပ်မှာ အနည်းငယ် နောက်ကျသွားလေသည်။

ထိုလူ၏ဓားသည် သူ၏ဝမ်းဗိုက်သို့ ရှပ်၍ ထိမှန်သွားလေသည်။

သွေးများသည် ဖြာခနဲက ထွက်လာလေသည်။

ဖန်းကျင်းရှမ်းသည် အခြေအနေ မဟန်မှန်း သိလိုက်သဖြင့် လျှပ်တပြက် လက်တစ်ချက် ဝှေ့ယမ်းလိုက်ရာ လက်ထဲမှ ရွှေကွင်းကလေးတစ်ခုသည် ထိုသူ့ထံသို့ ပစ်လွှင့်သွားသည်။

ထိုသူသည် ထိုရွှေကွင်းကလေးများကို မြင်လိုက်ရသောအခါ ဆက်လက်တိုက်ခိုက်ခြင်း မပြုဘဲ နောက်ဆုတ်သွားလေသည်။

ရွှေကွင်းကလေးသည် တပဟ်ပဘ်ပြီး ဖန်းကျင်းရှမ်း လက်ထဲသို့ ပြန်လည် ရောက်ရှိလာသည်။

ထိုစဉ် ဒုတိယလူနှင့် တတိယလူတို့သည် ရှေ့သို့ ခြေတစ်လှမ်းစီ တိုးလိုက်ပြီး သိုင်းကွက်တစ်ကွက်စီ တိုက်ခိုက်လိုက်ပြန်လေသည်။

ကွမ်းကျုံးရုပ်မှာ လျှင်မြန်စွာ ခုခံလိုက်သော်လည်း...

ထိုလူ၏ ဓားများသည် ကွမ်းကျုံးရုပ်၏ လက်မောင်းနှင့် ပခုံးတို့အား ရှပ်၍ ထိမှန်သွားပြန်လေသည်။

ဖန်းကျင်းရှမ်းသည် ရပ်နေရာမှ လျှပ်တပြက် လက်နှစ်ဘက်ကို ဝှေ့ယမ်းလိုက်၏။ ထိုအခါ ရွှေကွင်းလေးနှစ်ခုသည် ဒုတိယလူနှင့် တတိယလူထံ ပစ်လွင့်သွားလေသည်။

ဒုတိယလူနှင့် တတိယလူတို့မှာ ဆက်လက်တိုက်ခိုက်လိုက်ခြင်း မရှိဘဲ နောက်ဆုတ်သွားကြသည်။

ပထမလူသည် ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ပြီး ဖန်းကျင်းရှမ်း၏ ရွှေကွင်းနှစ်ခုအား ရိုက်ချလိုက်သည်။

ဖန်းကျင်းရှမ်းမှာ ဓားကို ဆွဲထုတ်လိုက်ပြီး ပထမလူအား တိုက်ခိုက်လိုက်သည်။

"ရပ်လိုက်"

ကွမ်းကျုံးရုပ်၏ ဟန့်တားလိုက်သောအသံ ဖြစ်သည်။

ဖန်းကျင်းရှမ်းမှာ တိုက်ခိုက်ရာမှ ရပ်တန့်သွားလေသည်။

ပထမလူသည် ကွမ်းကျုံးရုပ်အား စူးစူးစိုက်စိုက် ကြည့်လိုက်သည်။

"ခင်ဗျားက သိုးကျောင်းပန်းချီကို ပေးတော့မလို့လား"

ကွမ်းကျုံးရုပ်မှာ မဲ့ပြုံးပြုံးလိုက်ပြီး...

"မဟုတ်ဘူး၊ ဒီကိစ္စမှာ ကျုပ် လူနဲ့ မဆိုင်လို့ပါ"



ပထမလူသည် ဖန်းကျင်းရှမ်းဘက်သို့ လှည့်လိုက်လေ၏။

"ခင်ဗျား မဆိုင်ရင် နောက်ဆုတ်နေပါ"

ဖန်းကျင်းရှမ်းသည် မကျေမနပ် ဖြစ်သွားသော်လည်း မတတ်သာ၍ နောက်သို့ ဆုတ်သွားလေသည်။

ထိုအချိန်၌ အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားသော လူများသည် သူ့နေရာနှင့်သူ ပြန်လည်၍ တန်းစီရပ်နေကြသည်။

ပထမလူ ဖြစ်သူက အေးတိအေးစက်သော လေသံဖြင့်...

"ကျုပ် နောက်ဆုံး မေးလိုက်မယ်၊ သိုးပန်းချီပေးမလား၊ မပေးဘူးလား၊ ဒါပဲ ပြောပါ"

ကွမ်းကျုံးရုပ်က မဲ့ပြုံးပြုံးလိုက်ပြီး...

"ဒီသိုးပန်းချီကို ကျုပ်က အပိုင်လိုချင်လို့ မဟုတ်ဘူး၊ ရတနာသိုက်ကို တွေ့ရင် အများအတွက် အကျိုးရှိမယ့် အလုပ်ကို လုပ်ဖို့ ရည်ရွယ်ထားပါတယ်"

ဒုတိယလူက စကားဆက်လိုက်သည်။

"ဒါတွေ ကျုပ် နားမလည်ဘူး၊ သိုးပန်းချီပေးမယ်၊ မပေးဘူးဆိုတာသာ ပြောပါ"

ကွမ်းကျုံးရုပ်က ပြုံးလိုက်သည်။

"မပေးနိုင်ဘူး"

စတုတ္ထလူက ဒေါသထွက်လာပြီး လက်မြှောက်ကာ...

"ပြောနေတာ ကြာတယ်၊ သူ့ကို သတ်လိုက်"

သူသည် ပြောပြီး ဓားဖြင့် တိုက်ခိုက်လိုက်လေသည်။

ကွမ်းကျုံးရုပ်သည် ယင်းလူများ၏ တိုက်ခိုက်မှုမှာ အလွန်လျှို့ဝှက်ဆန်းကြယ်ပြီး စုပေါင်းတိုက်ခိုက်တတ်သည်ကို သိရှိထား၏။

ထို့ကြောင့် ဓားကို ဝှေ့ယမ်းပြီး ကိုယ့်ကိုကိုယ် ကာကွယ်ထားလေသည်။

သူ တွေးထင်ထားသည့်အတိုင်းပင် တစ်ယောက်ပြီးတစ်ယောက် တိုက်ခိုက်ယင်းမှ နောက် ပဥ္စမလူသည် ဆက်လက် တိုက်ခိုက်လာသည်ကို တွေ့ရလေသည်။

ပဥ္စမလူမှာ သိုင်းကွက်တစ်ကွက်သာ တိုက်ခိုက်ပြီး နောက်ဆုတ်သွားလေသည်။

ပထမလူသည် ဆက်၍ တိုက်ခိုက်လိုက်ပြန်သည်။

ဖန်းကျင်းရှမ်းက မခံမရပ်နိုင် ဖြစ်လာပြီး...

"ဟေ့... မင်းတို့က ငါးယောက်နဲ့ တစ်ယောက် မရှက်ဘူးလား"

သူသည် ပြောပြီးသည်နှင့် ကွမ်းကျုံးရုပ်ဘက်မှ ကူညီတိုက်ခိုက်ရန် ခြေလှမ်းပြင်လိုက်လေသည်။

လူတစ်ယောက်က သူ၏လက်ကောက်ဝတ်ကို ဖမ်းဆွဲထားခြင်းကို ခံလိုက်ရလေသည်။

သူသည် နောက်သို့ ...ည့်ကြည့်လိုက်ရာ...

"ထိမုံ့ချူး ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

သူသည် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ခင်ဗျား..."

ထိမုံ့ချူးသည် ခေါင်းညိတ်လိုက်ပြီး...

"စိတ်မဆိုးပါနဲ့၊ ဒီကိစ္စကို ကျုပ်အရင်သွားပြီး ရင်ဆိုင်ပါ့မယ်၊ ကျုပ်မနိုင်တော့မှ ခင်ဗျားသွားပါ"

သူသည် ပြောရင်း ရှေ့သို့ လျင်မြန်စွာ ပြေးလွှားသွားပြီး



"ရပ်လိုက်"

ထိမုံ့ချူး၏အသံသည် ကျယ်လောင်ခြင်း မဟုတ်သော်လည်း ကြဲဇာအပြည့်ပါသည်ဟု ထင်ရပေသည်။

ထိုအခါ ကွမ်းကျုံးရုပ်အား တိုက်ခိုက်နေသော လူငါးယောက်တို့သည် အလိုအလျောက် ရပ်တန့်သွားကြလေတော့၏။

ထိမုံ့ချူးသည် ကွမ်းကျုံးရုပ်ရှေ့သို့ သွားရောက်၍ ရပ်တန့်လိုက်လေသည်။

ထိုအခါ အနက်ရောင်ဝတ်ဆင်ထားသော လူများသည် ထိမုံ့ချူး လုပ်ရပ်ကြောင့် ဒေါသ ထွက်လာကြလေတော့သည်။

ထို့ကြောင့် သူတို့၏လက်ထဲမှ ဓားငါးလက်သည် ထိမုံ့ချူးအား ချိန်ရွယ်ထားလိုက်လေသည်။

ထိမုံ့ချူးက ပြုံးလိုက်ပြီး...

"ခင်ဗျားတို့ တော်တော် ထိတ်လန့်သွားတယ် ထင်တယ်"

ပထမလူက တည်ငြိမ်သော လေသံဖြင့် ထိမုံ့ချူးရှေ့မှ ထွက်ရပ်လိုက်ပြီး...

"မင်းက ဘယ်သူလဲ"

ထိမုံ့ချူးက မဲ့ပြုံးပြုံးလိုက်သည်။

"မင်းတို့ မေးခွင့် မရှိဘူး၊ မေးချင်ရင် မင်းတို့ ခေါင်းဆောင်အမည် ပြောပြပါ"

ဒုတိယလူသည် ဆက်လက်ပြောလိုက်ပြန်သည်။

"မင်းက လူငယ်သလောက် လေးလုံးတော်တော်ထွားတယ်"

ထိမုံ့ချူးက ရယ်မောလိုက်လေသည်။

"မင်းတို့ အခုလို တစ်ယောက်တစ်လှည့် စကားပြောနေတာဟာ ကိုယ့်ကိုကိုယ် ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာ ဖော်ပြနေတာနဲ့ မတူဘူးလား"

တတိယလူသည် ထိမုံ့ချူးအနားသို့ တိုးရပ်ကာ...

"ဒါဖြင့် ပြောစမ်း ငါတို့က ဘယ်သူတွေလဲ မှန်မှန်ပြော"

ထိမုံ့ချူးက ပြုံးလိုက်သည်။

"သိုင်းလောကမှာ စကားပြောရင် တစ်ယောက်တစ်ခွန်းသာ ပြောခွင့်ရှိတယ်၊ တိုက်ခိုက်တဲ့အခါမှာလည်း တစ်ယောက်တစ်ကွက်သာတိုက်တဲ့ အဖွဲ့အစည်းဆိုလို့ တစ်ခုတည်းရှိတယ်"

စတုတ္ထလူက ခေါင်းညိတ်လိုက်ပြီး...

"ဒါဖြင့် ပြောစမ်း၊ ကျုပ်တို့က ဘယ်အဖွဲ့အစည်းလဲ"

ထိမုံ့ချူးက ပြုံးလိုက်ပြန်သည်။

"မင်းတို့ အဖွဲ့အစည်းဟာ အလွန်လျှို့ဝှက်တဲ့အတွက် သိုင်းလောကမှာ သိတဲ့လူ အလွန်နည်းပါးတယ်၊ နောက်ပြီး သိုင်းလောကမှာ ပျောက်ကွယ်သွားတာ ကြာပြီပဲ၊ အခုပြန်ပြီး ပေါ်လာပြန်ပြီ"

ပဉ္စမမြောက်လူသည် မျက်နှာထားတည်တည်ဖြင့်...

"သူက ကျုပ်တို့ အဖွဲ့အကြောင်းကို မသိပါဘူး၊ ကျုပ်တို့ကို အစ်နေတာပါ"

ထိမုံ့ချူးက အေးတိအေးစက်သော လေသံဖြင့် စကားတစ်လုံးခြင်း ပြောချလိုက်လေသည်။

"ခင်ဗျားတို့ အဖွဲ့ဟာ ဝါးဆစ်အဖွဲ့ မဟုတ်လား"

ယင်းစကား ကြားလိုက်သည်နှင့် ထိုလူ(၅)ယောက်၏ ခန္ဓာကိုယ်များသည် မသိမသာ တုန်ခါသွားကြလေသည်။



ကွမ်းကျူးရုပ်နှင့် ဖန်းကျင်းရှမ်းတို့သည် သိုင်းလောက အ...အကြို သိုင်းလောက၏ ဗဟုသုတများ အလွန်ကြွယ်ဝနေသော...ည်း သိုင်းလောကပေါ်တွင် ဝါးဆစ်ဂိုဏ်းကို မကြားဘူးခဲ့ပေ။

အနက်ရောင်ဝတ်ဆင်ထားသော လူများသည် တစ်ခဏ...မျှ တွေဝေနေပြီးနောက် အစွန်ဆုံးမှ ရပ်နေသောလူက...

"ကျုပ်တို့ ဝါးဆစ်ဂိုဏ်းကဆိုတာ မင်း ဘယ်လိုလုပ်သိသ..."

ထိမုံ့ချူးက ပြုံးလိုက်သည်။

"ဒါကတော့ ခင်ဗျားတို့ဂိုဏ်းရဲ့ ထူးဆန်းတဲ့ စည်းကမ်းချက်...ကြောင့်ပေါ့ဗျာ"

သူသည် ပြုံး၍ စကားဆက်လိုက်သည်။

"မင်းတို့ရဲ့ လှုပ်ရှားမှုတွေဟာ ဝါးဆစ်လိုပဲ လူများသည်...စေ၊ နည်းသည်ဖြစ်စေ တစ်ယောက်က စကားတစ်ခွန်းပြောရင်...က်တစ်ယောက်က စကားဆက်ပြောရတယ် တိုက်ခိုက်တဲ့အခါ...လည်း တစ်ယောက်က တိုက်ခိုက်ရင် သိုင်းကွက်တစ်ကွက် တိုက်...်ပြီးမှပဲ၊ ဒုတိယလူက ဆက်ပြီး တိုက်ခိုက်ရတယ် မဟုတ်လား၊...တွကို ကြည့်ပြီး ကျုပ်က ပြောနိုင်တာပေါ့"

ဒုတိယလူသည် ခက်ထန်စွာဖြင့် လှမ်းပြောလိုက်သည်။

"မင်းက သိနေပြီပဲ ဒီနေရာက ထွက်သွားဖို့ ကောင်းတယ်"

ထိမုံ့ချူးက ပြုံးလိုက်သည်။

"ကျုပ်က မပိုင်ရင် အခုလို မင်းတို့နဲ့ လာပြီး စကားမပြော..."

တတိယလူသည် ရှေ့သို့တိုးကာ...

"ဘာလဲ၊ မင်းက ငါတို့နဲ့ တိုက်ခိုက်မလို့ ဟုတ်လား"

ထိမ့်ချူးက မဲ့ပြုံးပြုံးလိုက်သည်။

"ဒါကတော့ မင်းတို့ အလိုက်သိသိ ထွက်သွားမလား၊ ထွက်ဘူးလားဆိုတဲ့ အကြောင်းကိစ္စပေါ်မှာ မူတည်နေပါတယ်"

စတုတ္ထမြောက်လူကလည်း ရှေ့သို့ တိုးလာပြီး ခက်ထန်စွာ ပြောလိုက်သည်။

"မင်းလေသံက မာလှချည်လား"

ထိမ့်ချူးသည် အပြုံးမပျက်ဘဲ ဆက်လက်ပြောလိုက်၏

"မင်းတို့ဂိုဏ်းရဲ့ သိုင်းကွက်တွေဟာ တမူထူးခြားပြီး နည်း ပရိယာယ်ဆင်ပြီး ကွင်ထားတယ်ဆိုတာ ကျုပ်သိတယ်"

ထိမ့်ချူးသည် ထိုလူငါးယောက်အား တစ်ချက်ဝေ့ကြည့် လိုက်ပြီး စကားဆက်လိုက်လေသည်။

"မင်းတို့ရဲ့ သိုင်းကွက်တွေဟာ ဝါးဆစ်လို တစ်ယောက်နဲ့ တစ်ယောက် အချိတ်အဆက် မိထားကြတယ်၊ တစ်ယောက်က တိုက် ခိုက်ရင် နောက်တစ်ယောက်က ဆက်ပြီး တိုက်ခိုက်တယ်၊ ဒါကြောင့် အတိုက်ခိုက်ခံရတဲ့လူဟာ ဘယ်လို ခုခံရမှန်း မသိဘဲ သေဆုံးသွား တာချည်းပဲ ဒါပေမယ့်"

သူသည် ခနဲ့ပြုံးပြုံးလိုက်ရင်း ဆက်၍ ပြောလိုက်သည်။

"ဒါပေမယ့် မင်းတို့ သိုင်းကွက်ကို သိထားတဲ့လူနဲ့ တွေ့ရင် သူက လက်ဦးအောင် တိုက်ခိုက်ရင် မင်းတို့ရဲ့ သိုင်းကွက်တွေဟာ မတွေးဝံ့အောင် ဖြစ်ကတတ်တယ်"

ငါးယောက်မြောက်လူက မျက်နှာထား တင်းမာစွာဖြင့်...

"ဘာဖြစ်သလဲ ဆက်ပြော"



ထိမ့်ချူးသည် မဲ့ပြုံးပြုံးလိုက်ယင်း...

"ဝါးလုံးကို ဓားနှင့် ခွဲလိုက်သလို တစ်ဆစ်ပြီးတစ်ဆစ် ကွဲ သွားကြမှာ သေချာတယ်"

အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားသော လူငါးယောက်တို့ သည် စကားမပြောတော့ဘဲ အတန်ကြာမျှ ငြိမ်သက်သွားကြလေ သည်။

ထိမ့်ချူးက ချောင်းတစ်ချက် ဟန့်လိုက်ပြီး...

"ဝါးဆစ်ဂိုဏ်းဟာ တစ်ချိန်က ပြိုင်ဘက်ကင်းလုလု ဖြစ်ခဲ့ပြီး င်းလောကမှာ ပျောက်ကွယ်သွားတယ်၊ အခုတော့ မမျှော်လင့်ဘဲ ပေါ်လာတယ်"

သူသည် ထိုလူငါးယောက်အား ကြည့်ကာ သက်ပြင်းချ က်ရင်း...

"ကျုပ်ရဲ့ စေတနာကို နားလည်ကြစမ်းပါ၊ အခုနေ နောက် တ်သွားရင် အချိန်မနှောင်းသေးပါဘူး၊ ဒါမှမဟုတ်ရင်..."

သူသည် ပြောယင်း သူ၏လက်နှစ်ဘက်မှာ ဓားကွက်(၃)- )မျိုးကို သရုပ်ဖော်ပြသလိုက်လေသည်။

အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားသော လူငါးယောက်၏ က်နှာပေါ်တွင် ဇာပဝါနက်များဖြင့် ဖုံးကွယ်ထားသော်လည်း သူ ို့၏ မျက်လုံးများသည် ဇာပဝါထဲမှ ထိုးဖောက်၍ ထိမ့်ချူးအား စိုက်စွာ ကြည့်နေသည်ကို တွေ့ရလေသည်။

ထိမ့်ချူးက လက်ဟန်ခြေဟန်ဖြင့် သိုင်းကွက်များကို ရုပ်ပြပြီးနောက် ရပ်တန့်လိုက်သောအခါ ထိုအနက်ရောင်အင်္ကျီ တ်ဆင်ထားသော လူငါးယောက်၏ မျက်နှာများမှာ တုန်လှုပ်

ချောက်ချားသွားလေသည်။

ထိမုံ့ချူးသည် သူတို့အား ကြည့်ပြီး ပြုံးလိုက်လေသည်

"ဘယ့်နယ်လဲ မင်းတို့ နားလည်ကြပြီ မဟုတ်လား၊ တော့ မင်းတို့ရဲ့ လာလမ်းကို အေးအေးဆေးဆေး ပြန်ဖို့ ကောင်း ထင်တယ်"

ထိုအခါ ရှေ့ဆုံးမှ ရပ်နေသော လူသည် မျက်နှာညှိုးငယ်စွ ဖြင့်....

"ကျုပ်တို့မှာ အခက်အခဲတွေ တွေ့နေလို့ပါ"

ထိမုံ့ချူးက မျက်မှောင်ကြုတ်သွားပြီး...

"အခက်အခဲ ရှိတယ် ဟုတ်လား၊ ဘယ်လို အခက်အခဲလ ပြောပြပါဦး"

ဒုတိယလူသည် စကားဆက်လိုက်သည်။

"ကျုပ်တို့ အခုလို လာရောက်ရတာဟာ ကျုပ်တို့ကို အ ကျုပ်ကိုင်ခံရလို့ပါ"

ထိမုံ့ချူးသည် စိတ်ဝင်စားစွာဖြင့် မေးလိုက်သည်။

"ဘယ်သူက မင်းတို့ကို အတင်း အကျပ်ကိုင်ပြီး ခိုင်းလို့လဲ"

သုံးယောက်မြောက်သောသူသည် လေသံအေးအေးဖြင့်...

"ကျုပ်တို့မှာ ပြောပြလို့ မဖြစ်နိုင်လို့ပါ"

ထိမုံ့ချူးက အေးတိအေးစက် အသံဖြင့်...

"မင်းတို့ ဝါးဆစ်ဂိုဏ်းကို ခြိမ်းခြောက်နိုင်မယ့်လူဟာ သို လောကမှာ မရှိသလောက်ပါပဲ၊ ဒါကြောင့် ဒီလူဟာ မင်းတို့ ဝါးဆ ဂိုဏ်းနဲ့ အတော်ကလေး ရင်းနှီးမှု ရှိမယ်လို့ ထင်တယ်"

စတုတ္ထလူက ခေါင်းခါယမ်းလိုက်သည်။



"ကျုပ်တို့ ပြောပြီးပြီပဲ၊ ခင်ဗျား ထပ်မေးလို့လဲ အဝိုပဲ"

ထိမုံ့ချူးသည် ပြုံးလိုက်ပြီး...

"ဒီလိုဆိုရင် ဌာနမှူးက မင်းတို့ကို ပေးချင်သည့်တိုင်အောင် ျပ်က လက်ခံမှာ မဟုတ်ဘူး"

ငါးယောက်မြောက်သောလူက ခက်ထန်စွာဖြင့်...

"မင်းပြောဆိုနေတဲ့ လေသံက ကျုပ်တို့နဲ့ ယှဉ်ပြိုင်တိုက် က်ရမှာက လွဲလို့ တခြားနည်းလမ်း မရှိတော့ဘူး ထင်တယ်"

ထိမုံ့ချူးက ခေါင်းယမ်းပြလိုက်ပြီး...

"နည်းလမ်းတစ်ခု ကျန်ပါသေးတယ်"

ပထမလူသည် နားစွင့်လိုက်ပြီး...

"ပြောပါဦး"

ထိမုံ့ချူးသည် ပထမလူအား စူးစိုက်စွာ ကြည့်လိုက်ကာ

"ကျုပ်ရဲ့ နည်းလမ်းကို မပြောခင် ကြိုတင်ပြောပြချင်တာ က ခင်ဗျားတို့နဲ့ ကျုပ်နဲ့ ယှဉ်ပြိုင်တိုက်ခိုက်ရင် သွေးထွက်သံယိုမှု ဖြစ်လိမ့်မယ်ဆိုတာ ယုံကြည်စေချင်တယ်"

ဒုတိယလူသည် ခေါင်းညိတ်လိုက်သည်။

"မင်းရဲ့ နည်းလမ်းကို အနည်းအကျဉ်းလောက် ပြောကြည့် ဦး"

ထိမုံ့ချူးသည် အတန်ကြာမျှ စဉ်းစားလိုက်ပြီးနောက်...

"ခင်ဗျားတို့နဲ့ ကျုပ်တို့ လက်တွဲပြီး ခင်ဗျားတို့ကို ခြိမ်း ခြာက်တဲ့လူကို ရင်ဆိုင်မယ်"

တတိယလူသည် မျက်နှာထားတင်းတင်းဖြင့် ဒပြောလိုက် သည်။

"ခင်ဗျား အထင်လွဲနေပြီ၊ ကျုပ်တို့ ဝါးဆစ်ဂိုဏ်းဟာ
များကိုလည်းဒုက္ခမပေးချင်ဘူး၊ ကျုပ်တို့ကို ဒုက္ခပေးလ
မကြောက်ဘူး၊ ရှင်းရှင်းပြောရမယ်ဆိုရင် ကျုပ်တို့က အ
ခြောက်ခံရတာမဟုတ်ဘဲ အမိန့်ကို ဆောင်ရွက်ဖို့ ရောက်
တာပါ"

ထိမ့်ချူးသည် အေးဆေးစွာဖြင့် ပြောလိုက်သည်။

"ခင်ဗျားတို့ သေသေချာချာ စဉ်းစားပါဦး"

နံပါတ်လေးနေရာမှ လူသည် ပြတ်သားစွာဖြင့်...

"ကျုပ်တို့ စဉ်းစားစရာ မလိုပါဘူး"

ထိမ့်ချူးက ပြုံးလိုက်သည်။

"ကျုပ်က အကြိမ်ကြိမ် မေတ္တာရပ်ခံရက်နဲ့ လက်မခံ
ကျုပ်လည်း မတတ်နိုင်တော့ဘူးပေါ့"

သူသည် ဖန်းကျင်းရှမ်းဘက်သို့ လှည့်လိုက်ပြီး...

"ကျုပ်ကို ဓားတစ်လက် ခဏပေးစမ်းပါ"

ဖန်းကျင်းရှမ်းသည် အဖွဲ့သားတစ်ယောက်အား ဓား
ခိုင်းလိုက်လေသည်။

ထိမ့်ချူးက ဓားကို လှမ်းယူလိုက်ပြီး ထိုလူငါးယောက်အ
ကြည့်လိုက်သည်။

"ခင်ဗျားတို့ စဉ်းစားဖို့ စိတ်ကူးသေးလား"

နံပါတ်ငါးနေရာမှ အနက်ရောင်ဝတ်လူသည် တင်းမာ
ဖြင့် လှမ်းပြောလိုက်သည်။

"ကျုပ်တို့ စဉ်းစားစရာ မလိုပါဘူး"

ထိမ့်ချူးက ဓားကို တစ်ချက် ဝှေ့ယမ်းလိုက်သည်။



"ကဲ... မင်းတို့ တိုက်ခိုက်ချင်သပဆိုရင် တိုက်ခိုက်နိုင်ပါပြီ"

ပထမလူသည် ဓားကို ရုတ်တရက် ဝှေ့ယမ်းလိုက်ပြီး ထိမ့်ချူးအား တိုက်ခိုက်လိုက်လေသည်။

ထိမ့်ချူးသည် ဓားဖြင့် ခုခံခြင်း မပြုဘဲ သူ၏ခန္ဓာကိုယ်ကို လျင်မြန်စွာ လှည့်ပတ်လိုက်ပြီး ပထမလူ၏ဘေးသို့ တိုးဝင်သွားလေသည်။

ထိမ့်ချူး၏ ကိုယ်ခန္ဓာ လှုပ်ရှားလိုက်သည်နှင့် ဒုတိယလူနှင့် တတိယလူတို့သည် လျှပ်တပြက် ပြိုင်တူ တိုက်ခိုက်လိုက်ကြ၏။

တစ်ဆက်တည်းမှာပင် စတုတ္ထလူနှင့် ပဥ္စမလူတို့သည် ထိမ့်ချူးအား တစ်ဆက်တည်း ဝင်ရောက် တိုက်ခိုက်လိုက်ကြလေသည်။

* * *

အနက်ရောင်ဝတ်ဆင်ထားသော လူငါးယောက်တို့သည် ထိမ့်ချူးအား တိုက်ခိုက်ရာတွင် ရှေ့ဆင့်နောက်ဆင့် တိုက်ခိုက်လိုက်သည် ဖြစ်သော်လည်း...

တိုက်ခိုက်လိုက်သော ဓားရောင်များမှာ ပိုက်ကွန်တစ်ခုပမာ ထိမ့်ချူး၏ ခန္ဓာကိုယ်တစ်ခုလုံးသို့ လွှမ်းခြုံလိုက်လေသည်။

ထိမ့်ချူးက ဓားဖြင့် အပေါ်မှ အောက်သို့ တစ်ချက် လှုပ်ရှားလိုက်သည်။

"ခြွမ်း... ခြွမ်း... ခြွမ်း"

ဓား ဓားချင်း ထိခိုက်ပြီး ထွက်ပေါ်လာသော အသံမျာ
သည် ဆူညံ၍ သွားပေတော့သည်။

အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားသော လူများ၏ ဓားတို့
သည် လွင့်ပျံ၍ အဝေးသို့ ကျသွားသည်။

သူတို့သည် ထိတ်လန့်တုန်လှုပ်စွာဖြင့် နောက်သို့ ပြိုင်တူ
ဆုတ်သွားကြသည်။

ထိမ့်ချူးက ပြုံးလိုက်သည်။

"ဝါးဆစ်ဂိုဏ်းရဲ့ ဓားပညာက ဆုတ်ယုတ်မသွားတဲ့အပြင်
ပိုပြီးတောင် တိုးတက်လာတယ်"

ထိမ့်ချူးသည် ထိုလူငါးယောက်အား ပြုံးစေ့စေ့ဖြင့် ပြော
လိုက်လေသည်။

* * *

အနက်ရောင်ဝတ်ဆင်ထားသော လူငါးယောက်တို့သည်
ကြောင်အမ်းအမ်းဖြင့် ရပ်နေကြ၏။

သူတို့သည် ရုတ်တရက် ဆက်လက်မတိုက်ခိုက်ဝံ့ဘဲ ဖြစ်
နေလေသည်။

ထိုစဉ် ကွမ်းကျိုးရုပ်သည် ရုတ်တရက်...

"အားလုံး ရပ်လိုက်"

ထိမ့်ချူးနှင့် အနက်ရောင်ဝတ်ဆင်ထားသော လူငါး



ယောက်တို့သည် ကွမ်းကျိုးရုပ်အား ပြိုင်တူလှည့်ကြည့်လိုက်ကြ၏။

ကွမ်းကျိုးရုပ်သည် အင်္ကျီအိတ်ထဲမှ သိုးပန်းချီအား နှိုက်ယူ
လိုက်ပြီး မြှောက်ပြလိုက်သည်။

"ဟောဒီမှာ သိုးပန်းချီ၊ ခင်ဗျားတို့ ယူသွားနိုင်ပါပြီ၊ ဒါပေ
မယ့် ကတိတစ်ခုတော့ ပေးရလိမ့်မယ်"

ဒုတိယမြောက်လူသည် အလျင်စလို မေးလိုက်၏။

"ဘာ ကတိပေးရမလဲ"

ကွမ်းကျိုးရုပ်သည် အတန်ကြာမျှ စဉ်းစားပြီး ပြောလိုက်
လေသည်။

"ခင်ဗျားတို့ရဲ့ ခေါင်းဆောင်နဲ့ တွေ့ပေးရမယ့် ကတိပါ"

တတိယလူဖြစ်သူသည် ကွမ်းကျိုးရုပ်အား ခပ်တည်တည်
စိုက်ကြည့်လိုက်ပြီး...

"သူလည်း ကျုပ်တို့လို အနက်ရောက်အင်္ကျီဝတ်ပြီး မျက်
နှာကို ဓာပဝါနဲ့ အုပ်ထားတာပဲ၊ ခင်ဗျားတွေ့လို့ ဘာအကြောင်း
ထူးမှာ လဲ"

ကွမ်းကျိုးရုပ် ခေါင်းညိတ်လိုက်သည်။

"ဒါကို ကျုပ်သိပါတယ်၊ ဒါပေမယ့် ခင်ဗျားတို့ရဲ့ ခေါင်း
ဆောင်ဟာ ယောကျ်ားလား မိန်းမလားဆိုတာ ခွဲခြားလို့တော့
ရနိုင်တယ် မဟုတ်လား"

စတုတ္ထလူသည် အကြောက်အကန် ငြင်းဆန်လိုက်သည်။

"မဖြစ်နိုင်ဘူး ထင်တယ်"

ထိမ့်ချူးသည် တစ်ချက် လှုပ်ရှားလိုက်ပြီး...

"ဒါဖြင့်ရင် ကျုပ်တို့ ထပ်ပြီး ယှဉ်ပြိုင်ရုံပေါ့"

"ကောင်းပါပြီဗျာ"

ထိမ့်ချူးသည် ဆက်လက် ယှဉ်ပြိုင်ရန် ဟန်ပြင်လိုက်လေသည်။

ထိမ့်ချူးသည် ဓားကို ကန့်လန့်ဖြတ် ကိုင်ထားပြီး သူ၏ မျက်လုံးအစုံသည် အနက်ရောင်အကျႌ ဝတ်ဆင်ထားသော လူ(၅) ယောက်တို့အား စိုက်ကြည့်နေ၏။

အနက်ရောင်ဝတ်ဆင်ထားသော လူငါးယောက်သည် လက်ထဲမှ ဓားများကို ဝှေ့ယမ်းလိုက်ပြီး ထိမ့်ချူးအား တိုက်ခိုက်လိုက်လေသည်။

သူတို့သည် နေရာတစ်နေရာ၌ စုပြီး တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

သူ၏တိုက်ခိုက်ပုံမှာ မည်သူမဆို ခုခံရန် ခက်ခဲလှသော တိုက်ကွက် ဖြစ်သည်။

ဖန်းကျင်းရှမ်းသည် ထိုလူငါးယောက်၏ တိုက်ခိုက်မှုကို တွေ့မြင်လိုက်သည်နှင့် ရင်ထိတ်သွားပြီး ထိမ့်ချူးအား ကူညီရန် ပြေးလွှားသွားလေသည်။

ထိုစဉ် ကွမ်းကျုံးရုပ်သည် သူ၏လက်ကို လှမ်းဆွဲလိုက်၏။

ထိုအခိုက်မှာပင် တိုက်ပွဲ၏ အခြေအနေမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားလေတော့သည်။

* * *



အနက်ရောင်ဝတ်ဆင်ထားသော လူငါးယောက်တို့၏ ဓားသည် ထိမ့်ချူး၏ ရင်ဝ၊ ဝမ်းဗိုက်၊ လည်မျို၊ ကျောပြင်၊ ခြေထောက်စသည့် နေရာအားလုံးတို့ကို တပြိုင်နက် တိုက်ခိုက်လိုက်ကြခြင်း ဖြစ်လေသည်။

ထိမ့်ချူးသည် သူ၏ခန္ဓာကိုယ်အား လျင်မြန်စွာ တစ်ပတ်လှည့်လိုက်ပြီး သူ၏လက်ထဲမှ ဓားသည် လျှပ်တပြက် ဝင်းလက်သွားလေသည်။

"ခြွမ်း...ခြွမ်း...ခြွမ်း"

ဓားဓားချင်း ထိခိုက်သောအသံများ ထွက်ပေါ်လာပြီး ထိမ့်ချူး၏လက်တစ်ဘက်မှ လက်ညှိုးသည် ပဥ္စမလူ၏ ခန္ဓာကိုယ်ပေါ်သို့ ထောက်ထားလိုက်သည်။

"အွန့်"

ထိုလူက တစ်ချက်မျှအော်လိုက်ပြီး မလှုပ်ရှားနိုင်ဘဲ ရပ်နေလေသည်။

ကျန်နေသော လူလေးယောက်တို့သည် ထပ်မံတိုက်ခိုက်စဉ် ပဥ္စမလူသည် သူတို့၏တိုက်ခိုက်မှုကို ဟန့်တားသကဲ့သို့ ရှိနေသဖြင့် ကြောင်အမ်းအမ်း ဖြစ်ကုန်ကြလေသည်။

ထိမ့်ချူးက အေးတိအေးစက် လေသံဖြင့်...

"ဒီလောက်ဆို သိလောက်ပါပြီ၊ မင်းတို့ ထပ်ယှဉ်ပြိုင်ချင်သေးလို့လား"

ထိုစဉ်မှာပင် အနက်ရောင်ဝတ်ဆင်ထားသော လူငါးယောက်တို့သည် ခန်းမထဲသို့ ထပ်မံဝင်ရောက်လာကြလေသည်။

သူတို့သည် ထိမ့်ချူးအား ဝိုင်းရံထားကြလေသည်။

ထိမုံ့ချူးသည် ဘေးပတ်ဝန်းကျင်အား တစ်ချက်မျှ အကဲခတ်လိုက်ပြီးနောက်...

"ဘယ်လိုလဲ သွေးထွက်သံယိုမှုဖြစ်မှ မင်းတို့က ဆုတ်တော့မလို့လား"

နောက်ထပ် ဝင်ရောက်လာသော လူငါးယောက်သည် မိမိတို့ဘက်မှ လူတစ်ယောက်မှာ သွေးကြောပိတ်ခံထားရပြီး အမိက နေရာတွင် ရပ်တန့်နေသည်ကို တွေ့ရသဖြင့် အခက်အခဲ ကြုံတွေ့နေရလေသည်။

ထိမုံ့ချူးက မျက်မှောင်ကြုတ်၍ သူတို့အား အကဲခတ်ကြည့်နေသည်။

နောက်ထပ်ဝင်ရောက်လာသော လူငါးယောက်သည် ကွမ်းကျုံးရုပ်နှင့် ဖန်းကျင်းရှမ်း တို့ကိုပါ ဘေးပတ်လည် ဝိုင်းရံထားလိုက်လေသည်။

ထိမုံ့ချူးက သူတို့အား စိုက်ကြည့်လိုက်ပြီး...

"ဒီမှာ ဝါးဆစ်ဂိုဏ်းဟာ သိုင်းလောကကို ဘာမှအနှောင့်အယှက် မပေးတဲ့အတွက် ကျုပ်က လက်လွန်ခြေလွန် မလုပ်ချင်ဘူး၊ ဒါပေမယ့် မင်းတို့က အတင့်ရဲလာရင်တော့ ကျုပ်အဆိုး မဆိုနဲ့"

အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားသော လူကိုးယောက်သည် စကားမပြောဘဲ ရပ်တန့်နေကြသည်။

ရုတ်တရက် လူတစ်ယောက်၏အသံ ထွက်ပေါ်လာသည်။

"တိုက်"

ထိမုံ့ချူးက လှမ်းကြည့်လိုက်ရာ တံခါးပေါက်တွင် လူတစ်ယောက် ရပ်နေသည်ကို တွေ့ရလေသည်။



ထိုလူသည် အနက်ရောင် ဝတ်ဆင်ထားပြီး အခန်းတွင်းမှ အနက်ရောင်ဝတ်ဆင်ထား သူများအား အမိန့်ပေးနေသည်ကို တွေ့မြင်လိုက်ရလေသည်။

အနက်ရောင် အင်္ကျီဝတ်ဆင်ထားသော လူ(၉)ယောက်တို့သည် ထိမုံ့ချူးအား ဝိုင်းရံတိုက်ခိုက်ကြသည်။

ထိမုံ့ချူးသည် ရှောင်တိမ်းလိုက်ကာ ပြန်လည်တိုက်ခိုက်လိုက်သည်။

တံခါးပေါက်ဝမှာ ရပ်နေသောလူသည် အေးတိအေးစက် လှမ်းပြောလိုက်သည်။

"အခန်းထဲမှာ နေရာကျဉ်းတယ်၊ တို့ရဲ့တိုက်ခိုက်မှုဟာ အစွမ်းမပြနိုင်ဘူး၊ အပြင်ကိုထွက်ကြ"

ထိုအမိန့်သံ ကြားလိုက်ရသောကြောင့် အနက်ရောင်ဝတ်ဆင်ထားသော လူ(၉)ယောက်တို့သည် တိုက်ခိုက်ရာမှ ရပ်တန့်လိုက်ပြီး အပြင်သို့စုကာ ထွက်သွားကြလေသည်။

"မင်းတို့ ဝါးဆစ်ဂိုဏ်းက ဓားကွက်ဟာ (၁၂) ယောက်ရှိမှ အစွမ်းထက်မြက်တယ်၊ လူတစ်ယောက်လျော့ရင် လျော့သလို အားနည်းချက်တွေ ရှိပါတယ်"

သူသည် ပြောပြီးသည်နှင့် သွေးကြောပိတ်ခံထားရသော လူ၏ပခုံးသို့ လက်ဝါးဖြင့် တစ်ချက်ပုတ်လိုက်သည်။

"ကဲ...မင်းလည်း လိုက်သွားမှ(၁၂) ယောက်ပြည့်မယ်"

ထိုလူသည် သွေးကြောပွင့်သွားပြီး အပြင်သို့ ထွက်ခွာသွားလေသည်။

* * *

ကွမ်းကျုံးရှပ်သည် အပြင်သို့ တစ်လှမ်းချင်းလျှောက်သွားသည်။

ဖန်းကျင်းရှမ်းသည်လည်း နောက်မှလိုက်သွားသည်။

ထိမုံ့ချူးက သူတို့အား လှမ်း၍ဟန့်တားလိုက်သည်။

"ခင်ဗျားတို့ ထွက်သွားစရာ မလိုပါဘူးဗျာ"

"ဘာဖြစ်လို့လဲဗျ"

ထိမုံ့ချူးက တည်ကြည်သောလေသံဖြင့် ပြန်ပြောလိုက်၏။

"ဝါးဆစ်ဂိုဏ်းက လူ(၁၂)ယောက် ပူးပေါင်းတိုက်ခိုက်တဲ့ ဓားကွက်ဟာ အတော်ရက်စက်ကြမ်းကြုတ်ပါတယ်၊ ဒါကြောင့် ခင်ဗျားသွားရင် ဒုက္ခရောက်နိုင်တယ်"

ကွမ်းကျုံးရှပ် မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျားကော ထွက်သွားမလို့လား"

ထိမုံ့ချူးက ပြုံးလိုက်သည်။

"ကျုပ်က သူတို့နဲ့ မတွေ့လို့ မဖြစ်ဘူး"

ကွမ်းကျုံးရှပ်သည် အတန်ကြာမျှ စဉ်းစားနေမိသည်။

"ကောင်းပြီလေ၊ ဖြစ်နိုင်ရင်တော့ ခင်ဗျားရဲ့အသက်ကို မထိခိုက်စေချင်ဘူး"

ထိမုံ့ချူးက သက်ပြင်းတစ်ချက် ချလိုက်ပြီး…

"အခြေအနေကြည့်ရတာ သွေးထွက်သံယိုမှု မဖြစ်ရင် ပြီးမှာ မဟုတ်ဘူး"

ဖန်းကျင်းရှမ်းသည် ထိမုံ့ချူးအား စိုက်ကြည့်လိုက်ပြီး…

"ခင်ဗျားက သူတို့ကို ရင်ဆိုင်နိုင်လိမ့်မယ်လို့ ထင်သလား"

"ကျုပ် နိုင်မယ်လို့ ယုံကြည်တယ်"



ဖန်းကျင်းရှမ်းက ခေါင်းခါယမ်းလိုက်ပြီး…

"ဒီကိစ္စက ကျွားမာန်အာမခံဌာနရဲ့ ကိစ္စပါ၊ ခင်ဗျားနဲ့ မဆိုင်ပါဘူးဗျာ၊ ကျုပ်တို့ပဲ ရင်ဆိုင်ပါ့မယ်"

ထိမုံ့ချူးက ပြုံးလိုက်သည်။

"ဟုတ်ပါတယ်၊ ဒါပေမယ့် ခင်ဗျားနဲ့ကျုပ်က ပတ်သက်နေလို့ပါ"

သူသည် ပြုံးလျှက် စကားဆက်လိုက်သည်။

"ဝါးဆစ်ဂိုဏ်းကိုသာ အနိုင်ရလိုက်ရင် ကျန်တဲ့လူတွေကို ခင်ဗျားတို့က မှုစရာမလိုတော့ပါဘူးဗျာ"

ထိမုံ့ချူးသည် ပြောပြီးသည်နှင့် ခြေလှမ်းကျဲကျဲဖြင့် အခန်းထဲမှ ထွက်သွားလေတော့သည်။

* * *

အပြင်ဘက်မှ တိုက်ခိုက်နေကြသော အသံများမှာ ဆူညံစွာ ထွက်ပေါ်နေ၏။

အခန်းထဲ၌ ကွမ်းကျုံးရှပ်သည် စိုးရိမ်ပူပန်စွာဖြင့် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

ဖန်းကျင်းရှမ်းမှာလည်း ထိုင်ရအခက် ထရအခက် ဖြစ်နေသည်။

ကွမ်းကျုံးရှပ်သည် လေသံတိုးတိုးဖြင့်…

"ကျုပ်တို့ လက်ပိုက်ကြည့်နေလို့ မကောင်းဘူးထင်တယ်" ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ဌာနမှူး၊ ကျုပ်တို့သွားပြီး ကူညီရင် ကောင်းမယ်ထင်တယ်"

"ကောင်းပါတယ်၊ သွားကြရအောင်"

သူတို့သည် ခန်းမထဲမှ လျင်မြန်စွာ ထွက်ခွာသွားကြလေသည်။

ကွမ်းကျုံးရုပ်နှင့် ဖန်းကျင်းရှမ်းတို့သည် အပြင်သို့ရောက်လာကြသောအခါ တိုက်ပွဲ၏အခြေအနေသည် အကြီးအကျယ်ပြောင်းလဲသွားပြီ ဖြစ်လေသည်။

မြေကွက်လပ်ပေါ်၌...

အနက်ရောင်ဝတ်ဆင်ထားသော လူရှစ်ယောက်တို့သည် ဖရိုဖရဲဖြင့် အတုံးအရုန်းလဲကျနေသည်။

သူတို့တွင် ဒဏ်ရာပြင်းထန်စွာ ရနေကြသလော။

သို့မဟုတ် သေဆုံးသွားကြပြီလော။

သို့တည်းမဟုတ် သွေးကြောပိတ်ခံရ၍လော စသည်ဖြင့် ဝေခွဲမရ ဖြစ်နေကြသည်။

ကျန်သော အနက်ရောင်ဝတ်ဆင်ထားသူများ၏ အရိပ်အယောင်ပင် မတွေ့ရပေ။

ကွမ်းကျုံးရုပ်နှင့် ဖန်းကျင်းရှမ်းတို့သည် အံ့အားသင့်ကာ ထိမုံ့ချူးအား စိုးရိမ်စွာဖြင့် လှမ်းကြည့်လိုက်သောအခါ ရင်ထိတ်သွားကြလေသည်။

ထိမုံ့ချူးသည် မိမိခန္ဓာကိုယ်အား ဓားဖြင့် မြေပေါ်၌



ထောက်၍ မှီထားလေသည်

သူ၏မျက်လုံးအစုံမှာလည်း မှိတ်၍ထားပြီး ရင်ဘတ်မှာ ...ဟိုက်လွန်း၍ ဖားဖိုကြီးသဏ္ဍာန် လှိုက်ဖိုနေသည်။

ဖန်းကျင်းရှမ်းက သူ့ထံသို့ ပြေးလွှားသွားသည်။

"ထိမုံ့ချူး...ခင်...ခင်ဗျား ဘာဖြစ်သွားသေးသလဲဗျ"

ထိမုံ့ချူး၏ မျက်နှာတစ်ခုလုံး ချွေးများစို့ရွှဲနေ၏။

အလွန်မောပန်း နွမ်းနယ်နေသည်ကိုလည်း တွေ့မြင်လိုက်လေသည်။

သူသည် ဖန်းကျင်းရှမ်း၏အသံ ကြားလိုက်ရသောကြောင့် ...က်လုံး ဖွင့်လိုက်သည်။

ဖန်းကျင်းရှမ်းက စိုးရိမ်ကြီးစွာဖြင့် မေးလိုက်သည်။

"ခင်ဗျား ဒဏ်ရာရသွားသေးသလား"

ထိမုံ့ချူးက ပြုံးပြလိုက်လေသည်။

"ကျုပ် ဘာမှမဖြစ်ပါဘူးဗျာ"

သူသည် မြေပေါ်၌ လဲလျောင်းနေကြသော အနက်ရောင် ...တ်ဆင်ထားသူများအား ငေးကြည့်လိုက်ပြီး စိတ်မကောင်းစွာဖြင့်...

"ကျုပ်က သူတို့ကို မသတ်ချင်ပါဘူးဗျာ၊ အခုလည်း သူတို့ ...းလုံးကို ကျုပ် မသတ်လိုက်ပါဘူး"

ဖန်းကျင်းရှမ်းသည် စိတ်မကောင်းဖြစ်သွားလေသည်။

ထိမုံ့ချူးက သူ၏နဖူးမှ ချွေးများကိုသုတ်ရင်း စကားဆက် ...က်သည်။

"သေဆုံးတဲ့လူ ဘယ်နှစ်ယောက် ရှိသလဲဆိုတာ ကျေးဇူး ...ပြီး တွက်ကြည့်စမ်းပါဗျာ"

ဖန်းကျင်းရှမ်းသည် သေဆုံးသူများအား တစ်ချက်ဝေ့ကြ
လိုက်ပြီး…

"အားလုံး (၈)ယောက်ပါ"

ထိမ့်ချူးသည် သက်ပြင်းချကာ စကားကိုတစ်လုံးချင်း ပြေ
ချလိုက်လေသည်။

"သူတို့ အလွန်ဆုံး အသက်ရှင်တဲ့လူ (၄)ယောက်ထဲရှိ
တယ်၊ ဒါကြောင့် ခင်ဗျားတို့ ကျားမာန်အာမခံဌာနအဖို့ သူတို့
မှုစရာ မလိုတော့ပါဘူး"

ဖန်းကျင်းရှမ်းသည် ထိမ့်ချူးအပေါ် လှိုက်လှိုက်လှဲ
ကျေးဇူးတင်မိလေသည်။

ထို့ကြောင့် ဖန်းကျင်းရှမ်းသည် ထိမ့်ချူးအား လက်န
ဘက်ဆုပ်၍ ဦးညွှတ်လိုက်သည်။

"ခင်ဗျား အခုလို ကျုပ်တို့အာမခံဌာနကို ကယ်တင်လိုက်
တာ ဘယ်လိုကျေးဇူးတင်ရမလဲတောင် မပြောတတ်တော့ပါဘူးဗျာ

ထိမ့်ချူးသည် ဓားကို ပြန်ပေးလိုက်သည်။

"ကျုပ်ကို သွားခွင့်ပြုပါဦးဗျာ"

ဖန်းကျင်းရှမ်းသည် ထိမ့်ချူးအား ဟန့်တားလိုက်သည်

"ခဏနေပါဦးဗျာ၊ ကျုပ် မေးစရာလေး ရှိနေလို့ပါ"

ထိမ့်ချူးသည် ပြုံးလိုက်သည်။

"ကျုပ်မှာ တခြားကိစ္စတွေ ရှိသေးလို့ နောက်မှပဲ ပြန်တွေ့
ကြတာပေါ့"

သူသည် ပြောပြီးသည်နှင့် ခြေလှမ်းကျဲကျဲဖြင့် ထွက်
သွားလေတော့သည်။



ကွမ်းကျုံးရုပ်သည် မြေပေါ်မှာရှိသော အလောင်းများကို
စ်ဆေးကြည့်သည်။

သူတို့၏လည်မျိုများတွင် ဓားဒဏ်ရာတစ်ချက်စီ ရရှိထား
ည်ကို တွေ့ရလေသည်။

ကွမ်းကျုံးရုပ်သည် သက်ပြင်းတစ်ချက် ချလိုက်ပြီး…

"တော်တော်ကို ရက်စက်တဲ့ လူသတ်နည်းပဲ သတ်တာ
ာင် အသံမထွက်နိုင်အောင် သတ်ပစ်နိုင်တယ်"

ဖန်းကျင်းရှမ်းသည် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ထိမ့်ချူးဟာ ကျုပ်တို့ကို တကယ်ကူညီလိုက်
ာပဲ"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"ဒီလူကြည့်ရတာ ခင်ဗျားကို ကျေးဇူးဆပ်တဲ့သဘောလည်း
တယ်"

"ဟုတ်တယ်၊ ဒါကို ကျုပ်လည်းတွေးမိတယ်"

ကွမ်းကျုံးရုပ်သည် အနည်းငယ်စဉ်းစားလိုက်သည်။

"ဒါဖြင့် သိုးပန်းချီကို ကျုပ်တို့ဌာနခွဲရှေ့ကို လာချပေးသွား
ာ သူပဲဖြစ်ရမယ်"

"ဟုတ်တယ်၊ သူကလွဲလို့ တခြားလူ ဒီလောက်စွမ်းမှာ မ
တ်ဘူး"

ကွမ်းကျုံးရုပ်သည် မြေပေါ်မှ အလောင်းများကို ထပ်မံ၍
ည့်လိုက်သည်။

"အလောင်းတွေကို ဘယ်လိုလုပ်မလဲ"

ဖန်းကျင်းရှမ်းက အနည်းငယ် စဉ်းစားလိုက်သည်။

"အာဏာပိုင်ကို သွားအကြောင်းကြားရင် ကျုပ်တို့ကို
သတ်တရားခံဆိုပြီး အဖမ်းခံရမှာပဲ"

ကွမ်းကျုံးရုပ်သည် ခေါင်းရှုပ်သွားပြီး....

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

ထိုစဉ် ခပ်လှမ်းလှမ်းဆီမှ ရယ်မောသံတခု ကြားလိုက်ရ

"ဟား ဟား ဟား"

ကွမ်းကျုံးရုပ်နှင့် ဖန်းကျင်းရှမ်းတို့သည် အသံလာရာ
လှည့်ကြည့်လိုက်ရာ ကပ်ဟို့လျှန်သည် ယပ်တောင်ကိုင်၍ အေးအေး
စွာ လျှောက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ကပ်ဟို့လျှန်သည် မြေပေါ်တွင် သေဆုံးနေသောလူမျ
အား တစ်ချက်ကြည့်လိုက်သည်။

"အလောင်းတွေကို ဦးနှောက်ခြောက်ခံပြီး အာဏာပိုင်
တိုင်မနေပါနဲ့၊ သူတို့ကို မြေမြှုပ်လိုက်ရင် ပြီးတာပဲ"

ကွမ်းကျုံးရုပ်နှင့် ဖန်းကျင်းရှမ်းတို့သည် ကပ်ဟို့လျှန်၏
ကြံကို သဘောတူလိုက်လေသည်။

* * *

အလောင်းများကို မြေမြှုပ်ပြီးနောက် ဖန်းကျင်းရှမ်းသ
တစ်စုံတခုကို သတိရလာသည်။

"ဟောဗျာ ကျုပ်တစ်ခု မေ့သွားတယ်"



"ဘာမေ့သွားတာလဲ"

ဖန်းကျင်းရှမ်းသည် မြေပုံအားညွှန်ပြလိုက်ပြီး...

"သူတို့ရဲ့ မျက်နှာကို မကြည့်မိဘူးဗျ"

"သူတို့ရဲ့မျက်နှာ ကြည့်ပြီးတော့ကော ဘာထူးမှာလဲဗျ"

ကွမ်းကျုံးရုပ်သည် ကပ်ဟို့လျှန်အား အကဲခတ်ကြည့်လိုက်
သည်။

"ခင်ဗျား ဘာကိစ္စနဲ့ လာတာလဲ"

ကပ်ဟို့လျှန်သည် ပြုံးလိုက်သည်။

"ကျုပ်က ခင်ဗျားတို့နဲ့ ပူးပေါင်းဖို့ ဆုံးဖြတ်လိုက်ပြီလို့
တာပြောတာ"

"ဒီတစ်ခါ ခင်ဗျား အတည်ပြောနေတယ်လို့ ကျုပ်က
ယုံချင်ပါတယ်"

ကပ်ဟို့လျှန်၏ မျက်နှာပေါ်တွင် ဒေါသရောင် သန်းလာ
လေသည်။

"ခင်ဗျားက ကျုပ် ကတိမတည်ဘူးလို့ ဆိုလိုတာလား"

ကွမ်းကျုံးရုပ်က ပြုံးလိုက်သည်။

"ခင်ဗျားက ကျုပ်တို့ကို ကတိပေးပြီးမှ ပြန်ရုပ်သိမ်းသွား
တာ မှတ်မိပါလိမ့်မယ်'

ကပ်ဟို့လျှန်သည် ဒေါသခြောင်းခြောင်း ထွက်လာလေ
သည်။

"ကောင်းပြီလေ၊ ကျုပ် သေသေချာချာ စဉ်းစားပြီးမှ ထပ်
လာပါဦးမယ်"

သူသည် ပြောပြီးသည်နှင့် ချာခနဲ လှည့် ထွက်ခွာသွား၏

ဖန်းကျင်းရှမ်းက ကွမ်းကျုံးရုပ်အား ကြည့်လိုက်သည်။

"ဒီလူက ကောက်ကျစ်စဉ်းလဲတယ်၊ သူ့ကို အခွင့်အရေး
တုန်း ဖမ်းထားလိုက်ဖို့ ကောင်းတယ်"

ကွမ်းကျုံးရုပ်က ခေါင်းခါယမ်းလိုက်၏။

"ဒီလူရဲ့ ဉာဏ်ပညာအမြော်အမြင်ဟာ သူ့ရဲ့သိုင်းပညာ
ထက် ၁၀ ဆလောက်သာတယ်၊ ဒီလူမျိုးကို အဟာတ်နိုင်ဆုံး ရော
ရင်ကောင်းမယ်"

ထိုစဉ်မှာပင် သူတို့၏နောက်နားဆီမှ ခြေသံတခု ကြာ
လိုက်ရလေသည်။

သူတို့သည် ပြောနေသောစကားကို ချက်ချင်းရပ်တန့်
လိုက်ပြီး နောက်သို့ လှည့်ကြည့်လိုက်သည်။ ထိုအခါ သူတို့ဆီသို့
လှမ်းလာနေသူမှာ ဆင်းပေတု ဖြစ်နေ၏။

* * *

ကွမ်းကျုံးရုပ်သည် ပြုံး၍နှုတ်ဆက်လိုက်သည်။

"အထဲကိုကြွပါခင်ဗျာ"

သူတို့(၃)ယောက်သည် ဧည့်ခန်းထဲသို့ ဝင်သွားကြသည်။

ဆင်းပေတုသည် ဧည့်ခန်းထဲရှိ ကုလားထိုင်ပေါ် ထိုင်ချ
လိုက်သည်နှင့်...

"ကျားမာန်အာမခံဌာနခွဲကို ရန်သူက လာတိုက်ခိုက်တယ်
ို့ သတင်းကြားတာနဲ့ ကျုပ်လာခဲ့တာပါ"



ဖန်းကျင်းရှမ်းက ကြားဖြတ်မေးလိုက်သည်။

"ခင်ဗျား တစ်ယောက်တည်းလား"

"ကိုယ်ရံတော် တပ်ဖွဲ့တစ်ဖွဲ့လည်း ပါပါသေးတယ်"

"ရန်သူတွေ ရောက်လာပြီးလို့ ပြန်ထွက်သွားကြပါပြီ"

ဆင်းပေတု မျက်မှောင်ကြုတ်သွားသည်။

"တိုက်ခိုက်မှုတွေများ ဖြစ်သွားသေးသလား"

"ဖြစ်ခဲ့တယ်"

"အခြေအနေ.."

"ရန်သူတွေ ရှုံးလို့နောက်ဆုတ်သွားကြပြီလေ"

ထိုစဉ် ဖန်းကျင်းရှမ်းက ရုတ်တရက် ဝင်၍ အကြံပြုလိုက်
သသည်။

"ဒီပန်းချီကားကို မိတ်ဆွေတို့ပဲ ပြန်ယူသွားရင် ကောင်း
ယ်ထင်တယ်"

"ဘာဖြစ်လို့လဲ"

ဖန်းကျင်းရှမ်းသည် အတန်ကြာအောင် စဉ်းစားလိုက်၏။

"ကျုပ်တို့က ဒီသိုးပန်းချီကို ကာကွယ်ပေးနိုင်တဲ့ အရည်အ
င်း မရှိလို့ပါ"

ဆင်းပေတုက မျက်မှောင်ကြုတ်သွားသည်။

"ဒါကိုတော့ နယ်စားကြီးကို ပြန်ပြောပေးပါ့မယ်"

သူသည် အနည်းငယ်စဉ်းစားလိုက်သည်။

"တခြားနည်းလမ်းကော ရှိသေးသလား"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"အနည်းဆုံးတော့ နည်းလမ်း(၃)မျိုးလောက်ရှိထားတယ်

"ပြောစမ်းပါဦး"

"ပထမနည်းလမ်းက သိုးပန်းချီကို နယ်စားဂေဟာမှာ ထာ
ပါ။ တော်ရုံတန်ရုံ သိုင်းသမားက ဝင်လုရဲမှာ မဟုတ်ဘူး၊ ဘာဖြစ်လို့
လည်းဆိုရင် နယ်စားကြီးဟာ စစ်တပ်ကို အသုံးပြုခွင့်ရှိတယ်
ဟုတ်လား"

"ဒုတိယနည်းလမ်းကကော..."

"ဒုတိယနည်းလမ်းကတော့ ရှောင်လင်ကျောင်းကို သွားအပ်
ထားပါ။ ရှောင်လင်ကျောင်းက တပည့်ပေါင်း(၂၀၀၀)ရှိတယ်ဆိုတော့
တော်ရုံတန်ရုံ လူတွေက သူ့ဆီကို သွားနိုင်ကြမှာ မဟုတ်ဘူး"

ဆင်းပေတုက ခေါင်းတညိတ်ညိတ်ဖြင့် ထပ်မေးလိုက်၏

"တတိယနည်းလမ်းကကော"

ကွမ်းကျုံးရုပ်သည် တခဏမျှ စဉ်းစားပြီး...

"ခေတ်ပန်းဂိုဏ်းကိုထားရင်လည်း စိတ်ချရပါတယ်"

ဆင်းပေတု ခေါင်းညိတ်နေ၏။

"ကောင်းပြီလေ၊ ခင်ဗျားပေးတဲ့အကြံဉာဏ်ကို နယ်စားကြီး
ဆီ တင်ပြပေးပါ့မယ်"

သူသည် ပြောပြောဆိုဆို လက်နှစ်ဘက်ဆုပ်လိုက်သည်။

"ကျုပ်ကို သွားခွင့်ပြုပါဦး"

"ခဏနေပါဦး"

ကွမ်းကျုံးရုပ်က ဟန့်တားပြီး စကားဆက်ပြောလိုက်၏။

"တခြားတော့ မဟုတ်ပါဘူး၊ မြို့တော်ဝန်ရဲ့သမီး လျှူဝမ်း
အော့ရဲ့ အခြေအနေကို မေးချင်လို့ပါ"



ဆင်းပေတုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ မေးပါ"

"လျှူဝမ်းအော့ အခု နယ်စားကြီးဂေဟာမှာ နေတယ် မ
ဟုတ်လား"

"ဟုတ်တယ်"

"သူက နယ်စားကြီးရဲ့သားနဲ့ လက်ထပ်ပြီးပြီလား"

"လက်မထပ်သေးပါဘူး"

"ဘာဖြစ်လို့လဲ"

"နယ်စားကြီးရဲ့သားက မကျန်းမမာ ဖြစ်နေလို့ပါ၊ နယ်
စားကြီးက သူ့သားမကျန်းမာ မချင်း လက်ထပ်ပေးမှာ မဟုတ်ဘူး
လို့ ပြောပါတယ်"

"နယ်စားကြီးရဲ့သားက ဘယ်လိုဝေဒနာမျိုး ရှိနေလို့လဲ"

"သူ့ဝေဒနာကတော့ ဘာဝေဒနာရယ်လို့ ပြောလို့မရဘူး"

"အခုကော သက်သာရဲ့လား"

"တော်တော်လေးတော့ သက်သာသွားပါပြီ"

ကွမ်းကျုံးရုပ်သည် ပြုံးပြလိုက်လေသည်။

"ကဲ...ခင်ဗျား လိုရာသွားနိုင်ပါပြီ"

ဆင်းပေတုက ခေါင်းညိတ်လိုက်ပြီး ခပ်သုတ်သုတ် ထွက်
ခွာသွားလေသည်။

* * *

ဆင်းပေတု ထွက်ခွာသွားပြီးနောက်...

ဖန်းကျင်းရှမ်းက အနားသို့ကပ်လာပြီးနောက် တီးတိုးပြော လိုက်သည်။

"ဒီလူကို ကျုပ်က သိပ်မသင်္ကာဘူးဗျ"

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားသည်။

"သူက သိုးပန်းချီကို ကျုပ်တို့ခေါင်းတည့်တည့် လာပုံထား တယ်လို့ ကျုပ်ထင်မိတယ်"

"ဒါကတော့ဗျာ၊ ဒီပန်းချီကားကို နယ်စားကြီးဂေဟာမှာ ထားရင် သိုင်းလောကသားတွေ လာပြီးလုယက်မှာကို ကြိုသိလို့ သူက နယ်စားကြီးရဲ့ လုံခြုံရေးတာဝန်ယူထားတော့ ဒီပန်းချီကားကို ဘယ်ထားချင်ပါ့မလဲဗျာ"

"ရာထူးရာခံရှိတဲ့လူတွေလည်း ကျုပ်တို့သိုင်းလောကသား နဲ့ ဘာထူးမှာလဲ"

ကွမ်းကျုံးရုပ်က စဉ်းစားနေရာမှ တစ်ချက်သတိရလိုက်၏။

"ကျုပ်တို့ တစ်ခု မေ့လျော့ထားခဲ့တယ်ဗျ"

"ဘယ်ဟာလဲ ဌာနမှူး"

"မြို့စားကြီးရဲ့သမီး လျူဝမ်းအော့လေ"

ဖန်းကျင်းရှမ်းသည် ပြုံးလိုက်ပြီး...

"ဌာနမှူးက သူ့ကို ဝါးဆစ်ဂိုဏ်းက အရေးပါအရာရောက် တဲ့လူလို့ ယူဆသလား"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"ဘာပဲဖြစ်ဖြစ်...ဒီမိန်းကလေးအပေါ် ကျုပ်တော့ တစ်နေ့ တစ်ခြား သံသယဖြစ်လာတာပဲ"



သူသည် ပြုံး၍စကားဆက်လိုက်သည်။

"တကယ်လို့ သူဟုတ်ခဲ့ရင် သိုးပန်းချီကားကို နယ်စားဂေ ဟာမှာ ထားတာ အကောင်းဆုံးပါပဲ"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ဒီတော့မှ သူလည်း သူ့ယောက္ခမဆီက ပြန် လုဒိမ့်မယ်လို့ မထင်ပါဘူး"

ကွမ်းကျုံးရုပ်သည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကဲ... ကျုပ်တို့လည်း တရေးတမောတော့ အိပ်ဖို့ ကောင်းပါပြီဗျာ"

* * *

အားလုံး အိပ်မောကျနေသည်မှာ မည်မျှ ကြာသွားမှန်း မသိချေ။

ဖန်းကျင်းရှမ်းသည် ရုတ်တရက် အိပ်ရာမှ နိုးလာလေ၏။ သူ၏မျက်လုံးအစုံသည် ပြတင်းပေါက်ဘက်သို့ လှည့်ကြည့်လိုက်၏။

ထိုအခါ မိုးမလင်းသေးသည်ကို တွေ့ရသောကြောင့် ဖန်း ကျင်းရှမ်းမှာ ပြန်လည်အိပ်ရန် ပြင်လိုက်သည်။

သို့သော် တစ်ဘက်ခန်းမှ မီးရောင်များ ရှိနေသေးသည်ကို တွေ့ရသဖြင့် အမှတ်မထင် ပျဉ်ပြားကြားမှ ချောင်းကြည့်လိုက်၏။

ကွမ်းကျုံးရုပ်တစ်ယောက် မအိပ်သေးဘဲ စားပွဲပေါ်၌ ဖြန့်

ထားသော သိုးပန်းချီအား စူးစူးစိုက်စိုက် ကြည့်နေသည်ကို မြင်ရ၏။

ဖန်းကျင်းရှမ်းက စိတ်ဝင်စားစွာဖြင့် ချောင်းကြည့်နေ၏။

ထိုအခါ ကွမ်းကျုံးရပ်မှာ သိုးပန်းချီကို အာရုံစူးစိုက်စွာ ကြည့်ယင်း သူ၏လက်နှစ်ဘက်သည် သိုင်းဟန်များ ပုံသဏ္ဍာန် လှုပ်ရှားနေသည်ကို တွေ့မြင်ရလေသည်။

ဖန်းကျင်းရှမ်းက သေချာစွာ ကြည့်နေ၏။

ကွမ်းကျုံးရပ်သည် ပန်းချီမှ သိုင်းပညာရပ်များကို လေ့ကျင့်နေမှန်း နားလည်လိုက်လေသည်။

ဖန်းကျင်းရှမ်းသည် စိတ်ဝင်စားစွာဖြင့် ဆက်၍ ကြည့်နေရာ...

ကွမ်းကျုံးရပ်၏ မျက်နှာတစ်ခုလုံးသည် ရုတ်တရက် ကြောက်ခမန်းလိလိ ဒေါသထွက်နေသည်ကို တွေ့မြင်ရလေသည်။

သူသည် ကွမ်းကျုံးရပ်နှင့် အတူတကွ နေထိုင်ခဲ့သည်မှာ နှစ်ပေါင်း အတော်ကြာခဲ့ပြီ ဖြစ်သည်။

ကွမ်းကျုံးရပ်သည် ယခုကဲ့သို့ မျက်နှာထားကို တစ်ကြိမ်တစ်ခါမျှ မတွေ့ခဲ့ဘူးပေ။ ကွမ်းကျုံးရပ်၏ ဟန်မူရာမှာ သိုးပန်းချီပေါ်တွင် အလွန်မုန်းတီး စက်ဆုပ်ဖွယ်ရာ ကောင်းသည့် အရာများကို တွေ့ရှိသည့်အလား ဒေါသကြီးနေ၏။

ဖန်းကျင်းရှမ်းသည် ကွမ်းကျုံးရပ်အား နားမလည်နိုင်ဘဲ ဆက်၍ ကြည့်နေလေသည်။

* * *



ကွမ်းကျုံးရပ်သည် လက်ဝါးနှစ်ဘက်ဖြင့် ဝှေ့ယမ်းကာ သိုင်းပညာရပ်များကို အားကျုံးမာန်တက် လေ့ကျင့်၍ နေလေသည်။

သိုးပန်းချီပေါ်၌ သိုင်းပညာရပ်များ လျှို့ဝှက်ပါရှိသည်မှာ မထူးခြားပေ။ ထူးခြားသည်မှာ ကွမ်းကျုံးရပ်၏မျက်နှာ ဟန်မူရာပင် ဖြစ်လေသည်။

သူ၏မျက်နှာတစ်ခုလုံးတွင် ပို၍ပို၍ ဒေါသထွက်လာသည်နှင့် တူလှပေသည်။

ကွမ်းကျုံးရပ်သည် သိုင်းပညာလေ့ကျင့်ရင်းပင် သူ၏ခန္ဓာကိုယ်သည် ယိမ်းထိုးနေပြီး အရက်မူးနေသော အရက်သမားပမာ ကိုယ့်ကိုကိုယ် ထိန်းမနိုင် သိမ်းမရ ယိမ်းယိုင်နေ၏။

ဤသို့ဖြင့် ကွမ်းကျုံးရပ်သည် ထမင်းတစ်အိုးချက်ခန့်ကြာ လေ့ကျင့်ပြီးနောက် ရပ်တန့်သွားလေသည်။

ဖန်းကျင်းရှမ်းသည် အခန်းထဲမှ ထွက်လာပြီး တစ်ဘက်ခန်းသို့ လျှောက်သွားလေသည်။

ထိုအခါ အခန်းထဲမှ ကွမ်းကျုံးရပ်အသံ ထွက်ပေါ်လာ၏။

"ဖန်းကျင်းရှမ်း ဟုတ်လားဟေ့"

"ဟုတ်ပါတယ်"

"အထဲဝင်ခဲ့ပါ"

ဖန်းကျင်းရှမ်းက အခန်းတံခါး တွန်းဖွင့်၍ ဝင်သွားလေ၏။

ကွမ်းကျုံးရပ်က ပြုံးလိုက်သည်။

"ခင်ဗျား ခုန တွေ့တယ် မဟုတ်လား"

ဖန်းကျင်းရှမ်းသည် အံ့အားသင့်သွားပြီး အတန်ကြာမှ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ ကျုပ် အမှတ်မထင် ချောင်းကြည့်မိတာပါ"

ကွမ်းကျိုးရုပ်က ပြုံးလိုက်သည်။

"ရပါတယ်၊ ကျုပ် ဘာတွေ လေ့ကျင့်နေတယ်ဆိုတာ ရိပ်စားမိသလား"

ဖန်းကျင်းရှမ်းက ခေါင်းခါယမ်းလိုက်သည်။

"မရိပ်မိပါဘူး"

ကွမ်းကျိုးရုပ်သည် စိုက်ကြည့်လိုက်ပြီး...

"ကျုပ် လေ့ကျင့်နေတာ အလွန်ထူးခြားတဲ့ သိုင်းပညာတစ်မျိုးပေါ့"

ဖန်းကျင်းရှမ်း မျက်မှောင်ကြုတ်သွားသည်။

"ဟုတ်တယ်၊ ကျုပ်လည်း ထူးခြားတယ်လို့ ထင်တယ်"

ကွမ်းကျိုးရုပ်က ပြုံးလိုက်သည်။

"ဒီသိုင်းပညာကို နတ်ရှစ်ပါး အရက်မူးသိုင်းကွက်လို့ ခေါ်တယ်၊ အလွန်လျှို့ဝှက်နက်နဲတဲ့ သိုင်းပညာတစ်မျိုးပါပဲ၊ အခု ကျုပ်က ခြေလှမ်းကိုပဲ အရင် လေ့ကျင့်တယ်၊ အမှန်တော့ ခြေလက်နဲ့ လက်နက်တွေကို အသုံးပြုနိုင်တယ်"

ဖန်းကျင်းရှမ်း အံ့အားသင့်စွာဖြင့်...

"ဒီသိုင်းပညာဟာ အတော်နက်နဲတယ် ဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမယ့် ဒီသိုင်းပညာဟာ အစကိုသာ ရှာလို့တွေ့ရင် သူ့ရဲ့ လျှို့ဝှက်ချက် တစ်ခုပြီးတစ်ခု တွေ့နိုင်ပါတယ်"

ဖန်းကျင်းရှမ်းက မျက်မှောင်ကြုတ်သွားပြီး...

"ဒီလိုဆိုရင် နယ်စားကြီးဂေဟာကို ပြန်ပေးလိုက်ရင် ဌာနမှူး သိုင်းလေ့ကျင့်ဖို့ ခက်သွားမှာပေါ့"



ကွမ်းကျိုးရုပ်က ပြုံးလိုက်သည်။

"သိုင်းပညာဆိုတာ တစ်ရက်နှစ်ရက်နဲ့ သင်လို့ရတဲ့ ပညာမှ မဟုတ်ဘဲ၊ နှစ်ရှည်လများ လေ့ကျင့်ရတဲ့ပညာ မဟုတ်လား"

သူသည် စကားပြောယင်း စကားဦး လှည့်လိုက်လေသည်။

"ဘာပဲဖြစ်ဖြစ် မြို့တော်ဝန်ရဲ့ သမီး လျှူဝမ်းအေ့ကိုတော့ ကျုပ် ဘယ်လိုမှ စဉ်းစားလို့ မရဘူး"

ဖန်းကျင်းရှမ်း မျက်မှောင်ကြုတ်သွားသည်။

"သူက အရေးပါ အရာရောက်တဲ့ လူတစ်ယောက်လို့ ဌာနမှူး ထင်ထားလို့လား"

ကွမ်းကျိုးရုပ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ဖန်းကျင်းရှမ်းက စဉ်းစားယင်း ပြောလိုက်သည်။

"ဒါပေမယ့် သူက သိုင်းပညာ မတတ်ဘူးဆိုတာ ဌာနမှူးလည်း အကဲခတ်မိတယ် မဟုတ်လား"

ကွမ်းကျိုးရုပ်သည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"သူ မဟုတ်ရင်တော့ နယ်စားဂေဟာထဲမှာ အလွန်လျှို့ဝှက်တဲ့ ထိပ်တန်းသိုင်းပညာရှင်တစ်ယောက် ဝှက်ထားတာ ဖြစ်ရမယ်"

ဖန်းကျင်းရှမ်းသည် တခဏမျှ စဉ်းစားယင်း...

"ဆင်းပေတုများ ဖြစ်နေမလား"

"မဖြစ်နိုင်ဘူး၊ အဲဒီလူက အမျိုးသမီး ဖြစ်ရမယ်"

သူတို့ ပြောဆိုနေကြစဉ် ကြက်တွန်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကွမ်းကျုံးရုပ်သည် တစ်ချက်သန်းလိုက်ပြီး...

"ကဲ ခင်ဗျားလဲ အနားယူလိုက်ပါဦး ကျုပ် တစ်မေးလောက် မေးလိုက်ဦးမယ်ဗျ"

* * *

နောက်တစ်နေ့...

မွန်းတည့်ချိန် ဖြစ်သည်။

ကွမ်းကျုံးရုပ် အိပ်ရာထလာသည်နှင့် ဆင်းပေတု ရောက်ရှိလာသည်ကို တွေ့ရလေသည်။

ကွမ်းကျုံးရုပ်က နေရာထိုင်ခင်း ပေးလိုက်လေသည်။

"ဘယ့်နှယ်လဲ... နယ်စားကြီးကို တင်ပြသေးသလား"

ဆင်းပေတုက ခေါင်းညိတ်လိုက်သည်။

"တင်ပြပါတယ်"

"သူက ဘယ်လို ပြောလိုက်သလဲ"

"သူက ဌာနမှူးရဲ့အကြံကို လက်ခံပါတယ်တဲ့"

"ဒါဖြင့် သူက သိုးပန်းချီကို ဘယ်သူ့ အပ်မလဲ"

ဆင်းပေတုသည် အေးဆေးစွာ ရှင်းပြလိုက်သည်။

"နယ်စားကြီးက သူကိုယ်တိုင် ရှောင်လင်ကျောင်းကို အကူအညီ တောင်းမယ်လို့ ပြောပါတယ်"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။



"ကောင်းပါတယ်ဗျာ"

ဆင်းပေတုက ပြုံးလိုက်သည်။

"သူက ဌာနမှူးနဲ့ ကိုယ်တိုင် တွေ့ချင်သေးတယ်လို့ ပြောပါတယ်"

ကွမ်းကျုံးရုပ်၏ မျက်လုံးအစုံသည် ပြုံးကျယ်သွားလေ၏။

ကွမ်းကျုံးရုပ်သည် ပျာပျာသလဲဖြင့် ပြောလိုက်လေသည်။

"ဟာ... ဒုက္ခပါပဲ၊ ဒီလောက် အန္တရာယ်များတဲ့ ကြားထဲက ခင်ဗျား မတားဘူးလား"

ဆင်းပေတုက ပြုံးလိုက်သည်။

"နယ်စားကြီးအကြောင်း ခင်ဗျားလည်း သိရက်သားနဲ့ အခုလောက်ဆိုရင် သူရောက်လာရောပေါ့"

သူ၏စကားမဆုံးမီ ယန်စုစိန်သည် လူတစ်ယောက်အား ခေါ်ဆောင်လာသည်ကို တွေ့ရလေသည်။

ကွမ်းကျုံးရုပ်သည် ယန်စုစိန်၏နောက်မှ လိုက်လာသူအား အကဲခတ်ကြည့်လိုက်သည်။

ထိုလူမှာ ရုပ်ဖျက်ထားသော်လည်း နယ်စားကြီး ဖြစ်ကြောင်း ကွမ်းကျုံးရုပ်သည် ချက်ချင်းပင် သိလိုက်လေသည်။

သူသည် ကမန်းကတန်း မတ်တတ်ရပ်လိုက်ပြီး ကြိုဆိုလိုက်လေသည်။

* * *

ဖန်းကျင်းရှမ်းသည် နယ်စားကြီးအား ဒူးထောက်၍ ဦး ညွှတ်ရန် ဟန်ပြင်လိုက်သည်။

နယ်စားကြီးက သူ့အား ဟန့်တားလိုက်သည်။

"ကျုပ် အခုလာတာ မိတ်ဆွေတစ်ယောက်အနေနဲ့ လာ တာပါ။ နယ်စားတစ်ယောက်ရဲ့ တန်ဆာပလာ မပါတဲ့အတွက် ဦး ညွှတ်စရာ မလိုပါဘူး"

ကွမ်းကျုံးရှပ်က နေရာထိုင်ခင်း ပေးလိုက်လေသည်။

ဆင်းပေတုသည် နယ်စားကြီး၏ နောက်တွင် ရိုကျိုးစွာ ရပ်နေ၏။

နယ်စားကြီးသည် ကွမ်းကျုံးရှပ်အား ခေါင်းညိတ်ပြလိုက် လေသည်။

"ခင်ဗျား ထိုင်ပါဗျာ"

ကွမ်းကျုံးရှပ်က မျက်နှာချင်းဆိုင် ထိုင်ချလိုက်သည်။

နယ်စားကြီးက ချောင်းတစ်ချက် ဟန့်လိုက်ပြီး...

"ဆင်းပေတုက တဆင့်ပြောပြတဲ့ အကြံများကို ကျုပ်က သေသေချာချာ စဉ်းစားကြည့်တယ်၊ သိုးပန်းရှို လုပ်ယူတဲ့ လူတွေဟာ ထိပ်တန်းသိုင်းပညာရှင်တွေ ဖြစ်တဲ့အတွက် ကျုပ်မှာ တိုက်ခိုက်နိုင် တဲ့ သိုင်းပညာ ရှိပေမယ့် ကာကွယ်နိုင်တယ်လို့ မထင်ပါနဲ့၊ ရှောင် လင်ကျောင်းကို အကူအညီတောင်းဖို့ ဆုံးဖြတ်လိုက်ပါပြီ"

ကွမ်းကျုံးရှပ်သည် ကျေနပ်စွာဖြင့် ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ ခင်ဗျာ"

နယ်စားကြီးက ကွမ်းကျုံးရှပ်အား သေသေချာချာ ကြည့် လိုက်ပြီး...



"ကျုပ်တို့နဲ့ ပတ်သက်ပြီး မရှင်းတာလေးတွေ ရှိရင် ပွင့်ပွင့် င်းလင်း မေးနိုင်ပါတယ်"

ကွမ်းကျုံးရှပ်က ခေါင်းညိတ်လိုက်သည်။

"နယ်စားကြီးက ခွင့်ပြုမယ်ဆိုရင် ကျုပ် မရှင်းတာတစ်ခု ချင်ပါတယ်"

"မေးပါ"

ကွမ်းကျုံးရှပ်က အနည်းငယ် စဉ်းစားပြီးမှ...

"ဒီလိုပါ...၊ လူတစ်ယောက်ဟာ ကျုပ်ဆီကို လာပြီး ခြိမ်း က်တဲ့ စာတစ်စောင် ပေးသွားပါတယ်၊ ဒီလူနောက်ကို ခြေရာခံ က်တဲ့အခါ မြို့စားကြီးဂေဟာထဲကို ဝင်သွားတာ တွေ့ရပါတယ်"

နယ်စားကြီးက မျက်မှောင်ကြုတ်သွားသည်။

"ဟုတ်လား၊ ဒီလူက ဘယ်သူလဲဆိုတာ သိလား"

"မသိပါဘူး နယ်စားကြီး"

"ဒါဖြင့် သူ့ရဲ့ ရုပ်ပုံသဏ္ဌာန်ကော မှတ်မိလိုက်လား"

"ကျုပ် လွှတ်လိုက်တဲ့ လူကတော့ မှတ်မိတယ်လို့ ပြောပါ ယ်"

"ဒါဖြင့် သူ့ကို ခေါ်လိုက်ပါ"

ကွမ်းကျုံးရှပ်က ယန်စုစိန်ဘက်သို့ လှည့်ကြည့်လိုက်၏။

ယန်စုစိန်က ရှေ့သို့ တိုးလိုက်ပြီး နယ်စားကြီးအား ဦးညွှတ် တ်သည်။

ကွမ်းကျုံးရှပ်သည် နယ်စားကြီးအား လှည့်ပြောလိုက်၏။

"နယ်စားကြီးခင်ဗျာ အဲဒီ လူနောက်ကို လိုက်သွားတဲ့လူဟာ ပဲ"

နယ်စားကြီးက ယန်စုစိန်အား ကြည့်လိုက်သည်။ အတ
ကြာသောအခါ ယန်စုစိန်အား စတင်မေးလိုက်သည်။

"အဲဒီလူကို မင်းမှတ်မိသလား"

ယန်စုစိန်က ခေါင်းညိတ်လိုက်သည်။

"မှတ်မိပါတယ်၊ သူ့ပုံကိုလဲ မှတ်မိသလောက် ပန်းချီ
ထားပါတယ်"

နယ်စားကြီးက ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ်... အဲဒီပုံကို ငါ့ကို ပြစမ်း"

ယန်းစုစိန်သည် အသင့်ပါလာသော ရုပ်ပုံတစ်ခုကို လှ
ပေးလိုက်လေသည်။

ကွမ်းကျုံးရုပ်က ယန်စုစိန်အား လှည့်ပြောလိုက်သည်။

"ပုံးထားခဲ့ပြီး မင်းသွားနိုင်ပါပြီ"

ယန်စုစိန်က ဦးညွှတ်လိုက်ပြီး နောက်သို့ ဆုတ်သွား
သည်။

နယ်စားကြီးက ထိုရုပ်ပုံကို သေချာစွာ ကြည့်လိုက်သ

"အင်း... ပုံဆွဲတော်တော် ကောင်းသားပဲ"

ကွမ်းကျုံးရုပ်က အသံတိုးတိုးဖြင့်...

"သူက ဘယ်သူလဲဆိုတာ နယ်စားကြီး မှတ်မိသလား

နယ်စားကြီးက အနည်းငယ် စဉ်းစားလိုက်သည်။
နောက် ပုံအားသေသေချာချာ ကြည့်လိုက်ပြန်သည်။

"ဒီလူကို ငါ မှတ်မိသလိုပဲ၊ ငါတို့ဂေဟာထဲက လူဆိ
မမှားနိုင်ပါဘူး"

သူသည် ဆင်းပေတုဘက်သို့ လှည့်လိုက်သည်။



"မင်း... ကြည့်လိုက်စမ်း ဘယ်သူများ ဖြစ်နိုင်မလဲ"

ဆင်းပေတုက ထိုရုပ်ပုံအား အတန်ကြာ ကြည့်လိုက်ပြီး...

"ထမင်းချက်ရဲ့ လက်ထောက် လောင်ချန်းနဲ့ တူတယ်"

နယ်စားကြီးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ လောင်ချန်းနဲ့ သိပ်တူတယ်၊ ဒါပေမယ့် သူ
ဟာ ကျုပ်တို့ဂေဟာမှာ အလုပ်လုပ်တာ (၁၀)နှစ် ကျော်ပြီ၊ ဘာ
ပြဿနာမှ မရှိခဲ့ဖူးဘူး"

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားသည်။

"ထမင်းချက်ဟာ ဒီကိစ္စအကြောင်းနဲ့ မပတ်သက်နိုင်ဘူး
ထင်တယ်"

နယ်စားကြီးက အနည်းငယ် စဉ်းစားလိုက်သည်။

"ဘာပဲဖြစ်ဖြစ်ဗျာ၊ သူ့ကို စစ်ဆေးမေးမြန်းကြည့်ဖို့ လို
တယ်"

သူသည် ဆင်းပေတုဘက်သို့ လှည့်လိုက်ပြီး အမိန့်ပေး
လိုက်သည်။

"မင်း ပြန်သွား၊ လောင်ချန်းကို ဖမ်းပြီး ဒီကို ခေါ်ခဲ့"

ကွမ်းကျုံးရုပ်က ဟန့်တားလိုက်သည်။

"ခဏနေပါဦးဗျာ"

နယ်စားကြီးက မျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့လဲ"

ကွမ်းကျုံးရုပ်က ရှင်းပြလိုက်သည်။

"ဒီလူက ရန်သူရဲ့ လက်ပါးစေတစ်ယောက် ဖြစ်ရိုးမှန်ရင်
သူ့ကို ဖမ်းလိုက်တဲ့အတွက် ရန်သူက သိတော့မှာပေါ့ဗျာ"

နယ်စားကြီးက ခေါင်းညိတ်လိုက်သည်။

"ခင်ဗျား ပြောတာ မှန်တယ်၊ ဒါဖြင့် ဒီကိစ္စကို ဘယ် ဆောင်ရွက်ရင် ကောင်းမလဲ"

ကွမ်းကျုံးရုပ်က အနည်းငယ် စဉ်းစားလိုက်သည်။

"အခုလောလောဆယ်တော့ သူတို့ရဲ့ လှုပ်ရှားမှုကို မ ဟန်ဆောင်တာ အကောင်းဆုံးပဲ"

နယ်စားကြီးက စဉ်းစားလိုက်ပြီး ခေါင်းညိတ်လိုက်လေ

"ကောင်းပြီလေ၊ ဒါပေမယ့် ဒီကောင် လှုပ်ရှားနေတာ ဒီအတိုင်း လွှတ်ထားလို့ ဖြစ်ပါ့မလား"

ကွမ်းကျုံးရုပ်က ပြုံးပြီး လက်ကာပြလိုက်သည်။

"ကျုပ်တို့ အမြဲသတိနဲ့ အကဲခတ် စောင့်ကြည့်နေပါ့မယ်

နယ်စားကြီးက ကျေနပ်စွာဖြင့် ခေါင်းညိတ်လိုက်လေသည်

"ကောင်းပြီလေ၊ ဒါနဲ့ ရှောင်လင်ကျောင်းနဲ့ ပတ်သက်ပြ ဘယ်လိုလုပ်ရင် ကောင်းမလဲ"

ကွမ်းကျုံးရုပ်က အနည်းငယ် စဉ်းစားလိုက်ပြီး...

"နယ်စားကြီးကိုယ်တိုင် သွားတွေ့စရာ မလိုဘူး၊ စာတ စောင်ရေးပြီး ပို့လိုက်ရင် အကောင်းဆုံးပါပဲ"

နယ်စားကြီးက မျက်မှောင်ကြုတ်သွားသည်။

"သူတို့ကို ခေါ်လို့ လာပါ့မလား"

ကွမ်းကျုံးရုပ်သည် လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး နောက်...

"ရှောင်လင်ကျောင်းထိုင်ကို တစ်နေရာချိန်းပြီး နယ်စားကြီး နဲ့ ကိုယ်တိုင်တွေ့ရင် ပိုကောင်းလိမ့်မယ်လို့ ထင်ပါတယ်"



နယ်စားကြီးက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ ကျုပ်စာရေးပြီး ဆင်းပေတုကို ပေးခိုင်းပါ့ မယ်"

ကွမ်းကျုံးရုပ်က အနည်းငယ် စဉ်းစားလိုက်ပြန်သည်။

"သိုးပန်းချီကို ကျုပ်ဆီမှာပဲ ထားပါ၊ ရှောင်လင်ကျောင်း ထိုင် ရောက်လာမှ ကျုပ်ပို့ပေးလိုက်ပါ့မယ်"

နယ်စားကြီးက ခေါင်းညိတ်ပြီး လက်ခံလိုက်သည်။

"ခင်ဗျားရဲ့ အကြံလဲ မဆိုးပါဘူး"

သူသည် ထိုင်ရာမှ ထလိုက်သည်။ ပြီး စကားကို ဆက်ပြော လိုက်သည်။

"ဒီလိုပဲ ကြည့်ပြီး စီစဉ်ကြတာပေါ့"

နယ်စားကြီးသည် ပြောပြီးသည်နှင့် ဆင်းပေတုနှင့်အတူ ...ျားမာန်အာမခံဌာနခွဲမှ ထွက်ခွာသွားလေသည်။

* * *

နယ်စားကြီး ထွက်သွားပြီး မကြာမီမှာပင် သူတောင်းစား ...စ်ယောက်သည် မယောင်မလည်ဖြင့် ဝင်ရောက်လာလေသည်။

ယန်စုစိန်က မြင်သည်နှင့် ဟန့်တားမည်အပြုတွင် ကွမ်း ...းရုပ်က လက်ကာပြလိုက်သည်။

အကြောင်းမှာ ဝင်ရောက်လာသော သူတောင်းစားသည်

ပေါင်းချိန်းပင် ဖြစ်၏။

ကွမ်းကျုံးရုပ်က လှမ်း၍ မေးမြန်းလိုက်သည်။

"ပေါင်းချိန်း... ဘာကိစ္စ ရှိလို့လဲ"

ပေါင်းချိန်းက ဦးညွတ်လိုက်သည်။

"ကျုပ်တို့ ဂိုဏ်းချုပ်က လွှတ်လိုက်လို့ပါ"

ကွမ်းကျုံးရုပ် မျက်မှောင်ကြုတ်သွားပြီး...

"ဆိုစမ်းပါဦး၊ ဘာပြောခိုင်းလိုက်လို့လဲ"

"သူက ကျုပ်တို့အဖွဲ့ဝင်တွေကို ကျားမာန်အာမခံဌာနခွဲကို စောင့်ရှောက်ပေးဖို့ အမိန့်ပေးသွားတယ်၊ ဒီကိစ္စကို ဌာနမှူးဆီ လာ ရောက် အကြောင်းကြားတာပါ"

ကွမ်းကျုံးရုပ်သည် ပြုံးလိုက်ပြီး...

"အတော်ပဲ၊ ကျုပ်လည်း ခင်ဗျားတို့ ဂိုဏ်းချုပ်နဲ့ တွေ့ချင် တယ်ဗျာ"

ပေါင်းချိန်း ပခုံးတစ်ချက် တွန့်လိုက်သည်။

"ဂိုဏ်းချုပ် ခိုင်ဖုန်းမြို့မှာ မရှိတော့ပါဘူး"

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားသည်။

"သူက ဘယ်သွားသလဲ"

"မသိဘူးဗျ၊ သူလည်း ဘာမှ ပြောမသွားပါဘူး"

ကွမ်းကျုံးရုပ် သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"ဒါနဲ့ သူ ဘယ်တော့ ပြန်လာမှာလဲ"

"(၃)ရက်လောက် ကြာမယ် ထင်တယ်"

သူသည် ပြောယင်း တစ်စုံတစ်ခုကို သတိရလာလေသည်။

"ဒါနဲ့ စကားတစ်ခွန်း ကျန်သေးတယ်ဗျ"



ကွမ်းကျုံးရုပ်က လှည့်မေးလိုက်သည်။

"ဘာများလဲ"

"ခင်ဗျားတို့ လူတွေကိုလည်း သတိပေးထားပါဦး၊ အတတ်နိုင်ဆုံး အပြင်ကို မထွက်ကြပါနဲ့လို့"

ကွမ်းကျုံးရုပ်က မဲ့ပြုံးပြုံးလိုက်သည်။

"ဘာလဲ... ခင်ဗျားတို့က ကျုပ်တို့လူစုကို အကျယ်ချုပ် ချုပ်ထားတဲ့ သဘောထား"

ပေါင်းချိန်းက ပြုံးလိုက်သည်။

"ဒီသဘောပြောတာ မဟုတ်ပါဘူး၊ အပြင်ကို အဝင်အထွက် နည်းတော့ စောင့်ရှောက်ရတဲ့လူအဖို့ ပိုပြီး လွယ်ကူတဲ့သဘောပါ"

ကွမ်းကျုံးရုပ်က သူ့အား ကြည့်လိုက်သည်။

"ခင်ဗျား ဘာပြောစရာ ကျန်သေးလဲ"

"မကျန်တော့ပါဘူး"

"ဒါဖြင့် ခင်ဗျားသွားနိုင်ပါပြီ"

ပေါင်းချိန်းက ဦးညွတ်၍ အပြင်သို့ ခပ်သုတ်သုတ် ပြန်လည် ထွက်ခွာသွားလေတော့သည်။

* * *

ကွမ်းကျုံးရုပ်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း... ကြည့်ရတာ ခေတ်ပန်းဂိုဏ်းကလည်း ဒီအရှုပ်ထဲ

မှာ ပါဝင်လာပြီနဲ့တူတယ်"

သူသည် ဖန်းကျင်းရှမ်းဘက်သို့ လှည့်လိုက်ပြီး...

"ခေတ်ပန်းဂိုဏ်းက ကျုပ်တို့ကို စောင့်ရှောက်မယ် ဆိုပေမယ့် ကိုယ့်အားကိုယ်ကိုးတာ အကောင်းဆုံးပါပဲ"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ကျုပ်တို့ အစီအစဉ် တင်းတင်းကျပ်ကျပ် လုပ်ထားပါ့မယ်ဗျာ"

* * *

ကွမ်းကျုံးရုပ်သည် မိမိအဖွဲ့သားများ အပြင်သို့ မထွက်ရန် သေသေချာချာ မှာကြားပြီးနောက် သူသည် အခြေအနေအားလုံးကို အကဲခတ်ရန် အပြင်ဘက်သို့ လျှောက်လာလေသည်။

ဥာနခွဲ တည်ရှိသောနေရာမှာ လူသွားလမ်းမကြီး ဖြစ်နေသဖြင့် ဈေးသည်များ၊ ကုန်သည်များစသည့် လူသွားလူလာများ အားလုံးအား တွေ့ရှိရလေသည်။

သို့သော် သူတွေ့ချင်သော ခေတ်ပန်းဂိုဏ်းသားများအား တစ်စုံတစ်ယောက်မျှ မတွေ့ရပါ။

သူသည် ပတ်ဝန်းကျင်အခြေအနေအား လေ့လာနေစဉ် ပေါင်းချိန်းသည် သစ်ပင်တစ်ပင်၏ နောက်ကွယ်မှ ထွက်ပေါ်လာလေသည်။ ပြီးနောက် သူသည် ပြုံးရွှင်စွာဖြင့်...



"ဥာနမှူး ဘယ်သွားမလို့လဲ"

ကွမ်းကျုံးရုပ်က သူ့အား တစ်ချက်ကြည့်လိုက်ပြီး လေသံမာမာဖြင့်...

"ကျုပ် ဘယ်ကို သွားမယ်ဆိုတာ ခင်ဗျားကို ပြောပြရဦးမှာလား"

ပေါင်းချိန်းမှာ အနည်းငယ် မျက်နှာပျက်သွားသည်။ သို့သော် ဣန္ဒြေဆည်ပြီး ပြောလိုက်သည်။

"ဒီလို မပြောပါနဲ့ဗျာ၊ ကျုပ်က ပြောစရာ ရှိလို့ပါ"

"ဘာပြောစရာ ရှိလို့လဲ"

"ဥာနမှူး အထဲကို ပြန်သွားပါလို့ မေတ္တာရပ်ခံချင်ပါတယ်"

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားသည်။

"ဘာလဲ၊ ခင်ဗျားက ကျုပ်တို့ကို အကျယ်ချုပ် ချုပ်တာလား"

"မဟုတ်ရပါဘူးဗျာ"

"ခင်ဗျားက မဟုတ်ဘူးသာ ပြောနေတယ် ကျုပ်တို့ သွားလာတာကို အမြဲတမ်း ဟန့်တားချုပ်ချယ်နေတယ် မဟုတ်လား"

"ကျုပ်တို့က ခင်ဗျားတို့ အာမခံဥာနကို အကာအကွယ် ပေးနေတာပါ"

"ကျုပ်တို့ကို အကာအကွယ် ပေးနေစရာ မလိုပါဘူး"

"ဒီကိစ္စကတော့ ကျုပ်တို့ဂိုဏ်းချုပ် ပြန်လာမှ သူနဲ့ ဆွေးနွေးပါ"

ကွမ်းကျုံးရုပ်သည် ဒေါသထွက်သော မျက်လုံးများဖြင့် ကြည့်လိုက်သည်။

"ခင်ဗျားနဲ့ ကျုပ် စကားပြောဦးမယ် ကျုပ်တို့ဌာနဆီ လာခဲ့ဦး"

ပေါင်းချိန်းက ပြုံးလိုက်လေသည်။

"စိတ်ချ လာဖြစ်အောင် လာပါ့မယ်"

ကွမ်းကျုံးရုပ်သည် ချာခနဲလှည့်ကာ ဌာနခွဲ ရှိရာသို့ ပြန်လည်လျှောက်သွားလေတော့သည်။

* * *

ကွမ်းကျုံးရုပ်သည် ဌာနခွဲသို့ ပြန်လည်ရောက်လာသောအခါ ဖန်းကျင်းရှမ်းက လှမ်းမေးလိုက်လေသည်။

"ဌာနမှူး အပြင်ဘက်မှာ ဘယ်လို အခြေအနေမျိုး ဖြစ်ခဲ့သလဲ"

"ခေတ်ပန်းဂိုဏ်းက ကျုပ်လူတွေကိုတောင် ထွက်ခွင့်မပေးဘူးဗျ"

"ဒါတော့ လွန်နေပြီ ထင်တယ်"

"ဟုတ်တယ်"

ထိုအခါ ဖန်းကျင်းရှမ်းက မခံမရပ်နိုင် ဖြစ်သွားပြီး...

"ကျုပ် သွားတွေ့လိုက်မယ် ဆုံးမသင့်လည်း ဆုံးမခဲ့မယ်"

"သူနဲ့ ပြောလို့ တစ်ယောက်နဲ့တစ်ယောက် မျက်နှာပျက်ရုံပဲ ရှိမယ်"



"ဒါဖြင့် ဒီအတိုင်းပဲ ကျုပ်တို့ ခံနေရမှာလား ဌာနမှူး"

ကွမ်းကျုံးရုပ်က သူ၏ပခုံးကို အသာအယာ ပုတ်လိုက်ပြီး

"ဘာပဲဖြစ်ဖြစ် ခေတ်ပန်းဂိုဏ်းဟာ တော်တော်ကို အင်အားကြီးတဲ့ အဖွဲ့အစည်းတစ်ခုပါပဲ ကျုပ်တို့ သည်းခံရင် မမှားပါဘူး"

ဖန်းကျင်းရှမ်းက နှုတ်ဆိတ်နေရသော်လည်း စိတ်ထဲတွင် မကျေမချမ်း ဖြစ်နေ၏။

ကွမ်းကျုံးရုပ်က ရှင်းပြလိုက်သည်။

"သူတို့ဂိုဏ်းချုပ်က နောက်သုံးရက်ကြာရင် ပြန်လာမယ်လို့ ပြောတယ်၊ သူတို့ဂိုဏ်းချုပ် ပြန်လာတော့မှ သူတို့သဘောကို မေးမြန်းပြီး ဘာလုပ်ကြမယ်ဆိုတာ ဆုံးဖြတ်ကြတာပေါ့"

ထိုစဉ်မှာပင် တံခါးစောင့်တစ်ယောက်သည် သူတို့ထံသို့ တည့်တည့်မတ်မတ် လျှောက်လာသည်ကို တွေ့မြင်လိုက်ရလေ၏။

* * *

တံခါးစောင့်သည် ကွမ်းကျုံးရုပ်ထံသို့ တည့်မတ်စွာ လျှောက်လာလေသည်ကို တွေ့လိုက်ရသောကြောင့် ကွမ်းကျုံးရုပ်က မေးရန် ပါးစပ်ဟလိုက်သည်။

သို့သော် တံခါးစောင့်သည် သူတို့အနားတွင် ရပ်မနေဘဲ သူတို့အား ကျော်၍ လျှောက်သွားလေသည်။

ဖန်းကျင်းရှမ်းက ထိုတံခါးစောင့်၏ လက်မောင်းကို ဆွဲထားလိုက်မှ ရပ်တန့်သွားလေသည်။

"မင်း ဘာဖြစ်နေတာလဲ"

တံခါးစောင့်မှာ လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး မျက်နှာပျက်စွာဖြင့်...

"ကျွန်တော် ဘာဖြစ်သွားမှန်း မသိပါဘူးဗျာ လူတစ်ယောက်က ဌာနမှူးနဲ့ တွေ့ချင်တယ်ပြောလို့ ကျွန်တော်က မေးမြန်းတုန်း ရှိသေးတယ်၊ သူက ကျွန်တော့်ရဲ့ ကျောပြင်ကို လက်ဝါးနဲ့ တစ်ချက် ရိုက်ပုတ်တာ အခုလို ရပ်လို့ မရဘဲ လျှောက်လာတာပါ"

ဖန်းကျင်းရှမ်းက ကွမ်းကျုံးရုပ်အား ကြည့်လိုက်လေသည်။

ကွမ်းကျုံးရုပ်မှာ မျက်မှောင်ကြုတ်ပြီး တွေဝေနေသည်။ ပြီးမှ...

"အဲဒီ လူက ဘယ်သူလဲ"

ရုတ်တရက် အသံတစ်ခုသည် သူတို့နှင့် မလှမ်းမကမ်းမှ ထွက်ပေါ်လာသည်။

"ကျုပ်ပါ"

စကားနှင့်အတူ လူတစ်ယောက်သည် ဧည့်ခန်းထဲသို့ ဖြည်းလေးစွာ လျှောက်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

* * *

ဧည့်ခန်းထဲသို့ ဝင်လာသောသူမှာ အစိမ်းရောင်အင်္ကျီ ဝတ်ဆင်ထားသော လူတစ်ယောက် ဖြစ်လေသည်။



ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားလေသည်။

"မိတ်ဆွေက ဘယ်သူလဲ"

ထိုလူက ပြုံးလိုက်ပြီး...

"ကျုပ်နာမည်က အရေးမကြီးပါဘူးဗျာ၊ အရေးကြီးတာက ...ပန်းချီ ခင်ဗျားလက်ထဲမှာ ရှိတယ် မဟုတ်လား"

ကွမ်းကျုံးရုပ်သည် အတန်ကြာ စဉ်းစားပြီးနောက် ခေါင်း...တ်လိုက်သည်။

"ရှိပါတယ်"

"ရှိရင် ကျုပ်ကို ပေးပါ"

"သိုးပန်းချီကို ဘာကိစ္စနဲ့ အလိုရှိနေတာလဲ"

"ဒါ ခင်ဗျားသိဖို့ မလိုပါဘူး"

ကွမ်းကျုံးရုပ်က ရယ်မောလိုက်သည်။

"ခင်ဗျား တော်တော် ရယ်စရာကောင်းတဲ့လူပဲ"

ထိုလူ၏ ဖြူဖွေးနေသော မျက်နှာတစ်ခုလုံးသည် အနီ...ာင် သမ်းလာသည်။

"ခင်ဗျားက ကျုပ်ကို မလေးမစားနဲ့ အထင်သေးတယ် ...တ်လား"

ကွမ်းကျုံးရုပ်က ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် ဘယ်သူ့ကိုမှ အထင်မသေးတတ်ပါဘူးဗျာ"

ထိုသူက လက်ဝါးဖြန့်လိုက်ပြီး...

"ဒါဖြင့် ပေးပါ"

"ဘာပေးရမှာလဲ"

"သိုးပန်းချီ"

ကွမ်းကျိုးရုပ်က ခေါင်းခါယမ်းလိုက်သည်။

"ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ်မပေးနိုင်ပါဘူး"

ထိုလူက မဲ့ပြုံးပြုံးလိုက်လေသည်။

"ဘယ်လိုလဲဗျ၊ ခင်ဗျားကို အေးအေးဆေးဆေး တောင်း လို့ မရဘူးထင်တယ်"

"ဟုတ်ကဲ့ ကျုပ်ကလည်း လွယ်လွယ်နဲ့ ဘယ်သူ့ကိုမှမပေး တတ်ပါဘူး"

"ကောင်းပြီလေ၊ ခင်ဗျားရဲ့ ရွှေဓားထုတ်လိုက်ပါ"

ကွမ်းကျိုးရုပ်က အသင့်ထားရှိသော သူ၏ရွှေဓားကို ကောက် ကိုင်လိုက်သည်။

"ကျုပ်ကတော့ မလွှဲမရှောင်သာတော့မှ ဓားကိုကိုင်ပါ တယ်ဗျာ"

"ခင်ဗျားဟာ ကျော်ကြားတဲ့လူတစ်ယောက်ပါပဲ၊ ဒါပေမယ့် ကျုပ်က သိုင်းကွက်ဆယ်ကွက်တည်းနဲ့ ခင်ဗျားကို အသေသတ်နိုင် တယ်ဆိုတာ ကြိုတင်ပြောထားပါရစေ"

"ဒါကတော့ တကယ့်လက်တွေ့ မတွေ့ရရင် ကျုပ်ယုံဖို့ ခက်ပါတယ်"

ထိုလူက ခေါင်းညိတ်လိုက်ပြီး ဓားကိုကိုင်၍ အသင့်ပြင်လိုက် လေသည်။

"ကောင်းပြီလေ၊ ခင်ဗျားကပဲစပြီး ကျုပ်ကို တိုက်ခိုက်ပေ တော့"

ကွမ်းကျိုးရုပ်က လက်နှစ်ဘက်ဆုပ်လိုက်ပြီး ဓားကိုထုတ် လိုက်သည်။



"လာပြီ၊ ခင်ဗျား သတိထားပေတော့"

သူသည် စကားပြောပြီးသည်နှင့် ဓားကိုတစ်ချက် ဝှေ့ယမ်း က်လေသည်။

ထိုအခါ ကွမ်းကျိုးရုပ်၏ဓားမှာ ရွှေရောင် ဝင်းလက်သွား သည်။

ထိုစဉ်မှာပင် လူတစ်ယောက်၏အသံ ထွက်ပေါ်လာသည်။

"ရပ်လိုက်"

ကွမ်းကျိုးရုပ်သည် ဓားကိုဝှေ့ယမ်းရာမှ ရပ်တန့်လိုက်ပြီး ကျေမနပ်ဖြင့် လှည့်ကြည့်လိုက်သောအခါ ပေါင်းချိန်းနှင့် လူနှစ် ာက် လာနေသည်ကို တွေ့လိုက်ရလေသည်။

ပေါင်းချိန်းသည် ကွမ်းကျိုးရုပ်နှင့် တိုက်ခိုက်မည့်လူအား က်ကြည့်လိုက်သည်။

"ကျုပ်တို့အဖွဲ့သားကို လာရောက်တိုက်ခိုက်တာ ခင်ဗျား း..."

"ဟုတ်ပါတယ်၊ ကျုပ်ကိုဟန့်တားလို့ ဆုံးမ မလို့ပါ"

ပေါင်းချိန်း၏မျက်နှာ နီရဲသွားသည်။

"ဒီကိစ္စ ခင်ဗျား ဘယ်လိုဖြေရှင်းမလဲ"

ထိုလူက ရယ်မောလိုက်သည်။

"ခင်ဗျားတို့လေသံက မာလှချည်လား၊ ဘာလဲ ကျုပ်ကို က်ခိုက်ချင်လို့ ဟုတ်လား"

ပေါင်းချိန်း မဲ့ပြုံးပြုံး လိုက်သည်။

"ဘယ်လိုနည်းနဲ့ပဲ ဖြစ်ဖြစ်၊ ဒီကိစ္စကိုတော့ ခင်ဗျားဖြေရှင်း ရမှာပဲ"

"လွယ်ပါတယ်၊ ကျုပ်ကို ခင်ဗျားတို့က နိုင်မယ်ထ
ပြန်တိုက်ပေါ့ဗျာ"

ထိုလူသည် ပြောပြီးသည်နှင့် တိုက်ခိုက်ရန် အသင့်အ
ထား ယူလိုက်လေသည်။

ပေါင်းချိန်း ခေါင်းခါယမ်းလိုက်ပြီး...

"ဒီနေရာဟာ ကျားမာန်အာမခံဌာန ပိုင်နက်ဖြစ်တယ်
ဖြစ်တဲ့ပြဿနာက ခင်ဗျားနဲ့ကျုပ်တို့ ဖြေရှင်းရမယ့် ကိစ္စဖြစ်တ

ထိုလူက လက်ကာပြလိုက်ပြီး...

"စကား မရှည်နဲ့၊ ခင်ဗျားတို့ ဘယ်မှာယှဉ်ပြိုင်မယ်ဆို
သာ ပြောပါ"

ပေါင်းချိန်းက အနည်းငယ်စဉ်းစားလိုက်ပြီး ထိုလူအ
စေ့ကြည့်ကာ...

"ဒီလိုလုပ်ပါ၊ မြို့ပြင်မှာ လူရှင်းတယ်၊ ခင်ဗျား သွာ
မလား"

"ဖြစ်ပါတယ်၊ ခင်ဗျားတို့ ဘယ်ကိုသွားချင်သလဲ
မိုးပေါ်အထိ လိုက်မယ်"

"ဟင်း ဟင်း ဟင်း"

"ကောင်းပြီ အခုသွားကြမယ်"

ထိုလူသည် ကွမ်းကျုံးရုပ်ဘက် လှည့်လိုက်သည်။

"ခဏစောင့်နေပါ ဌာနမှူး၊ ကျုပ် ခဏလေး ပြန်
မယ်"

သူသည် ပြောပြီးသည်နှင့် ပေါင်းချိန်းတို့ ပူစုနော
ခြေလှမ်းကျဲကျဲဖြင့် လိုက်သွားလေသည်။



ဖန်ကျင်းရှမ်းက မျက်မှောင်ကြုတ်သွားသည်။

"ဒီလူ ပြောပုံဆိုပုံက ပေါင်းချိန်းတို့ကိုလုံးဝမမှုတဲ့ပုံရတယ်"

ကွမ်းကျုံးရုပ်က တစ်ချက် စဉ်းစားကြည့်လိုက်သည်။

"သူပြောဆိုနေတဲ့ လေသံကို သတိထားမိတော့မှ သူက
ယ်သူလဲဆိုတာ ကျုပ်သတိရလာတော့တယ်"

"သူက ဘယ်သူလဲ"

"ငရဲပြည်က စာပေသမား စွန့်ရောင်ကန်း"

"ဩော် သူကိုး၊ ကျုပ်က လုံးဝမမှတ်မိဘူး"

"သူက အမြဲတမ်း အင်္ကျီအဖြူဝတ်လေ့ရှိတယ်၊ သပ်သပ်
ပ်ယပ် နေတတ်တယ်၊ အခုတော့ အင်္ကျီအနက်ဝတ်ပြီး မျက်နှာ
လည်း တစ်ခုခုလိမ်းထားလို့ ကျုပ်က တော်တော်နဲ့ မမှတ်မိဘူး"

ဖန်ကျင်းရှမ်းသည် ခေါင်းတညိတ်ညိတ်ဖြင့်...

"ဒီလူရဲ့ သိုင်းပညာဟာ တော်တော်ကြောက်စရာ ကောင်း
ယ် ဟုတ်လား"

"ဟုတ်တယ်၊ ပေါင်းချိန်းက သူမှန်းသိရင် အခုလို စိန်ခေါ်
မလား မသိဘူး"

"အင်း သူတို့ အခုလောက်ဆိုရင် တိုက်ခိုက်နေပြီနဲ့ တူ
ယ်၊ ဘယ်သူက နိုင်မယ်ထင်လဲ ဌာနမှူး"

"ခေတ်ပန်းဂိုဏ်းက နိုင်မယ်ထင်တယ်၊ ဒီတော့ ကျုပ်တို့အ
တ် အကာအကွယ်ရတာပေါ့"

ထိုစဉ်မှာပင် အေးစက်စက် အသံတသံ ထွက်ပေါ်လာ၏။

'ခေတ်ပန်းဂိုဏ်းလည်း နိုင်ဖို့ မသေချာပါဘူးဗျာ"

ကွမ်းကျုံးရုပ်နှင့် ဖန်ကျင်းရှမ်းတို့သည် နောက်သို့လှည့်မ

ကြည့်ဘဲ အတန်ကြာ တွေဝေနေသည်။

သူတို့၏နောက်တွင် ရောက်လာသောလူ၏ အသံကို ကြ
ဖူးသကဲ့သို့ ဖြစ်သော်လည်း ဘယ်သူဘယ်ပါဖြစ်သည်ကိုသတိမရ

ကွမ်းကျုံးရုပ်က လှည့်မကြည့်ဘဲ မေးလိုက်သည်။

"မိတ်ဆွေက ဘယ်သူလဲ"

သူတို့၏နောက်မှ လူသည် လေသံအေးအေးဖြင့် ပြေ
လိုက်သည်။

"ကျုပ် ဘယ်သူလဲဆိုတာ လှည့်ကြည့်ပါလား"

ကွမ်းကျုံးရုပ်နှင့် ဖန်းကျင်းရှမ်းတို့သည် ဖြည်းလေးစွာပြ
ပြိုင်တူ လှည့်ကြည့်လိုက်သောအခါ ထိမုံ့ချူး ဖြစ်နေသည်ကို တွေ
မြင်လိုက်ရလေသည်။

* * *

ဖန်းကျင်းရှမ်းမှာ ဖော်မပြနိုင်အောင် ဝမ်းသာသွားလေ၏

"ခင်ဗျားကိုး"

ထိမုံ့ချူးက ပြုံးလိုက်ပြီး ခေါင်းညိတ်လိုက်သည်။

"အခုလို မပြောမဆို လာရတာကို ခွင့်လွှတ်ပါဗျာ"

ဖန်းကျင်းရှမ်းက ပြုံးလိုက်လေသည်။

"မလိုပါဘူးဗျာ၊ ခင်ဗျားက ကျုပ်တို့ရဲ့ ကျေးဇူးရှင်ပဲ၊ ကျု
ဆီကို အချိန်မရွေး ဝင်ထွက်နိုင်ပါတယ်"



ကွမ်းကျုံးရုပ်က သူ့အား လှည့်ကြည့်ပြီး အံ့အားသင့်စွာဖြင့်

"ခင်ဗျား ဘယ်လိုလုပ် ဝင်လာတာလဲဗျ"

ထိမုံ့ချူးက ပြုံးလိုက်သည်။

"ခေတ်ပန်းဂိုဏ်းက လူနဲ့ ငရဲပြည်က စာပေသမားတို့ စ
ားပြောနေတုန်း ကျုပ်အလစ် ဝင်လာတာပါ"

သူသည် ပြုံး၍ စကားဆက်လိုက်သည်။

"အခု လာရတာကလည်း ခေတ်ပန်းဂိုဏ်းရဲ့ သတင်းအ
ကြောင်းကို နည်းနည်းကြားထားလို့ လာပြီး ပြောပြမလို့ပါ"

ကွမ်းကျုံးရုပ်၏ မျက်လုံးအစုံတွင် အရောင်များ ဝင်းလက်
တောက်ပသွားသည်။

"ပြောစမ်းပါဗျာ၊ ကျုပ်က သိပ်သိချင်နေတာ"

ထိမုံ့ချူးက အနည်းငယ် စဉ်းစားလိုက်သည်။

"ခေတ်ပန်းဂိုဏ်းဟာ အစည်းအဝေး လုပ်နေတုန်းပဲ၊ အခ
တိုက်အခိုက် ခံလိုက်ရတယ်၊ အဆင့်မြင့်တဲ့ပုဂ္ဂိုလ် (၁၂)ယောက် ဒဏ်
ရာရပြီး အခုထိ သတိမရသေးဘူးလို့ ကြားရပါတယ်"

ကွမ်းကျုံးရုပ်မှာ သတင်းကြားလိုက်ရပြီး ထိတ်လန့်တုန်
လှုပ်သွားလေသည်။

မယုံကြည်နိုင်အောင်လည်း ဖြစ်သွားလေသည်။

"ဟုတ်ရဲ့လားဗျ"

ထိမုံ့ချူးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ခေတ်ပန်းဂိုဏ်းဌာနချုပ်ကို ဖောက်ထွင်းခံ
ရပြီး အလွန်လျှို့ဝှက်တဲ့ စာရွက်စာတမ်းတွေ အခိုးခံရတယ်၊ ခေတ်
ပန်းဂိုဏ်းချုပ်လဲ လုပ်ကြံခံရလို့ အချိန်မီ မကုနိုင်ရင် သေဆုံးနိုင်

တယ်လို့ ကြားရပါတယ်"

ကွမ်းကျိုးရုပ်နှင့် ဖန်းကျင်းရှမ်းတို့သည် ထိုသတင်းစကား
ကြောင့် ထိတ်လန့်အံ့ဩသွားကြလေတော့သည်။

ကွမ်းကျိုးရုပ်သည် သက်ပြင်းတစ်ချက် ချလိုက်လေသည်
"အင်း... ခေတ်ပန်းဂိုဏ်းရဲ့ လူအင်အားဟာ တစ်သောင်
ကျော်ရှိတယ်၊ ထိပ်တန်းသိုင်းပညာရှင်တွေလဲ မရေမတွက် နိုင်
လောက်အောင် များပြားတယ်၊ ဒီလောက် အင်အားတောင့်တင်းတဲ့
အဖွဲ့ကို ဘယ်သူက သူတို့ကို ဒုက္ခရောက်သွားအောင် လုပ်နိုင်ခဲ့တာ
လဲ"

ဖန်းကျင်းရှမ်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ခေတ်ပန်းဂိုဏ်းကို ဒုက္ခပေးနိုင်တဲ့လူဟာ နယ်နယ်ရ
သိုင်းသမားတော့ မဟုတ်နိုင်ဘူး"

ကွမ်းကျိုးရုပ်က မျက်မှောင်ကြုတ်သွားသည်။

"သူတို့က ဒီလောက်တောင် ဒုက္ခကြုံနေရတဲ့အထဲ ဘာဖြစ်
လို့ သိုးပန်းချီကို လုယူချင်ရသေးသလဲ"

ထိမ့်ချူးက ရှင်းပြလိုက်သည်။

"ခေတ်ပန်းဂိုဏ်းဆီကို စာတစ်စောင် ရောက်သွားတယ်၊
အဲဒီစာထဲမှာ သူတို့ရဲ့ ထိပ်တန်းပုဂ္ဂိုလ် (၁၂)ယောက်ရဲ့ အသက်နဲ့
အခိုးခံရတဲ့ လျှို့ဝှက်တဲ့ စာရွက်စာတမ်းများကို သိုးပန်းချီနဲ့ လဲနိုင်ပါ
တယ်လို့ ဖော်ပြထားတယ်"

ကွမ်းကျိုးရုပ်က နားမလည်နိုင်ဘဲ ဖြစ်သွားလေသည်။

"ကျုပ်တော့ မစဉ်းစားတတ်အောင် ဖြစ်နေပြီဗျ"

ထိမ့်ချူးက လှည့်၍ မေးလိုက်သည်။



"ဘာဖြစ်လို့လဲဗျ"

"သူတို့က သိုးပန်းချီကို လိုချင်ရင် ကျုပ်တို့ကို လာတိုက်
က်ရင် ပိုမလွယ်ကူပါလား၊ ဘယ့်နဲ့ သိုင်းလောကမှာ အင်အားအ
ာင့်တင်းဆုံးဖြစ်တဲ့ ခေတ်ပန်းဂိုဏ်းကိုမှ အကျပ်ကိုင်ရတာလဲဆို
ာ စဉ်းစားမရလို့ပါ"

ထိမ့်ချူးက မျက်မှောင်ကြုတ်သွားသည်။

"ဟုတ်တယ်ဗျ၊ သူ ဒီလိုလုပ်လိုက်ခြင်းအားဖြင့် ခင်ဗျားတို့
ာမခံဌာနကို ရင်ဆိုင်ရမှာ မဖြစ်နိုင်တဲ့အကြောင်း တစ်ခုခု ရှိလိမ့်
ယ်လို့ ထင်တယ်"

ကွမ်းကျိုးရုပ် ခေါင်းညိတ်လိုက်သည်။

"အခြေအနေ ကြည့်ရတာ ဒီအတိုင်းပဲ ယူဆရတော့မှာပဲ"

ထိမ့်ချူးက ဖန်းကျင်းရှမ်းအား ကြည့်လိုက်သည်။

"ကျုပ် စကားတစ်ခွန်း ပြောချင်ပါတယ်၊ ဒီလို ပြောခြင်း
အားဖြင့် ကျားမာန်အာမခံဌာနတစ်ခုလုံးအပေါ် စေကနာရှိလို့ ပြော
တယ်ဆိုတာ ယုံစေချင်ပါတယ်"

"ပြောပါ"

"သိုးပန်းချီနဲ့ ပတ်သက်ပြီး သိုင်းလောကတစ်ခုလုံး ပွက်
လောရိုက်နေတယ်ဆိုတာ ခင်ဗျားတို့လည်း သိသင့်သလောက် သိ
ထားပြီးရောပေါ့"

"ဟုတ်ကဲ့"

"ခေတ်ပန်းဂိုဏ်းကလည်း သူတို့ရဲ့ အခက်အခဲ ကျော်လွှား
နိုင်ဖို့ဟာ သိုးပန်းချီကို မလုယူဘူးလို့ မပြောနိုင်ဘူး"

"ဒါလည်း ဖြစ်နိုင်ပါတယ်"

"ဒီသိုးပန်းချီကားထဲက ရတနာသိုက်ကို ချောချော
မော ဖော်ထုတ်နိုင်တယ်ထားဦး၊ ဒီပစ္စည်းတွေကို လုယူမယ့်လူ
အများကြီးချောင်းနေတယ်ဆိုတာလည်း ထည့်တွက်ရပါလိမ့်မယ်

ကွမ်းကျုံးရုပ်က သူ့အား အကဲခတ်ကြည့်လိုက်ပြီး လှ
မေးလိုက်သည်။

"ခင်ဗျားရဲ့သဘောက"

ထိမ့်ချူးက ပြုံးလိုက်သည်။

"ကျုပ်ရဲ့ သဘောကတော့ ကျုပ် ဒီမှာ ရှိနေတယ်ဆိုရ
ခင်ဗျားတို့ကို ကာကွယ်ပေးနိုင်သေးတယ်၊ ဒါပေမယ့် ရက်မကြာခ
မှာ ကျုပ်က ခိုင်ဖုန်းမြို့က ထွက်ခွာသွားရမှာမို့ ကျုပ်လည်း ဘယ်လ
မှမကူညီနိုင်တော့ဘူး"

"အဲဒီတော့"

"အဲဒီ သိုးပန်းချီကို လက်ထဲမှာ မထားဘဲ တခြားတစ်
ယောက်ကို ဒါမှ မဟုတ်ရင် ယုံကြည်ရမယ့် အဖွဲ့အစည်းတစ်ခုခုကို
အပ်ထားရင် ကောင်းမယ်လို့ တိုက်တွန်းချင်ပါတယ်"

ကွမ်းကျုံးရုပ်သည် အံ့သြစွာဖြင့် မေးလိုက်သည်။

"ခင်ဗျားက ဒီပန်းချီကားကို စိတ်မဝင်စားဘူး ဟုတ်လား"

"ကျုပ်သာ စိတ်ဝင်စားရင် ခင်ဗျားတို့ကို ဘယ်ပြန်ပေး
တော့မှာလဲ"

ဖန်းကျင်းရှမ်းသည် တည်ကြည်သောလေသံဖြင့် မေးလိုက်
လေသည်။

"ဒါဖြင့် ဒီသိုးပန်းချီကားကို ခင်ဗျား လာပို့ထားတယ် ဟုတ်
လား"



ထိမ့်ချူးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ကွမ်းကျုံးရုပ်သည် ထိမ့်ချူးအား သုန်မှုန်စွာဖြင့် စိုက်ကြည့်
ိုက်သည်။

"ခင်ဗျားသဘောက ဘယ်သူ့ကို အပ်ထားရင် ကောင်းမယ်
ို့ ယူဆသလဲ"

ထိမ့်ချူးက ပြုံးလိုက်လေသည်။

"ဘယ်သူမဆို ဒီသိုးပန်းချီကို လက်ဝယ်ထားရှိရင် အန္တ
ာယ်အမျိုးမျိုးနဲ့ ရင်ဆိုင်ရမှာတော့ သေချာပါတယ်ဗျာ"

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားသည်။

"ဒီလိုဆိုရင် ဒီပန်းချီကားကို ဘယ်သူ့လက်ထဲ အပ်အပ်
တ်မချရဘူး ဆိုပါတော့"

ထိမ့်ချူးက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်"

ထိမ့်ချူးက စကားဆက်လိုက်ပြန်သည်။

"ရှင်းရှင်းပြောရမယ်ဆိုရင် ဒုဋ္ဌာနမှူးက ကျုပ်အသက်ကို
ယ်ခဲ့တဲ့အတွက် ကျုပ်က သူ့ရဲ့ အသက်အန္တရာယ် မဖြစ်အောင်
ပြီး ကူညီတဲ့သဘောပါ၊ ကျားမာန်အာမခံဌာနနဲ့တော့ ဘာမှမ
တ်သက်ပါဘူး"

ဖန်းကျင်းရှမ်းမှာ ခေါင်းညိတ်လိုက်သည်။

"ဒီအတွက် ခင်ဗျား ကျုပ်ကို ကူညီခဲ့တာလည်း အကြိမ်
ါင်းမနည်းတော့ပါဘူးလေ"

ထိမ့်ချူးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ဒါကြောင့် ကျုပ်က အခုလိုလာပြီး မေတ္တာရပ်ခံတာပါ"

ကွမ်းကျုံးရုပ်က ထိမုံ့ချူးဘက်သို့ လှည့်လိုက်သည်။

"ခင်ဗျား ခိုင်ဖုန်းမြို့က ထွက်သွားမယ်ဆိုတာ အရေးကြီးတဲ့ ကိစ္စ ရှိနေလို့လား"

"ကျုပ်ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စပါ"

"ခင်ဗျား ဘယ်တော့ သွားမှာလဲ"

"ကျုပ်က စာတစ်စောင်ကို စောင့်ရမှာမို့ ဆယ်ရက်ကြာရင် ကြာမယ်၊ မနက်ဖြန် အရေးကြီးရင်လည်း ထွက်သွားရင် ထွက်ရလိမ့်မယ်"

ကွမ်းကျုံးရုပ်က အမှတ်မထင် မေးလိုက်သည်။

"ခင်ဗျားအသက် ဘယ်လောက်ရှိပြီလဲ"

"ကျုပ်အသက် နှစ်ဆယ့်နှစ်နှစ်ပါ"

"ခင်ဗျားက အသက်ငယ်ငယ်နဲ့ သိုင်းပညာ အင်မတန် ထူးချွန်နေတာ အတော့်ကို ချီးကျူးစရာ ကောင်းပါတယ်"

"ဒါကတော့ ကျုပ် ကလေးဘဝကတည်းကစပြီး သိုင်းပညာကို သင်ကြားခဲ့လို့ပါ"

ဖန်းကျင်းရှမ်းက အသံတိုးတိုးဖြင့်...

"ခင်ဗျားကို ကျုပ်တစ်ခု သတိပေးရဦးမယ်"

"ဟုတ်ကဲ့ ပြောပါ"

ဖန်းကျင်းရှမ်းမှာ ဆက်လက် ပြောလိုက်သည်။

"ခိုင်ဖုန်းမြို့မှာ နဂါးပတ်အလံပိုင်ရှင် ရှိနေတယ်ဗျ"

ထိမုံ့ချူးမှာ အံ့အားသင့်သွားပြီး...



"နဂါးပတ်အလံပိုင်ရှင် ဟုတ်လား၊ သူက ဘယ်သူပါလိမ့်"

"ခင်ဗျားက အသက်ငယ်သေးလို့ ဒီအကြောင်း မသိခဲ့တာကိုး၊ နဂါးပတ်အလံဆိုတာ လွန်ခဲ့တဲ့ အနှစ်(၃၀)လောက်တုန်းက သိုင်းလောကတစ်ခုလုံး ဖိန့်ဖိန့်တုန်အောင် ကြောက်ရတဲ့ လူတစ်ယောက်ပါ"

ထိမုံ့ချူးက မျက်မှောင်ကြုတ်သွားသည်။

"သူတို့နဲ့ ကျုပ် ဘယ်လိုများ သက်ဆိုင်နေလို့လဲ"

"နဂါးပတ်အလံပိုင်ရှင်ဟာ သိုင်းပညာ ထူးချွန်တဲ့ လူကို နည်းအမျိုးမျိုးနဲ့ ဒုက္ခပေးတတ်လို့ပါ"

ထိမုံ့ချူးက မျက်မှောင်ကြုတ်သွားလေသည်။

"ခင်ဗျားတို့က နဂါးပတ်အလံပိုင်ရှင်ကို တွေ့ခဲ့ဖူးလို့လား"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"တွေ့တော့တွေ့တယ်၊ ဒါပေမယ့် သေသေချာချာ မမြင်လိုက်ရဘူး"

ကွမ်းကျုံးရုပ်သည် အတန်ကြာမျှ စဉ်းစားလိုက်သည်။

"ကျုပ် အံ့ဩနေတာ တစ်ခုတော့ ရှိတယ်"

ထိမုံ့ချူးသည် သိချင်စိတ် ဖြစ်လာသည်။

"ဘာများလဲဗျ"

ကွမ်းကျုံးရုပ်သည် မျက်မှောင်ကြုတ်ယင်း...

"နဂါးပတ်အလံပိုင်ရှင်ဟာ ခိုင်ဖုန်းမြို့ အနီးအနားမှာ ရှိရဲ့သားနဲ့ သိုင်းလောကတစ်ခုလုံးကို ဂယက်ရိုက်နေတဲ့ သိုးပန်းချီကို ဘာကြောင့် လုံးဝ ဝင်မစွက်တာလဲ"

ထိမုံ့ချူးက ပြုံးလိုက်သည်။

"ကျုပ်က သူ့အကြောင်း မသိတော့ ဘယ်လိုမှ မဝေဖန်တတ်ပါဘူးဗျာ"

ထိုစဉ်မှာပင် အပြင်ဘက်မှ လူတစ်ယောက်သည် ဧည့်ခန်းထဲသို့ ခြေလှမ်းကျဲကျဲဖြင့် ရောက်ရှိလာလေသည်။

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားသည်။

"ဘာကိစ္စရှိလို့လဲ"

ဧည့်ခန်းထဲသို့ ဝင်လာသူမှာ တံခါးစောင့်ပင် ဖြစ်သည်။

သူသည် ဦးညွှတ်လိုက်ပြီး...

"စွမ်ကျင်းနဲ့ ခါးကုန်းကြီးတို့က ဌာနမှူးကို တွေ့ချင်လို့ ရောက်နေပါတယ်"

ကွမ်းကျုံးရုပ်သည် အံ့အားသင့်သွားလေသည်။

ထို့နောက် တံခါးစောင့်အား လှမ်းပြောလိုက်သည်။

"သူတို့ကို ဧည့်ခန်းထဲမှာ စောင့်ခိုင်းပါ"

တံခါးစောင့်က ဦးညွှတ်လိုက်ပြီး အခန်းပြင်ဘက်သို့ ထွက်ခွာသွားလေသည်။

* * *

တခဏအကြာတွင်...

ထိုက်ဟန်တောင်မှ ခါးကုန်းကြီးနှင့် စွမ်ကျင်းတို့သည် ဧည့်ခန်းထဲသို့ ဝင်ရောက်လာသည်။



ကွမ်းကျုံးရုပ်သည် သူတို့အား မြင်တွေ့ရသည်နှင့် ကြိုဆိုလိုက်သည်။

"ကြွပါ... ထိုင်ကြပါဗျာ"

ခါးကုန်းကြီးနှင့် စွမ်ကျင်းတို့သည် ကွမ်းကျုံးရုပ် အနီးရှိ ကုလားထိုင်အသီးသီးတွင် ထိုင်ချလိုက်သည်။

စွမ်ကျင်းက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"အင်း... ကျုပ် အချိန်မီ မရောက်နိုင်တာ ခွင့်လွှတ်ပါဗျာ"

ကွမ်းကျုံးရုပ်က အံ့အားသင့်စွာဖြင့်...

"ခင်ဗျားတို့ လမ်းခရီးမှာ အနှောင့်အယှက်တွေ တွေ့နေလို့ မဟုတ်လား"

စွမ်ကျင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ကွမ်းကျုံးရုပ်သည် အရက်ကရားထဲမှ အရက်ကို ငှဲ့ပေးလိုက်ရင်း...

"ကဲ... အရက်သောက်လိုက်ပါဦး၊ နောက်မှ ဖြည်းဖြည်းပြောတာပေါ့"

ကွမ်းကျုံးရုပ်က ထိမ့်ချူးအား မိတ်ဆက်ပေးရန် ပါစပ်ဟလိုက်စဉ်...

ထိမ့်ချူးက ကြိုတင်၍ ပြောလိုက်လေသည်။

"ကျုပ် အညတရ သိုင်းသမားပါ၊ မိတ်ဆက်ပေးစရာ မလိုပါဘူး"

ကွမ်းကျုံးရုပ်က စွမ်ကျင်းဘက်သို့ လှည့်လိုက်ပြီး...

"ကျုပ် ခင်ဗျားကို မျှော်နေတာ နှစ်ရက်တောင် ရှိသွားပြီ"

စွမ်ကျင်းက သက်ပြင်းတစ်ချက်ချလိုက်သည်။ ပြီးနောက် စကားတစ်ခွန်းအား ပြောသင့် မပြောသင့် ချင့်ချိန်ပြီးမှ ပြောရန် ဟန်ပြင်လိုက်၏။

"ပြောရမှာတောင် ရှက်ပါတယ်ဗျာ"

ကွမ်းကျုံးရုပ်က စိတ်ဝင်စားစွာဖြင့်...

"ဘာတွေ ဖြစ်ခဲ့လို့လဲဗျ"

စွမ်းကျင်းသည် မကျေမချမ်း ဖြစ်ကာ ပြောနေလေသည်။

"ကျုပ်အစာစားတဲ့ အထဲမှာ ဘယ်သူက ဆေးခတ်သွားမှန်း မသိဘူး၊ နှစ်ရက်လုံးလုံး သတိမေ့နေတယ်၊ ကနေ့မှပဲ သတိရလာတော့တယ်"

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားသည်။

"ဘယ်သူက ဆေးခတ်သွားတယ်ဆိုတာ မင်းမသိဘူးလား"

"ဟုတ်ကဲ့၊ အခုထိ စုံစမ်းလို့ မရသေးဘူး"

ကွမ်းကျုံးရုပ်သည် ခါးကုန်းကြီးအားတချက်ကြည့်လိုက်၏။

"ခင်ဗျားတို့နှစ်ယောက် အတူတူ လာတာလား"

ခါးကုန်းကြီးက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး ဒီကျေတော့မှ ဆုံကြတာပါ"

"ခင်ဗျားတို့ လာတုန်း လမ်းခရီးမှာ ဟန့်တားခံရသေးလား"

စွမ်ကျင်းက စဉ်းစားရင်းမှ ခေါင်းခါယမ်းလိုက်သည်။

"မခံရပါဘူး ဘာဖြစ်လို့လဲ"

ခါးကုန်းကြီးက စဉ်းစဉ်းစားစားဖြင့် ပြောလိုက်သည်။

"အပြင်ဘက်မှာတော့ ခေတ်ပန်းဂိုဏ်းတွေက စောင့်ကြပ်



နေတာကို တွေ့ရတယ်"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"သူတို့က ခင်ဗျားတို့ကို မတားဘူးလား"

ခါးကုန်းကြီးနှင့် စွမ်ကျင်းတို့သည် ပြိုင်တူခေါင်းခါယမ်းလိုက်သည်။

"ဘယ်သူမှ မတားပါဘူးဗျာ"

ကွမ်းကျုံးရုပ်က ခါးကုန်းကြီးအား ခေါင်းညိတ်ပြလိုက်၏။

"ဦး ဒီကိုလာတာ ကိစ္စများ ရှိလို့လား"

"ရှိလို့လာတာပေါ့"

"သိုးပန်းချီကားကို ပြန်တောင်းမလို့လား"

ခါးကုန်းကြီးက ဆတ်ကနဲထလိုက်ပြီး မျက်နှာထား တင်းမာစွာဖြင့်...

"ခင်ဗျားက ကျုပ်ကို မယုံလို့လား"

ကွမ်းကျုံးရုပ်က ပြုံးလိုက်သည်။

"သိုးပန်းချီရဲ့ မူလထိန်းသိမ်းထားတဲ့လူဟာ ဦးပဲ မဟုတ်လား၊ ဒါကြောင့် မေးရတာပါ"

ခါးကုန်းကြီးက ကုလားထိုင်ပေါ်သို့ပြန်လည်ထိုင်ချလိုက်ပြီး

"ကျုပ်က ဒီပန်းချီကားကို လက်ထဲမှာထားရင် ခိုင်ဖုန်းမြို့ကနေ အသက်ရှင်ပြီး ထွက်ခွာသွားနိုင်မယ် မဟုတ်ဘူးဆိုတာ ကျုပ်သိပါတယ်"

သူသည် စကားရပ်ပြီးမှ စကားဆက်လိုက်လေသည်။

"ကျုပ်အခု လာခဲ့တာက ပြောစရာနည်းနည်း ရှိနေလို့ပါ"

ကွမ်းကျုံးရုပ်မှာ တည်ကြည်စွာဖြင့်...

"ပြောပါ"

"ပန်းချီကားပေါ်မှာ သိုင်းပညာနဲ့ ပတ်သက်ပြီး ပါရှိနေတယ်၊ ဒါကို ခင်ဗျား တွေ့သလားလို့ပါ"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"တွေ့ပါတယ်"

"ဒါဖြင့် ပြောစမ်းပါအုံး"

ကွမ်းကျုံးရုပ်က ပြုံးလိုက်ပြီး...

"ကျုပ်က အားလုံးကို နားမလည်ပါဘူး၊ ဉာဏ်ထိုင်းပါတယ်၊ နည်းနည်းပါးပါး သဘောလောက်ပဲ သိတယ်"

ခါးကုန်းကြီးက ပြုံးလိုက်သည်။

"နည်းနည်းပါးပါး နားလည်လည်း မဆိုးပါဘူး"

သူသည် ကွမ်းကျုံးရုပ်အား ကြည့်လိုက်သည်။

"ဒါနဲ့ ခင်ဗျား သိုင်းကွက် ဘယ်နှစ်ကွက် တွေ့ထားသလဲ"

ကွမ်းကျုံးရုပ်က အနည်းငယ် စဉ်းစားလိုက်သည်။

"ငါးကွက်ပါ"

ခါးကုန်းကြီးက ပြုံးလိုက်ပြီး...

"အားလုံး စုစုပေါင်း (၇)ကွက် ရှိပါတယ်၊ ခင်ဗျားက တိုတောင်းတဲ့ အချိန်မှာ သိုင်းကွက်(၅)ကွက်တွေ့တာ တော်တော့်ကို ဉာဏ်တော်ပါတယ်"

သူသည် ပြုံး၍ စကားဆက်လိုက်သည်။

"ဒါပေမယ့် အဲဒီအထဲမှာ အထက်မြက်ဆုံးနဲ့ ကြောက်စရာအကောင်းဆုံးသိုင်းကွက်ဟာ နောက်ဆုံး သိုင်းကွက်(၂)ကွက်ပါပဲ၊ ခင်ဗျားက သိုင်းကွက်(၇)ကွက်လုံး တတ်မြောက်ထားရင် ဒီပန်းချီ



ကားကို ကာကွယ်ထိန်းသိမ်းနိုင်စွမ်းရှိပြီလို့ ကျုပ်ယူဆနိုင်ပါတယ်"

ကွမ်းကျုံးရုပ်က ခါးကုန်းကြီးအား အကဲခတ်ကြည့်လိုက်၏။

"ဦးက သိုင်းကွက်(၇)ကွက်လုံး ရထားပြီးပြီလားဗျာ"

ခါးကုန်းကြီးက ခေါင်းခါယမ်းလိုက်ပြီး ကွမ်းကျုံးရုပ်အား ပြောလိုက်သည်။

"ကျုပ်က ဓားသမား မဟုတ်တဲ့အတွက် သိုင်းကွက်(၄)ကွက်ပဲ ရထားပါတယ်"

ထိမ့်ချူးက စားသောက်ရင်း အေးတိအေးစက်လေသံဖြင့်

"သိုင်းကွက်(၇)ကွက်လုံး တတ်ထားလည်း အကြောင်းမထူးပါဘူးဗျာ"

ခါးကုန်းကြီးမှာ ထိမ့်ချူး၏ စကားကြောင့် မျက်နှာမှာ ဒေါသရိပ်သမ်းသွားလေသည်။ ထို့အပြင် ထိမ့်ချူးအား ပြန်လည်ချေပနိုင်ပါးစပ်ဟလိုက်ရာ...

ကွမ်းကျုံးရုပ်က ကြားဖြတ်ပြောလိုက်သည်။

"ဒါနဲ့ ဦးကို စကားတစ်ခွန်း မေးချင်ပါတယ်"

ခါးကုန်းကြီးက ထိမ့်ချူးအား မကျေမနပ် ကြည့်ယင်း...

"မေးနိုင်ပါတယ် မေးပါ"

"ဦးလက်ထဲမှာ ဒီပန်းချီကား ထိန်းသိမ်းထားတာ အတော်ကြာပြီပဲ၊ ဘယ်သူမှ မသိဘူး၊ မြို့တော်ဝန်လက်ထဲရောက်မှ သိုင်းလောကတစ်ခုလုံး သတင်းပျံ့နှံ့သွားတာ ဘာကြောင့်လဲဗျ"

စွမ်ကျင်းက ခါးကုန်းအဘိုးကြီးဘက်လှည့်ပြီး ပြောလိုက်၏။

"ဒီသတင်းကို ဦးဆီကပဲ ပေါက်ကြားသွားတာ ဖြစ်မှာပေါ့"

ခါးကုန်းကြီးက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး၊ ကျုပ်ဆီက ဒီသတင်းပေါက်ကြားတာ မဟုတ်ဘူး"

သူသည် စကားဆက်လိုက်ပြန်သည်။

"ခင်ဗျား ထင်သလို ကျုပ်လည်း အံ့ဩနေပါတယ်၊ ဒီသို ပန်းချီခိုးသွားတဲ့ လူကိုလည်း ကျုပ်က သိပြီးပါပြီ၊ ဒါပေမယ့် ခိုးသွာ တဲ့လူကလည်း သတင်းလွှင့်တာ မဟုတ်ဘူးဗျ"

ကွမ်းကျုံးရုပ်က နားစွင့်နေ၏။

ခါးကုန်းကြီးက စကားဆက်လိုက်ပြန်၏။

"သတင်းလွှင့်တဲ့လူဟာ အလွန်ကောက်ကျစ်စဉ်းလဲတ ထင်ရားတယ်ဗျာ"

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားပြီး နားမလည်ဟ ဖြင့်...

"ဦးပြောတာ ကျုပ် နားမရှင်းဘူး ခင်ဗျ"

ခါးကုန်းကြီးက ရှင်းပြလိုက်သည်။

"ဒီလိုပါ သတင်းလွှင့်တဲ့သူက သိုးပန်းချီမှာ ရတနာသိုက်အ ကြောင်းတင်မကပဲ လျှို့ဝှက်နက်နဲတဲ့ သိုင်းပညာရှိတယ်ဆိုတ လည်း သတင်းလွှင့်လိုက်တဲ့အတွက် သိုင်းလောကတစ်ခုလုံး ဂယ ရိုက်သွားတာပေါ့"

ဖန်းကျင်းရှမ်းက ခေါင်းတညိတ်ညိတ်ဖြင့် ခါးကုန်းအဘိုးကြ အား မေးလိုက်လေသည်။

"ဒီလိုဆို ခင်ဗျားပြောတဲ့ စကားအရ တစ်စုံတစ်ယောက်က သိုင်းလောကတစ်ခုလုံး ရှုပ်ထွေးသွားအောင် တမင်သက်သက် လု တဲ့ သဘောပေါ့ ဟုတ်လား"



"ဟုတ်တယ် ဒီကိစ္စဟာ တစ်ယောက်ယောက်က သေသေ ချာ အကွက်ချပြီး လုပ်ဆောင်နေတယ်လို့ ထင်ရတယ်၊ ဒါကြောင့် ပ် စိုးရိမ်နေတယ်"

"ဟုတ်တယ် သူက သိုင်းလောကနဲ့ လုံးဝမပတ်သက်တဲ့ တော်ဝန်ကတစ်ဆင့် ကျုပ်တို့ အာမခံဌာနဘက်ကို ကွေ့ပတ်လာ သိုင်းလောကတစ်ခုလုံး ဂယက်ရိုက်သွားအောင် စီစဉ်လိုက်တာ အတော်လေး ကျယ်ပြန့်သွားတယ်လို့ ကျုပ်ယူဆတယ်"

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်အချိန်ကုန်ခံပြီး လေ့လာအကဲ ကြည့်ပါတယ်၊ အခု ဖြစ်ပျက်နေတဲ့ သိုးပန်းချီကိစ္စဟာ ဉာဏ် တဲ့ အလွန်ကောင်းတဲ့ လူတစ်ယောက်က ကြိုတင်စီစဉ်ထားတဲ့ င်ချောက်တစ်ခုပဲလို့ တွေးမိတာပဲ"

"ဒီလိုမှ မဟုတ်ရင် တိုတောင်းတဲ့ လပိုင်းအတွင်းမှာ ထိပ် းသိုင်းသမားတွေဟာ ခိုင်ဖုန်းမြို့ကို ဘယ်လိုလုပ် စုဝေးရောက်ရှိ မှာလဲဗျ"

"တန်ပြန်တဲ့ နည်းလမ်းကို ဦးက စဉ်းစားလို့ရလား"

"မရဘူး"

"ခက်တာပဲဗျာ၊ ဒီကိစ္စမှာ ချောမောပြေပြစ်သွားအောင် ယ်လိုလုပ်ရမှန်းတောင် မစဉ်းစားတတ်တော့ဘူးဗျာ"

"ကဲ... ကျုပ်ပြောစရာရှိတာ ပြောပြီးပြီ၊ သွားလိုက်ပါဦး"

"ဦးမှာ အရေးကြီးတဲ့ကိစ္စ မရှိရင် ခဏလေး နေပါဦးလား"

"နေလို့တော့ ရပါတယ်၊ ဒါပေမယ့် ဒီအရှုပ်အရှင်းထဲမှာ

ကျုပ်ပါမှာ မဟုတ်ဘူးဆိုတာ ကြိုတင်ပြောပါရစေ"

"ဦးရဲ့ သဘောအတိုင်း ဖြစ်ပါတယ်၊ အခုလိုလာပြီး ပြေ
တာကိုလည်း ကျေးဇူးတင်ပါတယ်"

သူသည် ပြောပြီး ပြန်လည်၍ ကုလားထိုင်၌ ပြန်လည်ထို
ချလိုက်ပြန်သည်။

* * *

ထိုက်ဟန်တောင်မှ ခါးကုန်းကြီးသည် ပြန်လည်ထိုင်နေစ
သူ၏မျက်လုံးအစုံက ထိမုံ့ချူးအား တစ်ချက်ငေးကြည့်လိုက်
သည်။ ထို့နောက် လက်ညှိုးထိုး၍ မေးလိုက်သည်။

"ဒီလူငယ်က ခင်ဗျားနဲ့ ဘယ်လိုပတ်သက်သလဲ"

ကွမ်းကျုံးရုပ်မှာ ဖြေရန် အခက်ကြုံသွားလေသည်။

"သူက..."

ကွမ်းကျုံးရုပ်၏စကားမဆုံးမီ ခါးကုန်းကြီးက ကြားဖြ
ပြောလိုက်သည်။

"ဒီမှာ ဌာနမှူး၊ ကျုပ် ဒီလူငယ်နဲ့ နည်းနည်းပါးပါး ဆွေ
နွေးချင်ပါတယ်"

ထိမုံ့ချူးက ပြုံးလိုက်သည်။

"ဌာနမှူးက ဆွေးနွေးချင်တယ်ဆိုရင် ဆွေးနွေးပါ"

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားသည်။



ထိမုံ့ချူးက ပြုံးလိုက်သည်။

"မစိုးရိမ်ပါနဲ့၊ ခင်ဗျားရဲ့ ပိုင်နက်ထဲမှာ ကျုပ်က ခင်ဗျားတို့
ကို ထိခိုက်မယ့် အလုပ်ကို မလုပ်ရပါဘူးဗျာ"

သူသည်ပြောပြီး ခါးကုန်းကြီးဘက်သို့ လှည့်လိုက်ကာ...

"ကဲ... ခင်ဗျား ဆွေးနွေးချင်တာကို ဆွေးနွေးနိုင်ပါတယ်"

ခါးကုန်းကြီးကသူ့အား အကဲခတ်ကြည့်ရင်းမှမေးလိုက်၏။

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

"နာမည်က အရေးမကြီးပါဘူးဗျာ၊ ခင်ဗျား မေးချင်တဲ့ကိစ္စ
ကို မေးပါ"

ခါးကုန်းကြီးက သူ့အား တည်ကြည်စွာ ကြည့်ယင်း...

"မင်းကို ငါလက်ဆောင် စကားတစ်ခွန်း ပြောလိုက်မယ်၊
ငယ်တွေဟာ အရာရာမှာ ရန်ဖြစ်တိုက်ခိုက်ဖို့ ရှောင်ကြဉ်ရမယ်၊
င်းကြည့်ရတာ ဘုဆတ်ဆတ်နဲ့ နေရာတကာမှာ ရန်လိုတဲ့သဘော
စ်နိုင်တယ်ကွ"

ထိမုံ့ချူးသည် သူ၏စကားကို နားထောင်ပြီး ပြုံး၍ ခေါင်း
ိတ်လိုက်သည်။

"ခင်ဗျားပြောတာ မှန်တယ်၊ ကျုပ်လည်း ခင်ဗျားကို စကား
က်ဆောင်တစ်ခွန်း ပြောရဦးမယ်"

"ဘာပြောချင်သလဲ ပြောပါ"

ထိမုံ့ချူးက မျက်နှာထားတည်ကြည်စွာဖြင့် တစ်လုံးချင်း
ပြာချလိုက်လေသည်။

"ခင်ဗျားဟာ အသက်ကြီးသလောက် ပညာနည်းတယ်၊ အ
မြော်အမြင်နည်းတဲ့လူနဲ့ တွေ့ရင် ရန်ဖြစ်မှာ သေချာတယ်၊ ရန်ဖြစ်

လို့ ခင်ဗျားက နိုင်ရင် တော်သေးရဲ့၊ ရှုံးသွားရင် တစ်သက်လုံး ထိ
ထားတဲ့နာမည် ရေထဲမျောပါသွားမှာပေါ့ဗျာ”

“ဒါပေမယ့် ခင်ဗျားကောင်းတာ တစ်ကွက်တော့ ရှိတယ်
အသက်အရွယ် ကြီးတဲ့လူဟာ လောဘကို ရှောင်ကြဉ်ရမယ်၊ ခင်ဗျ
အခု သိုးပန်းချီကို လက်လွှတ်လိုက်တာဟာ အလွန်သင့်မြတ်လျော်
ကန်ပါတယ်”

“မင်းပါးစပ် ပိတ်ထားလိုက်စမ်း”

“ဘာဖြစ်လို့လဲဗျာ”

“မင်း အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ငါ့ကိုများ လာဆုံးမနေ
သလားကွ”

“ကျုပ်က ဆုံးမတာ မဟုတ်ပါဘူး၊ စကားလက်ဆော
ပေးတာပါ”

“မလိုပါဘူးကွ၊ ငါဒီအသက်အရွယ်နဲ့ မင်းစကားလ
ဆောင် ဘာလုပ်ဖို့လဲ”

“အရည်အချင်း ရှိတဲ့လူက အသက်ကြီးသည်ဖြစ်စေ၊ ငယ်
သည်ဖြစ်စေ ရှိမှာပဲဗျ၊ အရည်အချင်း မရှိတဲ့လူဟာ အသက်(၁၀၀
ရှည်သော်လည်း ဘယ်နေရာမှ အသုံးမဝင်ဘူးဗျာ”

“မင်း ငါ့ကို စော်ကားတာလားကွ၊ တွေ့ကြသေးတာ
ကဲ...”

ခါးကုန်းအဘိုးအိုသည် ထိုသို့ပြောပြီး လက်ထဲမှ ကိုင်ထာ
သော တူနှစ်ချောင်းနှင့် ထိမုံ့ချူး၏ မျက်လုံးနှစ်လုံး ရှိရာသို့ တ
မတ်စွာ ပစ်လွှင့်လိုက်လေသည်။

ထိမုံ့ချူးက အသာအယာ ခေါင်းငုံ့ပေးလိုက်ရာ... တူ



ချောင်းသည် ထိမုံ့ချူး၏ နောက်ကွယ်ရာမှ ရှိနေသော တိုင်ပေါ်သို့
စိုက်ဝင်သွားလေသည်။

ကွမ်းကျူးရှပ်သည် ထိုအဖြစ်ကို မြင်လိုက်သည်နှင့် အံ့သြ
ထိတ်လန့်သွားလေသည်။

ထို့ကြောင့် ပျာပျာသလဲ လှမ်းဟားလိုက်သည်။

“မလုပ်ပါနဲ့ဗျာ၊ လက်လွန်ကုန်လိမ့်မယ်”

ထိမုံ့ချူးက ကြားဖြတ်ပြောလိုက်သည်။

“ခင်ဗျားက သိပ်ဒေါသကြီးနေတာကိုး၊ နောက်ကို လှည့်
ကြည့်ဦး၊ လူလာနေတယ်၊ အများကို မဆီမဆိုင် မထိခိုက်စေချင်ဘူး”

အခန်းတွင်းရှိ လူများသည် နောက်သို့ပြိုင်တူ လှည့်ကြည့်
လိုက်ကြလေသည်။

ထိုအခါတွင် သူတို့၏နောက်ဘက်ဆီမှ တစ်ကိုယ်လုံး သွေး
များစိုရွှဲနေသော လူတစ်ယောက်သည် ခြေလှမ်းကျဲကျဲဖြင့် ဧည့်ခန်း
ထဲသို့ ဝင်လာသည်ကို တွေ့မြင်ရလေတော့သည်။

“ရဲပြည်က စာပေသမားပါလား”

ခါးကုန်းကြီးက အံ့သြစွာ လွတ်ကနဲ အသံထွက်သွား၏။

ရဲပြည်မှ စာပေသမား စွန့်ရှောင်ကန်းသည် မျက်နှာပေါ်
မှ သွေးများကို သုတ်ရင်း ပြုံးပြလိုက်သည်။

“ခေတ်ပန်းဂိုဏ်းကလူတွေ အတော်များတယ်ဗျ၊ ဒါကြောင့်
ကျုပ် နောက်ကျသွားတာကို သည်းခံပါ”

စွန့်ရှောင်ကန်းသည် ပြုံး၍ပြောနေသော်လည်း သူ၏တစ်
ကိုယ်လုံးမှ သွေးများ စိုရွှဲနေသည်ကို တွေ့ရခြင်းအားဖြင့် သူနှင့် ခေတ်
ပန်းဂိုဏ်းမှ လူများနှင့် တိုက်ခိုက်ရာတွင် အလွန်ခက်ခက်ခဲခဲ တိုက်

ခိုက်ခဲ့သောကြောင့် အလွန်ပင်ပန်း နွမ်းနယ်လာသည်ကို အကဲခတ်
ကြည့်မိသည်နှင့် သိသာနိုင်သည်။

ကွမ်းကျုံးရုပ်သည် ထိုင်ရာမှထလိုက်ပြီး...

"လာထိုင်ပါဗျာ"

စွန့်ရောင်ကန်းသည် သူတို့၏အနီးမှ ထိုင်ခုံတွင် ထိုင်ချ
လိုက်လေသည်။

စွန့်ရောင်ကန်းသည် စားပွဲပေါ်မှ ချထားသော အရက်ခွက်
အား ယူ၍မော့ချလိုက်သည်။

"ဒါနဲ့ ခေတ်ပန်းဂိုဏ်းအပြင် ခင်ဗျားဘက်မှာ ပါဝင်ကူညီဖို့
ဘယ်သူ့များ ခေါ်ထားသေးသလဲ"

"ဒီမှာ ထိုင်နေတဲ့လူတွေဟာ ကျုပ်ရဲ့ မိတ်ဆွေတွေပါ
ကျုပ်ဘက်ကနေ ပါဝင်တိုက်ခိုက်မယ့်လူ တစ်ယောက်မှ မရှိပါဘူး"

စွန့်ရောင်ကန်းက ကွမ်းကျုံးရုပ်ဘက်သို့ လှည့်၍မေး၏။

"ဒါနဲ့ ဌာနမှူးက သိုးပန်းချီကိုပေးဖို့ ဆုံးဖြတ်ပြီးပြီလား"

"ကျုပ်ပြောပြီးပြီပဲဗျာ၊ ဘယ်သူမဆို ဒီရတနာသိုက်ကရတဲ့
ပစ္စည်းတွေကို အများကောင်းကျိုးအတွက် အသုံးချမယ်ဆိုရင် ကျုပ်
ကအချိန်မရွေး ပေးလိုက်မှာပဲ"

စွန့်ရောင်ကန်းမျက်နှာပေါ်တွင် ဒေါသရိပ်သန်းလာသည်။

"ဒီမှာ ကွမ်းကျုံးရုပ် ခင်ဗျားကို ကျုပ် မသတ်ဝံ့ဘူးလို့
ထင်နေသလား"

"ယုံပါတယ်၊ ဒါပေမယ့် ကျုပ်ကလည်း အစွမ်းရှိသလောက်
တော့ခုခံရမှာပဲ"

စွန့်ရောင်ကန်းသည် အရက်သုံးခွက်တိတိ မော့သောက်



လိုက်ပြီး ထိုင်ရာမှ ထလိုက်လေသည်။

"ခင်ဗျားရဲ့အရက်ကို သောက်ရတာ ကျေးဇူးတင်ပါတယ်၊
ဒါပေမယ့် ကျုပ်က ဒီသိုးပန်းချီနဲ့ပတ်သက်ရင် ဘယ်သူ့ကိုမှ အားမ
နာနိုင်ဘူး၊ ခင်ဗျားကိုလည်း ကျုပ်တိုက်ရမှာပဲ"

ကွမ်းကျုံးရုပ်က စကားဆက်မပြောဘဲ ဓားကိုဆွဲကာ ဧည့်
ခန်း၏အလယ်တွင် သွားရောက်ရပ်တန့်လိုက်လေတော့သည်။

"ဌာနမှူးရဲ့ သတ္တိကို ကျုပ်ချီးကျူးပါတယ်ဗျာ၊ ဌာနမှူးကို
ကူညီမယ့်လူရှိရင် တခါတည်းထွက်ခဲ့ပါ"

စွမ်ကျင်းက မတ်တတ်ရပ်လိုက်ပြီး...

"ကျုပ်တို့ ပူးပေါင်းတိုက်ခိုက်လို့ ရမလား"

"ရပါတယ်ဗျာ၊ ကျုပ်အတွက် အချိန်မကုန်တော့ဘူးပေါ့"

"ဒါဖြင့် ကျုပ်က ဌာနမှူးဘက်က ကူပါ့မယ်"

ဟုပြောပြီး အခန်းအလယ်သို့ လျှောက်သွား၏။ ဖန်းကျင်း
ရှမ်းသည်လည်း စွမ်းကျင်းနောက်မှ လိုက်သွား၏။

ခါးကုန်းကြီးသည် အားလုံးကိုကြည့်ကာ စွန့်ရောင်ကန်းကို
လက်နှစ်ဘက်ဆုပ်ကာ...

"ကျုပ် မပါဝင် မပတ်သက်ဘူးဆိုတာ ခင်ဗျား သိထားပါ"

ထိမုံ့ချူးက အေးတိအေးစက်ဖြင့် မည်သူ့မျှမမှုသလို
အရက်သောက်နေ၏။

"ဟေ့ သူငယ်၊ မင်းကော မပါဘူးလား"

ထိမုံ့ချူးက အရက်ခွက်ကို ပြန်ချထားလိုက်ပြီး...

"ကျုပ်ကို မေးတာလား"

"မင်းကို မမေးရင် ဘယ်ခွေးကောင်ကို မေးရမှာလဲ"

"ခင်ဗျား ကြည့်ရတာ ယောကျ်ားတစ်ယောက်ပါပဲ၊ ဘယ့်နှယ် မိန်းမလိုပြောရတာလဲ"

စွန့်ရှောင်ကန်းမှာ ဒေါသအမျက် ထွက်လာသည်။

သို့သော် ထိမ့်ချူး၏ဟန်မူရာမှာ အေးအေးဆေးဆေး နိုင်လွန်းသည်ကို တွေ့ရသဖြင့် ဒေါသကို ချုပ်တည်းထားလိုက်ရ၏။

"မင်း ဘယ်သူလဲကွ"

"ကျုပ်နာမည်ကို ခင်ဗျားမေးနိုင်တဲ့အရည်အချင်းမရှိပါဘူး"

ထိမ့်ချူးသည် ပြောရင်း စွန့်ရှောင်ကန်းထံသို့ တဖြည်းဖြည်း လျှောက်သွားလေသည်။

ထိမ့်ချူး၏ အေးစက်သောဟန်မူရာ၊ တည်ကြည်သော မျက်နှာထား၊ မိမိအား စိန်ခေါ်ဝံ့သောသတ္တိများကြောင့် အတွေ့အကြုံ ဗဟုသုတ ရင့်ကျက်နေသော စွန့်ရှောင်ကန်းက စဉ်းစားရန် အချိန်ယူလိုက်ရလေသည်။

ယင်းနာမည် ကျော်ကြားခြင်းမရှိသော လူငယ်မှာ သိုင်းပညာရပ်များကို လျှို့ထားသော သိုင်းပညာရှင်တစ်ယောက် ဖြစ်မည်ဟု နားလည်လိုက်လေသည်။

ထို့ကြောင့် သူသည် ထိမ့်ချူးလျှောက်လာသည်ကို ကြည့်ရင်း သူ၏ခြေလှမ်းသည် နောက်သို့ အလိုအလျှောက် တဖြည်းဖြည်း ဆုတ်သွားလေတော့သည်။

ထိမ့်ချူးသည် ကွမ်းကျိုးရုပ်၊ ဖန်းကျင်းရှမ်းနှင့် စွမ်ကျင်းတို့အား တစ်ချက်ကြည့်လိုက်ပြီး...

"ခင်ဗျားတို့ အားလုံးကိုယ့်နေရာမှာကိုယ် ပြန်ထိုင်ကြပါဗျာ ဒီလိုယောကျ်ားမကျ၊ မိန်းမ မကျတဲ့လူကို ခင်ဗျားတို့ ရင်ဆိုင်



စရာ မလိုပါဘူး"

ကွမ်းကျိုးရုပ်နှင့်ဖန်းကျင်းရှမ်းတို့သည် ထိမ့်ချူး၏ သိုင်းပညာကို သိရှိထားပြီးဖြစ်ရာ နောက်သို့ ပြိုင်တူဆုတ်လိုက်၏။

ခါးကုန်းကြီးမှာမူ ထိမ့်ချူးနှင့် စွန့်ရှောင်ကန်းတို့အား အံ့ဩစွာ ငေးကြည့်နေ၏။ ထိမ့်ချူးက ရှေ့သို့ ခြေတစ်လှမ်းတိုးပြီး...

"ခင်ဗျားက ခေတ်ပန်းဂိုဏ်းနဲ့ တိုက်ခိုက်တာ အမောပြေသွားပြီလား"

"အမောမပြေလည်း မင်းလောက်တော့ အသာတိုက်ခိုက်နိုင်ပါသေးတယ်"

"ကျုပ်က ခင်ဗျားကို သိုင်းသုံးကွက် အသာပေးမယ်"

"မင်းက ကျုပ်ကို သိုင်းသုံးကွက် အသာပေးမယ် ဟုတ်လား"

"ဟုတ်တယ်"

ကွမ်းကျိုးရုပ်က ကြားဖြတ်လိုက်သည်။

"ဒီမှာ ထိမ့်ချူး၊ စွန့်ရှောင်ကန်းကို အထင်မသေးနဲ့"

ထိမ့်ချူးက လက်ကာပြလိုက်၏။

"ရပါတယ်ဗျာ"

စွန့်ရှောင်ကန်းက ဆက်လက်မေးလိုက်သည်။

"ကျုပ်က သိုင်းကွက်သုံးကွက်အထိတိုက်ရင် မင်းက ပြန်မတိုက်ဘူး ဟုတ်လား"

"ဟုတ်တယ်၊ ခင်ဗျားရဲ့သိုင်းကွက် သုံးကွက် မပြီးမချင်း ကျုပ်က မတုံ့ပြန်ပါဘူး"

"မင်း ကတိတည်တယ်နော်"

"ဟုတ်ပါတယ်ဗျာ"

"ဒါဖြင့် သတိထားပေတော့"

စွန့်ရှောင်ကန်းသည် ပြောရင်း လက်ဝါးဖြင့် လျှပ်တပြက် ရိုက်ချလိုက်လေသည်။

ထိမုံ့ချူးက တုံ့ပြန်ခြင်းမပြု တောင့်တောင့်ကြီး ရပ်နေ၏။

သူသည် လက်ဝါးဖြင့် ရိုက်ဟန်ပြပြီးမှ လက်ငါးချောင်းကို သိမ်းငှက်ခြေသည်းပမာ ပြုလုပ်လိုက်ပြီး ထိမုံ့ချူး၏ပခုံးသို့ လျင်မြန်စွာ ကုတ်ချလိုက်လေသည်။

သို့သော် ထိမုံ့ချူး၏ ခန္ဓာကိုယ်သည် ရွှံ့တွင်းငါးရှဉ့်ပမာ အလွန်ချောနေသဖြင့် စွန့်ရှောင်ကန်း၏ လက်ငါးချောင်းသည် ချောထွက်သွားလေသည်။

စွန့်ရှောင်ကန်းသည် မျက်နှာကွက်ခနဲ ပျက်သွားလေသည်။ ယခု သူရင်ဆိုင်နေရသူမှာ ထိပ်တန်းသိုင်းပညာရှင်ဖြစ်မှန်း နားလည်လိုက်လေသည်။

ထို့ကြောင့် သူသည် သတိကြီးစွာထားပြီး သူ၏လက်ငါးချောင်းကို ပုံစံပြောင်းလိုက်ပြီး လက်ဝါးစောင်းအဖြစ် အသုံးပြုကာ ထိမုံ့ချူး၏ခေါင်းပေါ် တည့်တည့်သို့ မိုး၍ခုတ်ချလိုက်သည်။

ကွမ်းကျုံးရုပ်သည် စွန့်ရှောင်ကန်း၏ တိုက်ခိုက်ပုံကိုကြည့်၍ ထိတ်လန့်တုန်လှုပ်သွားကာ ထိမုံ့ချူးအတွက် စိုးရိမ်သွားသည်။

သူသည် ယင်းသို့စိတ်လှုပ်ရှားနေစဉ်မှာပင် ထိမုံ့ချူး၏ ခန္ဓာကိုယ်မှာ စွန့်ရှောင်ကန်း တိုက်ခိုက်လာသော လက်ဝါးကြားမှ ရှောင်တိမ်းထိုးဖောက်လိုက်သည်ကို တွေ့ရလေသည်။

"တစ်ကွက်ပဲ ကျန်တော့တယ်၊ ဒီသိုင်းတစ်ကွက်ပြီးရင်



ကျုပ်က တုံ့ပြန်ပါတော့မယ်"

စွန့်ရှောင်ကန်းက တိုက်ခိုက်ရာမှ ရပ်တန့်လိုက်သည်။

သူ၏မျက်လုံးအစုံသည် ထိမုံ့ချူး၏မျက်နှာပေါ်သို့ စိုက်ကြည့်နေ၏။

ထို့နောက် စွန့်ရှောင်ကန်းသည် ရုတ်တရက် ချာခနဲလှည့်ကာ ခြေလှမ်းသုတ်သုတ်ဖြင့် ထွက်ခွာသွားလေသည်။

ထိမုံ့ချူး၊ ကွမ်းကျုံးရုပ်နှင့် ထိုင်ကြည့်နေကြသောလူများသည် အံ့သြကုန်ကြလေသည်။

ထိမုံ့ချူးက ပြုံးလိုက်ပြီး ကွမ်းကျုံးရုပ်ဆီသို့ လျှောက်သွားလေသည်။

"အလွန်ကောက်ကျစ်တဲ့ စွန့်ရှောင်ကန်းပါပဲ"

ကွမ်းကျုံးရုပ်တို့ ရှေ့သို့ရောက်လျှင် ကုလားထိုင်တွင် ထိုင်ချလိုက်လေသည်။

ဖန်းကျင်းရှမ်းသည် ပြုံး၍ အရက်ခွက်ကို မြှောက်ပြလိုက်လေသည်။

"စွန့်ရှောင်ကန်းတော့ လေးငါးရက်အတွင်းမှာ ပြန်လာဖို့မှာ မဟုတ်တော့ပါဘူး"

"ကဲ အားလုံးပဲ ကျုပ်ကိုသွားခွင့်ပြုပါဦးခင်ဗျာ"

"ခင်ဗျား ခိုင်ဖုန်းမြို့က မသွားသေးရင် ဒီမှာပဲ နေပါလား"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်က ကိစ္စနည်းနည်းရှိလို့ သွားလိုက်ပါဦးမယ်"

ထိမုံ့ချူးက ပြောပြီးသည်နှင့် အပြင်သို့ ခပ်သုတ်သုတ် ထွက်ခွာသွားလေတော့သည်။

အားလုံးသောလူများသည် ထိမုံ့ချူး ကွယ်ပျောက်သွားသည်အထိ ငေးမောကြည့်နေကြသည်။

စွမ်ကျင်းက အံ့ဩသောမျက်နှာထားဖြင့်...

"ဒီလူက ဘယ်သူလဲဗျ"

ကွမ်းကျုံးရုပ်က ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်လည်း ခင်ဗျားသိထားတာထက် ပိုပြီးမသိပါဘူးဗျာ"

"အင်း သူ့ကိုကြည့်မိမှပဲ ကျုပ်ဟာ အိုမင်းရင့်ရော်လာပြီဆိုတာ ကိုယ့်ကိုကိုယ် သတိရတော့တယ်ဗျာ"

ခါးကုန်းကြီးကပြောပြီး တစုံတခုသတိရလိုက်သည်နှင့်...

"ဪ.. သိုးပန်းချီနဲ့ပတ်သက်ပြီး လျှို့ဝှက်ချက်တစ်ခုကို ကျုပ်က ထိန်ချန်ထားခဲ့သေးတယ်ဗျ"

"ဘာတွေ ထိန်ချန်ထားသလဲဗျာ၊ ပြောပါဦး"

"သိုင်းပါရဂူ တထုံး ဆိုတဲ့အမည်ကို ခင်ဗျားတို့ ကြားဖူးသလား"

"ဟုတ်ကဲ့ သူက အဲဒီသိုးပန်းချီနဲ့ ပတ်သက်နေတယ်ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်လိုပတ်သက်နေလို့လဲ"

"သိုင်းပါရဂူ တထုံးဆိုတာ သိုင်းပညာနဲ့ ပတ်သက်ပြီး အတော့်ကို ထူးချွန်တယ်"

"ဟုတ်တယ်၊ ကျုပ်လည်း ဒီလိုပဲ သတင်းကြားခဲ့တယ်"

"သူ သေဆုံးသွားတဲ့အခါမှာ အလွန်အရေးကြီးတဲ့စာရွက်စာတမ်းများ၊ ပစ္စည်းများ ကျန်ခဲ့တယ်ဗျ"



"ခင်ဗျား ဆိုလိုတာက သူ့ရဲ့ကျန်ရစ်ခဲ့တဲ့ပစ္စည်းတွေက အနာသိုက်ထဲမှာ ရှိတယ် ဟုတ်လား"

"ဟုတ်ပါတယ်"

ကွမ်းကျုံးရုပ်က တွေဝေငေးမောသွား၏။ မဖြစ်နိုင်ဖြစ်နိုင်တွေးနေမိသည်။

ခါးကုန်းကြီးက ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်ပြီး...

"ကဲ ကျုပ်လည်း သိုးပန်းချီနဲ့ပတ်သက်တဲ့ လျှို့ဝှက်ချက်အားလုံးကို ဖွင့်ပြောပြီးပါပြီ၊ ကျုပ်အနေနဲ့ တာဝန်ကျေပါပြီ၊ သွားဦးမယ်ပါဦး"

သူသည် ပြောပြီးသည်နှင့် ခြေလှမ်းသုတ်သုတ်ဖြင့် ထွက်ခွာသွားလေသည်။

ထိုအချိန်မှာပင် လူတစ်ယောက်သည် ရေးကြီးသုတ်ပျာဖြင့် ဧည့်ခန်းထဲသို့ ဝင်ရောက်လာလေသည်။

* * *

ကွမ်းကျုံးရုပ်သည် ထိုလူအားတွေ့မြင်လိုက်လျှင် အံ့အားသင့်သွားလေသည်။

"ဆင်းပေတု ဘာများအရေးကြီးတဲ့ ကိစ္စရှိလို့လဲ"

ဆင်းပေတုက စွမ်ကျင်းအား တစ်ချက် စိုက်ကြည့်လိုက်၏။

ကွမ်းကျုံးရုပ်က နားလည်သဘောပေါက်သွားပြီးပြော၏။

"သူက ကိုယ့်လူအရင်းပါ၊ ပြောစရာရှိရင် ပြောနိုင်ပါတယ်"

ဆင်းပေတုက လေသံတိုးတိုးဖြင့်...

"နယ်စားကြီး ဖျားနေတယ်ဗျ"

"ဖျားနေတယ် ဟုတ်လား"

"ဟုတ်တယ်၊ ဖျားတာကလည်း ရုတ်တရက်ဖျားပြီး လုံးဝ သတိမရတော့ဘူး"

"ဘယ်လိုဖျားတယ်ဆိုတာ ခင်ဗျားကစစ်ဆေးခဲ့သေးလား"

"သမားတော်ကြီး လေးယောက်တောင်ခေါ်ပြီး ကုသနိုင်း ပါတယ်"

"သူတို့က ဘာပြောသလဲ"

"သူတို့ကလည်း ဘာရောဂါဖြစ်မှန်း ရှာလို့မတွေ့ဘူးလို့ ပြောတယ်"

ဆင်းပေတုက သက်ပြင်းချပြီး စကားဆက်ပြော၏။

"ကျုပ်လည်း ဘယ်လိုမှ မစဉ်းစားတတ်လို့ ခင်ဗျားကို လာခေါ်တာ"

"ကျုပ်သွားလို့ သင့်တော်ပါ့မလား"

"ရပါတယ်၊ ကျုပ်က နယ်စားကြီးကတော်ကိုခွင့်ပန်ပြီးပါပြီ"

"အခုပဲ လိုက်ခဲ့ရမှာလား"

"အခုလိုက်နိုင်ရင် ပိုကောင်းတာပေါ့"

"ကောင်းပြီ၊ ကျုပ်အခုပဲ လိုက်ခဲ့ပါ့မယ်"

သူသည် ပြောပြီးသည်နှင့် ဖန်းကျင်းရှမ်းဘက်လှည့်ကာ..

"တကယ်လို့ ထိမုံ့ချူးရောက်လာရင် ခဏစောင့်ပါလို့ ပြောထားပါ"



ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ဦးနှမျူး စိတ်ချသာ လိုက်သွားပါ"

ကွမ်းကျုံးရုပ်နှင့် ဆင်းပေတုသည် ဧည့်ခန်းထဲမှ ထွက်ခွာ သွားကြ လေတော့သည်။

* * *

ကွမ်းကျုံးရုပ်သည် နယ်စားကြီး အိပ်ခန်းတွင်းသို့ ဝင်ရောက်လိုက်သည်နှင့် သမားတော်ကြီးလေးယောက်သည် အသံတိုးတိုးဖြင့် ဝေဖန်ပြောဆိုနေသည်ကို တွေ့မြင်လိုက်ရသည်။

ကွမ်းကျုံးရုပ်က သမားတော်ကြီးလေးယောက်အား အရိုအသေပြုလိုက်သည်။

"နယ်စားကြီးရဲ့ အခြေအနေကို သမားတော်ကြီးတို့က ဘယ်လို ထင်မြင်ယူဆထားသလဲ"

"ကျုပ်တို့ လေးယောက် စုပေါင်းပြီး ရောဂါအခြေအနေကို စစ်ဆေးကြည့်တဲ့အခါ ရိုးရိုးဝေဒနာ မဟုတ်ဘူးဆိုတာ ထင်ရှားတယ်"

"ဒါဖြင့် ဘယ်လိုဖြစ်တယ်ဆိုတာ ပြောပြပါဦးဗျာ"

"နယ်စားကြီးဟာ အဆိပ်မိထားတယ်လို့ ကျုပ်ယူဆတယ်"

"အဆိပ်မိတယ် ဟုတ်လား"

"စက်တာက အဆိပ်မိတယ်ဆိုရင် မျက်ချင်းခွဲခြားလို့ရတယ်၊ အခု နယ်စားကြီး အဆိပ်မိတယ်ဆိုတာ တော်တော် ထူးခြားတယ်"

"ဘယ်လို ထူးခြားတာလဲဗျ"

"နယ်စားကြီးရဲ့မျက်နှာ၊ မျက်လုံးအနေအထားကို ကြည့်ရ
လည်း အဆိပ်မိတဲ့ လက္ခဏာ လုံးဝမတွေ့ရဘူး"

"ဒါဖြင့် သမားတော်ကြီးတို့က ဘာကြောင့် အဆိပ်မိတယ်
လို့ ယူဆရတာလဲ"

"ကျုပ်တို့ရဲ့ အတွေ့အကြုံအရဆိုရင်လည်း နယ်စားကြီး
ဟာ အလွန်ထူးဆန်းတဲ့ အဆိပ်တစ်မျိုး မိထားလို့ လုံးဝသတိမရဘဲ
ဖြစ်နေတာ"

"နယ်စားကြီးမှာ ဘယ်လိုအဆိပ်မျိုးမိသလဲဆိုတာ တွေ့ရှိ
သလားဗျာ"

"ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ်တို့ အစွမ်းကုန် ကြိုးစားအက်
ဖြတ်ပေမယ့် နယ်စားကြီးဟာ ဘယ်လိုအဆိပ်မျိုး မိတယ်ဆိုတာ
မသိသေးပါဘူးဗျာ"

ဆင်းပေတုက သမားတော်အဘိုးအိုရှေ့မှ ရိုကျိုးစွာဖြင့်...

"ဒါဖြင့် သမားတော်တို့က ဘာဆေးတွေတိုက်ဖို့ စိတ်ကူး
ထားသလဲ"

"ကျုပ်တို့ ဘာဆေးမှ လောလောဆယ် မတိုက်ဝံ့ပါဘူး"

"ဒါဖြင့် သမားတော်ကြီးတို့ ကျေးဇူးပြုပြီး အပြင်မှာ ခဏ
စောင့်နေပါဗျာ"

သမားတော်ကြီးလေးယောက်တို့သည် ခေါင်းညိတ်ပြပြီး
အိပ်ခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

* * *



ဆင်းပေတုသည် စိတ်ပျက်စွာဖြင့် ကွမ်းကျုံးရုပ်အားမေး
လေသည်။

"ဌာနမှူးရဲ့ စိတ်ထဲမှာ ဘယ်လိုယူဆထားသလဲ"

"နယ်စားကြီးက အပြင်ကို သွားတဲ့လူတစ်ယောက် မဟုတ်
သူ့ရဲ့အစားအစာထဲမှာများ အဆိပ်တစ်မျိုးမျိုး ခပ်လိုက်တာ
တယ်"

"ဒါဖြစ်နိုင်တယ်"

"ဒီအတိုင်းဆိုရင် နယ်စားဂေဟာထဲမှာ ရန်သူရဲ့သူလျှိုရှိ
တယ်"

"သံသယဖြစ်စရာ ဒီအကြောင်းတစ်ခုပဲ ရှိမှာပဲ"

"ဒါနဲ့ လက်ထောက်ထမင်းချက်ဖြစ်တဲ့ လောက်ချမ်းများ
ထဲမှာ အဆိပ်ခပ်နေသလားမှ မသိဘဲ"

"လောက်ချမ်းနဲ့ ပတ်သက်ပြီး ကျုပ်ပြောဖို့မေ့သွားတယ်"

"ဘာများလဲ သူက ဘယ်လိုများဆက်ပြီး လှုပ်ရှားလို့လဲ"

"သူ သေသွားပါပြီ"

"သူ ဘယ်တုန်းက သေသွားတာလဲ"

"ခင်ဗျားဆီက သတင်းကြားတဲ့နေ့မှာပဲ ကျုပ်က သူ့ကို
ထားလိုက်တော့တယ်၊ နောက်နှစ်ရက်ကြာတဲ့အခါမှာ သေ
သွားတော့တာပါပဲ"

"သူ ဘာကြောင့် သေဆုံးသွားတာလဲ"

"ရေတွင်းထဲကျပြီး သေသွားတယ်"

"ရေတွင်းထဲကျပြီး သေသွားတယ် ဟုတ်လား"

"ဟုတ်တယ်၊ သူက ရေသွားခပ်ရင်း ရေတွင်းထဲကျပြီး သေ

သွားတာပါပဲ"

"တစ်ယောက်ယောက်ကများ သူ့ကိုတွန်းချသလား"

"မဟုတ်ပါဘူး၊ ကျုပ်လည်း သံသယဖြစ်လို့ စစ်ဆေး

သေးတယ်၊ သူ့ရဲ့ကိုယ်ခန္ဓာမှာ လုံးဝဒဏ်ရာရတာ မတွေ့ရပါ

"သူ့ကို တစ်ယောက်ယောက်က တွန်းချလိုက်တာလို့

ပြောရဲတယ်"

"ကျုပ်လည်း သံသယဖြစ်တာပါပဲ၊ ဒါပေမယ့် သံသယ

လောက်တဲ့ သဲလွန်စ လုံးဝမတွေ့ဘူး"

ကွမ်းကျုံးရုပ်က ဆင်းပေတုအား စေ့စေ့ကြည့်ပြီး

လိုက်၏။

"ဒီထက်ပြောရမယ်ဆိုရင် ခင်ဗျားတို့ နယ်စားကြီးဂေ

ထဲမှာ ရန်သူ သူလျှိုတစ်ယောက် ရှိတယ်ဆိုတာ သေချာနေပြီ၊

လျှိုက ခေါင်းဆောင်မဟုတ်နိုင်တောင် အလွန်အရေးပါတဲ့ လူ

ယောက် ဖြစ်ရမယ်"

"ခင်ဗျားက မြို့တော်ဝန်ရဲ့သမီး လျူဝမ်းအော့ကို ဆို

တာလား"

"ဒါကတော့ ကျုပ်လည်း အတိအကျမပြောနိုင်ဘူး၊ ဒါ

မယ့် သူ့ကိုတော့ သံသယဖြစ်နေတယ်၊ တစ်ခုတော့သေချာတ

အဆိပ်ခပ်တဲ့လူဟာ နယ်စားကြီးရဲ့ အရင်းနှီးဆုံးဖြစ်တဲ့ လူ

ယောက်ဖြစ်ရမယ်"

"ဒါလည်း ဖြစ်နိုင်ပါတယ်"

"ခင်ဗျား အခုဘယ်လို စီစဉ်ထားသလဲ"

ဆင်းပေတုက လေပုတစ်ချက် မှုတ်ထုတ်လိုက်သည်။



"ကျုပ် အယုံကြည်ရဆုံး လူတစ်ယောက်ကို စောင့်ရှောက်

ထားတယ်"

"ကောင်းတယ်၊ အခုအချိန်မှာ ဘယ်သူ့ကိုမှ အယုံအကြည်

ားနဲ့"

"ခင်ဗျား နယ်စားကြီးကို သွားကြည့်ချင်သေးလား"

"ကျုပ်က သမားတော်မှ မဟုတ်ဘဲ၊ သွားကြည့်လည်း အပို

ဒါပေမယ့် ကျုပ်တွေ့ချင်တဲ့ လူနှစ်ယောက်တော့ ရှိတယ်"

"ဘယ်သူများပါလိမ့်"

"မြို့တော်ဝန်နဲ့ သူ့ရဲ့သမီးလျူဝမ်းအော့ကိုပဲ"

"ကောင်းပြီလေ၊ ကျုပ်လိုက်ပို့ပါ့မယ်"

ဆင်းပေတုနှင့် ကွမ်းကျုံးရုပ်တို့သည် မြို့တော်ဝန်နေထိုင်

အဆောင်သို့ ဦးတည်လျှောက်သွားကြလေသည်။

ဆင်းပေတုသည် ကွမ်းကျုံးရုပ်အား မြို့တော်ဝန်ထံသို့ ပို့

နောက် ပြန်လည်ထွက်သွားလေသည်။

"ကဲ ဌာနမှူး ခင်ဗျားတို့ အေးအေးဆေးဆေး ပြောကြပါ"

"ကျေးဇူးတင်ပါတယ်"

* * *

ကွမ်းကျုံးရုပ်သည် မြို့တော်ဝန်အား ဦးညွှတ်လိုက်သည်။

"ကျုပ်က ကျားမာန်အာမခံဌာနက ကွမ်းကျုံးရုပ်ပါ"

"ခြောက် နယ်စားကြီးဂေဟာမှာ အခုလို ပြန်တွေ့ရမ
မမျှော်လင့်ပါဘူးဗျာ၊ ခင်ဗျားက နယ်စားဂေဟာတော်င
အောင်လာနိုင်တာ ခင်ဗျားမှာဘယ်လောက်အစွမ်းအစ ရှိသ
တာ ထင်ပေးနေပါတယ်"

"ကျုပ်ကို ဒီလောက်တောင် အထင်မကြီးပါနဲ့ဗျာ"

"ဒါနဲ့ ခင်ဗျားလာတာ ဘာကိစ္စနဲ့ တွေ့ချင်တာလဲ"

"ဒီလိုပါ၊ နယ်စားကြီးဟာ အဆိပ်မိပြီး အခုထိ သတိ
သေးဘူးဆိုတာ ခင်ဗျားသိသလား"

သူက ပြောရင်း မြို့တော်ဝန်၏မျက်နှာကို အကဲခတ်ကြ
လိုက်၏။ မြို့တော်ဝန်က စိုးရိမ်ပူပန်သည့် မျက်နှာဖြင့်...

"ဗျာ..ဟုတ်လား၊ ဘယ်လိုဖြစ်တာပါလိမ့်၊ ကျုပ်သွားကြ
မှ ဖြစ်မယ်"

"ခဏနေပါဦးဗျာ၊ ကျုပ်နဲ့ စကားပြောပြီးမှ သွားကြည့်

ထိုစဉ် မြို့တော်ဝန်ဆီသို့ ဆင်းပေတု ရောက်လာပြီး အ
အသေပြုလိုက်၏။ မြို့တော်ဝန်က သူ့အား အပြစ်တင်လိုက်၏

"နယ်စားကြီး အဆိပ်မိတယ်ဆို"

"ဟုတ်ပါတယ်၊ လူကြီးမင်း"

"ဘာဖြစ်လို့ ငါ့ကိုအကြောင်းမကြားတာလဲ"

"ဒီကိစ္စနဲ့ ပတ်သက်ပြီး လျှို့ဝှက်သင့်တယ်လို့ ယူဆထ
လို့ပါ၊ နောက်ပြီး နယ်စားကြီးကို ကုသဖို့အတွက် အလုပ်များ
လို့ပါ"

"နယ်စားကြီးမှာ အခုလို မကျန်းမမာဖြစ်နေတဲ့အချိန်
ခင်ဗျားက ဘာလာပြောမလို့လဲ"



ထိုစဉ် သူတို့၏နောက်ဘက်မှ မိန်းကလေးတစ်ဦး၏အသံ
ပေါ်လိုက်ရ၏။ ကွမ်းကျုံးရုပ်က မြို့တော်ဝန်အား မေးလိုက်၏။

"လူကြီးမင်းရဲ့သမီး လျှုပမ်းအေး မဟုတ်လား"

"ဟုတ်ပါတယ်"

"ကျုပ် ခဏတွေ့ပါရစေ"

"သမီး ခဏနေပါဦး"

"ဖေဖေ သမီးကို ခေါ်တယ် မဟုတ်လား"

"ဟုတ်တယ်"

"ဘာကိစ္စရှိလို့လဲဖေဖေ"

"ဒီနမှူးက မင်းကို တွေ့ချင်လို့တဲ့"

"ကျွန်မကို တွေ့ချင်တယ်ဆို ဘာကိစ္စများရှိလို့လဲ"

"ကျုပ် စကားတစ်ခွန်း မေးချင်လို့ပါ"

"ဟုတ်ကဲ့ မေးပါရှင်"

ကွမ်းကျုံးရုပ်သည် စကားကို မည်သို့စမေးရမည်ကို စဉ်း
စားရင်း အခြားစကားကို ပထမ လွှဲပြောလိုက်သည်။

"အင်း..မိန်းကလေး နည်းနည်းပိုဝိန်သွားတယ် ထင်တယ်"

"ရှင်က ကျွန်မကိုတွေ့ချင်တာ ဒီစကားတစ်ခွန်း မေးမလို့
ဟုတ်လား"

"မဟုတ်ပါဘူးဗျာ၊ ခင်ဗျားကို ကြည့်ရတာ အလုပ်တွေ
ပင်ပန်းနေသလားလို့ပါ"

"ကျွန်မရဲ့ဖခင် အနားယူလိုက်တဲ့အတွက် ကျွန်မလည်း
သာမန်မိန်းကလေးတစ်ယောက် ဖြစ်နေပါပြီ၊ ဖားဝတ်နေရေးအား
လုံးနဲ့ ကျွန်မရဲ့ မိဘ တာဝန်ယူထားတဲ့အတွက် ကျွန်မဘာမှ လုပ်စ

ရာအကြောင်း မရှိပါဘူးရှင်"

ကွမ်းကျုံးရုပ်အား သူမက စိုက်ကြည့်လိုက်ပြီး...

"ခုတလော နယ်စားကြီးဂေဟာ အနီးအနားမှာ ပြဿနာ အမျိုးမျိုး ဖြစ်နေတာကို ခင်ဗျား မစိုးရိမ်ဘူးလား"

"ဒါတွေဟာ ကျွန်မနဲ့ ပတ်သက်တဲ့ အကြောင်းကိစ္စ မဟုတ် ပါဘူးရှင်"

"နယ်စားကြီး အဆိပ်မိနေတယ်ဆိုတာ မိန်းကလေး မသိ သေးဘူး ထင်တယ်"

"ရှင်... ဘယ်လို"

လျှုဝမ်းအော့မှာ အံ့အားသင့်သွားလေသည်။

ကွမ်းကျုံးရုပ်က သူမအား သေချာစေ့စပ်စွာ အကဲခတ် ကြည့်လိုက်သည်။

သူမ၏မျက်နှာပေါ်တွင် စိုးရိမ်အံ့သြနေသည့် ဟန်အမူအ ရာမှ လွဲ၍မည်သည့် သံသယ ဖြစ်နိုင်သည့် အရိပ်အရောင်များ လုံးဝ မတွေ့ရချေ။

အတန်ကြာမှ လျှုဝမ်းအော့က ကွမ်းကျုံးရုပ်အား စိုက် ကြည့်လိုက်သည်။

"ဩော်... ကျွန်မ နားလည်ပြီ၊ ကျွန်မ အဆိပ်ခတ်တယ်လို့ ရှင်က သံသယ ဖြစ်နေပြီ ထင်တယ်"

"နယ်စားကြီးဂေဟာမှာ နေထိုင်သွားလာ ဝင်ထွက်တဲ့ လူ အားလုံးကို သံသယ ဖြစ်စရာပါပဲလေ"

လျှုဝမ်းအော့သည် ဝမ်းနည်းလွန်း၍ သူ့ဖခင်၏ ရင်ခွင်ထဲ သို့ တိုးဝင်၍ ငိုကြွေးလိုက်လေသည်။



"မငိုပါနဲ့ဗျာ၊ ကျုပ်က မေးရိုးမေးစဉ်နဲ့ လာခဲ့တာပါ၊ ကျုပ် အထင်မလွဲပါနဲ့"

"ဒီမှာ... ဌာနမှူး၊ ကျုပ်ရဲ့သမီးအကြောင်းလည်း ခင်ဗျား ...ထားပါတယ်၊ အခု ဒီကိုလာရတဲ့ အကြောင်းရင်းက သမီးနဲ့ စေ့စပ် ...တဲ့ နယ်စားကြီးသားဟာ ရောဂါဝေဒနာပျောက်နိုင်ဖို့၊ ဓလေ့ ...အရ လက်ထပ်လိုက်တာပါ၊ တကယ်လို့ သတို့သားက ကံဆိုး ...သေဆုံးသွားခဲ့ရင် ကျုပ် သမီးရဲ့ ဘဝဟာ အိမ်ထောင်မကျသေး ...ဆိုးမဖြစ်သွားနိုင်တယ် မဟုတ်လား"

"ကျွန်မကို ဌာနမှူးက ဘာကြောင့် အခုလို သံသယ ဖြစ် ...တာလဲရှင်"

"ကျုပ်က မေးရိုးမေးစဉ်မို့ လာပြီး မေးတာပါ၊ ဘယ်လိုမှ ...ောက်မေ့ပါနဲ့၊ စိတ်မကောင်းလည်း ဖြစ်မနေပါနဲ့"

"ဌာနမှူးကို ကျွန်မ အပြစ်မတင်ပါဘူးရှင်"

သူမသည် ကွမ်းကျုံးရုပ်အား မော့ကြည့်လိုက်ပြီး...

"ဌာနမှူး နောက်ထပ် ဘာကို မေးချင်ပါသေးသလဲ"

"ကျုပ်ရဲ့စိတ်ထဲမှာ အခုထိ မရှင်းလင်းသေးတဲ့ ကိစ္စတစ်ခု ...နေပါတယ်၊ မိန်းကလေး ခွင့်ပြုမယ်ဆိုရင် မရှင်းတာလေးတွေ ...မေးချင်ပါတယ်"

"မေးနိုင်ပါတယ်ရှင်"

"ခင်ဗျားတို့ ဒီကိုလာတုန်းက လမ်းခရီးမှာ ယက္ခမောင်နှမ ...လာပြီး တိုက်ခိုက်တဲ့အကြောင်း မှတ်မိသေးတယ် မဟုတ်လား"

"မှတ်မိပါတယ်ရှင်"

"သူတို့က မိန်းကလေးနေတဲ့ မြင်းလှည်းထဲ ရောက်တဲ့အခါ

ဘာကြောင့် တောင်းပန်ပြီး ပြန်ဆုတ်သွားရတာလဲဆိုတာ သိချင်လို့ပါ"

"ဌာနမှူး သိပ်ပြီး စိတ်ဝင်စားနေတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"ဌာနမှူး ခဏလေး စောင့်နေပါဦး"

သူမသည် ပြောပြီးသည်နှင့် ထိုင်ရာမှ ထလိုက်ပြီး အခန်းထဲမှ ထွက်ခွာသွားသည်။

ကွမ်းကျုံးရုပ်မှာ ကြောင်အမ်းအမ်း ဖြစ်သွားလေတော့၏။

* * *

တခဏအကြာတွင် လျူဝမ်းအော့က ပြန်လည် ရောက်ရှိလာသည်။

သူမ၏လက်ထဲတွင် ခေါက်ထားသော အလံတစ်ခု ပါရှိလာသည်ကို တွေ့လိုက်ရလေသည်။

"ဟောဒီမှာ... အဲဒီ အလံကို တွေ့သွားလို့ပါ"

ကွမ်းကျုံးရုပ်သည် ထိုအလံအား လှမ်းယူလိုက်ပြီး ဖြန့်ကြည့်လိုက်သောအခါ တစ်ကိုယ်လုံး တုန်လှုပ်သွားလေသည်။

"ဘာအလံလဲဗျ"

"နဂါးပတ်အလံဗျ"

"ဗျာ... နဂါးပတ်အလံ ဟုတ်လား"



ဆင်းပေတုသည် နယ်စားကြီး၏ ကိုယ်ရံတော်တစ်ယောက် ဖြစ်နေသော်လည်း နဂါးပတ်အလံ၏ အကြောင်းကို သိထားဟန်ရှိ၏။

ကွမ်းကျုံးရုပ်သည် နဂါးပတ်အလံကို ကိုင်၍ ကြည့်နေရင်း လက်နှစ်ဘက် အနည်းငယ် တုန်ခါနေသည်ကို တွေ့ရှိရလေသည်။

လျူဝမ်းအော့မှာ အံ့အားသင့်သွားပြီး ကွမ်းကျုံးရုပ်အား မေးလိုက်သည်။

"ဌာနမှူး နေမကောင်းဘူးလား"

"နေကောင်းပါတယ်ဗျာ"

"ကပ်ပဟို့လျန်တို့ လူစုလည်း ဒီအလံကို တွေ့သွားပြီး နောက်ဆုတ်သွားကြတာပါရှင်"

"ကျုပ်နားလည်ပါပြီဗျာ"

သူသည် ပြောပြီး အလံကို သေချာစွာ ခေါက်လိုက်ပြီး လက်နှစ်ဘက်ဖြင့် ရိုသေစွာ ပြန်ပေးလိုက်လေသည်။

ကွမ်းကျုံးရုပ်သည် စိတ်ကို အတတ်နိုင်ဆုံး ထိန်းချုပ်ထားသော်လည်း လက်နှစ်ဘက်ကမူ တုန်ရီနေဆဲပင် ဖြစ်နေ၏။

"ဒီအလံကလေးဟာ ကျွန်မကို အကြိမ်ကြိမ် ကယ်ခဲ့ပါတယ်၊ ဒါပေမယ့် အကြိမ်ကြိမ်လည်း ဒုက္ခပေးခဲ့ပါတယ်"

"အခုတော့ ကျွန်မ အသုံးမလိုတော့ပါဘူး။ ဌာနမှူးကို ပေးလိုက်ပါတော့မယ်"

"မလုပ်ပါနဲ့ဗျာ၊ ကျုပ် လက်မခံဝံ့ပါဘူး"

"တကယ်လို့ ဒီအလံဟာ သိုင်းလောကသားများကို ကြောက်ရွံ့နိုင်တယ်ဆိုရင် ဌာနမှူးပဲ ယူထားပါရှင်"

"ကျုပ်.... အပြစ် သိပါပြီဗျာ"

"ရှင့်မှာ ဘာအပြစ်ရှိနေလို့လဲရှင့်"

"မသိရင် အပြစ်မဖြစ်ဘူးဆိုတဲ့ စကားတစ်ခွန်း ရှိပါတယ်၊ ကျုပ်က မသိတဲ့အတွက် အပြစ်မပေးဖို့ တောင်းပန်ပါတယ်"

"ဒီအလံက တော်တော် ဩဇာရှိတယ်နဲ့ တူတယ်၊ ဟုတ်လားရှင်"

"ဟုတ်... ဟုတ်ပါတယ်"

"ဟုတ်ရင်လည်း ဒီအလံကို ရှင်လက်ခံလိုက်ပါ"

"ကျုပ်ကို မကျီစယ်ပါနဲ့ဗျာ"

"ကျွန်မ တကယ့်ကို ပြောနေတာပါ"

"ခင်ဗျားက အပြစ်ဒဏ်ခတ်မယ်ဆိုရင် ကျုပ်ကခံဖို့ အသင့်ရှိနေပါတယ်၊ ဒါပေမယ့် နယ်စားကြီးက အဆိပ်မိထားလေတော့..."

သူ၏စကားမဆုံးမီ လျှုဝမ်းအော့က ကြားဖြတ်ပြောလိုက်လေသည်။

"ဌာနမှူးကို ကျွန်မ အပြစ်မတင်ပါဘူး၊ နယ်စားကြီးရဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ကူညီပေးစေချင်ပါတယ်၊ သူဟာ အလွန်သဘောကောင်းတဲ့ နယ်စားကြီးတစ်ယောက်ပါ"

"ဟုတ်ကဲ့၊ ဒါပေမယ့် နယ်စားကြီးမှာ အခြေအနေ အလွန်ဆိုးနေပါတယ်၊ အချိန်မီ ကုသနိုင်မှ ဖြစ်ပါမယ်"

"ကျွန်မလည်း ဘာမှ မပြောတတ်တော့ပါဘူးရှင်"

"အဆိပ်ခတ်တဲ့လူဟာ နယ်စားကြီးဂေဟာထဲက လူပဲ ဖြစ်နိုင်တယ်လို့ ကျုပ် ယူဆပါတယ်"

"ရှင်..."

"ဒီကိစ္စမှာ ခင်ဗျား ကူညီနိုင်မှာ ဖြစ်မယ် ထင်တယ်"



"ကျွန်မ ဘယ်လိုကူညီရမှာလဲ"

"ဒီလိုပါ ဂေဟာထဲမှာ ရှိတဲ့ အမျိုးသမီးတွေကို စစ်ဆေးပေးစေလိုပါတယ်"

"ကျွန်မက ဘယ်လို စစ်ဆေးပေးရမှာလဲ"

"ဒါကတော့ ကျုပ်လည်း ဘယ်လိုပြောပြရမှန်း မသိဘူး ခင်ဗျားကပဲ စိတ်ထဲမှာ သံသယ ဖြစ်တာတွေကို ကျုပ်ကို ပြောပြပါဗျာ"

"ကောင်းပါပြီရှင်၊ ကျွန်မ ကြိုးစားကြည့်ပါ့မယ်"

"တခြားကိစ္စ မရှိရင် ကျွန်မကို သွားခွင့်ပြုပါဦး"

"ကောင်းပါပြီ ခင်ဗျာ"

လျှုဝမ်းအော့သည် မြို့တော်ဝန်အား နှုတ်ဆက်၍ ထွက်ခွာသွားလေသည်။

* * *

လျှုဝမ်းအော့ ထွက်ခွာသွားပြီးတော့မှ ကွမ်းကျုံးရုပ်မှာ လေပူတစ်ချက် မှုတ်လိုက်လေသည်။

သူသည် မြို့တော်ဝန်အား လေသံတိုးတိုးဖြင့်...

"လူကြီးမင်းရဲ့ သမီးဟာ သူဘယ်လိုလူလဲဆိုတာ ဖော်ပြလိုက်ပါပြီ"

"သူက ဘာကို ဖော်ပြသွားတာလဲ"

"ဒီအလံကို တွေ့တဲ့ လူတိုင်းဟာ မစော်ကားဝံ့တဲ့အပြင် လေးလေးစားစားနဲ့ တောင်းပန်ပြီး ဆုတ်သွားကြရမှာပဲ"

"ကျုပ်ကို ခဏပြစမ်း"

ကွမ်းကျုံးရုပ်က လက်နှစ်ဘက်ဖြင့် ရိုသေစွာ လှမ်းပေးလိုက်လေသည်။

မြို့တော်ဝန်သည် ထိုအလံအား ဟိုဘက်ဒီဘက် လှန်၍ ကြည့်ရှုပြီးနောက် ခေါင်းခါယမ်းလိုက်သည်။

"ဒီအလံကလေးက ဘယ်နေမှာတန်ဖိုးရှိသလဲ ဆိုတာ ကျုပ်တော့မတွေ့ဘူးဗျ"

"ဒီအလံဟာ သိုင်းလောကသား အားလုံးကို လွှမ်းမိုးနိုင်တယ်ဆိုတော့ သိပ်တန်ဖိုး ရှိတာပေါ့ဗျာ"

"ဒီအလံကို ကျုပ်သမီးက ဘယ်ကရလာပါလိမ့်"

"လူကြီးမင်းက သမီးရဲ့အကြောင်းကိုတောင် တော်တော်များများ မသိဘူးဆိုတာ ထင်ရှားနေပါတယ်"

"ကျုပ် တစ်ခုပဲ ပြောဝံ့တယ်၊ ဘာလဲဆိုရင် ကျုပ်သမီးဟာ တကယ်သိုင်းပညာ မတတ်ပါဘူး"

"လူကြီးမင်းက ဘာလို့သိလဲ"

"ကျုပ်က သမီးကို သေသေချာချာ မေးပြီးပါပြီ"

"ကျုပ်ကတော့ စဉ်းစားလို့ကို မရတော့ပါဘူး ခင်ဗျာ"

"အခုလိုလာပြီး နှောင့်ယှက်မိတာ ခွင့်လွှတ်ပါဗျာ"

"ကိစ္စ မရှိပါဘူးဗျာ၊ စိတ်ထဲမှာ သံသယတွေ မရှင်းတာရှိရင် လာပြီးအကူအညီ တောင်းနိုင်ပါတယ်"

"ဟုတ်ကဲ့ ကျုပ်ကိုသွားခွင့်ပြုပါဦး"



သူသည် ဦးညွတ်လိုက်ပြီး ဆင်းပေတုနှင့်အတူ ထွက်လာခဲ့ကြလေသည်။

ကွမ်းကျုံးရုပ်နှင့် ဆင်းပေတုတို့သည် မြို့တော်ဝန်ထံမှ ထွက်လာသောအခါ ဆင်းပေတုက...

"ဒါနဲ့ ဌာနမှူး လျူဝမ်းအော့အပေါ် ဘယ်လို ထင်မြင်ယူဆထားသလဲ"

"ကျုပ်ကတော့ အံ့သြနေတော့တာပါပဲ"

"ဘာကို အံ့သြနေတာလဲဗျ"

"လျူဝမ်းအော့ဟာ နဂါးပတ်အလံကို ပိုင်ဆိုင်ထားတဲ့လူတစ်ယောက် ဖြစ်လျက်နဲ့ သိုင်းပညာ လုံးဝမတတ်ဘူးဆိုတာ အံ့သြနေလို့ပါ"

"ဟုတ်တယ်၊ ခင်ဗျား အံ့သြမယ်ဆိုရင်လည်း အံ့သြလောက်ပါပေတယ်"

ကွမ်းကျုံးရုပ်က ဆင်းပေတုဘက်သို့ လှည့်လိုက်သည်။

"ဒါနဲ့ ခင်ဗျား လိုက်ပြီး စစ်ဆေးကြည့်သေးလား"

"ဟုတ်ကဲ့၊ သဲလွန်စတစ်ခုတော့ ရထားတယ်၊ အထောက်အထား ဖြစ်မလားတော့ မသိဘူး"

သူသည် ပြောပြီးသည်နှင့် အိတ်ထဲမှ ပစ္စည်းတစ်ခု နှိုက်ယူလိုက်ပြီး ကွမ်းကျုံးရုပ်အား ပေးလိုက်သည်။

ကွမ်းကျုံးရုပ်က လက်ဝါးပေါ်၌ တင်ပြီး ကြည့်လိုက်သည်။

အမျိုးသမီးခေါင်းပေါ်၌ ပန်ဆင်လေ့ရှိသော ပုလဲပန်းတစ်ခြမ်းပွင့် ဖြစ်နေ၏။

"ခင်ဗျား ဘယ်က ရလာတာလဲ"

"ခင်ဗျားရဲ့တပည့် ယန်စုစိန်က နယ်စားကြီး နေထိုင်
အိမ်ခေါင်မိုးပေါ်က ကောက်ရလာတယ်လို့ ပြောပါတယ်"

"ဒီပုလဲပန်းတစ်ခြမ်းပွင့်က ဘယ်သူ့ ပစ္စည်းလဲဆိုတာ
ဗျား သိသလားဗျ"

"ဟုတ်ကဲ့၊ ရှောင်မေ ခေါင်းပေါ်မှာ ပန်ထားတာကိုတေ
တွေ့ဖူးသလိုပဲ"

"ရှောင်မေဆိုတာ ဘယ်သူလဲ"

"နယ်စားကြီးကတော်ရဲ့ အိမ်ဖော်တစ်ယောက်ပါ"

ကွမ်းကျုံးရပ်က သက်ပြင်းချလိုက်လေသည်။

"ဒီပုလဲပန်းဟာ စင်စစ် အရှေ့ ထက်မြက်တဲ့ လက်နက်ပု
တစ်ခုလို အသုံးပြုနိုင်တယ်ဗျာ"

စာစဉ်(၃) ပြီး၏။

စာစဉ်(၄) ဆက်လက်ဖတ်ရှုပါရန်

# မိုးကျော်သူ

# သိုးပန်းချီနှင့်သိုင်းဒေဝီ

(စာစဉ်–၄)

စာမူခွင့်ပြုချက်အမှတ် ၅၀၀၉၃၅၀၆၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၇၉၆၀၆၀၈

၂၀၀၆ ခုနှစ်
ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ ( ၃ )
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ
ဦးသန်း[illegible]င်း (ကျော် ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ ခေမာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ပုလဲဝန်း ထက်နှုတ်ပုန်း

ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်နေ၏။

ဆင်းပေတုသည် ပုလဲပန်းတစ်ခြမ်းကို ဇွေစပ်သေချာစွာ လှလာကြည့်ရှုနေလေသည်။ အတန်ကြာအောင်ကြည့်ပြီးမှ မျက် ာင်ကြုတ်၍ မေးလိုက်သည်။

"ဒီပုလဲပန်းက ဘာကြောင့် တစ်ခြမ်းတည်း ဖြစ်နေတာလဲ"

ကွမ်းကျုံးရုပ်က ပုလဲပန်းအား ပြန်လည်ကြည့်ရှုပြီး မှတ် က်ချနေသည်။

"ဒီပုလဲပန်းဟာ အတော်ထက်မြက်တဲ့လက်နက်ပုန်း

ကြောင့် ဒါမှမဟုတ် ထက်မြက်တဲ့ဓားကြောင့် ထက်ခြမ်းကွဲသွားတ
ဖြစ်ရမယ်"

ဆင်းပေတုသည် ဖြတ်ကနဲ လှည့်၍ မေးလိုက်သည်။

"ရှောင်မေကို ခေါ်ပြီး မေးရင် ကောင်းမလား"

ကွမ်းကျုံးရုပ်က အံတာန်ကြာအောင် စဉ်းစားပြီး ခေါင်းညိတ်
လိုက်သည်။

"ကောင်းသားပဲ"

ဆင်းပေတုက အခန်းဝဘက်သို့ မျက်နှာမူလိုက်ပြီး လက်
ခုပ်တစ်ချက် တီးလိုက်သည်။

မရှေးမနှောင်းမှာပင် အနက်ရောင်အင်္ကျီ ဝတ်ဆင်ထား
သော လူတစ်ယောက် ဝင်လာပြီး ဦးညွှတ်လိုက်လေသည်။

"မင်း နောက်ဘက်ခြံကို သွားပါ၊ မြို့တော်ဝန်ကတော်
သွားပြီး ရှောင်မေကို ခေါ်ခွင့်တောင်းပြီး ခေါ်လာခဲ့"

"ဟုတ်ကဲ့… ကိုယ်ရံတော်မှူး"

အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားသော လူသည် ဦးညွှတ်
လိုက်ပြီး ထွက်ခွာသွားလေသည်။

* * *



ကွမ်းကျုံးရုပ်က ထိုလူ ထွက်ခွာသွားသည်ကို ကြည့်ပြီးမှ…

"ဒီလူကို ယုံရသလားဗျ"

ဆင်းပေတုက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ၊ သူတို့ကို ယုံကြည်ရပါတယ်"

"သူတို့နေတဲ့ ဂေဟာထဲမှာ ဘာတာဝန် ယူထားသလဲ"

"ကိုယ်ရံတော်တွေပဲ၊ ကျုပ်ကိုယ်တိုင် စနစ်တကျ လေ့ကျင့်
မျိုးထောင်ပေးခဲ့တဲ့ လူတွေပါ"

"သူတို့လို ကိုယ်ရံတော်မျိုး အားလုံး ဘယ်နှစ်ယောက် ရှိ
သလဲ"

ဆင်းပေတုသည် ပြုံးရယ်လိုက်ပြီး…

"(၂၄)ယောက် ရှိပါတယ်"

"သူတို့လည်း နယ်စားကြီးရဲ့ လုံခြုံမှုကို တာဝန်ယူထားရတဲ့
လူတွေလား"

"ဟုတ်ပါတယ်… နယ်စားကြီး တိုက်ပွဲဝင်တဲ့အခါမှာ သူတို့
(၂၄)ယောက်က နယ်စားကြီးကို အနီးကပ် ကာကွယ်ပေးရတဲ့ လူယုံ
တော်တွေပါ"

ဆင်းပေတုက အသံတိုးတိုးဖြင့် စကားဆက်လိုက်သည်။

"ဒီလူတွေလည်း ကျုပ်ရဲ့ အယုံကြည်ရဆုံး လူတွေပါ၊ လော
လောဆယ် ရှောင်လင်ကျောင်းကို လေးယောက် လွှတ်လိုက်ပါတယ်"

ကွမ်းကျုံးရုပ်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း… သူတို့အားလုံးက ခင်ဗျားအပေါ်မှာ သစ္စာရှိရင်
တော့ ကောင်းတာပေါ့ဗျာ"

သူတို့သည် စကားပြောနေစဉ်အတွင်း၌ အခန်းတွင်းသို့ အနက်ရောင်ဝတ်ဆင်ထားသော လူသည် မိန်းကလေးတစ်ဦးအား ခေါ်ဆောင်၍ ရောက်ရှိလာလေသည်။

* * *

မိန်းကလေးသည် အိမ်ဖော်များ ဝတ်လေ့ရှိသော အစိမ်း ရောင်ဘောင်းဘီနှင့် အင်္ကျီအား ဝတ်ဆင်ထားလေသည်။

သူ၏အသက်မှာ (၁၅)-(၁၆)နှစ်ခန့် ရှိ၍ ရုပ်ရည်မှာ လည်း ချောမောလှပနေပြီး အိမ်ဖော်တစ်ယောက်နှင့် မတူချေ။

သူမ၏ခေါင်းပေါ်တွင် ပုလဲပန်းတစ်ပွင့် ပန်ထားသည်ကို တွေ့ရှိရလေသည်။ မိန်းကလေးက ဆင်းပေတုအား အရိုအသေ ပြု လိုက်ပြီး...

"ကျွန်မ ဂါရဝပြုပါတယ်"

ဆင်းပေတုက သူမကို စေ့စပ်သေချာစွာ ကြည့်လိုက်လေ သည်။ ထို့နောက် သူ၏ဦးခေါင်း၌ ပန်ဆင်ထားသော ပုလဲပန်းအား ကြည့်ယင်း မေးလိုက်သည်။

"မင်းမှာ ပုလဲပန်း ဘယ်နှစ်ပွင့် ရှိသလဲ"

ရောင်မေက ရုတ်တရက် ကြောင်အမ်းအမ်း ဖြစ်သွားလေ သည်။



"ကျွန်မ ပုလဲပန်းကို ကြိုက်နှစ်သက်တဲ့အတွက် အများကြီး ပါတယ်"

ဆင်းပေတုက မျက်မှောင်ကြုတ်သွားပြီး...

"ဘယ်နှစ်ပွင့် ရှိသလဲ၊ သေသေချာချာ ပြောစမ်း"

ရောင်မေက အနည်းငယ် စဉ်းစားလိုက်သည်။

"အားလုံး ကိုးပွင့်လောက် ရှိပါတယ်"

"အဲဒီ ကိုးပွင့်စလုံး မင်းဆီမှာ သိမ်းထားတယ် မဟုတ် လား"

"ဟုတ်ကဲ့ရှင်... ကျွန်မ ခေါင်းပေါ်မှာ ပန်ထားတဲ့ ပန်းတစ် ပွင့်က လွဲလို့ ရှစ်ပွင့်ကျန်ပါသေးတယ်ရှင့်"

"အဲဒီ ပုလဲပန်း (၈)ပွင့် ဘယ်မှာ သိမ်းထားသလဲ"

"ကျွန်မ အိပ်ခန်းထဲမှာပါ"

ဆင်းပေတုသည် လေသံမာမာဖြင့် မေးလိုက်ပြန်သည်။

"နယ်စားကြီးဂေဟာထဲမှာ ပုလဲပန်း ပန်တတ်တဲ့ မိန်းက လေး ဘယ်နှစ်ယောက် ရှိသလဲ"

"ကျွန်မတစ်ယောက်တည်းပဲ ရှိပါတယ်ရှင့်"

ဆင်းပေတုက သူ့လက်တွင်းမှ ရှိသော ပုလဲပန်းတစ်ခြမ်း ကို လက်ဝါးဖြန့်ပြလိုက်သည်။

"ရောင်မေ၊ ဒီပုလဲပန်းတစ်ခြမ်းကို သေသေချာချာ ကြည့် လိုက်စမ်း၊ မင်းပစ္စည်း မဟုတ်လား"

ရောင်မေက လှမ်းယူယင်း သေသေချာချာ ကြည့်လိုက်ပြီး

"ဆရာက ဘယ်က ကောက်ရတာလဲ"

"ဒါ... မင်းသိဖို့ မလိုဘူး၊ မင်းပစ္စည်း ဟုတ်မဟုတ်ဆိုတာ ပြောပါ"

ရှောင်မေက ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မပန်တဲ့ ပုလဲပန်းနဲ့တော့ တူပါတယ်၊ ဒါပေမယ့် ကျွန်မပစ္စည်းတော့ မဟုတ်ပါဘူး"

"မင်းပစ္စည်း မဟုတ်ဘူးလို့ မင်းက ဘယ်လိုပြောနိုင်သလဲ"

"ရှင်းပါတယ်ရှင်...၊ ကျွန်မမှာ ပုလဲပန်းကိုးပွင့် ရှိပါတယ် အဲဒီပုလဲပန်းတွေ အားလုံးက ဒီလို တစ်ဝက်ဝာစ်ခြမ်းပုံမျိုး မရှိပါဘူး"

ကွမ်းကျုံးရုပ်က ကြားဖြတ်မေးလိုက်သည်။

"ရှောင်မေ၊ မင်း နယ်စားဂေဟာကို ရောက်တာ ဘယ်လောက်ကြာပြီလဲ"

ရှောင်မေက ကွမ်းကျုံးရုပ်အား လှည့်ကြည့်လိုက်ပြီး...

"ရှင်က ဘယ်သူလဲ"

"ကွမ်းကျုံးရုပ်ပါ"

"ရှင်က ဘာကိစ္စနဲ့ ကျွန်မကို မေးနေတာလဲ"

ဆင်းပေတုက ကြားဖြတ်၍ ပြောလိုက်သည်။

"သူက နယ်စားကြီးရဲ့ မိတ်ဆွေပါ၊ နယ်စားကတော်ရဲ့ ပြုချက်အရ အခုလို စုံစမ်းစစ်ဆေးနေရတာပါ"

ရှောင်မေက ဦးညွတ်လိုက်ပြီး တောင်းပန်လိုက်သည်။

"ကျွန်မ မသိလို့ ပြောမှားဆိုမှားတာကို ခွင့်လွှတ်ပါရှင်"

ကွမ်းကျုံးရုပ်က လက်ကာပြလိုက်သည်။

"မလိုပါဘူး၊ ကျုပ်မေးတာကိုသာ အမှန်အတိုင်း ဖြေ



"ဟုတ်ကဲ့ရှင့်"

"မင်း ဒီရောက်တာ ဘယ်လောက်ကြာပြီလဲ"

ရှောင်မေသည် အတန်ကြာအောင် စဉ်းစားပြီးနောက်...

"(၃)နှစ်လောက် ရှိပါပြီ"

"မင်းရောက်လာကတည်းက မြို့စားကတော်ကို ပြုစုတဲ့ အလုပ်ကိုပဲ လုပ်ရတယ် မဟုတ်လား"

"မဟုတ်ပါဘူး၊ ပထမတစ်နှစ်**လောက်က** ကြမ်းတိုက်၊ သန့်ရှင်းရေး အလုပ်များသာ လုပ်ရပါတယ်"

"ဒါဖြင့် မြို့စားကြီးကတော်ရဲ့ အလုပ်ကို ဝင်လုပ်ပေးရတာ ဘယ်လောက်ကြာပြီလဲ"

ရှောင်မေက ခေါင်းငုံ့၍ အဖြေပေးလိုက်သည်။

"နှစ်နှစ်နီးနီးလောက် ရှိပါပြီရှင့်"

ကွမ်းကျုံးရုပ်သည် ရှောင်မေအား စေ့စေ့ကြည့်လိုက်ပြီး...

"နယ်စားကြီး အဆိပ်မိနေတုန်းက မင်းဘယ်မှာရှိနေသလဲ"

ရှောင်မေမှာ အံ့အားသင့်သွားသည်။

"ရှင်... နယ်စားကြီး အဆိပ်မိသွားတယ် ဟုတ်လား"

"ဟုတ်တယ်၊ မင်းသတင်း မကြားသေးဘူးလား"

ရှောင်မေမှာ စိတ်မကောင်းစွာဖြင့်...

"မသိပါဘူးရှင်"

"ဒါနဲ့ ခင်ဗျား စာဖတ်ဘူးလား"

ရှောင်မေက ခေါင်းညိတ်လိုက်သည်။

ကွမ်းကျုံးရုပ်က အတန်ကြာ အကဲခတ်ကြည့်လိုက်ပြီးမှ...

"အင်း... ဒီပုလဲပန်းအကြောင်းကိုပဲ နည်းနည်းမေးချင်ပါ
တယ်"

"ဟုတ်ကဲ့ရှင့် မေးပါ"

ကွမ်းကျုံးရုပ်သည် ပုလဲပန်းအား ကြည့်ယင်း မေးလိုက်၏

"မင်း ဒီပုလဲပန်းကို သေသေချာချာ ကြည့်စမ်း၊ ဘာဖြစ်လို့
ထက်ခြမ်းကွဲရတာလဲလို့"

ရှောင်မေက ပုလဲပန်းအား သေသေချာချာ ကြည့်ရှုပြီး
ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ မပြောတတ်ဘူးရှင့်"

ကွမ်းကျုံးရုပ်သည် အေးစက်စက်လေသံဖြင့် ပြောလိုက်၏

"ဒါဖြင့် ကျုပ်က ပြောပြရမှာလား"

ရှောင်မေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ရှင့်..."

"ဒီပုလဲပန်းဟာ တစ်ယောက်ယောက်က ဓားနဲ့ ခုတ်လိုက်
တာ၊ ခုတ်လိုက်တဲ့လူရဲ့ ဓားကလဲ အတော့်ကို အားကောင်းတဲ့အ
တွက် ထက်ခြမ်းဖြစ်သွားတာပေါ့"

ရှောင်မေက ခေါင်းညိတ်လိုက်သည်။

ကွမ်းကျုံးရုပ်က သူမအား အကဲခတ်ကြည့်လိုက်သည်။

"ဂေဟာထဲမှာ ပုလဲပန်းပန်တဲ့ မိန်းကလေးဆိုလို့ မင်းတစ်
ယောက်ပဲ ရှိတယ်၊ အဲဒီ ပုလဲပန်းက မင်းပစ္စည်း မဟုတ်ဘူးဆိုရင်..."

ရှောင်မေက ပြုံးလိုက်သည်။

"ဒီဂေဟာထဲမှာ ပုလဲပန်းပန်တဲ့ လူဆိုလို့ ကျွန်မတစ်



ယောက်တည်း ရှိတယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် ခိုင်ဖုန်းတစ်
မြို့လုံးမှာ ပုလဲပန်းပန်တဲ့ မိန်းကလေးတွေ အများကြီး ရှိပါတယ်"

ကွမ်းကျုံးရုပ်က အေးတိအေးစက်အသံဖြင့် ပြောလိုက်ပြန်
သည်။

"ဘာပဲဖြစ်ဖြစ် ဒီဂေဟာထဲမှာ ပုလဲပန်းတစ်ခြမ်း တွေ့ရှိ
တယ်ဆိုတာ မိန်းကလေးအဖို့ သံသယဖြစ်စရာ အများကြီးရှိတယ်"

ရှောင်မေက မျက်မှောင်ကြုတ်သွားသည်။

"ရှင်က ကျွန်မကို အဆိပ်ခတ်တဲ့ တရားခံလို့ သံသယဖြစ်
နေတယ် မဟုတ်လား"

ကွမ်းကျုံးရုပ်က ခပ်အေးအေး ပြောလိုက်သည်။

"ဟုတ်တယ်... ခင်ဗျား မှန်မှန်မပြောရင် ကျုပ်ကတော့
ဖြစ်တဲ့နည်းနဲ့ စစ်ဆေး မေးမြန်းရတော့မှာပဲ"

ရှောင်မေက မဲ့ပြုံးပြုံးလိုက်သည်။

ပြီးနောက် ဂရုမစိုက်သည့် လေသံဖြင့် ပြောလိုက်သည်။

"ရှင်က ဧည့်သည်ဟစ်ယောက် ဖြစ်တယ်ဆိုတာ သတိထား
ဦးမှပေါ့"

ဆင်းပေတုက ကြားဖြတ်ပြောလိုက်သည်။

"ရှောင်မေ... ဒီပုလဲပန်းနဲ့ ပတ်သက်ပြီး ကျေနပ်လောက်
အောင် ရှင်းမပြနိုင်ရင် ကျုပ်ကို အဆိုးမဆိုနဲ့"

"ဆရာက ကျွန်မကို ဘယ်လိုလုပ်ချင်လို့လဲ"

"မင်းကို ဖမ်းချုပ်ထားမှာပေါ့"

ရှောင်မေက ခေါင်းခါယမ်းလိုက်သည်။

"ဆရာမှားနေပြီ၊ အနည်းဆုံး ကျွန်မကို ဖမ်းချုပ်ချင်
သခင်မကြီးဆီက သဘောတူဖို့ အခွင့်တောင်းရဦးမယ်"

ဆင်းပေတုက အေးတိအေးစက်အသံဖြင့် ပြောလို
သည်။

"**အခြေအ**နေအရ ကျုပ်က ဘယ်သူ့ဆီကမှ ခွင့်မတော
တော့ဘူး"

ရှောင်မေက ဟန်အမူအရာ မပျက်ပါ။ ပြုံး၍ပင် ပြောလို
လေသည်။

"သေချာ စဉ်းစားပါ ဆရာရယ်... ကျွန်မ ပုလဲပန်းပန်
တာနဲ့ လူသတ်တရားခံ ဖြစ်ရောလားရှင်"

ကွမ်းကျုံးရုပ်က ကြားဖြတ်လိုက်သည်။

"မင်းမှာ အပြစ်မရှိကြောင်း သက်သေပြချင်ရင် ကျုပ်
နည်းလမ်းတစ်ခု ရှိတယ်"

"ပြောပါရှင့်..."

ကွမ်းကျုံးရုပ်က ခါးကြားမှ ဓားသေးတစ်လက်အား ထု
ပြီး ပစ်ပေးလိုက်သည်။

"ဒီဓားနဲ့ ကိုယ့်ကိုကိုယ် သတ်သေလိုက်"

ဆင်းပေတုမှာ ကွမ်းကျုံးရုပ် စကားကြောင့် ကြောင်အ
အမ်း ဖြစ်သွားသည်။

ကွမ်းကျုံးရုပ်၏ လုပ်ဆောင်ချက်များမှာ ရက်စက်ကြ
ကြုတ်သည်ဟု ထင်မိလေသည်။

သို့သော် ကွမ်းကျုံးရုပ် ယင်းကဲ့သို့ လုပ်ဆောင်ခြင်း



ကြောင်းတစ်စုံတစ်ရာ ရှိရမည်ဟု ယုံကြည်ထားလေသည်။

ရှောင်မေက ဆင်းပေတုကို ကြည့်လိုက်သည်။

"ဆရာ... သူပြောတဲ့စကား အတည်ဖြစ်သလားရှင်"

ဆင်းပေတုက ခေါင်းညိတ်လိုက်သည်။

"သူပြောတဲ့ စကားဟာ ငါ့အမိန့်နဲ့ တစ်ထပ်တည်းပဲ မှတ်
ပါ"

ရှောင်မေက ခေါင်းခါယမ်းလိုက်သည်။

"တကယ်လို့ ကျွန်မက ကိုယ့်ကိုကိုယ် သတ်မသေချင်ရင်
ကော"

ကွမ်းကျုံးရုပ်က အေးစက်စက်လေသံဖြင့် ပြောလိုက်သည်။

"တစ်ယောက်ယောက်ကို သတ်ခိုင်းရမှာပဲ"

"ဘယ်သူ့ကို သတ်ခိုင်းမလို့လဲ"

ကွမ်းကျုံးရုပ်က အေးဆေးစွာ ပြောလိုက်သည်။

"ယန်စုစိန်..."

"ရှိပါတယ်... လာပါပြီ"

ယင်းစကားနှင့်အတူ ယန်စုစိန်သည် အခန်းထဲသို့ ဝင်
ရောက်လာသည်။

ကွမ်းကျုံးရုပ်သည် တင်းမာသော လေသံဖြင့်...

"ကြမ်းပေါ်က ဓားနဲ့ ဟောဒီ မိန်းကလေးကို သတ်လိုက်
ပါ..."

ယန်စုစိန်မှာ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

သူသည် ဆင်းပေတုအား ကြည့်လိုက်လေသည်။

ဆင်းပေတုကလည်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ဌာနမှူး ခိုင်းသလိုလုပ်ပါ"

ယန်စုစိန်က ကြမ်းပေါ်မှ ဓားငယ်ကို ကောက်ကိုင်လေသည်။

ကွမ်းကျုံးရုပ်သည် ရှောင်မေအား အကဲခတ်ကြလေသည်။

ရှောင်မေ မျက်နှာပေါ်၌ အနည်းငယ် ကြောက်ရွံ့သည့် အမူအရာကို မတွေ့ရပေ။

ကွမ်းကျုံးရုပ်က အေးစက်သောအသံဖြင့် အမိန့်ပေးလေသည်။

"ယန်စုစိန် တစ်ချက်တည်းနှင့် သေအောင် သတ်လိုက်"

ယန်စုစိန်သည် ဆရာ၏စကားကို မပယ်ရှားဝံ့ဘဲ ညိတ်လိုက်ပြီး ဓားပါးလေးဖြင့် ရှောင်မေ၏ ဝမ်းဗိုက်သို့ ထိုးလိုက်သည်။

ဆင်းပေတုမှာ ထိတ်လန့်တုန်လှုပ်သွားပြီး စိုးရိမ်စွာ အော်ဟစ်ဟန့်တားလိုက်သည်။

"မလုပ်နဲ့..."

သူသည် ဟန့်တားလိုက်သော်လည်း နောက်ကျသွားပြီဖြစ်သည်။

ယန်စုစိန်၏ ဓားမှာ ရှောင်မေ၏ ဝမ်းဗိုက်သို့ ရောက်သွားလေတော့သည်။

* * *



ဆင်းပေတု၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားသည်။

ကွမ်းကျုံးရုပ်မှာလည်း အံ့ဩသွားသည်။

အဘယ်ကြောင့်ဆိုသော် ယန်စုစိန်၏ဓားသည် ရှောင်မေ ဝမ်းဗိုက်သို့ ထိုးသွင်းလိုက်သောအခါ ရှောင်မေသည် လျှပ်တပြက် ခင်တိမ်းလိုက်ပြီး ယန်စုစိန်၏လက်ကို သူမ၏လက်မောင်းနှင့် ကြားတွင် ညှပ်ထားလိုက်သည်ကို တွေ့ရလေသည်။

ဆင်းပေတုက သက်ပြင်းတစ်ချက်ချလိုက်သည်။

ရှောင်မေ၏မျက်လုံးအစုံသည် ကွမ်းကျုံးရုပ်နှင့် ဆင်းပေတုအား ကြည့်လိုက်သည်။

"ရှင်တို့က ဘာသဘောနဲ့ ကျွန်မကို ဖမ်းလားသတ်လားနဲ့ သဘောလဲ၊ ပြောစမ်းပါ"

သူမသည် ပြောယင်း ညှပ်ထားသော ယန်စုစိန်၏လက်ကို လွှတ်လိုက်လေသည်။

ဆင်းပေတုက လက်ကာပြလိုက်သည်။

"ဒါလောက်ဆို လုံလောက်ပါပြီ"

ရှောင်မေမှာ နားမလည်နိုင်စွာဖြင့် လှည့်မေးလိုက်သည်။

"ဆရာက ဘာကိုဆိုလိုတာလဲ"

ဆင်းပေတုက မဲ့ပြုံးပြုံးလိုက်သည်။

"မင်းမှာ သိုင်းပညာတတ်တယ်ဆိုတာ အခုပြင်းလို့ မရပါဘူးလေ"

ရှောင်မေက မျက်နှာထားတည်တည်ဖြင့် မေးလိုက်သည်။

"ဘာလဲ... ဆရာက ကျွန်မကို အဆိပ်ခတ်တဲ့ တရား ထင်နေလို့လား"

"အခြေအနေက ရှင်းနေသားပဲ"

ရောင်မေက အံ့သြစွာဖြင့် မေးလိုက်သည်။

"ဘယ်လိုရှင်းနေတာလဲ ဆရာ"

"မင်းက အသက်ငယ်ငယ်နဲ့ သိုင်းပညာလည်း တတ် ဘာဖြစ်လို့ နယ်စားကြီးဂေဟာထဲ အိမ်ဖော်အဖြစ် ဝင်လုပ်နေ လဲ"

ကွမ်းကျုံးရုပ်က ကြားဖြတ်ပြောလိုက်သည်။

"ရည်ရွယ်ချက်တစ်ခု ရှိနေလို့ပေါ့"

ရောင်မေက ပြုံးလိုက်သည်။

"ကျွန်မက အသေမခံနိုင်ဘဲ ရောင်တိမ်းလိုက်တာဟာ စားကြီးကို အဆိပ်ခတ်တဲ့ တရားခံ ဖြစ်ရောလား"

ဆင်းပေတုက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ခက်တာပဲဗျာ၊ နယ်စားကြီး အဆိပ်မိတဲ့နေ့မှာ ပုလဲပန်းတစ်ခြမ်း ကျကျန်ခဲ့တာကိုးဗျ"

ရောင်မေ နှုတ်ခမ်းစူလိုက်သည်။

"ဒီပုလဲပန်းတစ်ခြမ်းဟာ ကျွန်မရဲ့ပစ္စည်း ဖြစ်တယ် ကျွန်မဟာ အဆိပ်ခတ်ပါတယ်လို့ ဆရာက ဘယ်လိုလ ထောက်အထား ပြနိုင်မှာလဲရှင့်"

ကွမ်းကျုံးရုပ်က မဲ့ပြုံးပြုံးလိုက်သည်။

"မင်းရဲ့စကားက ပြောရင်းနဲ့တောင် တဖြည်းဖြည်း



ပေါ်လာပြီပဲ"

ရောင်မေက ပြုံးလိုက်သည်။

"ဒါဖြင့် ကျွန်မ ပုလဲပန်းပဲ ထားပါဦး၊ ဘာကြောင့် တစ်ပိုင်း ဖြစ်သွားတာလဲရှင့်"

ဆင်းပေတုက ဝင်ရောက် ပြောလိုက်ပြန်သည်။

"ဒီကိစ္စက သိုင်းပညာထက်မြက်တဲ့ လူရဲ့ ဓားချက်ခုတ်မိလို့ပဲလို့ ယူဆရတယ်"

"ဘယ်သူက ခုတ်လိုက်တာလဲ"

"ဒါတော့ ဒါ..."

ဆင်းပေတုက မည်သို့ ဖြေရမှန်းမသိ ဖြစ်သွားပြီး စကားကို ခဏရပ်ထားရသည်။

ရောင်မေက ပြုံးလိုက်သည်။

"အဲဒီလူဟာ ရှင့်ရဲ့တပည့်လည်း မဖြစ်နိုင်ဘူး၊ ရှင့်အပေါ်မှာ သစ္စာရှိတဲ့လူလည်း မဖြစ်နိုင်ဘူး"

ဆင်းပေတုက ရောင်မေ၏စကားကြောင့် မျက်နှာကွက်ခနဲ ပျက်သွားသည်။

"ဒါဖြင့် ဒီပုလဲပန်းကို ဘယ်သူက ခုတ်သွားတာလဲ"

ရောင်မေက အေးဆေးတည်ငြိမ်သော လေသံဖြင့် ပြောလိုက်သည်။

"ဘယ်သူလဲ ဆိုတာတော့ ကျွန်မ တိတိကျကျ မပြောနိုင်ပါဘူး၊ ကျွန်မရဲ့ ပုလဲပန်းကို ထက်ပိုင်းခုတ်နိုင်တဲ့လူဟာ တော်ရုံတန်ရုံလူ မဟုတ်နိုင်ဘူး"

သူမသည် ပြုံး၍ စကားဆက်လိုက်သည်။

"ဆရာက ကျွန်မ ခေါင်းပေါ်မှာ ပုလဲပန်းပန်တာပဲ
တယ်၊ ကျွန်မပန်တဲ့ ပုလဲပန်းဟာ ဘစ်ခြားပန်းနဲ့ ဘယ်လိုကွာခြ
တယ်ဆိုတာကိုတော့ သတိမထားမိဘူး"

ထိုစကား ကြားလိုက်ရတော့မှ ဆင်းပေတုက လက်ထ
ပုလဲပန်းတစ်ခြမ်းကို သေချာစွာ ကြည့်ရှုစစ်ဆေးကြည့်လိုက်
သည်။

ပုလဲပန်းသည် ရိုးရိုးပုလဲပန်းထက် လေးလံပြီး ပုလဲမျ
သီထားသော ကြိုးများမှာလည်း သံမဏိကြိုးပင် ဖြစ်သည်။

ကွမ်းကျုံးရုပ်က ယင်းပုလဲပန်းအား သေချာစွာ ကြည့်လိုက်
သည်နှင့် ရုတ်တရက် အံ့အားသင့်သွားသည်။ ထို့နောက် ရောင်မေ
အား ကြည့်ယင်း ပြောလိုက်သည်။

"သြော်... မင်းက ပုလဲပန်းသိုင်းသမားကိုး"

ရောင်မေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင့်"

ကွမ်းကျုံးရုပ်က လက်နှစ်ဘက်ဆုပ်လိုက်သည်။

"ကျုပ်တို့ ပြောမှားဆိုမှားတာကို တောင်းပန်ပါတယ်ဗျာ"

ရောင်မေက ပြန်လည် အရိုအသေ ပြုလိုက်သည်။

"ကိစ္စမရှိပါဘူးရှင်၊ ကျွန်မက အရေးမကြီးပါဘူး၊ အရေးအ
ကြီးဆုံးကတော့ နယ်စားကြီး အဆိပ်မိနေတာကို အမြန်ဆုံး ကုသ
ကိစ္စပါပဲ"

ဆင်းပေတုက မျက်မှောင်ကြုတ်သွားသည်။



"မင်းက ဒီကိစ္စကို သိထားပြီးမှကိုး"

"ဟုတ်ကဲ့ရှင့်၊ ကျွန်မ သိထားပြီးပါပြီ"

ကွမ်းကျုံးရုပ်က စဉ်းစားချင့်ချိန်ပြီး မေးလိုက်သည်။

"ဒါနဲ့ မိန်းကလေးရဲ့ သိုင်းပညာအဆင့်နဲ့ အခုလို နယ်စား
ဂေဟာမှာ အိမ်ဖော်အလုပ်လုပ်တယ်ဆိုတာ အကြောင်းတော့
ပေါ့နော်"

ရောင်မေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ရှင့်"

"ဘာအကြောင်းလဲဆိုတာ ပြောပြနိုင်ပါ့မလား"

"ပြောနိုင်ပါတယ်၊ ကျွန်မက ကျေးဇူးဆပ်တဲ့ သဘောပါ"

ကွမ်းကျုံးရုပ်က နားမလည်နိုင်စွာဖြင့်...

"ဘယ်သူ့ကို ကျေးဇူးဆပ်တာလဲ"

"နယ်စားကြီးကိုပါ"

"ဘာကြောင့် ကျေးဇူးဆပ်တယ်ဆိုတာ ပြောပြနိုင်ပါ့မ
း"

ရောင်မေက အနည်းငယ်စဉ်းစားလိုက်ယင်း သက်ပြင်းချ
က်သည်။

"ကျွန်မဖခင်ကို စားပြဆိုပြီး အစွပ်စွဲခံရပါတယ်၊ အာဏာ
က ကျွန်မဖခင်ကို သေဒဏ်ပေးဖို့ ဆုံးဖြတ်ပြီးမှ ကံကောင်းချင်
့ နယ်စားကြီး ရောက်လာတာနဲ့ အမှုကို ပြန်စစ်ဆေးတဲ့အခါမှာ
ပြစ်မရှိမှန်းတွေ့လို့ တရားသေလွှတ်လိုက်တဲ့အပြင် ရှာပြန်ဖို့
င် လမ်းစရိတ် ပေးလိုက်ပါတယ်ရှင်"

သူမသည် စကားကို ရပ်နားလိုက်ပြီးမှ စကားဆက်လိုက်
ပြန်သည်။

"မေမေက နယ်စားကြီးကို အတော်ကျေးဇူးတင်တယ်လေ
ဒါကြောင့် ကျွန်မကို ပုလဲပန်းလက်နက်ပုန်းပညာ သင်ပေးပြီး နယ်
စားကြီးဆီမှာ အိမ်ဖော်အဖြစ်နဲ့ ကာကွယ်စောင့်ရှောက်ရမယ်လို့
ကျွန်မကို လွှတ်လိုက်တာပါ"

ကွမ်းကျိုးရပ်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ခင်ဗျားမိခင်ရဲ့ ပုလဲပန်းလက်နက်ပုန်းဟာ အလယ်ပိုင်
ဒေသတစ်ခုလုံးမှာ အတော့်ကို ကျော်ကြားခဲ့ပါတယ်"

ရှောင်မေက ဖြည်းလေးစွာ ခေါင်းညိတ်ပြလိုက်သည်။

"အခုတော့ ဌာနမှူးကြောင့် ကျွန်မအကြောင်း ပေါ်သွားပါ
ပြီ၊ ဒီအကြောင်းပေါ်သွားရင် ကျွန်မ ဒီမှာ ဆက်နေဖို့ မဖြစ်တော့ပါ
ဘူး၊ ဒါကြောင့် ကျွန်မအကြောင်းကို ဘယ်သူ့ကိုမှ မပြောပါနဲ့လို့
ပြောပါရစေ"

ဆင်းပေတုက ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါလေ၊ ဒီကိစ္စကို ကျုပ်က ဖုံးကွယ်ထားပါ့မယ်"

ကွမ်းကျိုးရပ်က ဆက်လက်စကားဆိုလိုက်သည်။

"ဒီလိုဆိုရင် နယ်စားကြီး အဆိပ်ခတ်တဲ့လူကို ခင်ဗျား တွေ့
လိုက်တယ် မဟုတ်လား"

ရှောင်မေက ခေါင်းခါယမ်းလိုက်သည်။

"မတွေ့ပါဘူး၊ ကျွန်မ ရောက်လာတဲ့အခါမှာ နယ်စားကြီး
မှာ အဆိပ်မိလို့ သတိမေ့နေတာကိုပဲ တွေ့ရပါတယ်"



ကွမ်းကျိုးရပ်က မျက်မှောင်ကြုတ်လိုက်ပြီး...

"ဒါဖြင့် ဒီပုလဲပန်းက ဘာကြောင့် တစ်ခြမ်း ဖြစ်သွားတာ

"လူတစ်ယောက်က ကျွန်မကို အလစ်ဝင်တိုက်ခဲ့လို့ ကျွန်မ
ပုလဲပန်းနဲ့ ပစ်လိုက်တာ၊ သူက ဓားနဲ့ ခုတ်ချလိုက်တာပဲ"

"အဲဒီလူက ဘယ်သူလဲ"

"ကျွန်မ မသိဘူး"

"နယ်စားဂေဟာထဲက လူများလား"

ရှောင်မေက ဖြည်းလေးစွာ ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ တိတိကျကျ မပြောနိုင်ပါဘူးရှင်"

"ဒါဖြင့် အဲဒီလူရဲ့ ရုပ်ပုံသဏ္ဍာန်ကော တွေ့မြင်ခဲ့ရတယ်
တ်လား"

"မတွေ့ရပါဘူးရှင်"

"ဘာဖြစ်လို့လဲ"

"အဲဒီလူဟာ အနက်ရောင်အင်္ကျီရှည် ဝတ်ဆင်ထားပြီး မျက်
မှာလဲ မျက်နှာဖုံးတစ်ခု တပ်ဆင်ထားလို့ပါ"

ဆင်းပေတုက အံ့အားသင့်သွားသည်။

"ဒီလူက ဘာဖြစ်လို့ တစ်ကိုယ်လုံး အင်္ကျီနက်နဲ့ ဖုံးကွယ်
ားရတာလဲ"

ရှောင်မေက အတန်ကြာအောင် စဉ်းစားပြီး ပြောလိုက်၏။

"ဒီလူဟာ ကျွန်မကို သိကျွမ်းတဲ့လူ ဖြစ်မယ်လို့ ယူဆထား
ယ်"

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားပြီး...

"ဒီလူဟာ နယ်စားကြီးဂေဟာထဲကလူ ဖြစ်တယ်လို့ ဗျားက ယူဆတာလား"

ရောင်မေက အေးဆေးစွာ ပြောလိုက်ပြန်သည်။

"အထောက်အထား မရှိသေးတဲ့အတွက် ကျွန်မ တိတိ ကျ မပြောဝံ့ဘူး"

သူမသည် အနည်းငယ် စဉ်းစားလိုက်ပြီးမှ စကားဆ လိုက်သည်။

"ရှင်တို့ စဉ်းစားနိုင်အောင် ကျွန်မ သဲလွန်စ အနည်းငယ တင်ပြချင်ပါတယ်"

ဆင်းပေတုက မျက်မှောင်ကြုတ်ကာ မေးလိုက်သည်။

"ပြောပါ"

ရောင်မေက တွေးတွေးဆဆဖြင့် ပြောသည်။

"ဒီလူဟာ နယ်စားကြီးကို သတ်မယ်ဆိုရင် အခွင့်အ အများကြီးရှိလျက်နဲ့ ဘာကြောင့် သူက မသတ်ဘဲ အဆိပ်ပဲခတ် သွားရတာလဲ"

ဆင်းပေတုက မျက်မှောင်ကြုတ်ကာ ပြောလိုက်သည်။

"သူက မသတ်ချင်ပေမယ့် အဆိပ်တော့ ခတ်ဖြစ်အောင် ခတ်လိုက်တယ် မဟုတ်လား"

ရောင်မေက အနည်းငယ် စဉ်းစားလိုက်ပြီး...

"သူ အဆိပ်ခတ်တယ်ဆိုပေမယ့်လည်း သေအောင် မခတ် ဘဲ သတိမေ့လောက်အောင်ပဲ ခတ်သွားတာ မဟုတ်လား"



ဆင်းပေတုက မျက်မှောင်ကြုတ်သွားသည်။

"အဲဒါ ဘာဖြစ်လို့လဲ"

"ဘာကြောင့်လဲဆိုတာ ဆရာကိုယ်တိုင် စဉ်းစားကြည့်ပါ လား"

ဆင်းပေတုက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် မစဉ်းစားတတ်အောင်ပါပဲကွာ"

ရောင်မေက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဆရာရယ်...၊ တဖြည်းဖြည်း စဉ်းစားကြည့်ရင် နားလည် လာမှာပါ"

သူမသည် စကားဆက်လိုက်ပြန်သည်။

"တခြားကိစ္စ မရှိဘူးဆိုရင် ကျွန်မ သွားတော့မယ်၊ သွားခွင့် ပြုပါအုံး"

သူမသည် ပြောပြီးသည်နှင့် အပြင်ဘက်သို့ ထွက်ခွာသွား လေတော့သည်။

* * *

ကွမ်းကျုံးရုပ်သည် ရောင်မေ ထွက်သွားသည်ကို ကြည့်ပြီး လေသံတိုးတိုးဖြင့်...

"ရောင်မေရဲ့စကားကို ခင်ဗျား ယုံသလား"

ဆင်းပေတုက စဉ်းစားယင်း ခေါင်းညိတ်လိုက်သည်။

"ကျုပ်ကတော့ ယုံတယ်ဗျာ"

"ဟုတ်ပြီ... သူပြောတဲ့ အဓိပ္ပါယ်ကိုကော သဘောပေါက်ရဲ့ လား"

ဆင်းပေတုက ခေါင်းခါယမ်းလိုက်သည်။

"သဘောမပေါက်ဘူးဗျ"

ကွမ်းကျုံးရုပ်က ရှင်းပြလေသည်။

"အဆိပ်ခတ်တဲ့လူဟာ နယ်စားကြီးနဲ့ တစ်ကြောင်း မဟုတ် တစ်ကြောင်း ပတ်သက်နေတာ ဖြစ်ရမယ်၊ ဒါမှမဟုတ် နယ်စားကြီး နဲ့ အရင်းနှီးဆုံး သံယောဇဉ်ရှိနေတဲ့လူ ဖြစ်ရမယ်"

ဆင်းပေတုက မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျား ဆိုလိုတာက လူသတ်သမားဟာ..."

ကွမ်းကျုံးရုပ်က လက်ကာပြလိုက်သည်။

"အတပ်စွပ်စွဲလို့လဲ မရဘူး၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး နည်း နည်း အမှားခံလို့ မရဘူး"

ဆင်းပေတုက ကွမ်းကျုံးရုပ်အား လှည့်မေးလိုက်သည်။

"ဌာနမှူးရဲ့ သဘောက"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"ရောင်မေပြောတာ မှန်တယ်၊ ဒီလူကို ဖော်ထုတ်နိုင်ဖို့ အ



က် ကျုပ်တို့ ငါးစာချရလိမ့်မယ် ထင်တယ်"

ဆင်းပေတုက နားမလည်ဟန်ဖြင့် မေးလိုက်သည်။

"ဘယ်လို ငါးစာလဲဗျ"

ကွမ်းကျုံးရုပ်သည် ဆင်းပေတုအား လေသံတိုးတိုးဖြင့်...

"ကျုပ် အကြံတစ်ခုရတယ်၊ ဖြစ်မလားတော့ မပြောတတ် ..."

ဆင်းပေတုက နားစွင့်လိုက်ယင်း ပြောလိုက်သည်။

"ပြောသာ ပြောပါဗျာ"

ကွမ်းကျုံးရုပ်သည် သူ၏အကြံကို တီးတိုး ပြောဆိုလိုက် လေသည်။

ဆင်းပေတုနှင့် ယန်စုစိန်က ခေါင်းညိတ်၍ သဘောတူကြ လေသည်။

* * *

## အကြံအစည်

ကွမ်းကျိုးရုပ်တို့၏ အကြံအစည်သည် အလွန်လျှို့ဝှက်သော အကြံတစ်ခု ဖြစ်သည်။

ထို့ကြောင့် သူတို့သုံးယောက်မှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မျှ အသိမပေးကြပါ။ ယင်းအကြံကို ဆင်းပေတုက ချက်ချင်း အကောင်အထည် ဖော်လိုလှပေသည်။

ကွမ်းကျိုးရုပ်မှာမူ ထိုကိစ္စမှာ အလောတကြီး မပြုလုပ်ရန် အကြံပေးလသည်။

ထို့ကြောင့် ကွမ်းကျိုးရုပ်နှင့် ယန်စုစိန်တို့သည် ဆင်းပေတုအား နှုတ်ဆက်ကာ နယ်စားကြီးဂေဟာမှ ထွက်ခွာသွားလေ၏။

* * *



ဆင်းတုပေသည် ကွမ်းကျိုးရုပ်နှင့် ယန်စုစိန်တို့အား နှုတ်ဆက်ပြီးနောက် နယ်စားကြီး အိပ်ခန်းရှိရာသို့ ဝင်လာခဲ့လေသည်။

နယ်စားကြီး၏အိပ်ခန်းသည် သီးခြားအဆောက်အအုံတစ်ခု ဖြစ်သည်။

အလွန်တိတ်ဆိတ်ပြီး ချမ်းမြေ့ဖွယ်ရာ ကောင်းလှသော နေရာတစ်ခု ဖြစ်သည်။

ယင်းအဆောက်အအုံတစ်ခုလုံးကို ဆင်းတုပေသည် အယုံကြည်ရဆုံးသော ကိုယ်ရံတော်အဖွဲ့ဝင် ဆယ်ဦးအား နေ့ရောညပါ လှည့်စုခွဲ၍ စောင့်ကြပ်စေသည်။

ဆင်းပေတုသည် နယ်စားကြီးအား အကဲခတ်ကြည့်လိုက်လေသည်။

နယ်စားကြီးသည် အိပ်ပျော်နေသည့်အလား အသက်မှန်မှန် ရှူရှိုက်နေသည်ကို တွေ့ရသည်။

သူသည် အခန်းဝတွင် စောင့်နေသော လူဘက်သို့ လှည့်ကြည့်လိုက်သည်။

"နယ်စားကြီး သတိရလာသေးလား"

ထိုလူက ဦးညွတ်လိုက်သည်။

"သတိမရသေးပါဘူး ဆရာ"

"ဘယ်သူလာသေးသလဲ"

"နယ်စားကြီးကတော် တစ်ခေါက် လာကြည့်ပါသေးတယ်"

ဆင်းပေတုက မျက်မှောင်ကြုတ်သွားသည်။

"မင်းတို့က ဟန့်တားသေးသလား"

ထိုလူက ခေါင်းခါယမ်းလိုက်သည်။

"ဘယ်သူ့ကိုမဆို အစင်တောင် မခံပါဘူး၊ ဒါပေမယ့် နယ်စားကြီးကတော်ကိုတော့"

"သူ့ကိုတော့ ဘာလို့ ဘယ်ဖြစ်မလဲ"

သူသည် မျက်မှောင်ကြုတ်၍ စကားဆက်လိုက်သည်။

"ဒါနဲ့ နယ်စားကြီးကတော်ဆိုတာ မင်း ဘယ်လိုလုပ် သိလဲကွယ်"

"အိမ်ဖော်ကလာပြီး အကြောင်းကြားလို့ပါ"

"နယ်စားကြီးကတော်ရဲ့ မျက်နှာကို တွေ့ခဲ့ရသလား"

"တွေ့ပါတယ်၊ ဒါပေမယ့် သေသေချာချာ မကြည့်ခဲ့ပါဘူး"

ဆင်းပေတုက ခေါင်းညိတ်လိုက်သည်။

"နယ်စားကြီးကတော်ရဲ့ပုံစံ ပြောပြစမ်းပါ"

ထိုလူက အနည်းငယ် စဉ်းစားလိုက်သည်။

"နယ်စားကြီးကတော်က အရပ်မရှည်လွန်း မပုလွန်းတဲ့ ရွယ်လောက်ပဲ၊ အသက်(၃၀)ကျော်လောက်ပဲ ရှိမယ်၊ သူနဲ့ အတူ အိမ်ဖော်နှစ်ယောက်လည်း ပါလာသေးတယ်"

ဆင်းပေတုက လက်ကာပြလိုက်သည်။

"သိပြီ... ကဲ... မင်းသွားနိုင်ပြီ"

ထိုလူက ဦးညွတ်၍ ထွက်ခွာသွားလေတော့သည်။

* * *



ဆင်းပေတုသည် အနီးရှိ ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်လေသည်။

အစောင့် ပြောသွားသော နယ်စားကြီးကတော်၏ ပုံသဏ္ဌာန်သည် နယ်စားကြီးကတော် အစစ်အမှန်နှင့် ကိုက်ညီနေ၏။

နယ်စားကြီးကတော်ကို ရှောင်မေက သံသယ ဖြစ်နေသည်ဟု အတည့်အလင်း မပြောသွားသော်လည်း သူမ၏ ပြောဟန်ဆိုဟန်မှာ ထိုအင်္ကျီအနက်ရောင် ဝတ်ဆင်ထားသောလူမှာ နယ်စားကတော် ဖြစ်သည်ဟု အရိပ်အမြွက် ပြောသွားသည် မဟုတ်ပါလော။

သူသည် အစဉ်းစားရခက်နေစဉ် အစောင့်တစ်ယောက် ဝင်ရောက်လာလေသည်။

"ဆရာ... နယ်စားကြီးကတော်နဲ့ အိမ်ဖော်ရှောင်မေတို့ ရောက်ရှိလာပါတယ်၊ ဝင်ခွင့်ပေးရမှာလား"

ဆင်းပေတုက ခေါင်းညိတ်လိုက်သည်။

"သူတို့ကို ဝင်လာခိုင်းပါ"

အစောင့် ထွက်သွားပြီး မကြာမီ နယ်စားကြီးကတော်နှင့် ရှောင်မေတို့သည် အခန်းထဲသို့ ဝင်ရောက်လာလေသည်။

ဆင်းပေတုက ဦးညွတ်၍ အရိုအသေ ပြုလိုက်လေသည်။

သူသည် အရိုအသေ ပြုယင်း နယ်စားကြီးကတော်အား အကဲခတ်၍ ကြည့်နေလိုက်လေသည်။

နယ်စားကြီးကတော်၏ မျက်နှာတစ်ခုလုံးမှာ နွမ်းနယ်နေပြီး မျက်လုံးအစုံမှာ မို့နေသည်။

သူမသည် မီးအိမ်ကို ကိုင်မြှောက်ရင်း ဆင်းပေတုအား

ပြောလိုက်သည်။

"နယ်စားကြီးက ရှင့်ကို အတော် အားကိုးပါတယ်၊ ဒါကြောင့် သူ့ကို အတတ်နိုင်ဆုံး ရှင်က ကူညီပါလို့ ကျွန်မ တောင်းပန်ပါတယ်"

ဆင်းပေတုက ဦးညွှတ်လိုက်သည်။

"စိတ်ချပါခင်ဗျာ... ကျွန်တော် အသက်ရှင်နေသရွေ့ ကာလပတ်လုံး နယ်စားကြီးကို အတတ်နိုင်ဆုံး သတိရလာအောင် ကြိုးစားပါ့မယ်"

နယ်စားကြီးကတော်က ခေါင်းညိတ်လိုက်သည်။

"ရှင်ကို ကျွန်မ ယုံပါတယ်၊ အကူအညီ လိုအပ်ရင် ရွှေတံဆိပ် ရှိပါတယ်၊ ရွှေတံဆိပ်ကို ပြလိုက်ရင် လိုအပ်တဲ့ တပ်ဖွဲ့များကို ခေါ်ယူ အသုံးချနိုင်ပါတယ်"

ဆင်းပေတုက ခေါင်းညိတ်၍ ပြောလိုက်သည်။

"ဒီကိစ္စမှာ လူများများ ရှိတိုင်း သုံးလို့ရတဲ့ ကိစ္စတစ်ခု မဟုတ်ပါဘူး၊ သိုင်းလောကမှာ ထိပ်တန်းပုဂ္ဂိုလ် (၃)-(၄)ယောက်ကို အကူအညီ တောင်းထားပါတယ်၊ (၂)ရက် (၃)ရက် အတွင်းမှာ နယ်စားကြီး သတိပြန်ရလာနိုင်မယ်လို့ ယုံကြည်ပါတယ်"

နယ်စားကြီးကတော်က ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်ပြီး

"ကျွန်မ ဒီမှာနေပြီး သူ့ကို ပြုစုချင်တယ်"

ဆင်းပေတုက အားတုံ့အားနာသော လေသံဖြင့်...

"နယ်စားကြီး အခု ဖြစ်နေတာကို ဘယ်သူမှ မသိကြသေးပါဘူး၊ နယ်စားကြီးရဲ့ အလုပ်ကလည်း များပြားလှပါတယ်၊ ဒါကြောင့် နယ်စားကတော်က သူ့အလုပ်ကို တာဝန်ယူပြီး လုပ်ပေးစေချင်ပါ



တယ်"

နယ်စားကြီးကတော်က သဘောပေါက်သွားဟန်ဖြင့် ထိုင်ရာမှ ထလိုက်လေသည်။

"ကောင်းပြီလေ... အရေးအကြောင်း ရှိရင်တော့ ကျွန်မဆီကို လာခဲ့ပါ"

သူမသည် ပြောပြီးသည်နှင့် ရောင်မေနှင့်အတူ အပြင်သို့ ထွက်ရန် ခြေလှမ်းလှမ်းလိုက်လေသည်။

ဆင်းပေတုက စကားလှမ်းပြောလိုက်သည်။

"သြော်... ဒါနဲ့ နယ်စားကြီးကတော်ကို ခွင့်ပြုဖို့ တောင်းရဦးမယ်"

"ပြောပါ"

"ရောင်မေကို ပြောစရာရှိလို့ ခဏလောက်ထားခဲ့ပါဗျာ"

နယ်စားကြီးကတော်က ရောင်မေကို ကြည့်ကာ အနည်းငယ် စဉ်းစားလိုက်သည်။

ပြီးနောက် ခေါင်းညိတ်၍...

"ကောင်းပြီလေ၊ ရောင်မေ မင်းဒီမှာ နေခဲ့"

ရောင်မေက ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့ပါရှင်..."

နယ်စားကြီးကတော်သည် တစ်ယောက်တည်း ပြန်လည်၍ ထွက်ခွာသွားလေတော့သည်။

* * *

ဆင်းပေတုက ရှောင်မေအား စိုက်ကြည့်လိုက်သည်။

ကြီးကတော်က စောစောတုန်းက တစ်ခေါက်လာ

ပြောတယ်၊ မင်းသိလား"

က ခေါင်းခါယမ်းလိုက်သည်။

ူးရှင့်"

သူမသည် ဆင်းပေတုအား တစ်ချက်ကြည့်လိုက်သည်။

"ဆရာက နယ်စားကြီးကတော်ကို သံသယဖြစ်နေသလား

ဆင်းပေတုက သက်ပြင်းတစ်ချက်ချလိုက်သည်။

"မင်းလည်း သူ့အပေါ် သံသယ ဖြစ်ခဲ့တယ် မဟုတ်လား

ရှောင်မေက မျက်မှောင်ကြုတ်သွားသည်။

"နယ်စားကြီးကတော်ကို သံသယဖြစ်ရင် အရေးကြီးတဲ့

ချက်တစ်ချက်ကိုတော့ သတိမမေ့သင့်ဘူး ထင်တယ်"

"ဘာများလဲ"

"နယ်စားကြီးကတော်ဟာ သိုင်းပညာ မတတ်ဘူးလို့

ကျွန်မ ယုံကြည်တယ်"

"မင်း သေချာရဲ့လား"

"သေချာပါတယ်ရှင့်၊ ကျွန်မကလည်း အကဲခတ်နေတာ

တော်ကြာပါပြီရှင့်"

ဆင်းပေတုက သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"ကျုပ်တော့ မစဉ်းစားတတ်လောက်အောင် ဖြစ်နေပြီ

ဗျာ"

ရှောင်မေက ပြုံးလိုက်လေသည်။ ပြီးနောက် ဆင်းပေ



း တစ်ချက်ကြည့်ရင်း မေးလိုက်သည်။

"ဒါနဲ့ မြို့တော်ဝန်ရဲ့သမီး လျှုဝမ်အော့အပေါ် ဆရာက

ယ်လိုမြင်ထားသလဲ"

ဆင်းပေတုက သူမ၏ စကားကြောင့် ရုတ်တရက် သတိရ

လေသည်။

"အင်း... ဟုတ်တယ်၊ သူရောက်လာမှပဲ ဒီပြဿနာ အမျိုး

ဖြစ်ပေါ်လာတာကို တွေ့ရတယ်"

ရှောင်မေက ခေါင်းညိတ်လိုက်သည်။

ပြီးနောက် မသင်္ကာသော သံသယ မျက်လုံးဖြင့် ပြောလိုက်

သည်။

"ဟုတ်တယ်ရှင့်... ကျွန်မတော့ သူ့ကို ပိုပြီး သံသယ ဖြစ်

တယ်ရှင့်"

ဆင်းပေတုက ခေါင်းညိတ်လိုက်သည်။

ပြီးနောက် သူသည် တစ်စုံတစ်ခုအတွက် စိုးရိမ်သွားကာ...

"ဟုတ်တယ်... မင်း အခု ပြန်သွား၊ နယ်စားကြီးကတော်ရဲ့

ရေးကိုတော့ အတတ်နိုင်ဆုံး တာဝန်ယူပါ"

"ဟုတ်ကဲ့ရှင့်"

ဆင်းပေတုက လက်ဝှေ့ယမ်းပြလိုက်သည်။

"မင်းသွားနိုင်ပြီ..."

ရှောင်မေက အရိုအသေပြု၍ အခန်းထဲမှ လျင်မြန်စွာ

ထွက်သွားလေသည်။

* * *

## နယ်စားကြီးကိုယ်စား

ဆင်းပေတုသည် သူ၏လူယုံတော်အား အခန်းထဲသို့
ယူလိုက်လေသည်။

"စင်းလုံ... အခန်းတံခါးကို ပိတ်ထားလိုက်စမ်း"

စင်းလုံဆိုသူက အခန်းတံခါးအား သေချာစွာ ပိတ်
လိုက်လေသည်။ ဆင်းပေတုက လက်တစ်ဘက် နောက်ပစ်
ခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။

စင်းလုံဆိုသူက အခန်းအလယ်တွင် လက်အောက်
ပြီး ရိုကျိုးစွာ ခေါင်းငုံ့၍ရပ်နေ၏။

အတန်ကြာတော့မှ ဆင်းပေတုက လျှောက်နေသေ



မ်းရပ်တန့်လိုက်ပြီး စင်းလုံအား ရပ်ကြည့်လိုက်သည်။

သူသည် စင်းလုံအား ခြေဆုံးခေါင်းဆုံး အကြိမ်ကြိမ် ကြည့်
ပြီးသည့်နောက် ခေါင်းကို အသာအယာ ညိတ်လိုက်လေသည်။

ထို့နောက် စင်းလုံရှေ့သို့ လျှောက်သွားလေသည်။

"စင်းလုံ"

ဆင်းပေတုက ခြေလှမ်းရပ်၍ ခေါ်လိုက်လေသည်။

စင်းလုံမှာ ခေါင်းမော့၍...

"ရှိပါတယ် ဆရာ"

"မင်း သေသေချာချာ နားထောင်နော်၊ ငါ မင်းအပေါ်မှာ
ကျေးဇူးရှိခဲ့သလား"

"ကျွန်တော့်အပေါ်မှာ ဆရာရဲ့ ကျေးဇူးအများကြီး ရှိပါ
တယ်ဆရာ"

"ငါခိုင်းတဲ့ အလုပ်ကိုရော မင်းက သက်စွန့်ကြိုးပမ်း လုပ်
မှာပါမလား"

"ကျွန်တော့်အသက် သေချင်သေဆုံးပါစေ၊ ကျွန်တော် ကြိုး
စားလုပ်ပါ့မယ်"

ဆင်းပေတုက ကျေနပ်စွာဖြင့် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ မင်းကို အကူအညီတစ်ခု တောင်းချင်တယ်၊
အကူအညီ ပေးနိုင်မှာလား"

"အမိန့်ရှိပါ ဆရာ"

ဆင်းပေတုက သူ့အားသေချာစွာ ကြည့်လိုက်သည်။

"မင်းရဲ့ ရုပ်ပုံသဏ္ဍာန်ဟာ နယ်စားကြီးနဲ့ ခပ်ဆင်ဆင် ဖြစ်

နေတယ်"

စင်းလုံက ဆင်းပေတုရဲ့စကားကြောင့် နားမလည်နိုင်
ဖြစ်သွားလေသည်။

ဆင်းပေတုက စကားဆက်လိုက်သည်။

"အခု မင်းကို နယ်စားကြီးအဖြစ် ရုပ်ဖျက်ပေးမယ်၊ မင်း
နယ်စားကြီးကိုယ်စား ဒီမှာ နေခဲ့ရမယ်"

စင်းလုံက အနည်းငယ်စဉ်းစားလိုက်ပြီး ခေါင်းညိတ်လို
လေသည်။

"ဆရာပေးတဲ့ တာဝန်ကို လက်ခံပါတယ်"

"ကောင်းပြီ၊ မင်း အဝတ်အစား ချွတ်လိုက်"

ဆင်းပေတုသည် အခန်းထဲမှာ ရှိနေသော ကွပ်ပျစ်တစ်
ကို ညွှန်ပြလိုက်သည်။

"မင်း ဟောဒီမှာ ခဏအိပ်စမ်း"

စင်းလုံက ထိုကွပ်ပျစ်ပေါ်သို့ လဲလျောင်းလိုက်လေသည်

ဆင်းပေတုက စင်းလုံအနားတွင် ရပ်လိုက်ပြီး ရုတ်တရက်
သူ၏သွေးကြောကို ပိတ်လိုက်ရာ စင်းလုံဆိုသူသည် သတိမေ့သွား
လေတော့သည်။

ဆင်းပေတုသည် အသင့်ပါလာသော ရုပ်ဖျက်ပစ္စည်းများ
နှင့်ပွမ်းများကို လျင်မြန်စွာ ထုတ်လိုက်လေသည်။

ထို့နောက် နယ်စားကြီး၏ ရုပ်ပုံအတိုင်း ရုပ်ဖျက်ပေး
လေတော့သည်။

* * *



ယခု အိပ်ခန်းထဲ၌ နယ်စားကြီးနှစ်ယောက် ရှိနေသည်ကို
တွေ့ရလေသည်။

အခြားအပြင် လူတစ်ယောက်အနေနှင့် ကြည့်လျှင် မည်သူ
ကနယ်စားကြီးအစစ် မည်သူကအတုဖြစ်သည် ခွဲမရအောင် ဖြစ်နေ
လေသည်။

ဆင်းပေတုသည် စင်းလုံ၏ကိုယ်ပေါ်၌ နယ်စားကြီး၏ အ
ဝတ်အစားများ ဝတ်ဆင်ပေးပြီးနောက် သတိမေ့နေသော နယ်စား
ကြီးအစစ်အား ခုတင်အောက်သို့ ဝှက်ထားလိုက်လေသည်။

သူသည် အားလုံးကို သေသေချာချာ တစ်ခေါက် ပြန်ကြည့်
လိုက်သည်။

ချွတ်ယွင်းချက် မရှိသည်ကို တွေ့ရတော့မှ အခန်းတံခါးဖွင့်
ပြီး အပြင်သို့ ထွက်သွားလေတော့သည်။

* * *

ဆင်းပေတုသည် အခန်းထဲမှ ထွက်လာသောအခါ အစောင့်
များကို ပြောလိုက်လေသည်။

"စင်းလုံကို ငါ တစ်ခြားမြို့တစ်မြို့ကို ခိုင်းလိုက်တယ်၊ ဒါ
ကြောင့် သူ့ကို တခြားတာဝန် မပေးနဲ့တော့"

အစောင့်များက တရိုတသေ ဦးညွှတ်လိုက်ပြီး...

"ဟုတ်ကဲ့ ဆရာ"

ဆင်းပေတုက နောက်သို့ တစ်ချက်လှည့်ပြီး မှာကြားလိုက်လေသည်။

"ငါ သွားစရာ ရှိသေးတယ်၊ ဒီအခန်းထဲကို ဘယ်သူ့ကိုမှ ဝင်ခွင့်မပြုနဲ့ ကြားလား"

အသက်(၂၆)–(၂၈)နှစ်ခန့် ရှိသော လူငယ်က မျက်မှောင်ကြုတ်သွားကာ ဆင်းပေတုရှေ့၌ ဦးညွှတ်ပြီး မေးလိုက်သည်။

"နယ်စားကြီးကတော် လာရင်ကော ဆရာ"

"ဘယ်သူပဲလာလာ ဝင်ခွင့်မရှိဘူး"

သူသည် ပြောပြီးသည်နှင့် ဆက်လက် လျှောက်သွားလေတော့သည်။

* * *

ကွမ်းကျိုးရုပ်သည် ဌာနခွဲသို့ ပြန်လည် ရောက်ရှိလာသောအခါ ဖန်းကျင်းရှမ်းနှင့် လင်တာ့ရစ်က ကြိုဆိုကြလေသည်။

ဖန်းကျင်းရှမ်းက စကားစတင် မေးလိုက်သည်။

"နယ်စားကြီး အခြေအနေ ဘယ်လိုရှိသလဲ ဌာနမှူး"

"ခုထိ သတိမရသေးပါဘူး"

သူသည် ပြောယင်း လင်တာ့ရစ်ဘက်သို့ လှည့်လိုက်သည်။



"လင်တာ့ရစ်၊ မင်းက အနီရောင်ပိတ်တစ်စယူပြီး ဝါးလုံးနဲ့ လိုက်ပါ၊ မြင့်မြင့်ထူနော် မြင့်လေကောင်းလေပဲ"

"ဟုတ်ကဲ့ ဌာနမှူး"

လင်တာ့ရစ်က ဦးညွှတ်လိုက်ပြီး ထွက်သွားမည် အပြုတွင်

"ခဏနေအုံး"

ကွမ်းကျိုးရုပ်က ဟန့်တားလိုက်သည်။

"ညဘက်ကျရင် အနီရောင်မီးပုံးကို ထွန်းပြီး ဝါးလုံးနဲ့ တင်ဖို့ မမေ့နဲ့"

"ဟုတ်ကဲ့ ဌာနမှူး"

လင်တာ့ရစ်က ခြေလှမ်းသုတ်သုတ်ဖြင့်ထွက်ခွာသွားသည်။

* * *

ဖန်းကျင်းရှမ်းက မျက်မှောင်ကြုတ်သွားသည်။

"အဝတ်နီနဲ့ မီးပုံးအိမ်ကို ဘာကြောင့် ထူခိုင်းတာလဲ ဌာနမှူး"

"လူတစ်ယောက်ကို တို့ဌာနဆီကို လာစေချင်လို့ပါ"

"ဖန်းကျင်းရှမ်းက နားလည်လိုက်သည်။

"ထိမုံ့ချူး မဟုတ်လား"

"ဟုတ်တယ်"

သူသည် ပြုံးပြလိုက်သည်။ ပြီးနောက် ကွမ်းကျုံးရုပ်က
ဖန်းကျင်းရှမ်းအား လှည့်၍ပြောလိုက်သည်။

"ကျုပ် အခု သီးသန့်ခန်းထဲမှာ သိုးပန်းချီထဲက ဓားပည
ကို လေ့လာရဦးမယ်၊ ထိမ့်ချူးနဲ့ ဆင်းပေတုကလွဲလို့ ဘယ်သူပဲလ
လာ မရှိဘူးလို့ ပြောလိုက်ပါ"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ ဌာနမှူး"

* * *

ကွမ်းကျုံးရုပ်၏ သီးသန့်ခန်းသည် အခန်းတံခါးပါမက
တင်းပေါက်ကိုပင် လုံခြုံစွာ ပိတ်ထားသည်။

အဆောက်အအုံ၏ ပတ်ဝန်းကျင်တွင် ဌာနခွဲမှ လက်ရွေ
စင်အဖွဲ့သားများ စောင့်ကြပ်နေသည့်အပြင် ယန်စုစိန်နှင့် ယို့လု
တို့ကလည်း အထူးစောင့်ကြပ်နေသည်။

ထိုသို့စောင့်ကြပ်နေသည်မှာ တစ်နေ့နှင့်တစ်ည ကုန်ဆုံ
သွားသည့်တိုင် ထိမ့်ချူးမှာ ရောက်မလာသေးချေ။

ဆင်းပေတုလည်း ရောက်လာသည်ကို မတွေ့ရပါ။

ဤသို့ဖြင့် နာရီပေါင်း(၁၅)နာရီပင် ကျော်လွန်သွားသည

ကွမ်းကျုံးရုပ်၏ အခန်းတံခါးမှာလည်း ပိတ်လျှက်ရှိနေသေ



သည်။

အစာရေစာများပင် မည်သို့မျှ ပို့နိုင်ခွင့်မရှိပေ။

ယန်စုစိန်သည် ကွမ်းကျုံးရုပ်အတွက် စိုးရိမ်ပူပန်လာ၏။

သူသည် ဖန်းကျင်းရှမ်းအား အကျိုးအကြောင်း ပြောပြ၏။

"ဦးလေးဖန်း တံခါးခေါက်ကြည့်ရင် ကောင်းမယ်ထင်တယ်"

ဖန်းကျင်းရှမ်းသည်လည်း စိုးရိမ်နေ၏။

ထို့ကြောင့် သူတို့သည် အခန်းတံခါးကို ခေါက်ကြည့်ကြ၏။

သို့သော် တံခါးကို အတန်ကြာအောင် ခေါက်လိုက်သော်
လည်း အခန်းထဲမှ မည်သို့မျှ တုံ့ပြန်မှုမရှိချေ။

ယန်စုစိန်နှင့် ဖန်းကျင်းရှမ်းတို့သည် တစ်ယောက်မျက်နှာ
တစ်ယောက်ကြည့်လိုက်ပြီးနောက် ယန်စုစိန်က ခါးမှဓားငယ်တစ်
လက် ထုတ်လိုက်ပြီးနောက် တံခါးမင်းတုပ်ကြားသို့ အသာအယာ
ကလန့်ဖွင့်လိုက်သည်။

အခန်းတံခါးပွင့် သွားလေသည်။

သူတို့သည် အခန်းထဲသို့ ပြိုင်တူဝင်ကြည့်သောအခါ ကွမ်း
ကျုံးရုပ်မှာ စားပွဲပေါ်၌ မှောက်လျက် သတိမေ့နေသည်ကို တွေ့ရ
လေသည်။

သူ့ရှေ့တွင် သိုးပန်းချီကားချပ် ဖြန့်ထားသည်ကို တွေ့မြင်
ရလေသည်။

ယန်စုစိန်သည် ကွမ်းကျုံးရုပ်အနားသို့ တိုးသွားပြီး တိုး
ညင်းစွာ ခေါ်ကြည့်လိုက်သည်။

"ဌာနမှူး"

ဖန်းကျင်းရှမ်းကလည်း ခေါ်လိုက်လေသည်။

"ဌာနမှူး"

သူတို့သည် လေးငါးခွန်းမျှ ခေါ်သော်လည်း ကွမ်းကျုံးရုပ်က လုံးဝမနိုးပဲဖြစ်နေသည်။

ဖန်းကျင်းရှမ်းက ရှေ့သို့တိုးလိုက်ပြီး လက်ဝါးဖြင့် ကွမ်းကျုံးရုပ်၏ ကျောပြင်ကို တစ်ချက်ရိုက်ချလိုက်သည်။

"ဝေါ့"

ကွမ်းကျုံးရုပ်က ပါးစပ်ဟလိုက်ပြီး သွေးများအန်ထုတ်လိုက်လေသည်။

ထို့နောက် သတိရလာပြီး ခေါင်းထောင်ကြည့်လိုက်လေသည်။

ကွမ်းကျုံးရုပ်၏ မျက်နှာမှာ ဇဝေဇဝါ ဖြစ်နေပုံရလေသည်။

ဖန်းကျင်းရှမ်းက အနားသို့ တိုးကပ်ပြီး လေသံတိုးတိုးဖြင့် မေးလိုက်သည်။

"ဌာနမှူး...ဘယ်လိုဖြစ်သွားတာလဲဗျာ"

ကွမ်းကျုံးရုပ်၏ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

"အင်း...မင်းတို့ အချိန်မီရောက်လာလို့ တော်သေးတာပေါ့ကွာ"

ဖန်းကျင်းရှမ်းက စိတ်သက်သာရာရသွားပြီး အဖြစ်အပျက်ကို မေးလိုက်သည်။

"နေပါဦး၊ ဌာနမှူးက ဘယ်လိုဖြစ်သွားရတာလဲ၊ ရန်သူများ



ရောက်လာလို့လား"

ကွမ်းကျုံးရုပ်က မချိပြုံးပြုံးလိုက်သည်။

"ဘယ်သူမှ မလာပါဘူးဗျာ၊ ကျုပ် အတွင်းအားလေ့ကျင့်ရင်း စိတ်လောလို့ အခုလိုဖြစ်သွားတာပါ"

"အတွင်းအားလေ့ကျင့်တာ ဘာကြောင့် သတိမေ့သွားရတာလဲ"

ကွမ်းကျုံးရုပ်က နေရာတကျ ပြန်လည် ထိုင်လိုက်သည်၊

"ဘယ်ဟာမျိုးမဆို လောဘကြီးရင် ပျက်စီးတတ်တယ်လို့ ဆိုရိုးစကားရှိတဲ့အတိုင်း ကျုပ်က အတွင်းအားတစ်မျိုး လေ့ကျင့်နေတာ၊ စိတ်လောသွားတာနဲ့ အခုလို သတိမေ့သွားတာပါ"

ဖန်းကျင်းရှမ်းက မျက်မှောင်ကြုတ်သွားပြန်လေသည်။

"ဘယ်လိုအတွင်းအား တစ်မျိုးလည်း ဌာနမှူး"

ကွမ်းကျုံးရုပ်က လေသံတိုးတိုးဖြင့် ပြောလိုက်လေသည်။

"သိုးပန်းချီကားချပ်ပေါ်မှာ ဓားသိုင်းခုနစ်ကွက်ရှိတယ်ဆိုတာ ခင်ဗျားလည်း သိထားတယ် မဟုတ်လား"

"ဟုတ်ကဲ့ သိထားပါတယ်"

"အဲဒီဓားသိုင်းကို အသုံးပြုတဲ့အခါမှာ အတွင်းအားတစ်မျိုးနဲ့ အသုံးပြုမှ သိုင်းပညာအစွမ်း ထက်မြက်တယ်ဗျ"

ဖန်းကျင်းရှမ်းက စိတ်ဝင်စားလာလေသည်။

"ဓားသိုင်းနဲ့ အတွင်းအားနဲ့ တွဲပြီး အသုံးပြုရတယ် မဟုတ်လား"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"သိုးပန်းချီမှာ ဖော်ပြတဲ့ ခားကွက်ဟာ စုစုပေါင်း(၇)ကွက် ပဲရှိတယ်၊ ကျုပ်က သုံးကွက်လောက် လေ့ကျင့်ပြီး ကျန်တဲ့လေး ကွက်ကို ဘယ်လိုမှ လေ့ကျင့်လို့ မရဘဲ တစ်ခုခုလိုနေသလိုပဲ၊ ကျုပ် က ပြန်ပြီးလေ့ကျင့်တဲ့အခါမှာ ကျန်ရှိတဲ့ သိုင်းကွက်လေးကွက်ကို အတွင်းအားတစ်မျိုးကို ပထမဆုံးလေ့ကျင့်ပြီးမှ အသုံးပြုနိုင်တယ်လို့ တွေ့ရတယ်ဗျ"

ဖန်းကျင်းရှမ်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဩော်..ဒီလိုကိုး"

ကွမ်းကျုံးရုပ်က စကားဦးပြောင်းလိုက်ပြန်သည်။

"ဆင်းပေတု ရောက်လာသေးလား"

"မရောက်လာသေးပါဘူး"

"ထိမုံ့ချူးကော"

"ဘာသတင်းမှ မရသေးပါဘူး ခင်ဗျာ"

ထိုစဉ် အေးစိမ့်သော အသံတစ်ခု ကြားလိုက်ရလေသည်။

"ကျုပ်ကို ဘာကိစ္စနဲ့ ခေါ်တာလဲဗျ"

* * *



ကွမ်းကျုံးရုပ်နှင့် ဖန်းကျင်းရှမ်းတို့သည် အသံကြားရာ ဖက်သို့ လှည့်ကြည့်လိုက်သောအခါ ထိမုံ့ချူးတစ်ယောက် တံခါး ၌ ရပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ကွမ်းကျုံးရုပ်က ထိုင်ရာမှ ထရပ်လိုက်သည်။

ထိမုံ့ချူးက လက်ကာပြလိုက်သည်။

"အေးအေးဆေးဆေး ထိုင်ပါဗျာ"

ဖန်းကျင်းရှမ်းက လက်နှစ်ဘက် ဆုပ်လိုက်သည်။

"ခင်ဗျား ရောက်လာတာ တော်တော် ကြာပြီလား"

"အခုပဲ ရောက်တာပါ"

ဖန်းကျင်းရှမ်းက နေရာထိုင်ခင်း ချပေးလိုက်သည်။

"ထိုင်ပါဦးဗျာ"

ထိမုံ့ချူးက ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်။

"ကျုပ်က မီးပုံးနီကို တွေ့မြင်ရလို့ ခင်ဗျားတို့မှာ အရေး ပေါ်ကိစ္စ ရှိပြီလို့ ထင်တာနဲ့ လာခဲ့တာပါ"

ကွမ်းကျုံးရုပ်က လက်နှစ်ဘက် ဆုပ်လိုက်သည်။

"ဆိုပါတော့ဗျာ၊ ခင်ဗျားကို အကူအညီ တောင်းစရာ ရှိနေ လို့ပါ"

ထိမုံ့ချူးက ကွမ်းကျုံးရုပ်အား တစ်ချက်ကြည့်လိုက်ပြီး...

"ဘာများ ကူညီရမှာလဲဗျ"

ဖန်းကျင်းရှမ်းက ကြားဖြတ်ပြောလိုက်သည်။

"နယ်စားကြီးမှာ အဆိပ်တစ်မျိုးမိပြီး သတိမေ့နေပါတယ်၊ သမားတော်ကြီးတွေကို ခေါ်ပြီး ပြပေမယ့်လည်း သတိရမလာပါဘူး၊

ဒါကြောင့်…"

ထိမ့်ချူးက မျက်မှောင်ကြုတ်သွားလေသည်။

"ခက်တာပဲဗျာ… ကျုပ်ကလည်း သမားတော်ကြီး မဟု
ဘူး၊ ဒါပေမယ့် သူ့ရဲ့ ရောဂါလက္ခဏာကို တွေ့ရရင်တော့ ကူညီ
နိုင်မလားတော့ မသိဘူးဗျ"

ကွမ်းကျုံးရှပ်က သူ၏စကားကြောင့် အားတက်သွားသ

"ဒါဖြင့် နယ်စားကြီးရဲ့ အခြေအနေကို လိုက်ကြည့်လိုက်
လား"

ထိမ့်ချူးက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က ရာထူးရှိတဲ့ လူဆီကို မသွားချင်ဘူး"

ဖန်းကျင်းရှမ်းနှင့် ကွမ်းကျုံးရှပ်တို့သည် တစ်ယောက်မျ
နာတစ်ယောက် ကြည့်ကြလေသည်။

ထိမ့်ချူးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျုပ်သွားပေးပါ့မယ်၊ ဒါပေမယ့် ဒီအတိုင်းတော့ သွား
မဖြစ်ဘူး"

ကွမ်းကျုံးရှပ်နှင့် ဖန်းကျင်းရှမ်းတို့သည် ဝမ်းသာသွားက
လေသည်။

ကွမ်းကျုံးရှပ်က ဝမ်းသာသော အမူအရာဖြင့် ပြောလိုက်
လေသည်။

"ဝမ်းသာလိုက်တာဗျာ"

ထိမ့်ချူးက အေးစက်သော လေသံဖြင့် ပြောလိုက်သည်

"ကျုပ် သွားကြည့်မယ်၊ နောက်တစ်နာရီ အကြာမှာ ကျု



ပြန်လာခဲ့ပါ့မယ်"

သူသည် ပြောပြီးသည်နှင့် အခန်းထဲမှ ထွက်ခွာသွားလေ
တော့သည်။

* * *

တစ်နာရီခန့် အကြာတွင် ကျားမာန်အာမခံဌာနခွဲရှေ့သို့
သမားတော်ကြီးတစ်ယောက် ရောက်ရှိလာလေသည်။

အစောင့်များက သူ့အား ဝင်ခွင့်မပေးဘဲ ငြင်းပယ်နေရာ
ယန်စုစိန် ရောက်ရှိလာလေသည်။

ယန်စုစိန်သည် ထိုလူအား ခြေဆုံးခေါင်းဆုံး အကဲခတ်
ကြည့်လိုက်လေသည်။

ထိုလူမှာ အသက်(၄၀)ကျော်ခန့် ရှိမည်ဟု ခန့်မှန်းရပြီး
သူ၏အဝတ်အစားမှာ အစိမ်းရောင်အင်္ကျီရှည်ကို ဝတ်ဆင်ထားပြီး
သူ၏ပခုံးပေါ်၌ ဆေးခြင်းတောင်းတစ်လုံး လွယ်ထားသည်ကို တွေ့ရ
လေသည်။

ယန်စုစိန်က သမားတော်ကြီးတစ်ယောက် ဖြစ်နေသည်ကို
ခန့်မှန်းရရှိလေသည်။

သူသည် လက်နှစ်ဘက်ဆုပ်၍ အရိုအသေ ပြုလိုက်သည်။

"ဘယ်သူ့ကို တွေ့ချင်ပါတယ်ဗျာ"

"မင်းတို့ ဌာနမှူး..."

"ဘာကိစ္စနဲ့ တွေ့ချင်တာလဲ"

"မင်းတို့ ဌာနမှူးက သမားတော်တစ်ယောက် အရေးတ ကြီး အလိုရှိတယ်ဆိုလို့ ငါလာခဲ့တာ၊ ဒီလောက် တွေ့ရခက်ရင် ကျုပ် ပြန်မယ်"

သမားတော်ကြီးက ဒေါသကြီးစွာဖြင့် ပြောရင်း ထွက်ခွာ ရန် ခြေလှမ်းလှမ်းလိုက်သည်။

ယန်စုစိန်က ရင်ထဲ၌ တစ်ချက်လှုပ်ရှားသွားသည်။

သူသည် ကမန်းကတန်း တောင်းပန်လိုက်လေသည်။

"ခဏစောင့်ပါ သမားတော်ကြီး၊ ဌာနမှူးကို သွားပြီး အ ကြောင်းကြားလိုက်ပါ့မယ်"

သူသည် ပြောပြောဆိုဆိုဖြင့် ဌာနမှူးထံသို့ ခြေလှမ်းကျဲ ကျဲဖြင့် လျှောက်သွားလေသည်။

မကြာပါချေ။ ယန်စုစိန် ပြန်ရောက်လာပြီး သမားတော် ကြီးဝမ်းအား ဧည့်ခန်းထဲသို့ ခေါ်ဆောင်သွားလေသည်။

ကွမ်းကျုံးရုပ်သည် သမားတော်ကြီးဝမ်းအား ခြေဆုံးခေါင်း ဆုံးအကဲခတ် ကြည့်လိုက်သည်။

သမားတော်ကြီးဝမ်းဆိုသူမှာ ထိမ့်ချူး ဖြစ်ရမည်ဟု ယ ကြည်လိုက်လေသည်။

* * *



ကွမ်းကျုံးရုပ်က အသံတိုးတိုးဖြင့်...

"ခင်ဗျား ထိမ့်ချူး မဟုတ်လား"

သမားတော်ကြီးက လေသံအေးအေးဖြင့် ပြန်လည်ပြော လိုက်သည်။

"ကျုပ်ကို သမားတော်ကြီးဝမ်းလို့ ခေါ်ပါ"

"ဟုတ်ကဲ့"

ကွမ်းကျုံးရုပ်က လက်နှစ်ဘက် ဆုပ်လိုက်လေသည်။

"ကဲ... သွားကြရအောင်"

သူသည် သမားတော်ကြီးဝမ်းအား လမ်းပြ၍ ခေါ်ဆောင် သွားလေသည်။

ကွမ်းကျုံးရုပ်နှင့် သမားတော်ကြီးဝမ်းတို့သည် အတန်ကြာ လျှောက်လာကြရာ မကြာမီ နယ်စားကြီးဂေဟာသို့ ရောက်ရှိလာ လသည်။

ဆင်းပေတုက လာရောက်ကြိုဆိုလိုက်လေသည်။

ကွမ်းကျုံးရုပ်က ဆင်းပေတုအား လှမ်းမေးလိုက်သည်။

"နယ်စားကြီး အခြေအနေ ဘယ်လိုရှိသလဲ"

ဆင်းပေတုက ခေါင်းခါယမ်းလိုက်ယင်း...

"သတိမရသေးပါဘူး ခင်ဗျာ"

ကွမ်းကျုံးရုပ်က သမားတော်ကြီးနှင့် မိတ်ဆက်ပေးလိုက် လသည်။

"သူက သမားတော်ကြီးဝမ်းပေါ့၊ နယ်စားကြီးရဲ့ အခြေအ နေ ကြည့်ရအောင် ပင့်ခဲ့တာပါ"

"ဩော်... ဩော်"

ဆင်းပေတု သမားတော်ကြီးဝမ်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ယင်း...

"ဟုတ်ကဲ့... အထဲကို ကြွပါခင်ဗျာ"

သူသည် ပြောပြီး နယ်စားကြီး၏ အိပ်ခန်းဆောင်သို့ ခေါ်ဆောင်သွားလေတော့သည်။

* * *

နယ်စားကြီး၏ အိပ်ခန်းသို့ ရောက်ရှိလာသောအခါ ဆင်းပေတုက ခုတင်ပေါ်၌ လဲလျောင်းနေသော နယ်စားကြီးအတုအာ ဖယ်ရှားလိုက်ပြီး ခုတင်အောက်ထဲ၌ ဝှက်ထားသော နယ်စားကြီးအစစ်ကို ပွေ့ချီ၍ ခုတင်ပေါ်သို့ တင်ထားလိုက်လေသည်။

သမားတော်ကြီးဝမ်းက နားမလည်ဟန်ဖြင့် မျက်မှောင်ကြုတ်သွားသည်။

"ဒါက ဘာဖြစ်တာလဲ"

ဆင်းပေတုက ပခုံးတစ်ချက် တွန့်လိုက်သည်။

"နယ်စားကြီးရဲ့ လုံခြုံရေးအတွက် အတုကို ခုတင်ပေါ်မှာ ရှုပ်ပြထားလိုက်တာပါ"

သမားတော်ကြီးဝမ်းက နယ်စားကြီး၏ လက်ကောက်ဝတ်



ပေါ်မှ သွေးကြောများကို စမ်းကြည့်နေ၏။ အတန်ကြာသွားတော့မှ

"သူက အထူးဖော်စပ်ထားတဲ့ အဆိပ်တစ်မျိုးကြောင့် အခုလို သတိမေ့နေတာ ဖြစ်ပါတယ်"

ဆင်းပေတုက ခေါင်းညိတ်ပြလိုက်ပြီး သမားတော်ကြီးအား ပြောလိုက်သည်။

"ဒါကို ကျုပ်တို့လည်း သိပါတယ်၊ သူ့ကို မကုနိုင်လို့သာ လက်ပိုက်ကြည့်နေရတာပါ"

"သူ့ရဲ့ကျန်းမာရေးက အတော် အားနည်းနေတာ တွေ့ရတယ်"

"ဟုတ်ကဲ့...သူ အစာရေစာ မဝင်တာ ကြာပါပြီ"

သမားတော်ကြီးဝမ်းက အိတ်ထဲမှ ကြွေဗူးကလေးတစ်လုံး ထုတ်လိုက်သည်။

ထို့နောက် အဖုံးဖွင့်လိုက်ပြီး အဖြူရောင်ဆေးလုံးတစ်လုံး လက်ထဲ သွန်ထည့်လိုက်သည်။

"ဟောဒီဆေးလုံးကို ရေနဲ့တိုက်လိုက်ပါ"

ဆင်းပေတုက မျက်မှောင်ကြုတ်သွားသည်။

"ဆရာ ဖြစ်ပါ့မလား"

ကွမ်းကျုံးရုပ်က အသံတိုးတိုးဖြင့်...

"သမားတော်ကြီးဝမ်းရဲ့ဆေးဟာ အတော်စွမ်းပါတယ်၊ သူပေးတဲ့ဆေးကို စိတ်ချလက်ချ တိုက်ပါ"

ဆင်းပေတုသည် သမားတော်ကြီးအပေါ် ယုံကြည်မှုမရှိသော်လည်း ကွမ်းကျုံးရုပ်အပေါ် ယုံကြည်မှုအပြည့်အဝရှိလေသည်။

သူသည် သမားတော်ကြီး ပေးသောဆေးကို နယ်စားကြ
၏ပါးစပ်ထဲသို့ ထည့်၍ တိုက်ကျွေးလိုက်သည်။

ဆေးလုံးတိုက်ကျွေးပြီးနောက် နယ်စားကြီး၏ အခြေအ
ကို အားလုံးက သေချာစွာ အကဲခတ်ကြည့်နေလေသည်။

အတန်ကြာသည့်တိုင်အောင် နယ်စားကြီး၏ အခြေအ
မှာ မည်သို့မျှ ထူးခြားလာခြင်း မတွေ့ရပါ။

ကွမ်းကျုံးရုပ်က ချောင်းတစ်ချက် ဟန့်လိုက်သည်။

"သမားတော်ကြီးဝမ်း အခြေအနေက.."

သမားတော်ကြီးဝမ်းက လက်ကာပြလိုက်သည်။

"မစိုးရိမ်ပါနဲ့၊ ကျုပ်ကြောင့် နယ်စားကြီး သေဆုံးသွားရ
ကျုပ်အသက်နဲ့ လဲပေးပါ့မယ်"

ဆင်းပေတုက သူ၏စကားကို မကြိုက်နှစ်သက်ပေ။

ထိုစကားကို ပြန်လည်ပြောဆိုရန် ပါးစပ်ပြင်လိုက်ရာ ကွမ်
ကျုံးရုပ်က မျက်ရိပ်ပြ၍ ဟန့်တားလိုက်သည်။

သမားတော်ကြီးဝမ်းသည် အတန်ကြာစောင့်နေသည့်
တိုင်အောင် နယ်စားကြီး သတိရလာသည်ကို မတွေ့ရသဖြင့် သမား
တော်ကြီးဝမ်းက သူ၏လက်ဝါးဖြင့် နယ်စားကြီး၏ ရင်ဘတ်သို့ တစ်
ချက်ရိုက်ချလိုက်သည်။

နယ်စားကြီးသည် လေပူတစ်ချက် မှုတ်လိုက်ပြီး ပါးစပ်ဟ
လာလေသည်။

ဆင်းပေတုမှာ ဝမ်းသာသွားပြီး လေသံတိုးတိုးဖြင့် ခေါ်
လိုက်သည်။



"နယ်စားကြီး"

နယ်စားကြီးသည် ဆင်းပေတု၏ ခေါ်သံတစ်ချက် ကြား
လိုက်သည်လော သို့မဟုတ် မကြား၍လားမသိ၊ အသာအယာ ပြုံး
ပြလိုက်ပြီး မျက်လုံး ပြန်လည် မှိတ်ထားလိုက်သည်။

* * *

သမားတော်ကြီးက လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

"ဒီလိုကိုး"

ဆင်းပေတုက နားမလည်နိုင်စွာဖြင့် မေးလိုက်သည်။

"ဘယ်လိုဖြစ်တာလဲဗျာ"

သမားတော်ကြီးဝမ်းက လေသံအေးအေးဖြင့် ရှင်းပြလိုက်
လေသည်။

"နယ်စားကြီးဟာ ဖော်စပ်ထားတဲ့ အဆိပ်တစ်မျိုး သုံး
ဆောင်မိလို့ အဲဒီဆေးစပ်တဲ့လူက လွဲလို့ ဘယ်သူကမှ ဖြေဆေးပေး
နိုင်မှာ မဟုတ်ဘူး"

ဆင်းပေတုက ခေါင်းညိတ်လိုက်သည်။

"သမားတော်ကြီးက တကယ့်ကိုချီးကျူးစရာ ကောင်းပါ
တယ်ဗျာ၊ ရောဂါအကြောင်းရင်းကို ချက်ချင်းတွေ့ရှိတာပဲ"

သမားတော်ကြီးဝမ်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ရောဂါရဲ့ဇစ်မြစ်ကိုတော့ သိပါပြီ၊ ဒါပေမယ့် ကျုပ်က မကု နိုင်ပါဘူးဗျာ"

ဆင်းပေတု မျက်မှောင်ကြုတ်သွားသည်။

သမားတော်ကြီးအား တောင်းပန်သောအကြည့်ဖြင့် ပြော လိုက်သည်။

"ခင်ဗျားရဲ့ဆေးဗာန်ခိုးကြောင့် နယ်စားကြီး ခုနက မျက်လုံး ဖွင့်လာနိုင်တယ် မဟုတ်လား"

သမားတော်ကြီးဝမ်းက ဖြည်းညင်းစွာ ခေါင်းခါယမ်းလိုက် သည်။

"ဒါကတော့ ကျုပ်က စမ်းသပ်ကြည့်ရုံပဲ ရပါတယ်၊ ပြန်သ တိရလာဖို့ဆိုတာ ကျုပ် ကုနိုင်စွမ်းမရှိပါဘူး"

ဆင်းပေတုက သက်ပြင်းတစ်ချက် ချလိုက်ပြီး...

"ဒါဖြင့် ဘယ်လိုလုပ်မလဲ သမားတော်ကြီး"

သမားတော်ကြီးဝမ်းက ပခုံးတစ်ချက် တွန့်လိုက်ပြီး...

"ဒီအဆိပ်ဖော်စပ်တဲ့လူကို အမြန်ဆုံးတွေ့အောင် ရှာရုံပေါ့"

"အဆိပ်ခပ်တဲ့လူကို ဘယ်နေ့ ရှာလို့တွေ့မယ်ဆိုတာ ဘယ်ပြောလို့ရမလဲဗျာ၊ အချိန်ကြာသွားရင် နယ်စားကြီး ဒုက္ခရောက် သွားမှာကို စိုးရိမ်နေရပါတယ်"

သမားတော်ကြီးဝမ်းက အကြံဉာဏ်တစ်ခု ရလာပြီး ပြော လိုက်သည်။

"ကျွန်တော် နည်းလမ်းတစ်ခု တွေ့ထားတယ်"

"ပြောပါဦး သမားတော်ကြီး"



"သူက အစာမစားနိုင်တဲ့အတွက် ကြာရှည်ခံနိုင်စွမ်းရှိ အောင် ကျုပ်က ဆေးတစ်မျိုးတိုက်ထားမယ်၊ အဲဒီအတောအတွင်း မှာတော့ အဆိပ်ခပ်တဲ့လူကို ရအောင်ရှာပေါ့ဗျာ"

သမားတော်ကြီးသည် ထိုသို့ပြောပြီးသည်နှင့် မီးခိုးရောင် ဆေးလုံးလေးတစ်လုံး ထုတ်ပေးလိုက်လေသည်။

"ဒီဆေးလုံးကို တိုက်လိုက်ပါ၊ အနည်းဆုံး (၁၅)ရက် လောက် ခံတယ်"

သမားတော်ကြီးဝမ်းသည် ယင်းသို့ပြောပြီးသည်နှင့် လက် နှစ်ဘက် ဆုပ်လိုက်လေသည်။

"ကဲ ကျုပ်ကို သွားခွင့်ပြုပါဦး"

ကွမ်းကျုံးရပ်က ကမန်းကတန်း ဟန့်တားလိုက်ပြန်သည်။

သမားတော်ကြီးဝမ်းက မျက်မှောင်ကြုတ်သွားလေသည်။

"ကျုပ်ကို ဘာဖြစ်လို့ တားရတာလဲဗျ"

"ခင်ဗျားရဲ့စေတနာကို လေးစားပါတယ်၊ ဒါပေမယ့် ကူညီ မယ်ဆိုရင်လည်း ဆုံးခန်းတိုင်အောင် ကူညီပါလို့"

"ကျုပ် ကူညီသင့်တာ ကူညီပြီးပြီပဲ၊ ဘာဆက်လုပ်ရဦး မှာလဲ"

ကွမ်းကျုံးရပ်က လက်နှစ်ဘက်ဆုပ်ပြီး ပြောလိုက်သည်။

"အဆိပ်ခပ်တဲ့ တရားခံကိုရအောင် ရှာဖွေ ဖော်ထုတ်ပေး ပါလို့ တောင်းပန်ပါတယ်"

သမားတော်ကြီးဝမ်းက ပြုံးလိုက်သည်။

"ခင်ဗျားတို့က ကျုပ်ကို သိပ်ပြီးအထင်ကြီးတာကိုး"

ကွမ်းကျိုးရပ်က ဦးညွှတ်လိုက်သည်။

"အထင်ကြီးလောက်တဲ့ အရည်အချင်းရှိလို့ အထင်ကြီးနေ
တာပါ"

သမားတော်ကြီးဝမ်းက အနည်းငယ် စဉ်းစားလိုက်ပြီးမှ
ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ ကျုပ် ဒီကိုရောက်လာတာ နယ်စားဂေ
ဟာထဲမှာ ဘယ်သူက သိထားသလဲ"

ဆင်းပေတုက အနည်းငယ်စဉ်းစားလိုက်ပြီး ပြောလိုက်
သည်။

"ကျုပ်ရဲ့ လက်ရွေးစင် ကိုယ်ရံတော်တွေပဲ သိထားပါတယ်"

"ကောင်းပြီ၊ နယ်စားကြီးဂေဟာထဲမှာ အချုပ်ခန်းများရှိ
သလားဗျာ"

"ရှိတယ်"

"အထဲမှာ အကျဉ်းသားတွေ ချုပ်ထားတာ ရှိသလား"

"ရှိပါတယ်"

"ဒါဖြင့် ကျုပ်ကို အချုပ်ခန်းထဲမှာ ချုပ်ထားပါ၊ နောက်ပြီး
ခင်ဗျားတို့ လက်ရွေးစင်ကိုယ်ရံတော်တွေကိုလည်း သတင်းလွှင့်
ထားပါ"

"ဘာသတင်းများ လွှင့်ရမှာလဲဗျ"

"သမားတော်ကြီးဝမ်းဟာ ဆေးမှားတိုက်မိလို့ နယ်စား
ကြီးရဲ့ အခြေအနေ ပိုဆိုးလာလို့ သူ့ကိုချုပ်ထားလိုက်ရတယ် လို့
သတင်းလွှင့်ပါ"



ဆင်းပေတုက တစ်ချက်မျှ စဉ်းစားပြီး ခေါင်းညိတ်လိုက်၏။

"ခင်ဗျားရဲ့ အကြံ တော်တော်ကောင်းပါတယ်"

သမားတော်ကြီးဝမ်းက အတန်ကြာမျှ စဉ်းစားလိုက်ပြီး
နယ်စားကြီးကို ညွှန်ပြ၍ ပြောလိုက်သည်။

"အင်း..နယ်စားကြီးရဲ့ အသက်စည်းစိမ် လုံခြုံနိုင်ရန်အ
တွက် သူ့ကို ခုတင်အောက်မှာပဲ ဝှက်ထားပါ၊ သူ့ရဲ့ကိုယ်ပွားကို ခု
တင်ပေါ်မှာ ပြန်တင်ထားပါ"

"ဟုတ်ကဲ့"

သမားတော်ကြီးဝမ်းက မတ်တတ်ရပ်လိုက်ပြီး လက်နှစ်
ဘက်ကို ရှေ့သို့ထိုးပေးလိုက်သည်။

"ကဲ ကျုပ်ကိုချုပ်ဖို့ လုပ်ငန်းစပေတော့"

* * *

ဆင်းပေတုသည် နယ်စားကြီးအတုကို ခုတင်ပေါ်၌ ကျကျ
နနထားပြီးနောက် စားပွဲကို တစ်ချက်ရိုက်ချလိုက်သည်။

"ဝုန်း"

စားပွဲသည် အနည်းငယ် ကျိုးပဲ့သွားလေသည်။

"တော်တော်အသုံးမကျတဲ့ သမားတော်ကြီးပဲ၊ ဘယ့်နှ
နယ်စားကြီးကို ဆေးမှားတိုက်ရသလား"

သူသည် အသံကိုမြှင့်လိုက်ပြီး အခြားလူများ ကြား
လောက်အောင် ကြိမ်းမောင်းပြောလိုက်လေသည်။

"တစ်ယောက်အထဲကို ဝင်ခဲ့စမ်း"

သူ၏အဖွဲ့သားတစ်ယောက်သည် အခန်းထဲသို့ ဝင်ရောက်
လာသည်။

"အမိန့်ရှိပါဆရာ"

ဆင်းပေတုက သမားတော်ကြီးဝမ်းအားညွှန်ပြလိုက်သည်

"သူ့ကို ဖမ်းပြီးချုပ်ထားလိုက်"

အခန်းထဲသို့ ရောက်လာသော အဖွဲ့သားသည် သမာ
တော်ကြီးဝမ်းကို တလှည့် ဆင်းပေတုအား တလှည့်ကြည့်ရင်း အ
ကြောင်ကြောင် ရပ်နေသည်။

ဆင်းပေတု၏ မျက်နှာသည် ဒေါသခြောင်းခြောင်း ထွက်
လာသည့် ပုံသဏ္ဍာန်ဖြစ်သည်။

"မင်းတို့ နားကန်းနေသလား၊ ငါပြောတာ မကြားဘူးလား"

အဖွဲ့သားများသည် မတတ်နိုင်တော့ဘဲ ခါးမှာအသင့်ပါ
လာသော လက်ထိပ်ကို သမားတော်ကြီးဝမ်းအား ခတ်လိုက်လေ
သည်။

လက်ထိပ်ခတ်ပြီးနောက် သမားတော်ကြီးဝမ်းအား ဆွဲခေါ်
၍ထွက်ခွာသွားလေတော့သည်။

* * *



ဆင်းပေတုသည် သမားတော်ကြီးဝမ်းအား ဆွဲခေါ်သွား
ည်ကို ကြည့်ပြီးနောက် ကွမ်းကျုံးရုပ်နားကပ်ကာအသံတိုးတိုးဖြင့်..

"သူက သမားတော်ကြီးမှ ဟုတ်ရဲ့လား"

ကွမ်းကျုံးရုပ်က ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူလဲ"

"ထိမုံ့ချူး"

ဆင်းပေတုက ခေါင်းညိတ်လိုက်သည်။

"ကျုပ်လည်း သူပဲထင်လို့ စိတ်ချလက်ချ သူ့အကြံကို လက်
လိုက်တာ"

ကွမ်းကျုံးရုပ်က ပြုံးလိုက်သည်။

"သူ့အကြံကို စဉ်းစားလေ မှန်ကန်မှန်း သိလာလေဗျ"

"ဟုတ်တယ်၊ သူ့အကြံကို ကျုပ်တို့တောင် မစဉ်းစားမိဘူး"

"အခု သူ့ကိုအချုပ်ခန်းထဲ ပို့လိုက်ပြီ၊ သဲလွန်စများ
မလား မသိဘူး"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"ကျုပ်တို့ကလည်း သူနဲ့ကိုက်ညီအောင် ဆောင်ရွက်ရဖို့
လိုမယ်ထင်တယ်"

ဆင်းပေတုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တာပေါ့ဗျာ"

ကွမ်းကျုံးရုပ်က လက်နှစ်ဘက်ကို ဆုပ်လိုက်သည်။

"ကျုပ်ကိုလည်း သွားခွင့်ပြုပါဦး"

ဆင်းပေတုက အံ့အားသင့်သွားသည်။

"ခင်ဗျားလည်း သွားတော့မှာ ဟုတ်လား"

ကွမ်းကျုံးရုပ်က ပြုံး၍ တီးတိုးပြောလိုက်ရာ ဆင်းပေတုက ခေါင်းညိတ်လိုက်လေသည်။

* * *

ညနေ...။

နယ်စားကြီးဂေဟာအတွင်း...။

နယ်စားကြီး၏ အခြေအနေ ပိုမိုဆိုးရွားလာသည့်သတင်းမှာ တဖြည်းဖြည်း မြို့တွင်းသို့ ပျံ့နှံ့သွားလေသည်။

ဆင်းပေတုမှာလည်း အလွန်စိတ်ထိခိုက်၍ အရက်သောက်နေပုံရသည်။ မကြာမီ ထိုသတင်းသည် နယ်စားကြီးကတော်ထံသို့ ပေါက်ကြားသွားလေသည်။ ထို့ကြောင့် နယ်စားကတော်သည် အိမ်ဖော်နှစ်ယောက်နှင့်အတူ စိုးရိမ်သည့် သဏ္ဌာန်နှင့်ရောက်လာသည်။

သူမသည် နယ်စားကြီးအိပ်ခန်းတွင်းသို့ ရောက်လာသောအခါ ဆင်းပေတုသည် အလွန်အကျွံအရက်မူးနေပြီး အခန်းဝတွင် ပိတ်၍ ထိုင်နေသည်ကို တွေ့ရလေသည်။

"ဒီမှာ ဆင်းပေတု ရှင်ဘယ်လိုဖြစ်နေတာလဲ"

ဆင်းပေတုသည် နယ်စားကတော်အသံကို ကြားလိုက်ရသောအခါ ထိုင်ရာမှ ထလိုက်လေသည်။

ယင်းသို့ ရုတ်တရက် ထလိုက်သဖြင့် ခန္ဓာကိုယ်မှာ ယိမ်းယိုင်သွားလေသည်။

ထို့နောက် သူသည် ဦးညွှတ်လိုက်သည်။

"နယ်စားကြီးကတော် ဘာကိစ္စရှိလို့လဲ"

နယ်စားကြီးကတော်က မျက်မှောင်ကြုတ်သွားသည်။

"နယ်စားကြီးအခြေအနေ ဆိုးလာတယ် ဆိုလို့ပါ"

"ဟုတ်လား၊ ဘယ်ကကြားလာတာလဲဗျ"

"ကျွန်မ ကြားတာပေါ့၊ ဒီသတင်းဟာ ဂေဟာတစ်ခုလုံး ပျံ့နှံ့နေပြီရှင့်"

ဆင်းပေတုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဒါကြောင့် ကျုပ်က အရက်ကိုအများကြီး သောက်မိတာပါ"

နယ်စားကတော်က မျက်နှာထား တည်ကြည်စွာဖြင့်...

"ကဲ ရှင်ဖယ်ပေးပါ၊ ကျွန်မ သွားကြည့်လိုက်ပါဦးမယ်"

ဆင်းပေတုက ဦးညွှတ်လိုက်လေသည်။ ပြီးနောက် လက်နှစ်ဘက်ဆုပ်ပြီး တောင်းပန်လိုက်သည်။

"ခုတော့ မကြည့်ပါနဲ့ဦးဗျာ"

"ဘာဖြစ်လို့လဲ"

ဆင်းပေတုသည် နယ်စားကတော်၏အမေးကို ပြန်မဖြေဘဲ နယ်စားကတော်နှင့် ပါလာသော အိမ်ဖော်နှစ်ယောက်အား တစ်ချက်ကြည့်လိုက်လေသည်။

နယ်စားကတော်ကအလိုက်သိစွာဖြင့်အိမ်ဖော်နှစ် ယောက်
အား မျက်ရိပ်ပြ၍ နောက်သို့ဆုတ်ခိုင်းလေသည်။

သူမသည် ဆင်းပေတုအား တစ်ချက်ကြည့်လိုက်သည်။

"ဒီမှာ...ဆင်းပေတု၊ ရှင်ဟာ နယ်စားကြီးရဲ့ ယုံကြည်ရဆုံး
တပည့်တစ်ယောက် ဖြစ်ပေမယ့် ကျွန်မဟာ သူ့ရဲ့ဘဝကြင်ဖော်
ဇနီးတစ်ယောက်ဆိုတာ မမေ့သင့်ဘူးထင်တယ်"

ဆင်းပေတုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ကျုပ် နားလည်ပါတယ်"

"ဒါဖြင့် ကျွန်မကို အခြေအနေ အမှန်အတိုင်းပြောပြပါ"

"ဟုတ်ကဲ့ ကျုပ်လည်း ပြောပြမလို့ပါပဲ"

ဆင်းပေတုက ချောင်းတစ်ချက် ဟန့်လိုက်သည်။

"နယ်စားကြီးဟာ တစ်ကြိမ် သတိရပါတယ်၊ ဆေးမြစ်ရည်
လည်း သောက်ပြီးပါပြီ"

နယ်စားကတော်က ဝမ်းသာသွားသော အမူအရာဖြင့် မေး
လိုက်သည်။

"ရှင် တကယ်ပြောနေတာလား"

"နယ်စားကတော်ကို ကျုပ် မလိမ်ဝံ့ပါဘူး"

"ဒါဖြင့် ကျွန်မ သွားကြည့်လိုက်ပါ့မယ်"

"သူအိပ်နေပါတယ်၊ အနှောင့်အယှက် မဖြစ်စေချင်ဘူး၊
မနက်ဖြန် ညနေကျမှ လာကြည့်ပါဗျာ"

နယ်စားကတော် ဒေါသထွက်လာသည်။

"ရှင်က ဘယ်လိုပြောလိုက်တာလဲ၊ ကျွန်မ ယောကျ်ားကို



တွေ့ခွင့်မရပါလား"

"ကျုပ်မှာလည်း တာဝန်တရပ်အနေနဲ့ တားတာပါဗျာ၊
ကိုလည်း စာနာစေချင်ပါတယ်"

"တကယ်တော့ သူက မထနိုင်တော့ဘူးဆိုရင်"

"နယ်စားကြီးသာ တစ်ခုခုဖြစ်သွားရင် ကျုပ်ကိုယ်ကျုပ်
တ်သေပါ့မယ်"

နယ်စားကတော်က ပါးစပ်ပိတ်ထားလိုက်လေသည်။

* * *

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။

နယ်စားကတော်သည် အတန်ကြာမျှ တိတ်ဆိတ်နေပြီး
းစလိုက်သည်။

"ရှင့်ကို စကားတစ်ခွန်း မေးရဦးမယ်"

ဆင်းပေတုက ဦးညွှတ်လိုက်သည်။

"မေးပါခင်ဗျာ"

"မင်းက နယ်လှည့်တဲ့ဆေးကုသမားတစ်ယောက် ခေါ်ပြီး
ယ်၊ ဆေးမှားတိုက်မိလို့ နယ်စားကြီးအခြေအနေ ဆိုးရွားသွား
လို့ ကြားတယ်၊ ဒီသတင်း ဟုတ်လား"

ဆင်းပေတုက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူးဗျာ"

"ဒါဖြင့် ဒီသတင်းက ဘာကြောင့် ပျံ့နှံ့နေတာလဲ"

"ကျုပ်က သက်သက် သတင်းလွှင့်လိုက်တာပါ"

"ရှင်က ဘာကြောင့် ဒီလိုမင်္ဂလာမရှိတဲ့ သတင်းကို လွှ ရတာလဲ"

"နယ်စားကြီးကို အဆိပ်ခပ်တဲ့ တရားခံကို ဖော်ထုတ် လို့ပါ"

သူသည် ပြုံး၍ စကားဆက်လိုက်သည်။

"အမှန်ပြောရမယ်ဆိုရင် သမားတော်ကြီးကြောင့် နယ် ကြီးဟာ သတိရလာပါတယ်"

"ရှင် တကယ်ပြောနေတာလား"

"တကယ်ပါ၊ ဒီသတင်းကို မပေါက်ကြားပါစေနဲ့ တောင်းပန်ပါတယ်ဗျာ"

"အဲဒီသမားတော်ကြီးကို ရှင်က အချုပ်ခန်းထဲ ချုပ်ထ တယ်ဆို"

"ဟုတ်ပါတယ်"

"ဘာဖြစ်လို့လဲ"

"သူ့ကို အခုလို အချုပ်ခန်းထဲ မချုပ်ထားရင် အဆိပ်ခပ် တရားခံက သူ့ကိုရန်ရှာမှာပေါ့"

နယ်စားကတော်က ခေါင်းညိတ်လိုက်သည်။

"ကျွန်မ နားလည်ပါပြီရှင့်"

သူမသည် တဘက်သို့ လှည့်လိုက်သည်။



"မနက်ဖြန်ညနေ ကျွန်မ ထပ်လာပါ့မယ်"

ဆင်းပေတုက ခေါင်းညိတ်လိုက်သည်။

"ကျုပ် စောင့်ကြိုနေပါ့မယ်"

* * *

ဆင်းပေတုသည် အခန်းတံခါးပိတ်ရန် ဟန်ပြင်လိုက်သည်။

တံခါးစောင့်တစ်ယောက်က သူ့ထံသို့ ချဉ်းကပ်လာသည်။

"ခင်ဗျား ဘယ်ဆိုးလို့တုန်း၊ ဒီသတင်းတွေကို အဆိပ်ခပ်တဲ့တရားခံ နားရောက်သွားရင် အူကြောင်ကြောင်ဖြစ် သွားတော့မှာပေါ့"

ဆင်းပေတုက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဒွာနမှူးရဲ့ အကြံအစည် အောင်မြင်ပါစေလို့ ကျုပ်ဆုတောင်းရမှာပဲ"

ထိုတံခါးစောင့်သောသူမှာ ကွမ်းကျုံးရုပ်ပင် ဖြစ်လေသည်။

သူသည် ဆင်းပေတုအား နှုတ်ဆက်ထွက်ခွာသွားပြီးမှ ယန်စုစိန်နှင့်အတူ နယ်စားဂေဟာ အစောင့်များအဖြစ် ရုပ်ဖျက်၍ တိတ်ဆိတ်စွာ ပြန်လည်ရောက်လာခြင်း ဖြစ်သည်။

* * *

ထိုည...။

ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေသည်။

"ဒေါင်...ဒေါင်..ဒေါင်"

ခပ်လှမ်းလှမ်းဆီမှ အုန်းမောင်းခေါက်သံ ၃ ချက်တိတိ ထွက်ပေါ်လာလေသည်။

အခြေအနေအားလုံးတို့သည် ထူးမခြားနား ဖြစ်နေသည်။

ဆင်းပေတုက လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"ဒွာနမ့်ူ မလာတော့ဘူးနဲ့တူတယ်"

ကွမ်းကျုံးရုပ်က စိတ်ရှည်စွာဖြင့် ပြောလိုက်သည်။

"ခဏစောင့်နေပါဦးဗျာ"

သူ၏အသံ ဆုံးသွားသည်နှင့် မကြာမီမှာပင်...

"ဖုတ်"

ဟူသောအသံ တစ်ချက်ကြားလိုက်ရသည်။

အပြင်ဘက်၌ ထွန်းညှိထားသော မီးပုံးအိမ်ကလေးသည် ရုတ်တရက် မီးငြိမ်းသွားလေသည်။

ကွမ်းကျုံးရုပ်က လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"ဟော..လာပြီ"

မီးပုံးအိမ် ငြိမ်းသွားသဖြင့် ဝန်းကျင်တစ်ခုလုံးသည် ရုတ်တရက် မှောင်မည်းသွားလေသည်။

ဆင်းပေတုနှင့် ကွမ်းကျုံးရုပ်တို့သည် လျှပ်တပြက်သူတို့၏ခန္ဓာကိုယ်ကို ဂုံခါးနောက်သို့ ဆုတ်၍ ပုန်းကွယ်လိုက်လေသည်။

ခဏအကြာတွင် ခြေထောက်ဖော့နင်းပြီး လျှောက်လာသော အသံတစ်ခု ကြားလိုက်ရလေသည်။

ကွမ်းကျုံးရုပ်နှင့် ဆင်းပေတုတို့သည် အမှောင်ထုမှ လျှောက်လာသော သူအား မျက်လုံးအားကို စူးစိုက်၍ ကြည့်လိုက်လေသည်။

မီးအိမ်မှောင်မည်းသွားသည် ဖြစ်နေသော်လည်း ကောင်းကင်ပေါ်မှ ကြယ်ကလေးများ၏ အလင်းရောင်သည် လူရိပ်အား ကောင်းစွာ မြင်နိုင်သည်။

သူတို့နှစ်ယောက်သည် ထိပ်တန်းသိုင်းသမားများ ဖြစ်ကြသည့်အလျောက် မျက်လုံးအားသည် အလွန်ကောင်းမွန်လှသည်။

ထို့ကြောင့် နယ်စားကြီး အိပ်ခန်းရှိရာသို့ လျှောက်လာနေသော လူအား ကောင်းစွာ မြင်လိုက်ရလေသည်။

ထိုလူ၏တစ်ကိုယ်လုံးမှာ အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားပြီး မျက်လုံးနေရာတွင် ချန်လှပ်ထား၍ မျက်နှာနှင့် ဦးခေါင်းတစ်ခုလုံးကိုလည်း အနက်ရောင်ဝတ်စုံဖြင့် ဖုံးလွှမ်းထားသည်။

ထို့ပြင် လက်နှစ်ဘက်ကိုလည်း အနက်ရောင်လက်အိတ်ဖြင့် စွပ်ထားလေသည်။

ဆင်းပေတုနှင့် ကွမ်းကျုံးရုပ်တို့သည် မှောင်ရိပ်အတွင်းမှ ထိုသူ၏ လှုပ်ရှားမှုကို သေချာစွာ စူးစူးစိုက်စိုက် အကဲခတ် ကြည့်လိုက်သည်။

အထူးသဖြင့် ဆင်းပေတုသည် ထိုလူမှာ မည်သူမည်ဝါ ဖြစ်သည်ကို ကြိုးစား၍ ကြည့်နေလေသည်။

ထိုစဉ်မှာပင် ထိုအနက်ရောင် ဝတ်စုံနှင့်လူသည် အခန်းထဲ

သို့ တလှမ်းချင်း လှမ်းဝင်လိုက်လေသည်။

* * *

ထိုလူသည် အခန်းထဲသို့ ဝင်ရောက်လာသည်နှင့် ခုတင်ရှိရာသို့ ဦးတည်လျှောက်သွားသည်ကို တွေ့မြင်ရလေသည်။

ဆင်းပေတုက ဝင်လာသော မသင်္ကာသူကို ကြာရှည်စွာ စောင့်မနေနိုင်တော့ဘဲ အော်ဟာစ် ဟန့်တားလိုက်လေသည်။

"ရပ်လိုက်"

သူသည် ထိုသို့ အော်ဟစ်ယင်း လက်တစ်ဘက်မှ မီးခြစ်ကို ခြစ်လိုက်လေသည်။

တဆက်တည်းမှာပင် အသင့် ထွန်းနိုင်ရန် ထားရှိသော ဖယောင်းတိုင်ကို ထွန်းညှိလိုက်လေသည်။

အခန်းတစ်ခုလုံး လင်းထိန်သွားကာ ထိုလူအား ကောင်းစွာ မြင်တွေ့ရလေသည်။

ထိုလူသည် ဓားကို ပိုက်လျက် ခြေလှမ်းရပ်တန့်လိုက်၏။

"မိတ်ဆွေ မျက်နှာပေါ်က အဝတ်ကို ချွတ်လိုက်ပါ"

ထိုလူက ဆင်းပေတုအား လုံးဝ ဂရုစိုက်ဟန် မရှိပါ။

သူ၏မျက်လုံးအစုံသည် ခုတင်ပေါ်မှ လဲလျောင်းနေသော နယ်စားကြီးအတုကိုသာ အာရုံစူးစိုက်စွာ ကြည့်နေ၏။



ထိုစဉ် ကွမ်းကျိုးရုပ်က ပုန်းကွယ်ရာမှ ထွက်လာလေသည်။

ထိုလူသည် ကွမ်းကျိုးရုပ်အား တစ်ချက်ကြည့်လိုက်ပြီး အခန်းဝသို့ လျှောက်သွားလေသည်။

"ရပ်လိုက်"

ကွမ်းကျိုးရုပ်က ယင်းသို့ ဟန့်တားလိုက်ယင်းမှ ထိုလူ၏ သွားလမ်းကို ပိတ်၍ ရပ်တန့်လိုက်လေသည်။

"ခွမ်း..."

ထိုအနက်ရောင် ဝတ်ဆင်ထားသော သူက ဓားကို ဆွဲထုတ်လိုက်လေသည်။

ထိုလူသည် ကွမ်းကျိုးရုပ်နှင့် ဆင်းပေတုအား တစ်ချက်ဝေ့ကြည့်လိုက်ပြီးနောက် သူ၏လက်တစ်ဘက်သည် လျှပ်တပြက် ဝေ့ယမ်းလိုက်လေသည်။ ထိုအခါ ထွန်းညှိထားသော ဖယောင်းတိုင်မီးမှာ ငြိမ်းသွားလေသည်။

တဆက်တည်းမှာပင် သူ၏လက်မှ ဓားဖြင့် ကွမ်းကျိုးရုပ်နှင့် ဆင်းပေတုအား တိုက်ခိုက်လေသည်။

ကွမ်းကျိုးရုပ်က သူ၏ဓားကို ဝေ့ယမ်းလိုက်ယင်း သူ၏နှုတ်မှလည်း အချက်ပေးလိုက်၏။

"ဆင်းပေတု"

ဆင်းပေတုက ကွမ်းကျိုးရုပ်၏ အချက်ပေးသံကို နားလည်လိုက်သည်။ ထို့ကြောင့် သူသည် အခန်းထဲမှ လျင်မြန်စွာ ဆုတ်ခွာသွားပြီး သူ၏ အဖွဲ့သားများအား အချက် ပြလိုက်လေသည်။

မကြာမီ ကိုယ်ရံတော်အဖွဲ့သားများသည် အခန်းတစ်ခုလုံး

အား အထပ်ထပ်ပိုင်းရံထားလိုက်လေတော့သည်။

* * *

အိမ်ခန်းထဲ၌ မှောင်မည်းနေ၏။

ကွမ်းကျုံးရုပ်နှင့် အနက်ရောင်ဝတ်ဆင်ထားသော လူသ…
တစ်ယောက်နှင့်တစ်ယောက် ပြင်းထန်စွာ တိုက်ခိုက်နေကြသည်…

အမှောင်ထဲ၌သာ တိုက်ခိုက်နေရသည်မို့ မျက်လုံးအား…
အသုံးမပြုနိုင်ဘဲ နားနှင့်သာ အသံစွင့်၍ နားထောင်နေရသဖြ…
အန္တရာယ်ကို ရင်ဆိုင်တိုက်ခိုက်ရသည်မှာ ထင်သလောက် မလွယ…
ကူလှပေ။

ကွမ်းကျုံးရုပ်သည် တစ်ဘက်လူ၏ ဓားပညာသည် အလွ…
ထက်မြက်နေသည်ကို တွေ့ရသဖြင့် သူသည် သိုးပန်းချီကားပေါ်မှ…
လေ့ကျင့်ရရှိထားသော သိုင်းကွက်နှစ်ကွက်ကို အသုံးချ၍ တိုက်ခိုက်…
လိုက်လေသည်။

"ဟင်"

ထိုလူသည် ကွမ်းကျုံးရုပ်၏ ဓားကွက်အား မြင်တွေ့လိုက်ရ…
သောအခါ အံ့သြထိတ်လန့်သွားကာ သူ၏တိုက်ခိုက်မှု အရှိန်ကို တိုး…
မြှင့်၍ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်။

ကွမ်းကျုံးရုပ်မှာ ထိုလူ၏ အရှိန်ပြင်းပြင်းဖြင့် တိုက်ခိုက်လာ…



သည့် တိုက်ကွက်ကို ခံနိုင်စွမ်း မရှိတော့ဘဲ နောက်ဘက်သို့ ခြေနှစ်လှမ်းခန့် ဆုတ်လိုက်လေသည်။

ထိုအခါ အနက်ရောင်ဝတ် လူသည် အခန်းအပြင်သို့ ထိုးဖောက် ထွက်သွားလေသည်။

တံခါးဝမှာ စောင့်ကြပ်နေသော ကိုယ်ရံတော်နှစ်ဦးက ဓားများဖြင့် ဟန့်တားလိုက်သည်။

ထိုလူက ဓားဖြင့် ဝဲယာသို့ တစ်ချက်ဝှေ့ယမ်းလိုက်လေ၏။

"ခြွမ်း... ခြွမ်း..."

တံခါးမှ စောင့်ကြပ်နေသော လူနှစ်ယောက်၏ ဓားများသည် လွင့်စဉ်သွားလေသည်။

သို့သော် ကိုယ်ရံတော်လေးယောက်က သူ့အား ထပ်မံ၍ ဝိုင်းရံထားလိုက်လေသည်။

သူတို့၏ ဓား(၄)လက်ဖြင့် ထိုလူအား ဟန့်တားထားလိုက်လေသည်။

အနက်ရောင်ဝတ်စုံနှင့်လူ၏ မျက်လုံးအစုံသည် ဘေးဝန်းကျင်အား စူးရှစွာ တစ်ချက်ကြည့်လိုက်သည်။

ထို့နောက် သူ၏လက်ထဲမှာ ဓားဖြင့် တစ်ချက် ဝှေ့ယမ်းလိုက်ရာ...

"အား"

အစောင့်တပ်သားနှစ်ယောက်မှာ ဓားကို လွှတ်ချလိုက်ပြီး မိမိလက်ကို ကိုင်၍ မျက်နှာများ ရှုံ့မဲ့ကာ နောက်သို့ ဆုတ်သွားကြလေသည်။

အနက်ရောင်ဝတ်ဆင်ထားသော လူသည် ကိုယ်ရံတော်လေးယောက်အား တိုက်ခိုက်လိုက်ပြီးနောက် ရုတ်ရက် ပြေးထွက်ရန် ဟန်ပြင်လိုက်လေသည်။ ထိုအခါ ဆင်းပေတုက လျှပ်တပြက် ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

ထိုအခါ အနက်ရောင်ဝတ်ဆင်ထားသော လူသည် ဓားကို နောက်ပြန်ဝှိုက်၍ ခုတ်ချလိုက်ရာ ဆင်းပေတုမှာ ကမန်းကတန်း ခေါင်းငုံ့၍ ရှောင်တိမ်းလိုက်ရသည်။

"ယား..."

တဖန် ကွမ်းကျုံးရုပ်သည် ပြေးဝင်လာပြီး တိုက်ခိုက်လိုက်ပြန်သည်။

သူ၏တိုက်ခိုက်ပုံမှာ အားမာန်အပြည့်ပါပြီး သိုင်းကွက်မှာလည်း ထက်မြက်လှပေသည်။

တဖန် အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားသော လူသည် ဓားဖြင့် (၃)ချက်တိတိ ဖိ၍ ခုခံတိုက်ခိုက်လိုက်ရာ ကွမ်းကျုံးရုပ်မှာ နောက်သို့ ခြေလှမ်း(၃)လှမ်းခန့် ဆုတ်သွားရလေသည်။

အနက်ရောင်ဝတ်ဆင်ထားသောလူမှာ သိုင်းပညာ၌ အသာစီးမှ ရှိနေသော်လည်း ဆက်လက်တိုက်ခိုက်ခြင်း မပြုဘဲ ခေါင်မိုးပေါ်သို့ အတွင်းအားသုံးကာ ပြေးတက်သွားလေသည်။

ကွမ်းကျုံးရုပ်က လျှပ်တပြက် လက်ကို ဝှေ့ယမ်းလိုက်၏။

"ခွမ်း... ခွမ်း..."

ရွှေချိုပါသော လက်နက်ပုန်းနှစ်ခုသည် အနက်ရောင်ဝတ်ဆင်ထားသော လူထံသို့ ပစ်လွင့်သွားလေသည်။



အနက်ရောင်ဝတ်ဆင်ထားသော လူကလည်း လက်တစ်ဖက် ဝှေ့ယမ်းလိုက်ရာ လက်နက်ပုန်းနှစ်ခုသည် ကွမ်းကျုံးရုပ်၏ လက်နက်ပုန်းနှင့် တိုက်မိပြီး လွင့်စဉ်သွားလေသည်။

ထို့နောက် အနက်ရောင်ဝတ်ဆင်ထားသောလူသည် လက်နက်ပုန်း ပစ်လွှင့်လိုက်ပြီးနောက် မရှေးမနှောင်းမှာပင် အပြင်ဘက်သို့ ပြေးလွှားထွက်ခွာသွားသည်။

ကွမ်းကျုံးရုပ်သည် ခေါင်မိုးပေါ်သို့ ခုန်တက်သွားပြီး ထက်ကြပ်မကွာ လိုက်သွားလေသည်။

ဆင်းပေတုမှာမူ မိမိကိုယ်ဖော့ပညာသည် အတွင်းအားနည်းနေသဖြင့် မလိုက်တော့ဘဲ ကျန်ရစ်ခဲ့လေသည်။

* * *

ရေနွေးတအိုးကျက်ခန့် အကြာတွင် ကွမ်းကျုံးရုပ်သည် မျက်နှာညှိုးနွမ်းစွာဖြင့် ပြန်လည်ရောက်ရှိလာသည်။

ဆင်းပေတုက ဆီးကြို၍ မေးလိုက်သည်။

"ဟိုလူကို မီလိုက်သလား"

ကွမ်းကျုံးရုပ်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"မမီလိုက်ပါဘူးဗျာ"

သူသည် မချိပြုံးပြုံး၍ စကားဆက်လိုက်သည်။

"ဒီလူရဲ့ ကိုယ်ဖော့ပညာဟာ ဓားပညာထက် အများ
သာတာ တွေ့ရတယ်ဗျ"

ဆင်းပေတုက စိတ်ပျက်သွားသည်။

"အင်း...ဒီတခါ ကျုပ်တို့တပန်းရှုံးသွားပြန်ပြီ"

ကွမ်းကျုံးရုပ်က အနည်းငယ် စဉ်းစားလိုက်သည်။

"သူ့ကို လိုက်မမီပေမယ့် သဲလွန်စတော့ ရလာတယ်

ဆင်းပေတုက ကွမ်းကျုံးရုပ်၏စကားကြောင့် အားတ
လာပြန်သည်။

"ဆိုစမ်းပါဦး...ဘယ်လိုသဲလွန်စ ရထားတာလဲ"

ကွမ်းကျုံးရုပ်က စဉ်းစားချင့်ချိန်၍ ပြောလိုက်သည်။

"ဒီလူဟာ မိန်းကလေးတစ်ယောက် ဖြစ်တယ်ဆိုတာ
ရားတယ်"

ဆင်းပေတုက မျက်မှောင်ကြုတ်သွားသည်။

"အဲဒီလူက မိန်းကလေး ဟုတ်လား"

"ဟုတ်တယ်၊ သူ့ရဲ့ပခုံးမှာလည်း အဝတ်ခံထားတယ်၊ ဖိ
ထဲမှာလည်း ဂွမ်းခံထားတာ ဖြစ်ရမယ်"

ကွမ်းကျုံးရုပ်က ယင်းသို့ပြောပြီး သက်ပြင်းတစ်ချ
ချလိုက်သည်။

"သူကသာ အခုလို ဖိနပ်မှာ ဂွမ်းမခံဘူး၊ ပခုံးမှာလည်း
ဝတ်မခံဘူးဆိုရင် သူ့ရဲ့တိုက်ခိုက်မှုဟာ အခုထက်ပိုပြီး ကြောက်စ
ကောင်းတယ်လို့ ကျုပ်ပြောရဲတယ်"

ဆင်းပေတုက မျက်မှောင်ကြုတ်၍ မေးလိုက်သည်။



"မိန်းမဆိုရင် ဘယ်သူများ ဖြစ်နိုင်မလဲ"

ကွမ်းကျုံးရုပ်က လေသံအေးအေးဖြင့် ပြောလိုက်သည်။

"သူဟာ မိန်းကလေးလို့ သဲလွန်စရထားရင် ဒီမိန်းကလေး
ဘယ်သူလဲဆိုတာ ဖော်ထုတ်ဖို့ မခဲယဉ်းတော့ပါဘူး"

"မိန်းကလေးက နယ်စားကြီးဂေဟာထဲက လူဖြစ်နိုင်မ
း"

"သူက လမ်းစဖျောက်ဖို့ တောင်ဘက်ကို ထွက်ပြေးသွား
မယ့် ဒီဂေဟာထဲကလူ ဖြစ်ရမယ်ဆိုတာ ကျုပ်ယုံကြည်တယ်"

ဆင်းပေတုက အနည်းငယ် စဉ်းစားလိုက်သည်။

"ကျုပ် အခုချက်ချင်း နယ်စားကတော်ဆီသွားပြီး အမျိုး
မီးတွေကို လိုက်စစ်ဆေးရရင် ထွက်ပြေးသွားတဲ့ မိန်းကလေးဟာ
ယ်သူလဲဆိုတာ သိရမယ်ထင်တယ်"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားရဲ့အကြံ ကောင်းပါတယ်၊ ဒါပေမယ့်.."

"ဒါပေမယ့် ဘာဖြစ်သလဲ"

"အခုအချိန်ဟာ ညဥ့်နက်သန်းခေါင်ဖြစ်နေပြီ၊ နောက်ပြီး
ယာကျားတစ်ယောက်အနေနဲ့ မိန်းကလေးတွေ အိပ်တဲ့အခန်းထဲ
ဝင်ဖို့ မသင့်ဘူး မဟုတ်လား"

ဆင်းပေတုက ကွမ်းကျုံးရုပ်ဘက် လှည့်ပြီး...

"ဌာနမှူးရဲ့ သဘောက"

"သူတို့ မသိအောင် သွားပြီးချောင်းကြည့်နိုင်တဲ့ နည်းလမ်း
ရင်တော့ အကောင်းဆုံးပါပဲ"

ဆင်းပေတုက အနည်းငယ် စဉ်းစားလိုက်သည်။

"ကျုပ် သတိရပြီ၊ နောက်ဘက်ခြမ်း ဝင်းထဲမှာ အောက်
ကွင်းတစ်ခုလုံးကို မြင်နိုင်တဲ့ သစ်ပင်တစ်ပင်တော့ရှိတယ်"

ကွမ်းကျုံးရုပ်က အားတက်သွားကာ..

"ဒီလိုဆိုရင် သူပြန်မရောက်လာခင် တို့ အမြန်ဆုံး သွ
ကြမယ်"

* * *

သစ်ပင်ပေါ်မှနေ၍ ခြံဝင်းအတွင်းဘက်သို့ ကြည့်လိုက်လျှ
ခြံဝင်းအတွင်းသို့ ကောင်းစွာမြင်နိုင်သော နေရာတစ်ခုဖြစ်သည်

ကွမ်းကျုံးရုပ်က ထိုသစ်ပင်ပေါ်သို့ တက်သွားရင်း ဆ
ပေတုအား လက်ဟန်ပြလိုက်လေသည်။

"ခင်ဗျား အခန်းထဲပြန်သွားပါ၊ တော်ကြာ သူကနောက်
ကျော့ ရောက်လာချင် ရောက်လာမှာ"

ဆင်းပေတုက ခေါင်းညိတ်၍ ထွက်ခွာသွားလေသည်။

ကွမ်းကျုံးရုပ်သည် အလွန်စိတ်ရှည်သော လူတစ်ယော
ဖြစ်သည်။

သူသည် သစ်ပင်ပေါ်၌ တစ်နာရီခန့်အကြာ စောင့်ကြ
နေရာမှ လူရိပ်တစ်ခုသည် ခြံဝင်းထဲသို့ ကျော်၍ ဝင်ရောက်လာ



အဆောင်တစ်ခုထဲသို့ ဝင်သွားသည်ကို တွေ့မြင်ရလေတော့သည်။

ကွမ်းကျုံးရုပ်သည် ထိုလူ ဝင်ရောက်လာသည့် အရပ်နှင့် အဆောက်အအုံ၏ ပတ်ဝန်းကျင်တို့ကို သေချာစွာ ကြည့်ပြီး သစ်ပင်ပေါ်မှာ ဓားငယ်ဖြင့် ပုံတစ်ခု ရေးခြစ်ထားလိုက်လေသည်။

ထို့နောက် သစ်ပင်ပေါ်မှ တိတ်တဆိတ် ဆင်းလာလေသည်။

* * *

မိုးလင်းလုလု အချိန် ဖြစ်သည်။

အရှေ့ဘက်ကောင်းကင်ပေါ်၌ အနီရောင် သန်းလာပြီဖြစ်သည်။

ကွမ်းကျုံးရုပ်သည် အခန်းသို့ ရောက်လာသောအခါ ဆင်းပေတုက မအိပ်သေးဘဲ စောင့်နေသည်ကို တွေ့မြင်လိုက်ရသည်။

"ဒွာနမှူး အခြေအနေထူးသလား"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"ထူးတယ်ဗျို့၊ ကျုပ် မျက်နှာသစ်ပြီး ပြောပြပါ့မယ်"

ဆင်းပေတုက ခေါင်းညိတ်လိုက်သည်

"ကောင်းပြီလေ... ကျုပ် အခန်းထဲမှာ စောင့်နေမယ်၊ ရေနွေးကြမ်းနဲ့ မုန့်လည်း အဆင်သင့် လုပ်ထားပါ့မယ်"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်၍ မျက်နှာသစ်ရန် ပြင်ဆင်နေတော့သည်။

* * *

မုန့်နှင့် ရေနွေးကြမ်းများ စားသောက်ပြီးနောက် ကွမ်းကျုံးရုပ်သည် လက်ညှိုးဖြင့် ရေနွေးကြမ်းကို တို့၍ စားပွဲပေါ်၌ မြေပုံတစ်ခု ဆွဲထားလိုက်သည်။

သူသည် မြေပုံထဲမှ အဆောက်အအုံတစ်ခုအား ညွှန်ပြလိုက်သည်။

"ဒီအဆောင်က ဘယ်သူနေတဲ့ အဆောင်လဲ"

ဆင်းပေတုက ထိုမြေပုံအား သေချာစွာ ကြည့်လိုက်သည်။

ပြီးနောက်...

"နယ်စားကတော်ရဲ့အဆောင် ဖြစ်နိုင်တယ်"

"ခင်ဗျား ပြောတဲ့အတိုင်းဆိုရင် နယ်စားကတော်ရဲ့ အိမ်ဖော်ထဲမှာ ထိပ်တန်းသိုင်းသမား ရှိတယ်ဆိုတာ ထင်ရှားနေပြီ"

ဆင်းပေတုက မျက်မှောင်ကြုတ်သွားသည်။

"ဒီလိုဆိုရင် ပုလဲပန်းရောင်မေအပြင် အခြားသိုင်းသမားတစ်ယောက် ရှိသေးတယ်လို့ ဖော်ပြနေတာနဲ့ တူနေပြီ"

ကွမ်းကျုံးရုပ်က ချောင်းတစ်ချက် ဟန့်လိုက်သည်။



"ခင်ဗျားက ဘာကြောင့် နယ်စားကတော်ကို သံသယ မ...ဖြစ်တာလဲ"

ဆင်းပေတုက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဘာကြောင့်မှန်း မသိဘူး၊ သူ့ကို သံသယဖြစ်လို့ မရဘူး"

ကွမ်းကျုံးရုပ်က ထိုင်ရာမှ ထလိုက်ပြီး လမ်းလျှောက်နေ...သည်။

"ကဲ သမားတော်ကြီး၊ အခြေအနေ ဘယ်လိုရှိမှန်း မသိဘူး၊ ...သွားကြည့်ကြရအောင်"

ဆင်းပေတုက ခေါင်းညိတ်လိုက်ပြီး ထိုင်ရာမှ ထလိုက်လေ...သည်။

"ဟုတ်တယ်ဗျို့၊ ကျုပ်က ခေါင်းရှုပ်လွန်းလို့ သူ့ကိုတောင် ...နေတယ်"

သူသည် ကွမ်းကျုံးရုပ်အား မြို့စားကြီး ထားရှိရာ အခန်း... လမ်းပြ၍ ခေါ်ဆောင်သွားလေတော့သည်။

* * *

## မြေအောက်အချုပ်ခန်း

ကျောက်ကားလှေထစ်များကို ..သစ်ချင်း ဆင်းလိုက်
နောက် စင်္ကြံလမ်းတစ်ခု ရှိသည်။

စင်္ကြံလမ်းအတိုင်း လျှောက်သွားသောအခါ စိုထိုင်းသေ
မြေမှိုးမြေငွေ့များ၏ အနံ့အသက်ကို ရှူရှိုက်ခံစားလိုက်ရလေသ

ကွမ်းကျုံးရှုပ်သည် ထိမ့်ချူးအတွက် အားတုံ့အားနာ
သွားလေသည်။ စင်္ကြံလမ်းဆုံးသည်နှင့် လူ(၂၀)ခန့် ချုပ်နှောင်ထ
သော အချုပ်ခန်းတစ်ခုအား တွေ့မြင်ရလေသည်။

ထိမ့်ချူးအား ယင်းအချုပ်ခန်းထဲသို့ ဘာရောက်ချုပ်နှော
ထားသည့်အခါ အခန်းထဲမှာ ရှိနေသော အကျဉ်းသားများ အား
တို့ကို တခြားနေရာသို့ ရွှေ့ပြောင်းခဲ့ပြီး ဖြစ်သည်။



ယခုမှာမူ အချုပ်ခန်းထဲ၌ သမားတော်ကြီးဝမ်းအဖြစ် ရုပ်
က်ထားသော ထိမ့်ချူးတစ်ယောက်တည်း မဟုတ်တော့ဘဲ အခြား
ကျဉ်းသားတစ်ယောက်ကို ထပ်မံတွေ့ရှိလိုက်ရလေသည်။

ဆင်းပေတုမှာ အံ့အားသင့်သွားသည်။

"ဟောဗျာ၊ ဒီအကျဉ်းသားက ဘယ်လိုလုပ် ရောက်လာ
တာလဲ"

ထိမ့်ချူးက ပြုံးလိုက်ပြီး လှမ်းပြောလိုက်သည်။

"ကျုပ်တစ်ယောက်တည်း နေရတာ ပျင်းလို့ အဖော်ရ
အောင် ခေါ်ထားလိုက်တာပါ"

ဆင်းပေတုက ထိုလူအား လှမ်းကြည့်ပြီး အကဲခတ်လိုက်
သည်။

ထိုအကျဉ်းသားသည် ခေါင်းငိုက်စိုက်ချပြီး နံရံမှီ၍ ထိုင်နေ
၏။

သူ၏ကိုယ်ပေါ်တွင် အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားပြီး
က်နှာကို မမြင်ရဘဲ ခန္ဓာကိုယ် သေးသွယ်သည်ကို တွေ့ရှိရလေ၏။

ဆင်းပေတုက လေသံတိုးတိုးဖြင့် မေးလိုက်သည်။

"ဌာနမှူး၊ သမားတော်ကြီးဝမ်းဆိုတာ ခင်ဗျား မိတ်ဆွေ
ထိမ့်ချူးပဲ မဟုတ်လား"

ကွမ်းကျုံးရှုပ်က သူ၏စကားကို မကြားလိုက်သကဲ့သို့ ထိ
ချူးအား ပြုံးပြလိုက်သည်။

"သူက ဒီကို ဘယ်လိုလုပ် ရောက်လာတာလဲဗျ"

ထိမ့်ချူးက ပြုံးလိုက်သည်။

"သူက သော့ဖွင့်ပြီး ဝင်လာတယ်လေ၊ ကျုပ်ကို ဘာ မေးမလို့လဲ မသိဘူး"

ဆင်းပေတုက သိချင်စိတ်ဖြင့် မေးလိုက်သည်။

"သူက ခင်ဗျားကို ဘာမေးသလဲ"

"သူက မမေးသေးမီ ကျုပ်က သူ့သွေးကြောကို ပိတ်လို ပါတယ်"

ကွမ်းကျုံးရုပ်က ထိုလူအား လက်ညှိုးထိုး၍ မေးလိုက်

"သူက မိန်းကလေးတစ်ယောက် မဟုတ်လား"

"ဟုတ်တယ်"

"ခင်ဗျား သူ့ကို မေးကြည့်သေးသလား"

"မမေးသေးပါဘူး၊ ခင်ဗျားတို့ မေးနိုင်ပါတယ်"

ကွမ်းကျုံးရုပ်က ဆင်းပေတုအား ကြည့်လိုက်ပြီး...

"သူ့ကို သိသလားဆိုတာ ကြည့်ယုက်ပါအုံး"

ဆင်းပေတုသည် မိန်းကလေး၏ပခုံးကို ကိုင်၍ သူ့ဘ သို့ ဆွဲထည့်လိုက်လေသည်။

ထိုမိန်းကလေးမှာ အသက်(၁၆)နှစ်၊ (၁၇)နှစ်ခန့် အလွန်လှပသော မိန်းကလေးတစ်ယောက် ဖြစ်နေသည်ကို တွေ့ လေသည်။

"မိန်းကလေး ကျုပ်မေးတာကို အမှန်အတိုင်း ပြောပြ မယ်..."

ထိမုံ့ချူးက ပြုံးလိုက်ပြီး...

"သူ့ရဲ့ သွေးကြောကို ဖွင့်မပေးသေးဘူးဗျ"



သူသည် ပြောပြီးသည်နှင့် မိန်းကလေး၏ သွေးကြောအား က်ညှိုးနှင့်ထောက်၍ ဖွင့်ပေးလိုက်သည်။

မိန်းကလေးက တစ်ချက်လှုပ်ရှားလာပြီး သူ၏ခန္ဓာကိုယ်ကို က်တရက် ထိုင်ရာမှ မတ်တတ်ရပ်လိုက်သည်။

ထိမုံ့ချူးက အေးစိမ့်သော လေသံဖြင့် လက်ကာပြလိုက် ည်။

"ဒုက္ခ မရောက်ချင်ရင် မေးတာကို ကောင်းကောင်းဖြေပါ"

မိန်းကလေးက ကြောင်အမ်းအမ်းဖြစ်ပြီး ပြန်လည် ထိုင်ချ က်လေသည်။

ဆင်းပေတုသည် မိန်းကလေးအား သေချာစွာ ကြည့်လိုက် ည်။

"ကျုပ်တို့မှာ အချိန် မရှိပါဘူး၊ မေးတာကို ရှင်းရှင်းလင်း င်း ဖြေစေချင်ပါတယ်"

မိန်းကလေးက မျက်နှာတည်ကြည်စွာဖြင့် ပြန်ပြောလိုက် ည်။

"ဒါကတော့ ရှင်မေးတဲ့ မေးခွန်းပေါ်မှာ မူတည်နေပါတယ်"

ဆင်းပေတုက မျက်မှောင်ကြုတ်၍ မေးလိုက်သည်။

"မင်း ငါ့ကို မြင်ဖူးတွေ့ဖူးတယ် မဟုတ်လား"

မိန်းကလေးက ခေါင်းခါယမ်းပြလိုက်သည်။

"ကျွန်မ ရှင့်ကို မမြင်ဖူးဘူး"

"ကျုပ်ကတော့ မင်းကို မြင်ဖူးသလိုပဲ"

မိန်းကလေးက ရုတ်တရက် ဒေါသထွက်လာသည်။

"ရှင် ဘာတွေ လျှောက်ပြောနေတာလဲ၊ ရှင့်ကို ကျွန်မ တ
မှ မမြင်ဖူးဘူး"

ဆင်းပေတုက ပြုံးလိုက်ပြီး ခေါင်းညိတ်လိုက်သည်။

"အင်းလေ... ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်ကတော့ ခင်ဗျား
မြင်ဖူးသလိုပဲ"

"အို... မမြင်ဖူးပါဘူးဆိုမှ ဘာဖြစ်လို့ စကား ရှည်နေရ
လဲ"

ဆင်းပေတုက ပြုံး၍...

"ထားပါတော့လေ၊ ခင်ဗျား နယ်စားကတော်ကိုတော့
မှာပေါ့နော်"

မိန်းကလေးက ခေါင်းခါယမ်းလိုက်သည်။

"မသိဘူး"

ထိမ့်ချူးက ကြားဖြတ် ပြောလိုက်သည်။

"မိန်းကလေး မင်း ငါ့ကို အကြောင်းစုံ ပြောပြပြီးပြီပဲ၊
ဖြစ်လို့ သူတို့ကို မပြောပြချင်တာလဲ"

မိန်းကလေးက မဲ့ပြုံးပြုံးလိုက်သည်။

"သူတို့ကို ပြောပြလည်း အပိုပဲ၊ သူတို့ ယုံမှာမှ မဟုတ်

သူမ၏စကားကြောင့် ကွမ်းကျုံးရုပ်နှင့် ဆင်းပေတု
သည် ကြောင်အမ်းအမ်း ဖြစ်သွားကြလေတော့သည်။

* * *



အတန်ကြာအောင် တိတ်ဆိတ်သွားပြီးနောက် ကွမ်းကျုံး
ပ်က စကားစလိုက်လေသည်။

"ဘယ်လိုဖြစ်ကြတာလဲဗျာ"

"သူကိုယ်တိုင် ပြောပြတာပဲ ကောင်းပါတယ်"

သူသည် လက်ညှိုးတစ်ချောင်း ထောင်လိုက်သည်။

"ခင်ဗျားတို့ကို ဘစ်ခု တောင်းပန်ချင်တယ်"

ဆင်းပေတုက ခေါင်းညိတ်လိုက်သည်။

"ပြောပါဗျာ၊ ဘာအကူအညီ ပေးရမလဲ"

ထိမ့်ချူးက လေသံအေးအေးဖြင့် ပြောလိုက်သည်။

"သူ့ကို မေးမြန်းပြီးရင် ပြန်လွှတ်လိုက်ပါ"

ဆင်းပေတုက နားမလည်နိုင်စွာဖြင့် မျက်မှောင်ကြုတ်သွား
သည်။

"ဗျာ... သူ့ကို လွှတ်လိုက်ရမယ် ဟုတ်လား"

ထိမ့်ချူးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ခင်ဗျားတို့က သူ့ကို မလွှတ်ရင် ကျုပ်သွား
ယ်"

ကွမ်းကျုံးရုပ်က ကြားဖြတ်လိုက်သည်။

"စိတ်ချပါဗျာ၊ သူပြောပြပြီးရင် ကျုပ်တို့ လွှတ်လိုက်ပါ့မယ်"

ဆင်းပေတုက မိန်းကလေးအား ကြည့်လိုက်သည်။

"ကဲ... မင်းကြားတယ် မဟုတ်လား၊ ပြောစရာရှိတာ ပြော
ရင် လွှတ်မှာပါ"

မိန်းကလေးက အနည်းငယ် စဉ်းစားလိုက်ပြီးမှ သက်ပြင်းချ

ကာ စကားစလိုက်လေသည်။

"ပြောစရာက ရှင်းရှင်းလေးပါ"

သူမသည် ထိမ့်ချူးအား ညွှန်ပြလိုက်သည်။

"ကျွန်မက အမိန့်အရ သူ့ကို သတ်ဖို့ လာတာပါ။ ဒါ...
တော့ သူက ကျွန်မကို ဖမ်းထားတယ်"

ဆင်းပေတုက ခေါင်းတညိတ်ညိတ်ဖြင့် မေးလိုက်သည်။

"ဒါတွေ ထားပါလေ၊ အရေးကြီးဆုံးက သူ့ကို သတ်...
ဘယ်သူက ခိုင်းလိုက်တာလဲဆိုတာ"

မိန်းကလေးက ခေါင်းခါယမ်းလိုက်သည်။

"မသိဘူး"

ဆင်းပေတုက ဒေါသအနည်းငယ် ဖြစ်သွားသည်။

"ဘာလဲ... မင်းက ရယ်စရာပြောနေတာများ ထင်လို့လား"

ကွမ်းကျုံးရုပ်က ကြားဖြတ်ပြောလိုက်သည်။

"မိန်းကလေး... မေးတာကို မှန်မှန်ပြောပါ"

မိန်းကလေးက ပခုံးတစ်ချက် တွန့်လိုက်သည်။

"ရှင်တို့ ယုံမှာမဟုတ်ဘူးလို့ ကျွန်မ ပြောတယ် မဟုတ်
လား"

ထိမ့်ချူးက ဝင်ရောက်ပြောလိုက်သည်။

"သူပြောတာ အမှန်ပါပဲ"

သူသည် ပြောယင်း မိန်းကလေးဘက်သို့ လှည့်လိုက်လေ
သည်။

"မင်းက ဒီလို အတိုချုံးပြီး ပြောတော့ ဘယ်လိုလုပ် ယုံမှာ...



လဲ၊ အစအဆုံး ပြောမှပေါ့"

မိန်းကလေးက သက်ပြင်းချလိုက်သည်။

"ဒီလူဟာ ကျွန်မတို့ကို ခိုင်းတဲ့အခါမှာ စာတစ်စောင်ရေး
ပြီး ခိုင်းလိုက်လို့ပါ"

ဆင်းပေတုက မျက်မှောင်ကြုတ်သွားသည်။

"ဒါဖြင့် အဲဒီစာတွေ ဘယ်မှာလဲ"

"ဖတ်ပြီးရင် မီးရှို့ပစ်ရင်ပစ်၊ ဒါမှမဟုတ်ရင် မျိုချရတယ်ရှင့်"

ဆင်းပေတုက မျက်မှောင်ကြုတ်သွားလေသည်။

"သဲလွန်စ နည်းနည်းမှ မကျန်ခဲ့ဘူးပေါ့"

"ဟုတ်ပါတယ်ရှင်၊ ဒါကြောင့် ကျွန်မ အမှန်အတိုင်းပြောရင်
ဘယ်သူကမှ ယုံကြမှာ မဟုတ်ဘူး"

"ဒါနဲ့ မင်းက နယ်စားဂေဟာထဲမှာ နေတယ် မဟုတ်လား"

"ဟုတ်ပါတယ်ရှင့်"

"ဒီမှာ ရောက်နေတာ ဘယ်လောက်ကြာပြီလဲ"

"တစ်နှစ်ပါ"

ဆင်းပေတုမှာ အံ့အားသင့်သွားသည်။ မယုံကြည်နိုင်
အောင်လည်း ဖြစ်သွားမိသည်။

"တစ်နှစ်တောင် ရှိသွားပြီ ဟုတ်လား"

"ဟုတ်ပါတယ်ရှင့်"

ဆင်းပေတုက သက်ပြင်းချလိုက်လေသည်။

"မင်း ဂေဟာထဲရောက်တာ တစ်နှစ်တောင် ရှိနေပြီ၊ မင်း
သိုင်းပညာတတ်မှန်း ငါ မသိလိုက်တာ ငါသိပ်ညံ့မှန်း သိသာတယ်"

မိန်းကလေးက ခေါင်းခါယမ်းလိုက်သည်။

"ဒီလိုလဲ မဟုတ်ပါဘူးရှင်၊ ကျွန်မက ပိပိရိရိ နေတတ်လို ပါရှင့်"

"ဒါနဲ့ မင်းက ဘယ်မှာ တာဝန်ကျသလဲ"

"နယ်စားကြီးကတော်ဆီမှာ သန့်ရှင်းရေးတာဝန် ယူထား တဲ့ အိမ်ဖော်ပါ"

ဆင်းပေတုက သူမအား စိုက်ကြည့်လိုက်ပြီး လေသံမာမာ ဖြင့် မေးလိုက်သည်။

"မှန်မှန်ပြောစမ်း၊ မင်းကို နယ်စားကတော်က ခိုင်းလိုက် လို့လား"

မိန်းကလေးက ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ ပြောပြီးပြီပဲ၊ ကျွန်မကို ခိုင်းတဲ့လူက ဘယ်သူဘယ် ဝါမှန်းမသိပါဘူး"

"ထားပါတော့၊ မင်းက ဘယ်လိုလုပ်ပြီး ဒီကို ရောက်လာ တာလဲ"

"ကျွန်မ ဆရာက ခိုင်းလို့ပါ"

"မင်း ဆရာက ဘယ်သူလဲ"

မိန်းကလေးမှာ မျက်နှာပျက်သွားပြီး...

"ကျွန်မ မပြောပါရစေနဲ့ရှင်"

ထိမ့်ချူးကို ကြားဖြတ်ပြီး ဆင်းပေတုအား မေးလိုက်သည်

"ခင်ဗျားက သူ့ဆရာကို မေးတာ သူ့ဆရာကို အရေးယူ မလို့လား"



ဆင်းပေတုက ခေါင်းခါယမ်းလိုက်သည်။

"မယူပါဘူးဗျာ"

"မယူရင် မေးမနေပါနဲ့တော့"

ထိမ့်ချူးသည် တဆက်တည်းမှာပင် ခါးကြောဆန့်ထုတ် ပြီး ပြောလိုက်သည်။

"ကဲ ခင်ဗျားတို့ မေးစရာရှိတာလည်း မေးပြီးပါပြီ၊ သူ့ကို လွှတ်သင့်ပြီနဲ့ တူတယ်"

ဆင်းပေတုက တွေဝေနေပြီး လွှတ်သင့်မလွှတ်သင့် ချင့်ချိန် နေလေသည်။

ကွမ်းကျုံးရပ်က ကြားဖြတ်ဝင်ပြောလိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ သူ့ကို လွှတ်လိုက်ပါတော့"

ဆင်းပေတုက လက်တစ်ချက် ဝှေ့ယမ်းလိုက်ပြီး...

"ကဲ... မင်းသွားလိုရာ သွားနိုင်ပါပြီ"

မိန်းကလေးက ဦးညွှတ်လိုက်သည်။

"ရှင်တို့အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်"

ဆင်းပေတုက လက်ကာပြလိုက်ပြီး ဟန့်တားလိုက်ပြန် သည်။

"ခဏ ကျုပ်နောက်ဆုံး စကားတစ်ခွန်း မေးပါရစေ"

မိန်းကလေးမှ ခြေလှမ်းတုံ့ကနဲ ရပ်လိုက်ပြီး...

"မေးပါရှင်"

"အခု မင်း ဘယ်သွားမလို့လဲ"

မိန်းကလေးက အတန်ကြာ စဉ်းစားလိုက်ပြီး...

"လောလောဆယ်တော့ နယ်စားကတော်ဆီကိုပဲ ဟန်မ… ပျက် သွားနေရအုံးမှာပေါ့ရှင်"

ဆင်းပေတုက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ မင်းသွားနိုင်ပါပြီ"

မိန်းကလေးသည် ခြေလှမ်းကို သွက်လက်စွာ ပြေးလွှား… ထွက်ခွာလေတော့သည်။

ဆင်းပေတုသည် မိန်းကလေး ပြေးလွှားပျောက်ကွယ်သွား… သည်အထိ ကြည့်လိုက်ပြီး ကွမ်းကျုံးရုပ်ဘက်သို့ လှည့်ကြည့်လိုက်… သည်။

"သူ့ကို လွှတ်လိုက်တာ သဲလွန်စ ပျောက်သွားတာပေါ့ဗျာ"

ထိမ့ုံချူးက ပြုံးလိုက်ပြီး…

"ခင်ဗျားက သူ့ကို ဘာလုပ်ချင်လို့လဲ"

ဆင်းပေတုက…

"သူ့မှာ လျှို့ဝှက်ထားတာတွေ ရှိလိမ့်မယ်လို့ ကျုပ်စိတ်ထဲ… မှာ ထင်မိတယ်"

ထိမ့ုံချူးက ခေါင်းညိတ်လိုက်သည်။

"ခင်ဗျား ပြောတာလည်း မှန်ပါတယ်၊ ဒါပေမယ့် ဒါတွေ… ဟာသိပ်အရေးမကြီးပါဘူး၊ အရေးအကြီးဆုံးက ခင်ဗျားတို့ နယ်စား… ကြီးဂေဟာထဲမှာ ထိပ်တန်းသိုင်းသမား တော်တော်များများ ကိုယ့်… ကိုကိုယ် အခိုင်းအစေလုပ်ပြီး လာနေကြတယ်ဆိုတာ…"

ဆင်းပေတုက ထိမ့ုံချူး၏စကားကြောင့် ကြောင်အမ်း… အမ်း ဖြစ်သွားပြီး နားမလည်ဟန်ဖြင့် မေးလိုက်သည်။



"သမားတော်ကြီး ပြောတာ မှန်တယ်၊ သူတို့တွေ ဘာလာ… လုပ်ကြတာလဲ"

ထိမ့ုံချူးက ခေါင်းညိတ်လိုက်လေသည်။

"ကျုပ်တော့ စိတ်ဝင်စားလာတယ်၊ ဒါပေမယ့် နားမလည် …နိုင်အောင်လဲ ဖြစ်မိတယ်"

ကွမ်းကျုံးရုပ်က အေးဆေးသော လေသံဖြင့် ထိမ့ုံချူးအား… ပြောလိုက်သည်။

"ခင်ဗျား ဒီကိစ္စမှာ ကူညီမယ်ဆိုရင် အတိုင်းနဲ့ အလွန်ပါပဲ… ဗျာ"

ထိမ့ုံချူးက ခေါင်းတညိတ်ညိတ်ဖြင့် ပြောလေသည်။

"အခုလောလောဆယ်တော့ ကျုပ်က နယ်စားကြီးဂေဟာ… ရဲ့ အခြေအနေကို သိထားချင်လို့ပါ"

ဆင်းပေတုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ သမားတော်ကြီး ဘာကို သိချင်တယ်ဆိုတာ… မေးသာမေးပါ၊ ကျုပ် အမှန်အတိုင်း ပြောပါ့မယ်"

"နယ်စားကြီးနဲ့ နယ်စားကတော် သင့်မြတ်ပြီး အိမ်ထောင်… ရေး အဆင်ပြေကြရဲ့လား"

"ကျုပ်ကတော့ သူတို့ကို ချစ်ချစ်ခင်ခင်နေကြတယ်လို့ မြင်… ထားပါတယ်"

"ခုန မိန်းကလေးက နယ်စားကတော်ရဲ့ လက်အောက်မှာ… အလုပ်လုပ်နေတာကို သူက သိုင်းပညာတတ်မှန်း မသိဘူးလား"

ဆင်းပေတုက အနည်းငယ် စဉ်းစားယင်း…

"အဲဒီ မိန်းကလေးအပြင် အခြားမိန်းကလေးတစ်ယောက် ရှိသေးတယ်၊ အဲဒီ မိန်းကလေးရဲ့ သိုင်းပညာဟာ ခုနက ထွက်သွားတဲ့ မိန်းကလေးထက် သိုင်းပညာ အများကြီး တော်တာပေါ့"

ထိမ့်ချူးက မျက်မှောင်ကြုတ်သွားပြီး...

"ဒီလိုဆိုရင် နယ်စားကတော်ဟာ နံပါတ်တစ်နေရာမှာ သံသယဖြစ်သင့်တဲ့ လူတစ်ယောက်လို့ ဆိုရမှာပေါ့"

ဆင်းပေတုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ... ကျုပ်လည်း မပြောရဲလို့သာ နေရတယ်၊ တွေ့သမျှ သဲလွန်စတွေ အားလုံးဟာ နယ်စားကြီးကတော်ကို ညွှန်ပြနေသလိုပဲ"

ထိမ့်ချူးက မျက်မှောင်ကြုတ်သွားသည်။

"ဘာပဲဖြစ်ဖြစ် အရေးကြီးဆုံးကတော့ သူတို့ကဘာကြောင့် အခုလို ကြံစည်နေရတယ်ဆိုတာ စဉ်းစားဖို့လိုတယ်"

ဆင်းပေတုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ အဲဒါကြောင့် ကျုပ်တို့မှာ စဉ်းစားရခက်နေတာပေါ့ဗျာ"

ထိမ့်ချူးက ပခုံးတစ်ချက် တွန့်ပြလိုက်သည်။

"ဘယ်လောက်ခက်ခဲ နက်နဲတဲ့ကိစ္စပဲ ဖြစ်ဖြစ်၊ သေသေချာချာ လေ့လာစဉ်းစားရင်တော့ အဖြေဟာ ပေါ်လာစမြဲပါပဲ"

ဆင်းပေတုက ခေါင်းညိတ်လိုက်သည်။

"ဒါလည်း ဟုတ်ပါတယ်ဗျာ... ခင်ဗျား ဘယ်လို မြင်ထားသလဲဆိုတာ ပွင့်ပွင့်လင်းလင်း ပြောနိုင်ပါတယ်"



ထိမ့်ချူးက ဆင်းပေတုအား ကြည့်ပြီး မေးလိုက်သည်။

"နယ်စားကြီး အဆိပ်မိသွားတဲ့ အချိန်ကစပြီး ခင်ဗျား မြင်တွေ့သမျှကို ကျေးဇူးပြုပြီး ပြောပြပါ ခင်ဗျာ"

"ဟုတ်ကဲ့..."

ဆင်းပေတုသည် နယ်စားကြီး အဆိပ်မိသည့် အကြောင်း၊ ပုလဲပန်းတစ်ခြမ်း တွေ့ရှိခဲ့သည့် အကြောင်းများနှင့် ယင်းပုလဲပန်းပိုင်ရှင်မှာ နယ်စားကတော်၏အိမ်ဖော် ရောင်မေ၏ ပုလဲပန်း လက်နက်ပုန်းဖြစ်ကြောင်း အသေးစိတ် ပြောပြလိုက်လေသည်။

ထိမ့်ချူးသည် သေချာစွာ နားစိုက်ထောင်ပြီးနောက် ပြောလိုက်ပြန်လေသည်။

"အဲဒီ ရောင်မေဆိုတဲ့ မိန်းကလေးကို ကျုပ် တွေ့ခွင့်ရမယ်ဆိုရင် တွေ့ချင်ပါတယ်"

ဆင်းပေတုက ထိမ့်ချူး၏စကားကြောင့် စိတ်ပျက်သွားသည်။

သို့သော် သူသည် ခေါင်းညိတ်၍ ထိုင်ရာမှ ထလိုက်လေသည်။

"ရပါတယ်ဗျာ... ကျုပ် အခုပဲ သွားခေါ်လိုက်ပါ့မယ်"

ထိမ့်ချူးက လှမ်း၍ ပြောလိုက်သည်။

"အချုပ်ခန်းဃဲမှာတော့ တွေ့လို့ မကောင်းပါဘူးဗျာ၊ ကျုပ် ဧည့်ခန်းထဲကို လာခဲ့ပါ့မယ်"

ဆင်းပေတုက ခေါင်းညိတ်လိုက်ပြီး အပြင်သို့ ထွက်ခွာသွားလေတော့သည်။

ဆင်းပေတု ထွက်ခွာသွားပြီးနောက် ထိမုံ့ချူးက ထိုင်ရာမှ ထလိုက်သည်။

"ကဲ... ကျုပ်တို့လည်း ဧည့်ခန်းသွားကြရအောင်"

သူသည် ပြောပြီးနောက် မြေအောက်အချုပ်ခန်း အတွင်းမှ ထွက်လာလေသည်။

သူတို့သည် ပခုံးချင်းယှဉ်၍ ဧည့်ခန်းရှိရာသို့ လျှောက်လာခဲ့ကြလေသည်။

ထိမုံ့ချူးသည် လမ်းလျှောက်ယင်းမှ အတွေးများ စုံလင်အောင် တွေးနေပြီးနောက် သက်ပြင်းရှည်တစ်ချက် ချလိုက်လေသည်။

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားပြီး မေးလိုက်သည်။

"ခင်ဗျား အချုပ်ခန်းထဲမှာ ဘာများ ထူးထူးခြားခြား တွေ့ရှိခဲ့လို့လဲ"

ထိမုံ့ချူး မျက်နှာမှာ တွေဝေသွားပြီး...

"တခြား ထွေထွေထူးထူးတော့ မတွေ့ပါဘူး၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲ"

"သိုင်းလောကမှာ လှို့ဝှက်ကြံစည်မှုရဲ့ အခြေခံစခန်းဟာ ဒီနယ်စားကြီးဂေဟာထဲမှာ ရှိတယ်လို့ ကျုပ် သံသယဝင်မိတယ်"

ကွမ်းကျုံးရုပ် အံ့ဩထိတ်လန့်သွားသည်။

"ဟုတ်ပါ့မလားဗျာ"

ထိမုံ့ချူးက ပြုံးလိုက်သည်။

"ကျုပ်သိသလောက် ပြောရမယ်ဆိုရင် ဟောဒီ နယ်စားကြီးဂေဟာကနေပြီးတော့ ခိုင်ဖုန်းမြို့မှာရှိတဲ့ သိုင်းသမားတွေကို လှို့ဝှက်ပြီး အမိန့်ပေးလိုက်တယ်လို့ ကျုပ် ထင်မိတယ်ဗျ"

ကွမ်းကျုံးရုပ်က အတန်ကြာ စဉ်းစားပြီးမှ ပြောလိုက်သည်။

"ခင်ဗျားပြောမှပဲ ကျုပ်က စဉ်းစားမိတော့တယ်ဗျ"

ထိမုံ့ချူးက သမားတော်ကြီး အဝတ်အစားများကို ချွတ်လိုက်ပြီး မျက်နှာပေါ်မှာ တပ်ဆင်ထားသော မျက်နှာဖုံးကိုလည်း ခွာချလိုက်သည်။

"ဒီကိစ္စကို ကျုပ် အတော်စိတ်ဝင်စားလာပြီ၊ ဒါကြောင့် လှို့လှို့ဝှက်ဝှက် လုပ်စရာ မလိုတော့ပါဘူး"

သူတို့သည် ပြောပြောဆိုဆိုဖြင့် လျှောက်လာကြရာ ဧည့်ခန်းထဲသို့ ရောက်ရှိလာလေသည်။

ဧည့်ခန်းထဲတွင် ဆင်းပေတုနှင့် ရှောင်မေတို့ ရောက်ရှိနေသည်ကို တွေ့မြင်လိုက်ရသည်။

* * *

ထိမုံ့ချူးသည် ပင်ကိုယ်ရုပ်သွင်အဖြစ် ပြန်လည်တည်ရှိနေသည်။

သူ၏ရုပ်ရည်မှာ ခန့်ညားချောမောသော်လည်း အေးစက်

တည်ငြိမ်လွန်းသည်ကို တွေ့ရှိရသည်။

ရှောင်မေက ထိမုံ့ချူးအား တွေ့မြင်လိုက်သည်နှင့် တစ်နေ ရာရာမှာ မြင်တွေ့ဖူးသည်ဟု စိတ်ထဲမှာ ထင်မိသည်။

သို့သော် မည်သူမည်ဝါ ဖြစ်သည်ကိုမူ သတိမရမိချေ။

ရှောင်မေ၏မျက်လုံးအစုံသည် ကွမ်းကျုံးရုပ်ဘက်သို့ ရောက်သွားသည်။ ပြီးနောက် လက်နှစ်ဘက်ဆုပ်လိုက်ပြီး…

"ကျွန်မကို တွေ့ချင်တယ်ဆို"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ရှောင်မေ အခြေအနေက တနေ့တခြား ဆိုး ရွားလာတဲ့အချိန် ဖြစ်နေတယ်"

"ဟုတ်ပါတယ်ရှင့်၊ ကျွန်မစိတ်ထဲမှာလည်း ဒီလို ခံစားနေ ပါတယ်ရှင်"

"ဒါနဲ့ နယ်စားကတော်ရဲ့ အိမ်ဖော် ..ားလုံးလိုလို သိုင်း ညာတတ်ကြတယ် မဟုတ်လား"

"အားလုံးတော့ မတတ်ပါဘူး၊ တော်တော်များများတော့ တတ်တယ်လို့ သိရတယ်"

"အရေးအကြက်ကော ပြောပြနိုင်သလား"

"အနီးစပ်ဆုံး ပြောရမယ်ဆိုရင် သန့်ရှင်းရေး အိမ်ဖော် အားလုံး မှုနှစ်ယောက် ရှိပါတယ်၊ အနည်းဆုံး သိုင်းပညာ သုံးယော လောက်တတ်ပါတယ်"

"နယ်စားကတော်ကော"

ရှောင်မေက မျက်မှောင်ကြုတ်သွားပြီး ခေါင်းခါယမ်းလိုက်

သည်။

"ကျွန်မ မပြောတတ်ပါဘူး"

ကွမ်းကျုံးရုပ်က သူမအား စိုက်ကြည့်လိုက်ပြီး တီးတိုးပြော လိုက်၏။

"ရှောင်မေ အခြေအနေ အားလုံးဟာ အရေးကြီးနေပြီ၊ ကျုပ်တို့ကို စကားမှန်မှန် ပြောစေလိုချင်တယ်"

ရှောင်မေက ပခုံးတစ်ချက် တွန့်လိုက်သည်။

"ခက်တာပဲရှင်၊ အမှန်အတိုင်း ပြောရင် လူတွေက မယုံ ကြည်ကြဘူး"

ကွမ်းကျုံးရုပ်က ထိမုံ့ချူးဘက်သို့ လှည့်လိုက်လေသည်။

* * *

ထိမုံ့ချူးက ချောင်းတစ်ချက်ဟန့်လိုက်ပြီး…

"မင်းရဲ့ ပုလဲပန်းလက်နက်ပုန်းကို အနက်ရောင်အင်္ကျီ ဝတ် ..်ထားတဲ့ လူတစ်ယောက်က ဓားနဲ့ ထက်ပိုင်း ခုတ်လိုက်တယ်လို့ ..ပ်သိရတယ်၊ ဟုတ်လား"

ရှောင်မေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"သူက ဘယ်သူလဲဆိုတာရော မင်းသိသလား"

“မသိပါဘူး”

“ဒါဖြင့် သူက မင်းကိုတော့ သိမှာပေါ့”

ရှောမေက အတန်ကြာ တွေဝေနေပြီးနောက်...

“သိမယ်လို့ ထင်ပါတယ်”

“ဒီလိုဆိုရင် အခုရက်အတွင်းမှာ ဘာတွေများ ထူးခြားလာ
တာ တွေ့ရသလဲ”

ရှောင်မေက ခေါင်းခါယမ်းလိုက်သည်။

“ဘာမှ မထူးခြားပါဘူးရှင်”

“ဟုတ်ရဲ့လား”

“ဟုတ်ပါတယ်ရှင်”

ထိမုံ့ချူးက မဲ့ပြုံးပြုံးလိုက်သည်။

“မင်းရဲ့ ပုလဲပန်းလက်နက်ပုန်းဟာ သိုင်းလောကမှာ
ကျော်ကြားတဲ့ ပညာရပ်တစ်ခုပါ”

ရှောင်မေက ပါးစပ်ပိတ်၍ နှုတ်ဆိတ်နေလိုက်သည်။

ထိမုံ့ချူးက ပြောလက်စ စကားကို ဆက်လိုက်သည်။

“မင်း လက်နက်ပုန်းပစ်တဲ့ပညာ တော်တော်လေး ကျွမ်း
ကျင်သလား”

“သိပ်ကျွမ်းကျင်တယ်လို့ မဟုတ်ပေမယ့် ကျင်ကျင်လည်
လည် သုံးနိုင်တယ်လို့ ပြောနိုင်ပါတယ်”

“ပုလဲပန်းလက်နက်ပုန်းကို တကြိမ်ပစ်ရင် ဘယ်နှစ်ပွင့် ပစ်
နိုင်သလဲ”

“အများဆုံး ငါးပွင့်ပဲ ပစ်နိုင်ပါတယ်”



“ကျုပ်တို့ကို ဗဟုသုတအနေနဲ့ ပစ်ပြပါလား”

ရှောင်မေက ဆင်းပေတုဘက်သို့ လှည့်ကြည့်လိုက်လေ
ည်။

ဆင်းပေတုက ခေါင်းညိတ်လိုက်ပြီး...

“ပစ်ပြလိုက်ပါ... ရှောင်မေ”

ရှောင်မေက ဘေးဝန်းကျင်ကို တစ်ချက် ကြည့်လိုက်ပြီး
က်မှောင်ကြုတ်သွားသည်။

“ဒီညှို့ခန်းထဲမှာပဲ ပစ်ရမှာလား”

“ဟုတ်တယ်... ကျုပ်ကို ပစ်မှတ်အဖြစ် ထားပါ့မယ်”

ရှောင်မေက ခေါင်းခါယမ်းလိုက်သည်။

“မဖြစ်ဘူး ထင်တယ်”

“ဘာဖြစ်လို့လဲဗျ”

“နေရာကျဉ်းလွန်းလို့ ရှင့်အတွက် ရှောင်တိမ်းရ ခက်နေလို့
ါ”

ထိမုံ့ချူးက ပြုံးလိုက်သည်။

“ဒီလိုလုပ်ပါ၊ မင်း စိတ်ချလက်ချသာ ငါ့ကို ပစ်ပါ၊ ငါ မ
ှောင်နိုင်လို့ သေသွားရင် ကံတရားပေါ့”

သူသည် ပြုံး၍ စကားဆက်လိုက်သည်။

“တကယ်လို့များ ကျုပ်ကမသေဘူးဆိုရင် ငါမေးတာကို
င်း မှန်မှန်ပြောရပါလိမ့်မယ်”

ရှောင်မေက အံ့ဩစွာဖြင့် မေးလိုက်သည်။

“ရှင်က ကျွန်မကို သံသယဖြစ်နေတယ် မဟုတ်လား”

ထိမ့်ချူးက လက်ကာပြလိုက်သည်။

"နေဦးလေ၊ မင်းပဲ ပုလဲပန်းလက်နက်ပုန်းကို အလျင်စပ်ပြကြည့်ပါဦးလေ"

"မပစ်လို့ မရဘူးလား"

"မဖြစ်လို့ပါ၊ မင်း စိတ်ကြိုက် ပစ်သာပစ်ပါ"

ရောင်မေက အနည်းငယ် စဉ်းစားလိုက်သည်။

"ကောင်းပါပြီရှင်၊ ကျွန်မ ရှင့်ရဲ့ဆန္ဒကို ဖြည့်ပေးပါတော့မယ်"

* * *

ထိမ့်ချူးသည် ဧည့်ခန်းနံရံဘက်သို့ လျှောက်သွားလေသည်။

သူသည် နံရံကို ကျောမှီလိုက်ပြီး ရပ်လိုက်သည်။

"ကဲ... ရောင်မေ၊ မင်း ပစ်နိုင်ပါပြီ"

ရောင်မေသည် ပုလဲပန်းကို ထုတ်ယူလိုက်သည်။

ဆင်းပေတုသည် ထိမ့်ချူးအား အံ့သြစွာဖြင့် ကြည့်နေ၏။

"ကဲ... သတိထားပေတော့"

ရောင်မေက ယင်းသို့ သတိပေးလိုက်ပြီး လက်တစ်ချက် ဝှေ့ယမ်းလိုက်လေသည်။ ထိုအခါ အဖြူရောင်တန်းတစ်ခုသည် ထိမ့်ချူးထံသို့ ပစ်လွှင့်လာပြီးနောက် ထိမ့်ချူးသည် လျင်မြန်စွာဖြင့် လက်တစ်ချက် ဝှေ့ယမ်းလိုက်လေသည်။ မကြာမီ ထိမ့်ချူး၏ လက်ထဲ၌ ပုလဲပန်းတစ်ပွင့် ဖမ်းယူထားသည်ကို တွေ့ရှိရလေသည်။



ရောင်မေ အံ့အားသင့်သွားသည်။ ထပ်မံ၍ ပစ်လွှင့်လိုက်ပြန်သည်။

"ကဲ.... လာပြီ"

သူမသည် ပြောပြီး လက်တစ်ချက် ဝှေ့ယမ်းလိုက်ရာ အဖြူရောင်တန်း နှစ်ခုသည် ထိမ့်ချူးထံသို့ ပစ်လွှင့်သွားပြန်လေသည်။

"နောက်ထပ် လာပြန်ပြီ၊ သတိထားပေတော့"

ရောင်မေက ပြောရင်း နောက်ထပ် ပုလဲပန်းနှစ်ပွင့်အား ပစ်လွှင့်လိုက်သည်။ ပုလဲပန်းလေးပွင့်သည် ရှေ့ဆင့်နောက်ဆင့် ထိမ့်ချူးထံ ပစ်လွှင့်သွားလေသည်။

ကွမ်းကျုံးရုပ်နှင့် ဆင်းပေတုတို့မှာ အံ့သြတုန်လှုပ်သွားကြလေသည်။

ထိမ့်ချူးအတွက်လည်း စိုးရိမ်ပူပန်သွားသည်။

သို့သော် ပစ်လွှင့်လာသော အဖြူရောင်တန်း လေးခုတို့သည် ထိမ့်ချူးအနီးသို့ ရောက်ရှိသွားသောအခါ ရုတ်တရက် ပျောက်ကွယ်သွားလေသည်။

မကြာမီမှာပင် ထိမ့်ချူးသည် သူ၏လက်ထဲမှ ပုလဲပန်း ငါးပွင့်ကို လက်ဝါးပေါ်၌ ဖွင့်ပြလိုက်သည်။

"ဟောဒီမှာ မင်းရဲ့ ပုလဲပန်း ငါးပွင့်စလုံး ရှိပါတယ်"

ရောင်မေ၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွားလေ

သည်။

ထိမ့်ချူးက ပြုံး၍...

“ဘယ့်နှယ်လဲ... မင်း မကျေနပ်သေးရင် ထပ်ပစ်နိုင်ပါတယ်”

ပြောပြီး ပုလဲပန်းများအား ပြန်ပေးလိုက်လေသည်။

ရောင်မေက သက်ပြင်းတစ်ချက် ချလိုက်သည်။

“ရှင့်ရဲ့ သိုင်းပညာကို ကျွန်မ ချီးကျူးပါတယ်ရှင်”

ထိမ့်ချူးက ပြုံးလိုက်သည်။

“ဒါဖြင့် ငါ မေးတာကို မင်းကောင်းကောင်း ဖြေမယ်ဆိုပါတော့...”

ရောင်မေက ခေါင်းညိတ်လိုက်သည်။

“ဟုတ်ကဲ့...”

“ကောင်းပြီ... ကျုပ် ပထမဆုံး သိချင်တာက မင်းဟာ ရှစ်ကွက်အင်းဂိုဏ်းက ဂိုဏ်းခေါင်းဆောင်လား၊ အဖွဲ့ဝင်လား”

ရောင်မေက ခေါင်းခါယမ်းလိုက်သည်။

“ခေါင်းဆောင်လဲ မဟုတ်ပါဘူး၊ အဖွဲ့ဝင်လဲ မဟုတ်ပါဘူး”

“ဒါဖြင့် သူတို့ ခိုင်းတာကို ဘာကြောင့် လုပ်နေရတာလဲ”

ရောင်မေက ခေါင်းဆတ်ခနဲ မော့လိုက်ပြီး...

“သူတို့က (၈)ကွက်အင်းဂိုဏ်း ဆိုတာ ရှင်ဘယ်လိုလုပ်သိသလဲ”

* * *



ကွမ်းကျုံးရုပ်နှင့် ဆင်းပေတုတို့သည် (၈)ကွက်အင်းသိုင်း
သော ပညာရပ်ကို ကြားလိုက်ရသောအခါ အံ့အားသင့်ကုန်ကြ
လသည်။

သူတို့သည် ထို(၈)ကွက်အင်းဂိုဏ်းကို ကြားသိခဲ့သည်မှာ
စ်ပေါင်းအတန်ကြာသွားပြီ ဖြစ်သော်လည်း ယခု သိုင်းလောကတွင်
၈)ကွက်အင်းဂိုဏ်းမှာ တိမ်မြုပ် ပျောက်သွားသည်မှာ ကြာပါချေ
ပြီ။

(၈)ကွက်အင်းဂိုဏ်း၏ အမည်ကိုလည်း နောင်လာနောက်
သား သိုင်းသမားများက မသိကြ၊ မကြားဘူးကြပေ။

ထို့ကြောင့် ထိမ့်ချူးက (၈)ကွက်အင်းဂိုဏ်းအကြောင်း
ပြောလာသောအခါ အံ့သြသွားသည်မှာ မဆန်းပေ။

* * *

ထိမ့်ချူးက ရောင်မေအား စိုက်ကြည့်လိုက်သည်။

“မင်းက (၈)ကွက်အင်း ဂိုဏ်းသား မဟုတ်ဘူးဆိုရင် သူတို့
က မင်းကိုတစ်ခုခု အပိုင်ကိုင်ထားတာ ရှိရမယ်”

ရောင်မေမှာ မည်သို့မျှ ပြန်လည်ချေပနိုင်စွမ်း မရှိဘဲ
ခေါင်းငုံ့ထားလိုက်လေသည်။

ထိမ့်ချူးက ဆင်းပေတုဘက်သို့ လှည့်လိုက်ပြီး...

"ဆင်းပေတု... သူ့ကို ရှာဖွေစစ်ဆေးကြည့်စမ်း"

ဆင်းပေတုက ထိမ့်ချူး၏စကားကြောင့် ကြောင်အမ်းအမ်း ဖြစ်သွားပြီးနောက် ရှောင်မေ၏ကိုယ်ပေါ်သို့ စစ်ဆေးကြည့်သည်။

ထိုသို့ စစ်ဆေးကြည့်ရှုလိုက်သောအခါ ရှောင်မေ၏ ရင်ညွန့်တည့်တည့်တွင် ဆီးသီးခန့်ရှိသော အနီရောင် မှဲ့တစ်လုံး ရှိသည်ကို တွေ့ရှိရသည်။

ထိမ့်ချူးက အေးတိအေးစက်ဖြင့် ကြည့်လိုက်ပြီး ရှောင်မေအား မေးလိုက်သည်။

"ကဲ... အမှန်အတိုင်း ပြောစမ်း၊ ဟောဒီ မှဲ့နီတစ်လုံးဟာ ငယ်ငယ်ကတည်း ပါလာသလား"

ရှောင်မေက ထိမ့်ချူးအား ပြန်လည်စိုက်ကြည့်ပြီး ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူးရှင်"

"ဒါဖြင့် အနီရောင်မှဲ့ကို ဘယ်သူက ပေးထားတာလဲ"

ရှောင်မေက မျက်မှောင်ကြုတ်သွားပြီး ထိမ့်ချူးအား မေးလိုက်သည်။

"ရှင် ကတိတစ်ခု ပေးနိုင်ပါ့မလား"

"စိတ်ချ... ဒါပေမယ့် ကျုပ်တို့က အမှန်အတိုင်း သိချင်ပါတယ်"

ရှောင်မေက အနည်းငယ် စဉ်းစားလိုက်သည်။

"ကျွန်မ ပြောပါ့မယ်၊ ဒါပေမယ့်..."



ထိမ့်ချူးက နားမလည်နိုင်စွာဖြင့် မေးလိုက်သည်။

"ဒါပေမယ့် ဘာဖြစ်သလဲ"

"ကျွန်မကို အခွင့်အရေးတစ်ခု ပေးပါ"

"ပြောပါ"

"ပထမအချက်ကတော့ ရှင်က ကျွန်မရဲ့ အနီရောင်မှဲ့ကို ဖယ်ပေးနိုင်ခဲ့ရင် ဝေဒနာ မခံစားရအောင် ကျွန်မကို သတ်လိုက်ပါ"

ထိမ့်ချူးက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ... ကျုပ် ကတိပေးတယ်"

ရှောင်မေက အနီရောင်မှဲ့အကြောင်းကို ပြောပြလိုက်သည်။

"ဟောဒီ အနီရောင်မှဲ့ဟာ တစ်နေ့တည်း ဆယ်ဆမက ကျယ်ပြန့်လာပါတယ်၊ နှစ်ရက်အတွင်းမှာ ဟောဒီ အနီရောင်မှဲ့ဟာ မျက်နှာပေါ်အထိ ကူးစက်လာပါလိမ့်မယ်"

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားသည်။

"ကျုပ် နားလည်ပါပြီ၊ သူက ဒီနည်းနဲ့ မင်းကို ခြိမ်းခြောက်တာကိုး"

ရှောင်မေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်... (၃)ရက်လောက်ဆိုရင် ကျွန်မရဲ့ တစ်ကိုယ်လုံးမှာ အနီကွက်တွေ ဖြစ်လာပါလိမ့်မယ်၊ ရှင်ပဲ စဉ်းစားကြည့်လေ... ကျွန်မဟာ ဘယ်လိုလူထူးလူဆန်း ဖြစ်သွားမယ်ဆိုတာ"

ဆင်းပေတုက သက်ပြင်းချလိုက်သည်။

"အင်း... သူတို့ရဲ့ အကြံဟာ အတော်ယုတ်မာပါလား"

ထိမ့်ချူးက စကားဆက်လိုက်သည်။

"မင်းကို ဘယ်သူက အနီရောင်မှဲ့ လုပ်ပေးသွားတာလဲ"

ရောင်မေက စဉ်းစားယင်း ခေါင်းခါယမ်းလိုက်သည်။

"မသိပါဘူးရှင်"

"ဒါဖြင့် အနီရောင်မှဲ့ဟာ ဘယ်လိုဖြစ်တယ်ဆိုတာတော့ ပြောနိုင်မှာပေါ့နော်"

"ဟုတ်ကဲ့ရှင့်"

"ဒါဖြင့် ပြောပြပါအုံး"

"ပထမဆုံး သူက ကျွန်မကို မေ့ဆေးအနံ့ပေးပြီး ကျွန်မကို သတိမေ့အောင် လုပ်လိုက်ပါတယ်၊ နောက် ကျွန်မ သတိမေ့သွားမှ တစ်နေရာကို ခေါ်သွားကြပါတယ်"

"ဘယ်နေရာကို ခေါ်သွားတာလဲ"

"မသိပါဘူးရှင်"

"သိသလောက် ပြောပြပါ"

ရောင်မေက တွေးတွေးဆဆ ပြောနေပြန်သည်။

"ကျွန်မစိတ်အထင်နဲ့ ပြောရမယ်ဆိုရင် နယ်စားကြီးဂေဟာ တစ်နေရာရာကို ခေါ်သွားတယ်လို့ ယူဆပါတယ်"

"အဲဒီမှာ ဘယ်သူတွေနဲ့ တွေ့သလဲ"

ခေါင်းဆောင်ဖြစ်တဲ့လူက အဝါရောင်အင်္ကျီရှည် ဝတ်ဆင်ထားပြီး သူ့ရဲ့ ရင်ဘတ်မှာ ရွှေရောင်ချည်ဖြင့် (၈)ကွက်အင်း ထိုးထားတာကို တွေ့ရပါတယ်၊ သူ့ရဲ့မျက်နှာကိုလဲ ရွှေရောင်မျက်နှာဖုံး တစ်ခု တပ်ဆင်ထားတာ တွေ့ရပါတယ်"



"သူတစ်ယောက်တည်းပဲလား"

"တခြားလူ (၄)-(၅)ယောက် ရှိလိမ့်မယ်လို့ တွေ့ရတယ်"

"အဲဒီ လူတွေကိုကော မမှတ်မိဘူးလား"

"သူတို့အားလုံး အနက်ရောင်အဝတ်နဲ့ တစ်ကိုယ်လုံး ဖုံးအုပ်ထားတော့ သူတို့ ဘယ်သူဘယ်ဝါဆိုတာ မသိနိုင်ပါဘူး"

ထိမ့်ချူးသည် ဆင်းပေတုနှင့် ကွမ်းကျူးရှပ်တို့ဘက်သို့ လှည့်လိုက်သည်။

"ခင်ဗျားတို့ ကြားတယ် မဟုတ်လား၊ (၈)ကွက်အင်းဂိုဏ်းဟာ နယ်စားကြီးဂေဟာကို အခြေခံစခန်းအဖြစ် အသုံးချနေကြပြီဆိုတာ ဒါကြောင့် သူတို့ကို အထင်သေးလို့ မဖြစ်တော့ဘူး"

ရောင်မေက ဝမ်းနည်းလိုက်လှဲသော အသံဖြင့် တောင်းပန်တိုးလျှိုးစွာ ပြောလိုက်သည်။

"ကျွန်မကို ဒီအနီရောင်မှဲ့ ကုသပေးကြပါလားရှင်"

ထိမ့်ချူးက သူ၏အိတ်ထဲတွင် ကြွေဗူးတစ်ဗူး ထုတ်ယူလိုက်ပြီး အဖြူရောင်ဆေးလုံးတစ်လုံး ပေးလိုက်လေသည်။

"အဲဒီ ဆေးလုံးသောက်ပြီး အတွင်းအားကို အသုံးပြုပြီးတော့ သွေးကြောတစ်ပတ်လည်အောင် လေ့ကျင့်လိုက်ပါ"

ရောင်မေသည် အဖြူရောင်ဆေးလုံး သောက်ချလိုက်ပြီး တင်ပျဉ်ခွေ ထိုင်ချလိုက်လေတော့သည်။

ရေနွေးအိုးတစ်အိုးကျက်ခန့် ကြာသွားပြီးနောက် ထိမ့်ချူးက ချောင်းတစ်ချက်ဟန့်လိုက်ပြီး စကားစတင် မေးလိုက်သည်။

"ဘယ့်နှယ်လဲ ရောင်မေ၊ မင်းအခြေအနေ အားလုံး ကောင်း

သွားပြီလားလို့"

ရောင်မေသည် သက်ပြင်းချလိုက်ပြီး သူ၏ရင်ညွန့်သို့ ငုံ
ကြည့်လိုက်ရာ အနီရောင်မှဲ့သည် လုံးဝပျောက်ကွယ်သွားပြီး အစ
လေးတစ်ခု ထင်နေသေးသည်ကိုသာ တွေ့ရသည်။

ရောင်မေမှာ ဖော်မပြနိုင်လောက်အောင် ဝမ်းသာသွားမေ
သည်။

"ကျေးဇူးတင်လိုက်တာရှင်"

ထိမ့်ချူးက ဆင်းပေတုဘက်သို့ လှည့်လိုက်ပြီး...

"မထူးတော့ပါဘူးလေ၊ သူတို့ကို အတိအလင်း စိန်ခေ
လိုက်တာပဲ ကောင်းမယ် ထင်တယ်"

ဆင်းပေတုနှင့် ကွမ်းကျုံးရုပ်တို့က ပြိုင်တူ သဘော
ခေါင်းညိတ်လိုက်ကြသည်။

"အလွန်ကောင်းတဲ့ အကြံအစည်ပါပဲဗျာ"

ထိမ့်ချူးက ရောင်မေဘက်သို့ လှည့်လိုက်သည်။

"မင်းကော တို့ဘက်ကို အကူအညီ ပေးနိုင်မလား"

ရောင်မေက ရင်ကော့လိုက်ပြီး ရဲရဲဝံ့ဝံ့ ပြောလိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်မ အခုတော့ အားလုံးကို ရင်ဆိုင်ရဲပါပြီ
ကျွန်မရဲ့ လက်နက်တွေကို သွားယူလိုက်ပါအုံးမယ်"

သူသည် ပြောပြီးသည်နှင့် ထိုနေရာမှ လျှင်မြန်စွာ ထွက်
ခွာသွားလေသည်။

* * *



ထိမ့်ချူးသည် ကွမ်းကျုံးရုပ်ဘက်သို့ လှည့်လိုက်သည်။

"အခု ကျုပ်တို့မှာ လူအင်အား တော်တော် လိုနေပြီဗျ"

ဆင်းပေတုက ကြားဖြတ်ပြောလိုက်သည်။

"ကျုပ်မှာ စိတ်ချယုံကြည်ရတဲ့ ကိုယ်ရံတော် (၁၈)ယောက်
ပါတယ်"

ထိမ့်ချူးက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ သူတို့ကို သုံးဖွဲ့ခွဲပြီး ဧည့်ခန်းရဲ့ အနီးတစ်ဝိုက်
မှာ တင်းတင်းကျပ်ကျပ် စောင့်ကြည့်နိုင်းပါ"

ဆင်းပေတုက ခေါင်းညိတ်လိုက်ပြီး ခြေလှမ်းကျဲကျဲဖြင့်
ထွက်ခွာသွားလေသည်။

ထိမ့်ချူးက ကွမ်းကျုံးရုပ်ဘက်သို့ လှည့်၍ ပြောလိုက်
သည်။

"ဌာနမှူးရဲ့ ကျားမာန်အာမခံဌာနအဖွဲ့ဝင်တွေကိုလည်း
ခေါ်လိုက်ပါဦးဗျာ"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ၊ ကျုပ် လူလွှတ်ပြီး ခေါ်လိုက်ပါ့မယ်"

* * *

ည။

လရောင် မရှိသော်လည်း ကြယ်ကလေးများ၏ အရောင်

လင်းလက်နေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း တိတ်ဆိတ်

သည်။

နယ်စားကြီးဂေဟာတစ်ခုလုံးကို ကွမ်းကျုံးရုပ်တို့ လူစု

စောင့်ကြပ်ထားလေသည်။

သူတို့သည် ဆင်းပေတု၏ ကိုယ်ရံတော်အဖြစ် ဝင်ရောက်

အမှုထမ်းဆောင်နေခြင်း ဖြစ်သည်။

ထိမုံ့ချူးသည် နယ်စားကြီးအား စိတ်မချသဖြင့် ဧည့်ခန်း

ထဲသို့ ရွှေ့ပြောင်းလာလေသည်။

နယ်စားကြီးအတုကို မူလ နယ်စားကြီးအိပ်ခန်း၌ပင် ထား

လေသည်။

ထိမုံ့ချူး၊ ကွမ်းကျုံးရုပ်နှင့် ဆင်းပေတုတို့မှာမူ ဧည့်ခန်း

ထဲ၌သာ စုရုံးနေကြပြီး ဘေးပတ်ဝန်းကျင်အား စောင့်ကြည့်အကဲခတ်

နေကြလေသည်။

ယို့လုံး၊ ချင်းတဟောင်တို့၏နေရာတွင် မည်သည့် ထူးခြား

သည့်ကိစ္စမျှ မဖြစ်သဖြင့် အေးချမ်းသာယာနေ၏။

သို့သော် ယန်စုစိန်ရောက်လာသောအခါ အခြေအနေမှာ

အနည်းငယ် ထူးခြားသွားသည်။

* * *



ဆင်းပေတုသည် ယန်စုစိန်ပြောပြသည့် စကားများကို ြားရသောအခါ အံ့သြသွားလေသည်။

“ခင်ဗျား တွေ့ခဲ့တဲ့လူဟာ နယ်စားကတော်ဆိုတာ သေချာ ယ်နော်”

ယန်စုစိန်က ခေါင်းညိတ်လိုက်သည်။

“သေချာပါတယ်”

“နယ်စားကြီးကတော် ဘုရားကိုးကွယ်ထားတဲ့ အဆောင် ဲကိုသွားတာ သေချာတယ်နော်”

“သေချာပါတယ်”

“သူက နှစ်ခေါက်တောင် သွားတယ် ဟုတ်လား”

ယန်စုစိန် ခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ်”

ဆင်းပေတုမှာ ခေါင်းရှုပ်သွားပြီး စဉ်းစားရကျပ်သွားသည်။

“သူက ဘုရားဆောင်သွားပြီး ဘာလုပ်နေပါလိမ့်”

“ဒါတော့ ကျုပ်လည်း မသိဘူး”

ထိမုံ့ချူးက အတန်ကြာအောင် စဉ်းစားလိုက်သည်။

“ဘုရားဆောင်မှာ လူနေသလား”

“ဘုရားဝေယျာဝစ္စလုပ်ဖို့ လူတစ်ယောက် ထားပါတယ်”

“သူက ဘယ်သူလဲ”

“အဘွားကြီးတစ်ယောက်ပါ”

“အသက် ဘယ်လောက်ရှိပြီလဲ”

“ခုနစ်ဆယ် ကျော်ပါပြီ”

ထိမ့်ချူးက ယန်စုစိန်ဘက်သို့ လှည့်၍ မေးလိုက်ပြန် ည်။

"ခင်ဗျားတွေ့ခဲ့တာ နယ်စားကတော်ဆိုတာ သေချာ

နော်"

"သေချာပါတယ်ဗျာ"

"ဘယ်နှစ်ခေါက်သွားသလဲ"

"နှစ်ခေါက်ပါ"

ထိမ့်ချူးက အနည်းငယ် စဉ်းစားလိုက်သည်။

"ကျုပ်တို့ ဘုရားဆောင်ကို သွားကြည့်ရင် ကောင်းမ

ထင်တယ်"

ဆင်းပေတုက ခေါင်းညိတ်လိုက်သည်။

"ကျုပ် လိုက်ပြပါ့မယ်"

ထိမ့်ချူးက ယို့လုံးနှင့် ကျွန်းအော့တို့အား ခေါင်းညိတ်

လိုက်သည်။

"ခင်ဗျားတို့ ဒီကိုခဏလာပါဦး"

ယို့လုံးနှင့် ကျွန်းအော့တို့သည် ထိမ့်ချူးထံသို့ လျှောက်

သွားပြီး ဦးညွှတ်လိုက်သည်။

ထိမ့်ချူးက သူတို့နှစ်ယောက်အား စေ့စေ့ကြည့်လိုက်

"ခင်ဗျားတို့နှစ်ယောက် ဓားကို အသုံးပြုတယ် မဟုတ်

လား"

ကျွန်းအော့နှင့် ယို့လုံးတို့က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ထိမ့်ချူးသည် သူတို့နှစ်ယောက်အား အနီးသို့ခေါ်လိုက်



"ဒါဖြင့် စားပွဲအနီးကို လာကြ"

ယို့လုံးနှင့် ကျွန်းအော့တို့သည် စားပွဲအနီးသို့ လျှောက်

ွားပြီး ရပ်တန့်လိုက်သည်။

"ခင်ဗျားတို့ကို ကျုပ်ဓားကွက်သုံးကွက် သင်ပေးမယ်၊ ခင်

ားတို့က သေသေချာချာမှတ်ပါ၊ နားထောင်ပါ၊ ကျုပ်က တစ်ကြိမ်

ပြောပြမယ်၊ သင်ပေးမယ်"

သူသည် ရေနွေးကြမ်းပန်းကန်ထဲမှ ရေငံနွေးအား လက်ညှိုး

င့် တို့၍ စားပွဲပေါ်သို့ ဓားပုံသုံးပုံကို ရေးဆွဲလိုက်လေသည်။

"ဒီဓားကွက်ဟာ သုံးကွက်တိတိပဲရှိတယ်၊ ဒါပေမယ့် အ

ွန်ထက်မြက်တယ်"

"ခင်ဗျားတို့က ဒီဓားကွက်သုံးကွက်ကို ကျွမ်းကျင်အောင်

လေ့ကျင့်ပြီးတဲ့အခါမှာ သုံးကွက်ကနေ ကိုးကွက်အထိ ပွားလာလိမ့်

ယ်"

သူသည် ခေတ္တနားပြီးမှ စကားဆက်လိုက်ပြန်သည်။

"ရန်သူနဲ့ တိုက်ခိုက်တဲ့အခါမှာ ဒီဓားကွက် သုံးကွက်ကို

အသုံးပြုပြီးသည့်တိုင်အောင် ရန်သူကို မနိုင်သေးရင် ခင်ဗျားတို့မှာ

အလွန်အဆင့်မြင့်တဲ့ ရန်သူနဲ့ ရင်ဆိုင်ရပြီလို့သာ မှတ်ပါ"

သူသည် ပြောရင်း လက်ထဲမှ ဓားတစ်လက်ကိုင်ပြီး သိုင်း

ကွက်အား ပြသလိုက်သည်။

"ခင်ဗျားတို့ စိတ်မပျက်နဲ့၊ ဒီဓားကွက် သုံးကွက်ကို ထပ်တ

လဲလဲ အသုံးပြုပါ၊ အနည်းဆုံး ရန်သူရဲ့တိုက်ကွက်ကို ဟန့်တား

နိုင်တယ်ဗျ"

ယို့လုံးနှင့် ကျွန်းအော့တို့သည် သင်ပြပေးသော ဓားကွ
အား အာရုံစူးစိုက်စွာဖြင့် ကြည့်နေ၏။

ဓားကွက်သုံးကွက်သာ ဆိုသော်လည်း ထိမ့်ချူးမှာမူ
ပေါင်း(၃၆)ပုံဖြင့် ဖော်ပြထားလေသည်။

ယို့လုံးနှင့် ကျွီးအော့တို့သည် ဓားပညာ၌ အခြေခံကော
သဖြင့် ထိုဓားကွက် သုံးကွက်အား ကောင်းစွာ ရယူသင်ယူနိုင်ခဲ့
သည်။

သူတို့သည် (၃၆)ပုံစလုံး သင်ယူပြီးသည်နှင့် ပထမ
ရေးဆွဲသော ပုံပေါင်းနှစ်ဆယ်ကျော် တတ်မြောက်သွားပြီး ဖြစ်

ယို့လုံးနှင့် ကျွန်းအော့တို့သည် ဓားကွက်များကို သေ
စွာ မှတ်သားနေလေသည်။

ထိမ့်ချူးက ရေနွေးကြမ်းသောက်ရင်း ကြည့်ရှုနေသည်
သူသည် ဆင်းပေတုဘက်သို့ လှည့်လိုက်သည်။

"ကျုပ်တို့ ဘုရားဆောင်ဘက်ကို သွားကြရအောင်"

ကွမ်းကျုံးရုပ်သည် ထိုင်ရာမှ ထလိုက်ပြီး...

"ကျုပ်ပါ လိုက်ရမလား"

"ဌာနမှူးက နယ်စားကြီးကို စောင့်နေပါ။ ယန်စုစိန်ကို
ခေါ်သွားမယ်"

သူတို့သုံးယောက်သည် ဧည့်ခန်းထဲမှ ထွက်သွားကြလေ
တော့သည်။

* * *

## ဘုရားဆောင်

ဤနေရာသည် အလွန်တိတ်ဆိတ်ပြီး အေးချမ်းသောနေရာ
ဖြစ်သည်။

ဘုရားဆောင်က အလွန်ကျယ်ဝန်းသည် မဟုတ်သော်
လည်း လူတစ်ရပ်ခန့် အုတ်နံရံ ဝိုင်းရံထားလေသည်။

ဆင်းပေတုသည် အဆောင်တံခါးနားတွင် မတ်တတ်ရပ်
လိုက်ပြီး တံခါးခေါက်လိုက်သည်။

အတန်ကြာမှ တံခါးဖွင့်လာလေသည်။

တံခါးဝ၌ အဘွားအိုတစ်ယောက်သည် တောင်ဝှေးကိုင်
လျက် ထွက်လာလေသည်။

ဆင်းပေတုက ဦးညွတ်လိုက်သည်။

"ကျုပ်ပါ"

ယခုမှ အဘွားအိုက ဆင်းပေတုအား တွေ့မြင်သွားသည်။

"ကိုယ်ရံတော်မှူးကိုး"

"ဟုတ်တယ်"

"ဘာကိစ္စရှိလို့လဲ"

"အထဲ ခဏဝင်မလို့ ဝင်ခွင့်ပြုပါ"

"ဝင်ပါရှင်"

အဘွားအိုက လမ်းဖယ်ပေးလိုက်သည်။

ထိမုံ့ချူးနှင့် ယန်စုစိန်က နောက်မှ လိုက်ဝင်သွားလေ၏။

အဘွားအိုသည် ဆင်းပေတုအား ဖယ်ပေးလိုက်ပြီး ကျန်လူများအား ဟန့်တားလိုက်လေသည်။

"ရှင်တို့ ဘယ်သွားမလို့လဲ"

ဆင်းပေတုက လှည့်ကြည့်လိုက်သည်။ ထို့နောက် အဘွားအိုအား ပြောလိုက်သည်။

"သူတို့ကို ပေးဝင်လိုက်ပါ"

အဘွားအိုက ခေါင်းခါယမ်းလိုက်သည်။

"ဝမ်းနည်းပါတယ်၊ အပြင်လူ အဝင်မခံပါဘူး"

"ဘာဖြစ်လို့လဲ"

"ဒီဘုရားဆောင်ဟာ နယ်စားကတော်ရဲ့ ဘုရားဆောင်ပါ အပြင်လူ ဝင်ခွင့်မရှိပါဘူး"

ထိမုံ့ချူးက လျှပ်တပြက် အဆောင်ထဲသို့ ဝင်လိုက်သည်။



ယန်စုစိန်ကလည်း ထက်ကြပ်မကွာ လိုက်ပါသွားသည်။

ထိုအခါ အဘွားအိုက သူ၏တကောက်ကွေးအား တောင်ဝှေးဖြင့် လှမ်းရိုက်ချလိုက်ရာ...

"ဝုန်း"

ယန်စုစိန်၏ ခန္ဓာကိုယ်သည် မြေပေါ်သို့ ဖင်ထိုင်လျက်လဲကျသွားလေသည်။

ယန်စုစိန်က စိတ်မဆိုးသည့်ပြင် တဟားဟား ရယ်မော၏။

အဘွားအိုမှာ မျက်မှောင်ကုပ်သွားသည်။

"ဘာရယ်တာလဲ"

ယန်စုစိန်က ရယ်မောရင်း ပြောလိုက်သည်။

"ခင်ဗျားက သိုင်းပညာတတ်တယ်ဆိုတာ အခု ထင်ရှားနေပြီဗျာ"

ဆင်းပေတုကလည်း သူမအား စိုက်ကြည့်လိုက်သည်။

"ကဲ..ခင်ဗျားအကြောင်းလည်း ပေါ်သွားပြီ၊ ခင်ဗျားဘယ်သူလည်းဆိုတာ ပြောပါ"

အဘွားအိုက မျက်နှာထား တည်စွာဖြင့် ပြောလိုက်သည်။

"ကျုပ်က နယ်စားကြီးတစ်ယောက်ရဲ့ အမိန့်အရ ဒီဘုရားဆောင်မှာ စောင့်ကြပ်ဖို့ တာဝန်ကျတယ်၊ ရှင်တို့ ဝင်မယ်ဆိုရင် နယ်စားကတော်ဆီ အမိန့်တောင်းခဲ့ပါ"

ဆင်းပေတုက အေးစက်မာကြောသော လေသံဖြင့် ပြောလိုက်သည်။

"ကျုပ်က ကိုယ်ရံတော်မှူးတစ်ယောက် အနေနဲ့ အဘွားကို

အမိန့်ပေးတယ်၊ လက်ထဲက တောင်ဝှေးကို ချထားလိုက်ပါ”

အဘွားအိုက မဲ့ပြုံးပြုံးလိုက်သည်။

“ကျုပ်က မနာခံဘူးဆိုရင်ကော”

ဆင်းပေတုက အေးတိအေးစက်ဖြင့် ပြောလိုက်ပါသည်။

“ကျုပ် တောင်ဝှေးချအောင် လုပ်ရမှာပဲ”

အဘွားအိုက ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး ပြော
လိုက်သည်။

“ကျုပ်ကို မခြိမ်းခြောက်ပါနဲ့၊ ကျုပ်က မကြောက်ပါဘူး”

ဆင်းပေတုက ထိမုံ့ချူးအား ကြည့်လိုက်သည်။

ထိမုံ့ချူးမှာ သူ့အား မကြည့်ဘဲ ဘုရားဆောင်ကိုသာ အ
ကဲခတ်ကြည့်နေ၏။

ဆင်းပေတုက ချောင်းတစ်ချက်ဟန့်လိုက်ပြီး...

“ခင်ဗျား ဒီလောက် ခေါင်းမာနေတာ ဒီအဆောင်ထဲမှာ
အဖော်တွေ ရှိနေပြီနဲ့ တူတယ်”

“ဟုတ်ပါတယ်ဗျာ”

ထိုအသံနှင့်အတူ အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားပြီး မျက်
နှာပေါ်တွင် ဓာပဝါနက်ဖြင့် ဖုံးထားသော လူတစ်ယောက်က ဘုရား
စင်နောက်ကွယ်မှ ထွက်လာလေသည်။

အဘွားအိုက မဲ့ပြုံးပြုံးလိုက်သည်။

“ရှင်တို့အားလုံး အခုနေ ပြန်ထွက်သွားရင် အချိန်မီသေး
တယ်”

ဆင်းပေတုက ပြုံးလိုက်ပြီး ပမာမခန့် ပြန်လည်ပြောလိုက်



သည်။

“ခင်ဗျား ဘယ်သူဆိုတာ ရှင်းရှင်းပဲ ပေါ်လာပါပြီလေ”

အဘွားအိုက မဲ့ပြုံးပြုံးလိုက်ပြီး တောင်ဝှေးကို မြှောက်၍
ပြောလိုက်သည်။

“ဘာပဲဖြစ်ဖြစ် ရှင်တို့ ထွက်သွားပါ”

ဆင်းပေတုက ဒေါသခြောင်းခြောင်း ထွက်လာသည်။

“ခင်ဗျားက အာဏာဖီဆန်မလို့လား”

သူသည် ပြောပြီးသည်နှင့် အဘွားအိုထံသို့ ချဉ်းကပ်သွား
လေသည်။

“ရပ်လိုက်...”

အဘွားအိုက ဟန့်တားလိုက်သည်။

ဆင်းပေတုသည် မနာခံဘဲ ဆက်၍ ချဉ်းကပ်သွားလေ
သည်။

အဘွားအိုက တောင်ဝှေးဖြင့် ဝှေ့ယမ်းလိုက်ရာ...

“ဝုန်း...”

ဆင်းပေတုမှာ ဖင်ထိုင်လျက် လဲကျသွားလေသည်။

သူသည် မည်သို့မျှ နာကျင်ခြင်း မရှိသော်လည်း ဒေါသ
ခြောင်းခြောင်း ထွက်သွားလေသည်။

ထို့နောက် ပြန်လည်မတ်တတ်ရပ်လိုက်ပြီး တိုက်ခိုက်လိုက်
သည်။

“ယား...”

အဘွားအိုမှာ မမျှော်လင့်သော တိုက်ခိုက်မှုကြောင့် ပြန်

လည်တိုက်ခိုက်လိုက်ရလေသည်။

"ဝုန်း..."

ဆင်းပေတုမှာ ထပ်မံ၍ ဖင်ထိုင်လဲကျသွားပြန်လေသည်။

ယန်စုစိန်က ဝင်ရောက်ကူညီရန် ဟန်ပြင်လိုက်သည်။ သို့သော် အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားသောလူက သူ့အား ဟန့်တားထားလိုက်လေသည်။

ဆင်းပေတုမှာ မခံမရပ်နိုင်အောင် ဒေါသထွက်ကာ သူ၏ လက်ထဲမှ ဓားဖြင့် ဆွဲထုတ်တိုက်ခိုက်လိုက်လေသည်။

"ခြွမ်း..."

အဘွားအိုသည် ကြောက်ရွံ့ခြင်း မရှိဘဲ တောင်ဝှေးဖြင့် ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ထိုစဉ် ထိမုံ့ချူးသည် အဘွားအို၏ တောင်ဝှေးအား လျင်မြန်စွာ ဖမ်းထားလိုက်လေတော့သည်။

* * *

အဘွားအိုမှာ အနည်းငယ် တုန်လှုပ်သွားသည်။

သူမ၏ ရက်စက်ကြမ်းကြုတ်သော မျက်လုံးအစုံသည် ထိမုံ့ချူးအား စိုက်ကြည့်လိုက်လေသည်။

ထိမုံ့ချူးက ပြုံးလိုက်ပြီး...



"အင်း... ဒီဘုရားဆောင်ဟာ ခင်ဗျားတို့ အမိန့်ပေး လှုပ်ရှားနေတဲ့ စခန်းတစ်ခု ဖြစ်နေပြီကိုး"

အဘွားအိုမှာ မျက်နှာတစ်ချက် ပျက်သွားသည်။

"မင်းက ဘယ်သူလဲ"

"ကျုပ်က အညတရ သိုင်းသမားပါ၊ နာမည်ပြောပြလည်း သိမှာမဟုတ်ဘူး"

"မင်းက ဘာလာရှုပ်တာလဲ"

"ကျုပ်က လာရှုပ်တာ မဟုတ်ဘူး၊ ခင်ဗျားတို့ဂိုဏ်းက နယ်စားကြီးဂေဟာကို ခြေကုပ်စခန်း ယူထားတာဗျ"

အဘွားအိုက မျက်မှောင်ကြုတ်သွားသည်။

"မင်းက ဘာတွေ လျှောက်ပြောနေတာလဲ"

ထိမုံ့ချူးက ပြုံးလိုက်သည်။

"ကျုပ်အားလုံး သိပြီးပါပြီ၊ ဖုံးကွယ်မနေပါနှင့်တော့ဗျာ"

အဘွားအိုသည် သူတို့က စကားပြောနေစဉ် တောင်ဝှေးပေါ် သူမ၏ အတွင်းအားများကို တိတ်တဆိတ် ပို့ဆောင်ပေးလိုက်သည်။

ထိမုံ့ချူးက မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျား နားလည်ပါတယ်ဗျာ"

"ကျုပ်က ဘာကို နားလည်ရမှာလဲ"

"ခင်ဗျား ကြိုးစားထားတာ အပိုပဲ၊ ကျုပ်ကို နိုင်မှာ မဟုတ်ဘူး..."

အဘွားအိုမှာ ဒေါသထွက်လာကာ...

"မင်း တော်တော် လေသွားတဲ့ လူငယ်ပဲ၊ ကဲ... သေပေတော့"

အဘွားအိုသည် ပြောယင်းမှ လျှပ်တပြက် သူ၏လက်ငါးချောင်းဖြင့် ကုတ်ချလိုက်သည်။

ထိမ့်ချူးက အသာအယာ တိမ်းလိုက်သည်။

ပြီးနောက် သူတို့သည် အပြင်းအထန် တိုက်ခိုက်ကြလေသည်။

သိုင်းကွက်ငါးကွက်မျှ ယှဉ်ပြိုင်ပြီးနောက်...

"အား"

အဘွားအိုသည် သူမ၏လက်မှ တောင်ဝှေးကို လွှတ်လိုက်ပြီး နောက်သို့ ခြေလှမ်း သုံးလေးလှမ်းမျှ ဆုတ်သွားလေသည်။

ထိမ့်ချူးက သူမအား စိုက်ကြည့်လိုက်ပြီး...

"အသက်မသေချင်ရင် ကျုပ်မေးတာ အမှန်အတိုင်း ဖြေပါ"

ထိုစဉ် အနက်ရောင်ဝတ်ဆင်ထားသောလူက ထိမ့်ချူးအား တိုက်ခိုက်ရန် အလစ်ဝင်လာလေသည်။

ယန်စုစိန်က ကမန်းကတန်း လှမ်း၍ သတိပေးလိုက်လေသည်။

"သတိထား"

ထိမ့်ချူးက လှည့်ပင်မကြည့်ဘဲ အဘွားအို၏တောင်ဝှေးဖြင့် ရုတ်တရက် နောက်သို့ဆောင့်၍ ထိုးလိုက်လေသည်။

"အား"

အဘွားအိုသည် ဝမ်းဗိုက်ကို နှိပ်ကာ နောက်သို့ လှန်၍ လဲကျသွားလေသည်။



ထိမ့်ချူးက အဘွားအိုအား စိုက်ကြည့်လိုက်သည်။

"ကျုပ် စကားရှည်ရှည် မပြောချင်ဘူး၊ ကျုပ်မေးတာ ဖြေမလား၊ မဖြေဘူးလား ပြော"

အဘွားအိုက ခေါင်းညိတ်လိုက်သည်။

ထိမ့်ချူးက စတင်မေးလိုက်သည်။

"ခင်ဗျားက ရှစ်ကွက်အင်းဂိုဏ်းက တာဝန်ခံ မဟုတ်လား"

အဘွားအိုက ခေါင်းခါယမ်းလိုက်သည်။

ထိမ့်ချူးသည် အဘွားအိုအား ကြည့်ကာ လေသံမာမာဖြင့် ပြောလိုက်သည်။

"ခင်ဗျားရဲ့ သိုင်းပညာဆင့်နဲ့ဆိုရင် ခင်ဗျားတို့ဂိုဏ်းထဲမှာ တာဝန်ကြီးကြီး ယူထားတဲ့ လူတစ်ယောက် ဖြစ်ရမယ်"

အဘွားအိုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ကျုပ်က စည်းကမ်းထိန်းသိမ်းရေးမှူးပါ"

ထိမ့်ချူးက ဘေးပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်လိုက်ပြီး...

"အဆောင်ထဲမှာ ခင်ဗျားတို့လူ ရှိသေးလား"

အဘွားအိုက ခေါင်းညိတ်လိုက်သည်။

"ရှိတယ်"

ထိုစဉ်မှာပင် အဆောင်တွင်းဘက်မှ ရယ်မောသံတစ်ခု ကြားလိုက်ရသည်။

"ဟား... ဟား... ဟား"

ဘုရားစင်ပေါ်မှ ဖယောင်းတိုင်မီးသည် လင်းထိန်သွားလေသည်။

ထိမ့်ချူး လှည့်ကြည့်လိုက်သောအခါ ဘုရားစင်ရှေ့တွင် အဝါရောင်အင်္ကျီ ဝတ်ဆင်ထားသော အဘွားအိုတစ်ယောက် ထိုင်နေသည်ကို တွေ့လိုက်ရလေသည်။

အဘွားအို၏ ရင်ဝပေါ်တွင် ရှစ်ကွက်အင်း အမှတ်တံဆိပ်တစ်ခုရှိသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိမ့်ချူးက ထိုသူ့အား စိုက်ကြည့်လိုက်သည်။

"ခင်ဗျားက ဘယ်သူလဲဗျ"

အဘွားအိုက မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ် ဘယ်သူလဲဆိုတာ သိချင်ရင် သိုင်းကွက်ဆယ်ကွက်ခံနိုင်ရည်ရှိမှ သိခွင့်ရှိမယ်"

ထိမ့်ချူးက သူ့အား အေးစက်စွာ ကြည့်လိုက်ပြီး...

"ကောင်းပြီလေ... ခင်ဗျား သိုင်းကွက်ဆယ်ကွက်က ဘယ်လောက်များ ထက်မြက်တယ်ဆိုတာ ကြည့်ကြရအောင်"

အဘွားအိုက ရယ်မောလိုက်သည်။

"သတိထားပေတော့"

အဘွားအိုသည် ပြောပြီးသည်နှင့် ထိမ့်ချူးအား စတင်တိုက်ခိုက်လိုက်သည်။

* * *



သိုင်းကွက်ဆယ်ကွက်သည် တခဏအကြာတွင် ပြီးဆုံးသွားလေသည်။

အဘွားအိုက လက်မ ထောင်ပြလိုက်သည်။

"မင်း အသက်ငယ်ငယ်နဲ့ ငါ့သိုင်းကွက် ဆယ်ကွက်ကို ခံနိုင်ရည်ရှိတာ ချီးကျူးပါတယ်"

အဘွားအိုသည် ပြောပြီး တင်ပျဉ်ခွေ ထိုင်ချလိုက်ပြီး...

"ကဲ မင်း ဘာမေးမလို့လဲ... မေးပါ"

"ခင်ဗျား (၈)ကွက်အင်းဂိုဏ်းရဲ့ ဂိုဏ်းချုပ် မဟုတ်လား"

"မဟုတ်ဘူး"

"ဒါဖြင့် ဂိုဏ်းချုပ်က ဘယ်မှာလဲ"

"သူ ခရီးထွက်နေပါတယ်"

"ဒါဖြင့် ခင်ဗျားတို့ ဒီဂေဟာထဲမှာ ဂိုဏ်းသားတွေ တော်တော်များများ ရှိနေသေးသလား"

"ရှိတယ်"

"သူတို့ ဘယ်သူလဲဆိုတာ ပြောပါ"

အဘွားအိုက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် ဘာဖြစ်လို့ ပြောရမှာလဲ"

ထိမ့်ချူးက ဓားကို ဆွဲထုတ်လိုက်ပြီး အဘွားအိုအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

"ခင်ဗျားက ကျုပ်ကို နိုင်ရင် ကျုပ် ဘာမှမမေးဘဲ ဒီနေရာကနေ ထွက်သွားမယ်"

အဘွားအိုက ပြုံးလိုက်သည်။

"မင်းစကား တည်ရဲ့လား"

"ကျုပ်က ယောကျ်ား၊ ကတိတည်ပါတယ်"

အဘွားအိုက ပြုံးလိုက်သည်။

"ဒါဖြင့် သတိထားပေတော့"

အဘွားအို၏စကား ဆုံးသွားသည်နှင့် ထိမုံ့ချူးအား တိုက်ခိုက်လိုက်လေသည်။

* * *

ထိမုံ့ချူးသည် အဘွားအိုနှင့် ဓားကွက်(၁၀)ကွက်ခန့် ယှဉ်ပြိုင်ပြီးနောက် သူ၏ဓားသည် အရိပ်ပမာ အဘွားအို၏ရင်ဝသို့ ထောက်ထားလိုက်လေသည်။

အဘွားအို၏ မျက်နှာတစ်ခုလုံးမှာ ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။

ထိမုံ့ချူးက သူ့အား စိုက်ကြည့်လိုက်သည်။

"ကဲ ကျုပ်မေးတာ ပြောမလား"

အဘွားအိုက စကားမပြောဘဲ ခေါင်းငုံ့ထားသည်။

ထိမုံ့ချူးက...

"ကျုပ်က (၃)ထိအောင် ရေတွက်မယ်၊ ခင်ဗျားက မဖြေဘူးဆိုရင် ကျုပ်က သတ်လိုက်မှာပဲ"



သူသည် အဘွားကြီး၏ အဖြေကို မစောင့်ဘဲ ရေတွက်က်လေသည်။

"တစ်..."

အဘွားအိုက မလှုပ်မယှက် ရပ်နေ၏။

"နှစ်..."

အဘွားအို နဖူးပေါ်၌ ချွေးသီးချွေးပေါက်များ ကျဆင်းလာသည်။

ထိုစဉ်မှာပင် အမျိုးသမီးတစ်ယောက်သည် လျှပ်တပြက်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

* * *

ထိုပြေးဝင်လာသူမှာ အခြား မဟုတ်ပေ။

နယ်စားကြီးကတော် ဖြစ်လေသည်။

ဆင်းပေတုက ကမန်းကတန်း ဦးညွှတ်လိုက်သည်။

"ကျုပ် အရှိအသေ ပြုပါတယ်"

နယ်စားကတော်က လက်ကာပြလိုက်သည်။

"ရှင်တို့ တိုက်ခိုက်မနေကြပါနဲ့တော့"

ထိမုံ့ချူးသည် ဓားကို ပြန်လည် ရုပ်သိမ်းလိုက်သည်။

သူ၏မျက်လုံးအစုံသည် နယ်စားကတော်နှင့်အတူ ပါလာ

သော မိန်းကလေးနှစ်ယောက်အား လှည့်ကြည့်လိုက်လေသည်
ထိုအမျိုးသမီး(၂)ယောက်မှာ အသက်(၁၇)–(၁၈)နှ
ရှိမည်ဟု ထင်ရသည်။
ရုပ်ရည်ချောမောပြီး သူတို့၏ ကိုယ်များပေါ်တွင် စား
စီဆောင်ထားသည်ကို တွေ့ရလေသည်။
နယ်စားကြီးကတော်သည် ဆင်းပေတုဘက်သို့ လှည့်
ပြီး...
"သူတို့ကို ဘာတွေ လာစစ်ဆေးနေတာလဲ"
ဆင်းပေတုက အရှိအသေ ပြုလိုက်သည်။
"ဒီအဘွားကြီးက (၈)ကွက်အင်းဂိုဏ်းသား တစ်ယေ
ပါ"
နယ်စားကတော်က အဘွားအိုအား ကြည့်လိုက်သည်
"လှံ့မား... သူပြောတာ ဟုတ်ရဲ့လား"
လှံ့မားဆိုသူက အေးတိအေးစက်ဖြင့်...
"ဟုတ်တယ်"
နယ်စားကြီးကတော်က အဘွားအိုအား စိုက်ကြည့်
သည်။
"ဒါဖြင့် နယ်စားကြီးအတွက် ဖြေဆေးပါ"
လှံ့မားက...
"ကျုပ်က ဖြေဆေးပေးလိုက်ရင် သူတို့က ကျုပ်ကို ဘ
လိုလုပ်မလဲ"
နယ်စားကတော်က အေးစက်သော လေသံဖြင့် ပြော



လေသည်။
"ဖြေဆေးပေးရင် ရှင်တို့အားလုံးကို လွှတ်လိုက်ဖို့ ကျွန်မ
တာဝန်ယူတယ်"
လှံ့မားက ထိမ့်ချူးအား ကြည့်လိုက်သည်။
"ဒီလူငယ်က ဘယ်သူလဲ"
နယ်စားကတော်ကြီး ထိမ့်ချူးအား လှည့်ကြည့်လိုက်
သည်။
ထို့နောက် ခေါင်းခါယမ်းလိုက်လေသည်။
"ကျုပ် မသိဘူး"
နယ်စားကတော်၏ မျက်လုံးအစုံသည် ဆင်းပေတုဆီသို့
ရောက်သွားသည်။
"ဒီလူတွေ အားလုံးကို ရှင်ခေါ်ခဲ့တာ မဟုတ်လား"
ဆင်းပေတုက ခေါင်းညိတ်လိုက်သည်။
"ဟုတ်ပါတယ်"
နယ်စားကတော်က ခေါင်းတညိတ်ညိတ် ဖြစ်နေလေသည်။
"ဘာပဲဖြစ်ဖြစ်လေ နယ်စားကြီး သတိရလာဖို့က အရေး
ကြီးတယ်"
ဆင်းပေတုက နယ်စားကတော်ဘက်သို့ လှည့်ကာ မေး
လိုက်သည်။
"ဒါနဲ့ နယ်စားကြီးကတော်ကို စကားတစ်ခွန်း မေးချင်ပါ
တယ်"
"မေးပါ"

"နယ်စားကတော်က (၈)ကွက်အင်းဂိုဏ်းရဲ့ အဖွဲ့သား မဟုတ်လား"

နယ်စားကြီးကတော်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကျုပ်က မဟုတ်ဘူး ပြောရင် ရှင်ယုံမလား"

သူမသည် စကား ခေတ္တရပ်နားလိုက်ပြီးမှ ပြန်ဆက်၏။

"ရှင် သံသယဖြစ်တာတွေကို နယ်စားကြီး သတိရလာမှ ရှင်းကြတာပေါ့ အခုလောလောဆယ် နယ်စားကြီး သတိပြန်ရဖို့က အရေးကြီးပါတယ်"

ဇီမုံ့ချူးက ကြားဖြတ်မေးလိုက်သည်။

"သူတို့ကို လွှတ်လိုက်ဖို့ လွယ်ပါတယ်၊ ဒါပေမယ့် သူတို့ပေးတဲ့ ဖြေဆေးဟာ မဟုတ်မမှန် ဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ"

နယ်စားကတော်က လျှံမားဘက်သို့ လှည့်ကြည့်လိုက်သည်။

"ကဲ... ရှင်ကြားတယ် မဟုတ်လား"

လျှံမားက ခေါင်းညိတ်လိုက်သည်။

"ကြားပါတယ်"

"ဒါဖြင့် လျှံမားရဲ့ ဖြေဆေးက တကယ့် အစွမ်းထက်တဲ့ ဆေးဖြစ်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲ"

"ကျုပ်ဆီမှာ ဖြေဆေး(၂)မျိုးပဲ ရှိပါတယ်၊ နယ်စားကြီးကို ကိုက်ကြည့်ဖို့ရာ ဖြေဆေး(၂)မျိုး လိုနေပါတယ်"



နယ်စားကတော်က မျက်မှောင်ကြုတ်သွားလေသည်။

"အဲဒီ ဆေး(၂)မျိုး ဘယ်သူ့ဆီမှာ ရှိသလဲ"

လျှံမားက ဖြည်းလေးစွာ ခေါင်းခါယမ်းလိုက်သည်။

"မသိပါဘူး"

နယ်စားကတော်မှာ စိတ်ပျက်သွားလေသည်။

ထိုစဉ် သူမ၏နောက်တွင် ပါလာသော မိန်းကလေးနှစ်ယောက်အနက် အစိမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေးက...

"ကျွန်မမှာ ဖြေဆေးနှစ်မျိုး ရှိပါတယ်"

သူမသည် ပြောယင်း ဖြေဆေး(၂)ထုပ်ကို လှမ်းပေးလိုက်လေသည်။

နယ်စားကတော်သည် ဖြေဆေး(၄)မျိုးကို ရောစပ်လိုက်ပြီး နယ်စားကြီးအား တိုက်ကျွေးလိုက်လေတော့သည်။

* * *

ရေနွေးအိုးတစ်အိုးကျက်ခန့် အချိန်ကြာသောအခါ နယ်စားကြီးသည် တဖြည်းဖြည်း လှုပ်ရှားလာပြီး လက်နှစ်ဘက်ကို အပြင်သို့ ဆန့်လိုက်ပြီး မျက်လုံးမှာ တဖြည်းဖြည်း ဖွင့်လာလေသည်။

သူသည် ရက်ပေါင်းများစွာ အစာ မစားရသဖြင့် အားအင်ကုန်ခမ်းကာ အလွန်နွမ်းနယ်နေသည်ကို တွေ့ရလေသည်။

နယ်စားကြီးသည် ဘေးဝန်းကျင်ကို တစ်ချက် ကြည့်လိုက် ရာ ဆင်းပေတုအား မြင်တွေ့လိုက်သည်နှင့်...

"ကျုပ် အိပ်ပျော်သွားတာ ဘယ်လောက်ကြာပြီလဲ"

ဆင်းပေတုမှာ လက်နှစ်ဘက်ဆုပ်၍ ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့၊ နယ်စားကြီး အိပ်ပျော်နေတာ (၄)-(၅)ရက် လောက် ရှိသွားပါပြီ"

နယ်စားကြီးကို ဆင်းပေတုက အဖြစ်အပျက်အားလုံးကို စုံလင်စွာ ရှင်းပြလိုက်လေသည်။

ထိုအခါမှ နယ်စားကြီးသည် သူဖြစ်ပျက်ခဲ့သည်များကို ပြန် လည်စဉ်းစားကြည့်လိုက်လေသည်။

"အင်း... ကျုပ်သတိရလာပြီ၊ ကျုပ် ကြာဇေ့ဟင်းရည် တစ် ခွက်သောက်ပြီးတာနဲ့ အခုလို အိပ်ပျော်သွားတာ ဖြစ်ရမယ်"

ဆင်းပေတုက ဦးညွှတ်လိုက်လေသည်။

"ဟုတ်ပါတယ်၊ အခု ဌာနမှူးလည်း သူ့ရဲ့အဖွဲ့ဝင်များနဲ့ မိတ်ဆွေကို နယ်စားကြီးအတွက် ကာကွယ်ဖို့ ခေါ်လာပါတယ်"

နယ်စားကြီးက ခေါင်းညိတ်လိုက်သည်။

"ဩော်... သူတို့လည်း ကျုပ်အတွက်နဲ့ ပင်ပန်းလှပါပြီ"

ကွမ်းကျူးရုပ်က ဦးညွှတ်လိုက်သည်။

"နယ်စားကြီး အခုလို သတိပြန်ရလာတာ တွေ့ရတော့ ကျုပ်တို့အားလုံး ဝမ်းသာလှပါပြီဗျာ"

နယ်စားကတော်က ပြုံးပြလိုက်ပြီး နယ်စားကြီးအား ရိုကျိုး စွာ မေးလိုက်၏။



"ဗိုက်ဆာနေပြီ မဟုတ်လား၊ ကျွန်မ အားရှိတဲ့ အစားအစာ တစ်ခု သွားလုပ်လိုက်ပါ့မယ်"

သူမသည် ပြောပြီး အပြင်ဘက်သို့ ထွက်ခွာသွားလေ သည်။

ထိုစဉ် လျှံမားက မျက်မှောင်ကြုတ်သွားသည်။

"ဒီမှာ မင်းတို့ ကတိတည်ရဲ့လား"

ထိမုံ့ချူးက အေးဆေးစွာ ပြောလိုက်သည်။

"ကတိတည်ပါတယ်၊ ဘာဖြစ်လို့လဲ"

လျှံမားက ပခုံးတစ်ချက်တွန့်လိုက်ပြီး...

"အခု နယ်စားကြီးလည်း သတိရလာပြီ မဟုတ်လား"

ထိမုံ့ချူးက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ မင်းတို့ သွားနိုင်ပါပြီ"

လျှံမားနှင့် အပေါင်းအပါတို့သည် စကားမပြောတော့ဘဲ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

ထိမုံ့ချူးသည် ကွမ်းကျူးရုပ်အား လက်နှစ်ဘက်ဆုပ်၍ အ ရိုအသေ ပြုလိုက်သည်။

"ကဲ၊ ကျုပ်လည်း သွားလိုက်ပါအုံးမယ်"

ကွမ်းကျူးရုပ်က အံ့အားသင့်သွားသည်။

"ဗျာ... ကိစ္စတွေ အများကြီး ကျန်သေးပါတယ်၊ ခင်ဗျား သွားတော့မလို့လား"

ထိမုံ့ချူးက ပြုံးပြလိုက်သည်။

"(၈)ကွက်အင်းဂိုဏ်းက အတော်ကလေး အထိနာသွားပါ

ပြီ၊ ကျန်ရှိတဲ့ ကိစ္စတွေကို ဌာနမှူးနဲ့ ကိုယ်ရံတော်မှူးတို့ ဆက်လ ဆောင်ရွက်နိုင်ပါတယ်"

သူသည် အသံကို မြှင့်လိုက်ပြီး စကားဆက်လိုက်သည်

"နောက်ပြီး ခင်ဗျားတို့ ဂေဟာထဲမှာ ထိပ်တန်းသိုင်းပညာ ရှင်တစ်ယောက် ရှိနေပါသေးတယ်၊ သူက တိတ်တဆိတ် ဟန့်တာ နေလို့သာ ရစ်ကွက်အင်းဂိုဏ်းက နောက်ထပ် တိုးချဲ့မသွား နိုင်တာ ဗျ"

ကွမ်းကျိုးရုပ်၏ မျက်လုံးအစုံသည် ပြူးကျယ်၍ သွားလေ သည်။

"ဘာ...၊ ဒီဂေဟာထဲမှာ ထိပ်တန်းသိုင်းပညာရှင်တစ် ယောက် ရှိနေတယ် ဟုတ်လား"

ထိမုံ့ချူးက ခေါင်းညိတ်လိုက်သည်။

"ရှိတာပေါ့ဗျာ၊ သူ့ကိုမှ သွားပြီး အကူအညီ မတောင်းဘဲ"

နယ်စားကြီးက မျက်မှောင်ကြုတ်သွားသည်။

"ဘယ်သူလဲဗျာ"

ထိမုံ့ချူးက ပြုံးလိုက်သည်။

"ဒါတော့ ကျုပ်လည်း မပြောတတ်ပါဘူး"

နယ်စားကြီးက မျက်မှောင်ကြုတ်သွားပြီး မေးလိုက်သည်။

"ဒါဖြင့် ခင်ဗျားက ဘာကြောင့် ပြောနိုင်ရတာလဲ"

ထိမုံ့ချူးက ပြုံးလိုက်သည်။

"ဒါကတော့ ကျုပ်လေ့လာ ကြည့်ရှုတဲ့အခါမှာ တစ်ယောက် ယောက်ဟာ ရစ်ကွက်အင်းဂိုဏ်းရဲ့ အကြံအစည်ကို တိတ်တဆိတ်



နှောင့်ယှက်ဖျက်ဆီးနေတဲ့ သဲလွန်စကို တွေ့ခဲ့လို့ပါ"

ထိုစဉ် နယ်စားကြီးကတော်က အားရှိသော ဆေးမြစ်အ ရည် တစ်ပန်းကန် ယူဆောင်၍ လာလေသည်။

သူမသည် နယ်စားကြီးအနီး၌ ထိုင်လိုက်ပြီး ဆေးမြစ်ရည် အား တိုက်ကျွေးရန် ဟန်ပြင်လိုက်လေသည်။

"အားရှိသွားအောင် သောက်လိုက်ပါရှင်"

နယ်စားကြီးက ပန်းကန်အား လှမ်းယူလိုက်စဉ်...

"ခဏ"

ထိမုံ့ချူးက လှမ်း၍ ဟန့်တားလိုက်သည်။

နယ်စားကြီးနှင့် နယ်စားကတော်တို့သည် ထိမုံ့ချူးအား နားမလည်နိုင်စွာဖြင့် ပြိုင်တူကြည့်လိုက်ကြသည်။

ထိမုံ့ချူးက နယ်စားကတော်အား ကြည့်လိုက်လေ၏။

"အားဆေးက နယ်စားကတော်ကိုယ်တိုင် ယူခဲ့တယ် မ ဟုတ်လား"

နယ်စားကတော်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်... ဘာဖြစ်လို့လဲ"

ထိမုံ့ချူးက ပြုံး၍ ပြောလိုက်သည်။

"အဆိပ်ခတ်ထားမှာ စိုးလို့ပါ"

နယ်စားကတော်သည် စိတ်မကောင်း ဖြစ်သွားကာ သူ၏ လက်ထဲမှ ဆေးရည်ကို အနည်းငယ် သောက်ပြလိုက်သည်။

"စိတ်ချပါ၊ ကျွန်မရဲ့ ခင်ပွန်းကို ကျွန်မက ဘာကြောင့် အ ဆိပ်ခတ်ရမှာလဲ"

ဆင်းပေတုက ကြားဖြတ်ပြောလိုက်သည်။

"သူတို့က နယ်စားကတော်အပေါ် သံသယဖြစ်နေကြပါတယ်"

နယ်စားကတော်က မချိုပြုံးပြုံးလိုက်သည်။

"သူတို့က သံသယဖြစ်မယ်ဆိုရင် ဖြစ်ထိုက်ပါတယ်ရှင်"

ထိမ့်ချူးက ရုတ်တရက် မေးခွန်းထုတ်လိုက်သည်။

"နယ်စားကတော်က ရှစ်ကွက်အင်းဂိုဏ်းက မဟုတ်လား"

နယ်စားကတော်က ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူးရှင်"

သူမသည် တောင်းပန်သော အကြည့်ဖြင့် နယ်စားကြီးအား ကြည့်လိုက်လေသည်။

"ကျွန်မကြောင့် ရှင် အခုလို ဒုက္ခရောက်ရတာ စိတ်မကောင်းပါဘူးရှင်၊ ဒါပေမယ့် ကျွန်မက ရှင် သတိရလာရင် ကျွန်မအပြစ်တွေ ဖွင့်ပြောပြီး ကိုယ့်ကိုကိုယ် သတ်သေဖို့ ဆုံးဖြတ်ထားပါတယ်"

နယ်စားကြီးက နားမလည်နိုင်စွာဖြင့် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"မင်းက ဘာတွေ လုပ်ခဲ့လို့လဲ"

နယ်စားကတော်၏ မျက်ဝန်းအစုံတွင် ဝမ်းနည်းလာပြီး မျက်ရည်များ စီးဆင်းကျလာသည်။

"ဒီလိုပါရှင်၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ရှစ်ကွက်အင်းဂိုဏ်းက လူတွေဟာ ကျွန်မတို့ ဂေဟာထဲကို ဝင်ရောက်လာပါတယ်"



ကွမ်းကျုံးရုပ်နှင့် ဆင်းပေတုတို့ အားလုံးသည် စိတ်ဝင်စားစွာဖြင့် နားစွင့်နေမိကြ၏။

နယ်စားကတော်က စကားဆက်လိုက်ပြန်သည်။

"သူတို့က ကျွန်မရဲ့ အိမ်ဖော်တွေကို ပြန်လွှတ်လိုက်ပြီး သူတို့ အဖွဲ့သားတွေကို အိမ်ဖော်အဖြစ် အစားထိုးလာပါတယ်"

နယ်စားကြီးမှာ မျက်မှောင်ကြုတ်သွားသည်။

"မင်းက ဘာဖြစ်လို့ ငါ့ကို မပြောတာလဲ"

"သူတို့က ကျွန်မရဲ့ ကိုယ်ပေါ်မှာ အဆိပ်တစ်မျိုး ကပ်ပေးထားပါတယ်၊ သူတို့ပြောတဲ့ စကားကို နားမထောင်ရင် ပြင်းထန်တဲ့ ဝေဒနာကို ခံစားရပြီး သေသွားမယ်လို့လည်း ခြိမ်းခြောက်ထားပါတယ်"

နယ်စားကြီးက မျက်မှောင်ကြုတ်သွားပြီး မကျေနပ်စွာဖြင့် မေးလိုက်လေသည်။

"မင်း သေရမှာ ကြောက်သွားတယ်ဆိုပါတော့"

"ဟုတ်ပါတယ်ရှင်၊ ဒါပေမယ့် ရှင်က သတိမေ့သွားတဲ့အခါကျမှ ကျွန်မ နားလည်သဘောပေါက်လာပါတယ်၊ သေရမှာကြောက်နေရင် အားလုံး ဒုက္ခရောက်သွားနိုင်တယ်၊ ဒါကြောင့် ကျွန်မ ရှင် သတိရလာတဲ့အထိ စောင့်ပြီး ဖွင့်ပြောဖို့ ဆုံးဖြတ်လိုက်တာပဲ"

နယ်စားကြီးက သူမ၏လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်လေသည်။

ထို့နောက် ခွင့်လွှတ်စွာဖြင့် ပြောလိုက်သည်။

"သြော် ဒါက မင်း အပြစ်မှ မဟုတ်ဘဲ၊ ဒါကြောင့် မင်း

သေစရာ မလိုပါဘူး"

နယ်စားကတော်မှာ ဝမ်းနည်းဝမ်းသာ ဖြစ်ကာ ငိုကြွေး လိုက်လေသည်။

"ကျွန်မ... ကျွန်မမှာ အပြစ်ရှိပါတယ်၊ ဒီကိစ္စကို ထိန်ချန် ထားတဲ့အတွက် အခုလို သူတို့ရဲ့ အင်အားဟာ ကြီးထွားလာတော့ တာပါပဲ"

နယ်စားကြီးက ပြုံးပြလိုက်လေသည်။

"မင်း အခုလုပ်တဲ့ လုပ်ရပ်တွေဟာ ငါ့အသက်ကို စိုးရိမ်လို့ ခြိမ်းခြောက်ခံရတယ်ဆိုတာ ငါ သဘောပေါက်ပါတယ်ကွာ၊ ဒါကို အပြစ်လို့ ငါမယူဆပါဘူး"

နယ်စားကတော်က ခေါင်းတွင်တွင် ခါယမ်းလိုက်လေ သည်။

"ရှင်က ခွင့်လွှတ်နိုင်ပေမယ့် ကျွန်မကိုယ်ကျွန်မ ခွင့်မလွှတ် နိုင်ပါဘူးရှင်"

နယ်စားကြီးက ပြုံးလိုက်လေသည်။ ပြီးနောက် နယ်စားက တော်အား ကြည့်ကာ ရှင်းပြလိုက်လေသည်။

"ဒါဟာ အပြစ် မဟုတ်ပါဘူး၊ တိုင်းပြည်နဲ့လူမျိုးကို သစ္စာ ဖောက်မှသာ ကျုပ်က အပြစ်လို့ ယူဆပါတယ်"

သူသည် ပြောရင်းနှင့် စကားဆက်လိုက်သည်။

"မင်းဟာ အားနဲ့တဲ့ မိန်းမသားတစ်ယောက်ပါ။ လင်သား အပေါ်မှာ စိုးရိမ်လွန်းလို့ ခြိမ်းခြောက်ခံရတာ အပြစ်လို့ ကျုပ် မမြင် ပါဘူးဗျာ"



ထိမုံချူးက ကြားဖြတ်ပြောလိုက်လေသည်။

"ဟုတ်ပါတယ် နယ်စားကတော်၊ လူတိုင်းမှာ အားနည်း ချက်ကလေးတွေ ရှိပါတယ်၊ သူတို့က ဒီအားနည်းချက်ကို ကြည့်ပြီး အတင်းအကျပ် ချုပ်ကိုင်တတ်ကြတာပါပဲ"

နယ်စားကတော်က နယ်စားကြီးအား ကျေးဇူးတင်သော အကြည့်ဖြင့် ကြည့်လိုက်သည်။

"ရှင်က ကျွန်မကို အပြစ်မယူဘူးပေါ့"

နယ်စားကြီးက ပြုံးလိုက်လေသည်။

"အို... မင်းကလဲကွယ်၊ ကျုပ်က ဘာဖြစ်လို့ အပြစ်ယူရမှာ လဲ"

"ကျေးဇူးတင်လိုက်တာရှင်"

နယ်စားကတော်သည် နယ်စားကြီး၏လက်ကို တင်းကျပ် စွာ ဆုပ်ကိုင်ထားလိုက်လေတော့သည်။

* * *

"ဝုန်း"

ရုတ်တရက် ညွှန့်ခန်းအဝတွင် ပေါက်ကွဲသံတစ်ခု ကြား လိုက်ရသည်။

မီးခိုးလုံးများသည် ထောင်းကနဲ ထွက်လာလေသည်။

နယ်စားကတော်က ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး မ တတ်ရပ်လိုက်ကာ ပါးစပ်မှလည်း ရေရွတ်လိုက်သည်။

"ဒုက္ခပဲ… သူတို့ လာပြီ ထင်တယ်"

နယ်စားကြီးက နားမလည်နိုင်စွာဖြင့် မေးလိုက်သည်။

"ဘယ်သူတွေ လာတာလဲ"

"ရှစ်ကွက်အင်းဂိုဏ်းက လူတွေ"

ကွမ်းကျုံးရုပ်က ချက်ချင်းပင် အားလုံးကို လှမ်း၍ သတိပေးလိုက်သည်။

"အားလုံး သတိရှိ… နှာခေါင်းကို ပိတ်ထားလိုက်ကြပါ"

နယ်စားကြီးက လှမ်းကြည့်လိုက်ရာ မီးခိုးလုံးများသည် တဖြည်းဖြည်း ကွယ်ပျောက်သွားပြီးနောက် သူတို့၏ မျက်စိရှေ့တွင် အစိမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

"ခွမ်း… ခွမ်း…"

ယို့လုံးနှင့် ယန်စုစိန်တို့သည် ဓားကိုယ်စီ ဆွဲထုတ်လိုက်၏။

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားသည်။

"ရှစ်ကွက်အင်းဂိုဏ်းက ဟုတ်လားဟေ့"

မိန်းကလေးက မဲ့ပြုံးပြုံးလိုက်သည်။

"ဟုတ်တယ်"

"အတော်ပဲ မင်းတို့ကို လိုက်ရှာနေတာ"

"မလိုပါဘူးရှင်၊ ကျွန်မတို့ ဂိုဏ်းချုပ်က သတင်းလာပို့ခိုင်းတာ"



"ဒါဖြင့် ပြော"

မိန်းကလေးက သူ့အား ကြည့်လိုက်သည်။

"ရှင်က တာဝန်ခံလား"

"တာဝန်ခံတော့ မဟုတ်ဘူး၊ ဒါပေမယ့် မင်းပြောစရာရှိရင် ပြောနိုင်ပါတယ်"

"ရှင်တို့ တာဝန်ခံကို ပြောလိုက်ပါ၊ မနက်ဖြန် မွန်းတည့်ချိန်မှာ ဂိုဏ်းချုပ်က မြို့တောင်ပိုင်း (၁၀)မိုင်ကွာ ဘုံကျောင်းမှာ စောင့်နေပါ့မယ်"

သူမသည် တစ်ဖန် ကွမ်းကျုံးရုပ်အား တစ်ချက် ကြည့်လိုက်ပြီးမှ စကားဆက်လိုက်သည်။

"ရှင် ပြောဖြစ်အောင် ပြောလိုက်ပါ၊ မဟုတ်ရင် ဂိုဏ်းချုပ်က နယ်စားဂေဟာတစ်ခုလုံး သွေးနဲ့ ဆေးကြောရလိမ့်မယ်ရှင့်"

သူမ၏ စကားဆုံးသွားသည်နှင့် လက်တစ်ချက် ဝှေ့ယမ်းလိုက်ရာ…

"ဝုန်း"

ပေါက်ကွဲသံနှင့်အတူ မီးခိုးလုံးများ တလိမ့်လိမ့် တက်လာလေသည်။ မီးခိုးလုံး ပျောက်ကွယ်သွားသည်နှင့် မိန်းကလေးသည် ပျောက်ကွယ်သွားလေတော့သည်။

* * *

ဆင်းပေတုနှင့် ထိမုံ့ချူးတို့သည် နယ်စားဂေဟာတစ်ခုလုံးကို လိုက်လံရှာဖွေကြလေသည်။

သို့သော် သူတို့သည် ရှစ်ကွက်အင်း ဂိုဏ်းသား(၁၀) ယောက်ခန့်မျှသာ ဖမ်းဆီးမိသည်။

ကျန်ရှိသော ဂိုဏ်းသားများသည် ထွက်ပြေးတိမ်းရှောင်သွားပြီး ဖြစ်ကြလေသည်။

သူတို့သည် ရှစ်ကွက်အင်းဂိုဏ်းသားများအား ဖမ်းဆီး၍ နယ်စားကြီးရှေ့မှောက်သို့ ခေါ်ဆောင်သွားလေသည်။

ဆင်းပေတုသည် နယ်စားကြီးအား ဦးညွှတ်လိုက်ပြီး...

"ရှစ်ကွက်အင်းဂိုဏ်းသားတွေ ထွက်ပြေးတိမ်းရှောင်ကုန်ကြလို့ အဖွဲ့သား(၁၂)ယောက်ပဲ ဖမ်းဆီးမိပါတယ်"

နယ်စားကြီးက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ သူတို့ကို အချုပ်ခန်းထဲမှာ သေသေချာချာ ချုပ်ထားပါ"

"ဟုတ်ကဲ့ပါ နယ်စားကြီး"

ဆင်းပေတုက အကျဉ်းသားများအား ဖမ်းဆီးခေါ်ဆောင်သွားလေသည်။

* * *



ကွမ်းကျုံးရုပ်က ထိမုံ့ချူးအား ပြုံးပြလိုက်သည်။

"ခင်ဗျား သွားလို့ မဖြစ်သေးဘူးဗျ"

ထိမုံ့ချူးမှာ မျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့လဲ"

"ခုနင်က ရှစ်ကွက်အင်း ဂိုဏ်းချုပ်က လာပြီး ချိန်းသွားပြီ"

ထိမုံ့ချူးက အတန်ကြာအောင် စဉ်းစားလိုက်ပြီး...

"အင်း သူတို့ဂိုဏ်းချုပ်လည်း မဆိုးပါလားဗျ"

ကွမ်းကျုံးရုပ်က အေးဆေး တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။

"ဒါကြောင့် ခင်ဗျားလည်း လိုက်ခဲ့စေချင်ပါတယ်"

ထိမုံ့ချူးသည် အနည်းငယ် စဉ်းစားလိုက်ပြီး ခေါင်းညိတ်လိုက်လေသည်။

"ကောင်းပြီလေ ကျုပ်လည်းလိုက်မယ်၊ ဒါပေမယ့်"

ကွမ်းကျုံးရုပ်က လှည့်ကြည့်လိုက်ပြီး...

"ပြောပါ"

ထိမုံ့ချူးက ခဏမျှ စဉ်းစားလိုက်ပြီး...

"ကျုပ်တို့အားလုံး လိုက်သွားရင် သူတို့က ဒီကိုလာပြီး ...က်ခိုက်မှာကိုလည်း စိုးရိမ်ရသေးတယ်ဗျ"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"ဒါလည်း ဟုတ်တယ်၊ ဒီမှာ ယန်စုစိန်တို့ကို စောင့်ကြပ်နိုင်း

ပြီး ကျုပ်နဲ့ ခင်ဗျား နှစ်ယောက်ထဲပဲ သွားကြရင် မကောင်းဘူး လား"

ထိမ့်ချူးက ခေါင်းညိတ်လိုက်သည်။

"ကောင်းသားပဲ"

နယ်စားကြီးက ခေါင်းညိတ်လိုက်သည်။

"ကျုပ်လည်း လိုက်မယ်"

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားသည်။

"နယ်စားကြီး မလိုက်ပါနဲ့ အန္တရာယ်များလှပါတယ်"

နယ်စားကြီးက ခေါင်းခါယမ်းလိုက်သည်။

"ကိစ္စမရှိပါဘူး၊ ကျုပ်က ရုပ်ဖျက်ပြီး လိုက်ခဲ့မှာပေါ့"

ကွမ်းကျုံးရုပ်က ထိမ့်ချူးဘက်သို့ လှည့်ကြည့်လိုက်သည်။

"နယ်စားကြီးက လိုက်ချင်တဲ့ဆန္ဒ ပြင်းပြရင်တော့ လိုက်ခဲ့ ပါဗျာ"

နယ်စားကြီးက ဝမ်းသာသွားလေသည်။

* * *

နောက်တစ်နေ့ မွန်းတည့်ချိန် ဖြစ်သည်။

ကွမ်းကျုံးရုပ်နှင့် ထိမ့်ချူးတို့သည် နယ်စားကြီးအား ခေါ် ဆောင်၍ မြို့ပြင်သို့ ထွက်ခွာသွားလေသည်။



နယ်စားကြီးသည် သိုင်းသမားတစ်ယောက် အသွင်ဖြင့် ရုပ် ဖျက်ထားသည်။

ထို့အပြင် ရှောင်မေသည်လည်း ယောကျ်ားတစ်ယောက် အသွင်အဖြစ် ဝတ်ဆင်၍ လိုက်ပါလာသေး၏။

မကြာမီ သူတို့သည် အလွန်ကျယ်ဝန်းခမ်းနားသော ဘုံ ကျောင်းတစ်ခုအား တွေ့မြင်လိုက်လေသည်။

ထိမ့်ချူးက ဘုံကျောင်းထဲသို့ ရှေးဦးစွာ လှမ်းဝင်လိုက်လေ သည်။

သို့သော် အံ့ဩရသည်မှာ ဘုံကျောင်း၏ ပတ်ဝန်းကျင်တစ် ခုလုံးမှာ အစောင့်အကြပ် လုံးဝမရှိဘဲ ဘေးဝန်းကျင်၌ ရှင်းလင်းတိတ် ဆိတ်နေသည်။

ထိမ့်ချူးတို့လူစုသည် ဘုံကျောင်းထဲသို့ ဝင်ရောက်လိုက် သောအခါ...

ခန်းမ၏ ဗဟိုတည့်တည့်တွင် အဝါရောင်အင်္ကျီ ဝတ်ဆင် ထားသော လူတစ်ယောက် ထိုင်နေသည်ကို တွေ့မြင်လိုက်ရလေ သည်။

ထိုသူ၏မျက်နှာပေါ်တွင် ရွှေရောင်မျက်နှာဖုံးတစ်ခု တပ် ဆင်ထားသည်။

သူ၏ ဝဲယာတစ်ဘက်တစ်ချပ်တွင် အစိမ်းရောင်ဝတ်ဆင် ထားသော မိန်းကလေးနှစ်ယောက် ရပ်နေကြ၏။

ယင်းမိန်းကလေးနှစ်ယောက်၏ လက်ထဲတွင်လည်း ဓား ရှည်ကိုယ်စီ ကိုင်ဆောင်ထားလေသည်။

ထိမုံ့ချူးသည် ခန်းမတစ်ခုလုံးအား တစ်ချက်ဝေ့ကြည့်လိုက်သည်။

ယို့နောက် သူ၏မျက်လုံးအစုံသည် ရွှေရောင်မျက်နှာဖုံး တပ်ဆင်ထားသော လူထံသို့ ရောက်ရှိသွားလေသည်။

"ခင်ဗျားက ရှစ်ကွက်အင်းဂိုဏ်းချုပ်လား"

အဝါရောင်ဝတ်ဆင်ထားသောလူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်..."

သူ၏အသံသည် အလွန်ချိုလွင်သည်ကို သတိပြုမိလိုက်သည်။

ထိမုံ့ချူးက...

"ခင်ဗျားတို့က ကျုပ်တို့ကို ချိန်းပြီးမှ မျက်နှာဖုံး တပ်စရာမလိုဘူးလို့ ထင်တယ်"

အဝါရောင်ဝတ်ဆင်ထားသောလူက မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်က ဘယ်အခါမှ မျက်နှာအစစ်ကို မပြဘူး၊ ဘာဖြစ်လို့လည်းဆိုရင် ကျုပ်မျက်နှာကို မြင်ဖူးတဲ့လူတွေဟာ သေဆုံးကုန်ကြလို့ပါ"

ထိမုံ့ချူးက မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်က သေရမှာ မကြောက်ပါဘူး၊ ခင်ဗျားမျက်နှာကို တော့ ကြည့်ချင်ပါတယ်"

အဝါရောင်ဝတ်ဆင်ထားသောလူက စိတ်မရှည်ဟန်ဖြင့် ပြောလိုက်သည်။



"ဒါက အရေးမကြီးပါဘူး"

ထိမုံ့ချူးက မဲ့ပြုံးပြုံးလိုက်သည်။

"ဘာက အရေးကြီးနေသလဲ"

အဝါရောင်ဝတ်ဆင်ထားသောလူ၏ မျက်လုံးအစုံသည် ထိမုံ့ချူး၏နောက် ရပ်ဖျက်ထားသော နယ်စားကြီးအား စူးရှစွာ ကြည့်လိုက်သည်။

"နယ်စားကြီးကိုယ်တိုင် ကြွရောက်လာတာက ပိုပြီး အရေးကြီးနေပါတယ်"

နယ်စားကြီးက ပြုံးလိုက်ပြီး ခါးထောက်ကာ မေးလိုက်လေသည်။

"ကျုပ်ကို ခင်ဗျား သိတယ် ဟုတ်လား"

"သိတာပေါ့"

သူသည် ထိမုံ့ချူးဘက်သို့ လှည့်လိုက်ပြန်သည်။

"မင်းက ဘယ်သူလဲ၊ မင်းဆရာကကော ဘယ်သူလဲ"

ထိမုံ့ချူးက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် ပြောမပြနိုင်တာကို ဝမ်းနည်းပါတယ်"

အဝါရောင်ဝတ်ဆင်ထားသောလူက ရယ်မောလိုက်သည်။

"မင်းတို့လူစုထဲမှာ မင်းရဲ့ သိုင်းပညာဟာ အတော်ဆုံးလို့ ပြောတယ် ဟုတ်လား"

ထိမုံ့ချူးက မခန့်လေးစားဖြင့် ပြောလိုက်သည်။

"ခင်ဗျား မယုံရင် စစ်ဆေးကြည့်နိုင်ပါတယ်"

အဝါရောင်ဝတ်ဆင်ထားသောလူက ခေါင်းညိတ်လိုက်

သည်။

"ဟုတ်တယ်၊ အခု မင်းတို့ကို ချိန်းဆိုလိုက်တာလည်း မင်းရဲ့ သိုင်းပညာ စစ်ဆေးဖို့ အကြောင်းလည်း ပါပါတယ်"

အဝါရောင်ဝတ်စုံနှင့်လူသည် ပြောပြီးသည်နှင့် ထိုင်ရာမှ ထလိုက်ပြီး ထိမုံ့ချူးထံသို့ ခြေတစ်လှမ်းချင်း လျှောက်လာလေသည်။

ကွမ်းကျုံးရုပ်သည် နယ်စားကြီးအား ကာကွယ်ထားလိုက်လေသည်။

အဝါရောင်ဝတ်ဆင်ထားသောလူသည် ထိမုံ့ချူးအနား ရောက်သောအခါ မျက်နှာချင်းဆိုင် ရပ်တန့်လိုက်သည်။

ထို့နောက် နယ်စားကြီးအား လှည့်ကြည့်လိုက်သည်။

"ကျုပ်တို့ မတိုက်ခိုက်မီ နယ်စားကြီးကို စကားတစ်ခွန်း မေးဖို့ လိုပါလိမ့်မယ်"

နယ်စားကြီးက ရှေ့သို့တိုးကာ ပြောလိုက်သည်။

"မေးပါ"

အဝါရောင်ဝတ်ဆင်ထားသောလူက လေသံအေးအေးဖြင့် ပြောလိုက်သည်။

"ကျုပ်တို့ ရှစ်ကွက်အင်းဂိုဏ်းဟာ တနေ့တခြား အင်အားကြီးမားလာပြီး တစ်တိုင်းပြည်လုံးကို လွှမ်းမိုးလာတော့မယ့်အချိန် ဖြစ်တယ်၊ အဲဒါ နယ်စားကြီးကသာ ကျုပ်တို့ဂိုဏ်းထဲကို ဝင်မယ်ဆိုရင် ကျုပ်တို့နဲ့ ခင်ဗျားတို့နဲ့ ရင်ဆိုင်စရာတွေ ပျောက်သွားမယ်လို့ ကျုပ်ပြောချင်ပါတယ်"



နယ်စားကြီးက ပြုံးလိုက်သည်။

"ခင်ဗျားတို့ မှားနေပြီ၊ အခုလို အချိန်မျိုးမှာ ကိုယ့်တိုင်းပြည်အတွက် ကာကွယ်ရမယ့်အချိန် ဖြစ်ပါတယ်၊ ခင်ဗျားတို့က တိုင်းပြည်ရဲ့လုပ်ငန်းကို ထမ်းဆောင်ရမယ့်အစား အချိန်တွေ အနှောင့်အယှက် ပေးနေတာ မသင့်တော်ပါဘူး"

အဝါရောင်အင်္ကျီ ဝတ်ဆင်ထားသောလူက...

"ဒါဖြင့် နယ်စားကြီးက ကျုပ်ရဲ့ အကြံကို လက်မခံဘူးဆိုပါတော့"

နယ်စားကြီးက ခေါင်းခါယမ်းလိုက်သည်။

"လက်မခံနိုင်တာကို ဝမ်းမနည်းပါဘူး"

အဝါရောင်ဝတ်ဆင်ထားသောလူက ထိမုံ့ချူးဘက်သို့ လှည့်လိုက်လေသည်။

"ကောင်းပြီလေ၊ ခင်ဗျားနဲ့ ကျုပ် ရင်ဆိုင်ဖို့ပဲ ကျန်ပါတော့တယ်"

သူသည် ပြောပြီးသည်နှင့် ထိမုံ့ချူးအား စတင်တိုက်ခိုက်လေသည်။

* * *

ထိမ့်ချူးသည် အဝါရောင်အင်္ကျီ ဝတ်ဆင်ထားသောလူနှင့် တိုက်ခိုက်လိုက်သောအခါတွင်...

သူ၏ရင်ထဲ၌ မယုံကြည်နိုင်စရာကို တွေ့လိုက်ရ၍ လွန်စွာ အံ့သြ၍ သွားလေသည်။

အကြောင်းမှာ...

သူသည် အဝါရောင်အင်္ကျီ ဝတ်ဆင်ထားသောလူနှင့် တိုက်ခိုက်လိုက်သောအခါ ထိုလူမှာ မိန်းကလေးတစ်ယောက် ဖြစ်သည်ကို ရိပ်စားမိလာလေသည်။ ပို၍ အံ့သြရသည်မှာ...

ယင်းမိန်းကလေး၏ သိုင်းပညာမှာ မိမိထက် မသာသည် ဖြစ်သော်လည်း မိမိထက် နိမ့်ကျမှုမရှိမှန်း သိရှိလိုက်လေသည်။

သူတို့သည် သိုင်းကွက်တစ်ရာကျော်ခန့် တိုက်ခိုက်ပြီးနောက်...

အဝါရောင်ဝတ်ဆင်ထားသောလူက တိုက်ခိုက်ခြင်းကို ရုတ်တရက် ရပ်တန့်လိုက်ပြီး...

"ရပ်လိုက်"

ထိမ့်ချူးကလည်း တိုက်ခိုက်ရာမှ ရပ်တန့်လိုက်လေတော့သည်။

သူသည် မဲ့ပြုံးပြုံးလိုက်သည်။

"ဘယ့်နှယ်လဲ... အရှုံးပေးပြီလား"

အဝါရောင်ဝတ်ဆင်ထားသောလူက ရယ်မောလိုက်လေသည်။

"ကျုပ်က ရှုံးတယ်မရှုံးဘူးဆိုတာ မင်းသိပါတယ်"



ထိမ့်ချူးက ဓားကို အသင့်ပြင် ကိုင်လိုက်ရင်း...

"ဒါဖြင့် ဆက်ပြီး တိုက်ခိုက်ကြစို့"

အဝါရောင်ဝတ်ဆင်ထားသောလူက ခေါင်းခါယမ်းလိုက်သည်။

"ဆက်ပြီး တိုက်ခိုက်တော့ကော အကြောင်းထူးလာမယ်တဲ့လား"

ထိမ့်ချူးက မျက်မှောင်ကြုတ်သွားသည်။

"မင်း ပြောတာ ဟုတ်တယ်၊ မင်းက ငါ့ကို မနိုင်သလို ကျုပ်လည်းမင်းကို နိုင်ဖို့ မလွယ်ပါဘူး"

အဝါရောင်ဝတ်ဆင်ထားသောလူက ပခုံးတစ်ချက် တွန့်လိုက်သည်။

"ဒါဖြင့် ဘာဖြစ်လို့ ဆက်တိုက်ချင်ရသေးသလဲ"

ထိမ့်ချူးက နှုတ်ဆိတ်နေလိုက်လေသည်။

အဝါရောင်ဝတ်ဆင်ထားသောလူက စကားဆက်လိုက်သည်။

"ကျုပ်မှာ သွားစရာ ကိစ္စတစ်ခုက ရှိသေးတယ်"

သူသည် ပြောယင်း မျက်နှာပေါ်မှာ တပ်ထားသော ရွှေရောင်မျက်နှာဖုံးကို ချွတ်လိုက်သည်။

ထိမ့်ချူးသည် ချွတ်ချလိုက်သော မျက်နှာဖုံးအောက်မှ မူလ မျက်နှာအား တွေ့မြင်လိုက်သည်နှင့် သူ၏မျက်လုံးအစုံသည် ...င်းစက်ပြူးကျယ်၍ သွားလေသည်။

သူ ထင်ထားသည့်အတိုင်း အဝါရောင်ဝတ်ဆင်ထားသော

လူက မိန်းကလေးတစ်ယောက်ပင် ဖြစ်သည်။

ယင်းမိန်းကလေးသည် ရှစ်ကွက်အင်းဂိုဏ်း၏ ဂိုဏ်းချုပ် ဖြစ်သည်။

ရှစ်ကွက်အင်းဂိုဏ်းချုပ်သည် အလွန် ရက်စက်ကြမ်းကြုတ်သည်ဟု တစ်ချိန်တုန်းက ကျော်ကြားခဲ့သည်။

သို့သော် ယခု သူတွေ့မြင်လိုက်ရသော ရှစ်ကွက်အင်းဂိုဏ်းချုပ်မှာ အလွန်ချောမောလှပသော မိန်းကလေးတစ်ယောက် ဖြစ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

သူသည် ကြောင်အမ်းအမ်း ဖြစ်နေစဉ်မှာပင် ရှစ်ကွက်အင်းဂိုဏ်းချုပ်သည် အနီးရှိ သစ်ပင်ပေါ်သို့ လျှပ်တပြက် ခုန်တက်သွားပြီး ပျောက်ကွယ်သွားလေတော့သည်။

* * *

ထိမ့်ချူးသည် ရှစ်ကွက်အင်း ဂိုဏ်းချုပ်နောက်သို့ လိုက်မသွားဘဲ ကြောင်အမ်းအမ်းဖြင့် ရပ်ကြည့်နေမိသည်။

နယ်စားကြီးက သူ့အား ကြည့်လိုက်ပြီး...

"ရှစ်ကွက်အင်း ဂိုဏ်းချုပ်ရဲ့ သိုင်းပညာဟာ အလွန်တော်တယ် ဟုတ်လား"

ထိမ့်ချူးက...



"ဟုတ်တယ် ကျုပ် သိုင်းလောကကို ခြေချပြီးတဲ့ အချိန်ကစပြီး သူတစ်ယောက်တည်းသာ ကျုပ်နဲ့ သိုင်းကွက်(၁၀၀)ကျော်အထိ ယှဉ်ပြိုင်ခဲ့ဖူးတော့တယ်"

ကွမ်းကျုံးရပ်က စဉ်းစားယင်း ပြောလိုက်၏။

"သူက ဆက်တိုက်ခိုက်ရင် ရှုံးသွားမယ်ဆိုတာ သိလို့ထွက်ပြေးသွားတာနဲ့ တူတယ်"

ထိမ့်ချူးက ခေါင်းခါယမ်းလိုက်သည်။

"သူ ရှုံးလို့ ထွက်ပြေးတာ မဟုတ်ပါဘူး"

သူသည် နယ်စားကြီးဘက်သို့ လှည့်ကြည့်လိုက်သည်။

"ဒီမိန်းကလေးကို နယ်စားကြီးကသာ စည်းရုံးသိမ်းသွင်းနိုင်မယ်ဆိုရင် အများကြီး အကျိုးရှိနိုင်ပါလိမ့်မယ်"

နယ်စားကြီးက မျက်မှောင်ကြုတ်သွားသည်။

"သူက ဒုစရိုက်ဂိုဏ်းကို တည်ထောင်ထားတဲ့ မိန်းကလေးတစ်ယောက်ပဲ စည်းရုံးသိမ်းသွင်းလို့ ဖြစ်နိုင်ပါမလား"

ထိမ့်ချူးက အတန်ကြာအောင် စဉ်းစားပြီးနောက် ဆက်လက် စကားဆိုလိုက်ပြန်သည်။

"ကျုပ်အထင်နဲ့ ပြောရမယ်ဆိုရင် ဒီမိန်းကလေးကို ရှစ်ကွက်အင်းဂိုဏ်းချုပ်က ဂိုဏ်းချုပ်နေရာပေးပြီး ရှစ်ကွက်အင်းဂိုဏ်းကို တစ်စခန်း ပြန်ထဖို့ ကြိုးစားထားတာနဲ့ တူနေတယ်ဗျ"

နယ်စားကြီးက ခေါင်းညိတ်လိုက်သည်။

"ခင်ဗျား ယူဆတဲ့အတိုင်းသာ မှန်မယ်ဆိုရင် သူ့ကို စည်းရုံးသိမ်းသွင်းဖို့ အခွင့်အရေး ရှိတာပေါ့ဗျာ"

ထိမုံ့ချူးက ခေါင်းညိတ်လိုက်သည်။

"နယ်စားကြီးဟာ အလွန်တော်တဲ့ အရာရှိတစ်ယောက်ပါပဲ၊ ဒါကြောင့် သိမ်းသွင်းမယ်ဆိုရင် အလားအလာ အများကြီး ရှိပါတယ်"

သူသည် လက်နှစ်ဘက်ဆုပ်လိုက်ပြီး...

"ကျုပ်မှာ ကိုယ်ရေးကိုယ်တာလေးတွေ ရှိသေးတဲ့အတွက် သွားခွင့်ပြုပါဦးဗျာ"

နယ်စားကြီးက ထိမုံ့ချူး စကားကြောင့် မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျား ဘယ်တော့ ပြန်လာမှာလဲ"

ထိမုံ့ချူးက ပြုံးလိုက်သည်။

"အခြေအနေပေါ်မှာ မူတည်နေပါတယ်၊ တကယ်လို့များ အကြောင်းမထူးသေးဘူးဆိုရင် လာခဲ့ပါဦးမယ်"

"ကဲ အားလုံးကို နှုတ်ဆက်လိုက်ပါတယ်"

"ခဏ"

ကွမ်းကျုံးရုပ်က ဟန့်တားလိုက်သည်။

ထိမုံ့ချူးက နောက်သို့ လှည့်ကြည့်လိုက်သည်။

"ခင်ဗျား ဘာပြောချင်သေးလို့လဲ"

ကွမ်းကျုံးရုပ်က စကားအနည်းငယ် မေးလိုက်ပြန်သည်။

"ခုန ခင်ဗျားပြောသွားတာ နယ်စားကြီးဂေဟာထဲမှာ ထိပ်တန်းသိုင်းပညာရှင် တစ်ယောက်ရှိတယ်ဆိုတာ ဘယ်သူ့ကို ပြောတာလဲ"



ထိမုံ့ချူးက ပြုံးလိုက်သည်။

"ကျုပ်လည်းမသိဘူးဗျ၊ တစ်ခုတော့ ရှိတယ်၊ မြို့တော်ဝန်ရဲ့ သမီး လျှူဝမ်းအေ့ကို ခေါ်ပြီး မေးကြည့်ရင် သဲလွန်စ ရနိုင်လိမ့်မယ်လို့ ထင်ပါတယ်"

ပြောပြောဆိုဆိုနှင့်ပင် ထိမုံ့ချူးသည် ခြေလှမ်းကျဲကျဲဖြင့် ဘုံကျောင်းမှ ထွက်ခွာသွားလေတော့သည်။

* * *

နယ်စားကြီး ဂေဟာအတွင်း၌ ပုန်းအောင်နေကြသော ရှစ်ကွက်အင်းဂိုဏ်းသားများသည် အချို့က အဖမ်းခံသွားရပြီး တချို့က ထွက်ပြေးတိမ်းရှောင်သွားကြသောကြောင့် နယ်စားကြီး ဂေဟာတစ်ခုလုံးသည် အေးချမ်းသာယာ ချမ်းမြေ့သော အသွင်သို့ ပြန်လည်ရရှိသွားလေသည်။

နယ်စားကြီးသည် နယ်စားဂေဟာ ဥယျာဉ်ထဲ၌ ကွမ်းကျုံးရုပ်တို့ လူစုများကို ဂုဏ်ပြုညစာဖြင့် တည်ခင်း ကျွေးမွေးလိုက်လေသည်။

အားလုံးသော လူများသည် နယ်စားကြီးနှင့် ရင်းရင်းနှီးနှီး ဖြစ်လာကြပြီးလျှင် ပျော်ရွှင်စွာ စားသောက်ကြလေသည်။

ကွမ်းကျုံးရုပ်သည် စားသောက်နေယင်း တစ်စုံတစ်ခုကို

သတိရလာသဖြင့်...

နယ်စားကြီးအား အကြံပြုလိုက်လေသည်။

"နယ်စားကြီး မြို့တော်ဝန်တို့ သားအဖကို ဖိတ်ခေါ်လိုက်ရင် မကောင်းဘူးလား"

နယ်စားကြီးက ယခုမှ သတိရလာလေသည်။

"ကောင်းသားပဲ၊ အခုချက်ချင်းသွားပြီး ဖိတ်လိုက်ပါ့မယ်"

သူသည် ပြောယင်း ကိုယ်ရံတော်တစ်ယောက်အား မြို့တော်ဝန်တို့ သားအဖကို သွားရောက် ဖိတ်ကြားစေလေသည်။

* * *

မကြာပါချေ။

ကိုယ်ရံတော်တစ်ဦး ပြန်လည်ရောက်ရှိလာလေသည်။

သူ့နောက်တွင် မြို့တော်ဝန် သားအဖ လိုက်ပါလာသည်ကို တွေ့မြင်ရလေသည်။

နယ်စားကြီးက သူ၏စားပွဲသို့ လာရောက်ထိုင်ကြရန် ဖိတ်ခေါ်လိုက်လေသည်။

မြို့တော်ဝန်နှင့် သမီးဖြစ်သူ လျှုဝမ်းအော့တို့သည် နယ်စားကြီး၏ စားပွဲဝိုင်းတွင် ဝင်ရောက် ထိုင်ချလိုက်လေသည်။

မြို့တော်ဝန်က နယ်စားကြီးအား ဦးညွတ်လိုက်သည်။



"နယ်စားကြီး နေကောင်းလာပြီကိုး"

နယ်စားကြီးက ပြန်လည် အရိုအသေ ပြုလိုက်သည်။

"ကျုပ် အခုလို အသက်ချမ်းသာရာ ရသွားတာက..."

သူသည် ကွမ်းကျုံးရုပ်တို့လူစုအား ညွှတ်ပြလိုက်သည်။

"သိုင်းလောက သူရဲကောင်းတွေရဲ့ ကျေးဇူးကြောင့်ပါပဲ"

မြို့တော်ဝန်က ကွမ်းကျုံးရုပ်တို့ လူစုအား အရိုအသေ ပြုလိုက်သည်။

"နယ်စားကြီးကိုယ်စား ကျေးဇူးတင်ပါတယ်ဗျာ"

ကွမ်းကျုံးရုပ်နှင့် အပေါင်းပါတို့သည် ထိုင်ရာမှ ထကြပြီးလျှင် ပြန်လည်အရိုအသေ ပြုလိုက်ကြလေသည်။

"နယ်စားကြီးရဲ့ ဘုန်းတန်ခိုးကြောင့်ပါ ခင်ဗျာ"

နယ်စားကြီးက ပြုံးလိုက်သည်။

"ကျုပ် အခုလို သေရွာက တစ်ခေါက်ပြန်လာတဲ့အခါမှာ လူ့ဘဝကို တစ်မျိုးတစ်ဖုံ မြင်တတ်တဲ့ အတွေးအခေါ် ရှိလာတယ်ဗျ"

မြို့တော်ဝန်က စိတ်ဝင်စားစွာ မေးလိုက်သည်။

"နယ်စားကြီးက ဘယ်လို မြင်တတ်လာပါသလဲ ခင်ဗျာ"

နယ်စားကြီးက စိတ်ရှည်စွာ ရှင်းပြလိုက်လေသည်။

"ပထမတစ်ချက်ကတော့ လျှုဝမ်းအော့နဲ့ ကျုပ်သားနဲ့ စေ့စပ်ကြောင်းလမ်းထားတာကို ပယ်ဖျက်ဖို့ပါပဲ"

မြို့တော်ပန်က အံ့အားသင့်သွားရင်း အလောတကြီး မေးလိုက်သည်။

"ဘာဖြစ်လို့လဲဗျာ"

နယ်စားကြီးက စိတ်မကောင်းဟန်ဖြင့် ပြောလိုက်သည်။

"ကျုပ်သားဟာ မကျန်းမမာဖြစ်တာ (၂)နှစ်တောင် ရှိသွားပြီ၊ ရှင်းရှင်းပြောရမယ်ဆိုရင် သေရမယ့် လူတစ်ယောက်ပါ ခင်ဗျားသမီးရဲ့ ဘဝကို မဆုံးရှုံး မနစ်နာစေချင်တော့ပါဘူး"

မြို့တော်ဝန်က မျက်မှောင်ကြုတ်သွားသည်။

"ကျွန်တော်မျိုး လက်မခံနိုင်ဘူး"

နယ်စားကြီးက ရယ်မောလိုက်သည်။

"စဉ်းစားစမ်းပါဗျာ၊ ကျုပ်တို့လူကြီးရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းချင်တာနဲ့ ကလေးတွေရဲ့ ဘဝကို ဖျက်ဆီးမပစ်ပါနဲ့ဗျာ"

မြို့တော်ဝန်က ပါးစပ်ပိတ်ထားလိုက်ပြီး စဉ်းစားနေသည်။

နယ်စားကြီးက စကားဆက်လိုက်သည်။

"စိတ်မကောင်း မဖြစ်ပါနဲ့ဗျာ၊ ကျုပ်က အမှန်အတိုင်းကို ဆုံးဖြတ်လိုက်တာပါ"

မြို့တော်ဝန်က လေသံတင်းမာစွာဖြင့်...

"နယ်စားကြီးက ကျွန်တော်မျိုးကို ဖိတ်တာ ဒီအကြောင်း ပြောဖို့ ဟုတ်လား"

နယ်စားကြီးက မည်သို့မျှ ဝန်မခံဘဲ ဆက်လက်ပြောနေပြန်သည်။

"တခြားကိစ္စတစ်ခုလည်း မေးချင်ပါသေးတယ်"

"မေးပါဗျာ"

"ခင်ဗျား သိုင်းပညာတတ်သလား"

မြို့တော်ဝန်က မြို့စားကြီး စကားကြောင့် ကြောင်အမ်း



အမ်း ဖြစ်သွားသည်။

"မတတ်ပါဘူး ခင်ဗျာ"

နယ်စားကြီး၏ မျက်လုံးအစုံသည် လျှုဝမ်းအော့ထံ ရောက်ရှိသွားလေသည်။

"သမီးကို မေးစရာရှိတယ်၊ အမှန်အတိုင်း ဖြေပါ"

လျှုဝမ်းအော့က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ရှင့်"

နယ်စားကြီးက သူမအား အကဲခတ်ကြည့်လိုက်သည်။

"သမီးက သိုင်းပညာ တတ်သလား မတတ်ဘူးလား"

"မတတ်ပါဘူးရှင်"

နယ်စားကြီး၏မျက်နှာ တည်ကြည်သွားလေသည်။

"သမီးပြောတာ မှန်ကန်ရဲ့လား"

လျှုဝမ်းအော့က မျက်မှောင်ကြုတ်သွားသည်။

"ကျွန်မ သိုင်းပညာ မတတ်ဘူးဆိုတာ အမှန် ပြောနေတာပါ"

နယ်စားကြီးက စိတ်ပျက်စွာဖြင့် ညည်းတွားရင်း ပြောလိုက်သည်။

"အင်း... ဒါဖြင့် ဘယ်သူကများ နောက်ကွယ်ကနေပြီး တိတ်တဆိတ် ကူညီနေရတာလဲ"

လျှုဝမ်းအော့က နယ်စားကြီးကို ကြည့်၍ စိတ်မကောင်း ဖြစ်ကာ သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"အမှန်အတိုင်း ပြောရမယ်ဆိုရင်တော့ ရှစ်ကွက်အင်းဂိုဏ်း

ရဲ့ အကြံအစည်တွေကို ကျွန်မက နောက်ကွယ်ကနေ တိတ်တဆိတ်
ဖျက်ဆီးခဲ့တာပါ"

ကွမ်းကျိုးရုပ်က ကြားဖြတ်မေးလိုက်သည်။

"ခင်ဗျား သိုင်းပညာ မတတ်ဘဲနဲ့ ရှစ်ကွက်အင်းဂိုဏ်းရဲ့
အကြံအစည်ကို ဘယ်လိုလုပ် ဖျက်ဆီးလို့ရမှာလဲ"

လျှူဝမ်းအော့က ပခုံးတစ်ချက် တွန့်လိုက်ပြီး...

"သိုင်းပညာတတ်မှ ဒီအကြံအစည်ကို ဖျက်ဆီးနိုင်တာ မ
ဟုတ်ပါဘူး။ ဉာဏ်ကို အသုံးပြုပြီးတော့လည်း ဖျက်ဆီးနိုင်ပါတယ်
ရှင်"

သူမ၏ စကားကြောင့် အားလုံးသော သူများသည် အံ့သြ
သွားကြလေသည်။

ယန်စုစိန်က ကြားဖြတ်မေးလိုက်သည်။

"နေပါဦး ခင်ဗျားက မိန်းကလေးတစ်ယောက် ဖြစ်ပြီး သိုင်း
လောကအကြောင်းကို ဘယ်လိုလုပ်သိသလဲ"

လျှူဝမ်းအော့က ပြုံးလိုက်သည်။

"လောကမှာ ဘယ်ကိစ္စ ဘယ်အရာမျိုးမဆို လေ့လာ
ကြည့် စူးစမ်းကြည့်ရင် နားလည်သိမြင်လာတတ်ပါတယ်"

ယန်စုစိန်က ပြုံးလိုက်လေသည်။

"ဒီလိုဆိုရင် ခင်ဗျားရဲ့ ဉာဏ်ပညာကို ကျုပ် ချီးကျူးရမှာ
ပဲ"

လျှူဝမ်းအော့က ပြုံးလိုက်ယင်း...

"ကျေးဇူးတင်ပါတယ်ရှင်"



နယ်စားကြီးက ပြုံးလိုက်သည်။

"သမီးရဲ့ အရည်အချင်းကိုတော့ ကျုပ်သိရပါပြီ ဒါကြောင့်
ငါ့သမီးကို အကူအညီတစ်ခု တောင်းရဦးမယ်"

လျှူဝမ်းအော့က ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့ရှင့်"

နယ်စားကြီးက စကားပြောရန် စကားစ ရှာလိုက်သည်။

"ဒီလိုပါ အရေးကြီးတဲ့ စာရွက်စာတမ်းတွေနဲ့ ထိပ်ပါန်း
လျှို့ဝှက်တဲ့ စာရွက်စာတမ်းတွေကို သမီးက ထိန်းသိမ်းပေးဖို့ပါပဲ"

လျှူဝမ်းအော့က ဦးညွှတ်လိုက်သည်။

"ကျွန်မရဲ့ ဖခင်ကို မေးပါ၊ သူက သဘောတူရင် ကျွန်မ
လက်ခံပါ့မယ်"

နယ်စားကြီးက မြို့တော်ဝန်အား ကြည့်လိုက်လေသည်။

မြို့တော်ဝန်က ဦးညွှတ်လိုက်ပြီး...

"ကျွန်တော်မျိုးက ကန့်ကွက်စရာ မရှိပါဘူး၊ ဒါပေမယ့်
နယ်စားကြီးရဲ့ တာဝန်ကို သမီးက ထမ်းဆောင်နိုင်မလားတော့ မ
ပြောတတ်ဘူးခင်ဗျာ"

နယ်စားကြီးက ပြုံးလိုက်သည်။

"ရပါတယ်ဗျာ၊ သမီးရဲ့ အရည်အချင်းကို ကျုပ် ယုံကြည်
စိတ်ချပါတယ်"

နယ်စားကြီးက ယင်းသို့ပြောပြီး မြို့တော်ဝန်အား လှည့်၍
ပြောလိုက်၏။

"ကဲ ခင်ဗျား သွားနိုင်ပါပြီ၊ သမီးကိုတော့ ထားခဲ့ပါ၊ သူ့ကို

အလုပ်လွှဲပြောင်းပေးဖို့ ရှိပါသေးတယ်"

"ဟုတ်ကဲ့ ခင်ဗျာ"

မြို့တော်ဝန်က ထိုင်ရာမှ ထလိုက်ပြီး အရိုအသေ ပြုလိုက်လေသည်။

ထို့နောက် ဧည့်ခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

* * *

နယ်စားကြီးသည် လျှူဝမ်းအော့အား ကြည့်လိုက်ပြီး...

"သမီးကို တစ်ခု မေးရဦးမယ်"

"မေးပါရှင်"

"သမီးက သိုင်းလောကနဲ့ မရင်းနှီးဘဲနဲ့ ဘာကြောင့် သိုင်းလောက အကြောင်းကို သိကျွမ်းနေရတာလဲ"

လျှူဝမ်းအော့က ပြုံးလိုက်သည်။

"ကျွန်မရဲ့ ဖခင်ဟာ မြို့တော်ဝန်ပါ၊ ကျွန်မ ငယ်စဉ်ကတည်းက ဖေဖေ အလုပ်တာဝန်ကျရာ နောက်ကို အမြဲမပြတ်လိုက်ပြီး နေရတော့ သိုင်းလောက အကြောင်းများကို တစ်ခွန်းတစ်စလေ သိထားတာပေါ့ရှင်"

နယ်စားကြီးက မေးလိုက်ပြန်သည်။

"ဒါနဲ့ သမီးက ရှစ်ကွက်အင်းဂိုဏ်းရဲ့ အကြံအစည်ကို ဘယ်လိုလုပ် သိလိုက်တာလဲ"



လျှူဝမ်းအော့က ပြုံးလိုက်သည်။

"ကျွန်မ အားတဲ့အခါမှာ စာအုပ်တွေ တော်တော်များများ ဖတ်ပါတယ်၊ အဲဒီ စာအုပ်ထဲမှာ ထူးခြားတဲ့ စာအုပ်တစ်အုပ်ကို ဖတ်မိပါတယ်"

"ဘယ်လို စာအုပ်မျိုးလဲ"

"သိုင်းပညာနဲ့ ပတ်သက်တဲ့ စာအုပ်မျိုးပါ၊ ဒါပေမယ့် သိုင်းနဲ့ ပတ်သက်ပြီး ရေးထားတာ မဟုတ်ဘဲ ဝက်ပါအကြောင်းကိုသာ အများဆုံးပါပါတယ်"

"ဒီစာအုပ်ကို သမီးလက်ထဲမှာ ရှိနေသေးတယ်"

"ရှိပါတယ်ရှင့်"

"ဒီစာအုပ် အခု ဘယ်မှာ ရှိသလဲ"

"ဒီစာအုပ်ကို ကျွန်မက အလွန်စိတ်ဝင်စားလို့ ကိုယ်နဲ့မကွာ အမြဲတမ်းပါပါတယ်"

"အခုကော ပါလာရဲ့လား"

"ပါလာပါတယ်ရှင့်"

"ဒီစာအုပ်က ဘယ်သူက ပြုစုရေးသားထားသလဲ"

"အဖုံးအောက်ပိုင်းမှာ စုတ်သွားလို့ ဘယ်သူ ပြုစုတယ်ဆိုတာ မသိတော့ပါဘူးရှင်"

"ခဏလောက် ပြနိုင်ပါ့မလား"

"ရပါတယ်ရှင့်"

လျှုဝမ်းအော့သည် အင်္ကျီအိတ်တွင်းမှ စာအုပ်ငယ်တစ်အုပ် နှိုက်ယူလိုက်ပြီး လှမ်းပေးလိုက်လေသည်။

နယ်စားကြီးက စာအုပ်လှမ်းယူ၍ ကြည့်လိုက်ရာ အလွန် ဟောင်းနွမ်းနေသော စာအုပ်တစ်အုပ် ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

ယင်းစာအုပ်၏ မျက်နှာဖုံးမှာ တစ်ပိုင်းစုတ်ပြဲနေ၏။

မျက်နှာဖုံးပေါ်တွင် ရေးသားထားသည်မှာ...

"သိုင်းပညာနဲ့ ဝက်ပါ"

ဟု ရေးသားထားသည်ကို တွေ့လိုက်ရလေသည်။

စာအုပ်ကို လှန်ကြည့်လိုက်ရာ စုတ်တံဖြင့် ရေးသားထားသည်ကို တွေ့ရလေသည်။

ယင်းစာအုပ်၌ ဖော်ပြထားသော အကြောင်းအရာများသည် အလွန် စိတ်ဝင်စားဖွယ်ရာ ကောင်းသည်ကို တွေ့ရလေသည်။

နယ်စားကြီးသည် ကွမ်းကျုံးရုပ် လက်ထဲသို့ လှမ်းပေးလိုက်သည်။

"ဥာနမှုုးက အတွေ့အကြုံ နားလည်ထားတဲ့လူဆိုတော့ ဒီစာအုပ် ပြုစုတဲ့လူ ဘယ်သူလဲဆိုတာ ဖတ်ကြည့်ပါဦး"

ကွမ်းကျုံးရုပ်သည် စာအုပ်ကို လှမ်းယူလိုက်ပြီး တစ်ရွက်ချင်း လှန်ကြည့်လိုက်သည်။



အတန်ကြာမျှ ဖတ်ကြည့်ပြီးနောက် ခေါင်းခါယမ်းလိုက်လေသည်။

"ဒီစာအုပ်ကတော့ အတော့်ကို ထူးခြားတဲ့ စာအုပ်ပါပဲ၊ ဘယ်သူက ပြုစုထားလဲတော့ မသိဘူးဗျ"

လျှုဝမ်းအော့က ပြောလိုက်ပြန်သည်။

"ဒီစာအုပ် ပြုစုတဲ့လူဟာ အလွန်တော်ပါတယ်၊ ဘယ်သူမဆို စာအုပ်ပေါ်မှာ ဖော်ပြတဲ့အတိုင်း လိုက်ပြီး ကြိုးစားရင် ရနိုင်ပါတယ်"

ကွမ်းကျုံးရုပ်က ခေါင်းခါယမ်းလိုက်သည်။

"ဒီလိုလည်း မဟုတ်သေးပါဘူး၊ လူတစ်ယောက်ဟာ ပညာအခြေခံ မရှိရင် စာအုပ်ပေါ်မှာ ဖော်ပြထားတဲ့ အကြောင်းကို သဘောပေါက်ဖို့ မလွယ်ကူပါဘူး"

ကွမ်းကျုံးရုပ်သည် စာအုပ်ကို ပိတ်လိုက်ပြီး လျှုဝမ်းအော့အား ပြန်လည်ပေးလိုက်လေသည်။

လျှုဝမ်းအော့က စာအုပ်ကို ပြန်လည်ယူလိုက်ပြီး စကားဆက်လိုက်လေသည်။

"ဟုတ်ပါတယ်... စာဖတ်တာဟာ သိုင်းပညာ လေ့ကျင့်တာနဲ့ အတူတူပါပဲ၊ အတွင်းအားပိုများတဲ့ လူဟာ သိုင်းပညာ လေ့ကျင့်တဲ့အခါမှာ ပိုပြီး ထိရောက်သလို စာများများ ဖတ်တဲ့လူက သဘောပေါက်လွယ်တာပေါ့ရှင်"

ယန်စုစိန်က လျှုဝမ်းအော့ကို ကြည့်ယင်း...

"ခင်ဗျားက စာကိုတော်တော်ဖတ်ပြီး လေ့လာတယ်နဲ့

တူတယ်"

လျူဝမ်းအော့က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ထိုစဉ် အခန်းတွင်းသို့ တံခါးမှူးတစ်ယောက် ဝင်ရောက်လာလေသည်။

ဆင်းပေတုက လှမ်းမေးလိုက်သည်။

"ဘာကိစ္စ ရှိလို့လဲ"

တံခါးမှူးက ဦးညွတ်လိုက်သည်။

"ကပ်ဟို့လျှန်ဆိုတဲ့ လူတစ်ယောက်က နယ်စားကြီးကို တွေ့ချင်တယ်လို့ ပြောပါတယ်"

ဆင်းပေတုက ကွမ်းကျုံးရုပ်အား ကြည့်လိုက်သည်။

ကွမ်းကျုံးရုပ်က နယ်စားကြီးအား ဦးညွတ်လိုက်သည်။

"ကပ်ဟို့လျှန်ဆိုတာ ထိပ်တန်းသိုင်းပညာရှင်တစ်ယောက်ပါ၊ အလွန်ကောက်ကျစ်စဉ်းလဲတဲ့ လူတစ်ယောက် ဖြစ်တယ်၊ သူ အခု လာတွေ့တာလည်း သိုးပန်းချီနဲ့ ပတ်သက်လို့ ဖြစ်ပါလိမ့်မယ်"

နယ်စားကြီးက ပြုံးလိုက်သည်။

"သူက ဘာလိုချင်လဲဆိုတာ သိရအောင် ခေါ်လိုက်ပါ"

ဆင်းပေတုက ခေါင်းညိတ်လိုက်ပြီး တံခါးမှူးဘက်သို့ လှည့်လိုက်သည်။

"သူ့ကို ခေါ်လာခဲ့"

* * *



တခဏအကြာတွင် တံခါးမှူးနှင့်အတူ ကပ်ဟို့လျှန်သည် ခန်းမတွင်းသို့ ရောက်ရှိလာလေသည်။

ကပ်ဟို့လျှန်သည် ကွမ်းကျုံးရုပ်တို့လူစုအား တွေ့မြင်လိုက်သဖြင့် မျက်နှာတစ်ချက် ပျက်သွားသည်။

တဖန် မျက်နှာကို အတတ်နိုင်ဆုံး ချိုထားကာ...

"သြော်... ဌာနမှူးတို့ နယ်စားကြီးဂေဟာတောင် ရောက်လာကြပြီကိုး၊ အခုလို လုပ်ငန်းတိုးတက်လာတာကို တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျားက ဒီကို ဘာအကြံအစည်နဲ့ လာတာလဲဗျ"

ကပ်ဟို့လျှန်က ပြုံးလိုက်သည်။

"ကျုပ်က နယ်စားကြီးကို လာတွေ့ရတာ အရေးကြီးတဲ့ကိစ္စရှိလို့ပေါ့ဗျာ"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်ပြီး...

"ကောင်းပြီလေ... ဒါပေမယ့် ခင်ဗျားရဲ့ ပစ္စည်းတစ်ချို့ကို ကျုပ်လက်ထဲ အပ်ရမယ်"

"ဘာပစ္စည်းလဲဗျ"

"ခင်ဗျားရဲ့ ယပ်တောင် လက်နက်ပုန်း"

ကပ်ဟို့လျှန်က ရယ်မောလိုက်ပြီး...

"ရပါတယ်ဗျာ"

သူသည် ယပ်တောင်နှင့် အိတ်တွင်းမှ လက်နက်ပုန်းအချို့ကို ယူ၍ ပေးအပ်လိုက်သည်။

ကွမ်းကျုံးရုပ်က လမ်းဖယ်ပေးလိုက်သည်။

"ကောင်းပြီ... ဝင်နိုင်ပါတယ်"

ကပ်ပဟို့လျှန်က နယ်စားကြီးထံ လျှောက်သွားလေတော့သည်။

ကပ်ပဟို့လျှန်သည် နယ်စားကြီးအား အရိုအသေပြုပြီးနောက် မျက်နှာချင်းဆိုင် ထိုင်လိုက်သည်။

နယ်စားကြီးက သူ့အား အကဲခတ်ကြည့်ယင်း...

"ကျုပ်ကို တွေ့ချင်တယ်ဆိုတာ ဘယ်လိုကိစ္စ ရှိလို့လဲ"

ကပ်ပဟို့လျှန်က ဦးညွှတ်လိုက်ပြီး...

"သိုးပန်းချီနဲ့ ပတ်သက်ပြီး ခိုင်ဖုန်းမြို့တွင်းမှာ သိုင်းလောကသားတွေ တော်တော်များများ စုရုံးနေကြပါတယ်"

နယ်စားကြီးက ဆက်လက်မေးမြန်းလိုက်သည်။

"သိုင်းလောကသားတွေထဲမှာ ဓားပြတွေ လူဆိုးတွေ ပါလာသလား"

ကပ်ပဟို့လျှန်က ပြုံးလိုက်ပြီး...

"ဒါကို ပြောရမှာ ခက်ပါတယ် နယ်စားကြီး"

"ဘာဖြစ်လို့လဲ"

"သိုင်းသမားတွေဟာ ကောင်းတဲ့ လုပ်ရပ်တွေ လုပ်ခဲ့သလို မကောင်းတဲ့ လုပ်ရပ်တွေလည်း လုပ်ခဲ့ဖူးတဲ့လူ အများကြီး ရှိနေပါတယ်"

နယ်စားကြီးက ခေါင်းညိတ်လိုက်သည်။

"ဒါတွေ ထားလိုက်ပါတော့လေ၊ အခု မင်းလာတဲ့ကိစ္စ ပြောပါ"



ကပ်ပဟို့လျှန်က ပြုံးလိုက်ပြီး ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့ သိုးပန်းချီနဲ့ ပတ်သက်လို့ နယ်စားကြီး အနေနဲ့ ဝင်ရောက် မပတ်သက်ဖို့ လာပြီး မေတ္တာရပ်ခံတာပါ"

နယ်စားကြီးက ပြုံးလိုက်ပြီး လှမ်းမေးလိုက်သည်။

"သိုးပန်းချီဟာ ဘာကို ကိုယ်စားပြုတယ်ဆိုတာရော သိသလား"

"ဟုတ်ကဲ့... သိုင်းလောကသားတစ်ဦးရဲ့ ကျန်ရစ်ခဲ့တဲ့ ပစ္စည်းတွေပါ"

"အဲဒီ ပစ္စည်းတွေဟာ ရွှေငွေ ကျောက်သံပတ္တမြားပဲ မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"ခိုင်ဖုန်းမြို့တွင်း စုရုံးရောက်ရှိနေတဲ့ သိုင်းသမားတွေဟာ ဒီရွှေငွေတွေ လုယူချင်ကြတယ် ဆိုပါတော့"

"ဟုတ်ပါတယ်"

နယ်စားကြီးက ရယ်မောလိုက်သည်။

"ဟင်း... ဟင်း... ကျုပ်က ဒီပစ္စည်းတွေကို ပိုင်ဆိုင်ဖို့ မရည်ရွယ်ပါဘူး"

"ဟုတ်ကဲ့ ကျုပ်လည်း ယုံကြည်ပါတယ်"

ကပ်ပဟို့လျှန်က မျက်မှောင်ကြုတ်သွားသည်။

"ထိုက်သင့်တဲ့နေရာမှာ အသုံးချဖို့ဆိုတာ ဘာကို ရည်ရွယ်ပြီး ပြောတာလဲ ခင်ဗျား"

နယ်စားကြီးက ရှင်းပြလိုက်သည်။

"ဒီရတနာတွေဟာ သိုင်းလောကသားတစ်ချို့ရဲ့ ပစ္စည်းလို့ ဆိုပေမယ့် အမှန်မှာ ဒီရတနာတွေဟာ ပြည်သူတွေဆီက ရထားတာ ဖြစ်ပါတယ်"

ကပ်ဟို့လျန်က မျက်မှောင်ကြုတ်သွားသည်။

"နယ်စားကြီးရဲ့ သဘောက"

နယ်စားကြီးက ပြတ်သားစွာ ပြောလိုက်သည်။

"ကျုပ်ရဲ့ သဘောကတော့ ဒီပစ္စည်းတွေကို ပြည်သူလူထု အတွက် အကျိုးရှိမယ့် လုပ်ငန်းတွေ လုပ်သင့်တယ်လို့ ကျုပ်ယူဆတယ်"

သူသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး စကားဆက်လိုက်သည်။

"ဒီနှစ်မှာ မြစ်ဝါမြစ် ရေကြီးပြီး ရေဘေးကြောင့် အိုးအိမ် စည်းစိမ် ပျက်စီးဆုံးရှုံးသွားကြတဲ့ ပြည်သူတွေဟာ ထောင်သောင်း မက ရှိနေပါတယ်၊ သူတို့ကို ကယ်ဆယ်ဖို့ ပြန်လည် ထူထောင်ပေးဖို့ လိုအပ်နေပါတယ်"

ကပ်ဟို့လျန်က ပြုံးလိုက်ပြီး...

"ဒါကတော့ အာဏာပိုင်တို့ရဲ့ တာဝန်ပါ"

နယ်စားကြီးက ခေါင်းခါယမ်းလိုက်သည်။

"မင်း အယူအဆ မှားနေပြီ... အာဏာပိုင်တို့ကလည်း သူ့တာ ဝန် အလျောက်တော့ လုပ်နေပါတယ်၊ ဒါပေမယ့် ဒီအရေးက ပြည် သူတစ်ရပ်လုံးနဲ့ ဆိုင်တယ်၊ ငါတို့နဲ့ မင်းတို့လည်း သက်ဆိုင် နေပါတယ်၊ အားလုံးက ဝိုင်းဝန်းကူညီရမယ့်တာဝန် ရှိပါတယ်"



ကပ်ဟို့လျန်က မဲ့ပြုံးပြုံးလိုက်သည်။

"နယ်စားကြီးရဲ့ သဘောက ဒီသိုးပန်းချီကို ထိန်းသိမ်းထား မယ် ဟုတ်လား"

"ကျုပ်က ထိန်းသိမ်းမထားပါဘူး"

"ဒါဖြင့်..."

"ကျုပ်က ယုံကြည်ရမယ့်လူ၊ ဒါမှမဟုတ် ယုံကြည်စိတ်ချရ မယ့် အဖွဲ့အစည်းတစ်ခုကို ပေးအပ်ဖို့ ဆုံးဖြတ်ထားပါတယ်"

"နယ်စားကြီးက ဘယ်သူ့ကို ပေးမှာလဲ"

"ရှောင်လင်ကျောင်း"

ကပ်ဟို့လျန်က နယ်စားကြီး၏စကားကြောင့် အံ့အားသင့် သွားသည်။

"ရှောင်လင်ကျောင်း ဟုတ်လား"

"ဟုတ်တယ်... ကျုပ်က လူလွှတ်ပြီး ရှောင်လင်ကို အ ကြောင်းကြားလိုက်ပါပြီ"

ကပ်ဟို့လျန်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း... ဒီအတိုင်းဆိုရင် သိုင်းလောကတစ်ခုလုံး သွေး ထွက်သံယိုမှုတော့ ဖြစ်လာတော့မှာပဲ"

နယ်စားကြီးက အေးဆေး တည်ငြိမ်စွာဖြင့် ပြောလိုက် သည်။

"ဒါကတော့ အချင်းချင်း တိုင်ပင် ဆွေးနွေးလိုက်ရင် သွေး ထွက်သံယိုမှု မဖြစ်နိုင်ဘူးလို့ ထင်ပါတယ်"

ကပ်ဟို့လျန်က သူ၏စကားကို နားထောင်နေလိုက်သည်။

နယ်စားကြီးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း... လူတစ်ယောက်ဟာ အသက်တစ်ရာ မနေနိုင်ကြပါဘူး၊ နာမည်ကျန်ခဲ့ရင် နှစ်ပေါင်းတစ်ထောင်တောင် တည်နိုင်ပါတယ်၊ ဘာကြောင့် လူတွေဟာ ပစ္စည်းဥစ္စာကြောင့် အသက်စွန့်နေကြတယ်ဆိုတာ ကျုပ်ဖြင့် စဉ်းစားလို့ကို မရဘူး"

ကပ်ဟို့လျန်က ပြုံးလိုက်သည်။

"ငှက်တွေဟာ အစားအစာရှာရင်း သေရပါတယ်၊ လူတွေဟာ ငွေရှာရင်း သေကြရပါတယ်၊ ဒါဟာ ဓမ္မတာပါပဲ"

နယ်စားကြီးက သူ၏စကားကို ပြန်လည် ချေပလိုက်လေသည်။

"လူတစ်ယောက်ဟာ အသက်ဘယ်လောက် ရှည်ရှည် နေနိုင်မလဲ၊ အဲ... အစားအစာ ဘယ်လောက်များများ စားနိုင်မလဲ၊ ငွေကိုလည်း ဘယ်လောက်များများ သုံးနိုင်မလဲ၊ ဥပမာ မင်းအနေနဲ့ ကြည့်ရင် ပူစရာ မရှိတော့ပါဘူးလေ"

ကပ်ဟို့လျန်က ပါးစပ်ပိတ်ထားလိုက်ပြန်သည်။

နယ်စားကြီးက စကားဆက်လိုက်သည်။

"အခုတော့ မင်းက ဒီရတနာသိုက်ကို သိပြီး လိုချင်နေတယ်၊ မင်း အခု ဒီရတနာသိုက်ကို ရပါပြီတဲ့၊ ဒီငွေကို ဘာအသုံးချလဲ"

ကပ်ဟို့လျန်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"နယ်စားကြီး ပြောတာလည်း မှန်ပါတယ်ဗျာ"

နယ်စားကြီးက ပြုံးလိုက်သည်။



"ယောက်ျားတစ်ယောက်ဟာ ရာဇဝင်တွင်ရစ်အောင် မလုပ်နိုင်ခဲ့သည့်တိုင်အောင် မဟုတ်တဲ့ အလုပ်ကို မလုပ်သင့်ပါဘူး"

ကပ်ဟို့လျန်က နယ်စားကြီးအား တစ်ချက် စိုက်ကြည့်လိုက်လေသည်။

"နယ်စားကြီးက သတ္တိရှိသလား"

နယ်စားကြီးက နားမလည်နိုင်စွာဖြင့်...

"ဘယ်လို သတ္တိမျိုးကို ဆိုလိုတာလဲ"

"နယ်စားကြီးရဲ့ ဩဝါဒစကားဟာ အလွန်ပဲ တန်ဖိုးရှိပါတယ်၊ ကျုပ်ဖြင့် အတော့်ကို တရားရသွားပါတယ်"

နယ်စားကြီးက ပြုံးလိုက်သည်။

"အမှားသိရင် အမှန်ရောက်နိုင်ပါတယ်၊ မင်း အရင်တုန်းက ဘာပဲလုပ်ခဲ့လုပ်ခဲ့၊ အခုနေ ပြုပြင်လာမယ်ဆိုရင် ကျုပ်က မိတ်ဆွေတစ်ယောက်အနေနဲ့ အသိအမှတ် ပြုပါ့မယ်"

ကပ်ဟို့လျန်က ပြုံးလိုက်သည်။

"ကျေးဇူးတင်ပါတယ်၊ တကယ်လို့များ နယ်စားကြီးက သတ္တိရှိရှိနဲ့ ခိုင်ဖုန်းမြို့မှာ စုရုံးရောက်ရှိနေကြတဲ့ သိုင်းသမားအများစုကို စုစည်းခေါ်ယူပြီး ဆွေးနွေးလိုက်မယ်ဆိုရင် အကျိုးအများကြီး ရှိလိမ့်မယ်လို့ ယူဆပါတယ်"

နယ်စားကြီးက မျက်မှောင်ကြုတ်သွားသည်။

"မင်းက ဘာကို ဆိုလိုတာလဲ"

ကပ်ဟို့လျန်က ပြုံးလိုက်သည်။

"ဒီလိုပါ၊ နယ်စားကြီးရဲ့ သတ္တိ အတွေးအခေါ် အတော်

လေး ကောင်းပါတယ်၊ အဲဒီတော့ ကျုပ်က သိုင်းသမားအားလုံးကို စုစည်းလိုက်ပြီး နယ်စားကြီးကိုယ်တိုင် တရားဟောရင် ကောင်းမ လားလို့ပါ”

နယ်စားကြီးက စဉ်းစားလိုက်ပြီး ခေါင်းညိတ်လိုက်လေ သည်။

“မင်းအကြံ မဆိုးဘူး၊ ကျုပ် လက်ခံပါတယ်”

ကပ်ဟို့လျန်က ထိုင်ရာမှ ထလိုက်ပြီး...

“ဒီလိုဆိုရင် ကျုပ်သွားမယ်၊ သုံးလေးရက်အတွင်း အ ကြောင်းပြန်ပါ့မယ်”

နယ်စားကြီးက ခေါင်းညိတ်လိုက်သည်။

“ကျုပ် မင်းရဲ့ သတင်းကို စောင့်မျှော်နေပါ့မယ်”

* * *

ကပ်ဟို့လျန် ပြန်လည် ထွက်ခွာသွားပြီးနောက်...

နယ်စားကြီးက ကွမ်းကျုံးရုပ်ဘက်သို့ လှည့်လိုက်ပြီး မေ သည်။

“ကပ်ဟို့လျန်ဆိုတဲ့လူဟာ ဘာသဘောနဲ့ လာတာလဲဗျ

ကွမ်းကျုံးရုပ်က ထိုင်ခုံပေါ်မှ ခြေထောက်ကို ပြင်ချိတ လိုက်ပြီး...



“ကပ်ဟို့လျန်ဟာ လက်ရှိ သိုင်းလောကမှာ အသက်အငယ် ဆုံးနဲ့ အကျော်ကြားဆုံး သိုင်းသမားတစ်ယောက် ဖြစ်သလို၊ ဉာဏ် လည်းကောင်းတယ်၊ ကောက်ကျစ်စဉ်းလဲတယ်၊ အခု သူ့ရဲ့ လိုလား ချက်ကိုလည်း ရအောင် ဆွယ်သွားတာကိုပဲ တွေ့နိုင်ပါတယ်”

နယ်စားကြီးက မျက်မှောင်ကြုတ်သွားသည်။

“သူ ဒီကိုလာတဲ့ ရည်ရွယ်ချက်က သူ ဖိတ်ခေါ်ထားတဲ့ အစည်းအဝေးကို ကျုပ်ကို ရအောင် ဖိတ်ခေါ်တဲ့ သဘောလား”

ကွမ်းကျုံးရုပ်က အတန်ကြာအောင် စဉ်းစားလိုက်ပြီး...

“ကပ်ဟို့လျန်က နယ်စားကြီးကို ဖိတ်ခေါ်တာ အကြံအ စည်တစ်ခုခု ရှိမှာ သေချာတယ်”

နယ်စားကြီးက ပြုံးလိုက်သည်။

“ကျုပ်က သွားမယ်လို့ ကတိပေးပြီးမှ သွားဖြစ်အောင် တော့ သွားရမှာပဲ”

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

“ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ကြိုတင်စီမံထားတာ ကောင်းဆုံးပါပဲ”

နယ်စားကြီးက ခေါင်းတညိတ်ညိတ်ဖြင့်...

“ဘာပဲဖြစ်ဖြစ် ကျုပ်က သူ့ရဲ့အစည်းအဝေးကို တက်ဖြစ် အောင် တက်ချင်တယ်”

ကွမ်းကျုံးရုပ်က အေးဆေးစွာ မေးလိုက်ပြန်သည်။

“နယ်စားကြီးက သူတို့ကို စည်းရုံးသိမ်းသွင်းနိုင်မယ်လို့ ဆထားလို့လား”

နယ်စားကြီးက ခေါင်းခါယမ်းလိုက်သည်။

"ဒီလိုလည်း မမျှော်လင့်ထားပါဘူး၊ ဒါပေမယ့် သိုင်းလော
ကထဲက တစ်ယောက်ကို သိမ်းသွင်းနိုင်ရင် ရန်သူတစ်ယောက် လျှော့
သွားမယ် မဟုတ်လား"

ကွမ်းကျိုးရုပ်က နယ်စားကြီးအား ကြည့်လိုက်ပြီး...

"နယ်စားကြီး အခုလို သူတို့နဲ့သွားတွေ့တာဟာ အလွန်
အန္တရာယ်များတယ်ဆိုတာ သတိထားစေချင်ပါတယ်"

နယ်စားကြီးက ပြုံးလိုက်သည်။

"အားလုံးအတွက် အကျိုးရှိမယ်ဆိုရင် အန္တရာယ်ကိုတော
ရင်ဆိုင်ဂုံ့ရမှာပေါ့ဗျာ"

ကွမ်းကျိုးရုပ်က တခဏကြာမျှ စဉ်းစားလိုက်ပြီး...

"နယ်စားကြီး သွားချင်တယ်ဆိုရင် ကျုပ်တို့က တိကျ
စပ်ဝဲ့ အစီအစဉ်တစ်ခု ချရလိမ့်မယ်"

ထိုစဉ်မှာပင် တံခါးမှူးက ခြေလှမ်းကျဲကျဲဖြင့် အခန်းတွင်
သို့ဝင်လာသည်။

ဆင်းပေတုက မျက်မှောင်ကြုတ်သွားသည်။

"ဘာကိစ္စရှိလို့လဲ"

တံခါးမှူးက ဦးညွတ်လိုက်သည်။

"ရှောင်လင်ကျောင်းက ဘုန်းကြီးနှစ်ပါး ရောက်လာနေ
တယ် ခင်ဗျာ"

ဆင်းပေတုက နယ်စားကြီးထံသို့ လျှောက်သွားပြီး
ညွတ်လိုက်သည်။



"နယ်စားကြီးခင်ဗျာ၊ ရှောင်လင်ကျောင်းက ဘုန်းတော်ကြီး
နှစ်ပါး တွေ့ချင်လို့ ရောက်နေပါတယ်"

နယ်စားကြီးက ခေါင်းညိတ်လိုက်သည်။

"ကဲ သူတို့ကို သွားပြီး ကြိုဆိုလိုက်ပါဦး"

"ဟုတ်ကဲ့ပါ နယ်စားကြီး"

ဆင်းပေတုက ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားသည်။

* * *

ဆင်းပေတုသည် ရှေ့မှဦးဆောင်၍ ဘုန်းတော်ကြီးနှစ်ပါး
နှင့်အတူ ဧည့်ခန်းထဲသို့ ဝင်ရောက်လာသည်။

ကွမ်းကျိုးရုပ်နှင့် ယန်စုစိန်တို့သည် ထိုင်ရာမှထလိုက်ပြီး
ဦးညွှတ် အလေးပြုလိုက်လေသည်။

မီးခိုးရောင်သင်္ကန်းများ ဝတ်ဆင်ထားသော ဘုန်းတော်ကြီး
နှစ်ပါး၏ တစ်ကိုယ်လုံးမှာ ဖုန်များပေကျံနေသည်ကို တွေ့ရသဖြင့်
ခရီးဝေးမှ ရောက်လာခြင်းဖြစ်သည်ကို ခန့်မှန်း၍ရလေသည်။

ဘုန်းတော်ကြီးနှစ်ပါးသည် အခန်းထဲမှ လူများအား
တစ်ချက် ဝေ့ကြည့်လိုက်ပြီး နယ်စားကြီးအား မေးလိုက်သည်။

"နယ်စားကြီးဆိုတာ ဘယ်သူလဲ"

နယ်စားကြီးက ဦးညွှတ်လိုက်ပြီး...

"ကျုပ်ပါ"

ဘုန်းတော်ကြီးနှစ်ပါးလည်း ပြိုင်တူ ဦးညွှတ်လိုက်သည်။

"ကျုပ်တို့ ရှိသေပါတယ်"

နယ်စားကြီးက သူတို့အား အကဲခတ်ကြည့်ရင်း...

"ဘုန်းတော်ကြီးရဲ့ ဘွဲ့နာမည်ကို အမိန့်ရှိပါ"

ထိုသို့ ရပ်နေသော ဘုန်းတော်ကြီးနှစ်ပါးအနက် ဗယ်ဘက်၌ရပ်နေသော ဘုန်းတော်ကြီးက...

"ကျုပ်က ထိတောက်ပါ"

ကွမ်းကျုံးရပ်က လက်နှစ်ဘက်ဆုပ်၍ အရိုအသေပြုသည်။

"ခရီးပန်းလာပါတယ် ထိုင်ပါဘုရား"

ထိတောက်နှင့် ထိဟန်တို့သည် ကုလားထိုင်အသီးသီး၌ ပြိုင်တူထိုင်လိုက်သည်။

"ဒါနဲ့ မင်းတို့ဆီမှာ ထိမုံ့ချူး[illegible] လူငယ်တစ်ယောက် ရှိတယ်လို့ ကြားတယ်"

ကွမ်းကျုံးရပ်က ခေါင်းညိတ်အဖြေပေးလိုက်ရင်း...

"တင်ပ့ါ ရှိပါတယ်ဘုရား"

"အခု သူဘယ်မှာလဲ"

"မသိပါဘူးဘုရား"

"ဘာဖြစ်လို့ မသိရမှာလဲ"

နယ်စားကြီးက စကားကို လမ်းကြောင်းလွှဲပြောင်းလိုက်၏။

"ဒါနဲ့ ရှောင်လင်ကျောင်းထိုင်က ဘယ်အချိန်ရောက်လာမှာလဲဘုရား"



ထိတောက်က လေသံမာမာဖြင့်...

"သေချာတော့ မပြောတတ်ဘူး၊ အနောက်ကျဆုံး (၃)ရက်ပါပဲ"

နယ်စားကြီးက ဦးညွှတ်လိုက်ပြီး...

"ဒါဖြင့် ဘုန်းတော်ကြီးတို့အတွက် နေထိုင်ဖို့ စီစဉ်ပေးပါ့မယ်"

ထိဟန်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပါတယ်၊ ဒါနဲ့ ကျုပ်စကားတစ်ခွန်းတော့ ပြောချင်ပါတယ်"

"အမိန့်ရှိပါ"

ထိတောက်က ချောင်းတစ်ချက်ဟန့်လိုက်ပြီး...

"ကျုပ်တို့ ကျောင်းထိုင်က မှာလိုက်ပါတယ်၊ နယ်စားကြီးရဲ့အနှောင့်အယှက် မှန်သမျှကို ကူညီပြီး ကာကွယ်စောင့်ရှောက်ပေးရမယ်လို့ ပြောပါတယ်၊ အခုတော့ နယ်စားကြီးအနားမှာ စောင့်ရှောက်ပေးမယ့်သူ အဲတော်လေး ပြည့်ပြည့်စုံစုံရှိနေတာကို တွေ့ရပါတယ်၊ ဒါကြောင့် မလိုအပ်တော့ဘူးလို့ ထင်ပါတယ်"

"ရပါတယ်၊ ဘုန်းတော်ကြီး ရောက်လာတော့လည်း ပိုပြီး လုံခြုံတာပေ့ါဗျာ"

တချိန်လုံး စကားမပြောဘဲ ငြိမ်နေသော လျှုဝမ်းအော့က ရုတ်တရက် ဘုန်းကြီးအား မေးမြန်းလိုက်လေသည်။

"အရှင်ဘုရားတို့က ရှောင်လင်ကျောင်းက လာကြတယ်ဟုတ်လား"

သူမ၏ စကားကြောင့် ကွမ်းကျုံးရုပ်မှာ အံ့အားသင့်သွားကြလေသည်။

ထိဟန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်တို့ ရှောင်လင်ကျောင်းက လာခဲ့တာပါ"

လျူဝမ်းအော့က လက်အုပ်ချီလိုက်သည်။

"အရှင်ဘုရားတို့က ခရီးပန်းလာကြတာပဲ"

သူမသည် ဆင်းပေတုဘက်သို့ လှည့်လိုက်သည်။

"အရှင်ဘုရားတို့ နားဖို့နေရာပို့ပေးပါ"

ထိတောက်နှင့် ထိဟန်တို့သည် မျက်နှာကွက်ခနဲ ပျက်သွားခြင်းမရှိပေမယ့် မကျေမနပ်ဖြစ်သွားသည်ကို သိသာနိုင်၏။

ဆင်းပေတုက လက်အုပ်ချီ၍...

"တပည့်တော်နောက်ကို လိုက်ခဲ့ပါ"

ထိဟန်နှင့် ထိတောက်တို့သည် လျူဝမ်းအော့အား တစ်ချက်ကြည့်လိုက်ပြီး ဆင်းပေတုနောက်သို့ လိုက်သွားသည်။

* * *

နယ်စားကြီးက လျူဝမ်းအော့အား ကြည့်လိုက်ပြီး မေးလိုက်သည်။

"သမီးက ဘယ်လိုပြောလိုက်တာလဲ"



"ဒီဘုန်းတော်ကြီးနှစ်ပါးကို ကျွန်မ သံသယဖြစ်နေလို့ပါ"

ကွမ်းကျုံးရုပ်က အံ့ဩသောအသံဖြင့် မေးလိုက်၏။

"ဘာဖြစ်လို့လဲ"

လျူဝမ်းအော့က မျက်နှာထား တည်ကြည်စွာဖြင့်...

"ကျွန်မအနေနဲ့ သူတို့ကို သံသယဖြစ်နေလို့ပါ"

ကွမ်းကျုံးရုပ်က လေသံအေးအေးဖြင့် ပြောလိုက်သည်။

"ကျုပ်လည်း သိုင်းလောကရဲ့ အတွေ့အကြုံများများ တွေ့ဖူးပါတယ်၊ ဒီဘုန်းကြီးနှစ်ပါးကိုတော့ ကျုပ် သံသယဖြစ်စရာ မတွေ့ပါလား"

"သူတို့က အတော်ပိရိတာကိုး အကဲခတ်ဖို့ ဘယ်လွယ်ပါ့မလဲ"

နယ်စားကြီးက လျူဝမ်းအော့အား စူးစူးစိုက်စိုက်ကြည့်ရင်း

"သမီးက ဘယ်လိုလုပ် တွေ့ရှိသလဲ"

"သူတို့နှစ်ယောက်ရဲ့ မျက်လုံးနဲ့ သူတို့ရဲ့ခေါင်းပေါ်က အမွေးတိုင်အရာများကို ကြည့်လိုက်တာနဲ့ သူတို့ဟာ ရှောင်လင်ကျောင်းက မဟုတ်ဘူးဆိုတာ သိသာပါတယ်"

"အင်း...ပြောစမ်းပါဦး မိန်းကလေး"

လျူဝမ်းအော့က ပြန်လည်ပြောပြလိုက်သည်။

"သူတို့ရဲ့ ဘွဲ့နာမည်ဟာ ထိတောက်၊ ထိဟန် ဖြစ်တဲ့အတွက် ရှောင်လင်ကျောင်းမှာ အဆင့်မြင့်တဲ့ ဘုန်းတော်ကြီးတွေ ဖြစ်ရမယ်၊ အနည်းဆုံး ဝါဆယ်ဝါတော့ ရှိရမယ်၊ ဒါပေမယ့် အခု သူတို့ခေါင်းပေါ်မှာ ရှိတဲ့ အမွေးတိုင် အရာတွေဟာ မကြာခင်က ဖြစ်ပေါ်

လာတာကို တွေ့ရတယ်"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... သူတို့ ခေါင်းပေါ်မှာ အမွေးတိုင်အရာ ပေး ထားတာ ဆယ်ရက်တောင် ကျော်မယ် မထင်ဘူး"

လျူဝမ်းအော့က ပြုံးလိုက်သည်။

"ဒါကြောင့် သူတို့ဟာ ရောင်လင်ကျောင်းက ဟန်ဆောင် လာတာ ဖြစ်ရမယ်လို့ ကျွန်မ သံသယဖြစ်မိတာပါ"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... မင်းပြောတာ ဖြစ်နိုင်တယ်၊ အခုပဲ သူတို့ကို ခေါ်ပြီး ကျုပ်စစ်ဆေးလိုက်မယ်"

လျူဝမ်းအော့က ခေါင်းခါယမ်းလိုက်ပြီး ဟန့်တားလိုက် သည်။

"ဒီလို မလုပ်နဲ့ဦးလေ"

"ဒါဖြင့် ဘယ်လိုလုပ်ရင် ကောင်းမလဲ"

"ဒီအတိုင်း လွှတ်ထားလိုက်ပါဦး"

ကွမ်းကျုံးရုပ်က ခေါင်းကို တွင်တွင် ခါယမ်းလိုက်လေသည်။

"မဖြစ်ဘူး၊ တော်ကြာ သူက ဦးအောင် ဒုက္ခပေးရင် ဘယ် လိုလုပ်မလဲ"

လျူဝမ်းအော့က ပြုံးလိုက်ပြီး...

"ဒါကြောင့် ဌာနမှူးတို့ ပင်ပန်းရဦးမှာပေါ့"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"ဒါပေါ့လေ၊ သူတို့ရဲ့ လှုပ်ရှားမှုကိုတော့ စောင့်ကြည့်ရမှာ



ပေါ့"

ကွမ်းကျုံးရုပ်သည် ထိုသို့ ပြောပြီးသည်နှင့် အစီအစဉ်တစ် ခုကို ပြုလုပ်ရန် ယန်စုစိန်တို့ကို ခေါ်ဆောင်၍ ထွက်ခွာသွားလေ သည်။

လျူဝမ်းအော့ကလည်း ထိုင်ရာမှ ထလိုက်ပြီး...

"ကျွန်မလည်း ခဏ သွားလိုက်ပါဦးမယ်"

သူမသည် ရောင်မေအား ခေါ်ဆောင်၍ ထွက်ခွာသွားလေ သည်။

* * *

ညှို့ခန်းမကြီးတစ်ခုလုံးတွင်...

နယ်စားကြီးတစ်ယောက်တည်း ကျန်တော့သည်။

နယ်စားကြီးသည် ထိုင်ရာမှ ထလိုက်ပြီး ညှို့ခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ယင်း အတွေးများကို တစ်ခုပြီးတစ် ခု တွေးနေမိသည်။

သူသည် အခုရက်များတွင် တွေ့ကြုံခဲ့သော အဖြစ်အပျက် များကို ပြန်လည်စဉ်းစား သုံးသပ်နေလေသည်။

နယ်စားကြီးသည် တွေးရင်းတွေးရင်း မိမိ၏ချွေးမလောင်း ဖြစ်သော လျူဝမ်းအော့အား သတိရလာလေသည်။

လျှုဝမ်းအော့သည် အရာရှိအရာခံ၏ သားသမီးတစ်ယောက် ဖြစ်သည်။ သူမသည် သိုင်းလောကသားများနှင့် ပတ်သက်ခြင်း လုံးဝမရှိဘဲလျက် သိုင်းဝင်္ကပါနှင့် ပတ်သက်သည့် ပညာရပ်များကို အဘယ်ကြောင့် ကျင်ကျင်လည်လည် တတ်ကျွမ်းထားပါသနည်း။

သူမသည် ဂေဟာထဲ ရောက်ရှိလာပြီးနောက်...

သူမ၏ အတတ်ပညာများကို အဘယ်ကြောင့် လျှို့ဝှက်ထားပါသနည်း။

ယခု သူမသည် အဘယ်ကြောင့် သူမ၏ အရည်အချင်းအစွမ်းအစကို ရုတ်တရက် ပြသလိုက်ပါသနည်း။

သူမ တတ်မြောက်ထားသော ပညာရပ်များမှာ...

သူမ ပြောပြသည့်အတိုင်း ရရှိထားသော စာအုပ်ပေါ်မှ သင်ကြားတတ်မြောက်ထားခြင်းလော။

သို့တည်းမဟုတ် တခြားလူ တစ်ယောက်ယောက်ထံမှ တိတ်တဆိတ် သင်ကြားခဲ့သည်လော။

သူမသည် ယခုကဲ့သို့ ပညာများ တတ်ကျွမ်းထားသည်ကို သူမ၏မိဘများက တကယ်ပင် မသိ၍လော။

သို့မဟုတ် သိထားသော်လည်း ထိန်ချန်ထားသလော။

လက်ရှိအခြေအနေအရ မိမိက ထိန်းချုပ်နိုင်ရန် မဖြစ်နိုင်သော အခြေအနေသို့ ရောက်ရှိနေပြီ ဖြစ်သည်။

သိုင်းသမားများက မိမိဂေဟာကို ရတနာသိုက် လုယူသော စစ်တုလင်းမြေအဖြစ် သတ်မှတ်ပုံသည်မှာ...

မိမိ၏ ဂုဏ်သိက္ခာကို အလွန်ထိခိုက်စေခဲ့သည်။



မိမိသည် ပြည်နယ်လေးနယ်ကို အုပ်ချုပ်ရသော နယ်စားကြီးဖြစ်သည်။

တဖန် သိုင်းလောကသားများက မိမိအပေါ် ယင်းကဲ့သို့ အထင်သေးပြီး မိမိဂေဟာကို ချယ်လှယ်ချင်ကြသည်မှာ သူ့အား မလေးမစား ပမာမခန့် ပြုမူသည်မှာ ထင်ရှားနေသည်။

သူသည် တွေးရင်းတွေးရင်း စိတ်ထဲမှ မခံမရပ် ဖြစ်လာလေတော့သည်။

ထို့ကြောင့် ခံပြင်းလွန်း၍ လက်ဝါးဖြင့် စားပွဲပေါ်သို့ ရိုက်ချလိုက်လေသည်။

"ဝုန်း..."

ရိုက်ချလိုက်သော အသံသည် ဟိန်းထွက်သွားလေသည်။

မကြာမီမှာပင် လူရိပ်တစ်ခုက လျှပ်တပြက် ရောက်ရှိလာသည်။

ထိုသူမှာ ဆင်းပေတုပင် ဖြစ်သည်။

"နယ်စားကြီး ဘာများ ဖြစ်သလဲဗျာ"

နယ်စားကြီးက ဒေါသကြီးစွာဖြင့်...

"မင်း စဉ်းစားကြည့်စမ်း... ငါ့လို နယ်စားကြီးဂေဟာကို သူတို့ ထုံးလိုမွှေရေလိုနှောက် လုပ်နေကြတာ၊ ဘယ်လောက်သိက္ခာကျသလဲ"

ဆင်းပေတုက မေးလိုက်သည်။

"နယ်စားကြီး သဘောက ဘယ်လိုလုပ်ချင်သလဲ"

နယ်စားကြီးက မျက်မှောင်ကြုတ်သွားသည်။

“ကျုပ်ကတော့ ကုန်းတပ်မြင်းတပ်တွေကို စုစည်းပြီး သူတို့အားလုံးကို သိမ်းကျုံးတိုက်ခိုက်လိုက်ချင်တာပဲ”

ဆင်းပေတုက စကားကို ဖြည်းလေးစွာ ပြောလိုက်၏။

“ဟုတ်တော့ ဟုတ်ပါတယ် နယ်စားကြီး၊ ဒါပေမယ့် သူတို့အားလုံးကို ဖမ်းမိနိုင်ပါ့မလား”

နယ်စားကြီးက သက်ပြင်းတစ်ချက်ချလိုက်သည်။

“ဒါတော့ ဒါပေါ့... ဒါပေမယ့် ငါက ခံပြင်းလွန်းတယ်ကွာ”

ဆင်းပေတုက အေးဆေးစွာ ပြောနေသည်။

“သည်းခံလက်စနဲ့ ဆက်ပြီး သည်းခံပါဦးဗျာ”

နယ်စားကြီးက မျက်မှောင်ကြုတ်လိုက်ပြီး...

“မင်း စဉ်းစားကြည့်စမ်းပါ၊ ကျုပ်တို့ နယ်စားကြီးဂေဟာကို သူတို့က ရတနာသိုက်တူးတဲ့ နေရာတစ်ခုလို့ သဘောထားတာကြာတော့ ကျုပ် သည်းမခံနိုင်တော့ဘူးဗျ”

ဆင်းပေတုက အတန်ကြာအောင် စဉ်းစားလိုက်ပြီး စကားဆက်လိုက်သည်။

“အင်း... အားလုံးရဲ့ အပြစ်ဟာ သိုးပန်းချီမှာပဲ မူတည်နေပါတယ်၊ နယ်စားကြီးက သိုးပန်းချီကို လက်လွှတ်လိုက်ရင် အားလုံးရှင်းသွားလိမ့်မယ်လို့ ထင်ပါတယ်”

နယ်စားကြီးက ခဏမျှ တွေးကာ သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

“ဒါလည်း ဟုတ်တယ်”

ဆင်းပေတုက ပြုံးလိုက်သည်။



“အခု... နယ်စားကြီး သဘောပေါက် နားလည်သွားပြီ မဟုတ်လား”

နယ်စားကြီးက ရယ်မောလိုက်သည်။

“မင်းပြောတာ ဟုတ်ပါတယ်ကွာ”

ဆင်းပေတုက ပြုံးလိုက်ပြီး နယ်စားကြီးအား စေ့စေ့ကြည့်လိုက်ရင်း...

“နယ်စားကြီး တစ်ခုမေ့နေလို့သာ စိတ်ထဲမှာ ခံပြင်းနေတာပါ”

နယ်စားကြီးက နားမလည်နိုင်စွာဖြင့် မျက်မှောင်ကြုတ်သွားသည်။

“ဘာများလဲကွ”

ဆင်းပေတုက ပြုံးလိုက်ပြီး...

“သိုင်းလောကက သိုင်းသမား အတော်များများဟာ နယ်စားကြီးဘက်ကနေပြီး ကူညီကြတယ် မဟုတ်လား”

နယ်စားကြီးက သဘောကျစွာ ရယ်မောလိုက်သည်။

“ဟား... ဟား... ဟား”

သူသည် ရယ်မောရာမှ ရပ်တန့်လိုက်ပြီး...

“ဟုတ်တယ်ဟေ့... လူဆိုတဲ့အမျိုးဟာ ကိုယ့်ဘက်ကိုယ်သာ ကြည့်တတ်တယ်ဆိုဟာ အမှန်ပါပဲကွာ”

* * *

လျှူဝမ်းအော့သည် ဧည့်ခန်းထဲသို့ ပြန်လည်ရောက်ရှိလာပြန်သည်။

ဆင်းပေတုသည် နယ်စားကြီးအား ဦးညွတ်ပြီး ထွက်ခွာသွားလေသည်။

နယ်စားကြီးက ကုလားထိုင်ပေါ်သို့ ပြန်လည်ထိုင်ချလိုက်ပြီး လျှူဝမ်းအော့အား ပြုံးပြလိုက်သည်။ ထို့နောက် နေရာထိုင်ခင်းပေးလိုက်ရင်း...

"သမီး ဒီကို လာထိုင်ပါ၊ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

"ဟုတ်ကဲ့ရှင့်"

လျှူဝမ်းအော့က နယ်စားကြီး နေရာပေးသော ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်လေသည်။

နယ်စားကြီးက သူမအား ကြည့်လိုက်ပြီး စကားစလိုက်သည်။

"သမီးကို မေးစရာတွေ ရှိသေးတယ်"

လျှူဝမ်းအော့က ခေါင်းညိတ်လိုက်ပြီး...

"မေးပါရှင်"

"သမီးက သိုင်းပညာတတ်ရဲ့လား"

"တတ်ပါတယ်ရှင်"

နယ်စားကြီးမှာ အံ့သြစွာဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

"ငါတစ်ခါ မေးတုန်းက သမီးက မတတ်ဘူးလို့ ပြောထားပါလား"



လျှူဝမ်းအော့က ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင်၊ အဲဒီတုန်းက နယ်စားကြီးသားနဲ့ ကျွန်မနဲ့ ဇာစပ်ကြောင်းလမ်းထားတာ မဖျက်သိမ်းရသေးဘူးရှင့်"

နယ်စားကြီးက နားမလည်နိုင်စွာဖြင့် မျက်မှောင်ကြုတ်သွားလေသည်။

"ငါ သဘောမပေါက်ဘူး"

လျှူဝမ်းအော့က ပြုံး၍ ရှင်းပြလိုက်သည်။

"ဒီလိုပါရှင်၊ ကျွန်မဟာ နယ်စားကြီးရဲ့သားနဲ့ အိမ်ထောင်ကျရင် ကျွန်မ တတ်ထားတဲ့ သိုင်းပညာအားလုံးကို မေ့ပစ်လိုက်ဖို့ ဆုံးဖြတ်ထားလို့ပါ"

"ဘာဖြစ်လို့လဲ"

"နယ်စားကြီးရဲ့ချွေးမဟာ သိုင်းလောကသားတစ်ယောက်လို့ အပြောမခံနိုင်လို့ပါ၊ နယ်စားကြီးရဲ့ ဂုဏ်သိက္ခာကို ထိခိုက်နိုင်ပါတယ်"

"ဒါနဲ့ သမီး သိုင်းပညာတတ်တာကို မင်းအဖေနဲ့ အမေ သိကြရဲ့လား"

"မသိပါဘူးရှင်"

"သမီးရဲ့ သိုင်းပညာ အတော်လေး အဆင့်မြင့်သလား"

"ဟုတ်ကဲ့... ဒါပေမယ့် ဘယ်လောက်မြင့်တယ်ဆိုတာတော့ မပြောပြတတ်ပါဘူး၊ တစ်ခုတော့ ရှိတယ်၊ သိုင်းလောကမှာ ကျွန်မထက် သာတဲ့လူက သုံး–လေးယောက်လောက် ရှိမယ်ထင်

တယ်"

နယ်စားကြီးက လျှုဝမ်းအော့၏စကားကြောင့် အံ့သြသွားရပြန်ပါသည်။

"(၃)-(၄)ယောက်ပဲ ရှိတယ် ဟုတ်လား"

လျှုဝမ်းအော့က ပြုံးလိုက်ပြီး ခေါင်းညိတ်လိုက်သည်။

"ကျွန်မစကား နည်းနည်းကြီးကျယ်သွားမယ်လို့ ထင်ပါတယ်"

နယ်စားကြီးက သူမအား ကြည့်လိုက်သည်။

"သမီးကို ပြောစရာတစ်ခု ရှိတယ်"

"ပြောပါ"

"အခု သမီးနဲ့ ငါတို့နဲ့ ဘာမှ ဆွေမျိုးမတော်စပ်တော့ဘူး၊ ဒါကို ငါကလက်လွှတ်မခံနိုင်ဘူး"

"နယ်စားကြီးက ဘယ်လိုဖြစ်ချင်ပါသလဲရှင်"

"သမီးနဲ့ ငါတို့နဲ့ ဆွေမျိုးတစ်ခုခု တော်စပ်ရင် ကောင်းမယ်လို့ ယူဆပါတယ်"

လျှုဝမ်းအော့က ပြုံးလိုက်သည်။

"နယ်စားကြီးသဘောကို ပြောပါ၊ ကျွန်မအဖို့ လိုက်နာသင့်ရင် လိုက်နာပါ့မယ်"

နယ်စားကြီးက သူမအား စိုက်ကြည့်လိုက်သည်။

"မင်းကို သမီးအဖြစ်နဲ့ မွေးစားချင်ပါတယ်"

လျှုဝမ်းအော့၏မျက်နှာမှာ ဝမ်းသာသော အရိပ်အရောင်များ ဖြတ်သန်းသွားလေသည်။



သူမသည် ထိုင်ရာမှ ထလိုက်ပြီးနောက် ဒူးထောက်ထိုင်ချလိုက်ယင်း နှုတ်မှလည်း...

"ဖေဖေ"

နယ်စားကြီးက ပြုံးလိုက်ယင်း လျှုဝမ်းအော့အား ဖေးထူလိုက်လေသည်။

"သမီး"

သူတို့နှစ်ယောက်၏ မျက်နှာများမှာ ဝမ်းသာပီတိ ဖြစ်နေကြလေသည်။

နယ်စားကြီးက လျှုဝမ်းအော့အား ပြုံး၍ ကြည့်လိုက်ကာ

"နေ့ကောင်းရက်ကောင်း ရွေးပြီး အားလုံးကို ဖေဖေ ညှိနှိုင်းကျွေးမွေးမယ်၊ သမီးကိုလည်းမွေးစားသမီးအဖြစ် ကြေညာလိုက်မယ်"

လျှုဝမ်းအော့က ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ၊ ကျွန်မလည်း ဖေဖေနဲ့မေမေကို အကြောင်းကြားလိုက်ပါ့မယ်"

သူမသည် ပြောရင်း ကုထားထိုင်ပေါ်သို့ ထိုင်ချလိုက်လေသည်။

နယ်စားကြီးက ပြုံးလိုက်ကာ...

"ကဲ... သမီးကို ဖေဖေ တစ်ခုအကူအညီ တောင်းချင်တယ်"

"ပြောပါ ဖေဖေ"

"ဖေဖေရဲ့ နယ်မြေကို သိုင်းလောကသားတွေက ထွက်ချင်သလို ထွက်ပြီး ဝင်ချင်သလို ဝင်ကြတယ်၊ ဒါကို ဖေဖေ သည်းမခံနိုင်

တော့ဘူး"

လျှုဝမ်းအော့က မျက်မှောင်ကြုတ်သွားသည်။

"ဖေဖေရဲ့ သဘောက"

နယ်စားကြီးက အတန်ကြာအောင် စဉ်းစားလိုက်ပြီး...

"သမီးရဲ့အစွမ်းနဲ့ ဒီလူတွေကို ကျောင်းမှန်းကန်မှန်း သိအောင် နှိမ်နင်းစေချင်တယ်"

လျှုဝမ်းအော့က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့... သမီး ဆောင်ရွက်ပါ့မယ်၊ ဒါပေမယ့်..."

"ဒါပေမယ့် ဘာဖြစ်သလဲ"

"သမီးက ရုပ်ဖျက်ပြီး ရင်ဆိုင်ချင်ပါတယ်"

"ကောင်းပြီလေ သမီး အဆင်ပြေသလို ကြည့်လုပ်ပါ"

"ဟုတ်ကဲ့ သမီးက အညိုရောင်အကျီဝတ်ပြီး အညိုရောင်အဝတ်နဲ့ မျက်နှာဖုံးထားပါ့မယ်၊ အကျီရင်ဘတ်မှာ ပန်းနီတစ်ပွင့် အမှတ်အသား လုပ်ထားပါ့မယ်"

"ကောင်းတယ်၊ အခု ကြိုပြောထားတော့ ဖေဖေ စိတ်မပူရတော့ဘူးပေါ့"

နယ်စားကြီးသည် တစ်စုံတစ်ခုကို သတိရလာပြီး လျှုဝမ်းအော့အား ပြောလိုက်သည်။

"မိုင်ဖုန်းမြို့မှာ ရောက်ရှိနေကြတဲ့ သိုင်းသမားထဲက ထိမ့်ချူးဟာ အချူးချွန်ဆုံးလို့ ထင်တယ်၊ ဒါပေမယ့် သူက ကိစ္စရှိလို့ ခရီးထွက်သွားတယ်"

"ဟုတ်ပါတယ် ဖေဖေ၊ သူက လူလိုက်ရှာနေတာပါ"



"သူက ဘယ်သူ့ကို လိုက်ရှာနေတာလဲ"

လျှုဝမ်းအော့က စကားဦးလှည့်လိုက်သည်။

"ဖေဖေက သူ့ကို ခေါ်ထားချင်လို့လား"

"သူက တော်တော်အားကိုးရတယ်၊ ခေါ်ထားလို့ရရင် ကောင်းမှာပဲ"

လျှုဝမ်းအော့က ပြုံးလိုက်သည်။

"ဖေဖေက ခေါ်ထားချင်တယ်ဆိုရင် သမီး ခေါ်ထားပေးနိုင်ပါတယ်"

နယ်စားကြီးမှာ အံ့ဩသွားသည်။

"သမီး တကယ် ပြောနေတာလား"

"သမီး မလိမ်ဝံ့ပါဘူး"

"ထိမ့်ချူးဟာ လူတစ်မျိုးကွဲ ၊ သမီး သူ့ကို စည်းရုံးဖို့ လွယ်မယ် မထင်ဘူး"

လျှုဝမ်းအော့ ပြုံးလိုက်သည်။

"လောကမှာ သူ့ကို ပြောနိုင်တဲ့သူဟာ သမီးတစ်ယောက်တည်းပဲ ရှိမယ်လို့ ထင်ပါတယ်"

နယ်စားကြီးမှာ အံ့ဩသွားပြီး...

"ဘာဖြစ်လို့လဲ"

"ဒီကိစ္စကို သမီး ပြောပြမယ်၊ ဒါပေမယ့် ဒီအကြောင်းကို ဖေဖေက လျှို့ဝှက်ထားပါ။ သမီးက သူ့ကို အတွင်းရေး ပြောမပြချင်သေးပါဘူး"

နယ်စားကြီးက ပြုံးလိုက်သည်။

"စိတ်ချပါ ဖေဖေ လျှို့ဝှက်ထားပါ့မယ်၊ ဒါပေမယ့် သူ့ကို အတွင်းရေး ပြောမပြရင် ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်"

"သမီးက ဘယ်လိုလုပ်မလဲ"

"သူ့ကို သံသယဖြစ်အောင် လုပ်ရင် သူက နယ်စားကြီးဆီ မှာပဲ နေခဲ့မှာပဲ"

နယ်စားကြီးက ပြုံးလိုက်သည်။

"ဟာ ဖေဖေတို့ စကားကောင်းနေလိုက်တာ၊ ဖေဖေ့ကို အတွင်းရေး ပြောပြမယ်ဆိုပြီး မပြောသေးပါလား"

"ဟုတ်ကဲ့ သမီးပြောပါ့မယ်"

သူမသည် အနည်းငယ် စဉ်းစားလိုက်ပြီး...

"ထိမ့်ချူးဟာ လူတစ်ယောက်ကို လိုက်ရှာနေတာပါ"

"ဘယ်သူ့ကိုလဲ"

"သူလိုက်ရှာနေတာ သမီးကိုပါ"

နယ်စားကြီးမှာ လျှို့ဝမ်းအော့ စကားကြောင့် ကြောင်အမ်း အမ်း ဖြစ်သွားလေသည်။

"သူက သမီးကို ဘာကိစ္စ အရေးတကြီး လိုက်ရှာနေရတာ လဲ"

လျှို့ဝမ်းအော့ ပြုံးလိုက်သည်။

"နဂါးပတ်အလံ မူလပိုင်ရှင် ဘယ်မှာရှိတယ်ဆိုတာ သမီး တစ်ယောက်တည်းသာ သိထားလို့ပါ"

နယ်စားကြီးသည် မျက်မှောင်ကြုတ်သွားပြီး...



"နဂါးပတ်အလံပိုင်ရှင်က ဘယ်သူလဲ"

"နဂါးပတ်အလံပိုင်ရှင်နဲ့ ထိမ့်ချူးနဲ့ဟာ အတော်လေး ပတ်သက်နေပါတယ်"

"ဘယ်လိုများ ပတ်နေသလဲ"

"နဂါးပတ်အလံပိုင်ရှင်ဟာ ထိမ့်ချူးရဲ့ ဆရာပါ"

"အဲဒါနဲ့၊ သမီးနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ"

"နဂါးပတ်အလံပိုင်ရှင်ဟာလည်း သမီးရဲ့ ဆရာပါပဲလေ"

နယ်စားကြီးက သဘောပေါက် နားလည်သွားလေသည်။

"အင်း... ဖေဖေ နားလည်ပါပြီ၊ သမီးနဲ့ ထိမ့်ချူးနဲ့ဟာ တစ်ဆရာတည်းပဲပေါ့"

"ဟုတ်ပါတယ်ဖေဖေ"

"ဒါနဲ့၊ သမီးနဲ့ ထိမ့်ချူးနဲ့ ဘယ်သူက သိုင်းပညာ သာသ လဲ"

"သူက ကလေးဘဝကနေ စပြီး လေ့ကျင့်တဲ့အတွက် သမီး ထက် သာပါတယ်"

"ဒါဖြင့် သမီးရဲ့ ဆရာကော"

လျှို့ဝမ်းအော့၏အသံသည် အနည်းငယ် တိမ်ဝင်သွားပြီး ဝမ်းနည်းသော အသံဖြင့် ပြောလိုက်၏။

"သူ ကွယ်လွန်သွားပါပြီ"

နယ်စားကြီးက စိတ်မကောင်း ဖြစ်သွားလေသည်။

"သမီးရဲ့ ဆရာမှာ တပည့်ဘယ်နှစ်ယောက် ရှိသလဲ"

"သမီးနဲ့ ထိမ့်ချူး နှစ်ယောက်တည်းပါ"

"သမီးတို့နှစ်ယောက်တည်းသာ ရှိတယ်၊ တစ်ယောက်နဲ့ တစ်ယောက် ရင်းရင်းနှီးနှီး ရှိရမှာပေါ့၊ ဘာဖြစ်လို့ သူ့ကို အမှန်အတိုင်း ပြောမပြရတာလဲ"

လျှုဝမ်းအော့သည် သက်ပြင်းချလိုက်ယင်း...

"အကြောင်းရှိလို့ပါ ဖေဖေ"

"ဘယ်လိုအကြောင်းများလဲ ဖေဖေ့ကို ပြောပြနိုင်ရင် ပြောပြပါလား"

လျှုဝမ်းအော့က ခေါင်းညိတ်လိုက်ပြီး...

"သမီးရဲ့ဆရာက ကွယ်လွန်ခါနီးမှာ မှာလိုက်ပါတယ် သင့်တော်တဲ့ အချိန်ကြမှ သူ့ကို ဖွင့်ပြောရမယ်တဲ့"

နယ်စားကြီးက အနည်းငယ် စဉ်းစားလိုက်သည်။

"သမီးဆီက အကြံတစ်ခု တောင်းချင်ပါတယ်"

"ပြောပါဖေဖေ"

"ဖေဖေမှာ စစ်တပ်တစ်သိန်းလောက် လက်ထဲမှာ ရှိပါတယ်၊ ဒါပေမယ့် ထိပ်တန်းသိုင်းသမားဆိုလို့ တစ်ယောက်မှ မရှိပါဘူး၊ ဒါကြောင့် ကွမ်းကျူးရှပ်တို့လူစုကို အသုံးချနေရတာပဲ၊ ဒါပေမယ့် ကွမ်းကျူးရှပ်တို့ကို အသုံးချလို့လည်း မဖြစ်သေးဘူး သမီး"

"ဘာဖြစ်လို့လဲ ဖေဖေ"

"တခြား နယ်စားကြီးနဲ့ လူကြီးတွေက ဖေဖေနဲ့ သိုင်းသမားတွေနဲ့ ဆက်သွယ်နေတယ်လို့ ဘုရင့်ရှေ့တော်မှောက်မှာ သွားပြီး တိုင်ကြားမှာကို စိုးရိမ်ရတယ်၊ ဒါကြောင့် ဖေဖေဟာ စဉ်းစားရခက်နေတယ်"



လျှုဝမ်းအော့က အနည်းငယ် စဉ်းစားလိုက်သည်။

"ရတနာသိုက်ကို ဖေဖေက တူးဖော်ဖို့ ဆုံးဖြတ်လိုက်တယ်ဆိုရင် ကွမ်းကျူးရှပ်တို့လူစုကို လိုအပ်နေပါတယ်"

နယ်စားကြီးက ခေါင်းညိတ်လိုက်သည်။

"ဒါကို ဖေဖေ သိပါတယ်"

လျှုဝမ်းအော့က ရှင်းပြလိုက်လေသည်။

"ကွမ်းကျူးရှပ်ဟာ အာမခံဌာနက လူဆိုပေမယ့် အများအတွက်အကျိုးပြု လုပ်ငန်းဆိုရင် အသက်စွန့်ပြီး လုပ်ရဲတဲ့သူရဲကောင်းတစ်ယောက်ပါ၊ အဲဒီအတွက် သူများလည်း မတိုင်ကြားနိုင်အောင် ကိုယ့်ရဲ့ အကူအညီကိုလည်း ရအောင် သူ့ကိုရာထူးတစ်ခု ခန့်လိုက်ပါ"

နယ်စားကြီးက ပြုံးလိုက်ပြီး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် သမီး၊ ကွမ်းကျူးရှပ်ဟာ ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်တဲ့အပြင် တိုက်ရေးခိုက်ရေးမှာလည်း အရည်အချင်းပြည့်ဝတဲ့ လူတစ်ယောက်ပါ၊ သူက ရာထူးလက်ခံရင် တစ်နေ့ ရာထူးကြီးကြီး ရနိုင်ပါတယ်"

လျှုဝမ်းအော့က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ဖေဖေ ဒါပေမယ့် သူ့ကို စည်းရုံးတဲ့နေရာမှာ စိတ်ရှည်ဖို့ လိုပါတယ်"

နယ်စားကြီးက လျှုဝမ်းအော့ကို ကြည့်လိုက်ပြီး...

"ဒါနဲ့ သမီး ဖေဖေ့လုံခြုံရေးကို သမီးက တာဝန်ယူနိုင်ပါ့မလား"

လျှုဝမ်းအော့က မျက်မှောင်ကြုတ်သွားပြီး မေးလိုက်ပြန်သည်။

"ဖေဖေက ရတနာသိုက်ကို ကိုယ်တိုင် လိုက်တူးဖော်မလို့ ဟုတ်လား"

"ဟုတ်တယ် ဒါပေမယ့် ကျုပ်က အစိုးရတပ်ကို မသုံးချင်ဘူး"

လျှုဝမ်းအော့က စဉ်းစားယင်း စကားကို လေးတွဲ့စွာ ပြောလိုက်သည်။

"သမီး အတတ်နိုင်ဆုံး ကြိုးစားကြည့်ပါမယ်"

နယ်စားကြီးက ထိုင်ရာမှ ထလိုက်သည်။

"ကဲ သမီး ကွမ်းကျုံးရုပ်က ရှောင်လင်ဘုန်းကြီး အတုဆီကို ရောက်နေတယ် ဖေဖေတို့ သွားပြီး အကဲခတ်ကြည့်ရအောင်"

"ဟုတ်ကဲ့ ဖေဖေ"

လျှုဝမ်းအော့က ပြောယင်း ထိုင်ရာမှ ထလိုက်လေသည်။

* * *

ဤနေရာသည် သီးခြားအဆောင်တစ်ခု ဖြစ်သည်။

ထိပ်ဟောက်နှင့် ထိပ်ဟန် ဘွဲ့ရှိသော ဘုန်းတော်ကြီးနှစ်ပါးသည် ဤအဆောင်ထဲ၌ သီတင်းသုံးနေကြသည်။



အဆောင်ရှေ့နှင့် ဝဲယာတို့တွင်…

ကွမ်းကျုံးရုပ်တို့ လူစု စောင့်ကြပ်နေကြသည်။

ဆင်းပေတုသည် နယ်စားကြီးနှင့် လျှုဝမ်းအော့ ရောက်ရှိလာသည်ကို တွေ့ရသဖြင့် ဦးညွှတ်၍ ကြိုဆိုလိုက်သည်။

နယ်စားကြီးက လှမ်း၍ အခြေအနေကို မေးလိုက်သည်။

"အခြေအနေ ဘယ်လိုလဲဟေ့"

ဆင်းပေတုက ဦးညွှတ်ယင်း ပြောလိုက်သည်။

"ဌာနမှူးကတော့ သူတို့ အကြောင်းကို ဖော်ပြောပြီးပြီ"

နယ်စားကြီးက မျက်မှောင်ကြုတ်၍ မေးလိုက်သည်။

"သူတို့က ဘာပြန်ပြောသလဲ"

"သူတို့က ဘာမှ ပြန်မပြောပါဘူး"

နယ်စားကြီးက မကျေမနပ် ဖြစ်သွားပြီး အမိန့်ပေးလိုက်သည်။

"ဒါဖြင့် အချိန်ဆွဲမနေနဲ့၊ သူတို့ကို ဖမ်းဆီးပြီး မေးမြန်းကြည့်ပါ"

ကွမ်းကျုံးရုပ်က ကြားဖြတ်ပြောလိုက်သည်။

"နယ်စားကြီးက အခုလို အမိန့်ပေးရင် ထပ်ခေါ်ကြည့်ပါ့မယ်၊ မရရင်တော့ တံခါးရိုက်ချိုးရမှာပဲ"

ပြောယင်း ဘုန်းကြီးနှစ်ပါး သီတင်းသုံးရာ တံခါးရှိရာသို့ လျှောက်သွားပြီး…

"ဒီမှာ ခင်ဗျားတို့ ထွက်လာမလား၊ ကျုပ် တံခါးကို ရိုက်ချိုးပြီး ဝင်ရမှာလား"

အိပ်ခန်းထဲ၌ မည်သည့်အသံမှ မကြားရဘဲ တိတ်ဆိတ်နေလေသည်။

ကွမ်းကျုံးရုပ်သည် ဒေါသဖြစ်လာပြီး လှမ်းအော်ပြောလိုက်ပြန်သည်။

"ခင်ဗျားတို့ တံခါးမဖွင့်ရင် ကျုပ်အဆိုးမဆိုနဲ့"

ကွမ်းကျုံးရုပ်သည် ပြောပြီးသည်နှင့် အခန်းတံခါးအားလက်ဝါးနှစ်ဘက်ဖြင့် တွန်းထုတ်လိုက်လေသည်။

"ဝုန်း..."

တံခါးမှာ ကျိုးပဲ့ လဲကျသွားလေသည်။

ကွမ်းကျုံးရုပ်သည် ဓားကို ဝှေ့ယမ်း၍ ကာကွယ်ပြီး အခန်းတွင်းသို့ ခုန်ဝင်သွားလေသည်။

ထိဟောက်နှင့် ထိဟန်ဟူသော ဘုန်းတော်ကြီး နှစ်ပါးတို့သည် တင်ပျဉ်ခွေ ထိုင်နေသည်ကို တွေ့ရလေသည်။

ကွမ်းကျုံးရုပ်သည် ဘုန်းတော်ကြီးများ အနီးသို့ ချဉ်းကပ်သွားသောအခါ ရုတ်တရက် ခြေလှမ်းတုံ့ကနဲ ရပ်သွားလေသည်။

သူ၏ မျက်လုံးအစုံမှာလည်း ပြူးကျယ်သွားလေတော့သည်။

အကြောင်းမှာ ထိုဘုန်းတော်ကြီး နှစ်ပါးတို့သည် အသက်ဝိညာဉ်ကင်းမဲ့နေသည်ကို တွေ့မြင်ရသောကြောင့် ဖြစ်လေသည်။

* * *



နယ်စားကြီးနှင့် လျူဝမ်းအော့တို့သည် အခန်းထဲသို့ လှမ်းဝင်လိုက်လေသည်။

ဆင်းပေတုက ကွမ်းကျုံးရုပ်အနားသို့ ကပ်ကာ လေသံတိုးတိုးဖြင့်...

"သူတို့ ဘာကြောင့် သေဆုံးသွားတာလဲ ဌာနမှူး"

ကွမ်းကျုံးရုပ်က ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်လည်း အံ့ဩနေတယ်ဗျ"

လျူဝမ်းအော့က ကြားဖြတ်မေးလိုက်သည်။

"ဌာနမှူးရဲ့လူက ဒီအဆောင်ကို စောင့်ကြပ်ထားတယ် မဟုတ်လား"

"ဟုတ်တယ်၊ ကျုပ်တို့လူက အဆောင်ရဲ့ ပတ်ဝန်းကျင်မှာ စောင့်ကြပ်နေပါတယ်"

"အခန်းထဲက လူထွက်လာတာကိုရော တွေ့သလား"

"မတွေ့ပါဘူး"

လျူဝမ်းအော့က မျက်မှောင်ကြုတ်သွားသည်။

"ဒါဖြင့် သူတို့ ကိုယ့်ကိုကိုယ် သတ်သေတာတော့ မဖြစ်နိုင်ဘူး"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"မဖြစ်နိုင်ဘူး"

လျူဝမ်းအော့က တည်ကြည်စွာဖြင့် ပြောလိုက်သည်။

"သူတို့ ကြည့်ရတာ အေးအေးဆေးဆေး ထိုင်နေပုံရတယ် ဘယ်သူနဲ့မှလည်း လုံးထွေးသတ်ပုတ်တာ မတွေ့ရဘူး"

လျှုဝမ်းအော့က စဉ်းစားရခက်သွားသည်။

အတန်ကြာမှ...

"တခြား ဘာများ ထူးခြားတာ တွေ့သလဲ"

"မတွေ့ပါဘူး"

ကွမ်းကျုံးရုပ်က အနည်းငယ် စဉ်းစားလိုက်သည်။

"အင်း... ကျုပ် သတိရပြီ၊ အခန်းထဲမှာ ခြေသံကြားလိုက် သလိုပဲ"

ဆင်းပေတုက မေးလိုက်သည်။

"ကျုပ်တို့ အခန်းထဲကို သေသေချာချာ ရှာဖွေရင် ကောင်း မယ် ထင်တယ်"

* * *

အခန်းပတ်ပတ်လည်များ နေရာမလပ် ရှာဖွေ စစ်ဆေးကြ လေသည်။

သို့သော် ဘုန်းတော်ကြီးနှစ်ပါး၏ အလောင်းမှအပ မည် သည့် သံသယ ဖြစ်စရာ တစ်စုံတစ်ယောက်မျှ မတွေ့ရပါ။

ကွမ်းကျုံးရုပ်တို့သည် လက်လျှော့ လိုက်ရလေတော့သည်



ကွမ်းကျုံးရုပ်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"တော်တော့်ကို ထူးဆန်းတဲ့ အဖြစ်အပျက်ပဲဗျာ"

လျှုဝမ်းအော့က အတန်ကြာ စဉ်းစားလိုက်ပြီး...

"ဘုန်းတော်ကြီးနှစ်ပါးဟာ ဘာကြောင့် သေဆုံးသလဲဆို တာကို စစ်ဆေးကြည့်ပါလား"

ကွမ်းကျုံးရုပ်က ချက်ချင်းပင် ဘုန်းတော်ကြီး၏အနားသို့ ထိုင်ချလိုက်ပြီး ခန္ဓာကိုယ်အား စစ်ဆေးကြည့်လိုက်သည်။

ထိုအခါ ဘုန်းတော်ကြီးနှစ်ပါးအား တစ်စုံတစ်ယောက်က သွေးကြောပိတ်၍ သတ်လိုက်ခြင်း ဖြစ်သည်ကို တွေ့ရှိလိုက်လေ သည်။

ကွမ်းကျုံးရုပ်က ခေါင်းခါယမ်းလိုက်သည်။

"သူတို့နှစ်ယောက်ကို တစ်ယောက်ယောက်က သွေးကြော ပိတ်ပြီး သတ်လိုက်လို့ သေဆုံးသွားတာပါ"

လျှုဝမ်းအော့က မျက်မှောင်ကြုတ်သွားသည်။

"သိုင်းသမားတိုင်းဟာ ကိုယ့်ရဲ့သွေးကြောကို အမြဲတမ်း သတိထားတတ်ကြပါတယ်၊ အခုလို သွေးကြောပိတ်ပြီး သေရတယ် ဆိုတာ အကြောင်းနှစ်ခု ရှိတယ်"

နယ်စားကြီးက လျှုဝမ်းအော့ဘက်သို့ လှည့်မေးလိုက်၏။

"ဘယ်လိုအကြောင်းလဲ"

လျှုဝမ်းအော့က အတန်ကြာ စဉ်းစားလိုက်ပြီးနောက်...

"ပထမအကြောင်းကတော့ ရန်သူက ရုတ်တရက် တိုက် ခိုက်လိုက်လို့ မရှောင်တိမ်းနိုင်ဘဲ ခံရလို့ သေဆုံးသွားတယ်"

နယ်စားကြီးက ခေါင်းညိတ်လိုက်ပြီး...

"နောက်အကြောင်းတစ်ခုကော"

လျှို့ဝမ်းအော့က ဆက်လက် ရှင်းပြလိုက်ပြန်သည်။

"ဒီဘုန်းတော်ကြီးနှစ်ပါးဟာ သူတို့ အလွန်ယုံကြည်စိတ်ချရတဲ့ လူတစ်ယောက်က သတ်လိုက်တာ ဖြစ်ရမယ်"

နယ်စားကြီးက မျက်မှောင်ကြုတ်၍ မေးလိုက်သည်။

"ဒါဖြင့် ဘုန်းတော်ကြီးနှစ်ပါးကို သတ်တဲ့လူဟာ သူတို့ အလွန်ကြည်ညိုလေးစားရတဲ့ လူတစ်ယောက်ရဲ့ လက်ချက်ဖြစ်တယ်ဟုတ်လား"

ဆင်းပေတုက ဝင်ရောက်ပြောလိုက်ပြန်သည်။

"ဒီလိုဆိုရင် လူသတ်တရားခံဟာ အခန်းထဲမှာပဲ ရှိနေဦးမှာပေါ့"

လျှို့ဝမ်းအော့က ပြုံးလိုက်ပြီး...

"ရှာဖို့ မလိုတော့ပါဘူး"

ဆင်းပေတုက နားမလည်နိုင်စွာဖြင့်...

"ဘာဖြစ်လို့လဲဗျ"

"ဒီလူက သူတို့ကို သတ်ပြီးတာနဲ့ ထွက်သွားပါပြီ"

ကွမ်းကျုံးရပ်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း... ကျုပ်တို့ ဒီမှာ လူစုံတက်စုံ ရှိရက်နဲ့ အခုလို လူသတ်သမား ဝင်သတ်သွားတာတောင် မသိလိုက်တာ ညံ့ပါတယ်ဗျာ"

လျှို့ဝမ်းအော့က ခေါင်းခါယမ်းလိုက်သည်။



"ကျွန်မအနေနဲ့ ပြောရမယ်ဆိုရင် လူသတ်သမားဟာ ဂေဟာထဲက လူပဲ ဖြစ်ရမယ်"

ကွမ်းကျုံးရပ်က မျက်မှောင်ကြုတ်သွားသည်။

"မင်းဆိုလိုတာက (၈)ကွက်အင်းဂိုဏ်းသားဟာ ဂေဟာထဲမှာ ကျန်သေးတယ်လို့ ဆိုလိုတာလား"

လျှို့ဝမ်းအော့က ခေါင်းညိတ်လိုက်သည်။

"(၈)ကွက်အင်းဂိုဏ်းသားတွေဟာ ဂေဟာထဲမှာ ရှိနေပါသေးတယ်၊ သူတို့ မလှုပ်ရှားတာက သူတို့ရဲ့ အထက်အမိန့် မရသေးတာကြောင့် ဖြစ်လိမ့်မယ်"

ကွမ်းကျုံးရပ်က လှုပ်လှုပ်ရှားရှား ဖြစ်သွားရင်း...

"အခု ကျုပ်တို့ ဘယ်လိုအစီအစဉ် ဆက်လုပ်မလဲ"

လျှို့ဝမ်းအော့က အေးဆေးစွာ ပြောလိုက်သည်။

"လောလောဆယ်တော့ အလောင်းကို အရင်ဆုံးမြေမြှုပ်ပစ်လိုက်ပါ"

"နောက်ကော"

"နောက်လုပ်စရာ ရှိတာတွေ ခဏထားကြတာပေါ့"

သူမသည် ပြောပြီး ဝန်းကျင်သို့ တစ်ချက်ကြည့်လိုက်ပြီး အပြင်ဘက်သို့ လျှောက်သွားလေသည်။

သူမ၏လှုပ်ရှားမှုမှာ အနည်းငယ် ထူးခြားနေသဖြင့် အားလုံးသော လူ၏မျက်လုံးများသည် စိတ်ဝင်စားစွာဖြင့် သူမထံသို့ ရောက်ရှိသွားကြလေသည်။

လျှို့ဝမ်းအော့သည် အဆောင်ရှေ့ ခေါင်မိုး တံစက်မြိတ်

အောက်အတိုင်း လျှောက်သွားပြီး အခန်းထဲသို့ ပြန်လည် ဝင်ရောက်လာလေသည်။

"ကဲ... ကျွန်မတို့ ပြန်ကြပါစို့"

ကွမ်းကျုံးရုပ်က မကျေမနပ် ဖြစ်သွားသည်။

"ခင်ဗျား ဘာကို မသင်္ကာတာ တွေ့သလဲ"

လျူဝမ်းအော့က ပခုံးတစ်ချက် တွန့်လိုက်ပြီး...

"လူသတ်တရားခံက ထွက်ပြေးသွားပြီပဲ ကျွန်မတို့ ဒီမှာနေလို့ ဘာအကျိုးရှိမှာလဲ"

ကွမ်းကျုံးရုပ်၏မျက်နှာ ကွက်ကနဲ ပျက်သွားသည်။

"ဒီမှာ လျူဝမ်းအော့ ခင်ဗျား တွေ့ထားတာကို ထိန်ချန်မထားပါနဲ့ဗျ"

လျူဝမ်းအော့က ပြုံးလိုက်သည်။

"သိချင်ရင် ကျွန်မနောက်ကို လိုက်ခဲ့ပါ"

ကွမ်းကျုံးရုပ်က မကျေမနပ်ဖြင့် လျူဝမ်းအော့၏ နောက်မှ လိုက်သွားလေသည်။

* * *



လျူဝမ်းအော့က အပြင်ဘက်သို့ ထွက်လာပြီး...

အဆောင်၏ အနောက်ဘက်သို့ သွက်လက်စွာ လျှောက်သွားသည်။

ကွမ်းကျုံးရုပ်သည်လည်း ထက်ကြပ်မကွာ သူမ၏နောက်မှ လိုက်သွားလေသည်။

အဆောင်၏ အနောက်ဘက်သို့ ရောက်ရှိသွားသောအခါ လျူဝမ်းအော့က လျှောက်နေသော ခြေလှမ်းကို ရပ်တန့်လိုက်သည်။

သူမသည် အနီးရှိ ပန်းရုံများ' ရှိရာသို့ ညွှန်ပြလိုက်လေသည်။

သူမသည် လေသံတိုးတိုးဖြင့်...

"ဒွာနမှူး ပန်းရုံတွေကို ကြည့်လိုက်ပါ"

ကွမ်းကျုံးရုပ်သည် ပန်းရုံများအား သေချာစွာ စိုက်ကြည့်လိုက်သည်။

လျူဝမ်းအော့က လှည့်မေးလိုက်သည်။

"ဘာကို တွေ့သလဲ"

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားသည်။

"မြေအောက်ကို သွားတဲ့ အပေါက်တစ်ခုတော့ တွေ့လိုက်သလိုပဲ"

လျူဝမ်းအော့က ပြုံးလိုက်ပြီး...

"ရှူးတိုးတိုး အခု ဘုန်းကြီးနှစ်ပါး အသတ်ခံရတယ်၊ ဒါပေမယ့် လျှို့ဝှက်ချက်တစ်ခုတော့ တွေ့ရတယ်"

ကွမ်းကျုံးရုပ်က အသံတိုးတိုးဖြင့် ပြောလိုက်သည်။

"ဒီလူသတ်ကောင်ဟာ ဘုန်းကြီးနှစ်ပါးကို သတ်ပြီး မြေအောက်လမ်းအတိုင်း ထွက်ပြေးတာ ဖြစ်ရမယ်"

လျှူဝမ်းအော့က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင်"

ကွမ်းကျုံးရုပ်က သူမအား စိုက်ကြည့်လိုက်သည်။

"ခင်ဗျားက သိုင်းပညာ မသင်ဘဲနဲ့ ဘာဖြစ်လို့ မျက်လုံးအား ပျှင်နေရတာလဲဗျ"

လျှူဝမ်းအော့က ပြုံးလိုက်သည်။

"ရှင် နားလည်ဖို့ သင့်ပါပြီလေ"

သူမသည် ပြောပြီးသည်နှင့် အဆောင်ထဲသို့ လှမ်းဝင်လိုက်လေသည်။

* * *

နယ်စားကြီးသည် လျှူဝမ်းအော့ ပြန်လည် ရောက်ရှိလာသည်ကို တွေ့မြင်လိုက်သည်နှင့်...

"သမီးတို့ ဘာဆက်လုပ်ရင် ကောင်းမလဲ"

လျှူဝမ်းအော့က ပြုံးလိုက်သည်။

"ဖေဖေ အနားယူလိုက်ပါဦး၊ အိပ်ရေးဝမှ အလုပ်လုပ်နိုင်မယ်"



နယ်စားကြီးက ပြုံးလိုက်သည်။

"ဟုတ်တယ် ငါလည်း ပင်ပန်းနေတယ်"

လျှူဝမ်းအော့က ပြုံးလိုက်ပြီး...

"ဖေဖေ ဧည့်ခန်းမှာပဲ အနားယူလိုက်ပါဦး"

နယ်စားကြီးက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"သမီး သဘောပါပဲလေ"

နယ်စားကြီးသည် ဧည့်ခန်းထဲ၌ အနားယူနေလိုက်လေသည်။

လျှူဝမ်းအော့က ဆင်းပေတုအား အသံတိုးတိုးဖြင့် ပြောလိုက်သည်။

"ဒီတစ်ရက်နှစ်ရက် အတွင်းမှာ နယ်စားကြီးဟာ အန္တရာယ်အများဆုံး တွေ့နိုင်မယ့်အချိန် ဖြစ်နေပါတယ်၊ ဒါကြောင့် နယ်စားကြီးရဲ့ လုံခြုံရေးကို အထူး အစီအစဉ်နဲ့ စောင့်ကြပ်ပေးဖို့ လိုအပ်နေပါတယ်"

ဆင်းပေတုက ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ ဌာနမှူးနဲ့ တိုင်ပင်ပြီး အစီအစဉ် လုပ်ပါ့မယ်"

လျှူဝမ်းအော့က ကွမ်းကျုံးရုပ်အား ကြည့်လိုက်သည်။

"အခုလို ဌာနမှူးက သိုင်းလောကသားတွေနဲ့ ထိပ်တိုက်ရင်ဆိုင်တွေ့နေတဲ့ အချိန်မှာ အာမခံဌာနမှာ ကျန်ရစ်ခဲ့တဲ့ လူတွေကို ဘယ်လိုစီစဉ်ခဲ့သလဲ"

ကွမ်းကျုံးရုပ်က အတန်ကြာအောင် စဉ်းစားလိုက်ပြီး...

"အာမခံဌာနကို ပိတ်လိုက်တာတော့ ဟုတ်ပါပြီ၊ အဖွဲ့သား

တွေရဲ့ စားဝတ်နေရေးကို ဘယ်လိုစီစဉ်မလဲ"

"သူတို့ကိုလည်း လုပ်စားနိုင်အောင် ငွေအရင်းအနှီးပေးဖို့ လျာထားပြီးပါပြီ"

"အလုပ်မလုပ်ဘဲ ငွေပိုက်ပြီး ထိုင်စားနေရင် တစ်နေ့ ဒုက္ခဖြစ်တတ်ပါတယ်"

ကွမ်းကျိုးရုပ်က လျှူဝမ်းအော့အား ကြည့်လိုက်သည်။

"မင်းက အကြံပေးချင်လို့လား"

"ဟုတ်ကဲ့... ကျွန်မ အကြံပေးမလို့ပါ"

"ပြောပါလေ... ကျုပ် နားထောင်နေပါတယ်"

လျှူဝမ်းအော့က ချောင်းတစ်ချက် ဟန့်လိုက်သည်။

"နယ်စားကြီးဂေဟာကို ကာကွယ်ဖို့ သိုင်းသမား အများကြီး လိုနေပါတယ်၊ အာမခံဌာနက လူတွေကို နယ်စားကြီးဆီမှာ အမှုထမ်းဖို့ လွှဲလိုက်ရင် အဆင်ပြေမလားလို့ပါ"

ကွမ်းကျိုးရုပ်က အနည်းငယ် စဉ်းစားလိုက်ပြီး ပြောလိုက်သည်။

"နယ်စားကြီးလက်အောက်မှာ အစိုးရတပ်တွေ အများကြီး ရှိပါတယ်"

လျှူဝမ်းအော့က မျက်မှောင်ကြုတ်၍...

"ဒါလဲ ဟုတ်ပါကယ်၊ ဒါပေမယ့် နယ်စားကြီးက ရတနာသိုက်ကို ဖွေးဖော်ဖို့နဲ့ ပတ်သက်ပြီး သူ့ရဲ့တပ်ကို အသုံးမပြုချင်ဘူးလို့ ပြောပါတယ်"

ကွမ်းကျိုးရုပ်က အနည်းငယ် စဉ်းစားလိုက်သည်။



"ဒီကိစ္စဟာ သူတို့ရဲ့ ဆန္ဒကို မေးမြန်းကြည့်ဖို့ လိုအပ်ပါလိမ့်မယ်"

လျှူဝမ်းအော့က ပြုံးလိုက်သည်။

"သူတို့က ဌာနမှူးရဲ့ စကားတစ်လုံးကို အသက်နဲ့ ထပ်တူလေးစားကြတဲ့ လူတွေပါ"

ကွမ်းကျိုးရုပ်သည် ခေါင်းညိတ်လိုက်ပြီး...

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ဒုဌာနမှူးနဲ့ တိုင်ပင် ကြည့်ပါဦးမယ်"

ထိုသို့ ပြောပြီး ကွမ်းကျိုးရုပ်သည် ယန်စုစိန်ဘက်သို့ လှည့်လိုက်ပြီး...

"ယန်စုစိန်"

ယန်စုစိန်က အရိုအသေ ပြုလိုက်သည်။

"ရှိပါတယ် ဌာနမှူး"

"မင်း ဌာနခွဲကို ပြန်သွားပါ၊ ငါတိုင်ပင်စရာရှိလို့ မင်းတို့ဘဘဖန်းကို ခေါ်ခဲ့ပါ"

"ဟုတ်ကဲ့ ဌာနမှူး"

ယန်စုစိန်က ဦးညွှတ်လိုက်ပြီး လျင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

* * *

မကြာပါချေ။

ယန်စုစိန်နှင့် ဖန်းကျင်းရှမ်းတို့ ရောက်ရှိလာကြလေသည်။

ကွမ်းကျုံးရုပ်က လျူဝမ်းအော့ ပြောပြသော အကြံများကို ပြောပြလိုက်လေသည်။

"ဒီကိစ္စကို ခင်ဗျားက သူတို့ တစ်ဦးချင်းရဲ့ဆန္ဒကို မေးမြန်းပြီး ဆောင်ရွက်ပါလို့ အာဏာကုန်လွှဲအပ်ပါတယ်"

ဖန်းကျင်းရှမ်းက ဦးညွတ်လိုက်သည်။

"ဒီအကြံဟာ အလွန်ကောင်းမွန် သင့်မြတ်တဲ့ အကြံတစ်ခုပါပဲ၊ ကျုပ်အမြန်ဆုံး မေးမြန်းဆောင်ရွက်ပါ့မယ်"

လျူဝမ်းအော့က ကြားဖြတ်မေးလိုက်သည်။

"ဒါနဲ့ ရှင်တို့ ထိမုံ့ချူးကို တွေ့ကြသေးသလား"

ဖန်းကျင်းရှမ်းက ခေါင်းခါယမ်းလိုက်သည်။

"မတွေ့တာ အတော်ကြာသွားပါပြီ"

လျူဝမ်းအော့သည် ကွမ်းကျုံးရုပ်အား ကြည့်လိုက်ပြီး...

"ထိမုံ့ချူးက ရှင်တို့ ကျားမာန်အာမခံဌာနအပေါ် သံယောဇဉ်ရှိနေတာ တွေ့ရတယ်၊ အဲဒါ ဘာဖြစ်လို့လဲရှင့်"

ကွမ်းကျုံးရုပ်က ခေါင်းခါယမ်းလိုက်သည်။

"သူ ကျားမာန်အာမခံဌာနအပေါ် သံယောဇဉ်ရှိတာ မဟုတ်ဘူး၊ ကျုပ်တို့ ဒုဌာနမှူးအပေါ်မှာသာ သံယောဇဉ် ရှိနေတာပါ"

လျူဝမ်းအော့က မျက်မှောင်ကြုတ်သွားသည်။

သူမသည် နားမလည်နိုင်စွာဖြင့် ဖန်းကျင်းရှမ်းအား အကဲခတ်ကြည့်လိုက်ပြီး...



"သူက ဘာဖြစ်လို့ ဒုဌာနမှူးအပေါ် သံယောဇဉ် ရှိနေတာလဲ"

ဖန်းကျင်းရှမ်းက ခေါင်းခါယမ်းလိုက်သည်၊

"ကျုပ်လည်း မသိဘူး၊ တစ်ခုတော့ ရှိတယ်၊ ကျုပ်က သူ့ကို တစ်ကြိမ်ကယ်ခဲ့ဖူးပါတယ်"

လျူဝမ်းအော့က ခေါင်းညိတ်လိုက်သည်။

"ဪ... ဒီလိုကိုး"

ဖန်းကျင်းရှမ်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ထိမုံ့ချူးဟာ ပြန်လာမယ့်ရက်ထက် နောက်ကျနေပါပြီ၊ သူ့အတွက် ကျုပ်က စိုးရိမ်နေရတယ်"

"ဘာဖြစ်လို့ စိုးရိမ်နေရတာလဲရှင့်"

"သူက (၈)ကွက်အင်း ဂိုဏ်းချုပ်နဲ့ ယှဉ်ပြိုင်ဖို့ ချိန်းဆိုထားတယ်"

လျူဝမ်းအော့က ရယ်မောလိုက်သည်။

"ထိမုံ့ချူးဟာ (၈)ကွက်အင်းဂိုဏ်းချုပ်ကို ရှုံးလိမ့်မယ်လို့ ကျွန်မ မယူဆဘူး"

သူမသည် ပြောပြီးမှ စကားလွန်သွားမှန်း ရိပ်စားမိလိုက်သည်။

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်ပါတယ်၊ ထိမုံ့ချူးရဲ့ သိုင်းပညာနဲ့ (၈)ကွက်အင်းဂိုဏ်းချုပ် နိုင်လိမ့်မယ် မဟုတ်ဘူးဆိုတာ သိပါတယ်၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ"

"(၈)ကွက်အင်းဂိုဏ်းချုပ်က မှော်အတတ်ပညာလဲ ရှိတယ်၊ အခြားပညာ အတတ်တွေ ရှိတဲ့အတွက် ထိမ့်ချုံးက သူတို့ရဲ့ ထောင်ချောက်ထဲမှာ မိနေမလားလို့ပါ"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"ခက်တာက (၈)ကွက်အင်းဂိုဏ်းချုပ်ဟာ ဘယ်နေရာမှာ အခြေစိုက်နေမှန်း မသိဘူး၊ နို့မဟုတ်ရင် ကျုပ်လိုက်သွားတယ်"

လျှို့ဝမ်းအေ့ာက စကားကို ဖြည်းလေးစွာ ပြောလိုက်သည်။

"(၈)ကွက်အင်းဂိုဏ်းဟာ ခိုင်ဖုန်းမြို့ အနီးတစ်ဝိုက်မှာ သီးသန့် စခန်းတစ်ခု ရှိလိမ့်မယ်လို့ ကျွန်မ ထင်ထားတယ်"

ဖန်းကျင်းရှမ်းနှင့် ကွမ်းကျုံးရုပ်တို့သည် လျှို့ဝမ်းအေ့ာ၏ စကား ကြားရသောအခါ အံ့အားသင့်သွားလေသည်။

"မင်းက ဘယ်လိုလုပ် သိသလဲ"

လျှို့ဝမ်းအေ့ာက ပြုံးပြလိုက်သည်။

"ဒီဂေဟာမှာ သူတို့က ရပ်တည်လို့ မရတော့ဘဲ တခြားနေရာ စခန်းအသစ်တစ်ခု ထပ်ပြီး တည်ထောင်မယ်ဆိုတာ ရှင်းနေပါတယ်"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"မင်းရဲ့ အယူအဆက သဘာဝကျပါတယ်၊ အဲဒီ စခန်းဆိုတာ ဘယ်မှာရှိတယ်လို့ ခန့်မှန်းထားသလဲ"

လျှို့ဝမ်းအေ့ာက လက်ကာပြလိုက်သည်။

"ဒီကိစ္စကို ခဏလောက် စောင့်ပါ၊ ကျွန်မ အခုပဲ ပြန်လာခဲ့



ပါ့မယ်"

သူမသည် ထိုသို့ ပြောပြီးသည်နှင့် အပြင်သို့ လျင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

ထမင်းတစ်အိုးကျက်ခန့် အကြာတွင်...

လျှို့ဝမ်းအေ့ာ ပြန်လည်ရောက်ရှိလာလေသည်။

ကွမ်းကျုံးရုပ်က ဆီးကြိုမေးလိုက်သည်။

"ဘယ့်နှယ်လဲ... သဲလွန်စ ရကြပြီလား"

လျှို့ဝမ်းအေ့ာက ခေါင်းညိတ်လိုက်သည်။

"သဲလွန်စနည်းနည်းတော့ ရလိုက်တယ်ဆိုပါတော့၊ ရှင်တို့ထဲက ဘယ်သူသွားစုံစမ်းမှာလဲ"

ကွမ်းကျုံးရုပ်၊ ယန်စုစိန်၊ ဖန်းကျင်းရှမ်းနှင့် ဆင်းပေတုတို့က ပြိုင်တူခေါင်းညိတ်လိုက်ကြသည်။

"ကျုပ်တို့ သွားပါ့မယ်"

လျှို့ဝမ်းအေ့ာက ခေါင်းခါယမ်းလိုက်သည်။

"လူသိပ်များများ သွားလို့ မဖြစ်ဘူး၊ နောက်ပြီး နယ်စားကြီးရဲ့ လုံခြုံရေးက အရေးကြီးတယ် မဟုတ်လား"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်ပြီး...

"ဒါဖြင့် မင်းပဲ ကြည့်စီစဉ်ပေးပေတော့"

လျှို့ဝမ်းအေ့ာက အနည်းငယ် စဉ်းစားလိုက်သည်။

"ဌာနမှူးနဲ့ ယန်စုစိန်တို့ နှစ်ယောက်တည်းသွားရင် လုံလောက်ပါပြီ"

ဆင်းပေတုက ခေါင်းညိတ်လိုက်သည်။

"ကျုပ်က နယ်စားကြီးကို စောင့်ကြပ်ဖို့ နေခဲ့ပါ့မယ်"

လျှုဝမ်းအော့က စကားကို ဖြည်းလေးစွာ ပြောလိုက်သည်။

"ကောင်းပါတယ်လေ... ဒါပေမယ့် ဌာနမှူးက ငယ်သား တွေကို စကားတစ်ခွန်း မှာကြားဖို့ လိုအပ်နေပါသေးတယ်"

ကွမ်းကျုံးရှပ်က မေးလိုက်သည်။

"ကျုပ်က ဘာကို မှာခဲ့ရမှာလဲ"

"ရှင့်ရဲ့လူတွေ အားလုံး ဆင်းပေတုရဲ့အမိန့်ကို နာခံကြရ မယ်လို့"

ကွမ်းကျုံးရှပ်က ပြုံးလိုက်သည်။

"ဒါ လွယ်ပါတယ်"

သူသည် ဖန်းကျင်းရှမ်းဘက်သို့ လှည့်လိုက်ပြီး...

"ခင်ဗျားက ဆင်းပေတုရဲ့ အမိန့်ကို နာခံဖို့ ဆောင်ရွက်ပါ"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ ဌာနမှူး"

လျှုဝမ်းအော့သည် ဆင်းပေတုကို တီးတိုးမှာကြားလိုက်ပြီး မှ ကွမ်းကျုံးရှပ်ဘက်သို့ လှည့်လိုက်သည်။

"ကဲ... ကျွန်မတို့ သွားကြမယ်"

* * *



မြင်းလှည်းတစ်စီးသည် နယ်စားကြီးဂေဟာ၏ အဆောက် အအုံနောက်ဘက်မှ မောင်းနှင်ထွက်ခွာသွားသည်။

မြင်းလှည်းပေါ်၌ လူသုံးယောက် စီးနင်းလိုက်ပါလာလေ သည်။

ထိုလိုက်ပါလာသူများမှာ လျှုဝမ်းအော့၊ ကွမ်းကျုံးရှပ်နှင့် ...နှစ်စုစိန်တို့ပင် ဖြစ်လေသည်။

မြင်းလှည်းမှာ မြို့ပြင်သို့ တဖြည်းဖြည်း ဦးတည်မောင်းနှင် သွားသည်။

ကွမ်းကျုံးရှပ်သည် အသံတိုးတိုးဖြင့်...

"အခု ကျုပ်တို့ ဘယ်ကို သွားမလဲ"

လျှုဝမ်းအော့က ပြုံးလိုက်သည်။

"ထိမုံ့ချူးကို လိုက်ရှာမလို့"

"ထိမုံ့ချူး ဘယ်မှာရှိတယ်ဆိုတာ ခင်ဗျား သိနေတယ် ဟုတ်လား"

"ကျွန်မ စုံစမ်းတဲ့ သဘောပါ"

ကွမ်းကျုံးရှပ်က အံ့ဩစွာဖြင့် **မေးလိုက်သည်။**

"ခင်ဗျား ကြည့်ရတာ ထိမုံ့ချူး ရှိတဲ့နေရာကို တိတိကျကျ သိထားတာနဲ့ တူတယ်"

လျှုဝမ်းအော့က ပြုံးလိုက်ပြီး...

"ဘယ်အရာမျိုးမဆို တိတိကျကျ ပြောဖို့ဟာ ခဲယဉ်းပါ တယ်၊ အခုသွားမယ့် နေရာကလဲ ထိမုံ့ချူးကို တွေ့နိုင်ဖို့*ဟာ တပ်* အပ်ပြောလို့ မရပါဘူးရှင်"

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားသည်။

"ကျုပ်တို့ အခု ဘယ်ကို သွားမလဲဆိုတာ ပြောပြပါလား"

"ကျွန်မတို့ သွားမယ့်နေရာက ချန်းမိသားစု ရွာကြီး ဖြစ်ပါတယ်"

ကွမ်းကျုံးရုပ်က ပြောလိုက်သည်။

"ဒီရွာကို ကျုပ်သိတာပေါ့၊ အဲဒီရွာက တော်တော်ကျယ်ဝန်းတယ်"

ယန်စုစိန်က မျက်မှောင်ကြုတ်သွားသည်။

"ထိမ့်ချူးက ဘာဖြစ်လို့ အဲဒီရွာမှာ သွားပုန်းနေရတာလဲ"

လျူဝမ်းအော့က ခေါင်းခါယမ်းလိုက်သည်။

"သူကပုန်းနေတာ မဟုတ်ဘူး၊ အဖမ်းခံနေရတာ ဖြစ်ရမယ်"

ယန်စုစိန်မှာ ခေါင်းရှုပ်သွားပြီး...

"ကျုပ်တော့ နားမလည်နိုင်တော့ဘူးဗျာ"

လျူဝမ်းအော့က ပခုံးတစ်ချက် တွန့်လိုက်ပြီး...

"ကျွန်မ ယူဆတဲ့အတိုင်းသာ ပြောရမယ်ဆိုရင် (၈)ကွက်အင်းဂိုဏ်းရဲ့ ဌာနချုပ်က အဲဒီမှာပဲ ရှိလိမ့်မယ်"

ယန်စုစိန်က ပါးစပ်ပိတ်ထားလိုက်လေသည်။

* * *



မြင်းလှည်းသည် အရှိန်ပြင်းစွာဖြင့် မောင်းနှင်နေ၏။

နောက်ထပ် နာရီဝက်ခန့် အကြာတွင် မြင်းလှည်းသည် အရှိန်လျှော့လာလေသည်။

ထိုစဉ်မှာပင် မြင်းလှည်းမောင်းသူ၏အသံ ထွက်ပေါ်လာသည်။

"သခင်မလေး ချန်းမိသားစုရွာကြီး ရောက်ပါပြီ ခင်ဗျာ"

လျူဝမ်းအော့က လေသံအေးအေးဖြင့် လှမ်းပြောလိုက်သည်။

"မြောက်ဘက်မှာ အသစ်ဆောက်ထားတဲ့ အဆောက်အအုံတစ်ခုတွေ့သလား"

မြင်းလှည်းမောင်းသမားက မြောက်ဘက်သို့ လှမ်းကြည့်လိုက်သည်။ အတန်ကြာမှ...

"တွေ့ပါတယ် သခင်မလေး"

"အဲဒီကို မောင်းပါ"

မြင်းလှည်းသည် မြောက်ဘက်သို့ ဆက်လက်မောင်းနှင်သွားလေသည်။

မကြာမီ မြောက်ဘက်သို့ ချိုးကွေ့ပြီး ရပ်တန့်လိုက်လေသည်။

"ကဲ... အားလုံး ဆင်းနိုင်ပါပြီရှင်"

လျူဝမ်းအော့က လှမ်းပြောလိုက်ခြင်း ဖြစ်လေသည်။

* * *

ကွမ်းကျုံးရုပ်နှင့် ယန်စုစိန်တို့သည်...

မြင်းလှည်းပေါ်မှ ဆင်းလိုက်ပြီး ခြံတွင်းသို့ မော့ကြည့်လိုက်ရာ...

အလွန်ကြီးမားသော အဆောက်အအုံတစ်ခုသည် ချန်းမိသားစုရွာကြီး၏ရှေ့တွင် မားမားမတ်မတ် တည်ရှိနေသည်ကို တွေ့မြင်ရလေသည်။

ယင်းအဆောက်အအုံသည် အုတ်နံရံများဖြင့် ခြံရံထားရာ ရဲတိုက်ငယ်တစ်ခုနှင့် တူလှပေသည်။

လျူဝမ်းအော့က မြင်းလှည်းပေါ်မှ ဆင်းလိုက်ပြီး...

"ကျွန်မတို့ လမ်းခွဲပြီး ဝင်သွားကြမယ်၊ ဌာနမှူးတို့က အရှေ့တံခါးဘက်ကနေ အခြေအနေ ကြည့်ပြီးဝင်ပါ"

ကွမ်းကျုံးရုပ်က လျူဝမ်းအော့အပေါ် ယုံကြည်စိတ်ချလာပြီ ဖြစ်ရာ သူသည် ယန်စုစိန်အား ခေါ်ဆောင်၍ အရှေ့တံခါးဘက်သို့ ခပ်သုတ်သုတ် လျှောက်သွားလေသည်။

* * *

ယန်စုစိန်သည် အိမ်ရှေ့တံခါးအား တွန်းကြည့်လိုက်သည်။ အတွင်းဘက်၌ မင်းတုပ်ချထားသည်ကို တွေ့ရလေသည်။ သူတို့သည် တံခါးကို တွန်းမဖွင့်တော့ဘဲ အုတ်နံရံမှ ကျော်



တက်သွားကြလေသည်။

ကွမ်းကျုံးရုပ်သည် အုတ်နံရံပေါ်၌ ရပ်လျက် အတွင်းဘက်သို့ ကြည့်လိုက်ရာ အလွန်ကျယ်ပြန့်သော ခြံဝင်းအတွင်း၌ လူသူတစ်စုံတစ်ယောက်မျှ မတွေ့ရပါ။

ယန်စုစိန်က လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"ဌာနမှူး ဒီနေရာကို ကြည့်ရတာ အတော် ထူးဆန်းနေသလိုပဲ"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်ပြီးနောက် အုတ်နံရံပေါ်မှ အောက်သို့ ခုန်ဆင်းလိုက်လေသည်။

ယန်စုစိန်လည်း လိုက်၍ ခုန်ဆင်းလိုက်သည်။

ကွမ်းကျုံးရုပ်က လေသံတိုးတိုးဖြင့်...

"တို့နှစ်ယောက် လူစုခွဲလျှောက်မယ်၊ ဒါပေမယ့် သိပ်လည်း မကွာစေနဲ့"

ယန်စုစိန်က သံမဏိ စုတ်တံနှစ်ချောင်းကို ဆွဲထုတ်လိုက်ပြီး...

"ကျုပ်ရှေ့က သွားမယ်"

သူသည် ပြောပြီး ရှေ့ဆုံးမှ လျှောက်သွားလေသည်။

သူတို့သည် တဖြည်းဖြည်း လျှောက်လာရာမှ ဧည့်ခန်းမကြီးအနီးသို့ ချဉ်းကပ်သွားသည့်တိုင် ဟန့်တားမည့်သူ တစ်ဦးတစ်ယောက်မျှ မတွေ့ရှိချေ။

ဧည့်ခန်း၏ တံခါးမကြီးမှာလည်း စေ့ရုံသာ စေ့ထားသည်။ သို့သော် အတွင်းဘက်ကို ပီပြင်စွာ မမြင်ရပေ။

ကွမ်းကျုံးရုပ် ဘေးဝန်းကျင်သို့ တစ်ချက်ကြည့်လိုက်ပြီး...

"လျှို့ဝမ်းအော့ မရောက်သေးပါလား"

ယန်စုစိန်က ပြန်လည်၍ ပြောလိုက်လေသည်။

"သူ တစ်နေရာက နေပြီး အကဲခတ်နေချင်နေလိမ့်မယ်"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်လေသည်။

"အထဲမှာ ကျုပ်တို့ကို အလစ်တိုက်ခိုက်ဖို့ အသင့်ရှိချင်ရှိနေမယ်၊ သတိထားပြီး ဝင်ကြမယ်"

ယန်စုစိန်က ခေါင်းညိတ်လိုက်ပြီး လှျပ်တပြက် အခန်းထဲသို့ ပြေးဝင်သွားလေသည်။

ကွမ်းကျုံးရုပ်သည်လည်း ထက်ကြပ်မကွာ ပြေးဝင်လိုက်လေသည်။

တံခါးသည် စေ့ရုံသာစေ့ထားသဖြင့် သူတို့နှစ်ယောက်သည် ပခုံးဖြင့် တိုက်၍ ဝင်ရောက်သွားလေသည်။

ကွမ်းကျုံးရုပ်တို့လူစု အခန်းထဲသို့ ရောက်ရှိသွားသည်နှင့် ခြေလှမ်းများ ရပ်တန့်သွားလေသည်။

သူတို့၏ မျက်လုံးများမှာလည်း အံ့အားသင့်စွာဖြင့် ဝိုင်းစက်ပြူးကျယ်သွားလေတော့သည်။

စာစဉ်(၄) ပြီး၏။

စာစဉ်(၅) ဆက်လက်ဖတ်ရှုပါရန်။